## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

# သတ္တမပုံမှန်အစည်းအဝေး

# မှတ်တမ်း

(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့အထိ)

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး

## မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| **(က)** | | **သတ္တမပုံမှန်အစည်းအဝေး ပထမနေ့ မှတ်တမ်း** | ၁ |
| | (၁) | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၂ |
| | (၂) | ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာခြင်း။ | ၃ |
| | (၃) | ပြည်နယ်လွှတ်တော် အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း။ | ၄ |
| | (၄) | အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။ | ၄ |
| | (၅) | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း။ | ၈ |
| | (၆) | ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း။ | ၁၄ |




D/sixth marticar(2)




ဘဏ္ဍာသို့ နှစ်စဉ်ပေးချေရန်နှင့် Gas & Oil ပိုက်လိုင်းမှ ဖြစ်ပေါ်လာမည့် ဆိုးကျိုးအတွက် နိုင်ငံတော်မှ မည်သို့ ကြိုတင်ဆောင်ရွက်ထားသင့်သည်ကို သိရှိလိုပါသည်''နှင့် စပ်လျဉ်းသည့် မေးခွန်း။

| | | |
|---|---|---|
| (ဃ) | ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၏“ ရှမ်းပြည်နယ်မြောက်ပိုင်း၊ကျောက်မဲမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင်လစ်ဟာနေသော ဆရာဝန်များအမြန်ဆုံး ဖြည့်ဆည်းပေးနိုင်ရန် နှင့် ခရိုင်အဆင့်နှင့် လျော်ညီသော ဆေးရုံကြီးအဖြစ်မြှင့်တင်ပေးပါရန် အစီအစဉ် ရှိ/မရှိ”နှင့် စပ်လျဉ်းသည့်မေးခွန်း။ | ၆၁ |
| ( င) | ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ “ တောင်ကြီးမြို့မှ နမ့်စန်မြို့သို့ ပြည်ထောင်စုလမ်းအပိုင်းတာဝန်ယူဆောင်ရွက်နေသည့် နေမင်းရောင်ကုမ္ပဏီ၏ လမ်းဖောက်လုပ်မှုအပိုင်း”နှင့် စပ်လျဉ်းသည့် မေးခွန်း။ | ၆၅ |
| ( စ) | ဦးအိုက်မွန်း ၊ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ် အမှတ် (၁)၏“ ကွတ်ခိုင်မြို့နယ်၊ ကွတ်ခိုင်-မူဆယ် ပြည်ထောင်စုလမ်းမ Oriental Toll-Gate အနီးမှ | ၇၅ |

မန်မောင်(ဝ်)သွား ကျေးရွာချင်းဆက်လမ်း (၇)မိုင်ကို ကျောက်ချောလမ်းအဖြစ် ခင်းပေးနိုင်ခြင်းရှိ/မရှိ”နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးစိုင်းအောင်မျိုးကျော် ၊ လင်းခေးမြို့နယ် ၇၈
မဲဆန္ဒနယ်အမှတ်(၁)၏ “လင်းခေးမြို့ လယ်တံတားမှ နမ့်တိန်းချောင်းအတွင်း တည်ရှိသော လူနေအိမ်များတွင် ရေလွှမ်းမိုးမှုနှင့် ရေတိုက်စားမှုတို့ကို ကာကွယ်နိုင်ရေးအတွက် မြေထိန်းနံရံ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ”နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ဇ) ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏

(၁) “ဒေသဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်း ၈၁
နှင့်ပတ်သက်သော အဆောက်အဦများ၊ လမ်းတံတားများသည်ဆောက်လုပ်ရေး စံချိန်စံညွှန်းနှင့်ညီ/မညီကို စာရင်းစစ်အနေနှင့် မည်သို့ အတည်ပြု စစ်ဆေးခဲ့ ကြောင်းကို သိရှိလိုပါသည်”နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) “ပင်းတယမြို့နယ်အားကစားကွင်း ၈၈
(၁၆၀' ×၉၀')ရှိမိုးလုံလေလုံ အားကစားကွင်းနှင့် (၁၂၀' ×၄၀') ပွဲ





(၇) ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်း တင်ခြင်း။ ၄၄

(၈) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးအားမဲ၊ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ် အမှတ် ၄၅
(၂)၏ “ မိုင်းခတ်မြို့နယ်၊ မိုးညှင်းဒေသ၊ မိုင်းကာ(အရှေ့) အုပ်စုနှင့် မိုင်းဟန်အုပ်စုများတွင် MPT GSM တာဝါတိုင်များ စိုက်ထူပေးနိုင်ခြင်း ရှိ/မရှိ”နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးစိုင်းဝန်းဆမ်၊ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ် ၅၀
အမှတ်(၁)၏“မိုင်းခတ်မြို့နယ်မိုင်းနွန်းကျေးရွာအုပ်စုခမ်းနွဲ့ရေလွှဲဆည်နှင့်ရေမြောင်းများတည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၁၇-၂၀၁၈ RE(သို့)၂၀၁၈-၂၀၁၉BEတွင်လည်းကောင်း ဦးစားပေး ခွင့်ပြုတည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ”နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဂ) ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် ၅၆
မဲဆန္ဒနယ်အမှတ်(၂)၏“မြန်မာနှင့်တရုတ် သဘာဝဓာတ်ငွေ့ပိုက်လိုင်းရောင်း ရငွေ၏ အမြတ်(၅%)ကို ရှမ်းပြည်နယ်

ကြည့်စင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ”နှင့်စပ်လျဉ်း သည့် မေးခွန်း။

( ဈ) ဦးစိုင်းလုံး၊ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏ “မိုင်းကိုင်မြို့နယ်၊ ဝမ်ယတ် ခမ်းနားကျေးရွာအုပ်စု ၊ပုန်းယမ်းကျေးရွာ အဝင်လမ်းအား ကျောက်ချော လမ်းအဖြစ် အဆင့်တိုးမြှင့် ခင်းပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ” နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၉၄

(ည) ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)၏ “ ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးခရိုင်၊သိန္နီမြို့၊ ကောင်းဟော်ကျေးရွာ အုပ်စု၊ ကောင်းဟော်ကျေးရွာတွင် ဖမ်းဆီး ထားသော ကျွဲနွားများ လေလံတင်ရောင်း ချခြင်း”နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၉၇

(ဓ) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဘဏ္ဍာ ရန်ပုံငွေတွင်ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်းအား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။ ၁၁၅





(၁၃) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်သတ္တမပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၁၃၁

**( ခ) သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့ မှတ်တမ်း** ၁၃၃

(၁) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၃၄

(၂) ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက် ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၁၃၅

(၃) ပြည်နယ်လွှတ်တော် အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။ ၁၃၆

(၄) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များကိုယ်စားလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။ ၁၃၆

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ် ၁၄၀

အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးခင်မောင်ဝင်း၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ “ညောင်ရွှေမြို့နယ်၊ သပြေပင်ချောင်းဘောင် ကျောက်ရိုးစီနိုင်ခြင်းကို ဆည်မြောင်းဦးစီး ဌာနမှ REဘတ်ဂျက်တွင် ထည့်သွင်းပေးရန် အစီအစဉ် ရှိ/မရှိ”နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၄၀

(ခ) ဦးသိန်းဇော်မိုး၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၏“ညောင်ရွှေမြို့နယ်၊အင်းလေးအနောက် ကန်ပတ်လမ်း တံ့ဟုန်းတံတားမှ ထီးကာ-နန်းဒေါင်းဖယ်ခုံ နယ်စပ်အထိ စုစုပေါင်း (၁၆)မိုင်ကို ၂၀၁၇(RE) ဖြည့်စွက်ဘတ်ဂျက် တွင် ထည့်သွင်းရေးဆွဲပေးရန် အစီအစဉ် ရှိ/မရှိ”နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၄၄

(ဂ) ဒေါ်နန်းဖွေးဟွမ်ဦး၊ မောက်မယ်မြို့နယ် မဲဆန္ဒနယ် အမှတ် (၁)၏ “လင်းခေးခရိုင်၊ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌဖလား ၁၄၇






(၁၀) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ရှမ်းပြည်နယ်ဘဏ္ဍာ ရန်ပုံငွေတွင်ပါဝင်သော ဌာနအဖွဲ့အစည်း များ၏၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်း နိုင်ကြောင်း ကြေညာခြင်း။ ၁၂၄

(၁၁) ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၏“ရပ်စောက်မြို့နယ်၊ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စုအား ပင်ဖြစ်မြို့အဖြစ် တိုးမြှင့်သတ်မှတ်ပေးရန်” အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း။ ၁၂၅

(၁၂) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်းဥက္ကဋ္ဌက ကြေညာခြင်း။ ၁၂၉

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိလျှင်အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(၁၈)နှစ်အောက် မိုးရာသီ ဘောလုံးပြိုင်ပွဲတွင် နိုင်ငံတော်မှ မြို့နယ်အသီးသီးသို့ အားကစားဆိုင်ရာထောက်ပံ့ကြေး နှစ်စဉ်ထောက်ပံ့ပေးခြင်း ရှိ/မရှိ”နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးအယိုင်စဉ်၊ မန်တုံမြို့နယ် မဲဆန္ဒနယ် ၁၅၁
အမှတ်(၂)၏ “ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့တွင် မြန်မာ့စီးပွားရေးဘဏ်(ခွဲ) ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ”နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယ မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏

(၁) “ရှမ်းပြည်နယ် လူကုန်ကူးမှု၊ ၁၅၅
လူမှောင်ခိုမှု၊ မူးယစ်ဆေးဝါးအန္တရာယ်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ သက်ငယ်မုဒိမ်းမှုတို့နှင့်ပတ်သက်ပြီး ပညာပေးဟောပြောပွဲများကို ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိ”နှင့်စပ်လျဉ်းသည့်မေးခွန်း။







( ဇ) ဒေါ်နန်းစံဟွမ်၊နမ့်တူမြို့နယ် မဲဆန္ဒနယ် ၁၇၅
အမှတ်(၂)၏“အခြေခံ ပညာအဆင့် ပညာရေးဝန်ထမ်းများ၏ အိမ်ရာများ လုံလောက်မှုမရှိခြင်းနှင့် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ”နှင့် စပ်လျဉ်းသည့်မေးခွန်း။

( ဈ) ဦးစိုင်းလှဝင်း၊မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ် ၁၈၁
အမှတ် (၂)၏ “ မိုင်းပျဉ်းမြို့နယ် အတွင်းရှိ ကျေးရွာအုပ်စု(၄)အုပ်စုမှ ကျေးရွာ(၄)ရွာအား စိမ့်စမ်းရေသွယ်ပေးရေးလုပ်ငန်းများကို ၂၀၁၇-၂၀၁၈ခု၊ ဖြည့်စွက် RE ရန်ပုံငွေဖြင့် စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ” နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ည) ဒေါ်ရီရီဝင်း၊မိုးမိတ်မြို့နယ်မဲဆန္ဒနယ် ၁၈၄
အမှတ် (၁)၏ “မိုးမိတ်မြို့နယ်ရှိ ဒေသခံပြည်သူ လူထုများ၏ စားဝတ်နေရေး အဆင်ပြေ စေရန်နှင့် တရားမဝင် သစ်ခိုးထုတ်ရောင်းဝယ်မှု၊ သတ္တုတူးဖော်မှုများ လျော့ကျသွား စေရန် ကုမ္ပဏီများမစိုက်ပျိုးဘဲ ကျန်ရှိနေ သည့် မြေများကို နိုင်ငံတော် အစိုးရ အနေနှင့် မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်သွားမည်” နှင့်စပ်လျဉ်းသည့်မေးခွန်း။

( ၅) ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏ "တိုင်းရင်းသားဘာသာစာပေသင်ကြားရေးကို ပိုမိုထိရောက်သော အောင်မြင်မှုရရှိအောင် မည်ကဲ့သို့ စီမံခန့်ခွဲနေကြောင်း သိရှိလိုပါသည်" နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၁၈၉

(၆) ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၏ "ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် လျှပ်စစ်မီတာများတင်ဒါခေါ်ယူနိုင်ရန်" အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။ ၁၉၃

(၇) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံ ဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ ၁၉၇

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(၈) ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၏ "ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငါးကြောင် ကျေးရွာအုပ်စုအား ပင်ဖြစ်မြို့ အဖြစ် ၁၉၈





(၂) "ရှမ်းပြည်နယ်အတွင်းရှိ မည်သည့်မြို့နယ်များတွင် ဆေးလိပ်ငွေ့ကင်းစင်သည့်နေရာများကို သတ်မှတ်ဆောင်ရွက်ရန်စီမံချက်များ ရှိ/မရှိ"နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၅၉

( စ) ဦးစဝ်အောင်မြတ်၊ ရွာငံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၏ "ပွေးလှတိုက်နယ် ဆေးရုံအား စံကိုက်တိုက်နယ်ဆေးရုံအဖြစ်အဆောက်အဦ၊ ဝန်ထမ်း၊ ဆေးဝါးပစ္စည်း တို့အား တိုးချဲ့ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ" နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၁၆၇

(ဆ) ဦးစိုင်းမွန်းလိန်၊ မိုးနဲမြို့နယ် မဲဆန္ဒနယ် အမှတ် (၁)၏ " ပြည်သူလူထု၏ ချွေးနှဲစာငွေကြေးများကို မတရားကောက်ယူထားသော မိုးနဲမြို့နယ်၊ နန့်မော်ဆွန့်ကျေးရွာအုပ်စု၊ အောင်သပြေ(ဆီဆုံ) မီးလင်းရေးကော်မတီကို စုံစမ်းဖော်ထုတ် အရေးယူပေးနိုင်ခြင်း ရှိ/မရှိ" နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၇၁

တိုးမြှင့်သတ်မှတ်ပေးရန်” အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

(၉) အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၂၀၃

(၁၀) ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ်ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း။ ၂၁၁

(၁၁) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၂၄၃

(၁၂) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်သတ္တမပုံမှန်အစည်းအဝေးဒုတိယနေ့ ရပ်နားကြောင်းနှင့်အစည်းအဝေးတတိယနေ့ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း။ ၂၇၆





ကိုယ်စားလှယ်များ၊ လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ အပြန်အလှန် ညှိနှိုင်းချိတ်ဆက်အောင်မြင်နိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကမည်သို့ အကြံပေး ဆောင်ရွက်သင့်ကြောင်းကို သိရှိလိုပါသည်”နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) “ရှမ်းပြည်နယ်အတွင်းရှိ ကျောင်းများတွင် ဆရာ/ဆရာမ များနှင့် ကျောင်းသား/သူ ဦးရေအချိုးညီ/မညီနှင့် မညီပါက ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အချိုးညီရန်အတွက် မည်သို့စီစဉ်ဆောင်ရွက်နေကြောင်း သိရှိလိုပါသည်”နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၈၉

(ခ) ဦးစိုင်းထွန်းညာဏ် ၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၏“ ရှမ်းပြည်နယ် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများSMEကို ပံ့ပိုးကူညီရေး ၂၉၉

လုပ်ငန်းတွင် မည်ကဲ့သို့ဆောင်ရွက်နေသည်ကို သိရှိလိုပါသည်” နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ဂ) ဦးစိုင်းလုံ ၊ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၏“ မိုင်းကိုင်မြို့နယ်၊ ဝမ်ဖွီးကျေးရွာအုပ်စုနှင့် ခေးအုံအွေ့ကျေးရွာအုပ်စုသို့ ဆက်သွယ်ထားသော မြေသားလမ်းအား ကျောက်ချောလမ်း အဖြစ်သို့ အဆင့်တိုးမြှင့်ခင်းပေးနိုင်ခြင်း ရှိ/မရှိ”နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၃၀၅

(ဃ) ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၏ “သိန္နီမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနရုံး၊ လစ်လပ်ဝန်ထမ်းများကို ပြန်လည် ခန့်ထားပေးရန်၊ မြို့နယ် အားကာမှုုများအား တိုက်ရိုက်ကိုင်တွယ်ခွင့်နှင့် ဘောလုံးကွင်း ပြင်ဆင်ထိန်းသိမ်းစရိတ်ကိုလည်း သီးသန့်ရန်ပုံငွေချပေးရန် အစီအစဉ် ရှိ/မရှိ”နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၃၀၉





**(ဂ) သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ မှတ်တမ်း** ၂၇၇

(၁) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၂၇၈

(၂) ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင် ကျင်းပကြောင်းကြေညာခြင်း။ ၂၇၉

(၃) ပြည်နယ်လွှတ်တော် အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း။ ၂၈၀

(၄) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စားလွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။ ၂၈၀

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- ၂၈၄

(က) ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏

(၁) “ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အာဏာပိုင်များ၊ လွှတ်တော် ၂၈၄

(င) ဦးအိုက်မွန်း၊ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ် ၃၁၅
အမှတ်(၁)၏ ''ကွတ်ခိုင်မြို့နယ်၊
မန်နိမ်းအွန်ကျေးရွာအုပ်စုရှိ ကျေးရွာ
(၇)ရွာကို ဆက်သွယ်ထားသော ကျေးရွာ
ချင်းဆက်မြေသားလမ်း (၁၀)မိုင်ကို
၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်
ရန်ပုံငွေ (သို့) ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာ
ရေးနှစ်တွင် ထည့်သွင်းပေးမည့် အစီအစဉ်
ရှိ/ မရှိ'' နှင့်စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ် ၃၁၉
အမှတ် (၁)၏ ''မိုင်းရှူးမြို့နယ်အတွက်
လိုအပ်လျက်ရှိသော မြို့နယ်ပြည်သူ့
ကျန်းမာရေးဦးစီးဌာနမှူးရုံး အဆောက်
အဦကို အသစ်ပြန်လည် တည်ဆောက်
ပေးရန် အစီအစဉ်ရှိ/မရှိ''နှင့် စပ်လျဉ်း
သည့်မေးခွန်း။

(ဆ) ဦးစိုင်းအောင်မျိုးကျော်၊ လင်းခေးမြို့နယ် ၃၂၀
မဲဆန္ဒနယ်အမှတ် (၁)၏ ''လင်းခေးမြို့
နယ်၊ နားကုန်းကျေးရွာအုပ်စု၊ ခွံအွတ်
ကျေးရွာ နမ့်တိန်းချောင်းကမ်းပါး



D/sixth marticar(10)



ကျောင်းပိတ်ကာလတွင် ပြောင်းလဲအမိန့်
ထုတ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ'' နှင့်
စပ်လျဉ်းသည့် မေးခွန်း။

(၆) ဦးစိုင်းထွန်းညဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် ၃၃၇
အမှတ်(၂)၏ '' ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်
များနှင့်ချမှတ်ထားသော မျှော်မှန်းချက်၊ မူဝါဒ၊
ရည်မှန်းချက်များကို ပိုမိုအလေးထားပြီး
ထိရောက်စွာ ဆောင်ရွက်ပေးရန်'' အဆိုတင်သွင်း
ခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံး
အဖြတ် ရယူခြင်း။

(၇) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေး ၃၄၁
ရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို
လက်ခံဆွေးနွေးရန် မသင့်ကြောင်းဥက္ကဋ္ဌက
ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက
ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ
ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း
ဥက္ကဋ္ဌက ကြေညာခြင်း။

(၈) ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) ၏ “ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် လျှပ်စစ်မီတာများ တင်ဒါခေါ်ယူ နိုင်ရန်” အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၃၄၄

(၉) အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၃၅၀

(၁၀) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရှမ်းပြည်နယ် လွှတ်တော်အတွက် သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် လျှပ်စစ် ရေးရာကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည် စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း။ ၃၅၉

(၁၁) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၃၆၁





ကာကွယ်ခြင်းလုပ်ငန်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ” နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဇ) ဦးစိုင်းအောင်ကျော်ဦး၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၏“ ရှမ်းပြည်နယ် အတွင်းရှိ မြို့နယ်များ၏ အစိုးရစာသင် ကျောင်းများ၌ တိုင်းရင်းသားဘာသာစာပေ ဆရာ/ဆရာမများ ခန့်အပ်ရန်နှင့် ခံစားခွင့် ထောက်ပံ့ကြေး”နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၃၂၄

(ဈ) ဦးအယိုင်စဉ်၊ မန်တုံမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)၏ “မန်တုံ-ဟိုတုံ-လွယ်ခမ်း- နမ့်ကြူး-နားအော်လေး မြေသားလမ်း (၂၅/၀)မိုင်အနက် ကျန်(၁၅/၀)မိုင် အား ကျောက်လမ်းအဖြစ် ဆက်လက်ဆောင်ရွက် နိုင်ရန် အစီအစဉ် ရှိ/မရှိ” နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၃၃၀

(ည) ဦးအောင်ထွက်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၏“ ပညာရေးဝန်ထမ်းများ ပြောင်းရွှေ့ခွင့်အမိန့်ကို ပညာသင်နှစ်ဝက် တွင် ပြုလုပ်မည့်အစား နွေရာသီ ၃၃၃

**(ဃ) သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့ မှတ်တမ်း** ၃၆၃

(၁) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၃၆၄

(၂) ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာခြင်း။ ၃၆၅

(၃) ပြည်နယ်လွှတ်တော် အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း။ ၃၆၆

(၄) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စားလွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ ခွင့်ပန်ကြား ခြင်း။ ၃၆၆

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များကဖြေကြားခြင်း- ၃၆၉

(က) ဦးစိုင်းအောင်မျိုးကျော်၊ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏“လင်းခေးမြို့နယ်၊ နားကုန်းကျေးရွာအုပ်စု၊ နားကုန်း-ကွန်ခမ်ကျေးရွာချင်းဆက် ကျောက်ချောလမ်းရှိ





မည့် အစီအစဉ်ရှိ/မရှိ”နှင့်စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏ “ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် H1N1 ရောဂါ၊H5N1 ရောဂါ၊ အခြားကူးစက် မြန်ရောဂါများ ဖြစ်ပွားခဲ့ခြင်း ရှိ/မရှိနှင့် ကြိုတင်ကာကွယ်ရေးအတွက် မည်သို့စီမံဆောင်ရွက်နေကြောင်းသိရှိလိုသည်”နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၃၉၂

(စ) ဦးစိုင်းလှဝင်း၊မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)၏ “မိုင်းပျဉ်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုချင်းဆက်လမ်းများနှင့် တံတားများ (Box Culvert)တို့အား ၂၀၁၇-၂၀၁၈ ဖြည့်စွက်ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်ရှိ/မရှိ” နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၃၉၈

(ဆ) ဦးစိုင်းကျောက် ၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၏ "မိုင်းဖြတ်မြို့နယ်အတွင်းရှိ ဆိုင်ဆတ်၊ တာမ၊ ဘူးဖာ၊ တော်ညျ၊ မိုင်းဟဲနှင့် မဟီကောင်ကျေးရွာများရှိ အခြေခံ ပညာမူလတန်းကျောင်း စာသင်ဆောင်များ ဟောင်းနွမ်း ဆွေးမြေ့နေသောကြောင့်ပြင်ဆင်ထိန်းသိမ်းရေးစရိတ် ချမှတ်ပေးနိုင်ပါရန်"နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၄၀၂

(ဇ) ဒေါ်နန်းစံဟွမ်၊ နမ္မတူမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၏ "တိုင်းရင်းသားစာပေ သင်ကြားရေးချီးမြှင့်ငွေ၊ သင်ရိုးညွှန်းတမ်းဆိုင်ရာကိစ္စ" နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၄၀၄

(ဈ) ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏" မြို့နယ်အုပ်ချုပ်ရေးမှူးများသည် ပြည်နယ်လွှတ်တော်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုလေးစားလိုက်နာရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်"နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၄၀၉





နမ့်တိန်းချောင်းကမ်းပါးအား ကာကွယ်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ခ) ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ "ကျောက်မဲမြို့နယ်ရှိ ကောင်းကလောကျေးရွာအုပ်စုအား နမ့်ဆန်မြို့နယ်သို့ ပြောင်းရွှေ့ထည့်သွင်းသတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ" နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၃၄၃

(ဂ) ဦးစိုင်းမွန်းလိန်၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏" လင်းခေးခရိုင်၊ မိုးနဲမြို့နယ်၊ နမ့်မော်ဆွန့်ကျေးရွာအုပ်စု အောင်သပြေ (ဆီဆုံ)ရွာရှိ မြေနေရာများ အကွက်ချရောင်းဝယ်နေခြင်းကို စိစစ်ဖော်ထုတ်အရေး ယူပေးနိုင်ခြင်း ရှိ/မရှိ"နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၃၈၁

(ဃ) ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ "မိုင်းရှူးမြို့နယ်၊ မိုင်းစံမြို့တွင် ဂျီအက်စ်အမ် ဆက်သွယ်ရေးတာဝါတိုင်များနှင့် တယ်လီဖုန်းလိုင်းများ တပ်ဆင်ပေးနိုင် ၃၈၉

(ည) ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၏ “မြို့နယ်အဆင့်တွင် ကြုံတွေ့နေရသော မြေယာပြဿနာများ၊ သစ်တောဆိုင်ရာ ပြဿနာများ၊ စည်ပင်ဆိုင်ရာ ပြဿနာများနှင့် အခြားသောပြဿနာများအမြန်ဆုံး ဖြေရှင်းနိုင်ရေးသိရှိလိုပါသည်”နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၄၂၆

(ဋ) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသောရှမ်းပြည် နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၇-၂၀၁၈ခုဘဏ္ဍာရေးနှစ်ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၄၃၈

(ဌ) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသောရှမ်း ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၇-၂၀၁၈ခုဘဏ္ဍာရေးနှစ်ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ၄၄၆





(၁၂) ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်က ရှမ်းပြည်နယ်လွှတ်တော်ရုံး၏ အုပ်ချုပ်မှုနှင့်စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြခြင်း။ ၅၀၉

(၁၃) ရှမ်းပြည်နယ်လွှတ်တော် ကျန်းမာရေးနှင့်ပညာရေး မြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းခြင်း။ ၅၂၂

(၁၄) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြခြင်း။ 525

(၁၅) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့အစီအစဉ်ပြီးစီးကြောင်းနှင့်ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်သတ္တမပုံမှန်အစည်းအဝေး ပြီးမြောက်ကြောင်း ကြေညာခြင်း။ 530

- ဆုံးဖြတ်ခြင်း။ ၅၃၁
- မှတ်တမ်းတင်ခြင်း။ ၅၃၇
- ရှင်းလင်းတင်ပြခြင်း။ ၅၄၃

ဆွေးနွေးရှင်း လင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

(၈) ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏ " ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်များနှင့် ချမှတ်ထားသော မျှော်မှန်းချက်၊ မူဝါဒ၊ ရည်မှန်းချက်များကို ပိုမိုအလေးထားပြီး ထိရောက်စွာ ဆောင်ရွက်ပေးရန် " အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၄၆၁

(၉) အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၄၇၀

(၁၀) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာကော်မတီ၏ သက်တမ်း ၊ တာဝန်၊ လုပ်ပိုင်ခွင့် ၊ ရပိုင်ခွင့် လျာထားချက်များနှင့် စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းခြင်း။ ၅၀၁

(၁၁) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ သက်တမ်း၊ တာဝန်၊လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်တို့ကို လွှတ်တော်၏အတည်ပြုချက်ရယူခြင်း။ ၅၀၈

# ရှမ်းပြည်နယ်
# ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
# သတ္တမပုံမှန်အစည်းအဝေး
# (ပထမနေ့)မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်**

**၂၀၁၇ ခုနှစ်၊ ဩဂုတ် လ ၂၈ ရက်**

**[တနင်္လာနေ့]**

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (ပထမနေ့) အစီအစဉ်ကို နံနက်(၁၀း၀၀) နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အခမ်းအနားမှူးအဖြစ် ဒေါ်အယ်လ်နန်းခမ်း၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဒေါ်ခင်သီတာ လက်ထောက်ညွှန်ကြားရေးမှူးကလည်းကောင်းဆောင်ရွက်ပါသည်။





## ၃
## ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်သတ္တမပုံမှန်အစည်းအဝေး(ပထမနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရေ (၁၄၁)ဦးရှိသည့်အနက် ဒီကနေ့အစည်းအဝေးကို (၁၃၀) ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် စုစုပေါင်း၏ (၉၂. ၂၀%)ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ ထက်ဝက်ထက် ကျော်လွန်တဲ့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၆ နှင့် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၅ (ဂ) တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (ပထမနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၄)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီက တင်ပြဖို့ဖြစ်ပါတယ်။



D/real(wide) (2



## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးစတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်သတ္တမပုံမှန်အစည်းအဝေး ပထမနေ့အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ရှင်။

**(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသောစင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီ ရှင်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်**

**(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၂၈-၈-၂၀၁၇) ရက်နေ့ (ပထမနေ့)မှာ အစည်းအဝေးသို့တက်ရောက်နိုင်ခြင်း မရှိသော ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ၊ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့အစည်းအဝေး တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှာ-

(၁) ဦးဆွေသိန်း၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၄)ရက် ။

(၂) ဦးတင်လှိုင်၊ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကကျန်းမာရေး မကောင်းပါသဖြင့် ခွင့်(၄)ရက်။

(၃) ဦးအောင်ဝင်း၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကကျန်းမာရေး မကောင်းပါသဖြင့် ခွင့်(၄)ရက်။



D/real(wide) (3



(၁၁) ဗိုလ်ကြီးဆန်းလင်း၊ တပ်မတော်သား ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ကကိုယ်တိုင်ဆောင်ရွက် ရန်အတွက် ခွင့်(၄)ရက်။

ယနေ့ခွင့်ပန်ကြားသူ (၁၁)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၁၁)ဦးအား ခွင့်အဖြစ်သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်ရှမ်းပြည်နယ်လွှတ်တော်သို့လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်များ အားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (ပထမနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၁၄၁)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၁)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)၊ နည်းဥပဒေခွဲငယ် (၂)အရ ယခုလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို ပြည်နယ် လွှတ်တော်ရဲ့ အတည်ပြုချက် ရယူမှာ ဖြစ်ပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (ပထမနေ့)သို့

(၄) ဦးအီးရာမွေ၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကကျန်းမာရေး မကောင်းပါသဖြင့် ခွင့်(၄)ရက်။

(၅) ဦးစိုင်းစံဖေ၊ မိုင်းရယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၄)ရက်။

(၆) ဦးခင်မောင်တင့်၊ တာချီလိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၇) ဦးခွန်ထွန်းလူ(ခ)ဦးဒီကီ၊ ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၄)ရက်။

(၈) ဗိုလ်မှူးဇော်မိုးလွင်၊ တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၄)ရက်။

(၉) ဗိုလ်မှူးရဲမြင့်ထွန်း၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၄)ရက်။

(၁၀) ဗိုလ်ကြီးပေါ်လာ၊ တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၄)ရက်။





ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်က သဘောတူပါသည်)**

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက် စကားပြောကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနဲ့ လေ့လာသူဧည့်သည်တော်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေးကို တက်ရောက်လာကြသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပြီး မင်္ဂလာအပေါင်းနဲ့ခညောင်းကြပါစေ။ ပြည်သူလူထုတို့ လိုလားတောင့်တသော အချက်များကိုသိရှိအောင် ကြိုးစားကြပြီး ပြည်သူ့သဘောထားများနှင့်အညီ မျှမျှတတဆုံးဖြတ်ဖြည့်ဆည်း



D/real(wide) (4

ဆောင်ရွက်နိုင်ကြပါစေလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ဒီသတ္တမပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သောဌာန၊ အဖွဲ့အစည်းများ၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းကို ပြည်နယ်လွှတ်တော်သို့ တင်သွင်းပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ်ကိုရယူမှာဖြစ်သလို လွှတ်တော်ကိုယ်စားလှယ်များက ဩဂုတ်လ (၁၇) ရက်နေ့အထိ ပေးပို့ထားတဲ့အဆိုများ တင်သွင်းခြင်းနဲ့ ဩဂုတ်လ(၁၈) ရက်နေ့အထိ ပေးပို့ထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းအစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အဆို (သို့မဟုတ်) မေးခွန်းများကို သတ်မှတ်ရက်ထက် နောက်မကျစေဘဲ လွှတ်တော် ဥက္ကဋ္ဌ (သို့မဟုတ်) လွှတ်တော်ရုံးဝန်ထမ်း အကြီးအမှူးထံသို့ တိုက်ရိုက်ပေးပို့ကြရမှာ ဖြစ်ပါတယ်။ ကြုံကြိုက်လို့တင်ပြရမည်ဆိုလျှင် ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော် အပါအဝင် အခြားတိုင်းဒေသကြီး/ ပြည်နယ် လွှတ်တော်မှာ ဖွဲ့စည်းမှုနှင့်ပတ်သက်လို့ လွှတ်တော်ဥက္ကဋ္ဌဟာ လွှတ်တော် အကြီးအမှူးဖြစ်ပါတယ်။ လွှတ်တော်ရုံးဝန်ထမ်း အကြီးအမှူးကတော့ ညွှန်ကြားရေးမှူး သို့မဟုတ် ဒုတိယညွှန်ကြားရေးမှူးချုပ်ဖြစ်ပါတယ်။ မေးခွန်းနှင့် အဆိုကို ပေးပို့ရာတွင် လိပ်မူတဲ့အခါ မှန်မှန်ကန်ကန် ရေးသားဖို့လိုကြောင်း ဦးစွာပြောကြားလိုပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့အား မေးမြန်းသော မေးခွန်းတစ်ရပ်





ဖြည့်ဆည်းဆောင်ရွက်ပေးရန် မူဝါဒများကိုချမှတ်ပြီး လက်တွေ့အကောင်အထည်ဖော်နေရတဲ့ အဖွဲ့အစည်းပဲဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သက်တမ်းသည်(၁)နှစ်ကျော်လာပြီဖြစ်တဲ့အတွက်ထင်သာမြင်သာသောပြောင်းလဲတိုးတက်မှုတွေရရှိနေရမဲ့အချိန်အခါကောင်းဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိဒေသရှိ ပြည်သူတို့ရဲ့ လိုအင်ဆန္ဒများကို ဖော်ဆောင်ပေးရန်အတွက် ဒေသရှိအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ရံဖန်ရံခါ ဆက်သွယ်ဆောင်ရွက်ရတာတွေရှိပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ အချို့အချို့သော ဒေသများတွင်တာဝန်ရှိသူများရဲ့စီမံခန့်ခွဲမှုလွဲမှားခြင်း၊အားနည်းခြင်း၊ ညံ့ဖျင်းခြင်း၊ အဂတိလိုက်စားခြင်းစသည့် ချွတ်ချော်တိမ်းစောင်းမှုလေးတွေရှိနေသေးကြောင်း၊ ပြည်သူကရွေးချယ်ထားတဲ့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များကို အလေးမထားသကဲ့သို့ ဖြစ်နေကြောင်း ကြားသိရပါတယ်။ ယခင် Mind set ကိုမပြုပြင်ဘဲ ခေါက်ရိုးကျိုးနေမယ်ဆိုပါကအသွင်ကူးပြောင်းရာမှာအရှိန်အဟုန်မျှော်မှန်းသလောက်မရရှိနိုင်တာကိုတွေ့ရှိရမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များနှင့် ရုံးဝန်ထမ်းများအတွက် အရည်အသွေးမြှင့်တင်ရေးဆိုင်ရာသင်တန်းများနှင့်အလုပ်ရုံဆွေးနွေးပွဲများကိုစဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီသတ္တမပုံမှန် အစည်းအဝေးမကျင်းပမီ ရှမ်းပြည်နယ် လွှတ်တော်နဲ့ UNDP တို့ ပူးပေါင်းပြီး ရှမ်းပြည်နယ်လွှတ်တော်ရုံး ဝန်ထမ်းများနဲ့ ကိုယ်စား

လှယ်များအတွက် စွမ်းရည်မြှင့်တင်ရေး သင်တန်းကို ဖွင့်လှစ်ပေးခဲ့တာဖြစ်ပါတယ်။ ထို့အတူ လွှတ်တော်အစည်းအဝေးအပြီး ခန့်မှန်းစက်တင်ဘာလ(၁)ရက်နေ့မှာလည်း မြန်မာနိုင်ငံကြက်ခြေနီအသင်းက ကြက်ခြေနီ အကြောင်းသိကောင်းစရာ အလုပ်ရုံဆွေးနွေးပွဲကို (၁)ရက် ပြုလုပ်မှာဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ တစ်ဆက်တည်းမှာဘဲParliament Centre (Canada) နှင့်ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMRef) တို့ပူးပေါင်းပြီး လွှတ်တော် ဆိုင်ရာသုတေသန သင်တန်းကို တောင်ကြီးဟိုတယ်မှာ စက်တင်ဘာလ (၄)ရက်နေ့မှ (၈)ရက်နေ့အထိ ဆက်လက်ကျင်းပသွားမှာ ဖြစ်ပါတယ်။ ၎င်းသင်တန်းကို တက်ရောက်ရန်အတွက် ၎င်းတို့ရဲ့ အစီအစဉ်ဖြင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၅)ဦးကို သီးခြားဖိတ်ကြားထားကြောင်း သိရှိရပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် မြို့နယ်များရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းနှင့် စပ်လျဉ်းပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ၂၀၁၇ခုနှစ်၊ ဖေဖော်ဝါရီလက နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာတဲ့နေရာမှာ -

- ဇုန် (၁) ဖွံ့ဖြိုးတိုးတက် မှုနည်းပါးသော ဒေသများ၊
- ဇုန် (၂) ဖွံ့ဖြိုးတိုးတက်မှု အသင့်အတင့်ရှိသော ဒေသများ၊
- ဇုန် (၃) ဖွံ့ဖြိုးတိုးတက်မှုရှိသောဒေသများဆိုပြီး





သည်ရှမ်းပြည်နယ်အစိုးရက ဆောင်ရွက်ရသော အများပြည်သူကိစ္စများနှင့် စပ်လျဉ်းစေရမည် သို့မဟုတ် ရှမ်းပြည်နယ်အစိုးရက တာဝန်ခံထားသော အုပ်ချုပ်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်စေရမည်ဆိုတဲ့ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၈ အပါအဝင် မေးခွန်းများနှင့် စပ်လျဉ်းသည့် ကန့်သတ်ချက်နှင့် စည်းကမ်းချက်များအတိုင်း ဖြစ်ဖို့ သတိပြုကြရမှာ ဖြစ်ပါတယ်။ ထို့အတူ ဖြေကြားမည့် သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်များကလည်း ယေဘုယျသဘောဆန်သည့် ဖြေကြားမှုမျိုးမဟုတ်ဘဲ လက်တွေ့ကျပြီး အမှန်တကယ် ဆောင်ရွက်ပေးနိုင်သော ဖြေကြားချက်မျိုးကို ဖြေကြားခြင်းအားဖြင့် ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးရဲ့ပုံရိပ်ကိုပိုမိုကောင်းမွန်ပေါ်လွင်စေမှာဖြစ်ပါတယ်။ ဒီအစည်းအဝေးမှာ ပြည်နယ်အစိုးရအဖွဲ့က ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ တင်သွင်းခဲ့တဲ့ ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာဥပဒေမူကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြ၍ လွှတ်တော်ရဲ့အတည်ပြုချက်ရယူရမှာဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်မှာ အလုံးစုံသော နိုင်ငံရေးမူလ အရင်းအမြစ်ဟာ ပြည်သူလူထုရဲ့ သဘောထားပဲဖြစ်ပါတယ်။ ပြည်သူလူထုများအနေနဲ့ မိုးလင်းကနေ မိုးချုပ်တဲ့အထိ နိုင်ငံရေးကို စဉ်းစားရန် မဖြစ်နိုင်တဲ့အတွက် မိမိတို့ကိုယ်စား နိုင်ငံရေးကို ဆောင်ရွက်ပေးမည့် ကိုယ်စားလှယ်များကိုရွေးချယ်တာဖြစ်ပါတယ်။ ပြည်သူလူထုကိုယ်စားလှယ်များဖြစ်တဲ့ ကျွန်တော်တို့ တစ်တွေဟာ လူထုရဲ့ဆန္ဒကို တတ်နိုင်သမျှ

အဆင့်(၃)ဆင့် ခွဲခြားထားတာကို ကောက်နုတ်တင်ပြလိုပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်မှာ မြို့နယ်ပေါင်း(၅၅)မြို့နယ် ရှိသည့် အနက် ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသောမြို့နယ်က(၄၁)မြို့၊ ဖွံ့ဖြိုးတိုးတက်မှုအသင့်အတင့်ရှိသော မြို့နယ်က(၁၄)မြို့ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်မှုရှိသောမြို့နယ်စာရင်းမှာ ကျွန်တော်တို့ ရှမ်းပြည်နယ် အနေနဲ့မပါရှိတာကိုတွေ့ရပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဖွံ့ဖြိုးတိုးတက်စ၊ ဖွံ့ဖြိုးတိုးတက်ဆဲ ဖြစ်သော အခြေခံကောင်းများကို ဖွံ့ဖြိုးတိုးတက်မှုရှိသော ဒေသများ အဖြစ်ရပ်တည်နိုင်အောင် ဝိုင်းဝန်းကြိုးစားကြဖို့ ပြောကြားလိုပါတယ်။ နိဂုံးချုပ်အားဖြင့် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာပါတီစုံဒီမိုကရေစီအစဉ်ရှင်သန်ခိုင်မာလာအောင်၊နိုင်ငံတော်နှင့်နိုင်ငံသားများရဲ့ အကျိုးစီးပွားကို တိုးတက်အောင် ဆက်လက်ကြိုးစားကြရအုံးမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပေါ်ပေါက်လာတဲ့ပါတီတွေ၊ ပြည်သူတွေက ဆန္ဒပြုပြီးရွေးချယ်ပေးလိုက်တဲ့ ကိုယ်စားလှယ်တွေ၊ တစ်ဖန်လွှတ်တော်က အတည်ပြုပေးလိုက်တဲ့အစိုးရအဖွဲ့တွေဟာ မိမိတို့အပေါ်ကျရောက်လာတဲ့တာဝန်တွေကို ပိုင်းခြားဆောင်ရွက်ခြင်း၊ မတိမ်းမစောင်းရလေအောင် အပြန်အလှန်ထိန်းကျောင်းခြင်းတို့ဖြင့် ဝိုင်းဝန်းပေါင်းစည်းဆောင်ရွက်သွားကြပါစို့လို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။



D/real(wide) (7



တိုင်းဒေသကြီးတို့နှင့် ထိစပ်လျက်ရှိပါသည်။

ရှမ်းပြည်နယ်ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ၁ ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၄ ခု၊ ခရိုင် ၁၃ခု၊ မြို့နယ် ၅၅ မြို့နယ်၊ မြို့ ၈၅ မြို့၊ ရပ်ကွက်ပေါင်း ၅၀၅ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း ၁၅၆၆ အုပ်စု၊ ကျေးရွာပေါင်း ၁၄၃၃၄ ရွာဖြင့် လူဦးရေ ၅၂ သိန်းကျော်နှင့် လူမျိုးပေါင်းစုံ မှီတင်းနေထိုင်လျက်ရှိပါသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်း ငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေး၊ ပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်းတိုးတက်မြင့်မားရေးစသည့်မူဝါဒများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရှမ်းပြည်နယ်အတွင်းနေထိုင်ကြသော ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေး၊ ပြည်နယ်ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ရည်မှန်းချက်ထား၍ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ စတင်တာဝန်ထမ်းဆောင်ခဲ့တဲ့ ပထမ(၁)နှစ်တာကာလအတွင်း လယ်ယာကဏ္ဍ အဆင့်မြှင့်တင်ပေးခြင်း၊ မြို့ပေါ်၊ ကျေးလက်မကျန် လမ်းတံတားများ တည်ဆောက်ပေးခြင်း၊ လျှပ်စစ်ဓါတ်အားရရှိရေး၊ ပြည်သူများ၏ အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း

ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်း ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးစသည့် လုပ်ငန်းများကို အရှိန်အဟုန်မြှင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပါသည်။

အုပ်ချုပ်ရေးမဏ္ဍိုင်၊ စီမံခန့်ခွဲရေး မဏ္ဍိုင်၊ တရားစီရင်ရေး မဏ္ဍိုင် စသည့်မဏ္ဍိုင်ကြီး(၃)နှင့် ပတ်သက်ပြီး အကောင်အထည် ဖော်ဆောင်ရွက်ပေးနိုင်မှုများကို တင်ပြအစီရင်ခံသွားမှာဖြစ်ပါ တယ်။ ရှမ်းပြည်နယ်လွှတ်တော်မှ ဒုတိယအကြိမ် ပြည်နယ် လွှတ်တော်သက်တမ်းအတွင်း (၁)နှစ်တာကာလအထိ ပုံမှန် အစည်းအဝေး (၆) ကြိမ်၊ အရေးပေါ်အစည်းအဝေး (၂)ကြိမ်၊ စုစုပေါင်း(၈)ကြိမ် ကျင်းပပြုလုပ်ခဲ့ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးများတွင် ၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၆ အရ ရှမ်းပြည်နယ်အဆင့် အဖွဲ့အစည်းကဖြစ်စေ၊ လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကဖြစ်စေ အဆိုတင်သွင်းခဲ့မှု အခြေအနေမှာ ပထမပုံမှန်အစည်းအဝေးတွင် ( ၃ ) ခု၊ ဒုတိယပုံမှန်အစည်းအဝေး တွင်၁၁ ခု၊ တတိယပုံမှန်အစည်းအဝေးတွင် ( ၃ )ခု၊ အရေးအပေါ် (၁/၂၀၁၆)အစည်းအဝေးတွင် (၃) ခု၊ စတုတ္ထပုံမှန် အစည်းအဝေး တွင် ၁ ခု၊ ပဉ္စမ ပုံမှန်အစည်းအဝေးတွင် အဆိုတင်သွင်းမှု ၂ ခု၊ ဆဋ္ဌမပုံမှန် အစည်းအဝေးတွင် ၁ ခု၊ စုစုပေါင်း အဆို ၂၄ ခု တင်သွင်းခဲ့ပါတယ်။ ၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၀၅၊ ၁၀၆ တို့အရ ဒုတိယအကြိမ်





# ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၆)ဖြစ်ပါတယ်။ အစီအစဉ် အရ ပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြား ပေးပါရန် ဖိတ်ခေါ်ပါတယ်။

**ပြည်နယ်ဝန်ကြီးချုပ်။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်၊ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက် လာကြပါသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်တော်ကြီးများခင်ဗျား။ ခုလို မင်္ဂလာရှိတဲ့ အခါသမယမှာ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်း သာခြင်းနှစ်ဖြာသောသုခနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ပထမသက်တမ်းအတွင်း လုပ်ဆောင်ချက်များကို လွှတ်တော်ရဲ့ မှတ်တမ်းဖြစ်စေဖို့အတွက် ကျွန်တော် တင်ပြအစီရင်ခံသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်သည် မြန်မာနိုင်ငံ၏ အရှေ့ဘက်ခြမ်းတွင် တည်ရှိပြီး ဧရိယာစတုရန်းမိုင်ပေါင်း ၆၁၀၉၀ ကျယ်ဝန်းပါသည်။ နယ်နိမိတ်ထိစပ်မှုအနေဖြင့် မြောက်ဘက်တွင် ကချင်ပြည်နယ်၊ အရှေ့ဘက်တွင် လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တောင်ဘက်တွင် ကယားပြည်နယ်၊ အနောက်ဘက်တွင် မန္တလေး

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးများမှာ မေးမြန်းတဲ့ မေးခွန်းများအနက် ကြယ်ပွင့်ပြမေးခွန်းဖြေကြား ဆောင်ရွက်ပြီးစီးမှုအခြေအနေများမှာ ဒုတိယပုံမှန် အစည်းအဝေး တွင် လက်ခံရရှိမှု(၅၅)ခု၊ ဖြေဆိုပြီး (၅၅) ခု၊ တတိယပုံမှန် အစည်းအဝေးတွင် လက်ခံရရှိမှု (၇၇) ခု၊ ဖြေဆိုပြီး (၇၇) ခု၊ အရေးပေါ် (၁/၂၀၁၆) အစည်းအဝေးတွင် လက်ခံရရှိမှု (၃၈) ခု၊ ဖြေဆိုပြီး (၃၈) ခု၊ စတုတ္ထပုံမှန်အစည်း အဝေးတွင် လက်ခံရရှိမှု (၃၃)ခု၊ ဖြေဆိုပြီး( ၃၃)ခု၊ ပဉ္စမပုံမှန်အစည်းအဝေးတွင် လက်ခံရရှိမှု (၄၅) ခု၊ ဖြေဆိုပြီး (၄၅) ခု၊ ဆဋ္ဌမပုံမှန် အစည်းအဝေးတွင် လက်ခံရရှိမှု (၄၄) ခု၊ ဖြေဆိုပြီး (၄၄)ခု၊ အရေးပေါ် အစည်းအဝေး(၁/၂၀၁၇)တွင် လက်ခံရရှိမှု ( ၅ ) ခု၊ ဖြေဆိုပြီး ( ၅ ) ခုတို့ဖြစ်ပါတယ်။ ကြယ်ပွင့်မပြ မေးခွန်းဖြေကြားဆောင်ရွက်ပြီးစီးမှု အခြေအနေများမှာ ဒုတိယပုံမှန် အစည်းအဝေးတွင် လက်ခံရရှိမှု (၂၄)ခု၊ ဖြေဆိုပြီး (၂၄)ခု၊ တတိယ ပုံမှန်အစည်းအဝေးတွင် လက်ခံရရှိမှု (၅၂) ခု၊ ဖြေဆိုပြီး( ၅၂) ခု၊ အရေးပေါ်အစည်းအဝေး(၁/၂၀၁၆)တွင် လက်ခံရရှိမှု (၅၆) ခု၊ ဖြေဆိုပြီး( ၅၆) ခု၊ စတုတ္ထ ပုံမှန်အစည်းအဝေးတွင် လက်ခံရရှိမှု (၁၅) ခု၊ ဖြေဆိုပြီး (၁၅) ခု၊ ပဉ္စမ ပုံမှန်အစည်းအဝေးတွင် လက်ခံရရှိမှု (၄၅) ခု၊ ဖြေဆိုပြီး (၄၅) ခု၊ ဆဋ္ဌမပုံမှန် အစည်းအဝေးတွင် (၂၈) ခု၊ ဖြေဆိုပြီး (၂၈) ခု၊ အရေးပေါ် အစည်းအဝေး(၁/၂၀၁၇)တွင် လက်ခံရရှိမှု (၈) ခု၊ ဖြေဆိုပြီး ၈ ခု၊ စုစုပေါင်း လက်ခံရရှိမှု (၂၂၈) ခုနှင့် ဖြေဆိုပြီး



D/real(wide) (9



| | | |
|---|---|---|
| (၂) | ဗိုလ်မှူးကြီးနိုင်ဝင်းအောင်ဝန်ကြီး၊ | |
| | | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန |
| (၃) | ဦးစိုင်းလုံကျော် | ဝန်ကြီး၊ |
| | | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန |
| (၄) | ဦးခွန်ရဲထွေး | ဝန်ကြီး၊ |
| | | လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန |
| (၅) | Dr.ညီညီအောင် | ဝန်ကြီး၊ |
| | | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (၆) | ဦးဆွေသိန်း | ဝန်ကြီး၊ |
| | | လျှပ်စစ်၊စွမ်းအင်နှင့်စက်မှုဝန်ကြီးဌာန |
| (၇) | ဦးစိုးညွန့်လွင် | ဝန်ကြီး၊ |
| | | စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန |
| (၈) | Dr.မျိုးထွန်း | ဝန်ကြီး၊ |
| | | လူမှုရေးဝန်ကြီးဌာန |
| (၉) | ဦးစိုင်းရှုန်တစ်လုံ | ဝန်ကြီး၊ |
| | | ဘဏ္ဍာရေးဝန်ကြီးဌာန |
| (၁၀) | ဦးစိုင်းစွံဆိုင်း | ဝန်ကြီး၊ |
| | | စည်ပင်သာယာရေးဝန်ကြီးဌာန |
| (၁၁) | ဦးတင်ဦး | ပြည်နယ်ဥပဒေချုပ် |
| (၁၂) | ဦးစိုးစိုးဇော် | အတွင်းရေးမှူးတို့ဖြစ်ပါတယ်။ |

ရှမ်းပြည်နယ်အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့(၁)ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ (၄)ခုတို့ ဖွဲ့စည်းထားရှိမှုမှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

| | | |
|---|---|---|
| (၁) | ဦးခွန်ထွန်းလူ | ဥက္ကဋ္ဌ၊ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ |

(၂) ဦးခွန်စံလွင် ဥက္ကဋ္ဌ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့

(၃) ဦးအာကာလင်း ဥက္ကဋ္ဌ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့

(၄) ဦးဝင်းကျော်(ခ) ဦးအိုက်မိန်း ဥက္ကဋ္ဌ၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့

(၅) ဦးကျောက်တယ်ချန် ဥက္ကဋ္ဌ၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့

ရှမ်းပြည်နယ်အတွင်း တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးများခန့်အပ်တာဝန်ပေးထားရှိမှုအခြေအနေမှာ -

(၁) ဦးဒူဝါဇုတ်ဒေါင် ကချင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

(၂) ဦးခွန်းအေးမောင် ကယန်း တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

(၃) Dr.အောင်သန်းမောင် ဗမာ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

(၄) ဦးယောသပ် လားဟူ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

(၅) ဦးဂူဆာ လီဆူ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

(၆) ဦးအာဗေလ အာခါ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

(၇) Dr.ထွန်းလှိုင် အင်း တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

တို့ဖြစ်ပါတယ်။

အုပ်ချုပ်ရေးရုံးများတည်ရှိမှုအခြေအနေနဲ့တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၃၁ မှာ ပြဋ္ဌာန်းခဲ့သလို ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လုပ်ငန်းဆောင်ရွက်မှုများကို ဥပဒေနှင့်အညီ



D/real(wide) (1



(၂၂၈) ခုတို့ကို ဖြေကြား ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဇယား(၂)တွင် ဖော်ပြထားသည့် ပြည်နယ်ဥပဒေပြုစာရင်းပါကိစ္စရပ် များနှင့် ပတ်သက်၍ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးများအလိုက် အတည်ပြုပြဋ္ဌာန်းခဲ့တဲ့ဥပဒေများမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်-

(၁) ရှမ်းပြည်နယ်ဆားနှင့် ဆားထွက်ပစ္စည်းဥပဒေ

(၂) ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၃) ရှမ်းပြည်နယ်အိမ်တွင်း စက်မှုလက်မှု ဥပဒေ

(၄) ရှမ်းပြည်နယ် ကြက်မွေးမြူရေးဆိုင်ရာ ဇီဝလုံခြုံရေး ဥပဒေ

(၅) ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

(၆) ရှမ်းပြည်နယ်ယစ်မျိုးခွန်ကောက်ခံရေးဥပဒေ

(၇) ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်၏ ဒေသန္တရ စီမံကိန်း ဥပဒေ

(၈) ၂၀၁၇ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ တို့ဖြစ်ပါတယ်။

အုပ်ချုပ်ရေး ကဏ္ဍအနေဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားရှိပါသည်-

(၁) Dr.လင်းထွဋ် ပြည်နယ်ဝန်ကြီးချုပ်

ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းပေးမှု ဆောင်ရွက်လျက်ရှိပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ရှမ်းပြည်နယ်အတွင်း နေထိုင်ကြတဲ့ ပြည်သူများရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်နယ်ဘက်စုံ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများမှ နယ်မြေဒေသအတွင်း ကွင်းဆင်းပြီး ဒေသခံပြည်သူလူထုနှင့် တင်ပြပါအတိုင်း (၂၉၈)ကြိမ် တွေ့ဆုံခဲ့ပြီး ၊၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် အတွင်းမှာတော့ ပြည်သူ့ဆန္ဒဖော် ထုတ်ပွဲ အကြိမ်အရေအတွက် လျော့နည်းသွားခဲ့ပါတယ်။ နောက်တစ်ခု ထပ်မံတင်ပြလိုတာကတော့ တရားစီရင်ရေးကဏ္ဍဖြစ်ပါတယ်။

တရားစီရင်ရေးကဏ္ဍမှာ ပြည်နယ်တရား လွှတ်တော်၏ (၁-၁-၂၀၁၆)ရက်နေ့မှ(၃၁-၂- ၂၀၁၆)ရက်နေ့အထိ ရာဇဝတ်မှုဆိုင်ရာတရားစီရင်ရေးအခြေအနေမှာစာရင်းဖွင့်လက်ကျန် (၃၁၀)မှု၊ လက်ခံ (၃၆၆) မှု၊ ပြီးပြတ် (၅၆၉) မှု၊ စာရင်းပိတ်လက်ကျန်(၁၀၇) မှု တို့ဖြစ်ပါတယ်။ တရားမမှု တရားစီရင်ရေးအခြေအနေ များမှာ စာရင်းဖွင့်လက်ကျန်(၁၁၇)မှု၊လက်ခံ(၂၄၀)မှု၊ပြီးပြတ်(၃၀၂)မှု၊ စာရင်းပိတ်လက်ကျန်(၅၅)မှုတို့ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ၁၁(က)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်ကိုယ်စားလှယ်တော်များ ခင်ဗျား။ ဒေသဖွံ့ဖြိုးရေး





ကဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၁၆ခုနှစ်၊ မိုးရာသီကာလတွင် မိုင်းတုံမြို့နယ်မှာရှိတဲ့ နမ့်တုံချောင်း ရေကြီးရေလျှံဖြစ်ပေါ်ခဲ့မှုအပေါ် သဲနုန်းပြန်လည်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ အထွေထွေ ဘဏ္ဍာပိုလျှံရန်ပုံငွေမှ ငွေကျပ်(၉၃)သန်း ကုန်ကျခံဆောင်ရွက်ပေးခဲ့ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နယ်အတွင်း မိုးတွင်းကာလ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိရာ ရေစီးရေလာကောင်းမွန်စေရေးအတွက် ကွန်ကရစ်တံတား(၄)စင်း၊ မိုးမိတ်မြို့နယ်ရှိ ပဒါန်းချောင်းသဲနုန်း တူးဖော်မှု၊ ဟိုပန်မြို့နယ်၊ မော့်ဟွေကျေးရွာတောင်ဘက် နမ့်တိန်ချောင်း မြေထိန်းနံရံ တည်ဆောက်ပေးမှု၊ မူဆယ်ခရိုင်၊ နမ့်ခမ်း မြို့နယ်၊ကုန်းဆာရွာအနီး ရွှေလီမြစ်ကမ်းတစ်လျှောက် ရေကြီးရေလျှံမှု ကာကွယ်စေရေးတို့အတွက် ကျောက်စီရေကာခြင်းလုပ်ငန်းများကို ပြည်နယ်အစိုးရခွင့်ပြုငွေ၊ ပြည်ထောင်စုသီးသန့်ရန်ပုံငွေ၊ ပြည်နယ် ဖြည့်စွက်ရန်ပုံငွေများဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအနေနဲ့ ရှမ်းပြည်နယ်ဟာ ရေအရင်းအမြစ်သယံဇာတပေါကြွယ်ဝတဲ့ ပြည်နယ်ဖြစ်သော်လည်း ရေလိုအပ်သောဒေသတစ်ခုသို့ ကျဆင်းမသွားစေရေး၊ ရေအရင်းအမြစ် သယံဇာတများ စနစ်တကျစီမံခန့်ခွဲအသုံးချမှုရှိစေဖို့ ဆောင်ရွက်လျက်ရှိရာ အင်းလေးကန်မတိမ်ကောစေရေး၊ သဘာဝပတ်ဝန်းကျင်ဂေဟစနစ် မပျက်သုဉ်းစေရေးနှင့် စည်ပင်သာယာလှပ စိမ်းလန်း

စိုပြည်စေရေးအတွက်ကျပ်သန်း(၁၀၀၀)တန်ဖိုးရှိ Bell Dredging Pumpသောင်တူးစက်ကြီးအားဝယ်ယူပေးခဲ့တဲ့လုပ်ဆောင်မှုအပါအဝင် အင်းလေးကန်သဘာဝရေဝေ ရေလဲဒေသများ စိမ်းလန်းစိုပြည်ဖွံ့ဖြိုး တိုးတက်မှုအတွက် ဒေသ ဆိုင်ရာ အုပ်ချုပ်မှုအဖွဲ့အစည်းများရဲ့ ကြီးကြပ်မှုနှင့် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများက ပူးပေါင်း ဆောင်ရွက်လျက်ရှိပါတယ်။ သစ်တောများ ပြန်လည်ထူထောင်ရေး စီမံကိန်းအရ နိုင်ငံတော် အစိုးရသစ်လက်ထက် ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် အတွင်း စီးပွားရေးစိုက်ခင်း ဧက(၃၀၀)၊ရေဝေရေလဲ စိုက်ခင်းဧက (၄၀၀)၊ သဘာဝတော တန်ဖိုးမြှင့်စိုက်ပျိုးပြီး ဧက(၈၆၀)၊ စုစုပေါင်း (၁၅၆၀)ဧကအား ရန်ပုံငွေကျပ်(၁၁၁.၆၈၉)သန်းနဲ့စိုက်ပျိုးခဲ့ပြီး (၉၂.၆၆)ရာခိုင်နှုန်း ရှင်သန် အောင်မြင်အောင်ဆောင်ရွက်ထားရှိနိုင်ခဲ့ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်တွင် ဒေသအတွင်းစားသုံးမှုဖူလုံရေးအတွက်အသားကဏ္ဍမွေးမြူထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးကိုအလေးထားဆောင်ရွက်လျက်ရှိရာကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး အစီအစဉ်အရ တစ်နိုင်တစ်ပိုင်မွေးမြူရေး လုပ်ငန်းများဖွံ့ဖြိုး တိုးတက်စေရန် အလုပ်အကိုင်အခွင့်အလမ်းများရှိစေရန် ရည်ရွယ်ချက်နှင့် မြစိမ်းရောင်(အသားကဏ္ဍ)မွေးမြူရေးကျေးရွာများထူထောင်၍ မွေးမြူရေး တိရစ္ဆာန်များ ဖြန့်ဖြူးပေးခြင်း၊ ကျောင်းနေအရွယ်ကလေးများ နွားနို့





လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မှု အနေဖြင့် ရှမ်းပြည်နယ်ရဲ့ ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် မတ်လကုန် (နှစ်ကုန် ခန့်မှန်းခြေ) စီမံကိန်းရည်မှန်းချက်အပေါ် (၉၉.၆)ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး (၅)ရာခိုင်နှုန်း တိုးတက်ခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အတွင်း လယ်ယာ ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးထုတ်လုပ်မှု တောင်သူများ အနေနဲ့ မျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်နိုင်ရေး သီးနှံ အမျိုးအစားအလိုက် (၂၃၄၅)ဧက ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဆည်မြောင်းတာတမံနှင့် ရေကြီးရေလျှံမှု၊ မြစ်ချောင်းရေတိုက်စားမှု ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၆ -၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် အတွင်း ပြည်ထောင်စု/ ပြည်နယ်ရန်ပုံငွေ သာမန် ငွေလုံးငွေရင်း အသုံးစရိတ် စုစုပေါင်း ငွေကျပ် (၂၅၁၄၄.၈၃၅) သန်း နှင့် လုပ်ငန်းအရေအတွက် စုစုပေါင်း(၂၉၄)ခု ဆောင် ရွက်နိုင်ခဲ့ပြီး၊ စိုက်ပျိုးဧရိယာပေါင်း (၉၇၃၁၆)ဧကကို အကျိုးဖြစ် ထွန်းစေခဲ့ပါတယ်။ တောင်သူလယ်သမားများအနေနဲ့ ဝင်ငွေတိုးတက် ပိုမိုရရှိရေး ရည်ရွယ်ပြီး ကုန်းမြင့်ဒေသလယ်ယာမြေဖော်ထုတ်ရေးစီမံကိန်းများ ကို ၂၀၁၆ - ၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်အတွင်းမှာ ဧက(၆၀၀)ဖော်ထုတ် နိုင်ခဲ့ပြီး၊ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ်မှာ ဧက(၈၀၀)ဖော်ထုတ်ရန် လျာထားပါတယ်။ ဆည်မြောင်းနှင့်ရေ အသုံးချမှုစီမံခန့်ခွဲရေးဦးစီး ဌာနအနေနဲ့ ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေအနေနဲ့ လုပ်ငန်း(၂၉၄) ခုကို ကျပ်(၂၅၁၄၄.၈၃၅)သန်းဖြင့် အကျိုးပြုဧရိယာ(၉၇၃၁၆)

တိုက်ကျွေးဆောင်ရွက်နိုင်ရန် မွေးမြူသူများသို့ နို့စားနွား ဖြန့်ဖြူးပေးခြင်း၊ မွေးမြူရေးဘဏ်စနစ် ဖြင့် မျိုးကောင်းမျိုးသန့် တိရစ္ဆာန်များ ဖြန့်ဖြူးခြင်းတို့ကို ဆောင်ရွက် ပေးလျက်ရှိပြီး ၊ ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်အတွင်း တစ်မြို့နယ် လျှင် နိုင်ငံတော်ထောက်ပံ့ငွေကျပ်(၃၀)သန်းနှင့် မြို့နယ်(၆) မြို့နယ် ကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ရှမ်းပြည်နယ်အတွင်း မြို့ပြဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်စည်ပင်သာယာရေးဌာန လက်အောက်ရှိ မြို့နယ်စည်ပင်သာယာရေးဌာနများအနေဖြင့် လမ်း၊ တံတား၊ ရေပေးဝေရေးလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိရာ ငွေကျပ်( ၅,၁၉၃. ၃၄၇)သန်းဖြင့် ကတ္တရာလမ်း၊ ကျောက် လမ်း၊ မြေသားလမ်း၊ ကွန်ကရစ်လမ်း စုစုပေါင်းလမ်းအရှည်(၇၁) မိုင် (၀. ၅၄၃) ဖာလုံကို လည်းကောင်း၊ ငွေကျပ် (၇၃၆. ၉၆၉) သန်းဖြင့် ကွန်ကရစ်တံတား၊သစ်သားတံတား၊ရေပြွန်တံတား စုစုပေါင်း(၂၃၈) စင်းကိုလည်းကောင်း၊ ငွေကျပ် (၆၂၄. ၂၉)သန်း ဖြင့် ရေပေးရေးလုပ်ငန်း (၉၉)ခုကိုလည်းကောင်း ဆောင်ရွက် ပေးနိုင်ခဲ့ပါတယ်။ JICA(ODA) ချေးငွေဖြင့် ဒေသတွင်း ဖွံ့ဖြိုးရေးစီမံချက် အပိုင်း (၁)အရ ငွေကျပ်(၆၆၁. ၄၃၇) သန်းဖြင့် တောင်ကြီးမြို့ တိုးချဲ့ ရေပေးရေးလုပ်ငန်းနှင့် ငွေကျပ် (၆၁၆. ၀၁၄)သန်းဖြင့် ကလောမြို့ တိုးချဲ့ရေ ပေးရေးလုပ်ငန်းတို့ကို ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း မြို့ပြစည်ပင်သာယာဖွံ့ဖြိုးရေးအတွက် လမ်း၊ တံတား၊





ဆိုလာ(၄၀၁၄၁)စုံကို အကောင်အထည်ဖော် ဆောင်ရွက်ပေး ခဲ့ပါတယ်။ ၎င်းအပြင် ကျေးလက်လူမှုစီးပွားဘဝ တိုးတက်မြင့်မား စေရေးအတွက် ရှမ်းပြည်နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း ကို ၂၀၁၆-၂၀၁၇ ခု ၊ ဘဏ္ဍာရေးနှစ်အတွင်း ယူနစ်ပေါင်း(၄၂၀)၊ ကျေးရွာပေါင်း(၆၀၃)ရွာအတွက် ကော်မတီဖွဲ့စည်းခြင်းနှင့် ချေးငွေ ဖြင့် လုပ်ငန်းများလည်ပတ်လုပ်ကိုင်နိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု၊ ပြည်နယ်ရန်ပုံငွေတို့ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း (၄၄၃)ခုကို ကျပ်(၄၀၂၆၉. ၈၉၁၀)သန်းဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့ ပါတယ်။ လမ်းဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်အတွင်း လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို ပြည်ထောင်စု၊ ပြည်နယ် ရန်ပုံငွေ ကျပ်(၁၁၁၆၁၄. ၄၉၅)သန်းဖြင့် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးမှု ကောင်းမွန်စေရေးနှင့် ကျေးရွာမီးလင်းရေးလုပ်ငန်းများကို ပြည်နယ် ရန်ပုံငွေကျပ်(၁၈၁၆၈. ၇၅၈)သန်းဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ရှမ်းပြည်နယ်အတွင်းနှစ်အလိုက် မီးသုံးစွဲသူဦးရေတိုးတက်မှု အခြေအနေမှာ ၂၀၁၂-၂၀၁၃ခု ဘဏ္ဍာရေးနှစ်တွင် (၂၁၂၈၉၅)၊ ၂၀၁၃-၂၀၁၄ခု ဘဏ္ဍာရေးနှစ်တွင် (၂၃၃၆၄၄ )၊ ၂၀၁၄-၂၀၁၅ခု ဘဏ္ဍာရေးနှစ်တွင် (၂၅၉၀၈၇)၊ ၂၀၁၅-၂၀၁၆ခု၊ ဘဏ္ဍာရေးနှစ် တွင်(၂၉၇၁၀၂) ၊ ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်တွင် (၃၂၇၃၇၂) တို့ဖြစ်ပါတယ်။ ၂၀၁၆ - ၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း မူဆယ်

(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်၊ တာချီလိတ်ကုန်သွယ်ရေးစခန်းနှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းများမှ ပို့ကုန်၊ သွင်းကုန် အမေရိကန်ဒေါ်လာ(၆၀၇၄. ၀၅၄)သန်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ရှမ်းပြည်နယ်အတွင်းပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများဖွံ့ဖြိုးတိုးတက်စေရေးအတွက် (၁၀-၂-၂၀၁၇)ရက်နေ့မှာ တောင်ကြီးမြို့ Royal Taunggyi Hotel ၌ ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုပြပွဲ ကျင်းပနိုင်ခဲ့ပါတယ်။ ရှမ်းပြည်နယ်အတွင်း ခရီးသွားလုပ်ငန်း မြှင့်တင်ရေးလုပ်ငန်းဆောင်ရွက်ချက်အနေနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ လန်ချန်မှ ဟဲဟိုးနှင့် ထိုင်းနိုင်ငံ၊ ချင်းရိုင်မှ ဟဲဟိုးသို့ လေကြောင်းလိုင်းတိုက်ရိုက် ပြေးဆွဲခြင်းကို ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး၊ ၂၀၁၆-၂၀၁၇ခုဘဏ္ဍာရေးနှစ်အတွင်းဟိုတယ်၊ တည်းခိုရိပ်သာလိုင်စင်(၂၈၈)ခု၊ ခရီးလှည့်လည်ရေး လုပ်ငန်းလိုင်စင် (၈၀)ခု၊ ပို့ဆောင်ရေးလုပ်ငန်း လိုင်စင်(၁၆၆၉)ခု၊ ဧည့်လမ်းညွှန်လိုင်စင် (၁၁၆၅)ဦး ထုတ်ပေးနိုင်ခဲ့ပြီး ဟိုတယ်ဆိုင်ရာ သင်တန်း(၂၃)ကြိမ် ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့ပါတယ်။ ရှမ်းပြည်နယ်အတွင်း ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်း Community Base Tourism Pilot Project ကိုရှမ်းပြည်နယ်တောင်ပိုင်း၊ အရှေ့ဘက်ခြမ်း တောင်တန်းပေါ်ရှိ ကျေးရွာ(၄)ရွာ ဆောင်ရွက်ပေးနိုင်ခဲ့ကာ ကာလတိုအတွင်း အောင်မြင်မှုရရှိခဲ့ပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတာကို တင်ပြအစီရင်ခံလိုပါတယ်။ ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်အတွင်း အသေးစားစက်မှုလက်မှုကဏ္ဍ



D/real(wide) (1



ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ပြည်သူများလူမှုစီးပွားလူနေမှုဖွံ့ဖြိုးတိုးတက်ခြင်းအပေါ် ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ်ထက် (၁၆%)ပိုမိုလွှမ်းခြုံ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ကျေးလက်နေပြည်သူများလူမှု စီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဝင်ငွေတိုးပွားစေရေးအတွက် ကျေးလက်လမ်း၊ တံတား၊ ရေပေးဝေရေးနှင့် မီးလင်းရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၆-၂၀၁၇ခုဘဏ္ဍာရေးနှစ်အတွင်းလမ်းတံတားလုပ်ငန်းများကတ္တရာလမ်း (၁၁) လမ်း၊ ကျောက်လမ်း (၆၃) လမ်း၊ မြေလမ်း (၃၇)လမ်း၊ စုစုပေါင်း (၁၁၁)လမ်းအား ခွင့်ပြုရန်ပုံ ငွေကျပ်(၈,၈၅၈. ၆၇၄)သန်းဖြင့်လည်းကောင်း၊ ကွန်ကရစ်တံတား (၄၄)စင်း၊ သစ်သားတံတား (၇) စင်းနှင့် အခြား တံတား (၁၁၃)စင်း၊ စုစုပေါင်းတံတား (၁၆၄) စင်းအား ခွင့်ပြုရန်ပုံငွေကျပ် (၁,၈၂၈. ၀၃)သန်းဖြင့်လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၊ကျေးရွာ(၅၀၂)ရွာ၊ အိမ်ခြေ (၆၆၄၆၃) အိမ်၊ လူဦးရေ (၃၃၅၂၉၁)ဦးကို အကျိုးပြုနိုင်ခဲ့ပါတယ်။ ကျေးလက်ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်မှုအနေဖြင့် တွင်းတိမ် (၁၀)တွင်း၊ တွင်းနက်(၂၇)တွင်း၊ လက်တူးတွင်း(၆)တွင်း၊ မြေသားရေကန် (၁၉) ကန်၊ စိမ့်စမ်းရေသွယ်ယူခြင်း (၂၀၄)ခုနှင့် အခြားရေပေးရေးလုပ်ငန်း (၅၈) ခုတို့ကို ခွင့်ပြုငွေကျပ် (၅၀၂၈. ၆၂၁)သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ရာ ကျေးရွာ(၂၉၄) ရွာ၊ အိမ်ခြေ (၈၂၇၇၁)အိမ်၊ လူဦးရေ (၁၅၅၄၁)ဦးကို အကျိုးပြုနိုင်ခဲ့ပါတယ်။ ကျေးရွာမီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်မှုအနေဖြင့်

အနေနဲ့ လုပ်ငန်းသင်တန်း(၇)မျိုးကို (၃၃)ကြိမ် ဖွင့်လှစ်ပေးခဲ့ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ တစ်နှစ်တာကာလအတွင်း ပညာရေးကဏ္ဍပြောင်းလဲတိုးတက်မှုအခြေအနေမှာ ၂၀၁၅-၂၀၁၆ ခု ပညာသင်နှစ်တွင် အခြေခံပညာကျောင်းပေါင်း(၅,၇၉၆)ကျောင်း၊ အခြေခံပညာဆရာဦးရေပေါင်း (၃၃,၈၇၅)ဦး၊ အခြေခံပညာကျောင်းသားပေါင်း (၇၈၁,၄၂၆)ဦး၊ ဆရာ/ကျောင်းသားအချိုးပေါင်း (၁း၂၄) ၊ ကျောင်းအဆင့်တိုးရရှိမှုပေါင်း(၄၈၁)တို့ဖြစ်ပြီး၊ ၂၀၁၆-၂၀၁၇ခု၊ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းသားပေါင်း (၅,၉၇၃)ကျောင်း၊ အခြေခံပညာဆရာဦးရေပေါင်း (၃၇၇၀၁) ဦး၊ အခြေခံပညာကျောင်းသားပေါင်း (၈၁၂၃၁၂)ဦး၊ ဆရာ/ကျောင်းသားအချိုးပေါင်း (၁း၂၂)၊ ကျောင်းအဆင့်တိုးရရှိမှုပေါင်း (၄၀၀)တို့ဖြစ်ပါတယ်။ တိုးတက်မှုအခြေအနေမှာ အခြေခံပညာကျောင်းပေါင်း (၁၇၇)ကျောင်း၊ အခြေခံပညာ ဆရာဦးရေ (၃၈၂၆) ဦးနှင့် အခြေခံပညာကျောင်းသားပေါင်း (၃၀,၈၈၆)ဦး တိုးတက်ခဲ့ပါတယ်။ ရှမ်းပြည်နယ်အတွင်း ယခင်က အခြေခံပညာကျောင်းပေါင်း(၅၇၉၆)ကျောင်းရှိခဲ့ရာမှ ၂၀၁၆-၂၀၁၇ခု၊ ပညာသင်နှစ်အတွင်း(၅၉၇၃)ကျောင်းရှိလာသည့်အတွက် ကျောင်းပေါင်း (၁၇၇) ကျောင်းတိုးတက်ဖွင့်လှစ်နိုင်ခဲ့ပြီး၊ ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျောင်းပေါင်း(၃၃၉)ကျောင်း၌ စာသင်ကျောင်းဆောင်သစ်များဆောက်လုပ်ပေးနိုင်ခဲ့ပြီး ဆရာနှင့်ကျောင်းသားအချိုး (၁း၂၂)





သန်း၊ ကုသရေးဦးစီးဌာန (အဆောက်အဦ)အတွက် ကျပ် (၁၀၈၁၂. ၀၈၈၄)သန်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန (အဆောက်အဦ)အတွက် ကျပ်(၈၂၈၈. ၄၇၈၀)သန်းတို့ ခွဲဝေရရှိခဲ့ပါတယ်။

ရှမ်းပြည်နယ်အတွင်း နေထိုင်ကြသော ပြည်သူများ၏ ကျန်းမာရေး အဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအခြေအနေများမှာ ဆေးရုံများ (၁၆၄)ခု၊ ကျေးလက်ကျန်းမာရေးဌာန (၁၉၂)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ (၈၆၃)ခု၊ ဒေသန္တရကျန်းမာရေးဌာန (၃)ခု၊ ကျောင်းကျန်းမာရေးဌာန (၆)ခု၊ မိခင်နှင့်ကလေးကျန်းမာရေးဌာန (၅၂)ခု၊ နယ်စပ်ဒေသဆေးပေးခန်း (၂၈)ခု၊ ဆရာဝန် (၆၈၈) ဦး၊ သွားဆရာဝန် (၈၈) ဦး၊ သူနာပြု (၂၂၈၅)ဦး၊ ကျန်းမာရေးမှူး (၂၂၄) ဦး၊ အမျိုးသမီးကျန်းမာရေးဆရာမ (၂၂၁)ဦး၊ သားဖွားဆရာမ (၁၂၆၈)ဦး၊ ဆရာဝန်နှင့် လူဦးရေအချိုး( ၁း၈၄၆၅)၊ သူနာပြုနှင့်လူဦးရေ (၁း၂၅၄၈)၊ ကျန်းမာရေးမှူးနှင့် လူဦးရေအချိုး (၁း၂၆၀၀၁)၊ သားဖွားဆရာမနှင့် လူဦးရေအချိုး (၁း၄၅၉၃)တို့ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် အသိပညာပေးဟောပြောပွဲများကို တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများအတွက် (၇၃၄ )ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး ကျောင်းသား/ ကျောင်းသူပေါင်း (၉၉၆၆၂)ဦး ကိုအသိပညာပေးနိုင်ခဲ့ပါတယ်။ အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်

ရေးအတွက် Township Sports Development Programme အားကစားပြိုင်ပွဲများကို ပထမအကြိမ်အနေဖြင့် ဖယ်ခုံ၊ လဲချား၊ လင်းခေး၊ နမ့်တူ၊ မိုင်းတုံမြို့နယ်များတွင် ကျင်းပခဲ့ပြီး အားကစားသမားပေါင်း (၄၄၃၉)ဦးမှလည်းကောင်း၊ ဒုတိယအကြိမ်အနေဖြင့် လွိုင်လင်၊ ကျိုင်းတုံ၊ ပင်လောင်း၊ လားရှိုးမြို့နယ်များတွင် ကျင်းပခဲ့ပြီး အားကစားသမားပေါင်း (၅၇၃၄)ဦးမှလည်းကောင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါသည်။ ရှမ်းပြည်နယ်အနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ချီးမြှင့်သည့်အတက်ကြွဆုံး တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ဒုတိယဆုကို ဆွတ်ခူးရရှိခဲ့ပါတယ်။

ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်မြေယာပိုင်ဆိုင်မှုရရှိရေးဆောင်ရွက်ပေးမှုအနေဖြင့်တောင်သူပေါင်း(၂၉၈၁၆၀) ဦး၊ ဦးပိုင် လုပ်ကွက်ပေါင်း (၃၈၃၈၄၂)ခု၊ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်(ပုံစံ- ၇) ထုတ်ပေးနိုင်ခဲ့ပြီး ဒေသခံပြည်သူများ မြေယာဥပဒေနှင့်အညီ မြေယာပိုင်ဆိုင် ခွင့်ရရှိစေရေးအတွက် မြေစာရင်းပုံစံ (၁၀၅)(၂၄၁၉၂)စောင်ကို မြေယာဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ထုတ်ပေးနိုင်ခဲ့ပါတယ်။ သုံးစွဲမြေယာကိစ္စရပ်များနှင့်ပတ်သက်၍ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအဆင့်ဆင့်အလိုက် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီးကော်မတီအဆင့်ဆင့်မှာ လွှတ်တော်ကိုယ်စားလှယ်များ၊



D/real(wide) (1



အထိတိုးတက်လာခဲ့ပါတယ်။ ရှမ်းပြည်နယ်အတွင်း အခြေခံစာတတ်မြောက်မှု ရာခိုင်နှုန်းမှာ (၆၄. ၆) ရာခိုင်နှုန်းဖြစ်ပြီး၊ စာတတ်မြောက်မှုရာခိုင်နှုန်းတိုးတက်လာစေရန် အတွက်တောင်ကြီး၊ ကျိုင်းတုံ၊ လားရှိုးတက္ကသိုလ်များမှ ဆရာ/ ဆရာမ၊ ကျောင်းသား/ သူ(၄၈၁)ဦးနှင့် စာဖတ်ဝိုင်းများကို မြို့နယ်ပေါင်း (၁၄)မြို့နယ်မှာ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဂျပန်နိုင်ငံ၊ နီပွန်ဖောင်ဒေးရှင်းမှ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းရှိမြို့နယ်(၂၀)မှာ ၂၀၁၆-၂၀၁၇ခု၊ဘဏ္ဍာရေးနှစ်၌ စာသင်ကျောင်းဆောင်သစ် (၂၀)ကျောင်းကို စာသင်ခုံ၊ သန့်စင်ခန်း၊ ရေကန်များ အပါအဝင် ဆောင်ရွက်ပေးခဲ့ပါတယ်။ ရှမ်းပြည်နယ်အတွင်း ၂၀၁၆-၂၀၁၇ အတွင်း ပညာရေးကဏ္ဍအတွက် ရန်ပုံငွေကျပ် (၁၂၇၇၈. ၇၇၉)သန်းနှင့် ခွဲဝေရရှိဆောင်ရွက်ပေးခဲ့ပါတယ်။

ရှမ်းပြည်နယ်အတွင်း ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အခြေခံပညာကဏ္ဍသို့ ထောက်ပံ့ပေးမှုအခြေအနေမှာ အခမဲ့ဗလာစာအုပ် (၂၂,၇၉၃) ဒါဇင်၊ ငွေလုံးငွေရင်း (အဆအ) (၄,၄၃၅)စုံတို့ကို ထောက်ပံ့ဆောင်ရွက်နိုင်ခဲ့ပါတယ်။

၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်အတွင်းကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ ငွေလုံးငွေရင်းရရှိမှုအခြေအနေမှာ ကုသရေးဦးစီးဌာန(ဆေးဝါး)အတွက် ကျပ်(၃၈၃၃. ၆၂၂)သန်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန(ဆေးဝါး)အတွက်ကျပ်(၁၇၁၄ . ၉၁၁)

တောင်သူလယ်သမားကိုယ်စားလှယ်များနှင့် ဒေသခံများမှ ကြည်ညိုလေးစားတဲ့ ကိုယ်စားလှယ်များကို ထည့်သွင်းဖွဲ့စည်း ဆောင်ရွက်လျက်ရှိပါတယ်။ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီမှ စိစစ်ဖြေရှင်း ရန်ညွှန်ကြားခဲ့သည့် အမှုပေါင်း(၃၆၀)မှ သက်ဆိုင်ရာခရိုင်များ အလိုက် စိစစ်ဆောင်ရွက်ထားရှိမှု အခြေအနေများမှာ တောင်ကြီး ခရိုင်တွင် စိစစ်ပြီးအမှု(၂၁) မှု၊ စိစစ်ဆဲအမှု(၁၀၁)မှု၊ လွိုင်လင် ခရိုင်တွင် စိစစ်ပြီးအမှု(၂)မှု၊ စိစစ်ဆဲအမှု (၈)မှု၊ လားရှိုးခရိုင်တွင် စိစစ်ပြီးအမှု (၁၀) မှု၊ စိစစ်ဆဲအမှု (၃၃)မှု၊ မူဆယ်ခရိုင်တွင် စိစစ်ပြီးအမှု (၂)မှု၊ စိစစ်ဆဲအမှု (၂၁)မှု၊ ကျောက်မဲခရိုင်တွင် စိစစ်ပြီးအမှု (၈)မှု၊ စိစစ်ဆဲအမှု(၂၉)မှု၊ မိုးမိတ်ခရိုင်တွင် စိစစ်ပြီးအမှု(၃)မှု၊ စိစစ်ဆဲအမှု(၁၂)မှု၊ ကျိုင်းတုံခရိုင်တွင် စိစစ်ပြီးအမှု(၁၂)မှု၊ စိစစ်ဆဲအမှု(၁၅)မှု၊ မိုင်းဆတ်ခရိုင်တွင် စိစစ်ပြီး အမှု(၁)မှု၊ တာချီလိတ်ခရိုင်တွင် စိစစ်ပြီးအမှု(၁၄)မှု၊ စိစစ်ဆဲအမှု (၆၇)မှု ၊ လောက်ကိုင်ခရိုင်တွင် စိစစ်ဆဲအမှု(၁)မှု၊ စုစုပေါင်း စိစစ်ပြီးအမှုပေါင်း (၇၃)မှု၊ စိစစ်ဆဲအမှုပေါင်း (၂၈၇)မှုတို့ဖြစ်ပါ တယ်။ ကျေးရွာမြေငှားဂရန်စီမံချက်အရ ၂၀၁၆- ၂၀၁၇ခု၊ ဘဏ္ဍာ ရေးနှစ် ရှမ်းပြည်နယ်အတွင်း မြို့နယ်ပေါင်း (၄၇) မြို့နယ်ရှိ ကျေးရွာပေါင်း (၄၇)ရွာမှာ မြေငှားဂရန် စုစုပေါင်း(၄၃၆၄)ခု ထုတ်ပေးနိုင်ခဲ့ပါတယ်။ ပြည်သူ့ဝန်ဆောင်မှုရုံး One Stop Shops (OSS)များကို ရှမ်းပြည်နယ်ရှိ မြို့နယ် (၄၉)မြို့နယ်တွင် ဖွင့်လှစ်ပြီး



D/real(wide) (I



(၂၃၉၅၂၆၀၀ဝိ/-) ထောက်ပံ့ပေးအပ် နိုင်ခဲ့၍ ယခင်နှစ်များထက် (၃. ၃)ဆ ပိုမိုထောက်ပံ့ပေးနိုင်ခဲ့ပြီး၊ အသက်(၉၀)နှင့် (၁၀၀)ကြားဘိုးဘွားများ၊ အသက်(၁၀၀)နှင့်အထက် အဘိုးအဘွား များအား ငွေကျပ် (၄၁၄ ၆၀၀၀၀)ကို ထောက်ပံ့ ပေးအပ်ခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၂)နှစ်မြောက်မွေးနေ့ အခမ်းအနားတွင် လူငယ် ပရဟိတဂေဟာ (၁၁)ခုကို ဆန်၊ ဆီ၊ ဆား များနှင့် ကလေးကစားစရာများ၊ စုစုပေါင်းငွေကျပ် (၆၈၅၈၃၀၀)လှူဒါန်း ခဲ့ပြီး ကလေးများဉာဏ်ရည်ဖွံ့ဖြိုးစေရန်နှင့် အာဟာရပြည့်ဝစေရန် အတွက်မူလတန်းကြိုကျောင်းများ၊ ကိုယ့်အားကိုယ်ကိုးကျောင်းများ၊ ပုဂ္ဂလိကမူလတန်းကြို ကျောင်းများ၊ လူငယ်ပရဟိတဂေဟာများသို့ ပဲနို့အာဟာရ တိုက်ကျွေးနိုင်ခဲ့ပြီး၊ မူလတန်းကျောင်းများမှာ ဆက်လက်တိုက် ကျွေးသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ (၇-၇-၂၀၁၇)ရက်နေ့မှာ ကျရောက်ခဲ့တဲ့ နှစ်(၇၀)မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားမှာ ရှမ်းပြည်နယ်အတွင်း စွမ်းစွမ်းတမံ လုပ်ငန်းများဆောင်ရွက် ခဲ့တဲ့ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ လုပ်ငန်း ရှင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး များအား စီမံထူးချွန်ဆု၊ လုံခြုံ ရေးနှင့် တရားဥပဒေစိုးမိုးရေး ဆိုင်ရာထူးချွန်ဆု၊ စိုက်ပျိုးထူး ချွန်ဆု၊ မွေးမြူထူးချွန်ဆု၊ ကျန်းမာရေးထူးချွန်ဆု၊ လူမှုထူး ချွန်ဆုများအား စုစုပေါင်း(၄၉)ဦးကို ချီးမြှင့်ပေးခဲ့ပါတယ်။

၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း သဘာဝဘေးဖြစ်ပွားမှု အကြိမ်ပေါင်း (၂၄၄)ခု ဖြစ်ပွားခဲ့ပြီး၊ ဘေးသင့် အိမ်ထောင်စုပေါင်း (၁၆၇၃၈)စု၊ ဘေးသင့်လူဦးရေ (၈၂၁၀၄) ဦးအတွက် ကယ်ဆယ်ရေး ပစ္စည်းများ တန်ဖိုးကျပ်(၁၁၉၈၈၈၀၀၀)၊ ငွေသားထောက်ပံ့မှု ငွေကျပ် (၃၅၃၂၄၆၀၀၀) ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ သောက်သုံးရေရှားပါးသောဒေသများအတွက် ကလော၊ ညောင်ရွှေ၊ ပင်းတယ၊ လားရှိုး၊ မိုင်းဖြတ်၊ ကျိုင်းတုံ မြို့နယ်များသို့ ရေဂါလံ (၄၄၀၆၀)၊ ငွေအားဖြင့် ငွေကျပ်(၁၆၁၈၃၀၀) ကိုထောက်ပံ့ ပေးနိုင်ခဲ့ပါတယ်။ ရေရရှိရေးလုပ်ငန်းလိုအပ်ချက်များအတွက် ရွာငံမြို့နယ်၊ ဖယ်ခုံမြို့နယ်များသို့ ငွေကျပ်(၃၄၇၀၀၀၀) ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ သဘာဝဘေးအသိပညာပေး လုပ်ငန်းများကို ပြည်နယ်၊ မြို့နယ်၊ ရပ်ကွက်အဆင့်များမှာ (၉၅)ကြိမ် ပြုလုပ်နိုင်ခဲ့ပါတယ်။ မိတ်ဘက် အဖွဲ့အစည်းများ၊ အရပ်ဘက် အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှုမှာ ရှမ်းပြည်နယ်အတွင်း NGO အဖွဲ့များဖြစ်သည့် အမျိုးသမီးရေးရာ အဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊စစ်မှုထမ်းဟောင်း အဖွဲ့ ၊ ကြက်ခြေနီအသင်း၊ အရန်မီးသတ်တပ်ဖွဲ့များမှ ကလေး သူငယ်/ကိုယ်ဝန်ဆောင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၊ ပညာပေးဟောပြောပွဲများ၊ စွမ်းရည်ပြပွဲများ၊ ပြိုင်ပွဲများ၊ သက်ကြီးရွယ်အိုစောင့်ရှောက်ခြင်း လုပ်ငန်းများ၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်းများ၊လူမှု ကယ်ဆယ်ရေးလုပ်ငန်းများ၊



D/real(wide) (1



ဌာနဆိုင်ရာအလိုက် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြည်သူများရဲ့ အခြေခံလိုအပ်ချက်ဖြစ်တဲ့ နေထိုင်ရေးကိုလည်း ဖြည့်ဆည်းပေးနိုင်ရန် တန်ဖိုးနည်း၊ တန်ဖိုးသင့်အိမ်ရာများ ပြည်သူ့အငှားအိမ်ရာများ အစိုးရဝန်ထမ်း အိမ်ရာများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ လူမှုရေးနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်အတွင်း တိုင်းရင်းသားလူမျိုး ပေါင်းစုံစုစည်းနေထိုင်လျက်ရှိရာ တိုင်းရင်းသားလူမျိုးများအချင်းချင်း စည်းလုံးညီညွတ်မှု ခိုင်မြဲစေရေး၊ တိုင်းရင်းသားအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု၊ ကူညီရိုင်းပင်းမှု၊ ဝိုင်းဝန်းပံ့ပိုးမှုစသည့် အစဉ်အလာကောင်းများဖြစ်ပေါ်လာစေရေး၊ တိုင်းရင်းသားရိုးရာ အစဉ်အလာကောင်းများကို ထိန်းသိမ်းထားနိုင်စေရေးအတွက် တိုင်းရင်းသားအလိုက် ရိုးရာ ပွဲတော်များကို ကျိုင်းတုံ၊ လားရှိုး၊ ပင်းတယ၊ ကျောက်တလုံးကြီးမြို့တို့မှာ ကျင်းပပြုလုပ်နိုင်ခဲ့ပါတယ်။ ရှမ်းပြည်နယ်အတွင်း နေထိုင်ကြသော ဒေသခံပြည်သူများ စိတ်နှလုံးပျော်ရွှင်ချမ်းမြေ့စေရေး၊ မိမိတို့ကိုးကွယ်ရာ ဘာသာသာသနာကို ထိန်းသိမ်းစောင့်ရှောက်စေရေးအတွက် ဘာသာရေးပွဲတော်များ ပျော်ပွဲရွှင်ပွဲများကို တောင်ကြီး၊ ညောင်ရွှေ၊ ပင်းတယ၊ ကျောက်တလုံးကြီးမြို့တို့တွင် ကျင်းပပြုလုပ်ပေးနိုင်ခဲ့ပါတယ်။ ရှမ်းပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနအနေနဲ့ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ်အတွင်းရှိ လူငယ်ပရဟိတဂေဟာများ၊ ဘိုးဘွားရိပ်သာများ၊ လူငယ်ရိပ်သာများနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများသို့ ငွေကျပ်

ပညာရေး၊ ကျန်းမာရေးထောက်ပံ့ ကူညီစောင့်ရှောက် ခြင်းလုပ်ငန်းများ ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများ၊ ကျေးလက်ရေရရှိရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ၊ ဆောင်ရွက်ရာတွင် လိုအပ်သည်များ ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ပါတယ်။

(၁၁-၁-၂၀၁၇) ရက်နေ့မှ(၁၃-၁-၂၀၁၇)ရက်ထိ တောင်ကြီးမြို့၊ စဝ်စံထွန်းဆေးရုံကြီးတွင် Japan Society for Clinical Amemphesia (JSCA) အဖွဲ့မှ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကုသခြင်း၊ ခံတွင်းကင်ဆာ စမ်းသပ်စစ်ဆေးခြင်းတို့ကို အခမဲ့ကုသဆောင်ရွက်ပေးခဲ့ရာ နှုတ်ခမ်းကွဲ လူနာ(၁၇)ဦးနှင့် ခံတွင်းကင်ဆာ စမ်းသပ်လူနာ(၅၈)ဦးကို စမ်းသပ်စစ်ဆေးကုသပေးခဲ့ပါတယ်။ (၅-၂-၂၀၁၇) မှ (၈-၂-၂၀၁၇)အထိ တောင်ကြီးမြို့၊ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးတွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာစုစုပေါင်း (၈၁)ဦးတို့အားအခမဲ့ကုသပေးနိုင်ခဲ့ပါတယ်။ ဘာသာပေါင်းစုံ ချစ်ကြည်ရင်းနှီးမှု ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ရှမ်းပြည်နယ်ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့ကို (၅-၂-၂၀၁၅)ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါတယ်။ လားရှိုးခရိုင်၊ ကျိုင်းတုံခရိုင်၊ တာချီလိတ်ခရိုင်နှင့် မိုင်းပျဉ်းမြို့နယ် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ လုပ်ထုံးလုပ်နည်းများဖြေလျှော့ ခြင်းဆောင်ရွက်ချက်များအနေဖြင့် မြေစာရင်းပုံစံ (၁၀၅)ရေးကူးပြီး လုပ်ငန်းများအား (၁၅)ရက်အတွင်းအပြီး ဆောင်ရွက်ပေး





ပြည်နယ်အစိုးရအဖွဲ့၊NGOနှင့်ပုဂ္ဂလိကအလှူရှင်များမှ စုစုပေါင်းငွေကျပ်(၉၈၁၇၂၄၈၀)နှင့် ပစ္စည်းတန်ဖိုး (၄၅၆၆ ၁၉၄၃၂)ကျပ်တို့ကိုထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ရှမ်းပြည်နယ်အတွင်း ပြည်နယ်ရင်းနှီး မြှုပ်နှံမှုများနှင့် နိုင်ငံတကာအဖွဲ့အစည်းများရဲ့ အကူအညီထောက်ပံ့မှုများ တိုးတက်မြင့်မားလာစေရေးအတွက်နိုင်ငံတကာအဖွဲ့အစည်းများနှင့်အကြိမ်(၃၀)လက်ခံတွေ့ဆုံဆွေးနွေးနိုင်ခဲ့ပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်စေရေးဆောင်ရွက်ချက်အနေနဲ့ ကျား၊မ စုစုပေါင်း(၃၈၈၉)ဦး အရေးယူဆောင်ရွက်ခဲ့ပြီး ဘိန်းခင်းဧရိယာ(၈၃၅၉. ၇၇)ဧကအား ဖျက်ဆီးနိုင်ခဲ့ပါတယ်။ တရားမဝင်လိုင်စင်မဲ့မော်တော်ယာဉ်များ(၃၁၄၆)စီးအား မှတ်ပုံတင်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး အခွန်အခငွေစုစုပေါင်း(၇၁၂၄၀၀၀၉၀. ၅၀) ကျပ်ကို ပြည်ထောင်စု၊ပြည်နယ်ဘဏ္ဍာရန်ပုံငွေရရှိအောင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်နိုင်မှုရဲ့အကျိုးသက်ရောက်မှုများနှင့်ပတ်သက်၍ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်အသိပညာပေးဟောပြောပွဲများကို တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများတွင် (၉၇၈)ကြိမ်၊ ကျောင်းသူ/သားပေါင်း (၁၃၉၃၈၆)ဦးတို့ကိုအသိပေးဆောင်ရွက်နိုင်ခဲ့ပါတယ်။ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးနှံအလိုက်မျိုးကောင်းမျိုးသန့် ထုတ်လုပ်ရေး

လုပ်ငန်းကို ဧက(၂၀၀၀)ကျော် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး စိုက်ပျိုးစရိတ်(၁)ဧကလျှင် ကျပ်ငွေ(၁၅၀၀၀၀)အထိ တိုးမြှင့်ထုတ်ချေးပေးနိုင်ခဲ့ပါတယ်။ ရှမ်းပြည်နယ်အတွင်းသဘာဝဘေးအန္တရာယ်ဖြစ်သော ရေကြီးရေလျှံမှုများကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဆည်မြောင်း၊ တာတမံများတည်ဆောက်ပေးခြင်း၊ မြစ်ချောင်းထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းကြောင့် လူနေအိမ်များရေကြီးနစ်မြုပ်မှုနှင့်ရေတိုက်စား၍ပျက်စီးမှုများမှ ကာကွယ်နိုင်ရေး၊လမ်းတံတား ရေတိုက်စားပျက်စီးမှုမှ ကာကွယ်နိုင်ရေး၊လယ်ယာမြေများရေလွှမ်းမိုးမှုမှကာကွယ်နိုင်ပြီး စိုက်ပျိုးဧရိယာများအတွက် အကျိုးဖြစ်ထွန်းစေကာ ဒေသခံများ၏လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ကျေးလက်ဒေသ ဖွံ့ဖြိုးရေး နဲ့ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်အနေဖြင့် ၂၀၁၆-၂၀၁၇ခု၊ဘဏ္ဍာရေးနှစ်အတွင်း တစ်မြို့နယ်လျှင် နိုင်ငံတော်ထောက်ပံ့ငွေကျပ်သန်း(၃၀)နှင့် ညောင်ရွှေ၊ပင်လောင်း၊ လွိုင်လင်၊ လားရှိုး၊ နမ့်ခမ်းနှင့်တာချီလိတ်မြို့များမှာ ကျွဲ(၅၀)ကောင်၊ နွား(၂၂)ကောင်၊နို့စားနွား(၃၀)ကောင်နှင့်ဝက်(၂၇၁)ကောင်၊ ဘဲအကောင်ရေ (၁၀၀၀၀) ခန့်အထိ ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။ လျှပ်စစ်ဓါတ်အားကောင်းမွန် စေရေးအတွက် ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ရန်ပုံငွေစုစုပေါင်းကျပ်(၁၈၁၆၈. ၇၅၈)သန်းနှင့် ဓါတ်အားခွဲရုံနှင့် ဓါတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ပေးခြင်းကြောင့် မီးသုံးစွဲသူဦးရေတိုး တက်လာပြီးဒေသဖွံ့ဖြိုးတိုးတက်လာစေခဲ့





ရန်နှင့် ပြည်သူများဝန်ထုပ်ဝန်ပိုးမဖြစ်စေရေးအတွက် ဘဏ္ဍာရေးအခကြေးငွေ Royalty Fees ကောက်ခံခြင်းဆိုင်ရာ ကိစ္စရပ်များကို ပယ်ဖျက်လျှော့ပေါ့ပေးခဲ့ပါတယ်။ တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်ချေးငွေထုတ်ပေးရာမှာ ယခင်တောင်သူ (၁၀)ဦး ပါဝင်သောအစုအဖွဲ့ဖွဲ့စည်းခြင်းမှ (၃)ဦးအဖွဲ့ ပြောင်းလဲဖွဲ့စည်းပြီး တောင်သူတစ်ဦးချင်းမှ လယ်ယာကုန်ထုတ်လုပ်မှု စီမံချက်ရေး ဆွဲတင်ပြရခြင်းကို ပယ်ဖျက်ပေးနိုင်ခဲ့ပါတယ်။ မြေငှားဂရန် လျှောက်လာမှုများနှင့် ပတ်သက်၍ လုပ်ငန်းအဆင့် ရက်ပေါင်း(၄၀)အတွင်း ပြည်သူ့ဝန်ဆောင်မှုရုံး One Stop Shops (OSS)များတွင် ထောက်ခံချက်ပေးခြင်းကဲ့သို့သော လုပ်ငန်းများကို ဌာနအလိုက် နေ့ချင်းပြီးဆောင်ရွက်ပေးလျက်ရှိပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍အစည်းအဝေးများ ကျင်းပပြုလုပ်နိုင်ခဲ့ပါတယ်။ ၂၀၁၇ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့၊ နှစ်(၇၀)မြောက်ပြည်ထောင်စုနေ့အခမ်းအနားကို ပင်လုံမြို့တွင်ကျင်းပ၍ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ခဲ့ပြီး ငြိမ်းချမ်းရေးစကားဝိုင်း Peace Talk ကို ပြုလုပ်ခဲ့ပါတယ်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA လက်မှတ်ရေးထိုးပြီးနောက် ပအိုဝ်းလူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို၂၀၁၇ ခု၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့မှ ၂၀ ရက်နေ့အထိ ပြုလုပ်နိုင်ခဲ့ပါတယ်။ စစ်ဘေးရှောင်ပြည်သူများနှင့်ပတ်သက်၍ စစ်ဘေးရှောင်ကယ်ဆယ်ရေးစခန်းများသို့ ပြည်ထောင်စုအဆင့်၊ ရှမ်း



D/real(wide) (2

ပါတယ်။ ၂၀၁၆- ၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်း ရန်ပုံငွေကျပ်(၁၁၉၁၀. ၂၇) သန်းဖြင့် ကျောင်းပေါင်း(၃၉၉) ကျောင်းနှင့် စာသင်ကျောင်းဆောင်များဆောက်လုပ်ပေးခြင်း၊ ဆရာ/မများ တိုးမြှင့်ခန့်ထားပေးခြင်း၊ ဆရာနှင့် ကျောင်းသား/သူ အချိုး(၁း၂၂)အထိ တိုးတက်လာစေခြင်း၊ ကျေးလက်ကျန်းမာရေး ဌာနခွဲ အဆောက်အဦသစ် ဆောက်လုပ်ခွင့်ရရှိခြင်း၊ ဆရာဝန်များ ပိုမိုခန့်ထားပေးနိုင်ခြင်း၊ ဆရာဝန် နှင့်လူနာဦးရေမှာ(၁း၈၄၆၅)ထိ တိုးတက်လာပြီး ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို ယခင်ကထက် ပိုမိုထိရောက်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဂျပန်နိုင်ငံ၊ နီပွန် ဖောင်ဒေးရှင်းမှ ရှမ်းပြည်နယ် တောင်ပိုင်းနှင့် မြောက်ပိုင်းမှာ ကျောင်းဆောင်သစ် (၂၀) ဆောင်၊ ICRC မှ ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံကြီးတွင် ငွေကျပ်သန်း(၁၈၀၀)ဖြင့် ကုတင်(၄၀)ဆံ့ ပြန်လည်သန်စွမ်းရေး ဆေးကုသဌာနကို တည်ဆောက်ပေးခြင်း၊ ဂျပန်နိုင်ငံ JICA အဖွဲ့ အစည်းမှထည့်ဝင်ငွေကျပ်(၈၃၄၀)သန်း နှင့် ပြည်ထောင်စုငွေလုံး ငွေရင်းရန်ပုံငွေကျပ်(၁၈၉၅)သန်းဖြင့် လားရှိုးမြို့ပြည်သူ့ဆေးရုံကြီးတွင် (၂)ထပ်လူနာဆောင်(၁)လုံးနှင့် ရင်ခွဲစစ်ဆေးရုံ(၁)လုံး ဆောက်လုပ်ပေးခြင်းတို့ကို ဆောင်ရွက် ပေးခဲ့ပါတယ်။ ရှမ်းပြည်နယ်အတွင်း တိုင်းရင်းသားရိုးရာနှစ်သစ် ကူးပွဲတော်များ၊ အထိမ်းအမှတ်အခမ်းအနား များကျင်းပပေး နိုင်ခဲ့ပြီး၊ (OSS)ရုံးများဖွင့်လှစ်၍ ဌာနများမှဝန်ဆောင်မှု ပေးခြင်းကြောင့် ပြည်သူများအချိန်ကုန် သက်သာခြင်း၊ ဝန်ထုပ်





ကိုယ်တိုင်တက်ရောက်၍ ငြိမ်းချမ်းရေးစကားဝိုင်း Peace Talk ကို ကျင်းပပြုလုပ်ခြင်းဖြင့် ပြည်သူများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်း စဉ်နှင့် ပတ်သက်၍ ပိုမိုစိတ်ဝင်စားမှုများရှိလာပြီး ၂၁ ပင်လုံမှ တစ်ဆင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုအဖြစ် ထူထောင်ရေး တွင် များစွာအထောက်အကူပြုမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ရှမ်းပြည်နယ်အတွင်း အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတိုးတက်လာစေရေးအပါအဝင် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ပြည်ထောင်စုအစိုးရ၏ဦးဆောင်မှု၊ ပြည်နယ် အစိုးရအဖွဲ့ဝင်များရဲ့ ကြိုးကြပ်မှုဖြင့် သက်ဆိုင်ရာဌာနဆိုင်ရာ များနှင့် ပူးပေါင်း၍ ကဏ္ဍအလိုက်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်း အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ယခုတင်ပြချက်ကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံးသို့ Soft Copy (CD) များနှင့် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

## ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်သတ္တမပုံမှန်အစည်းအဝေး ပထမနေ့မှာ ပြည်နယ်ဝန်ကြီးချုပ်မှ ပြည်နယ်လွှတ်တော်သို့ ပြောကြားသည့် မိန့်ခွန်းကို ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ ၃၈(ဂ)အရ လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၈)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ဆောင်ရွက်မှာဖြစ်ပါတယ်။ ယခု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၀)ဦးက မေးမြန်းထားသည့် မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ဖြစ်ပါတယ်။





ဝန်ပိုးများ လျော့နည်းစေခြင်းစသည့် အကျိုးကျေးဇူးများရရှိစေခဲ့ပါတယ်။ ထူးချွန်ဆောင်ရွက်ခဲ့တဲ့ ဝန်ထမ်းများ၊ ဌာနများ၊ ရဲတပ်ဖွဲ့ဝင်များအား နှစ်(၇၀)မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားတွင် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်ပေးအပ်ချီးမြှင့် ဆောင်ရွက်သကဲ့သို့ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်တဲ့ ဝန်ထမ်း (၈)ဦးအား ရာထူးမှထုတ်ပယ်ခြင်း၊ ဝန်ထမ်း (၁၁၁)ဦးအား ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်းစတဲ့ ဆုပေး၊ ဒဏ်ပေးစနစ်ကျင့်သုံးခြင်းဖြင့် ဝန်ထမ်းများလုပ်ငန်း ဆောင်ရွက်ရာတွင် ယှဉ်ပြိုင်ကြိုးစားလိုစိတ်များဖြစ်အောင် ဆောင်ရွက်ခဲ့ပါတယ်။ မြေစာရင်းပုံစံ (၁၀၅)ရေးကူးခွင့်အား ယခင်ကပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြပြီး ခွင့်ပြုမိန့်ရရှိမှသာ ရေးကူးဆောင်ရွက်ရသော်လည်း ယခုအခါ သက်ဆိုင်ရာလယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးရန် ဖြေလျှော့ခြင်း၊ ဘဏ္ဍာတော်အခကြေးငွေ Royalty Fees ကောက်ခံရေးဆိုင်ရာ ကိစ္စရပ်များကို ပယ်ဖျက်ဖြေလျှော့ပေးနိုင်ခဲ့ပါတယ်။ JMC-S Joint Monitoring Committee State Level အစည်းအဝေးကို (၄)ကြိမ်တိုင်တိုင်ကျင်းပနိုင်ခြင်းကြောင့် ရှမ်းပြည်နယ်တောင်ပိုင်းတွင် တိုက်ပွဲဖြစ်ပွားမှုများမှာ လျော့နည်းလာပြီး နယ်မြေဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ နှစ်(၇၀) မြောက် ပြည်ထောင်စုအခမ်းအနားကို ပင်လုံမြို့၌ နှစ်ပေါင်း(၇၀)ကျော် အကြာတွင် ပထမဆုံးကျင်းပပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်

ပထမဦးစွာ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအားမဲက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအားမဲ၊ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။**

ဒီကနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးကို တက်ရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်သို့ လာရောက်လေ့လာသူများအားလုံး မင်္ဂလာအပေါင်း နှင့်ပြည့်စုံကြပါစေလို့ ရှေးဦးစွာနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားမဲဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ မိုင်းခတ်မြို့နယ်အတွင်း ဆက်သွယ်၍ မရသေးသည့် ဒေသများဖြစ်သော မိုင်းခတ်မြို့နယ်၊ မိုင်းညှင်းဒေသ၊ မိုင်းကာ (အရှေ့)အုပ်စုနှင့် မိုင်းဟန်အုပ်စုများတွင် MPT GSM မိုဘိုင်းဖုန်းလိုင်းများ ဆက်သွယ်ပြောဆိုနိုင်ရေးတာဝါတိုင်စိုက်ထူ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/ မရှိဆိုတဲ့ မေးခွန်းဖြစ်ပါတယ်ခင်ဗျား။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းခတ်မြို့နယ်သည် ဧရိယာ (၆၂၂၉၃၀)ဧက ကျယ်ဝန်းကာပင်လယ်ရေ



D/real(wide) (2



ထမ်းဆောင်လျက်ရှိသော ဒေသဖြစ်ပါတယ်ခင်ဗျား။ သွားလာ၍ ခက်ခဲသော အချိန်ကာလများတွင် တယ်လီဖုန်း၊ မိုဘိုင်းဖုန်းဆက်သွယ်ရေးမရရှိပါ။ ရရှိမည်ဆိုပါက ဒေသခံနှင့် တာဝန်ကျ နိုင်ငံ့ဝန်ထမ်းများပျော်ရွှင်ချမ်းမြေ့နိုင်မှာ ဖြစ်ပါတယ်။ ထို့သို့ ဆက်သွယ်ပြောဆို၍မရရှိခြင်းကြောင့်သွားလာမှုတွင် တောင်ပေါ်ဒေသ၊ ဝေးလံ ခေါင်သီသောဒေသဖြစ်သည့်အားလျော်စွာ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်အတွက် မိုးတွင်းကာလများတွင် အဆက်အသွယ်များ ပြတ်တောက်လျက်ရှိပြီး၊ မြို့နယ်၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရာတွင် အခက်အခဲများစွာ ဖြစ်ပေါ်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ မြို့နယ်တွင် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအချိန်နှင့် တစ်ပြေးညီ ဆက်သွယ်ဆောင်ရွက်နိုင်ရေး၊ ဒေသခံပြည်သူများ ဆက်သွယ်ပြောဆိုရာတွင် အဆင်ပြေချောမွေ့စေ ရေးအတွက် ဆက်သွယ်ပြောဆို၍ မရသေးသည့် မိုင်းညှင်းဒေသ၊ မိုင်းကာ (အရှေ့)အုပ်စု၊ မိုင်းဟန်အုပ်စုတို့တွင် MPT GSM တာဝါတိုင်များ စိုက်ထူပေးနိုင်ခြင်း အစီအစဉ် ရှိ/ မရှိ MPT GSM တာဝါတိုင်များ စိုက်ထူပေးမည်ဆိုပါက မည်သည့်အချိန်ကာလတွင် စိုက်ထူပေးနိုင်မည်ကို သိရှိလိုပါသဖြင့် ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သ ဂါ၀ရပြုအပ်ပါတယ်ခင်ဗျား။ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားမဲမှ မေးမြန်းလာတဲ့ မိုင်းခတ်မြို့နယ်၊ မိုင်းညှင်းဒေသ၊ မိုင်းကာ (အရှေ့)အုပ်စုနှင့် မိုင်းဟန်အုပ်စုများတွင် MPT GSM တာ၀ါတိုင် များစိုက်ထူပေးနိုင်ခြင်း ရှိ/မရှိ ၊ MPT GSM တာ၀ါတိုင်များ စိုက်ထူပေးမည်ဆိုပါက မည်သည့်အချိန်ကာလတွင် စိုက်ထူပေးနိုင်မည်ကို သိရှိလိုပါကြောင်း မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီးတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ကျွန်တော် ဦးခွန်ရဲထွေးမှ ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

မိုင်းခတ်မြို့နယ်တွင် မိုဘိုင်းစခန်း(၃)ခုဖြစ်သည့် မိုင်းခတ်မြို့ (SHE- 00192)၊ သံခမောက်တောင် (SHE- 00147)နှင့် လွယ်မီးမိုက္ကရိုဝေ့ဗ်စခန်း(SHE- 00035)တို့တွင် GSM (2G/3G) စနစ်နှင့် CDMA - 450စနစ် မိုဘိုင်းတယ်လီဖုန်းစခန်းများ တပ်ဆင်ဆောင်





မျက်နှာပြင် အမြင့်ပေ(၂၇၀၀) တွင်တည်ရှိပြီး၊ ကျိုင်းတုံမြို့နယ်၊ မိုင်းဖြတ် မြို့နယ်၊ မက်မန်းမြို့နယ်၊ မိုင်းပျဉ်းမြို့နယ်တို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသော မြို့နယ်တစ်မြို့နယ်ဖြစ်ပါတယ်။ စာရင်းဇယားများအရ ရပ်ကွက်(၂) ရပ်ကွက်၊ ကျေးရွာအုပ်စု (၁၆) အုပ်စု၊ ကျေးရွာပေါင်း (၁၂၉)ရွာ၊ လူဦးရေ(၄၅၂၄၁)ဦး နေထိုင်လျက်ရှိပြီး၊ ရှမ်း၊ အာခါ၊ လားဟူလူမျိုးများနှင့် အခြားတိုင်းရင်းသားများ မှီတင်းနေထိုင်လျက်ရှိသော မြို့ဖြစ်ပါတယ်။ မြို့နယ်ရဲ့ ဖုန်းဆက်သွယ်၍ပြောဆိုနိုင်မှုအခြေအနေမှာ အော်တိုတယ်လီဖုန်း တပ်ဆင်သုံးစွဲနိုင်မှုမရှိဘဲ ကြေးနန်းရုံး(၁)ရုံးဖွင့်လှစ်ထားရှိပြီး၊ MPT တာ၀ါတိုင်အနေဖြင့် ယခုသံခမောက်ကျေးရွာအုပ်စု တောင်ဘက်တွင် တာ၀ါတိုင်စိုက်ထူထားရှိပြီး (၁၈-၅-၂၀၁၆) ရက်နေ့တွင် လည်းကောင်း၊ မိုင်းခတ်မြို့နယ်တွင် တာ၀ါတိုင်တပ်ဆင်ခဲ့ကာ ၂၀၁၇ ခုနှစ်၊ မတ်လမှ စတင်ပြောဆိုအသုံးပြုနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ယခုမြို့နယ်နေရာဒေသ အတော်များများမှာ ပြောဆို၍ ရသော်လည်း မိုင်းညှင်းဒေသ၊ မိုင်းကာ(အရှေ့) ကျေးရွာအုပ်စုနှင့် မိုင်းဟန်ကျေးရွာအုပ်စုတို့တွင် MPT တာ၀ါတိုင်များမရှိခြင်းကြောင့်သော် လည်းကောင်း၊ လက်ရှိတာ၀ါတိုင်များသည် အလှမ်းဝေးနေခြင်းကြောင့်သော်လည်းကောင်း၊ ဆက်သွယ်ပြောဆို၍မရရှိသေးကြောင်း တင်ပြအပ်ပါတယ်။ မိုင်းညှင်းဒေသသည် မြို့နယ်ခွဲအဆင့်ရှိကာ တပ်မတော်မှ စစ်ကြောင်းတစ်ကြောင်း စခန်းထိုင်လျက်ရှိပြီး၊ ရဲကင်းစခန်း၊ တိုက်နယ်ဆေးရုံ၊ မြန်မာ့လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးဌာန၊ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)တို့ ရုံးစိုက်တာဝန်

ရွက်ထားရှိပြီးဖြစ်ပါတယ်ခင်ဗျား။ မိုင်းဟန်အုပ်စုတွင် ရွာပေါင်း(၁၀) ရွာရှိသည့်အနက်(၈) ရွာခန့်မှာ GSM (2G /3G) စနစ်နှင့် CDMA -450 စနစ် မိုဘိုင်းတယ်လီဖုန်းများဖြင့် ဆက်သွယ်အသုံးပြုလျက်ရှိပါတယ်။ မိုင်းညှင်းဒေသသည် မိုင်းခတ်မြို့နှင့် (၂၂)မိုင်ကွာဝေးပြီး ယခုအခါ အဝေးဆက်သွယ်မှု (မိုက္ကရိုဝေ့ဗ် သို့မဟုတ် ဖိုက်ဘာ) လိုင်းများဆောင်ရွက်ထားခြင်း မရှိသေးပါသဖြင့် မိုဘိုင်းစခန်း ဆောင်ရွက်နိုင်ခြင်းမရှိသေးပါ။ ထို့အတူ မိုင်းကာ(အရှေ့)အုပ်စုမှာ မိုင်းခတ်မြို့နှင့် (၆)မိုင်ခန့်သာ ကွာဝေးသော်လည်း တောင်များအကြားတွင် တည်ရှိနေပြီး၊ ယခုအခါတွင် အဝေးဆက်သွယ်မှု (မိုက္ကရိုဝေ့ဗ် သို့မဟုတ် ဖိုက်ဘာ)ဆက်ကြောင်းများ ဆောင်ရွက်နိုင်မှုမရှိသေးပါသဖြင့် မိုဘိုင်းစခန်း ဆောင်ရွက်နိုင်ခြင်းမရှိသေးပါ။ သို့ဖြစ်ပါ၍ Transmission (မိုက္ကရိုဝေ့ဗ် သို့မဟုတ် ဖိုက်ဘာ) ဆက်ကြောင်းများဆောင်ရွက်ထားခြင်းမရှိသေးပါသောကြောင့် မိုင်းခတ်မြို့နယ်၊ မိုင်းညှင်းဒေသနှင့် မိုင်းကာ(အရှေ့)အုပ်စုတို့တွင် MPT GSM တာဝါတိုင်များ စိုက်ထူပေးနိုင်ခြင်းမရှိသေးပါကြောင်း ဖြေကြားရှင်း လင်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ဆက်လက်ပြီး မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစိုင်းဝန်းဆမ်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။



D/real(wide) (2



ဧက မိုး ၃၅၀၊ နွေ ၂၅၀)၊ နမ့်ဟူးဆည် (အကျိုးပြု ဧက မိုး ၄၀၊ နွေ ၄၀)၊ ယခုခမ်းနွဲ့ဆည် (အကျိုးပြု ဧက မိုး၊နွေ ၂၂၀ ဧက)တို့သာ ရှိပါတယ်။ ယင်းဆည်များအနက် ယခုခမ်းနွဲ့ဆည်မှာ ၁၉၉၈ ခုနှစ်က ဒု-ဒကစမှူး ဗိုလ်မှူးကြီးသန်းအောင်၏ လှူဒါန်းမှု ဘီလပ်မြေ အိတ်(၁၅၀)၊ ဒေသခံလယ်သမားများမှအိတ်(၁၅၀)၊ စုစုပေါင်း အိတ်(၃၀၀)တို့ဖြင့် ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ပြီး၊ ၂၀၁၂ ခုနှစ်က သဘာဝဘေးအန္တရာယ်ကြောင့် ထပ်မံပျက်စီးခဲ့မှုအပေါ် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဘီလပ်မြေအိတ်(၁၀၀) လှူဒါန်းမှုဖြင့်လည်းကောင်း၊ တစ်ဖန် ၂၀၁၅ခုနှစ်တွင် ရေမြောင်းများ ထပ်မံပျက်စီးသွားသဖြင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဘီလပ်မြေ အိတ်(၁၀၀) ထပ်မံလှူဒါန်းမှုဖြင့်လည်းကောင်း ပြန်လည်ပြုပြင်ခဲ့ကြပါတယ်။ အဆိုပါခမ်းနွဲ့ဆည်သည်(၃-၆-၂၀၁၆)ရက်နေ့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ကျရေများနှင့်အတူ သစ်တုံးများ၊ ကျောက်တုံးများ၊ အမှိုက်များမျောပါလာပြီး ထိခိုက်မှုကြောင့် ဆည်ရေတားတမံကျိုးပဲ့သွားခဲ့ပါကြောင်း၊ လယ်ဧက (၂၂၀)အား အကျိုးပြုလျက်ရှိတဲ့အတွက် ဒေသခံတောင်သူများမှ ပြန်လည်ပြုပြင်ဆောင်ရွက်လိုပါ၍ တင်ပြလာမှုအပေါ် မြို့နယ်စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ကျိုင်းတုံခရိုင်၊ ဆည်မြောင်းဦးစီးဌာနနှင့် ဆက်သွယ်မှုရယူကာ (၂၈-၆-၂၀၁၆)ရက်နေ့တွင်အဆိုပါဆည်သို့ တာဝန်ရှိဌာနဆိုင်ရာများ၊ တောင်သူများနှင့်အတူ ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ပြီးလာမည့်

၂၀၁၇-၂၀၁၈ဘတ်ဂျက်တွင် ဦးစားပေးထည့်သွင်းရေးဆွဲပေးနိုင်ရေး ညှိနှိုင်းခဲ့သော်လည်း၊ ၂၀၁၇-၂၀၁၈ ဘတ်ဂျက်တွင် ပါရှိလာခြင်းမရှိသည့်အတွက် မြို့နယ်စီမံခန့် ခွဲမှုကော်မတီမှ အနီးဆုံးဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပေးပါရန် ကျိုင်းတုံခရိုင်၊ ဆည်မြောင်းဦးစီးဌာန သို့ထပ်မံတင်ပြခဲ့ပါတယ်။ ထို့အပြင် ကျိုင်းတုံမြို့၊ မြို့တော်ခန်းမတွင် (၂၇-၅-၂၀၁၇)ရက်နေ့၌ ကျင်းပပြုလုပ်သော ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကျိုင်းတုံခရိုင်အတွင်းရှိ ဒေသခံများ၊ ဌာနဆိုင်ရာများ တွေ့ဆုံပွဲအခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌမှ ခမ်းနွဲ့ရေလွှဲဆည်နှင့်တူးမြောင်းများ တည်ဆောက်ခြင်းလုပ်ငန်းအား ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြထားရှိခဲ့ပါကြောင်း သိရှိရပါတယ်ခင်ဗျား။ အလားတူ (၁၁-၅-၂၀၁၇)ရက်နေ့ မိုင်းနှုန်းနှီးဘုရား၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရဲန်တစ်လုံးနှင့် ဒေသခံများတွေ့ဆုံရာ၌လည်း တောင်သူများမှ ထပ်မံတင်ပြခဲ့မှုအပေါ် ဝန်ကြီးမှ လာမည့်ဘတ်ဂျက်နှစ်တွင် ဦးစားပေးလျာထားမှု ဆောင်ရွက်နိုင်ရေးညွှန်ကြားမှုပြုခဲ့သည့်အတွက် မိုင်းခတ်မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ၏(၁/၂၀၁၇)(၂/၂၀၁၇) အစည်းအဝေးဆုံးဖြတ်ချက်များအရ လာမည့်၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းရေးဆွဲထားရှိပြီး ခရိုင်မှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြသွားရန် ဆောင်ရွက်လျက်ရှိပါတယ်ခင်ဗျား။ ယခင်ကလည်း နမ့်ခမ်းမြို့နယ်စီမံခန့်ခွဲရေး





**ဦးစိုင်းဝန်းဆမ်၊ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။**

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့်ဝန်ကြီးများ၊ ဧည့်သည် တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါဝရပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝန်းဆမ်ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည့် မေးခွန်းကတော့ မိုင်းခတ်မြို့နယ်၊ မိုင်းနှုန်းကျေးရွာအုပ်စု၊ ခမ်းနွဲ့ကျေးရွာအနီးတည်ရှိ သောလယ်မြေ ဧက(၂၂၀)ဧက အကျိုးပြုသည့် ခမ်းနွဲ့ရေလွှဲဆည်နှင့် ရေမြောင်းများတည်ဆောက်ခြင်း လုပ်ငန်းအား ၂၀၁၇-၂၀၁၈ RE တွင်လည်းကောင်း၊ (သို့) ၂၀၁၈-၂၀၁၉ BE တွင်လည်းကောင်း ဦးစားပေးခွင့်ပြုတည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းလိုခြင်းဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းခတ်မြို့နယ် အနေဖြင့် အသားတင်စိုက်ပျိုးမြေ (၂၆၅၁၄)ဧကသာရှိပြီး ယင်းတို့အနက် လယ်ဧကမှာ(၁၂၆၅၉)ဧကသာ စိုက်ပျိုးလုပ်ကိုင်လျက်ရှိပါတယ်။ စပါးစိုက်ပျိုးမှုအနေဖြင့် နွေစပါး၊ မိုးစပါး (၂၃၂၅၀)ဧကသာစိုက်ပျိုးနိုင်ပြီး၊ မြို့နယ်အနေဖြင့် ရေအရင်းအမြစ်များစွာရှိသော်လည်း စိုက်ပျိုးရေးကို အထောက်အကူပြုသော ဆည်များမှာ ဖိုက်တင်းဆည်(အကျိုးပြုဧက ၁၅၀)၊ နောင်လျှန့်ဆည် (အကျိုးပြု

ကော်မတီမှ အဆင့်ဆင့်တင်ပြထားမှု အနေအထားအရ ဒေသခံ တောင်သူများ မိုးစပါး၊ နွေစပါး စိုက်ပျိုးမှုအတွက် အဓိကကျသည့် ခမ်းနွဲ့ရေလွှဲဆည်နှင့်တူးမြောင်းများ တည်ဆောက်ခြင်းလုပ်ငန်း (၈၀× ၄၀×၈)ပေ၊ စီမံကိန်းတန်ဖိုး ကျပ်သန်း (၁၅၀)လုပ်ငန်းအား ပြည်နယ်ဆည်မြောင်း ညွှန်ကြားရေးမှူးရုံးမှ (၃၀-၉-၂၀၁၆) ရက်စွဲပါစာအမှတ်၊ ၃၉၄/၈၄-ဝစ-တွဲ(၄)ဖြင့် ပြည်နယ်စီမံကိန်းရေး ဆွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံးသို့လည်း ပေးပို့တင်ပြထား ရှိခဲ့ကြောင်း သိရှိပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ နမ့်ခမ်းမြို့နယ်၊ မိုင်းနှုန်းကျေးရွာအုပ်စု၊ ဝမ်အန်ကျေးရွာ၊ ခမ်းနွဲ့ ကျေးရွာ၊ ယန်းလုံ ကျေးရွာနှင့် တပ်မိုင်ကျေးရွာများရှိ လယ်မြေဧက (၂၂၀)၊ မိုးစပါး၊ နွေစပါး ပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးထုတ်လုပ်နိုင် ရေးအတွက် အဓိကကျသည့် ခမ်းနွဲ့ရေလွှဲဆည်နှင့် ရေမြောင်းများ တည်ဆောက်ခြင်းလုပ်ငန်းများအား ၂၀၁၇-၂၀၁၈ RE တွင်လည်း ကောင်း၊ (သို့)၂၀၁၈-၂၀၁၉ BEတွင် လည်းကောင်း၊ ဦးစားပေး ခွင့်ပြုတည်ဆောက်ပေးနိုင်ခြင်း ရှိ/ မရှိ သိရှိလိုပါ၍ ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူလူထုကိုယ်စား ကြယ်ပွင့်ပြ မေးခွန်းဖြင့် လွှတ်တော်သို့ မေးမြန်းတင်ပြခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။





သွယ်ယူ စိုက်ပျိုးလျက်ရှိပါသည်။ အဆိုပါ လက်ရိုက်ဆည်မှာ နှစ်စဉ်ပြုပြင် နေရခြင်းကြောင့် ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကွန်ကရစ်ဆည်အဖြစ် တည်ဆောက်ပေးခဲ့ ကြောင်းသိရှိရပါတယ်။ အဆိုပါခမ်းနွဲ့ရေလွှဲ ဆည် ခန့်မှန်းခြေမြေပုံအညွှန်း ၉၃ အို/ ၅၂၈၁၃၄၅ တွင်တည်ရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးဆည်တစ်ခုဖြစ်ပါတယ်။ ရေလွှဲဆည်၏ ရေဆင်းဧရိယာမှာ (၆၅)စတုရန်းမိုင်ရှိပြီး စီးဆင်းသောချောင်းမှာ လည်း ရေစီးသန်သော တောင်ကျချောင်းတစ်ချောင်းဖြစ်ပါတယ်။ ၂၀၁၂ခုနှစ်၊ ဩဂုတ်လ၊ စတုတ္ထပတ်အတွင်း မိုးများစွာရွာသွန်းခဲ့ သဖြင့် ချောင်းရေလျှံကာ ဆည်အလျား (၃၀)ပေခန့် ကျိုးပေါက် ပျက်စီးခဲ့သည်ကို ဒေသအစီအစဉ်ဖြင့် ပြန်လည်ပြင်ဆင်ခဲ့ရာတွင် ဌာနမှနည်းပညာပိုင်း အကူအညီပေးခဲ့ပါတယ်။ ၂၀၁၆ခုနှစ်၊ ဇွန်လ (၃)ရက်နေ့ (နံနက်ပိုင်း)တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကျရေများနှင့်အတူ သစ်တုံး၊ ကျောက်တုံး၊ အမှိုက်များ မျှောပါထိခိုက်မှုကြောင့် ဆည်၏ရင်တားနံရံ Breast Wall (၁၅) ပေခန့် ကျိုးပဲ့ပျက်စီးသွားခဲ့ပြီး ချောင်း မြေပြင်အနေအထားများ လည်းပြောင်းလဲသွားခြင်းကြောင့် ပျက်စီးသွားသော အပိုင်းများသာ ပြန်လည်ပြုပြင်ရန်မဖြစ်နိုင်ဘဲ အသစ်ပြန်လည်တည်ဆောက်ပေးမှ သာ ရေရှည်အတွက် အဆင်ပြေနိုင်မည် ဖြစ်ပါတယ်။ ရေလွှဲဆည် အား အသစ်တည်ဆောက်ပေးရန်နှင့် တူးမြောင်းအလျား(၅၀၀) ပေခန့် အသစ်တူးဖော်ပေးရန်လိုအပ်မှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်

အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်၏ (၂၇-၅-၂၀၁၇)ရက်နေ့မှ(၂၈-၅-၂၀၁၇) ရက်နေ့အထိ ရှမ်းပြည်နယ် (အရှေ့ပိုင်း)ခရီးစဉ်တွင် မိုင်းခတ်မြို့နယ်အုပ်ချုပ်ရေးမှူးမှ တင်ပြထားသည့် လုပ်ငန်းလည်းဖြစ်ပါတယ်။ အဆိုပါ ခမ်းနွဲ့ရေလွှဲဆည်အား အသစ်ပြန်လည်တည်ဆောက်ပေးပါက မိုင်းနူန်းကျေးရွာ အုပ်စု၊ ခမ်းနွဲ့ရွာ၊ ပါကန်ရွာ၊ ယန်းလုံရွာနှင့် တပ်မိုင်ရွာရှိ တောင်သူများ၏ လယ်မြေ (၂၂၀)ဧကခန့်အား အောင်ရေရရှိသည်အထိ စိုက်ပျိုးရေလုံလောက်စွာ ပေးဝေသွားနိုင်မှာ ဖြစ်ပါတယ်။ ထို့ကြောင့် မိုင်းခတ်မြို့နယ်၊ ခမ်းနွဲ့ရေလွှဲဆည် အသစ်ပြန်လည် တည်ဆောက်ခြင်းနှင့် တူးမြောင်းပြုပြင်ခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျ ငွေကျပ်(၁၅၀)သန်းလိုအပ်မည်ဖြစ်ရာ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေ REနှင့် ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ် မူလခွင့်ပြုရန်ပုံငွေ BEတွင် ထပ်မံတင်ပြတောင်းခံပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက ရန်ပုံငွေပေါ်မူတည်၍ ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်ဆန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်ထွဏ်းက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။** ဒီကနေ့ ကျင်းပပြုလုပ်သော ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးကို တက်ရောက်လာကြသော လွှတ်တော်



D/real(wide) (2



**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး တာဝန်ယူထားတဲ့ ဦးစိုင်းလုံကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝန်းဆမ် မေးမြန်းလာတဲ့ မိုင်းခတ်မြို့နယ်၊ မိုင်းနူန်းကျေးရွာအုပ်စု၊ ဝမ်အန်ကျေးရွာ၊ ခမ်းနွဲ့ကျေးရွာ၊ ယန်းလုံကျေးရွာနှင့် တပ်မိုင်ကျေးရွာများရှိ လယ်မြေဧက(၂၂၀)၊ မိုးစပါး၊ နွေစပါး ပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် အဓိကကျသည့် ခမ်းနွဲ့ရေလွှဲဆည်နှင့် ရေမြောင်းများ တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၁၇-၂၀၁၈ REတွင်လည်းကောင်း၊ (သို့) ၂၀၁၈-၂၀၁၉ BE တွင်လည်းကောင်း ဦးစားပေးခွင့်ပြု တည်ဆောက်ပေးနိုင်ခြင်း ရှိ/ မရှိ သိရှိလိုပါသည်နှင့်ပတ်သက်ပြီး ဖြေကြားရမည်ဆိုလျှင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်၊ မိုင်းနူန်းကျေးရွာအုပ်စု၊ နမ့်နူန်းချောင်းပေါ်ရှိ ခမ်းနွဲ့ရေလွှဲဆည်သည် ခမ်းနွဲ့ကျေးရွာ၏ အနောက်ဘက်၌တည်ရှိပြီး လယ်မြေ (၂၀၀)ဧကကျော်အား အကျိုးပြုလျက်ရှိရာ အဆိုပါဆည်ကို ယခင်ကျေးလက်နေ တောင်သူများက ကိုယ်ထူကိုယ်ထ အစီအစဉ်ဖြင့် သစ်၊ ဝါးများကို အသုံးပြုပြီး ဒေသလက်ရိုက်ဆည်အဖြစ်ပြုလုပ်၍ နမ့်နူန်းချောင်းရေကို

ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး သက်ရှည်ကျန်းမာစိတ်ချမ်းသာ၍ လိုရာဆန္ဒတစ်လုံးတစ်ဝကြီး ပြည့်စုံကြပါစေလို့ ရှေးဦးပဏာမ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာနှင့် တရုတ် သဘာဝဓါတ်ငွေ့ ပိုက်လိုင်းသွယ်တန်းရာမှာ ရှမ်းပြည်နယ်အတွင်း ဖြတ်သန်းသွားသော Gas & Oil ပိုက်လိုင်းအတွက် ရောင်းရငွေ၏ အမြတ် (၅%)ကို ရှမ်းပြည်နယ်ဘဏ္ဍာသို့ နှစ်စဉ်ပေးချေရန်နှင့် Gas & Oil ပိုက်လိုင်းမှ ဖြစ်ပေါ်လာမည့်ဆိုးကျိုးအတွက် နိုင်ငံတော်မှ မည်ကဲ့သို့ ကြိုတင်ဆောင်ရွက်ထားသင့်သည်ကို သိရှိလိုကြောင်း ကြယ်ပွင့်ပြ မေးခွန်းကို လူထုကိုယ်စား မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ မြန်မာနိုင်ငံရခိုင်ကမ်းရိုးတန်း ဘင်္ဂလားပင်လယ်အော် အတွင်းရှိ ရခိုင်ကမ်းလွန် လုပ်ကွက်အမှတ်(A1နှင့်A3 )မှ သဘာဝဓါတ်ငွေ့များကို ဒေဝူးအင်တာနေရှင် နယ်ကော်ပိုရေးရှင်းက (၁၉-၂-၂၀၁၁)ခုနှစ်မှာ စတင်တူးဖော်ပြီး အဲ့ဒီလုပ်ကွက်မှာ ထွက်ရှိတဲ့ ဓါတ်ငွေ့ ၁၂ ဘီလီယံ ကုဗပေကို တရုတ်နိုင်ငံသို့ နှစ်စဉ်တင်ပို့ ရောင်းချလျက်ရှိပါ တယ်။ စီမံကိန်းကာလကတော့ နှစ်(၃၀)ဖြစ်ပါတယ်။ ၎င်းဓါတ်ငွေ့များ၊ ရေနံစိမ်းများကို Gas & Oil ပိုက်လိုင်း(၂)



D/real(wide) (2



ထို့ကြောင့် အတည်ပြုပြီးဖြစ်တဲ့ အဆိုနဲ့ ပတ်သက်ပြီးတော့ ရှမ်းပြည်နယ်အစိုးရအနေနဲ့ မည်ကဲ့သို့ ဆောင်ရွက်ထားရှိသနည်း။ ရရှိသောရန်ပုံငွေ (၅%)ကို ကောက်ခံပြီးပြီလား၊ မကောက်ခံရသေးဘူးလား၊ ကောက်ခံရရှိပြီးပါက မည်သည့်ခေါင်းစဉ်နှင့် မည်မျှရရှိပြီးပြီ နည်း၊ မည်ကဲ့သို့ သုံးစွဲနေပြီနည်း၊ မကောက်ခံရသေးလျှင် ဘာကြောင့်လဲဆိုတာနဲ့ ပတ်သက်ပြီးသိလိုပါ၍ လွှတ်တော်ကိုယ်စားလှယ်အားလုံးကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီး (ကိုယ်စား) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင်၊သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** လေးစားအပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဒေါက်တာညီညီအောင် ဖြစ်ပါတယ်။ ပြည်နယ်လျှပ်စစ်၊စွမ်းအင်နှင့် စက်မှုဝန်ကြီး(ကိုယ်စား) ကျောက်မဲခရိုင်၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းရဲ့ မေးခွန်းကိုဖြေကြား

သွားမှာဖြစ်ပါတယ်။ မေးခွန်းမှာ မြန်မာ-တရုတ် သဘာဝဓါတ်ငွေ့
ပိုက်လိုင်းသွယ်တန်းရာတွင် ရှမ်းပြည်နယ်အတွင်း ဖြတ်သန်းသွား
သော Gas & Oil ပိုက်လိုင်းအတွက် ရောင်းရငွေ၏အမြတ်(၅%)
ကို ရှမ်းပြည်နယ်ဘဏ္ဍာသို့ နှစ်စဉ်ပေးချေရန်နှင့် Gas & Oil
ပိုက်လိုင်းမှ ဖြစ်ပေါ်လာမည့်ဆိုးကျိုးအတွက် နိုင်ငံတော်မှ မည်သို့
ကြိုတင်ဆောင်ရွက်ထားသင့်သည်ကို သိရှိလိုပါသည် ကြယ်ပွင့်ပြ
မေးခွန်းအား ဖြေကြားပေးနိုင်ပါရန် အကြောင်းကြားလာမှုနှင့်
ပတ်သက်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်
ဆိုင်ရာနည်းဥပဒေများ၊ အခန်း(၁၁)၊ နည်းဥပဒေ ၉၈ အရ
**“တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအား မေးမြန်း
သောမေးခွန်းတစ်ရပ်သည် တိုင်းဒေသကြီး သို့မဟုတ်
ပြည်နယ်အစိုးရက ဆောင်ရွက်ရသော အများပြည်သူကိစ္စများ
နှင့်စပ်လျဉ်းစေရမည် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ်
ပြည်နယ်အစိုးရက တာဝန်ခံထားသော အုပ်ချုပ်မှုတစ်ရပ်ရပ်
နှင့်သက်ဆိုင်စေရမည်”** ဟု ပြဋ္ဌာန်းထားရှိပြီး အဆိုပါမေးခွန်း
သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဖြေကြားနိုင်မှုမရှိသောလုပ်ငန်း
ဖြစ်ပါသဖြင့် သက်ဆိုင်ရာလွှတ်တော်များမှတစ်ဆင့် လျှပ်စစ်နှင့်
စွမ်းအင်ဝန်ကြီးဌာန၊ နေပြည်တော်သို့ မေးမြန်းဆောင်ရွက်သင့်
ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။



D/real(wide) (3



လိုင်းဖြင့် ၂၀၁၃ခုနှစ်မှစပြီး တရုတ်ပြည်ကို တင်ပို့ရာမှာ ရခိုင်ပြည်နယ်၊
မကွေးတိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်ရှိမြို့ပေါင်း
(၁၂)မြို့ကို ဖြတ်သန်းဖောက် လုပ်ခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့
ရှမ်းပြည်နယ်မှာဆိုရင် နောင်ချိုမြို့နယ်၊ ကျောက်မဲမြို့နယ်၊ နမ္မတူ
မြို့နယ်၊ မန်တုံမြို့နယ်နဲ့ နမ့်ခမ်းမြို့နယ် (၅)မြို့နယ် စုစုပေါင်းအကွာ
အဝေး ကီလိုမီတာ(၂၇၀)၊အနံအားဖြင့် ကီလိုမီတာ(၁၆၀) လောက်ကို
ဖြတ်သန်းပို့ဆောင်ပေးလျက်ရှိပါတယ်။ ယခုကဲ့သို့ ရှမ်းပြည်နယ်ကို
ဖြတ်သန်းသွားတဲ့ ရေနံပိုက်လိုင်းအတွက် ရှမ်းပြည်နယ်အစိုးရမှ
နှစ်စဉ်ရန်ပုံငွေ (၅%)ရရှိ သင့်ကြောင်းနှင့် ဖြစ်ပေါ်လာမည့်ဆိုးကျိုး
များအတွက် သက်ဆိုင်ရာမှ တာဝန်ရှိသူများက မည်ကဲ့သို့
ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိသည်ကို လွန်ခဲ့သော ပထမအကြိမ်၊
ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်
လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက အဆိုတင်သွင်းပြီး အဲ့ဒီအဆိုကို
ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက တညီတညွတ်တည်း
ထောက်ခံခဲ့တဲ့အတွက် ၎င်းအဆိုဟာ အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။
ဆိုးကျိုးဆိုတဲ့နေရာတွင် ကိုယ်စားလှယ်ရှင်းပြထားသည်မှာ ရန်ကုန်၌
ဖြစ်ပျက်ခဲ့သော (၄)လက်မ ဓါတ်ငွေ့ပိုက်လိုင်းကို မြေတူးစက်နှင့်
တူးဖော်မိရာမှ မီးလောင်ပေါက်ကွဲ၍ လူ(၃)ဦးသေဆုံးခဲ့ရကြောင်း၊
မီးလောင်မှုဆိုးကျိုးရှိခဲ့ကြောင်း သာဓကအနေဖြင့် တင်ပြခဲ့ပါတယ်
ဒါကြောင့် ရှမ်းပြည်နယ်ကို ဖြတ်သန်းသွားသော ပိုက်လိုင်းသည်
အင်မတန်မှကြီးမားပြီး အန္တရာယ်များတဲ့ အနေအထားဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းဉာဏ်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းဉာဏ်၊ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ တပ်မတော်သားကိုယ်စားလှယ်များအားလုံး၊ ဧည့်သည်တော်များ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ပထမဦးစွာနှုတ်ခွန်းဆက်သ မေတ္တာဂါရဝပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဉာဏ်ဖြစ်ပြီး ကျွန်တော် မေးမြန်းမည့် ကြယ်ပွင့်ပြမေးခွန်းကတော့ ကျောက်မဲမြို့နယ်ရှိ ပြည်သူ့ဆေးရုံကြီးကို ခရိုင်အဆင့်နှင့် လျော်ညီသော ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုသည့်မေးခွန်းဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်မဲမြို့နယ်သည် လူဦးရေ (၁၇၀၀၀၀) ဝန်းကျင်ရှိပြီး ခရိုင်အဆင့် မြို့နယ်အဖြစ်သတ်မှတ်ထားပါတယ်။ ကျောက်မဲမြို့နယ် ပြည်သူ့ဆေးရုံကြီးသည် ကျောက်မဲမြို့နယ် ပြည်သူများအပြင် နီးစပ်ရာနမ့်ဆန်ဒေသနှင့် အချို့ရွာများမှ ရွှေ့ပြောင်းလုပ်သားအများအပြား အားကိုးနေရသော ပြည်သူ့ဆေးရုံကြီးဖြစ်ပါတယ်။



D/real(wide) (3



**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးစိုင်းထွန်းဉာဏ်ရဲ့ ကျောက်မဲဆေးရုံဆိုင်ရာမေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ လူမှုရေးဝန်ကြီး ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျောက်မဲမြို့၊ ခရိုင်ပြည်သူ့ဆေးရုံ၏ ဝန်ထမ်းအင်အား ဖွဲ့စည်းပုံမှာ ခွင့်ပြု (၁၅၁) ဦး၊ ခန့်ထား(၇၄)ဦးရှိပြီး၊ လစ်လပ် (၇၇)ဦး ဖြစ်ပါတယ်။ လစ်လပ်(၇၇)ဦးမှာ အထူးကုဆရာဝန်(၂)ဦး၊ လက်ထောက်ဆရာဝန် (၄) ဦး၊ သွားဘက်ဆိုင်ရာဆရာဝန်(၁)ဦး၊ သူနာပြုဆရာမကြီး(၁)ဦး၊ ဆေးဘက်ကျွမ်းကျင်သူ(၁)ဦး၊ အထက်တန်းသူနာပြု(၂)ဦး၊ သူနာပြုဆရာမ(၂)ဦး၊ ဆေးမှတ်တမ်းထိန်း-ဒုတန်း(၁)ဦး၊ အခြားဝန်ထမ်း (၁၁)ဦးနှင့် အငယ်တန်းဝန်ထမ်း(၅၂)ဦးတို့ဖြစ်ပါတယ်။ လားရှိုးပြည်သူ့ဆေးရုံကြီးမှ ဆေးလူမှုဆက်ဆံရေးအရာရှိ(၁)ဦးနှင့် သီပေါမြို့ ပြည်သူ့ဆေးရုံမှ အထက်တန်းသူနာပြု (၂)ဦးတို့အား

ကျောက်မဲမြို့ ပြည်သူ့ဆေးရုံတွင် တွဲဖက်ထားရှိပြီးတော့ တာဝန်ထမ်းဆောင်စေပါတယ်။ ပြည်နယ်ကုသရေးဦးစီးဌာနလက်အောက်ရှိ မြို့နယ်/ တိုက်နယ်ဆေးရုံများတွင် လစ်လပ်လျက်ရှိသော ဆရာဝန်များကို ပြည်နယ်ကုသရေးဦးစီးဌာန၊ လားရှိုးမြို့၏ (၇-၇-၂၀၁၇)ရက်စွဲပါစာ အမှတ်၊ ရမ/လရ/ဝထရ/၂၀၁၇/၁၀၁၈ ဖြင့် ကုသရေးဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြတောင်းခံထားပြီးဖြစ်ပါတယ်။ ရှမ်းပြည်နယ်တစ်ပြည်လုံးအနေဖြင့် ဆရာဝန်ခွင့်ပြုဦးရေ (၂၂၅၄)ဦးရှိသည့်အနက် လက်ရှိရှမ်းပြည်နယ်၌ တာဝန်ထမ်းဆောင်နေသော ဆရာဝန် (၆၉၅)ဦးသာရှိပါတယ်။ ကုသရေးဦးစီးဌာန၊ နေပြည်တော်၏ ( ၂၈-၇-၂၀၁၇) ရက်စွဲပါစာအမှတ်၊ ၃မက (က) ၂၀၁၇/၁-၂၄၀ ဖြင့် လက်ထောက်ဆရာဝန် Dr. ထွန်းထွန်းနှင့် လက်ထောက်ဆရာဝန် Dr.ပြည့်သိမ်းမင်းတို့အား လားရှိုးပြည်သူ့ဆေးရုံကြီးမှ ကျောက်မဲမြို့ပြည်သူ့ဆေးရုံသို့ ပြောင်းရွှေ့ခန့်ထားပေးပြီးဖြစ်ပါတယ်။ ကျောက်မဲမြို့ပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန် (ဆေးပညာ) Dr.ညီညီ(ဆမ-၁၆၃၃၃၉)အား ရာထူးမှနုတ်ထွက်ခွင့်ပြုပြီးဖြစ်ပါ၍ လစ်လပ်သွားသောရာထူးနေရာ၌ အစားထိုးခန့်ထားပေးနိုင်ပါရန် ပြည်နယ်ကုသရေးဦးစီးဌာန၊ လားရှိုးမြို့၏(၃၀-၆-၂၀၁၇) ရက်စွဲပါစာအမှတ်၊ ရမ/လရ/ဝထက/၂၀၁၇/၁၀၇၆ ဖြင့် ကုသရေးဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြတောင်းခံထားပြီးဖြစ်ပါတယ်။ ပြည်နယ်ကုသရေးဦးစီးဌာနမှူး၊ လားရှိုးမြို့၏အစီအစဉ်ဖြင့် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလမှစတင်၍ ၂၀၁၇ခုနှစ်၊ ဇူလိုင်လအထိ



D/real(wide) (3



မှတ်တမ်းအရ နေ့စဉ်အတွင်းလူနာ(၆၀)ဦးနှင့် (၇၀)ဦးဝန်းကျင်ရှိပြီး၊ (၂၇-၈-၂၀၁၇)ရက်နေ့အထိ အတွင်းလူနာ(၈၃)ဦးရှိပါတယ်ခင်ဗျား။ ကျောက်မဲပြည်သူ့ဆေးရုံကြီးကို (၁၂-၁-၁၉၆၈)ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့ပြီး၊ ယနေ့အချိန်အထိ သက်တမ်းနှစ်ပေါင်း(၄၈)နှစ်ကာလအတွင်း (စေတနာရှင်၊ အလှူရှင်တစ်ဦးမှ လှူဒါန်းခဲ့သော မျက်စိအထူးကုအဆောင်တစ်ခုမှလွဲ၍) ကျောက်မဲဆေးရုံကြီးကို မည်သည့်ပြုပြင်ပြောင်းလဲမှု၊ အဆင့်အတန်းတိုးမြှင့် ပေးမှုများမရှိခဲ့ပါ။ ဆေးရုံကြီးသည်လည်း ဖွဲ့စည်းပုံအဟောင်းနှင့် လည်ပတ်နေပြီး၊ ကုသမှုဌာနအလိုက် ဆရာဝန်များလည်း အမြဲလစ်လပ်နေပါတယ်။ ဆေးရုံကြီးသို့ရောက်ရှိလာသော သာမန်အဆင့်လူနာများမှာလည်း အချို့ကုသမှုဌာနအလိုက် ဆရာဝန်များမရှိသည့်အပြင်၊ ကုသရေးဆိုင်ရာပစ္စည်းကိရိယာများ ဖြည့်ဆည်း ထားခြင်းမရှိသဖြင့် နီးစပ်ရာသီပေါ၊ လားရှိုး၊ မေမြို့၊ မန္တလေးမြို့ များသို့ သွားရောက်ကုသနေရသည့်အခြေအနေမျိုးရှိပါတယ်။ သို့ဖြစ်ပါ၍ ကျောက်မဲမြို့နယ်သည် လူဦးရေထူထပ်သော ခရိုင်မြို့ဖြစ်သည်နှင့်အညီ ကျောက်မဲပြည်သူ့ဆေးရုံကြီးတွင် ကုသရေးဌာနအလိုက် လစ်လပ်နေသော ဆရာဝန်ကြီးများကိုအမြန်ဆုံးဖြည့်ဆည်းပေးရန်နှင့် ကျောက်မဲပြည်သူ့ဆေးရုံကြီးကို ခရိုင်အဆင့်နှင့်လျော်ညီသော ဆေးရုံကြီးအဖြစ် မြှင့်တင်ပေးရန် မည်ကဲ့သို့ဆောင်ရွက်နိုင် မည်ကိုသိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီးမှ လ/ထဆရာဝန်များကို အလှည့်ကျခေတ္တတာဝန်ထမ်းဆောင်ရန် စေလွှတ်ပေးလျက်ရှိပါတယ်။ ကျောက်မဲဆေးရုံအား ခုတင်(၂၀၀)ဆံ့ဆေးရုံအဖြစ် တိုးမြှင့်ပေးနိုင်ပါရန် ပြည်နယ်ကုသရေးဦးစီးဌာန၊လားရှိုးမြို့၏(၉-၆-၂၀၁၆ ) ရက်စွဲပါစာအမှတ်၊ ၇၆၀/ပဆရ-လရ(၂၀၁၆)ဖြင့် ကုသရေးဦးစီးဌာန၊ နေပြည်တော်သို့တင်ပြ တောင်းခံထားပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလင်းအောင်ဆွေက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် ရှမ်းပြည်နယ်လွှတ်တော်သို့ လာရောက်လေ့လာသော ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်းစိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံပါစေကြောင်းဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့မှ





လမ်းကြီးနဲ့ အာဆီယံလမ်းမကြီးတို့နှင့်လည်း ဆက်စပ်နေသော အရေးပါသည့် လမ်းမကြီးဖြစ်သည့်အလျောက် ရှမ်း(အရှေ့)၊ ရှမ်း(တောင်)မှ အများပြည်သူဖြတ်သန်းကူးလူးသွားလာနေတဲ့ ယာဉ်များဟာ အမျိုးအစားစုံစွာ ထုနဲ့ဒေး နေ့စဉ်ဖြတ်သန်းနေကြတာဖြစ်ပါတယ်။ တောင်ကြီးနှင့်နမ့်စန်လမ်းအပိုင်းကတော့ရှမ်း(တောင်) နယ်မြေ၊ တောင်ကြီး-ဟိုပုံး-ထမ်ဆန်း-မိုင်းပွန်-လွိုင်လင်-နမ့်စန် စသည့် မြို့ရွာအသီးသီးကို ဖြတ်သန်းနေကြတာဖြစ်ပါတယ်။ အင်မတန်များပြားတဲ့ တောင်တက်၊ တောင်ဆင်း၊ အကွေ့အကောက် ကျဉ်းမြောင်းမှုများ၊ ကွေ့အတက်အဆင်း တံတောင်ဆစ်ချိုးများလည်းများစွာရှိပါတယ်။ BOT စနစ်ဖြင့် ဆောင်ရွက်နေရသောနေမင်းရောင် ကုမ္ပဏီအတွက် (၇၃)မိုင်ရှည်လျားသော ဒီလမ်းကြီးပေါ်တွင် မိုးရာသီကာလ၌ ကြီးမားတဲ့စိန်ခေါ်မှုနဲ့ ရင်ဆိုင်နေရသကဲ့သို့ အထူးသဖြင့် ဟိုပုံးရေထွက်နှင့် ထမ်ဆန်းဂူအကြား ခေါင်းနွဲ့ရွာနှင့် လွိုင်လင်အဆင်း ဟိုတန့်ရွာအကြား၊ လွိုင်လင်အထွက် ပန်ခေါက်ဝိုးရွာမှ နမ့်စန်မြို့နယ်နှင့် နောင်ဝုတ်(၉)မိုင်ရွာအကြား၊ နမ့်စန်မြို့နယ်၊ ဟိုဦးရွာနှင့် ဝမ်ပုံရွာအကြား၊ နမ့်စန်မြို့ အဝင်မီးသွေးကုန်းအမှတ်(၁)ရွာမှ အမှတ်(၄)ရပ်ကွက်မြို့အဝင်လမ်းမကြီးနှင့် မြို့လယ်နမ့်လတ်ချောင်းတံတားအထိ မိုးရာသီတွင် ကြုံတွေ့ရတဲ့ အခက်အခဲတွေ၊ ဒုက္ခတွေများပြားလှပါတယ်။ ယာဉ်ကြီးများ၊ ယာဉ်ငယ်များမတော်တဆ လမ်းချော်မှု၊ ကျဉ်းမြောင်းသောအကွေ့အကောက်များတွင် အချို့နေရာများ၌ သတိပေး



D/real(wide) (3

အချက်ပြဆိုင်းဘုတ်များမရှိမှုတို့ကြောင့် ယာဉ်မတော်တဆ ထိခိုက်မှု၊ တောင်ကွယ် တံတောင်ဆစ်ချိုးကွေ့များမှာ လမ်းကျဉ်း၍ အတက်အဆင်း ယာဉ်ကြီး/ ယာဉ်ငယ်ကွေ့ရာ၌ ယာဉ်ကြီးများ၊ ယာဉ်ငယ်များ ရှောင်ကွင်းစဉ် မိုးရွာသွန်းချိန် မြေပျော့ခြင်း၊ လမ်းကျဉ်းများ ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ကားများရှောင်စဉ် လမ်းပေါ်၌ ကျန်ရှိသည့်ရွှံ့များကြောင့်လည်းကောင်း၊ တစ်ခါတစ်ရံ လမ်းချော်ပြီးအရှိန်မထိန်းနိုင်ဘဲ ချောက်ထဲကျသည့် ဆုံးရှုံးမှုဖြစ်စဉ် များ ဖြစ်ပေါ်လျက်ရှိတာကိုတွေ့ရပါတယ်။ တံတောင်ဆစ်ချိုးကွေ့ များ၊ အတက်အဆင်းကြမ်းတဲ့ကွေ့များတွင် မြေသားနံရံပြို၍ လမ်းဘေးတစ်လျှောက် ဖြတ်မြေ၊ ညှိမြေများသည်လည်း မိုးရွာသွန်း မှုကြောင့် အတန်အသင့် မြေသားပျော့ပြီး ယာဉ်ကြီး၊ ယာဉ်ငယ် များရှောင်ကွင်းစဉ် လမ်းဘေးချမောင်းရသဖြင့် ရွှံ့များစွာတင်သည့် အခြေအနေတွေဖြစ်ပေါ်လာတာတွေကို တွေ့ရှိရပါတယ်။ ဒီအခြေအနေတွေကို ဒီလမ်းအပိုင်း တာဝန်ယူတဲ့ ကုမ္ပဏီအနေနဲ့ စိန်ခေါ်မှုများစွာရှိသော်လည်း ခရီးသွားပြည်သူများယာဉ်အန္တရာယ်၊ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်အောင် စီစဉ်ဆောင်ရွက် ပေးရန် တိုက်တွန်းလိုပါတယ်။ တောင်ကြီးနဲ့ လွိုင်လင်ခရိုင်အတွင်း ရှိလမ်းဦးစီးဌာနများအနေဖြင့်လည်း BOT စနစ်ဆောင်ရွက်နေသည့် ကုမ္ပဏီများကို တတ်နိုင်သမျှ မူဝါဒသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နေမှုတိုင်းကို အပိုင်းလိုက်ကြပ်မတ်ပူးပေါင်းစစ်ဆေး ဆောင်ရွက်မှုများလိုအပ်မှာ ဖြစ်ပါတယ်။ တောင်ကြီး၊ မိုင်းပွန်၊



D/real(wide) (3



နမ့်စန်မြို့သို့ ပြည်ထောင်စုလမ်းပိုင်း တာဝန်ယူဆောင်ရွက်နေသည့် နေမင်းရောင်ကုမ္ပဏီ၏ လမ်းဖောက်လုပ်မှုအပိုင်းနှင့် လတ်တလော ကြုံတွေ့နေရတဲ့ လမ်းပိုင်းဆိုင်ရာအခက်အခဲများကို မည်ကဲ့သို့ ဖြေရှင်းဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းကို ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရ အဖွဲ့သို့ မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ တောင်ကြီး - နမ့်စန် ပြည်ထောင်စုလမ်းပိုင်း တာဝန်ယူဆောင်ရွက် နေသောနေမင်းရောင်ကုမ္ပဏီရဲ့ လမ်းဖောက်လုပ်မှုအပိုင်း၊ စီမံ ဆောင်ရွက်နေမှု၊ မြို့တွင်း၊ မြို့ဝင်/မြို့ထွက်လမ်း ပေါက်ပြဲနေမှု ပြင်ဆင်မည့် အစီအစဉ်များကို သိရှိလို၍ ကြယ်ပွင့်မပြ မေးခွန်းအား (၂၂-၉-၂၀၁၆)ရက်စွဲပါစာအမှတ်၊ ၂၀၁၆/၉ /ကစလ/နစ(၁) ဖြင့် မေးမြန်းခဲ့ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးမှ နေမင်းရောင်ကုမ္ပဏီရဲ့ BOT စနစ်ဖြင့် နှစ်အပိုင်းအခြား အလိုက် ဆောင်ရွက်နေမှုများကို ပြန်လည်ဖြေကြားခဲ့လို့သိရှိပြီး ဖြစ်ပါတယ်။ ယခုမေးမြန်း လိုတဲ့အချက်တွေကတော့ လတ်တလော ကြုံတွေ့နေရတဲ့ အခက်အခဲတွေကို ဖြေရှင်းဆောင်ရွက်မည့် အစီ အစဉ်ကို မေးမြန်းမှာဖြစ်ပါတယ်။ တောင်ကြီး- နမ့်စန်လမ်းပေါ်တွင် နေ့စဉ်နှင့်အမျှ ဖြတ်သန်းသွားလာနေသော ယာဉ်ကြီး၊ ယာဉ်လတ်၊ ယာဉ်ငယ်မျိုးစုံသည် ရာနဲ့ချီပြီး ဖြတ်သန်းသွားလာနေပါတယ်။ ဒီလမ်းမကြီးသည် မိတ္ထီလာ- တောင်ကြီး- နမ့်စန်- ကွန်ဟိန်း တာချီ လိတ်-ကျိုင်းတုံတို့နှင့် တစ်ဆက်တစ်ဆက်တည်းဖြစ်ပြီး ပြည်ထောင်စု

လှိုင်လင်၊ နမ့်စန်မြို့ဝင်ဂိတ်များတွင် BOT စနစ်ဖြင့် ဆောင်ရွက်နေသည့် ကုမ္ပဏီ၏ငွေကြေးကောက်ခံနေသည့်အပိုင်းကိုလည်း တွေ့ရှိချက်အနေနဲ့ တင်ပြလိုပါတယ်။ ငွေကြေးကောက်ခံတဲ့ ကုမ္ပဏီဝန်ထမ်းများအတွက် Standard Toll Gate မရှိသည့်အတွက် လမ်းလယ်ထိ ကားကိုထွက်တားပြီး လမ်းအသုံးပြုခကို ခက်ခက်ခဲခဲ ကောက်ခံနေကြရသည်ကို တွေ့ရပါတယ်။ ကြည်ကြည်ဖြူဖြူနဲ့ လမ်းအသုံးပြုခပေးသည့် ယာဉ်များရှိသကဲ့သို့ ဝန်ထမ်းမှ ငွေကောက်ခံရန် ကားတားစဉ်မှာ အချို့သောအရှိန်ဖြင့် မောင်းနှင်လာသည့်ယာဉ်များရှိ၍ ယာဉ်များနှင့်ဝန်ထမ်းများအတွက် အန္တရာယ်ရှိတာကိုလည်း တွေ့ရပါတယ်။ အချို့က အပြန်အလှန် အချင်းများစေသော အပြုအမူများကိုလည်းတွေ့ရပါတယ်။ လမ်းအသုံးပြုခကို ရှေ့ပိုင်းယာဉ်ကောက်ခံစဉ် စိတ်မရှည်သည့် အနောက်ပိုင်းယာဉ်အချို့သည် ကျော်တက်မောင်းထွက်၍ တစ်ဖက်မှလာသည့် ယာဉ်တို့နှင့် မဖြစ်သင့်သည့်ကိစ္စတွေလည်း မကြာခဏကြုံတွေ့နေရပါတယ်။ ဒါကြောင့် စနစ်တကျလမ်းအသုံးပြုခကောက်ခံသည့် Toll Gate များကို တောင်ကြီး၊ဟိုပုံး၊ မိုင်းပွန်၊ လှိုင်လင်၊ နမ့်စန်မြို့ ဝင်/ထွက်များတွင် ဆောင်ရွက်ပေးသင့်ပြီ ဖြစ်ကြောင်းကိုလည်း တိုက်တွန်းလိုပါတယ်။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါမေးခွန်းများကို မေးမြန်းရခြင်းဖြစ်ပါတယ်-

(၁) တောင်ကြီး-နမ့်စန်လမ်းတစ်လျှောက် အကွေ့အကောက်နှင့် တံတောင်ဆစ်ချိုးကွေ့များတွင်



D/real(wide) (3



လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာအစိုးရအဖွဲ့သို့ ရိုသေလေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နမ့်စန်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ မေးမြန်းခဲ့တဲ့ မေးခွန်းနှင့် ပတ်သက်ပြီးတော့ ပြည်နယ်အစိုးရအဖွဲ့ဝင်၊ ကျွန်တော် ဦးခွန်ရဲထွေးမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ တောင်ကြီးမြို့မှ နမ့်စန်မြို့သို့ ပြည်ထောင်စုလမ်း အပိုင်းတာဝန်ယူဆောင်ရွက်နေသည့် နေမင်းရောင်ကုမ္ပဏီ၏ လမ်းဖောက်လုပ်မှုအပိုင်းနှင့် ပတ်သက်ပြီးတော့ မေးခွန်း(၅)ခု ဖြစ်ပါတယ်။ ဒီအချက်(၅)ချက်နှင့် ပတ်သက်ပြီးတော့ တင်ပြသွားမှာ ဖြစ်ပါတယ်။

ပထမအချက်အနေဖြင့် တောင်ကြီး-နမ့်စန်လမ်း တစ်လျှောက်အကွေ့ အကောက်နှင့် တံတောင်ဆစ်ချိုးကွေ့နေရာများတွင်ဘေးအန္တရာယ်ကင်းရှင်းစေရေး မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကိုသိရှိလိုပါကြောင်း မေးခွန်းနှင့် စပ်လျဉ်း၍ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း (တောင်ကြီး-နမ့်စန်လမ်း

ပိုင်း) မိုင် (၁၁၆/၀-၁၈၉/၀=၇၃/၀)အား နေမင်းရောင်ကုမ္ပဏီ မှ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ တောင်ကြီး-နမ့်စန်လမ်းတစ်လျှောက် အကွေ့အကောက်နှင့် တံတောင်ဆစ်ချိုး အကွေ့နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် မိုင်(၁၅၆/၆-၁၆၈/၄)အတွင်း (ချိုခမ်းရွာနှင့်ဟိုတင့်ရွာကြား)တွင် လမ်းကွေ့(၄၃၅၅ပေ)အား ဒုတိယအခြေခံလွှာ တည်ဆောက်ခြင်း၊ လိုအပ်သောနေရာများတွင် သတိပေးဆိုင်းဘုတ်များ တပ်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ သဘာဝပတ်ဝန်းကျင်လူမှုရေးရာနှင့် လမ်းအန္တရာယ်ကင်းရှင်းရေးဌာနခွဲ၏ ညွှန်ကြားချက်များအတိုင်း ဦးစားပေးအစီအစဉ်အလိုက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒုတိယအချက်အနေဖြင့် တံတောင်ဆစ်ချိုးကွေ့နှင့် ဖြတ်မြေ၊ ညိုမြေများ၊ လမ်းပုခုံးသားများကို ရေဝပ်ခြင်း၊ လမ်းပေါ် ရွှံ့တင်ခြင်းမရှိစေရေး မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍တံတောင်ဆစ်ချိုးကွေ့နှင့် ဖြတ်မြေ၊ ဖို့မြေများ လမ်းပခုံးသားများကိုရေဝပ်ခြင်း၊ လမ်းပေါ်ရွှံ့တင်ခြင်းမရှိစေရေးအတွက် ကတ္တရာလမ်းကွေ့များတွင် ဒုတိယအခြေခံလွှာတည်ဆောက်ခြင်း၊ အမာခံလမ်းပုခုံးတည်ဆောက်ခြင်း၊ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ခြင်းတို့အပြင် စက်ယန္တရားအင်အား၊ လူအင်အားများဖြင့် ယခုမိုးရာသီကာလအတွင်းမှာ လမ်းထိန်းသိမ်းရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိပြီးဆက်လက်





ဘေးအန္တရာယ်ကင်းရှင်းစေရေးမည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း၊

(၂) တံတောင်ဆစ်ချိုးကွေ့နှင့် ဖြတ်မြေ၊ ညိုမြေများ၊ လမ်းပုခုံးသားများကို ရေဝပ်ခြင်း၊ လမ်းပေါ် ရွှံ့တင်ခြင်းမရှိစေရေး မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း၊

(၃) ချောက်ကမ်းပါးဘက်ခြမ်းတစ်လျှောက် Guard Post များ၊အကာအရံငုတ်တိုင်များကို မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း၊

(၄) နေမင်းရောင်ကုမ္ပဏီ၏ ဆောင်ရွက်မှုအပိုင်းအလိုက် နည်းပညာ၊ မူဝါဒများနှင့်အညီ ပြည်နယ်၊ ခရိုင်ပဆင - လမ်းဦးစီးအဖွဲ့နှင့် သက်ဆိုင်ရာအဖွဲ့တို့ကမည်ကဲ့သို့စိစစ်ကြပ်မတ် ဆောင်ရွက်မည်ကို သိရှိလိုကြောင်း၊

(၅) နေမင်းရောင်ကုမ္ပဏီ၏ တောင်ကြီး-နမ့်စန် လမ်းအပိုင်းတွင် စနစ်ကျလှသည့် လမ်းအသုံးပြုခကောက်ခံသော Standard Toll Gate များ အမြန်ဆောက်လုပ်ပေးစေလိုပြီး မည်သည့်အချိန်တွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း။

စသည့်ကြယ်ပွင့်ပြမေးခွန်းများအား ရှမ်းပြည်နယ်

၍လည်း ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

တတိယအချက်အနေဖြင့် ချောက်ကမ်းပါးဘက်ခြမ်း တစ်လျှောက် Guard Post များ၊ အကာအရံငုတ်တိုင်များကို မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း မေးခွန်းနှင့် စပ်လျဉ်း၍ ချောက်ကမ်းပါးတစ်လျှောက် လိုအပ်သောနေရာများဖြစ်သည့် မိုင်(၁၄၁/၆-၁၅၂/၇)ထမ်ဆန်းရွာနှင့် မိုင်းပွန်ရွာကြား၊ မိုင်(၁၅၉/၀-၁၇၁/၀) ချိုခမ်းရွာနှင့် လွိုင်လင်မြို့ကြား Guard Post (အကာအကွယ်တိုင်များ)၊ Guard Rail (အကာအကွယ်တန်းများ) စိုက်ထူပြီးစီးခဲ့ပြီး ကျန်ရှိနေသော ယာဉ်အန္တရာယ်ဖြစ်ပွားနိုင်သည့်အပိုင်းများမှာလည်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

စတုတ္ထအချက်အနေဖြင့် နေမင်းရောင်ကုမ္ပဏီ၏ ဆောင်ရွက်မှုအပိုင်းကို ကြပ်မတ်ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ နေမင်းရောင် ကုမ္ပဏီ၏ဆောင်ရွက်မှုအပိုင်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှဖွဲ့စည်းထားသော B.O.T Task Force အဖွဲ့၏ မူဝါဒလမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းစီမံချက်များကို ရေးဆွဲဆောင်ရွက်ရပြီး သက်ဆိုင်ရာပြည်နယ်၊ ခရိုင်၊ မြို့နယ်အသီးသီးရှိ တာဝန်ရှိသူများမှ B.O.T Task Force အဖွဲ့ဝင်များဖွဲ့စည်း၍ လစဉ် ၁၅ ရက်တစ်ကြိမ် ကွင်းဆင်းခြင်း၊ စစ်ဆေးခြင်း၊ ပြည်နယ်ညွှန်ကြားရေးမှူးရုံးတွင် B.O.T ကုမ္ပဏီများနှင့် လစဉ်အစည်းအဝေးပြုလုပ်၍ လုပ်ငန်းများအား ကြပ်မတ်ဆောင်ရွက်



D/real(wide) (3



**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအိုက်မွန်းက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအိုက်မွန်း၊ ကွတ်ခိုင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။**

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း၊ နှစ်ဖြာသောကျန်းမာချမ်းသာခြင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်မွန်း ဖြစ်ပါတယ်။ ကျွန်တော်ဒီကနေ့ မေးမြန်းသွားမည့် ကြယ်ပွင့်ပြမေးခွန်းကတော့ ကွတ်ခိုင်မြို့နယ်၊ ကွတ်ခိုင် - မူဆယ် ပြည်ထောင်စုလမ်းမ Oriental Toll Gate အနီးမှ မန်မောင်(ဝ)ရွာသွားကျေးရွာချင်းဆက်လမ်း(၇)မိုင်ကို ကျောက်ချောလမ်းခင်းပေးနိုင်ခြင်းနှင့်ပတ်သက်၍ ၎င်းကွတ်ခိုင်-မူဆယ်လမ်းမှ မန်မောင်(ဝ)ရွာသွားလမ်းမှာ ခြောက်သွေ့ရာသီတွင် ကား၊ ထော်လာဂျီနှင့် ဆိုင်ကယ် သွားလာနိုင်သော်လည်း မိုးတွင်းကာလတွင် ကား၊ ထော်လာဂျီများ သွားလာနိုင်ခြင်းမရှိတော့ဘဲ ခြေလျင်နှင့် ဆိုင်ကယ်များဖြင့် ထင်းရှူးတောများတွင် ကွေ့ကာပတ်ကာ မိမိအစီအစဉ်ဖြင့် လမ်းထွင်ပြီးသွားလာနေရပါတယ်။ အကယ်၍

ကန့်သတ်

၎င်းကျေးရွာချင်းဆက်လမ်းကို ကျောက်ချောလမ်းအဖြစ် ခင်းပေးနိုင် မည်ဆိုပါက ကျေးရွာ(၁၀)ရွာဖြစ်သည့် ပန်းဆေးရွာ၊ နမ့်ခွမ်ရွာ၊ ပန်ကူရွာ၊ မန်မော(ဝ်)ရွာ၊ မန်မိန်းရွာ၊ မန်တုံရွာ၊ ကာလိုင်ရွာ၊ မန်အောင်စုစည်းရွာ၊ ကျောင်းပျဉ်ရွာ၊ ဟိုနောင်ရွာစသည့် ကျေးရွာများရှိ အိမ်ခြေ (၄၅၉)အိမ်၊ လူဦးရေအားဖြင့် (၃၆၇၉)ဦးအတွက် အကျိုးပြုမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ၎င်းကျေးရွာချင်းဆက်လမ်းကို ကျောက်ချောလမ်းအဖြစ် ခင်းပေးနိုင်ခြင်း ရှိ/ မရှိ၊ ခင်းပေးနိုင်ခြင်း မရှိပါက အဘယ်ကြောင့်နည်း။ ခင်းပေးမည်ဆိုပါက မည်သည့် ကာလတွင် ခင်းပေးနိုင်မည်ကို သိရှိလိုပါသဖြင့် မဲဆန္ဒရှင် မိဘပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး တာဝန်ယူထားတဲ့ ဦးစိုင်းလုံကျော်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကွတ်ခိုင်မြို့နယ်မဲ



D/real(wide) (3



စေခြင်း၊ လမ်းဦးစီးဌာန (ရုံးချုပ်) B.O.T Task Force အဖွဲ့မှ အခါအားလျော်စွာလာရောက်၍ စစ်ဆေးကြပ်မတ် ဆောင်ရွက် ခြင်း၊ လမ်းတံတား လုပ်ငန်းများအား အရည်အသွေးနှင့် စံချိန်စံညွှန်း ပြည့်မီစေရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်းဒီဇိုင်း၊ တံတားဒီဇိုင်းများ တောင်းခံဆောင်ရွက်စေခြင်း၊ ဌာနမှ Quality Control အဖွဲ့အား အချိန်နှင့်တစ်ပြေးညီ ကြီးကြပ်စစ်ဆေး ဆောင်ရွက်စေခြင်းစသည့် လုပ်ငန်းများဆောင်ရွက်လျက်ရှိပါ တယ်။

နောက်ဆုံးအချက်အနေဖြင့် Standard Toll Gate များနှင့် ပတ်သက်၍ နေမင်းရောင်ကုမ္ပဏီ၏ တောင်ကြီး- နမ့်စန်လမ်းအပိုင်း၊ တောင်ကြီးခရိုင်၊ ဟိုပုံးမြို့နယ် (မိုင် ၁၂၄/ ၃- ၁၂၄/ ၄) အတွင်းတွင် စနစ်တကျလှသော လမ်းအသုံးပြုခကောက်ခံသည့် Standard Toll Gate တည်ဆောက်ခွင့်အား ရှမ်းပြည်နယ်အစိုးရ အဖွဲ့၏ ၇-၇-၂၀၁၇ ရက်စွဲပါစာအမှတ်၊၇၇၆၆/၇-၃၁၁/အစရ (ရှမ်း)ဖြင့် ခွင့်ပြုချက်ရရှိပြီး အကြိုအင်ဂျင်နီယာလုပ်ငန်းများ စတင် ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဆက်လက်၍ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်အတွင်းတွင်လည်း လိုအပ်သော Standard Toll Gate တည်ဆောက်သွားနိုင်ရန် သက်ဆိုင်ရာဌာန၊ ဌာနအဆင့်ဆင့်သို့ တင်ပြ၍ အကောင်အထည် ဖော်တည်ဆောက်သွားမည်ဖြစ်ကြောင်း ဖြေကြားတင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ကန့်သတ်

၇၇

ဆန္ဒနယ်အမှတ်(၁)မှ ဦးအိုက်မွန်း မေးမြန်းတဲ့ ကွတ်ခိုင် မြို့နယ်၊ ကွတ်ခိုင်- မူဆယ်ပြည်ထောင်စုလမ်းမ Oriental Toll Gate အနီးမှ မန်မောင်(ဝ)ရွာသွား ကျေးရွာချင်းဆက်လမ်း (၇/၀)မိုင်ကို ကျောက်ချောလမ်းအဖြစ် ခင်းပေးနိုင်ခြင်း ရှိ/ မရှိနှင့် ခင်းပေးနိုင်ခြင်း မရှိပါကအဘယ်ကြောင့်နည်း၊ ခင်းပေးမည်ဆိုပါက မည်သည့် ကာလတွင် ခင်းပေးနိုင်မည်ကို သိရှိလိုသည့်မေးခွန်းနှင့်ပတ်သက်၍ အဆိုပါလမ်းအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်တွင် မြေသားလမ်း (၄/၀)မိုင်၊ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်တွင် မြေသားလမ်း (၄/၀)မိုင်၊ စုစုပေါင်းလမ်းအရှည်(၈/၀)မိုင် ဆောင်ရွက်ပေးခဲ့ ပါတယ်။ အဆိုပါ လမ်းအရှည်(၈/၀)မိုင်အား အဆင့်မြှင့်တင် ဆောင်ရွက်နိုင် မည်ဆိုပါက ကျေးရွာ(၈)ရွာ၊ အိမ်ခြေ (၄၉၃)အိမ်၊ လူဦးရေ (၃၁၄၇)ဦးအား အကျိုးပြုနိုင်မည်ဖြစ်ပြီး လမ်းအဆင့် မြှင့်တင်ဆောင်ရွက်ခြင်းလုပ်ငန်းအား ကျေးလက်လမ်းတံတား (၁၅)နှစ်စီမံကိန်း၏ ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်း လျာထားပြီးဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လင်းခေးမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းအောင်မျိုးကျော်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ကန့်သတ်

D/real(wide) (3

ကန့်သတ်

၇၉

များကို ရေလွှမ်းမိုးမှု ဖြစ်ပေါ်လေ့ရှိပါတယ်။ ၁၉၈၄ ခုနှစ်အတွင်း ညအချိန် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကျချောင်း ရေများ ချောင်းပြည့်လုနီးပါးစီးဆင်းလာပြီး ချောင်းအောက်ပိုင်းရှိ လူနေအိမ်များ ရေလွှမ်းမိုးတိုက်စားခံခဲ့ရပါတယ်။ ထိုသို့ တောင်ကျ ချောင်းရေများ အလွန်များပြားစွာစီးဆင်းမှုကြောင့် လူနေအိမ်များ၊ မွေးမြူထားသော တိရစ္ဆာန်များ၊ ချောင်းရေစီးအတိုင်း မျောပါ သွားသည့်အပြင် ပြည်သူ(၃)ဦးလည်း အသက်ဆုံးရှုံးခဲ့ရပါ တယ်။ (၂၅-၄-၂၀၁၅)ရက်နေ့ ညနေပိုင်းတွင်လည်း တောင်ကျချောင်းရေ များပြားစွာ စီးဆင်းတိုက်စားမှုကြောင့် ချောင်းအောက်ပိုင်းရှိ လူနေအိမ်များတွင် ရေလွှမ်းမိုးခံခဲ့ရပြီး၊ လူအသေအပျောက် မရှိသော်လည်း အိမ်ထောင်စု(၁၄)စု၏ ပစ္စည်းများဆုံးရှုံးမှု ရှိခဲ့ ပါတယ်။ သို့ဖြစ်ပါ၍ လင်းခေးမြို့လယ်တံတားမှ နမ့်တိန်းချောင်း အတွင်းတည်ရှိသော လူနေအိမ်များ ရေလွှမ်းမိုးမှု နှင့် ရေတိုက်စားမှု တို့ကို ကာကွယ်နိုင်ရေးအတွက် မြေထိန်းနံရံ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေး နိုင်မည်ကို သိရှိလိုပါကြောင်း ပြည်သူလူထုကိုယ်စား ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးအား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ကန့်သတ်

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။**

လေးစား အပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်မျိုးကျော် မေးမြန်း ထားတဲ့ လင်းခေးမြို့လယ်တံတားမှ နမ့်တိန်းချောင်းအတွင်း တည်ရှိ သောလူနေအိမ်များတွင် ရေလွှမ်းမိုးမှုနှင့် ရေတိုက်စားမှုတို့ကို ကာကွယ်နိုင်ရေးအတွက် မြေထိန်းနံရံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်းပြီး ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်၊ ကျွန်တော် ဦးခွန်ရဲထွေးမှ ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်းမှာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရှမ်းပြည်နယ် အတွင်းရှိ မြစ်/ချောင်းများတွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းနှင့် ရေလွှမ်းမိုးမှု (ရေကြီး ရေလျှံမှု) ကာကွယ်ရေးလုပ်ငန်းတို့ကို အဓိကထား ဆောင်ရွက်ပေး လျက်ရှိပါတယ်။ လင်းခေးမြို့လယ်တံတားမှ နမ့်တိန်းချောင်း အတွင်းတည်ရှိသော လူနေအိမ်များတွင် ရေလွှမ်းမိုးမှုနှင့် ရေတိုက် စားမှုတို့ကို ကာကွယ်နိုင်ရေးအတွက် မြေထိန်းနံရံ ဆောင်ရွက် ပေးနိုင်ရေးအသေးစိတ် ကွင်းဆင်းတိုင်းတာစစ်ဆေးခြင်းများ ဆောင်ရွက်ပြီး ဆောင်ရွက်သင့်သော အစီအမံများရေးဆွဲ၍ လိုအပ်သော ရန်ပုံငွေများကို တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှု



D/real(wide) (4



**ဦးစိုင်းအောင်မျိုးကျော်၊ လင်းခေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထား သော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာပါစေကြောင်း ဦးစွာဆုတောင်း မေတ္တာပို့သ အပ်ပါတယ်။ ကျွန်တော်ကတော့ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်မျိုးကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လင်းခေးမြို့လယ်တံတားမှ နမ့်တိန်း ချောင်းအတွင်း တည်ရှိသော လူနေအိမ်များတွင် ရေလွှမ်းမိုးမှုနှင့် ရေတိုက်စားမှုတို့ကို ကာကွယ်နိုင်ရေးအတွက် မြေထိန်းနံရံဆောင်ရွက် ပေးရန် အစီအစဉ်ရှိ/မရှိ နှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားရပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လင်းခေးမြို့လယ်ကို ဖြတ်သန်းစီးဆင်းသွားသော ဟွေလုံချောင်း သို့မဟုတ် မြို့လယ် ချောင်းသည် လင်းခေးမြို့ အနောက်ဘက်ရှိ တောင်တန်းများတွင် မြစ်ဖျားခံပြီး နမ့်တိန်းချောင်းထဲသို့ စီးဝင်ပါတယ်။ မိုးတွင်းကာလ မိုးရွာသွန်းမှုများချိန်တွင် တောင်ကျချောင်း ရေများသည် ၎င်းဟွေလုံ ချောင်း (မြို့လယ် ချောင်း)ထဲသို့ စီးဆင်းနေပါတယ်။ ထိုသို့ မိုးရွာ သွန်းမှုများပြားပါက ချောင်းအပြည့်ရေစီးဆင်းမှုများကြောင့် ချောင်း အောက်ပိုင်းတွင် တည်ရှိသော ရပ်ကွက်များရှိ ပြည်သူများ၏ အိုးအိမ်

အပေါ်မူတည်၍ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက ပထမမေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ လေ့လာသူ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ဦးစွာ နှုတ်ခွန်းဆက်သအပ် ပါတယ်။ ကျွန်တော်ကတော့ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း ဖြစ်ပါတယ်။ ကျွန်တော် ဒီကနေ့တင်ပြဆွေးနွေးသွားမှာကတော့ ရှမ်းပြည်နယ်အတွင်းတွင်ရှိသော မြို့နယ်အသီးသီးရှိ စာရင်းရုံးများသည် ဒေသဖွံ့ဖြိုးရေးနှင့်စီမံကိန်းလုပ်ငန်းများအတွက် နိုင်ငံတော်မှ ချမှတ်ထားသော ဘတ်ဂျက်ငွေများကို မြေပြင်အနေအထားတွင် အမှန်တကယ် လုပ်ထားခြင်း ရှိ/ မရှိနှင့် စာရင်းဇယားများကို စစ်ဆေးသည့်အခါ မည်သည့်ပညာရှင်များပါဝင်ခြင်း ရှိ/ မရှိနှင့် ပတ်သက်၍ မေးမြန်းသွားမှာဖြစ်ပါတယ်။ မေးခွန်းအနေနဲ့ တင်ပြသွားရမည်ဆိုလျှင် ဒေသဖွံ့ဖြိုးရေးနှင့်





(၁-၄-၂၀၁၆) ရက်နေ့မတိုင်မီက ကျပ်သိန်း (၅၀ )နှင့် အထက်လုပ်ငန်းများအတွက် တင်ဒါခေါ်ယူ၍ တည်ဆောက်ရေး လုပ်ငန်းစိစစ်ရေးကော်မတီသို့ တင်ပြပြီး ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်မှစ၍ ငွေကျပ်သိန်း(၁၀၀)အထက် လုပ်ငန်းများကိုသာ တင်ဒါခေါ်ယူပြီး တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီသို့ တင်ပြရပါတယ်။ သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများသည် ဘဏ္ဍာရေးနှစ်အလိုက် ခွင့်ပြုရန်ပုံငွေရရှိသော လုပ်ငန်းခန့်မှန်းခြေငွေစာရင်းများကို ရှမ်းပြည်နယ် တည်ဆောက်ရေး လုပ်ငန်းစိစစ်ရေးကော်မတီသို့ တင်ပြအတည်ပြုချက်ရယူပြီး လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်နယ်/ခရိုင်အရည်အသွေးစိစစ်ရေးအဖွဲ့ဖြင့် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ခြင်း ရှိ/ မရှိ စစ်ဆေးပြီး လိုအပ်ချက်များ ပြုပြင်ဆောင်ရွက်စေပါတယ်။ လုပ်ငန်းပြီးစီးပါက တရားဝင်လွှဲပြောင်းအပ်နှံပြီးစီးမှသာ စာရင်းစစ်ရုံးအဆင့်ဆင့်မှ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ညွှန်ကြားချက်နှင့်အညီ တည်ဆောက်ရေးလုပ်ငန်း၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း၊ အပ်ငွေလုပ်ငန်းများကို စစ်ဆေးလျက်ရှိပါတယ်။

ဒုတိယအချက်အနေဖြင့် ငွေလုံးငွေရင်းလုပ်ငန်းများ စစ်ဆေးရာတွင် တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီ၏ ခွင့်ပြုမိန့်ရရှိပြီးသည့်အပြင် တည်ဆောက်ရေးလုပ်ငန်းပြီးစီး၍ ကန်ထရိုက်တာက သက်ဆိုင်ရာဌာနသို့ တရားဝင်လွှဲပြောင်း

အပ်နှံပြီးသည့်လုပ်ငန်းများကိုသာ စစ်ဆေးရန်နှင့် စစ်ဆေးရေး ဝင်ရောက်ချိန်တွင် ယင်းအချက်များနှင့် မကိုက်ညီလျှင် ဌာနမှတည် ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီသို့ မတင်ပြခြင်း၊ တည်ဆောက်ရေး လုပ်ငန်းစိစစ်ရေးကော်မတီသို့ တင်ပြပြီးသော်လည်းခွင့်ပြုမိန့် မရရှိသေးခြင်း၊ ခွင့်ပြုမိန့်ရရှိပြီးသော်လည်း လုပ်ငန်းမစတင်သေးခြင်း၊ လုပ်ငန်းစတင်ပြီးသော်လည်း လုပ်ငန်းမပြီးစီးသေးခြင်း၊ လုပ်ငန်းပြီးစီးသော်လည်း ကန်ထရိုက်တာမှ မအပ်နှံသေးခြင်းစသည်များကို အစီရင်ခံစာတွင် ပြည့်စုံစွာဖော်ပြရမှာ ဖြစ်ပါတယ်။

တတိယအချက်အနေဖြင့် အောက်ပါအချက်များကိုလည်း လိုက်နာ ဆောင်ရွက်ရပါတယ်-

(၁) ပြည်သူ့လုပ်ငန်းကိုဥပဒေအခန်း(၂)၊ အပိုဒ်(၂၇၄) အရ“မူခွင့်ပြုမိန့်ချမှတ်ထားပြီးသော လုပ်ငန်းများကိုကောင်းမွန်စွာဆောင်ရွက်ရာ၌ အကြောင်းအားလျော်စွာ ဖြစ်ပေါ်မလာသောလုပ်ငန်းကို ဆက်လက်ဆောင်ရွက်နေစဉ်စီမံကိန်းကိုတိုးချဲ့၍ ပြုလုပ်ရန်လိုအပ်သည်ဟုယူဆလျှင် နောက်ဆက်တွဲခန့်မှန်းခြေစာရင်းကိုရေးဆွဲ၍ ယင်းခန့်မှန်းခြေစာရင်းတွင် နောက်ဆက်တွဲ ပြုလုပ်ရန်လိုအပ်သောအချက်အလက်များကို အသေးစိတ် အစီရင်ခံစာဖြင့် ပူးတွဲပါရှိရပြီး အချုပ်စာရင်းသည် မူလ





စီမံကိန်းလုပ်ငန်းနှင့် ပတ်သက်သော အဆောက်အဦများ၊ လမ်းတံတားများသည် ဆောက်လုပ်ရေး စံချိန်စံညွှန်းနှင့် ညီ/မညီကို စာရင်းစစ်အနေနှင့် မည်သို့အတည်ပြု စစ်ဆေးခဲ့ကြောင်းကို အများပြည်သူသိရှိနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ။** ဘဏ္ဍာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းရှဲန်တစ်လုံ၊ ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပဏာမဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရှဲန်တစ်လုံ ဖြစ်ပါတယ်။ ယခု ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း မေးမြန်းတဲ့မေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ကျွန်တော်ကဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပထမအချက်အနေနဲ့ ရှမ်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းနှင့် ပတ်သက်သော အဆောက်အဦများ၊ လမ်းတံတားများ၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့် ငွေလုံးငွေရင်းအသုံးစရိတ်များကို



D/real(wide) (4

ခန့်မှန်းခြေစာရင်း၏ စုစုပေါင်းနောက်ဆက်တွဲ ငွေအပါအဝင် လိုအပ်သောခွင့်ပြုမိန့်၏ စုစုပေါင်း ငွေကို ဖော်ပြရပါတယ်။

(၂) ပြည်သူ့လုပ်ငန်းကိုဥပဒေအခန်း(၂)၊ အပိုဒ် (၂၇၅)တွင်အပိုဒ်(၂၇၄)ဖော်ပြချက်မှအပခွင့်ပြုမိန့်ချမှတ်ပြီးသော ခန့်မှန်းခြေစာရင်းသည် ဈေးနှုန်းများပြောင်းလဲမှုရှိ လျှင်သော်လည်းကောင်း၊ ဒီဇိုင်းပုံစံပြောင်းလဲဆောင်ရွက်ရလျှင်သော်လည်းကောင်း၊ တစ်ခြားမမျှော်မှန်းနိုင်သောအကြောင်းကြောင့် သော်လည်းကောင်း၊ မူလခန့်မှန်းခြေတန်ဖိုး၏ (၅)ရာခိုင်နှုန်းထက် ကျော်လွန်ပါက ပြုပြင်ပြီးခန့်မှန်းခြေစာရင်းကို ရေးဆွဲတင်ပြရမှာဖြစ်ပါတယ်။

စတုတ္ထအချက်အနေဖြင့် အထက်အပိုဒ်ပါ လုပ်ငန်းများကို စစ်ဆေးဆောင်ရွက်ရာတွင် အောက်ပါ အချက်များကိုလည်း လိုက်နာဆောင်ရွက်ရမှာဖြစ်ပါတယ်-

(၁) ခန့်မှန်းခြေစာရင်းပေါ်တွက်ချက်မှုကို စစ်ဆေးရာတွင်လျော့နည်း/ ပိုမိုမှုများအတွက်အသားတင်ငွေရပ်ကိုသာ ပြန်လည်ပေးသွင်းငွေအဖြစ် ဖော်ပြရခြင်း၊

(၂) မျက်မြင်စစ်ဆေးရာတွင် လျော့နည်း/ပိုမို





(၇) (၅)ရာခိုင်နှုန်းထက် ကျော်လွန်ပါက ယင်းကွာခြားမှုအတွက် ဌာနဖက်မှ Revised Estimate ရေးဆွဲထားခြင်း ရှိ/မရှိ စစ်ဆေးရခြင်း၊ ရေးဆွဲထားပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီ၏ ခွင့်ပြုချက်ရယူမှု ရှိ/ မရှိ စိစစ်ရခြင်း၊

(၈) တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီမှ စိစစ်ဖြတ် တောက်ထားသည့် ပမာဏထက်ပိုငွေကိုသာ နိုင်ငံတော်ပြန်လည်ပေးသွင်းငွေအဖြစ် ဖော်ပြရခြင်း၊

(၉) (၅)ရာခိုင်နှုန်းထက်ကျော်သည့် ကွာခြားငွေများအတွက် ဌာနမှ Revised Estimate ရေးဆွဲမှုမရှိပါက Revised Estimate ရေးဆွဲမှုမရှိခြင်းကို အစီရင်ခံစာ၌ ရေးသားဖော်ပြရခြင်းနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ (၂၀-၂-၂၀၁၇) ရက်စွဲပါညွှန်ကြားချက်အမှတ် (၁/၂၀၁၇)ဖြင့် ညွှန်ကြားချက်နှင့်အညီ ပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ လိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။



D/real(wide) (4

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်းတယမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက ဒုတိယမေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)။** ဒုတိယမေးခွန်းအနေဖြင့် ကျွန်တော် ဆက်လက် တင်ပြဆွေးနွေးသွားမှာကတော့ ပင်းတယမြို့နယ်၊ မြို့နယ်အားကစားကွင်းသည် ပြည်နယ်ဘတ်ဂျက်ဖြင့် မြေညှိ၍ ခေတ်မီနည်းပညာများအသုံးပြုကာ စိုက်ပျိုးထားသည့် မြက်ခင်းများ ဖြင့်စိမ်းလန်းစိုပြည်လျက်ရှိပြီဖြစ်ပါတယ်။သို့သော် အားကစားကွင်းရှိ ပွဲကြည့်စင်မှာ ၁၉၇၂ ခုနှစ်ကတည်းက ဆောက်လုပ်ထားခဲ့ခြင်း ကြောင့် အဆောက်အဦမှာ ယိုယွင်းပျက်စီးလျက် ရှိပါတယ်။ ထို့ကြောင့် ပွဲကြည့်စင် အသစ်ဆောက်လုပ်ပေးရန်နှင့် မိုးလုံလေလုံ အားကစားရုံတစ်ရုံ ဆောက်လုပ်ပေးရန် လိုအပ်နေပါသဖြင့် အောက်ပါကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းအပ်ပါတယ်-

အားကစားနှင့် ကာယပညာဦးစီးဌာန၏ ဖွဲ့စည်းခြင်း ရည်ရွယ်ချက် (၃)ရပ်၊ နိုင်ငံတော်မှ ပေးအပ်ထားသည့် တာဝန်ကြီး (၄)ရပ်၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ချမှတ်ထားသော အဓိကတာဝန်(၅)ရပ်နှင့် ဆောင်ရွက်ရန်အတွက် ပင်းတယမြို့နယ်၊ အားကစားကွင်းတွင်ခန့်မှန်း တန်ဖိုးကျပ်သိန်း (၂၆၀၀) (ကျပ်သိန်းနှစ်ထောင်ခြောက်ရာ)တန် (၁၆၀× ၉၀)ပေရှိ မိုးလုံလေလုံအားကစားကွင်းနှင့် ခန့်မှန်းကုန်ကျစရိတ် ကျပ်သိန်း



D/real(wide) (4



ဆောင်ရွက်မှုတို့၏ အသားတင်တန်ဖိုးငွေကိုသာ ကွာခြားငွေအဖြစ် ဖော်ပြရခြင်း၊

(၃) လုပ်ငန်းများ၏ ခန့်မှန်းခြေစာရင်းများကိုစစ်ဆေး ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန် သည့် ကြမ်းခင်းဧရိယာ (၁)စတုရန်းပေအပေါ် ခန့်မှန်းဈေးကျသင့်သည့်နှုန်း(PAEနှုန်း)ဖြင့် ပထမ ဦးစွာ ချိန်ထိုးစိစစ်ရခြင်း၊(PAE နှုန်း) ထက်ကျော်လွန် ပါက ကျော်လွန်သည့်လုပ်ငန်းကိုသာ အခြေခံစံနှုန်း၊ ဒေသအတည်ပြုဈေးနှုန်းဖြင့် အသေးစိတ်ချိန်ထိုး စိစစ်ရခြင်း၊

(၄) ခန့်မှန်းခြေစာရင်းကို လုပ်ငန်းအခြေခံစံနှုန်းစာအုပ် ဖြင့်စစ်ဆေးရာတွင် လိုငွေ/ပိုငွေကိုခုနှိမ်ပြီး အသား တင်ငွေရပ်ကိုသာ ကွာခြားငွေအဖြစ် ဖော်ပြရခြင်း၊

(၅) စုစုပေါင်းအသားတင် ကွာခြားငွေသည် လုပ်ငန်း တန်ဖိုး၏(၅)ရာခိုင်နှုန်းထက် ကျော်မကျော်ထပ်မံ စိစစ်ရခြင်း၊

(၆) (၅)ရာခိုင်နှုန်းအောက်ဖြစ်ပါက နိုင်ငံတော်ပြန်လည် ပေးသွင်းငွေနှင့်Revised Estimateရေးဆွဲရန် စာရင်းစစ်ကန့်ကွက်ချက်အဖြစ်ဖော်ပြရန်မလိုအပ် ခြင်း၊

(၁၇၀၀) (ကျပ်သိန်းတစ်ထောင့်ခုနစ်ရာတိတိ)တန်ဖိုးရှိ (၁၂၀ × ၄၀)ပေ ပွဲကြည့်စင်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိကို အများပြည်သူသိရှိနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား ကြယ်ပွင့်ပြ မေးခွန်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးကဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းရဲ့ အားကစားကဏ္ဍဆိုင်ရာမေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

အားကစားနှင့် ကာယပညာဦးစီးဌာန၏ ဖွဲ့စည်းခြင်း ရည်ရွယ်ချက် (၃)ရပ်မှာ-

(၁) မြန်မာ့အားကစားအဆင့်အတန်းတိုးတက်မြင့်မားလာစေရန်၊

(၂) အရည်အသွေး ထူးချွန်ထက်မြက်သည့်



D/real(wide) (4



အားကစားနှင့်ကာယပညာဦးစီးဌာနမှ ချမှတ်ထားသော အဓိက တာဝန်ကြီး (၅)ရပ်မှာ -

(၁) လူရွေးချယ်ရေး၊

(၂) ကစားကွင်း/ ကစားရုံထိန်းသိမ်းရေး၊

(၃) ပြိုင်ပွဲများ စဉ်ဆက်မပြတ်ကျင်းပရေး၊

(၄) ဦးစီးဌာနမှကျင်းပသည့် တိုင်းဒေသကြီး/ပြည်နယ် အားကစားပြိုင်ပွဲများ မပျက်မကွက်ပါဝင်ယှဉ်ပြိုင်ရေးနှင့်

(၅) စည်းကမ်းကောင်းမွန်ပြီး အရည်အချင်းမြင့်မားရေးတို့ဖြစ်ပါတယ်။

၂၀၁၄-၂၀၁၅ခု၊ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ဘတ်ဂျက်ရန်ပုံငွေဖြင့် ပင်းတယမြို့(ပွေးလှ)ဘောလုံးကွင်း ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းကို ကျပ်သန်း (၇၉. ၇၆၀)၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ဘတ်ဂျက်တွင် ပင်းတယမြို့၊ ဘောလုံးကွင်း Innerfencing ကာရံခြင်းလုပ်ငန်း ကျပ်သန်း (၁၇. ၀၀၀)၊ အားကစားကွင်း ပြုပြင်ခြင်း လုပ်ငန်းအတွက် ကျပ်သန်း (၃၀. ၀၀၀)ဖြင့် ဘဏ္ဍာငွေခွဲဝေရရှိပြီး လုပ်ငန်းများဆောင်ရွက်ပေးခဲ့ပါတယ်။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ပင်းတယမြို့နယ်၊ ပင်းတယမြို့၊ မြို့နယ်အားကစားကွင်းတွင် (၁၆၀×၉၀)ပေရှိ မိုးလုံလေလုံအားကစားရုံတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ပါက ရန်ပုံငွေ ကျပ်သန်း (၂၆၀. ၀၀၀)နှင့် (၁၂×၄၀)ပေရှိပွဲကြည့်စင်

တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ပါက ရန်ပုံငွေကျပ်သန်း (၁၇၀. ၀၀၀)တို့ဖြင့် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်မှစ၍ ဘဏ္ဍာရေးနှစ်အလိုက် ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေမှ ခွင့်ပြုနိုင်မှုအပေါ် မူတည်ပြီး ထည့်သွင်းလျာထား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။ ခွင့်ပြုချက်ရရှိပါကဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအစည်းအဝေးကို ၁ နာရီ ၃၀ မိနစ်ရပ်နားမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ရှင်။ နေ့လည်ပိုင်းအစည်းအဝေးကို မွန်းလွဲ ၁ နာရီ ၃၀ မိနစ်အချိန်တွင် ပြန်လည်စတင်မှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။





အားကစားသမားများ ပေါ်ထွက်လာစေရန်နှင့်

(၃) နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် မြန်မာ့အားကစားအောင်မြင်မှုရရှိစေရန်တို့ဖြစ်ပါတယ်။

နိုင်ငံတော်မှ ပေးအပ်ထားသည့် တာဝန်ကြီး (၄)ရပ်မှာ -

(၁) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အမျိုးသားအားကစားလှုပ်ရှားမှုကို တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး၊စိတ်ပါဝင်စားစွာဖြင့် ပါဝင်လှုပ်ရှားကြရေး၊အဆင့်ဆင့်နှစ်အလိုက် စည်းရုံးလှုံ့ဆော်ဆောင်ရွက်ရန်၊ (Mass Sports)

(၂) နိုင်ငံတကာအလယ်၌ နိုင်ငံတော်၏ဂုဏ်သိက္ခာကို အားကစားနည်းဖြင့် မြှင့်တင်နိုင်မည့် ထူးချွန်ထက်မြက်သောနိုင်ငံ့ဂုဏ်ဆောင် အားကစားသမား လူရည်ချွန်များ မွေးထုတ်ရန်၊ (Excellent Sports )

(၃) အရှေ့တောင်အာရှ အဆင့်၊ အာရှအဆင့်နှင့် ကမ္ဘာ့အဆင့်အားကစားပြိုင်ပွဲများအထိ မြန်မာ့အားကစားသမားများအဆင့်ဆင့်တက်လှမ်းအောင်မြင်မှုရရှိရေး ဆောင်ရွက်သွားရန်နှင့်

(၄) မြန်မာ့အားကစားမှ ကမ္ဘာ့အားကစားသို့ ရောက်ရှိစေရန်တို့ဖြစ်ပါတယ်။

# ရှမ်းပြည်နယ်
# ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
# သတ္တမပုံမှန်အစည်းအဝေး
# (ပထမနေ့)မှတ်တမ်း
## ၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်
## ၂၀၁၇ ခုနှစ်၊ ဩဂုတ် လ ၂၈ ရက်
## [တနင်္လာနေ့]
## နေ့လည်ပိုင်း

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော်သတ္တမပုံမှန် အစည်းအဝေး (ပထမနေ့) နေ့လည်ပိုင်း အစီအစဉ်အား ဆက်လက်ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ် ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

**(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသောစင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီရှင်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကြယ်ပွင့်ပြမေးခွန်းများမေးမြန်းခြင်း အစီအစဉ်ကို ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။





သို့ပေါက်ရောက်နိုင်ပါတယ်။ ပုန်းယမ်းရွာမှာ အိမ်ခြေ (၁၅၀)ကျော်နှင့် တစ်စပ်တည်းဖြစ်သည့် အခြားကျေးရွာအုပ်စုများနှင့်လည်းများစွာ ပေါက်ရောက်နိုင်ပါသဖြင့် များစွာအကျိုးဖြစ်ထွန်းစေနိုင်ပါတယ်။ ၎င်း တောင်ပေါ်ရွာများတွင် နေထိုင်ကြသည့် ရှမ်း၊ ပလောင်၊ ပအိုဝ်းစသည့် တိုင်းရင်းသားများအတွက် မိမိတို့၏ ထွက်ကုန်များဖြစ်သော လက်ဖက်ခြောက်လုပ်ငန်းများကိုလည်း တွင်ကျယ်စွာ လုပ်ကိုင်လာနိုင်သည့်အပြင် စားသောက်ကုန်များ သယ်ဆောင်ခြင်းနှင့် ထွက်ကုန် များဖြစ်သည့် လက်ဖက်ခြောက်များ သယ်ဆောင်ခြင်းများကိုလည်း လွယ်ကူစွာတင်ပို့ရောင်းချနိုင်မှာဖြစ်ပါတယ်။ တောင်ပေါ်တိုင်းရင်းသားများအတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေး အဆင့်အတန်းများလည်း အထူးတိုးတက်ကောင်းမွန်လာမှာဖြစ်ပါတယ်။ထို့ကြောင့် တောင်ပေါ် တိုင်းရင်းသားများအတွက် လမ်းပန်းဆက်သွယ်ရေးသည် အလွန် အလိုအပ်ဆုံးဖြစ်နေပါတယ်။ ယခုအခါ တောင်ကမ်းပါးများကို လူအားဖြင့် ကိုယ်ထူကိုယ်ထဖောက်လုပ်ထားသောမြေလမ်းများသာရှိပြီး မိုးရာသီတွင်သွားလာရေး အလွန်ခက်ခဲပါတယ်။ ၎င်းလမ်းကို မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ တစ်ဆင့် တင်ပြလျှောက်ထား ပြီးဖြစ်သည့်အတိုင်း လက်ရှိမြေသားလမ်းအဆင့်မှ ကျောက်ချောလမ်း အဆင့်သို့ သင့်လျော်သောရန်ပုံငွေဖြင့်ချပေးနိုင်ခြင်း ရှိ/မရှိနှင့် မည်သည့်အချိန်တွင် ချပေးနိုင်မည်ဖြစ်ကြောင်း သိလိုပါသဖြင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းရခြင်း

ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး တာဝန်ယူထားတဲ့ ဦးစိုင်းလုံကျော် ဖြစ်ပါတယ်။ ဦးစိုင်းလုံ၊ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းလာတဲ့ မိုင်းကိုင်မြို့နယ်၊ ဝမ်ယတ်ခမ်းနားကျေးရွာအုပ်စု၊ ပုန်းယမ်းကျေးရွာ အဝင်လမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်တိုးခင်းပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိနှင့် မည်သည့်အချိန်တွင် ခင်းပေးနိုင်မည်ဖြစ်ကြောင်းသိရှိလိုသည့်မေးခွန်းနှင့်ပတ်သက်၍ အဆိုပါလမ်း သည် လက်ရှိမြေပြင်အခြေအနေတွင် အရှည်(၃/၀)မိုင်ရှည်လျားပြီး ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နိုင်မည်ဆိုပါက ကျေးရွာ(၁)ရွာ၊ အိမ်ခြေ (၁၅၆)အိမ်၊ လူဦးရေ(၇၇၈)ဦးအား အကျိုးပြုနိုင်မည်ဖြစ်သည်။ အဆိုပါလမ်းအား ကျောက်ချောလမ်း အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် ကျေးလက်လမ်း



D/real(wide) (4



**ဥက္ကဋ္ဌ။** ရှေးဦးစွာ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းလုံက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံ၊ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးကိုတက်ရောက်လာကြသောလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ကိုယ်စားလှယ်တော်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံဖြစ်ပါတယ်။ ယခုကျွန်တော် မေးမြန်းမဲ့မေးခွန်းကတော့ ကျေးရွာချင်းဆက်လမ်းနှင့် စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းပဲဖြစ်ပါတယ်။ မေးခွန်းကတော့ မိုင်းကိုင်မြို့နယ်၊ ဝမ်ယတ်ခမ်းနားကျေးရွာအုပ်စု၊ ဝုန်းယမ်းကျေးရွာ အဝင်လမ်းအား ကျောက်ချောလမ်းခင်းပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ မေးမြန်းမည့်မေးခွန်းဖြစ်ပါတယ်။ ၎င်းလမ်းဟာ မိုင်းကိုင်-လဲချား ကားလမ်းပေါ်မှ အနောက်ဘက်သို့ လမ်းခွဲအတိုင်းတက်သွားပါက မိုင်းယွမ်းရွာကိုရောက်ပါတယ်။ ၎င်းရွာမှ တောင်ဘက်သို့ မိုင်းယွန်းကျေးရွာ၊ ပန်ဆိုင်နန်းကျေးရွာ၊ လဲချားမြို့နယ်၊ ဟိုဖိုင်ကျေးရွာအုပ်စုတို့ကို ပေါက်ရောက်ပါတယ်။ အနောက်ဘက်ကို ဆက်သွားမည်ဆိုပါက ဝမ်ကန်၊ နောင်ချို၊ ကွန်းလုံးကျေးရွာအုပ်စု၊ ထိုမှတစ်ဆင့် ဟိုပုံးမြို့နယ်

တံတား(၁၅)နှစ်စီမံကိန်း၏ (၂၀၁၉-၂၀၂၀)ခု ဘဏ္ဍာရေးနှစ်မှာ ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ဆက်လက်ပြီး သိန္နီမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းခင်ထားရီ၊သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။** ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးကို ကြွရောက်လာကြတဲ့ လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော် သားကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာ ပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်း တောင်း အပ်ပါတယ်ရှင်။ ကျွန်မကတော့ သိန္နီမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ ဖြစ်ပါတယ်။ကျွန်မ မေးမြန်းမဲ့မေးခွန်းကတော့ လေလံတင်ရောင်း ချခြင်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၅အရ ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင်၊ သိန္နီမြို့တွင် (၁-၈-၂၀၁၇) ရက်နေ့၌ နွားထီး(၂၈)ကောင်၊ ကျွဲ(အထီး+အမ) အရွယ်စုံ(၄၀)





မြို့မရဲစခန်းမှ တာဝန်ယူ၍ အပ်နှံထားပါတယ်။ ဖမ်းဆီးသည့် အချိန်မှ လေလံတင်ရောင်းချချိန်အထိ(၈)လနီးပါး ကြာမြင့်ပါတယ်။ (၈)လနီးပါးခန့်ထိန်းသိမ်းထားတဲ့ ကျွဲ၊ နွားများကို လေလံတင် ရောင်းချရေးအဖွဲ့က(၂၇-၇-၂၀၁၇)ရက်စွဲပါ ကြော်ငြာစာထုတ်ပြန် သော်လည်း ကြော်ငြာသင်ပုန်းများတွင် (၂၈-၇-၂၀၁၇)ရက်နေ့ မှသာကပ်နိုင်ခဲ့ပါတယ်။ ကြော်ငြာရက်နှင့် လေလံတင်ရောင်းချ သည့်နေ့သည် (၃-၄)ရက်သာ ခြားနားသဖြင့် အချိန်အလွန်နီးကပ် လွန်းကြောင်း သိရှိရပါတယ်။ ထို့ပြင် ကြော်ငြာစာပါ စာပိုဒ်(၅)တွင် လေလံတင်ဆွဲဝယ်ယူလိုသူများသည် လေလံတင်ရောင်းချမည့် နွား ထီး(၂၈)ကောင်၊ ကျွဲ(အထီး+အမ) (၄၀)ကောင်၊ စုစုပေါင်း(၆၈) ကောင်တို့အား သိန္နီမြို့ ကောင်းဟော်ကျေးရွာအုပ်စု၊ ကောင်းဟော် ကျေးရွာနေ ဦးအောင်ဆာ၏နွားခြံသို့ သွားရောက်ကြည့်ရှုနိုင်သည် ဟုပါရှိသော်လည်း အမှန်တကယ် လေလံဆွဲဝယ်ယူလိုသူများက (၃၀-၇-၂၀၁၇)ရက်နေ့နှင့် (၃၁-၇-၂၀၁၇)ရက်နေ့၌ သွားရောက် ကြည့်ရှုသည့်အခါ ကျွဲနှင့်နွားများကို မတွေ့ရှိရပေ။ ထို့ကြောင့် မေးမြန်းလိုသည့် မေးခွန်းများမှာ-

(၁) ဖမ်းဆီးထားသော ကျွဲ၊ နွားများကို ဖမ်းမိသည့် နေ့မှစ၍ လေလံတင်ရောင်းချသည့်နေ့အထိ ရက်အကန့်အသတ်ဘယ်လောက်ထားရှိပါ သလဲ။ အချိန်ကြာမြင့်လာတဲ့အခါမှာနွား(၁) ကောင်၊ကျွဲ(၄)ကောင်သေဆုံးခဲ့ရပြီး (၈)လခန့်

ထိန်းသိမ်းထားခြင်းသည်အဘယ်ကြောင့်နည်း။

(၂) ကြော်ငြာသည့်ရက်နှင့် လေလံတင် ရောင်းချမည့်ရက်မည်မျှခြားနားရမည်နည်း။ ယခု(၃-၄) ရက်သာခြားခြင်းသည် အဘယ်ကြောင့်နည်း။ စည်းကမ်းချက်နှင့် ကိုက်ညီပါသလား။

(၃) လေလံတင်ရောင်းချရေးအဖွဲ့ကို မည်ကဲ့သို့ဖွဲ့စည်းရမည်နည်း။မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်တရားသူကြီးနှင့် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူးတို့နှင့်သာ ဖွဲ့စည်းထားသည်မှာ လုပ်ထုံးလုပ်နည်းနှင့်ကိုက်ညီမှုရှိပါသလား။

(၄) လေလံတင်ရောင်းချရာတွင် မည်သည့်ဌာနများကို ဖိတ်ရန်လိုအပ်ပြီး မည်သည့်ဌာနများကို ဖိတ်ကြားရန်မလိုသည့်ကန့်သတ်ချက်များရှိပါသလား။

(၅) သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များကို လည်းဖိတ်ကြားရန်လိုအပ်ပါသလား။ မလိုအပ်ပါကအဘယ်ကြောင့်နည်း။

(၆) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သိန္နီမြို့နယ်အတွက် တစ်လလျှင်နွားကောင်ရေမည်မျှကို သယ်ယူခွင့်ပြုထားသနည်း။ သယ်ယူခွင့်ပြုသူ ဘယ်နှစ်ဦးရှိပါသနည်း။



D/real(wide) (5



ကောင်တို့ကို သိန္နီမြို့၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ အစည်းအဝေးခန်းမတွင် လေလံတင်ရောင်းချခဲ့ပါတယ်။ ကျွန်မဒီမေးခွန်းကို မေးမြန်းရခြင်းရဲ့ အကြောင်းရင်း (၃)ချက်ရှိပါတယ်။

(၁) ကျွန်မတို့နိုင်ငံဟာ အရွေ့တစ်ခုကို သွားနေတဲ့ အတွက်ကြောင့် ပြိုင်တူတွန်းရင်ရွေ့နိုင်ပါတယ် ဆိုသလို လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ တာဝန်တစ်ရပ်ဖြစ်တဲ့ အစိုးရကို Check and Balance လုပ်ရမယ်လို့ ပါရှိပါတယ်။

(၂) ပွင့်လင်းမြင်သာမှုရှိရပါမယ်။

(၃) အဂတိကင်းပြီး နိုင်ငံတော်၏ အခွန်ဘဏ္ဍာငွေကို အပြည့်အဝရရှိစေရေးဆိုတဲ့ ရည်ရွယ်ချက်နဲ့မေးမြန်းရပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ဖြစ်စဉ်အကျဉ်းကို တင်ပြရမည်ဆိုလျှင် သိန္နီမြို့နယ်မှာရှိ ကွတ်ခိုင်အထွက်ဘက် Oriental Highway Company ၏ Toll Gate ၌ (၇-၁၁-၂၀၁၆)ရက်နေ့၊ ည(၁၂)နာရီ အချိန်ခန့်တွင် သိန္နီမြို့၊ မြို့လယ် မင်္ဂလာရုံကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ဦးဆောင်၍ နွား(၂၉)ကောင်၊ ကျွဲ(၄၄)ကောင်၊ စုစုပေါင်း(၇၃)ကောင်ကို ပိုင်ရှင်မဲ့အဖြစ်ဖမ်းဆီးခဲ့ပါတယ်။ ဖမ်းဆီးထားသောကျွဲ၊နွား(၇၃)ကောင်ကို သိန္နီမြို့၊ ကောင်းဟော်ကျေးရွာအုပ်စု၊ ကောင်းဟော် ကျေးရွာနေ ဦးအောင်ဆာ၏ နွားခြံသို့ (၈-၁၁-၂၀၁၆)ရက်နေ့တွင် သိန္နီမြို့၊

(၇) လားရှိုးမြို့၊ နမ့်ယောင်းချောင်း A.D တံတားမှာရှိတဲ့ရဲကင်းမှာလည်း နွားတွေကို ဖမ်းထားတာတွေကိုတွေ့ရပါတယ်။ ဖမ်းဆီးထားပြီး မည်သည့်အချိန်တွင်လေလံဆွဲမည်နည်း။ နွားကောင်ရေမည်မျှနည်း။

(၈) လေလံတင်ရောင်းချရသော ဘဏ္ဍာငွေများကို မည်ကဲ့သို့ခွဲဝေပေးသနည်း။ မြို့နယ်ဖွံ့ဖြိုးရေးအတွက်ရာခိုင်နှုန်းမည်မျှခွဲဝေပေးသနည်း။ ခွဲဝေခြင်းမရှိပါက အဘယ်ကြောင့်နည်း။

အထက်ပါမေးခွန်းများကို ပြည်သူများသိရှိစေရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ပြည်နယ်လွှတ်တော် တရားသူကြီးချုပ်နှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက အလှည့်ကျ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးကြွယ်ကြွယ်၊ပြည်နယ်လွှတ်တော်တရားသူ ကြီးချုပ်။** အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တရားလွှတ်တော်၊ တရားသူကြီးချုပ် ဦးကြွယ်ကြွယ်ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်



D/real(wide) (5



မဟုတ်ပါဘူးဆိုတာကို သိရှိစေလိုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က သူ့မေးခွန်းရဲ့ ရည်ရွယ်ချက်ကို ပြောသွားပါတယ်။ ကျွန်တော်အနေနဲ့လည်း ရည်ရွယ်ချက်(၄)ခုနဲ့ ကောင်းမွန်သောရည်ရွယ်ချက်နှင့် မေးမြန်းတယ်လို့ယူဆပါတယ်။ နံပါတ်(၁)ကတော့ ပွင့်လင်းမြင်သာမှုရှိရေး၊ ပြည်သူ့ဘဏ္ဍာဆုံးရှုံးမှုမရှိစေရေး၊ လွှတ်တော်ကိုယ်စားလှယ်မှ ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး၊ မြို့နယ်ဖွံ့ဖြိုးမှုရန်ပုံငွေရရှိရေးစသည့် ရည်ရွယ်ချက်နှင့် မေးတယ်လို့ယူဆပါတယ်။ ဒီမေးခွန်းနဲ့ ပတ်သက်ပြီး လွှတ်တော်ဥက္ကဋ္ဌကြီးကိုလည်း လွှတ်တော် စတင်တဲ့နေ့ (၂၈-၈-၂၀၁၇)ရက်နေ့မှာ ကျွန်တော်ဖြေပါရစေလို့ တင်ပြပြီးမှ ကျွန်တော်ဖြေဆိုခြင်းဖြစ်ပါတယ်။ ဒီနေ့တင်ပြတာနဲ့ ပတ်သက်ပြီး လားရှိုးမှာဖမ်းထားတဲ့ နွားတွေနဲ့ စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်များမှ သတင်းအချက်အလက်များကို ကြိုတင်ပေးပို့ဖို့ လိုအပ်တယ်လို့ ယူဆလို့ ကျွန်တော်က စောစီးဖြေဆိုခြင်းဖြစ်ပါတယ်။ သိန္နီမြို့နယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီရဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီးတော့မှ ကျွန်တော်ဖြေဆို တင်ပြမှာကတော့-

မေးခွန်း(က)တွင် ဖမ်းဆီးထားသော ကျွဲ၊ နွားများကို ဖမ်းမိသည့် နေ့မှစ၍ လေလံတင်ရောင်းချသည့်နေ့အထိ ရက်အကန့်အသတ် မည်မျှထားရှိသနည်း။ အချိန်ကြာမြင့်သောကြောင့် နွား (၁)ကောင်၊ ကျွဲ (၄)ကောင် သေဆုံးခဲ့ရသည်။ (၈)လခန့် ထိန်းသိမ်းထားခြင်းမှာ အဘယ့်ကြောင့်နည်း စသည့်မေးခွန်းနှင့်

စပ်လျဉ်း၍ ထိုအမှုမှာ သိန္နီမြို့နယ်တရားရုံး၏ ရာဇဝတ်အထွေထွေမှုအမှတ်- ၃/၂၀၁၇၊ ၄/ ၂၀၁၇၊ ၅/ ၂၀၁၇ တို့နှင့် ဆက်စပ်ပြီး အမှုမှဖမ်းဆီးထားသော သက်သေခံ ကျွဲ၊ နွား (၇၃)ကောင်ဖြစ်ပါတယ်။ ထိုသို့ တရားမဝင် တင်ဆောင်လာသော ကျွဲ၊ နွားတို့နှင့် စပ်လျဉ်း၍ (၆. ၃. ၂၀၁၇) ရက်နေ့တွင် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ - ၅ /ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၅၁၂ ဖြင့်တရားစွဲဆိုတင်ပို့ခဲ့ပြီး (၂၇-၄-၂၀၁၇)ရက်နေ့တွင် သက်သေခံ ကျွဲ၊နွားများအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန် အပြီးသတ်အမိန့်ချမှတ်ခဲ့ပါသည်။ ဒါကြောင့် ကျွန်တော်တို့ တရားရုံးမှာ တရားစွဲဆို တင်ပို့သည့်ကာလမှ အပြီးသတ် အမိန့်ချမှတ်သည့် အချိန်အထိ တရားစစ်ဆေးစီရင်မှုမှာ (၁)လနှင့် (၂၁)ရက်သာ ကြာမြင့်ပါတယ်။ သက်သေခံ ကျွဲ၊ နွားများကို ဖမ်းဆီးရမိသည့်နေ့ (၈. ၁၁. ၂၀၁၆)ရက်နေ့မှ (၆. ၃. ၂၀၁၇) ရက်နေ့ အထိဖမ်းဆီးသည့် တရားစွဲအဖွဲ့အစည်းမှ ခေတ္တထိန်းသိမ်းထားခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ အမှုစစ်ဆေးနေစဉ် ကျွဲ (၁)ကောင် သေဆုံးပြီး အပြီးသတ်အမိန့်ချမှတ်ပြီးလေလံတင် မရောင်းချမီအတွင်း ကျွဲ(၃)ကောင်၊ နွား (၁)ကောင်သေဆုံးခဲ့ပါတယ်။

မေးခွန်း(ခ)တွင် ကြော်ငြာသည့်ရက်နှင့် လေလံတင် ရောင်းချမည့်ရက် မည်မျှခြားရမည်နည်း။ယခု(၃)(၄)ရက်သာခြားခြင်းသည်အဘယ်ကြောင့်နည်း။ စည်းကမ်းချက်နှင့်ကိုက်ညီပါသလား မေးခွန်းနှင့်စပ်လျဉ်း၍ ကြော်ငြာသည့်ရက်နှင့် လေလံတင်





တော်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါတယ်။ ဒီမေးခွန်းကို မဖြေကြားမီ လုပ်ငန်းသဘောသဘာဝ အနည်းငယ် ရှင်းလင်း တင်ပြလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံပုဒ်မ ၃၀၈ အရ ကျွန်တော်ဟာ ရှမ်းပြည်နယ်တရားလွှတ်တော်ရဲ့ အကြီးအမှူးဖြစ်ပါတယ်။ ပုဒ်မ ၃၁၄ အရ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ တရားရုံးတွေဟာ တရားစီရင်ရေးဆိုင်ရာ ကြီးကြပ်ကွပ်ကဲမှုတွေ ပေးနေရသော၊ တာဝန်ခံပေးနေရသည့် ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ဒီမေးခွန်းကို မူလကလွှတ်တော်မှ အစိုးရအဖွဲ့ကို ပေးပို့လိုက်ပါတယ်။ အစိုးရအဖွဲ့ကလည်း သက်ဆိုင်ရာ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် သက်ဆိုင်သည်ဟု ဖြေကြားပေးရန်ပေးခဲ့ပါတယ်။ ဒီမှာ ပြန်ကြည့်ရင် မေးခွန်း(၈)ခုတွေ့ရပါတယ်။ မေးခွန်း(၈)ခုမှာ တရားစီရင်ရေး မဏ္ဍိုင်နှင့်ဆိုင်တာက (၅)ခုသာပါပြီး၊ တရားစီရင်ရေးမဏ္ဍိုင်နှင့် အုပ်ချုပ်ရေးမဏ္ဍိုင် (၂)ခုစလုံးနှင့် သက်ဆိုင်တဲ့ မေးခွန်း(၂)ခုပါရှိပါ တယ်။ ဒါကလည်း လုပ်ငန်းသဘာဝအရ တရားစီရင်ရေးမဏ္ဍိုင်နှင့် အုပ်ချုပ်ရေးမဏ္ဍိုင် ပူးပေါင်းဆောင်ရွက်နေမှုတွေပါဝင်နေလို့ပဲဖြစ်ပါတယ်။ တစ်ခုတင်ပြချင်တာကတော့ အုပ်ချုပ်ရေးမဏ္ဍိုင်အတွက် မေးခွန်းတစ်ခုပါပါတယ်။ ကျွန်တော်ကတော့ မေးခွန်း(၇)ခု ဖြေပါမယ်။ (၇)ခုထဲမှာက မေးခွန်း(၂)ခုက အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင် ရေးမဏ္ဍိုင် ရောထွေးနေတဲ့အတွက် အုပ်ချုပ်ရေးမဏ္ဍိုင်က တာဝန်ယူရမဲ့ကိစ္စတွေကိုကျွန်တော်က ဖြေခဲ့ရင်ကျွန်တော် တာဝန်ခံဖြေတာ

ရောင်းချမည့်ရက် မည်မျှခြားရမည်ဟု သတ်မှတ်ချက်မရှိပါ။ အများပြည်သူသိရှိနိုင်ရန်အတွက်အချိန်ကြာကြာရယူခြင်းက ပိုမိုကောင်းမွန်ပါတယ်။ သို့သော် ပျက်စီးပုပ်သိုးလွယ်သော၊ ပျောက်ပျက်သေဆုံးနိုင်သော အသားငါး၊ ဟင်းသီးဟင်းရွက်၊ သစ်သီးသစ်နှံနှင့်ကျွဲ၊ နွားတိရစ္ဆာန်များကို မြန်မြန်ထုခွဲရောင်းချရပါသည်။ သို့ဖြစ်ပါ၍ လေလံတင်ရောင်းချရန် ကြော်ငြာသည့်နေ့ရက်နှင့် လေလံတင်ရောင်းချသည့်နေ့ရက်တို့ (၃)(၄)ရက် ကွာခြားခြင်းသည် စည်းကမ်းချက်နှင့် မကိုက်ညီဟု မဆိုနိုင်ပါ။

မေးခွန်း (ဂ)တွင် လေလံတင်ရောင်းချရေးအဖွဲ့ကို မည်ကဲ့သို့ ဖွဲ့စည်းရမည်နည်း။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ် တရားသူကြီး၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူးတို့နှင့်သာ ဖွဲ့စည်းထားခြင်းမှာ လုပ်ထုံးလုပ်နည်းနှင့်ညီပါသလား မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ (၃၀-၁၁-၂၀၁၅) ရက်စွဲပါ၊ အမိန့်ကြော်ငြာစာအမှတ်-၁၂၈/၂၀၁၅ ဖြင့် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အဆင့်က စီမံခန့်ခွဲရမည့် ပစ္စည်းစာရင်းတွင် တရားရုံး၏အမိန့်အရ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများပါဝင်ပါတယ်။ ထို့အပြင် ပြည်ထောင်စု အစိုးရအဖွဲ့ရုံး၏ (၂၁. ၂. ၂၀၁၇)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်-၁၇/၂၀၁၇ ဖြင့်လည်းကောင်း တရားရုံးအမိန့်အရ နိုင်ငံတော်ဘဏ္ဍာ အဖြစ်သိမ်းဆည်းသော ပစ္စည်းများအနက် လိုင်စင်မဲ့မော်တော်ယာဉ်မှတစ်ပါး အခြားရွှေ့ပြောင်းနိုင်သော



D/real(wide) (5



နွားများလေလံတင် ရောင်းချရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ လေလံကြမ်းခင်းဈေးသတ်မှတ်ခြင်းတို့မှာ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဖြစ်ကြောင်းဖြေဆိုအပ်ပါတယ်။

မေးခွန်း(ဃ)တွင်လေလံတင်ရောင်းချရာတွင် မည်သည့်ဌာနများကို ဖိတ်ရန်လိုအပ်ပြီး မည်သည့်ဌာနများကို ဖိတ်ကြားရန်မလိုသည့် ကန့်သတ်ချက်များရှိပါသလား မေးခွန်းနှင့်စပ်လျဉ်း၍ မည်သည့်ဌာနကို ဖိတ်ကြားရမည်၊ မည်သည့်ဌာနကိုမဖိတ်ကြားရဟူ၍ကန့်သတ်ချက်မရှိပါ။ လေလံတင်ရောင်းချခြင်းကို အများပြည်သူသိရှိရေးအတွက် ကြော်ငြာရန်သာလိုအပ်ပါတယ်။

မေးခွန်း(င)တွင်သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များကိုလည်း ဖိတ်ကြားရန်လိုပါသလား။ မလိုအပ်ပါက အဘယ်ကြောင့်နည်းမေးခွန်းနှင့် စပ်လျဉ်း၍အထက်အပိုဒ်တွင် ဖြေဆိုပြီးဖြစ်ပါတယ်။ ထို့သို့လေလံတင်ရောင်းချခြင်းကို လွှတ်တော်ကိုယ်စားလှယ်များသိရှိရန် လိုအပ်သည်၊ ဖိတ်ကြားရန် လိုအပ်သည်ဟုယူဆပါက ရှမ်းပြည်နယ်လွှတ်တော်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့၌ ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စသာဖြစ်ပါသည်။

မေးခွန်း(စ)တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သိန္နီမြို့နယ်အတွက်တစ်လလျှင်နွားကောင်ရေမည်မျှကို သယ်ယူခွင့်ပြုထားသနည်း။ သယ်ယူခွင့်ပြုသူဘယ်နှစ်ဦးရှိသနည်း မေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဖြေကြားရန်ဖြစ်ပါတယ်။

မေးခွန်း(ဆ)တွင် ရှမ်းပြည်နယ် လားရှိုးမြို့နယ်၊ နမ့်ယောင်

ချောင်း A.D တံတားရှိ ရဲကင်းတွင်လည်း နွားများကို မည်သည့် အချိန်တွင်ဖမ်းဆီးထားပြီးမည်သည့်အချိန်တွင် လေလံဆွဲမည်နည်း မေးခွန်းနှင့်စပ်လျဉ်းပြီး ထိုသက်သေခံနွားများနှင့် စပ်လျဉ်း၍ (၇-၃-၂၀၁၇) ရက်နေ့က လားရှိုးမြို့နယ်တရားရုံး၏ ရာဇဝတ်ကြီးမှု အမှတ်- ၆၇၀/၁၇ တွင် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေ ပုဒ်မ-၅အရ တရားခံ(၂၁)ဦးအပေါ် တရားစွဲဆိုတင်ပို့ခဲ့ရာ (၁၉. ၆. ၂၀၁၇)ရက်နေ့က အပြီးသတ်အမိန့်ချမှတ်ခဲ့ပြီး သက်သေခံနွား(၅၁)ကောင်ကို အယူခံရက်ကျော်က ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန် အမိန့်ချမှတ်ခဲ့ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏(၄. ၃. ၂၀၁၆)ရက်စွဲပါစာအမှတ်-၂၉၄၃/၇-၂၁၆/အစရ (ရှမ်း) အရ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်တရားသူကြီး၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးမှူးတို့ပါဝင်သောလေလံတင်ရောင်းချရေးအဖွဲ့ဖွဲ့စည်းကာ ကြမ်းခင်းဈေးသတ်မှတ်၍ အတည်ပြုပေးပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြခဲ့ပါတယ်။ ထိုကြမ်းခင်းဈေးအား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အတည်ပြုသဖြင့် ထိုနွား(၅၁)ကောင်အား(၃၀-၈-၂၀၁၇)ရက်နေ့တွင် လေလံတင်ရောင်းချမည်ဖြစ်ကြောင်း၊ မြို့နယ်လေလံတင်ရောင်းချရေးအဖွဲ့မှ(၁၆. ၈. ၂၀၁၇)ရက်နေ့တွင် လေလံကြော်ငြာထုတ်ဆင့်ခဲ့ပြီးဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

မေးခွန်း(ဇ)တွင်လေလံတင်ရောင်းချသော ဘဏ္ဍာငွေများကိုမည်ကဲ့သို့ခွဲဝေပေးသနည်း။ မြို့နယ်ဖွံ့ဖြိုးရေးအတွက် ရာခိုင်နှုန်း





ပစ္စည်းများကို တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် အဆင့်မှ စီမံခန့်ခွဲရပါသည်။ ထိုညွှန်ကြားချက်များကိုအဖြေလွှာနှင့်အတူ မိတ္တူတင်ပြထားပါသည်။ တရားရုံးမှ ပြည်သူ့ဘဏ္ဍာ သိမ်းဆည်းသဖြင့် လေလံတင်ရောင်းချသော ရွှေ့ပြောင်းနိုင်သည့် သက်သေပစ္စည်းများ၏ ရောင်းချရငွေကို လုပ်ထုံးလုပ်နည်းအရ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေသို့ ပေးသွင်းရသဖြင့် ကြမ်းခင်းဈေးသတ်မှတ်ခြင်း၊ လေလံတင်ရောင်းချခြင်း အဖွဲ့ဖွဲ့စည်းခြင်းတို့ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်ဆောင်ရွက်ပါတယ်။ ထိုသို့ လေလံတင်ရောင်းချသည့် အဖွဲ့ဖွဲ့စည်းရာတွင် ကျွဲ၊ နွား၊ မြင်းစသည့် တိရစ္ဆာန်များနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ (၄. ၃. ၂၀၁၆) ရက်စွဲပါစာအမှတ်-၂၉၄၃ /၇-၂၁၆ / အစရ (ရှမ်း)ဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်တရားသူကြီး၊ မြို့နယ်ဦးစီးမှူး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးတို့ပါဝင်သော အဖွဲ့ဖွဲ့စည်းဆောင်ရွက်ရန် ညွှန်ကြားထားပါတယ်။ သိန္နီမြို့နယ်တရားရုံး၏ ရာဇဝတ်အထွေထွေမှုအမှတ်-၃/၂၀၁၇၊ ၄/၂၀၁၇၊ ၅/၂၀၁၇တို့မှ ပြည်သူ့ဘဏ္ဍာ သိမ်းဆည်းထားသောသက်သေခံ ကျွဲ၊ နွား(၇၃)ကောင်နှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်တရားရေးဦးစီးမှူးရုံး၏ (၁၀. ၅. ၂၀၁၇)ရက်စွဲပါစာအမှတ်-၂၅၉၄/၁၃-၂/၂၀၁၇ဖြင့် လေလံကြမ်းခင်းဈေးများအတည်ပြုနိုင်ရန်တင်ပြခဲ့ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၏(၃. ၇. ၂၀၁၇)ရက်စွဲပါစာအမှတ်-၇၄၀၀/၇-၂၁၆/အစရ (ရှမ်း)ဖြင့် အတည်ပြုပြန်ကြားခဲ့ပါသည်။ သို့ဖြစ်ရာ သက်သေခံ ကျွဲ၊

မည်မျှခွဲဝေပေးသနည်း။ ခွဲဝေခြင်းမရှိပါက အဘယ်ကြောင့်နည်း။ မေးခွန်းနှင့်စပ်လျဉ်း၍ သက်သေခံ ကွဲ၊ နွား စုစုပေါင်း (၆၈)ကောင် အတွက် လေလံတင်ရောင်းချရငွေစုစုပေါင်းမှာ(၂၃၂၆၂၀၀၀/-) ကျပ်(နှစ်ရာသုံးဆယ်နှစ်သိန်းခြောက်သောင်းနှစ်ထောင်)ဖြစ်ပါတယ်။ ထိုလေလံတင်ရောင်းချရသော ငွေကြေးများကို ပြည်ထောင်စုအစိုးရ အဖွဲ့၏ညွှန်ကြားချက်နှင့် အညီ(၁-၈-၂၀၁၇)ရက်နေ့တွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ရန်ပုံငွေသို့ ပေးသွင်းထားပြီးဖြစ်ပါတယ်။ အစိုးရဘတ်ဂျက်ကိုခွဲဝေသုံးစွဲရာတွင် ရငွေပိုင်းနှင့် သုံးငွေပိုင်းမှာ ဘဏ္ဍာရေးကျင့်စဉ်အရ သီးခြားစီဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ရငွေများကို ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေသို့ ပေါင်း၍ပေးသွင်းပြီး နောက်မှ ဘတ်ဂျက်ရေးဆွဲ၍ သက်ဆိုင်ရာကဏ္ဍအလိုက်၊ မြို့နယ် အလိုက် သုံးစွဲနိုင်ရန်ခွဲဝေချထား ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ဘဏ္ဍာရေးကျင့်စဉ်အရ ရငွေတစ်ခုချင်းအလိုက် သက်ဆိုင်ရာ မြို့နယ်များသို့ ခွဲဝေကျင့်သုံးနေခြင်းမဟုတ်ပါ။ ထိုကျင့်စဉ်များကို ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ရှမ်းပြည်နယ် လွှတ်တော်တို့မှ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသော ကျင့်စဉ်များသာ ဖြစ်ပါ တယ်။ ကျေးဇူးတင်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး။** ဆက်လက်ပြီးကျွန်တော့်အနေဖြင့် မေးခွန်း(စ)နှင့်ပတ်သက်ပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။





လက်မှတ်စနစ်ဖြင့်စိစစ်ချထားရာ အမဲသားသတ် လုပ်ငန်း(၉)ခုအတွက် လုပ်ကိုင်ခွင့်ရရှိသူ(၄)ဦး ဖြစ်ပြီးတစ်လအတွက်သတ်ဖြတ်ရမည့် ကောင်ရေ မှာသိန္နီမြို့မှအမဲ(၉)ကောင်၊ နမ့်စလပ်ကျေးရွာအမဲ (၁၈)ကောင်၊ စယ်အူကျေးရွာအမဲ(၁၈)ကောင်၊ ကျောင်းခမ်းကျေးရွာအမဲ(၃)ကောင်၊ ပိန်းဆာ ကျေးရွာ အမဲ(၃)ကောင်၊မိုင်းပါးကျေးရွာအမဲ(၃) ကောင်၊ နားတီးကျေးရွာအမဲ(၃)ကောင်၊ စံလောင်း ကျေးရွာအမဲ(၆)ကောင်၊ကွန်ကောက်ကျေးရွာ အမဲ (၆)ကောင်၊ စုစုပေါင်း(၆၉)ကောင်ဖြစ် ပါတယ်။

(၂) သိန္နီမြို့နယ်၏အမဲကုန်ကြမ်း စားသုံးမှုအတွက် တစ်လလျှင်(၆၉)ကောင် လိုအပ်သော်လည်း ဒေသတွင်း၌ရှိသော ကောင်ရေနှင့်လုံလောက်မှု မရှိ၍ ပြည်နယ်အတွင်း အခြားဒေသမှ လိုအပ် သောနွားကောင်ရေကို သားသတ်လိုင်စင်ရရှိ ထားသူကုမ္ပဏီများမှ ဝယ်ယူသယ်ဆောင်လို ကြောင်း ပြည်နယ်အစိုးရအဖွဲ့သို့ လျှောက်ထား လာပါကမှန်ကန်မှုရှိ/ မရှိမှုနှင့် အနည်းဆုံးလိုအပ် သည့် ကောင်ရေကိုသာ တင်ပြနိုင်ရေး ပြည်နယ် စည်ပင်သာယာရေးကော်မတီ၊ ပြည်နယ်မွေးမြူ



D/real(wide) (5

ရေးနှင့် ကုသရေးဦးစီးဌာန၊ ခရိုင်စီမံခန့်ခွဲရေးကော်မတီသို့လည်းကောင်း၊ ဝယ်ယူလိုသည့်ဒေသတွင် ဒေသနွားပိုလျှံမှု ရှိ/မရှိအား မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ခရိုင်စီမံခန့်ခွဲရေးကော်မတီများသို့လည်းကောင်း စိစစ်တင်ပြစေပါတယ်။

(၃) ပြည်နယ်စည်ပင်သာယာရေးကော်မတီနှင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီမှ လိုင်စင်စီရရှိပြီး အမှန်တကယ်လိုအပ်ချက်ရှိကြောင်း စိစစ်ချက်၊ ဒေသနွားပိုလျှံမှုရှိကြောင်းစိစစ်ချက်၊ ပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှလည်း ၁၉၄၇ ခုနှစ်အရေးကြီးကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာအက်ဥပဒေ ပုဒ်မ ၆ အရ ပြည်သူအများစားသုံးရန်အတွက် ကျွဲ၊ နွားသတ်ဖြတ်ခွင့်လိုင်စင်ရရှိထားသူတစ်ဦးဦးသည် ကျွဲ၊ နွားသတ်ဖြတ်သည့်အခါအောက်ဖော်ပြပါ သတ်မှတ်ချက်နှင့်ကိုက်ညီသော ကျွဲ၊နွားများဖြစ်ကြောင်းစစ်ဆေးအတည်ပြုတင်ပြချက်-

(က) အသက်(၁၆)နှစ်နှင့် ၎င်းအထက်အရွယ်ရှိ ကျွဲ၊ နွားအထီးများ၊

(ခ) ဒဏ်ရာများကြောင့်ဖြစ်စေ၊ ကိုယ်အင်္ဂါ





ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သိန္နီမြို့နယ်အတွက် တစ်လလျှင် နွားကောင်ရေမည်မျှကို သယ်ယူခွင့်ပြုထားသနည်း။ သယ်ယူ ခွင့်ပြုသူဘယ်နှစ်ဦးရှိပါသနည်း မေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးခရိုင်၊ သိန္နီမြို့နယ်၊ ကောင်းဟော်ကျေးရွာအုပ်စု၊ ကောင်းဟော်ကျေးရွာမှာလေလံတင်ရောင်းချ ခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်းကိုအောက်ပါအတိုင်း ပြန်လည်ဖြေကြားအပ်ပါတယ်-

(၁) ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနအနေဖြင့် ပြည်နယ်အတွင်းရှိ မြို့နယ်/ မြို့နယ်ခွဲစည်ပင်သာယာရေးဌာနများမှ အသားအမျိုးအစားအလိုက် သားသတ်လုပ်ငန်းများ စိစစ်ချထားရာတွင် ပြည်သူများအသား လုံလောက်စွာစားသုံးနိုင်ရန်ရည်ရွယ်ပြီးတော့ မြို့ပေါ်/ ကျေးလက်ဈေးအလိုက် လူဦးရေအခြေအနေ၊အသားစားသုံးမှုအခြေအနေတို့ကိုတွက်ချက်ပြီး သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ထောက်ခံချက်တို့ဖြင့် တင်ပြလာသည့် သားသတ်ကောင်ရေများကိုစိစစ်ခွင့်ပြုပေး လျက်ရှိပါတယ်။ ၂၀၁၇-၂၀၁၈ခုဘဏ္ဍာရေးနှစ်တွင် သိန္နီမြို့နယ်စည်ပင်သာယာရေးဌာနမှ သားသတ်လုပ်ငန်းများကိုအသားထုတ်လုပ်ရောင်းချခွင့်



D/real(wide) (5

ချို့တဲ့ခြင်းကြောင့်ဖြစ်စေ၊ အစဉ်သဖြင့် အလုပ်မလုပ်နိုင်သော နွားအထီးများ၊

(ဂ) အိုရှဖြစ်စေ၊ဒဏ်ရာကြောင့်ဖြစ်စေ၊ ကိုယ်အင်္ဂါချို့တဲ့ခြင်းကြောင့်ဖြစ်စေ၊ အလုပ်လုပ်ရန် (သို့) သားမွေးရန် အစဉ်သဖြင့် မသင့်လျော်သော ကျွဲ၊ နွားအမများ၊

(၄) အထက်ပါ ဝယ်ယူလိုသည့်ဒေသရှိ ဌာနများ၏ တင်ပြချက်၊ လိုင်စင်ခွင့်ပြု ထားသော မြို့နယ်အတွင်း အမှန်တကယ် လိုအပ်မှုရှိကြောင်း စိစစ်ချက်များဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပုံမှန်အစည်းအဝေးသို့ တင်ပြအတည်ပြုချက် ရယူ၍ သယ်ဆောင်ခွင့်ပြုခြင်းဖြစ်ပါတယ်။ထိုသို့ သတ်မှတ်ထားသည့်ရက်အတွင်းသာ သယ်ဆောင်ရန်၊

(၅) ဖြတ်သန်းသွားလမ်းတစ်လျှောက်ရှိ ခရိုင်/ မြို့နယ် စီမံခန့်ခွဲမှုကော်မတီများသို့ သတင်းပေးပို့စေပြီး ခရိုင်များမှလည်း ဆောင်ရွက်ပြီးစီးမှုများအား ပြန်လည်တင်ပြစေပါတယ်။

သိန္နီမြို့နယ်အတွင်း ဇူလိုင်လ၊ ဩဂုတ်လ၊ စက်တင်ဘာလ (၃)လအတွက် သားသတ်လိုင်စင်မှ ခွင့်ပြုကောင်ရေမှာ (၂၀၇) ကောင်ဖြစ်သော်လည်း အမှန်လိုအပ်သည့်ကောင်ရေ (၁၀၈)





တိုင်းပြည်မနစ်နာအောင် စီမံဆောင်ရွက်သွားဖို့ဖြစ်ပါတယ်။ မကြာမီကာလတွင် ညွှန်ကြားချက်ထွက်လာမည်ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များအားလုံးသို့ အသိပေးတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ယနေ့အတွက် ကြယ်ပွင့်ပြ မေးခွန်း မေးမြန်းခြင်း အစီအစဉ် ပြီးပါပြီ။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၇-၂၀၁၈ခုနှစ်၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်းအား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၇-၂၀၁၈ခုနှစ်၊ ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းအား ရှမ်းပြည်နယ်လွှတ်တော်သို့ပေးပို့လာပါတယ်။ ဒါကြောင့် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ အဆိုကို တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းရှဲန်တစ်လုံ၊ ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဦးစွာ ပဏာမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ်ဖြည့်စွက်ခွင့်ပြုငွေတောင်းခံထားသော ရှမ်းပြည်နယ်ရန်ပုံငွေကို ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်း သွားမှာ ဖြစ်ပါတယ်။ သက်ဆိုင်တဲ့အချက်အလက်များအားလုံးကိုလည်း ကိုယ်စားလှယ်ကြီးများအားလုံးထံသို့ အသီးသီးဖြန့်ဝေထားပြီးဖြစ်ပါတယ်။ တိုင်းဒေသကြီး (သို့မဟုတ်) ရှမ်းပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၂၅ အရ ဘဏ္ဍာရေးကော်မရှင်အဖွဲ့ဝင်ဖြစ်သော ရှမ်းပြည်နယ်ဝန်ကြီးချုပ်သည် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် မိမိတိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာလျာထားချက်များကို သတ်မှတ်ချိန်အတွင်းပြုစု၍ ရှမ်းပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ရရှိပါက ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြရမှာ ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်၊ ရှမ်းပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊ ၂၀၁၇ခု၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၄ ကို ရှမ်းပြည်နယ်လွှတ်တော်မှ (၂၂ -၃-၂၀၁၇ )ရက်နေ့တွင်ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ရှမ်းပြည်နယ်ရန်ပုံငွေတွင်ပါဝင်သော ဌာနအဖွဲ့အစည်းများသည်၂၀၁၇ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေအရ



D/real(wide) (5



ကောင်ကို နောင်ချိုမြို့မှ သိန္နီမြို့အထိ ပြည်နယ်တွင်းသယ်ဆောင်ခွင့်ပြုပြီးဖြစ်ကြောင်း လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါ်နန်းခင်ထားရီ၊သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ဥက္ကဋ္ဌကြီးရှင်။ အခုလို ပြည့်ပြည့်စုံစုံ ဖြေကြားပေးပါသော ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးတို့အား အထူးပင်ကျေးဇူးတင်ရှိပါတယ်ရှင်။ ဒီမေးခွန်းကိုအကန့်အသတ်နှင့်မေးမြန်းရခြင်းမှာ ကျွန်မတို့ မြို့နယ်တွင်ရေပူဂိတ်ရှိပါတယ်။ ထောက်ခံစာတွေပါလားမသိ၊ မပါလားမသိ နေ့စဉ် ည(၁၂)နာရီမှ နံနက် (၃)နာရီအတွင်း နွားကားများ (၁၀)စီးထက်မနည်း ဖြတ်သန်းသွားလာနေသည်ကို တွေ့ရှိရပါတယ်။ ဒါကြောင့်မို့ ဒီအကန့်အသတ်လေးတွေကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဦးစိုးညွန့်လွင်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး။** ယခင်ခေတ်အဆက်ဆက်ကတည်းက တရားမဝင်ဖြတ်သန်းသွားလာမှုများရှိပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့သို့လည်းတင်ပြထားပြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ကလည်း ဆွေးနွေးထားပြီးဖြစ်ပါတယ်။ တရားဝင်တင်ပို့ကုန်နွားများကို နယ်စပ်များတွင်စနစ်တကျလုပ်ကိုင်နိုင်ရေး အကောက်ခွန်၊ အခွန်အခများကို

၂၀၁၇-၂၀၁၈ခု၊ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းများဆောင်ရွက်သည့်နေရာတွင် အရအသုံးခန့်မှန်းခြေငွေစာရင်းလျာထားချက်ဘောင်အတွင်း မိမိတို့နဲ့ဆိုင်ရာ အခွန်အကောက်နှင့် အခြားရငွေများကို အပြည့်အဝရရှိစေရေး စီမံကြီးကြပ်ကောက်ခံရန်နှင့် အသုံးစရိတ်များကိုလည်း ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျသုံးစွဲကြရန် အဓိကတာဝန်ရှိပြီး ပြည်နယ်အစိုးရအဖွဲ့မှလည်း ကြီးကြပ်လမ်းညွှန်လျက်ရှိပါတယ်။ ရှမ်းပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများသည် သာမန်အသုံးစရိတ်၌ အကြောင်းအမျိုးမျိုးကြောင့် အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ခွင့်ပြုထားသော ရန်ပုံငွေဖြင့်မလုံလောက်သည့် အခြေအနေအတွက်သာ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံကြရန်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်၌ ၂၀၁၇-၂၀၁၈ခု၊ ဒေသန္တရစီမံကိန်းဥပဒေတွင် ပါဝင်သော လုပ်ငန်းစီမံကိန်းများအတွက်သာ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံကြရန်မှာကြားခဲ့ပြီး ဌာနများမှတင်ပြလာသော သာမန်နှင့်ငွေလုံးငွေရင်းစာရင်းများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မဖြစ်မနေသုံးစွဲရမည့်ကိစ္စရပ်များအတွက်သာ ဖြည့်စွက်ခွင့်ပြုငွေစာရင်းကို ရေးဆွဲထားခြင်းဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့မှ (၂၄-၈-၂၀၁၇) ရက်စွဲပါစာအမှတ်၊ ၁၁၀၈/၂၄၂ - အခွန် ၃- ၁ /အဖရ (၂၀၁၇)ဖြင့် ပြည်ထောင်စုမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ အခွန်ဝေစုစာရင်းများကို ပေးပို့လာရာ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေအတွက် ပြုပြင်ပြီး ခန့်မှန်းခြေ





တောင်းခံထားပြီး၊ ငွေလုံးငွေရင်းအသုံးစရိတ်တွင် ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများ၊ ဖြည့်စွက်လုပ်ငန်းစီမံကိန်းများ၊ တိုးချဲ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ အစားထိုးရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၊ ရုံးသုံးစက် ကိရိယာ၊ ပရိဘောဂ၊ အခြား၊ ရုံးသုံးပစ္စည်းများနှင့် အခြားငွေစာရင်း ခေါင်းစဉ်များအတွက် ကျပ် (၂၀၄၁၅. ၈၁၆)သန်း၊ စုစုပေါင်းကျပ် (၂၃၈၃၃. ၅၆၆)သန်း တင်ပြတောင်းခံထားပါတယ်။ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်းနှင့် ပတ်သက်ပြီး ဌာနအလိုက် ရှင်းလင်းချက်အသေးစိတ်ကို ဖြန့်ဝေထားပြီးဖြစ်သည့်အတွက် အကျဉ်းချုံးကိုသာ ဖော်ပြသွားမှာဖြစ်ပါတယ်။

(၁) အစိုးရအဖွဲ့အတွက် သာမန်အသုံးစရိတ်မှာ ကျပ်(၁၁၈၉. ၂၈၁)သန်းဖြစ်ပြီး ငွေလုံးငွေရင်းအသုံးစရိတ်မှာ ကျပ်(၆၀၄၃. ၉၀၆)သန်း၊

(၂) လွှတ်တော်အတွက် သာမန်အသုံးစရိတ်မှာ (၂၅. ၈၀၃)သန်းဖြစ်ပြီး၊ ငွေလုံးငွေရင်းအသုံးစရိတ်မှာ ကျပ်(၈၉၂. ၄၆၀)သန်း၊

(၃) တရားလွှတ်တော် တရားသူကြီးချုပ်ရုံးအတွက် သာမန်အသုံးစရိတ်မှာ ကျပ်(၁. ၇၅၀) သန်းဖြစ်ပြီး၊ ငွေလုံးငွေရင်းအသုံးစရိတ်မှာ ကျပ်(၆)သန်း၊

(၄) ဥပဒေချုပ်ရုံးအတွက် သာမန်အသုံးစရိတ်မှာ ကျပ် (၃၅. ၇၀၀)သန်းဖြစ်ပြီး၊ ငွေလုံးငွေရင်းအသုံး

စရိတ်မှာကျပ်(၃. ၁)သန်း၊

(၅) စာရင်းစစ်ချုပ်ရုံးအတွက် သာမန်အသုံးစရိတ်မှာ ကျပ်(၄. ၉၆၁)သန်းဖြစ်ပြီးငွေလုံးငွေရင်းအသုံ း စရိတ်မှာကျပ်(၄၈)သန်း၊

(၆) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအတွက် ငွေလုံးငွေရင်းအသုံးစရိတ်မှာ ကျပ်(၈. ၄၃၄)သန်း၊

(၇) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနအတွက် သာမန် အသုံးစရိတ်မှာ ကျပ်(၂၂. ၄၇၀)သန်း ဖြစ်ပြီး ငွေလုံးငွေရင်းမှာ ကျပ်(၃. ၃၀၄)သန်း၊

(၈) မီးသတ်ဦးစီးဌာနအတွက် ငွေလုံးငွေရင်းအသုံးစရိတ်မှာကျပ်(၃၀. ၆၀၂)သန်း၊

(၉) စိုက်ပျိုးရေးဦးစီးဌာနအတွက် သာမန်အသုံးစရိတ်မှာကျပ်(၅၈၉. ၇၈၄)သန်း၊

(၁၀) ငါးလုပ်ငန်းဦးစီးဌာနအတွက် ငွေလုံးငွေရင်းအသုံးစရိတ်မှာကျပ်(၀. ၇၀၀)သန်း၊

(၁၁) သမဝါယမဦးစီးဌာနအတွက် သာမန်အသုံးစရိတ်မှာကျပ်(၁. ၈၄၂)သန်း၊

(၁၂) အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အတွက်ငွေလုံးငွေရင်းအသုံးစရိတ်မှာ ကျပ်(၁၂) သန်း၊

(၁၃) သစ်တောဦးစီးဌာနအတွက် ငွေလုံးငွေရင်းအသုံး





အရ ကျပ်(၂၉၀၈၉. ၆၂၂)သန်းခွဲဝေရရှိခဲ့ပြီး မူလခန့်မှန်းခြေထက် ကျပ်(၁၇၃၈၈. ၀၆၈)သန်း ပိုမိုရရှိခဲ့ပါတယ်။ သို့ဖြစ်ပါ၍ အခွန်ဝေစုခွဲဝေရရှိငွေနှင့် မူလခန့်မှန်းခြေစာရင်းထက် ပြည်နယ်ဘဏ္ဍာရန်ပုံငွေပိုရငွေကျပ်(၆၄၄၅. ၄၉၈)သန်းတို့အပေါ်မူတည်၍ မူလခန့်မှန်းခြေလိုငွေကျပ် (၂၁၈၆၂၉. ၇၈၂)သန်းအား ပြောင်းလဲမှုမရှိဘဲ ရှမ်းပြည်နယ်၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းကို ရေးဆွဲထားပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခွန်ဝေစုထပ်တိုးရငွေမှာ ကျပ်(၁၇၃၈၈. ၀၆၈) သန်းဖြစ်ပြီး RE စာရင်းတွင် ဘဏ္ဍာရန်ပုံငွေ ရငွေမှာ ကျပ်(၆၄၄၅. ၄၉၈)သန်းဖြစ်ပြီး၊ငွေစုစုပေါင်းမှာကျပ်(၂၃၈၃၃. ၅၆၆)သန်းဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ခုဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံစာရင်းနှင့်ပတ်သက်ပြီးသာမန်အသုံးစရိတ်မှာကျပ်(၃၄၁၇. ၇၅၀) သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် မှာကျပ် (၂၀၄၁၅. ၈၁၆) သန်း၊ စုစုပေါင်းမှာ ကျပ်(၂၃၈၃၃. ၅၆၆) သန်းဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေအတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်းရေးဆွဲခြင်းအား တင်ပြသွားမှာ ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းအား သာမန်အသုံးစရိတ်တွင် လစာစရိတ်၊ ခရီးစရိတ်၊ လုပ်အားခ၊ ပြင်ဆင်ထိန်းသိမ်းစရိတ်၊ လွှဲပြောင်းသုံးစွဲငွေ၊ ဧည့်ခံကျွေးမွေး စရိတ်နှင့် ပင်စင်စသည့် ခေါင်းစဉ်များအတွက် ဖြည့်စွက်ခွင့်ပြုငွေကျပ် (၃၄၁၇. ၇၅၀)သန်း

စရိတ်မှာ ကျပ်(၇. ၉၅၆)သန်း၊

(၁၄) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအတွက် သာမန် အသုံးစရိတ်မှာကျပ်(၅. ၂)သန်း၊

(၁၅) သတ္တုတွင်းဦးစီးဌာနနှင့် ဆားလုပ်ငန်းအတွက် သာမန်အသုံးစရိတ်မှာ ကျပ်(၄. ၂၈၁)သန်း၊

(၁၆) လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းအတွက် သာမန်အသုံးစရိတ်မှာကျပ်(၃)သန်းဖြစ်ပြီး ငွေလုံးငွေရင်းအသုံးစရိတ်မှာ ကျပ်(၃၅၈၀)သန်း၊

(၁၇) အားကစားနှင့် ကာယပညာရေးဦးစီးဌာနအတွက် သာမန်အသုံးစရိတ်မှာ ကျပ် (၂၇၈. ၈၄၄)သန်း ဖြစ်ပြီး ငွေလုံးငွေရင်းအသုံးစရိတ်မှာ ကျပ် (၁၂၉. ၉၃၄)သန်း၊

(၁၈) စီမံကိန်းရေးဆွဲရေး ဦးစီးဌာနအတွက် ငွေလုံးငွေရင်းအသုံးစရိတ်မှာ ကျပ် (၈၈. ၅)သန်း၊

(၁၉) ဗဟိုစာရင်းအင်းအဖွဲ့အတွက် ငွေလုံးငွေရင်း အသုံးစရိတ်မှာ ကျပ်(ဝ. ၆)သန်း၊

(၂၀) မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအတွက် ငွေလုံးငွေရင်းအသုံးစရိတ်မှာကျပ် (၁၂၇၆)သန်း၊

(၂၁) လမ်းဦးစီးဌာနအတွက် သာမန်အသုံးစရိတ်မှာ ကျပ်သန်း(၁၀၀၀)ဖြစ်ပြီး၊ ငွေလုံးငွေရင်းအသုံး စရိတ်မှာကျပ်သန်း(၄၀၀၀)၊



D/real(wide) (6



ကျပ်(၂၂၁၅၆. ဝ၆၉)သန်းဖြစ်တာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

(၂) ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော အဖွဲ့အစည်း(၂၅)ခုရှိသည့်အနက် ဌာန(၂၂)ခုမှာ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံထားပြီး ကျန်ဌာန(၃)ခု မှာ တောင်းခံထားခြင်းမရှိပါ။

(၃) ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေအတွက် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံထားမှုတွင် သာမန်အသုံးစရိတ်ကျပ် (၃၄၁၇. ၇၅၀)သန်း၊ ငွေလုံးငွေရင်း အသုံးစရိတ် ကျပ်(၂၀၄၁၅. ၈၁၆)သန်း၊ စုစုပေါင်းကျပ် (၂၃၈၃၃. ၅၆၆)သန်းအား တောင်းခံထား ပါကြောင်း တင်ပြအပ်ပါတယ်။

ထို့ပြင် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေစာရင်းနှင့် ပြုပြင်ပြီးခန့်မှန်းခြေစာရင်း(ရငွေစာရင်း)များ၊ အခွန်ကောက်ရငွေစာရင်း အသေးစိတ်ကို လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးသို့ ဖြန့်ဝေထားပြီးဖြစ်သည့်အတွက် အသေးစိတ် မတင်ပြတော့ပါဘူး။ လက်ရှိတင်ပြထားသည့် ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ၏ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံထားမှုစာရင်းမှာ သာမန်အသုံးစရိတ်တွင် ကျပ်

(၃၄၁၇. ၇၅၀)သန်းနှင့် ငွေလုံးငွေရင်း အသုံးစရိတ်တွင် ကျပ် (၂၀၄၁၅. ၈၁၆)သန်း၊ စုစုပေါင်း(၂၃၈၃၃. ၅၆၆)သန်းအား ရှမ်းပြည်နယ်လွှတ်တော်တွင် ဆွေးနွေးအတည်ပြုပေးနိုင်ပါရန်အတွက် တင်သွင်းအပ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းနှင့်စပ်လျဉ်း၍ ၂၀၁၇ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့ (ကြာသပတေးနေ့)မှာဆွေးနွေးမှာ ဖြစ်ပါ တယ်။ ဆွေးနွေး လိုသော လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီကနေ့ အစည်းအဝေးရပ်နားတဲ့အခါမှာ ဒီကနေ့ညနေပိုင်းမှာ ရှမ်းပြည်နယ်



D/real(wide) (6



(၂၂) စည်ပင်သာယာရေးအဖွဲ့အတွက် သာမန်အသုံးစရိတ်မှာကျပ်(၂၅၄. ၈၃၄)သန်းဖြစ်ပြီး ငွေလုံးငွေရင်းအသုံးစရိတ်မှာကျပ် (၄၂၈၄. ၃၂၀)သန်းတို့ဖြစ်ပါတယ်။

ဌာနအားလုံး၏ စုစုပေါင်း သာမန်အသုံးစရိတ်မှာ ကျပ်(၃၄၁၇. ၇၅၀)သန်းဖြစ်ပြီး၊ စုစုပေါင်း ငွေလုံးငွေရင်း အသုံးစရိတ်မှာ (၂၀၄၁၅. ၈၁၆)သန်း ဖြစ်ပါတယ်။ စုစုပေါင်း ခွဲဝေထားသော ဖြည့်စွက်ခွင့်ပြုငွေကို သုံးသပ်မယ်ဆိုပါက

(၁) ပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ဆည်မြောင်းနှင့်ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လွှတ်တော်၊ မီးသတ်ဦးစီးဌာန၊ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ လမ်းဦးစီးဌာန၊ စည်ပင်သာယာရေးဌာနနှင့် အားကစားနှင့်ကာယပညာရေးဦးစီးဌာနတို့တွင် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံထားမှုမှာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မည့်ကိစ္စရပ်များအတွက်ဖြစ်ပြီး ဖြည့်စွက်ခွင့်ပြုငွေစုစုပေါင်း၏(၉၂. ၉၆)ရာခိုင်နှုန်း ကျပ်ငွေအားဖြင့်

လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးထံ အမည်စာရင်း ပေးသွင်းဖို့ ဖြစ်ပါတယ်။

## ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏ “ ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စုအား ပင်ဖြစ်မြို့အဖြစ် တိုးမြှင့်သတ်မှတ်ပေးရန်”အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၁)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခိုင်ညီညီကျော်က အဆိုတစ်ရပ်အား လွှတ်တော်သို့ပေးပို့လာပါတယ်။ အဆိုမှာ **“ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စုအား ပင်ဖြစ်မြို့အဖြစ် တိုးမြှင့်သတ်မှတ်ပေးရန်”** အဆိုဖြစ်ပါတယ်။ ယခု ဦးခိုင်ညီညီကျော်က အဆိုကို တင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရပ်စောက်မြို့နယ်





ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေးတို့ကို စီမံခန့်ခွဲရန် များစွာခက်ခဲ သည့်အတွက် ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စု အစား ပင်ဖြစ်မြို့အဖြစ် တိုးမြှင့်သတ်မှတ်ပေးရန် အဆို တင်သွင်းရခြင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယမ်းတွင်းငါးကြောင် ကျေးရွာအုပ်စုအတွင်းမှာ အိမ်ထောင်စုပေါင်း (၇၃၁၅)စုရှိပါသည်။ ကျေးရွာတစ်ရွာတွင် အုပ်ချုပ်ရေးအဖြစ် ရွာလူကြီး(၁)ဦးထားရှိပြီး ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတစ်ဦးသာ ထားရှိသည့်အတွက် ကျန်ကျေးရွာများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေးကိစ္စရပ်များတွင် အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် ဖွံ့ဖြိုးတိုးတက်မှုများစွာ နောက်ကျနေပါသည်။ အုပ်စုအတွင်းတွင် လက်ရှိ အုပ်ချုပ်ရေးမှူးရုံး(၁)ရုံး၊ အရန်မီးသတ်စခန်း(၁)ခု၊ ရဲကင်းစခန်း (၁)ခု၊ နယ်မြေလုံခြုံရေး အတွက် ဗထူးတပ်နယ်၊ တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်းမှ တပ်စခန်း(၁)ခု၊ မီးရထားဘူတာရုံ (၂)ခု၊ စာတိုက်နှင့် ကြေးနန်းရုံ (၁)ခု၊ အကျဉ်းဦးစီးဌာန၏ ထီးခမ်း စိုက်ပျိုးရေး ရဲဘက်စခန်း(၂)ခု၊ (၁၆)ခုတင်ဆံ့တိုက်နယ်ဆေးရုံ(၁)ခု၊ ကျန်းမာရေး ဌာန(၂)ခု၊ကျန်းမာရေးဌာနခွဲ(၅)ခု၊ ကျန်းမာရေး ဌာနခွဲငယ်(၂)ခု တို့လည်းရှိပြီးဖြစ်ပါသည်။ ထို့အပြင်အခြေခံပညာ အထက်တန်း ကျောင်း(၃)ကျောင်း၊ အလယ်တန်း(ခွဲ)ကျောင်း (၆)ကျောင်း၊ အ. မ. က (မူလွန်)ကျောင်း(၄)ကျောင်း၊ အ. မ. က ကျောင်း(၂၉)ကျောင်း၊ အ. မ. က(ခွဲ)(၇)ကျောင်း၊ ဘုန်းတော်ကြီး

သင်ပညာရေးကျောင်း(၁)ကျောင်းနှင့် စုစုပေါင်းကျောင်းပေါင်း(၅၀) ဖွင့်လှစ်ထားရှိပြီး၊ သစ်တောဦးစီးဌာနမှ သစ်တောဘိနယ်(၁)ခု လည်းရှိပါတယ်။ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စုရှိ ပင်ဖြစ်ကျေးရွာသည် ရပ်စောက်မြို့နှင့် နှိုင်းယှဉ်ပါက -

(၁) ဧရိယာ ပိုမိုကျယ်ပြန့်ခြင်း၊

(၂) လူနေအိမ်ခြေ ပို၍ များပြားခြင်းနှင့်အညီ တိုးချဲ့ရန် မြေနေရာ အလုံအလောက်ရှိခြင်း၊

(၃) လူဦးရေပိုများပြီး လူမျိုးစုနေထိုင်မှုများပြားခြင်း၊

(၄) တောင်ကြီး- ရပ်စောက်သွား ကားလမ်းမပေါ်တွင် တည်ရှိသဖြင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊

(၅) စက်မှုလက်မှုလုပ်ငန်းများ တည်ထောင်ပါက မြေနေရာလုံလောက်စွာရှိခြင်းနှင့် မဲဆန္ဒရှင်ပြည်သူများ၏တောင်းဆိုမှုများကြောင့် ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စုအား ပင်ဖြစ်မြို့အဖြစ်သို့ တိုးမြှင့်သတ်မှတ်ပေးပါရန် ရှမ်းပြည်နယ်

လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ အဆို တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။



D/real(wide) (6



မဲဆန္ဒနယ် အမှတ်(၁)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်ဖြစ်ပါတယ်။ ကျွန်တော်တို့ ရပ်စောက်မြို့နယ်မှာ ကျေးရွာအုပ်စုပေါင်း (၁၇)ခုနှင့် ရပ်ကွက်ပေါင်း(၇)ရပ်ကွက် ရှိပါသည်။ ၎င်းကျေးရွာအုပ်စုများထဲမှ ယမ်းတွင်းငါးကြောင်ကျေးရွာ အုပ်စုသည် အကျယ်ဆုံးနှင့် လူဦးရေအများဆုံးနေထိုင်သောကျေးရွာ အုပ်စုတစ်ခုဖြစ်ပါသည်။ ၎င်းအုပ်စုသည် တောင်ကြီးမြို့နှင့် (၃၅)မိုင်ကွာဝေးပြီး၊ ရပ်စောက်မြို့နှင့် (၁၃)မိုင်ကွာဝေးပါသည်။ ဧရိယာ အကျယ်အဝန်းအားဖြင့်(၁၄၃. ၂)စတုရန်းမိုင်ကျယ်ဝန်းပြီး ဧရိယာ ဧကအားဖြင့် (၉၁၅၂၈)ဧကကျယ်ဝန်းပါသည်။ လက်ရှိ ၎င်းအုပ်စု တည်ရှိပုံမှာ တောင်ကြီး- ရပ်စောက်ကားလမ်းပေါ်ရှိ လမ်းဘေးဝဲယာ တွင် အိမ်ခြေ(၁. ၅)မိုင် ရှည်လျားစွာတည်ရှိနေပါသည်။ ယမ်းတွင်း ငါးကြောင်ကျေးရွာအုပ်စုအတွင်းတွင် ပြန်တမ်းဝင်ရွာပေါင်း (၄၂)ရွာ နှင့် တိုးချဲ့ရွာ(၅)ရွာ၊ စုစုပေါင်း(၄၇)ရွာရှိပြီး၊ နေထိုင်သော လူဦးရေ ပေါင်းမှာ(၃၃၇၁၃)ဦးနေထိုင်ကြပါတယ်။ လူမျိုးစုပေါင်း(၁၅)မျိုး နေထိုင်ကြပြီး အများစုမှာ ပအိုဝ်း၊ ဓနု၊ ပလောင်၊ ရှမ်းနှင့် ဗမာလူမျိုးများ ဖြစ်ကြပါတယ်။ ယခုလို ကျယ်ပြန့်သော အုပ်စုကြီးကို ရပ်/ကျေး အုပ်ချုပ်ရေးမှူးတစ်ဦးတည်း အုပ်ချုပ်စီမံခန့်ခွဲရခြင်းသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်သည့်အပြင် နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်အခများရရှိအောင် ဆောင်ရွက်ရန်၊ နယ်မြေရပ်ရွာ လုံခြုံရေး ကိစ္စများကိုလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရန် အမှန်ခက်ခဲနေ ပါသည်။ စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှု၊ လူမှုရေး၊ စီးပွားရေး၊ လုံခြုံရေး၊

## အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန်မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဦးမင်းမင်းသိန်း၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းသိန်းဖြစ်ပါတယ်။ ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၏ **“ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငါးကြောင်**



D/real(wide) (6



ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခိုင်ညီညီကျော် တင်သွင်းသော အဆိုကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့ (အင်္ဂါနေ့)မှာ ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ညနေပိုင်းမှာ ရှမ်းပြည်နယ်လွှတ်တော်ရုံး ညွှန်ကြားရေးမှူးထံ အမည်စာရင်း ပေးသွင်းဖို့ ဖြစ်ပါတယ်။

## ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး (ပထမနေ့ )ရပ်နားကြောင်းနှင့် အစည်းအဝေး (ဒုတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၃)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်သတ္တမပုံမှန်အစည်းအဝေး(ပထမနေ့)ကိုရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး(ဒုတိယနေ့)ကို မနက်ဖြန် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက် (အင်္ဂါနေ့) နံနက် (၁၀း၀၀) နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည် ထွက်ခွာပါပြီရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။



D/real(wide) (6



**ကျေးရွာအုပ်စုအား ပင်ဖြစ်မြို့အဖြစ် တိုးမြှင့်သတ်မှတ်ပေးပါရန်”**အဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဦးခိုင်ညီညီကျော် တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၁)ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ**“ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စုအား ပင်ဖြစ်မြို့အဖြစ်တိုးမြှင့်သတ်မှတ်ပေးရန်”** အဆိုဖြစ်ပါတယ်။ ယခုအဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ ဆန္ဒရယူမှာဖြစ်ပါတယ်။၎င်းအဆိုကိုလက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်က သဘောတူပါသည်။)**

**ဥက္ကဋ္ဌ။** အဆိုကိုလက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူသည့်ကိုယ်စားလှယ်မရှိသည့်အတွက်ဦးခိုင်ညီညီကျော်ရဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူညီကြောင်းကြေညာပါတယ်။

# ရှမ်းပြည်နယ်
# ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
# သတ္တမပုံမှန်အစည်းအဝေး
# (ဒုတိယနေ့)မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်**
**၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်**
**[အင်္ဂါနေ့]**

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေး ခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမ ပုံမှန် အစည်းအဝေး(ဒုတိယနေ့)အစီအစဉ်ကို နံနက်(၁၀း၀၀) နာရီ အချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အခမ်းအနားမှူးအဖြစ် ဒေါ်အယ်(လ်)နန်းခမ်း၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဒေါ်ခင်သီတာ၊ လက်ထောက်ညွှန်ကြားရေးမှူးကလည်းကောင်း ဆောင်ရွက်ပါသည်။





# ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်း နှင့်အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာခြင်း။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး(ဒုတိယနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း(၁၄၁)ဦး ရှိသည့်အနက် ဒီကနေ့အစည်းအဝေးကို (၁၂၆)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသောကိုယ်စားလှယ် စုစုပေါင်း၏(၈၉. ၃၆%)ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၀(က) နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကြောင်း ကြေညာပါတယ်။



D/real(wide) (6

## ပြည်နယ်လွှတ်တော်အစည်းအဝေး(ဒုတိယနေ့) အစီအစဉ် ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (ဒုတိယနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ် အတိုင်း ဆက်လက်ကျင်းပသွားမှာဖြစ်ပါတယ်။

## အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ၄၄(က)အရ ယနေ့အစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီကတင်ပြဖို့ဖြစ်ပါတယ်။



D/real(wide) (6



## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးစတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါရှင်။လေးစား အပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။မကြာမီ အချိန်အတွင်း ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး (ဒုတိယနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များသတ်မှတ်ထားသောနေရာများတွင်နေရာယူ ပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ရှင်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက် လာပါပြီ ရှင်။

**(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ် ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီ ရှင်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အားလုံးဘဲမင်္ဂလာပါခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်သတ္တမပုံမှန်အစည်းအဝေး (၂၉-၈-၂၀၁၇)ရက်နေ့(ဒုတိယနေ့)မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကိုယ်စား နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ၊ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော်ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှာ-

(၁) ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးချုပ်က ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၂) ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန် အတွက် ခွင့်(၃)ရက်။

(၃) ဦးစံလွင်၊ ဟိုပုံးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၄) ဦးခွန်မောင်ပယ်၊ ဆီဆိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က





(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(ဒုတိယနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန်လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်က သဘောတူပါသည်)**

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနှင့်ဖြေကြားခြင်း အစီအစဉ်ဖြစ်ပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ်(၁၁)ဦးက မေးမြန်းထားသည့် ကြယ်ပွင့်ပြမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်များက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးခင်မောင်ဝင်းက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ဝင်း ၊ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်း၊ ကျက်သရေမင်္ဂလာ အဖြာဖြာနှင့်ပြည့်စုံပါစေကြောင်း ဦးစွာပဏာမနှုတ်ခွန်းဆက်သဂါရဝ



D/real(wide) (7



ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၅) ဦးဘေရင်နယ်(ခ)ဦးခင်မောင်လွင်၊ လောက်ကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်ကကိုယ်တိုင်ဆောင်ရွက်ရန် အတွက် ခွင့်(၁)ရက်။

ယခင်ကခွင့်ပန်ကြားထားသဖြင့် ခွင့်ပြုထားသူ(၁၀)ဦးရှိပြီး၊ ယနေ့ ခွင့်ပန်ကြားသူ(၅)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ လေးစားစွာဖြင့်တင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်များ အားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၁၄၁)ဦး၊ ယခင်ကခွင့်ပန်ကြားထားသဖြင့် ခွင့်ပြုထားသူ(၁၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၅)ဦး ဖြစ်ပါတယ်။ စုစုပေါင်းခွင့်ပြုထားသူ(၁၅)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်မရှိပါ။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)၊နည်းဥပဒေခွဲငယ်

ပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးခင်မောင်ဝင်းဖြစ်ပါတယ်။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ဒုတိယနေ့မှာ ညောင်ရွှေမြို့နယ်၊ သပြေပင် ချောင်းဘောင် ကျောက်ရိုးစီနိုင်ခြင်းကို ဆည်မြောင်းဦးစီးဌာနမှ RE bwf*sufwGif xnfhoGif;ay;&ef အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်း၍ မေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ညောင်ရွှေမြို့နယ်၊ သပြေပင်ကျေးရွာအုပ်စု၊ သပြေပင်ချောင်းသည် ပေပေါင်း (၂၁၈၄၀)ပေရှိပါတယ်။ လွန်ခဲ့သော ဖေဖော်ဝါရီလနှင့် မတ်လများတွင် ဆည်မြောင်း ဦးစီးဌာနမှ မြေတူးစက်ဖြင့် မြေများတူးဖော်ခြင်းများကို ပြုလုပ်ပေး ခဲ့ပါတယ်။ ဇူလိုင်လတွင် မိုးများ ရွာသွန်းတဲ့အတွက် ချောင်းဘောင်ကြီးကျိုးခဲ့ပါတယ်။ ချောင်းဘောင်ကျိုးသည့်အတွက် ကျွန်းကြီးကျေးရွာအုပ်စုနဲ့ သပြေပင် ကျေးရွာအုပ်စုတွင်ရှိသည့် လယ်ယာခြံမြေကို ရေလွှမ်းမိုးခံခဲ့ရပါတယ်။ ကျွန်းကြီးကျေးရွာ အုပ်စုရှိ ဧက(၆၀)ကျော်၊ သပြေပင် ကျေးရွာအုပ်စုရှိ ဧက (၁၃၀) ကျော် ရေကြီးနစ်မြုပ်ခဲ့ပါတယ်။ ထိုရေကြီးနစ်မြုပ်သော နေရာများ သို့ ပြည်နယ်ဝန်ကြီးချုပ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး၊ စည်ပင်သာယာရေး ဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီး၊ အင်း တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် လွှတ်တော် ကိုယ်စားလှယ် များ ကွင်းဆင်းခဲ့ပါတယ်။ ချောင်းဘောင်ကြီးကို တောင်သူ





ay;&ef tpDtpOf½Sd^r&Sd သိလိုသည်ဟူသည့်မေးခွန်းနှင့် ပတ်သက်၍ ညောင်ရွှေမြို့နယ်၊ သပြေပင်ကျေးရွာအုပ်စုတွင် တည်ရှိသော သပြေပင် မြောင်းသည်ရေဆင်းဇရိယာ (၂၅၆)စတုရန်းမိုင်မှ စုစည်းစီးဆင်းလာကာ ကလောချောင်းမှ ခွဲဖြာစီးဆင်းလျက် အင်းလေးကန် အတွင်းသို့စီးဝင်သည့် သဘာဝမြောင်းဖြစ်ပါတယ်။ သပြေပင်မြောင်း အပါအဝင် သန်းတောင်(၅)မြောင်းအား ရေစီးရေလာ ကောင်းမွန်စေရေးနှင့် စိုက်ပျိုးရေမျှဝေ သုံးစွဲနိုင်ရန်ရည်ရွယ်လျက် တူးမြောင်းချဲ့ထွင်ခြင်း များအား ၂၀၁၅-၂၀၁၆ခု၊ ဘဏ္ဍာရေးနှစ်မှ စတင်၍ ပြင်ဆင် ဆောင်ရွက်ပေးခဲ့သော်လည်း ရာနှုန်းပြည့်ပြင်ဆင်ဆောင်ရွက် ပြီးစီးခြင်းမရှိသည့်အပြင်၊ ချောင်းမြောင်းများ အနေအထားအရ ချောင်းမြောင်းများလေ့ကျင့်စီးဆင်းစေခြင်း(River Training) jyKvkyfay;&efvkdtyfjcif;?acsmif;aomifrsm;rSnacsmif;wGif;rS wl;azmfxm;&Sdaomfh oJEkef;tenfrsm;jzifhomaqmif&Guf ay;EkdifojzifhMuHUckdifrIt&vkdtyfcsufrsm;&Sdjcif;ESifha&Gif; a&xkwfajmif;cGJrsm;?a'ocHrsm;ESifh ñSdEIdif;aqmif&Gufay;&ef vkdtyfaeao;jcif;wkdUaMumifh wfwavmausmufpDjcif;rSm tusdK;oufa&mufrIenf;yg;Ekdif aMumif;avhvmawGU&Sd&ygw,f/ odkUjzpfygí oajyyifajmif; ausmufpDjcif;tm; azmfjyygvkyfief; rsm; aqmif&GufNyD;pD;rSomvQif qufvufvsmxm; aqmif&Guf ay;oGm;rnfjzpfygaMumif; vTwfawmfOuú|BuD;rSwpfqifh

ဖြေဆိုပြန်ကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ညောင်ရွှေမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးသိန်းဇော်မိုးက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသိန်းဇော်မိုး၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ တပ်မတော်သားပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဇော်မိုးဖြစ်ပါတယ်။ ကျွန်တော်တို့ မဲဆန္ဒနယ် အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်း လုပ်ဆောင်ရာတွင် ကျေးလက် ဒေသဦးစီးဌာန၊ လုံခြုံရေးနှင့်နယ်စပ်ဒေသဦးစီးဌာနဟူ၍ အပိုင်း(၂) ပိုင်းရှိပါတယ်။ ကျေးလက်ဒေသဦးစီးဌာနအနေဖြင့် ကျွန်တော် တို့မြို့နယ်တွင် ဌာနရှိပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ အင်းလေးအနောက်ကန် ပတ်လမ်း၊ ခေါင်တိုင်မှ တုံဟုန်းတံတားအထိ ကျေးလက်ဒေသဦးစီး ဌာနအပိုင်းဖြစ်၍ ကတ္တရာလမ်း၊ ကျောက်ချောလမ်း၊ မြေလမ်း အဆင့်ဆင့်တိုးမြှင့်ဖောက်လုပ်နိုင်ခဲ့ပါတယ်။သို့သော်လည်း တုံဟုန်း



D/real(wide) (7



လယ်သမားများ၊ ဒေသခံကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ပြန်လည်ပြုပြင်ခဲ့ရပါတယ်။ နောက်နောင် ယင်းကဲ့သို့ တာဘောင် ကျိုးခြင်းများမဖြစ်ရလေ အောင်ရေရှည်တွင် မည်ကဲ့သို့ ထိန်းသိမ်း ဆောင်ရွက်မည်နည်း။ ပေပေါင်း(၂၁၈၄၀) ရှိသည့်ဆည်ကြီးကို မည်ကဲ့သို့ ပြုပြင်ထိန်းသိမ်း ဆောင်ရွက်ပေးမည်နည်းဆိုတာနဲ့ ပတ်သက်ပြီး ကျောက်ရိုးစီခြင်း လုပ်ငန်းကို ဆည်မြောင်း ဦးစီးဌာန မှREbwf*sufwGif xnfhoGif;a&;qGJay;&ef tpDtpOf½Sd^r&Sduk Mu,fyGifhjyar;cGef; taeeJY vTwfawmf Ouú|BuD;rSwpfqifh ar;jref;&jcif;jzpfygw,ff/ tm;vHk;aus;Zl;wifygw,f/

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာ အပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး တာဝန်ယူထားတဲ့ ဦးစိုင်းလုံကျော် ဖြစ်ပါတယ်။ ဦးခင်မောင်ဝင်း၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မေးမြန်းတဲ့ ညောင်ရွှေမြို့နယ်၊ သပြေပင်ချောင်းဘောင် ကျောက်ရိုး စီခြင်းကိုဆည်မြောင်းဦးစီးဌာနမှREbwf*sufwGif xnfhoGif;

တံတားမှ ဖယ်ခုံ-ပင်လောင်းနယ်စပ်အထိသည် လုံခြုံရေးနှင့် နယ်စပ်ဒေသဦးစီးဌာနအပိုင်းဖြစ်ပြီး လုပ်ဆောင်ရန်ခက်ခဲနေပါတယ်။ ၎င်းလမ်းကို ရွာသူရွာသားများမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဖောက်လုပ်ထားပါတယ်။ သို့သော်လည်း တောင်ကုန်းဒေသများတွင် ရွာသူရွာသားများ၏ လုပ်ဆောင်နိုင်မှုအားနည်းလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါ တံုဟုန်းတံတားမှ ထီးကာ-နန်းဒေါင်း- ဖယ်ခုံနယ်စပ်အထိ စုစုပေါင်း (၁၆)မိုင် တည်ရှိပါသဖြင့် ၂၀၁၇RE jznfhpGufbwf*sufwGif xnfhoGif;a&;qGJay;&ef tpD tpOf½Sd/မရှိမရှိပါက မည်သည့်ခုနှစ်တွင် ထည့်သွင်းရေးဆွဲမည်ကို သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ပဏာမဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ကျွန်တော်ကတော့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ ဗိုလ်မှူးကြီးနိုင်ဝင်းအောင် ဖြစ်ပါတယ်။ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်



D/real(wide) (7



aiGvdktyfrIyrmPrsm;jym;onfh taetxm;jzpfwJhtwGuf vkyfxHk;vkyfenf;t&RE wGif xnfhoGif;awmif;cHjcif; r&Edkifyg cifAsm;/ odkUaomfvnf; vTwfawmfudk,fpm;vS,far;jref;aom (16)rdkift½Snf½SdwJhvrf;ydkif;eJYywfoufI ajrjyiftajctaeudk uRefwmfwdkUuGif;qif;ppfaq;NyD; (ajrvrf;?aumufvrf;?uGefu&pf wHwm;ESifh a&>yef) tay:rlwnfí jynfaxmifpk^jynfe,f &efyHkaiGxJrS 2018-2019 b@ma&;ESpfrSpNyD; tydkif;vdkuf xnfhoGif;vsmxm;Edkifa&; qufvufaqmif&GufoGm;rnf jzpfygaMumif;udk vTwfawmfOúu|BuD;rSwpfqifhajzMum;tyfyg w,f/ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မောက်မယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းဖွေးဟွမ်ဦးက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းဖွေးဟွမ်ဦး၊ မောက်မယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးမင်္ဂလာပါရှင်။ ယနေ့ ရှမ်းပြည်နယ်လွှတ်တော်ဒုတိယအကြိမ် သတ္တမပုံမှန်အစည်းအဝေး (ဒုတိယနေ့)မှာ ကြွရောက်လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ မောက်မယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ နန်းဖွေးဟွမ်ဦးဖြစ်ပါတယ်ရှင်။ ကျွန်မ

မေးမြန်းလိုတဲ့ မေးခွန်းအကြောင်းအရာကတော့ လင်းခေးခရိုင်၊ စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌဖလား (၁၈)နှစ်အောက် မိုးရာသီ ဘောလုံးပြိုင်ပွဲ ကျင်းပသည့်ကိစ္စနှင့်ပတ်သက်၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခြင်း ဖြစ်ပါ တယ်။ အထက်ပါအကြောင်းအရာကိစ္စနှင့် ပတ်သက်၍ လင်းခေးခရိုင်၊ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌဖလား အသက်(၁၈)နှစ်အောက် မိုးရာသီဘောလုံးပြိုင်ပွဲကို (၂၇-၇-၂၀၁၇) ရက်နေ့၌ လင်းခေးမြို့တွင်ကျင်းပခဲ့ပါသည်။ ၎င်းပြိုင်ပွဲတွင် မောက်မယ် မြို့ကိုယ်စားပြု ဘောလုံးအသင်းတစ်သင်းအား သွားရောက်ယှဉ်ပြိုင် စေခဲ့သည်။ ယင်းဘောလုံးသမားများသည် ဘောလုံးပွဲကျင်းပပြီး ရွေးချယ်ထားသော ဘောလုံးသမားများ မဟုတ်ဘဲ သက်ဆိုင်ရာမှ စိတ်ကြိုက်ရွေးချယ်ထားသော အားကစား သမားများသာ ဖြစ်နေပါသည်။ မိမိမြို့နယ်အနိုင်ရရှိရေးအတွက် ဆောင်ရွက်သည်ဟုဆိုစေကာမူ ပွင့်လင်းမြင်သာမှု မရှိသည်ကို ဖော်ပြနေပါသည်။ ထို့အပြင် မောက်မယ်မြို့နယ်အတွင်းရှိ အားကစားသမားများအကြားတွင်လည်း စိတ်ဝမ်းကွဲမှုများ ဖြစ်ပေါ်စေပြီး၊ ပြည်သူများအကြားတွင်လည်း စည်းလုံးညီညွတ်မှုကို ပျက်ပြားစေကာ နိုင်ငံ၏အားကစား ပုံရိပ်ကို ပျက်ပြားစေနိုင်ပါသည်။ ထို့အပြင်(၁၄-၇-၂၀၁၇)ရက်နေ့ မောက်မယ်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ကျင်းပသည့် အစည်းအဝေး၌ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများအား တစ်ရပ်ကွက်လျှင် ကျပ်(၁) သိန်းနှင့် ကျေးရွာအုပ်စုတစ်အုပ်စုလျှင်





ကိုယ်စားလှယ် ဦးသိန်းဇော်မိုး မေးမြန်းထားတဲ့ ညောင်ရွှေမြို့နယ်၊ အင်းလေးအနောက်ကန်ပတ်လမ်း၊ ခေါင်တိုင်မှ တုံဟုန်း တံတားအထိ ကျေးလက်ဦးစီးဌာနပိုင်နယ်မြေဖြစ်တဲ့အတွက် ကတ္တရာလမ်း၊ ကျောက်ချောလမ်း၊မြေလမ်း၊ အဆင့်ဆင့်တိုးမြှင့် ဖောက်လုပ်နိုင်ခဲ့ပြီးဖြစ်ပါတယ်။တုံဟုန်းတံတားမှဖယ်ခုံ-ပင်လောင်း နယ်စပ်အထိသည် လုံခြုံရေးနှင့်နယ်စပ်ဒေသဦးစီးဌာနအပိုင်းဖြစ်ပြီး၊ တုံဟုန်းတံတားမှ ထီးကာ-နန်းဒေါင်း-ဖယ်ခုံနယ်စပ်အထိ စုစုပေါင်း (၁၆)မိုင်ရှိရာတွင် ၂၀၁၆-၂၀၁၇ RE jznfhpGufbwf*sufwGif xnfhoGif;a&;qGJay;&ef tpDtpOf½Sd/မိုးရာမိုးရှိပါက မည်သည့် ခုနှစ်မှာ ထည့်သွင်းမည်ကိုသိလိုပါတယ် ဆိုသည့်ကြယ်ပွင့်ပြမေးခွန်း နှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဧယ်စပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် jznfhpGufcGifhjyK&efyHk aiGRE jzifhaqmif&Guf&ef vsmxm;onfhvkyfief;rsm;onf rlv aiGvHk;aiG&if;cGifhjyKaiGjzifhcGifhjyKaqmif&Gufvsuf½Sdonfhvkyfief; rsm;teuf tNyD;owfxyfrHaqmif&Guf&ef vdktyfcsuf½SdwJh vkyfief;awGudk aqmif&Gufwmjzpfygw,f/ xdkUtjyif txuf tBuD;tuJrsm;\c&D;pOfrlTefMum;csuf?½Srf;jynfe,ftpdk;&tzGJU \ rlTefMum;csuf? vTwfawmfuwdu0wfrsm;ESifh vwfwavm aqmif&Guf&ef vdktyfcsuf½SdwJh vkyfief;awGudkomOD;pm;ay; taeeJY vsmxm;aqmif&Guf ay;&jcif;jzpfygw,f/ tckvTwfawmf udk,fpm;vS,far;jref;wJhvrf;ydkif;onf vkyfief;ymPESifh&efyHk

ကျပ်(၁)သိန်းအား ကောက်ခံ ပေးရန် ညွှန်ကြားပါသည်။မြို့နယ်အား/ကာအနေဖြင့် ၎င်းလူငယ်အားကစားအသင်းအတွက် ငွေကျပ်(၇)သိန်းကျပ် ထောက်ပံ့ပေးခဲ့သော်လည်း လိုအပ်ချက်ရှိနေသေးသည်ဟုဆိုကာ ဤသို့ကောက်ခိုင်းစေခြင်းဖြစ်သည်ဟု သိရှိရပါသည်။ဤသို့ ဆောင်ရွက်ခြင်းကြောင့် ပြည်သူလူထုကြားတွင် ပြိုင်ဖက်အတွက် မိမိရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ အားကစားသမားများရွေးချယ်ခံရခြင်းမရှိဘဲ ငွေကြေးထည့်ဝင်ရသည်မှာ မျှတမှုမရှိသည့်အပြင် မိမိနိုင်ငံ၏စနစ်နှင့် ဆန့်ကျင်နေသည်ဟုပြောဆိုနေကြပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်မှ မြို့နယ်အသီးသီးသို့ အားကစားဆိုင်ရာ ထောက်ပံ့ကြေး နှစ်စဉ်ထောက်ပံ့ပေးခြင်း ရှိ/မရှိ၊ ရှိပါက မည်ကဲ့သို့ ထောက်ပံ့ပေးနေသည်ကို သိလိုကြောင်း မေးမြန်းအပ်ပါသည်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးရာဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်း





အားကစားအသိပညာပေး ဆိုင်းဘုတ်စိုက်ထူခြင်း၊ ခရိုင်အလိုက် ဘီလိယက်နှင့်စနူကာပြိုင်ပွဲအတွက် ခရိုင်လူရွေးပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခြင်း၊ အသက်(၂၃)နှစ်အောက်အမျိုးသားဘောလုံးပြိုင်ပွဲ ခရိုင်အသင်းလူရွေးပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခြင်း၊ အမျိုးသမီးအလွတ်တန်းဘောလုံးပြိုင်ပွဲ ခရိုင်အသင်းလူရွေးပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခြင်း၊ ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ၊ ၂၀၁၆ခုနှစ်၊ နွေရာသီအားကစားသင်တန်း၊ အားကစားနှင့်မီနီမာရသွန်ပြိုင်ပွဲများ၊လွတ်လပ်ရေးနေ့နှင့် ပြည်ထောင်စုနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများဖြင့် ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ်တွင်လည်း ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ တစ်မြို့နယ်လျှင် ကျပ်သိန်း (၅၀)တိတိဖြင့် ခွဲဝေချထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မန်တုံမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအယိုင်စဉ်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအယိုင်စဉ် ၊ မန်တုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)**

အားလုံးမင်္ဂလာပါ။ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးစိတ္တသုခ၊ ကာယသုခ နှစ်ဖြာသော မင်္ဂလာအပေါင်းနှင့်

ပြည့်ဝပါစေကြောင်း ဦးစွာပဏာမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအယိုင်စဉ် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမဲ့မေးခွန်းကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့မြန်မာ့စီးပွားရေး ဘဏ်(ခွဲ) ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့သည်ကျေးရွာအုပ်စု(၂၈)အုပ်စု၊ ကျေးရွာပေါင်း(၁၅၃)ရွာ၊ လူဦးရေပေါင်း(၃၄၆၁၄)ဦးရှိပြီး၊ အခြေစိုက်တပ်ရင်း(၁)ရင်း၊ ရဲစခန်းနှင့်အစိုးရဌာနဆိုင်ရာ(၂၄)ခု၊ ဝန်ထမ်းအင်အား(၆၆၇)ဦးတို့ရဲ့လစာကိုထုတ်ပေးနိုင်ဖို့အတွက် ကျောက်မဲခရိုင်၊ နမ္မတူမြို့နယ်ရှိမြန်မာ့စီးပွားရေးဘဏ်ခွဲမှ ငွေထုတ်ယူရတဲ့အတွက် လမ်းခရီးမှာဘေးအန္တရာယ်နှင့် အခက် အခဲများစွာရှိနေပါတယ်။ မြန်မာ့စီးပွားရေးဘဏ်အား ၁၉၅၄ခု နှစ်တွင် ဖွင့်လှစ်ခဲ့ပြီးနိုင်ငံတော်ကူးသန်းရောင်းဝယ်ရေးဘဏ်မှ သန္ဓေစတင်ပေါက်ဖွားပြီး၁၉၇၅ခုနှစ်၊ ဘဏ်ဥပဒေအရ (၁-၄-၁၉၇၆) ခုနှစ်တွင်မြန်မာ့စီးပွားရေးဘဏ်ဟူ၍ အမည်သစ်ဖြင့် ယနေ့တိုင်ရပ်တည်လျက်ရှိပါတယ်။ မြန်မာ့စီးပွားရေးဘဏ်သည်နိုင်ငံတော်စီးပွားရေးဘဏ် ဖြစ်သည့်အလျောက် အမြတ်အစွန်းရရှိရေးတစ်ခုကိုသာ ပဓာနမထားဘဲ ဆက်သွယ်ရေးခက်ခဲ၍ ဝေးလံ



D/real(wide) (7



ဆက်သအပ်ပါတယ်ခင်ဗျား။ မောက်မယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဖွေးဟွမ်ဦးရဲ့အားကစားကဏ္ဍဆိုင်ရာမေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ကျွန်တော်ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာဖြစ်ပါတယ်။ ၂၀၁၇ခုနှစ်၊ လင်းခေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား အသက်(၁၈)နှစ်အောက် မိုးရာသီဘောလုံးပြိုင်ပွဲကို ၂၀၁၇ခုနှစ်၊ ဇူလိုင်လ(၂၂)ရက်နေ့မှ(၃၁)ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ရာ မောက်မယ်မြို့နယ်အသင်းမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ မောက်မယ်မြို့နယ်ဘောလုံးအသင်းအတွက် လူရွေးချယ်ခြင်းအား မြို့နယ်အားကစားနှင့်ကာယပညာကော်မတီနှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့ပူးပေါင်း၍ ရွေးချယ်ခဲ့ပါတယ်။ ခရိုင်အားကစားပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ရန် မောက်မယ်မြို့နယ်မှ လိုအပ်တဲ့ရန်ပုံငွေကိုပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကျပ်(၇)သိန်းထောက်ပံ့ပေးခဲ့ပါတယ်။ မောက်မယ်မြို့နယ် ဘောလုံးအသင်းမှ ပထမဆုရရှိခဲ့ပါတယ်။ မောက်မယ်မြို့နယ်တွင် အားကစားနှင့်ကာယပညာဦးစီးဌာနပိုင် မြို့နယ်ဘောလုံးအားကစားကွင်း မရှိပါ။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ (၀၃-၂၅)ပြပွဲ၊ ပြိုင်ပွဲ ငွေစာရင်းဖြင့် အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ရန်ပထမ(၆)လအတွက် တစ်မြို့နယ်ကျပ်သိန်း(၃၀)နှင့် ဒုတိယ(၆)လအတွက် ကျပ်သိန်း(၂၀)၊ စုစုပေါင်းတစ်နှစ်အတွက် ကျပ်သိန်း(၅၀)တိတိအား ဘတ်ဂျက် ခွဲဝေချထားပေးခဲ့ပြီး၊ ပြည်သူလူထုအကြား

ခေါင်းပါးသော အရပ်ဒေသရှိ ဆင်းရဲနွမ်းပါးသော ပြည်သူများ ဘဏ်ဝန်ဆောင်မှုဖြင့် အနစ်နာခံစေတနာ အပြည့်အဝထားကာ မိဘပြည်သူများအား အလုပ်အကျွေး ပြုလျက်ရှိကြောင်း သိရှိရပါတယ်။ မြန်မာနိုင်ငံအတွင်း ဝေးလံခေါင်သီဒေသများပါမကျန် ဘဏ်ခွဲပေါင်း(၃၀၀)ကျော်ဖြင့် နိုင်ငံတော်အတွက် အလွန်အရေးကြီးသည့် ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုများ ဖြစ်သော ပြည်သူ့ငွေကြေးစီးဆင်းမှု မှန်ကန်မြန်ဆန်စေရေး၊ နိုင်ငံတော်ပိုင်အဖွဲ့အစည်းများ၊ တပ်ရင်းတပ်ဖွဲ့များ၊ အများပြည်သူများ ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများကို အဆင်ပြေချောမွေ့စေရန်နှင့် အကျိုးခံစားခွင့်ရရှိစေလိုပါတယ်။ သို့ဖြစ်ပါ၍ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့တွင် မြန်မာ့စီးပွားရေးဘဏ်(ခွဲ) ဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း၊ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်နည်း။ မရှိပါက အဘယ်ကြောင့် မရှိသည်ကို သိရှိလိုပါကြောင်း လူထုကိုယ်စား မေးမြန်းအပ်ပါတယ်။အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဘဏ္ဍာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းရှုန်တစ်လုံ၊ ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကျန်းမာ ရွှင်လန်းကြပါစေလို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။အခု



D/real(wide) (7



အမှတ်(၂)မှ ဦးညီညီ(ခ)ဦးညီလေးချမ်းက ပထမမေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ (ခ) ဦးညီလေးချမ်း ဖြစ်ပါတယ်။ ကျွန်တော်ဒီကနေ့ တင်ပြဆွေးနွေး သွားမှာကတော့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံ မြို့နယ်၊ယကြီးကျေးရွာအုပ်စု၊ ယကြီးကျေးရွာ၊ အထက(ခွဲ)ကို (၁၁. ၇. ၂၀၁၇)ရက်နေ့က လူကုန်ကူးမှု၊ လူမှောင်ခိုကူးမှု၊ မူးယစ်ဆေးဝါး၊ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို သွားရောက်လေ့လာခဲ့ပါတယ်။ အဲ့ဒီ ပညာပေးဟောပြောပွဲကို ရွာသူရွာသားများ၊ ကျောင်းသားများက အင်မတန် စိတ်ဝင်စားစွာရှိတဲ့အတွက် အောင်မြင်မှုရှိခဲ့ပါတယ်။ ဒီလို အောင်မြင်မှုမျိုးကို ရှမ်းပြည်နယ်တစ်နယ်လုံးမှာ ပြုလုပ်ဖို့လိုအပ်လာတဲ့အတွက် အောက်ပါကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်-

ရှမ်းပြည်နယ်အတွင်းရှိ စာသင်ကျောင်းများ အပါအဝင်

ရပ်/ကျေးပြည်သူများအထိ လူကုန်ကူးမှု၊ လူမှောင်ခိုကူးမှု၊ မူးယစ်ဆေးဝါးအန္တရာယ်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ သက်ငယ်မုဒိမ်းမှုတို့နှင့် ပတ်သက်ပြီး ပညာပေးဟောပြောပွဲများကို ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ပေးရန် အစီအစဉ် များရှိ/ မရှိ နှင့် မည်သို့ စီမံဆောင်ရွက်နေကြောင်းကို အများပြည်သူ သိရှိနိုင်ရန် အတွက် ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီး နိုင်ဝင်းအောင်။ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာ ရွှင်လန်းကြပါစေလို့ ပဏာမဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးညီညီ( ခ ) ဦးညီလေးချမ်းမှမေးမြန်းသည့် ရှမ်းပြည်နယ်အတွင်းရှိ စာသင်ကျောင်းများအပါအဝင် ရပ်ကွက်/ ကျေးရွာ မှာရှိတဲ့ ပြည်သူတွေအထိ လူကုန်ကူးမှု၊ လူမှောင်ခိုမှု၊ မူးယစ်ဆေးဝါးအန္တရာယ်၊ ယာဉ်တိုက်မှု၊ သက်ငယ်မုဒိမ်းမှုနှင့် ပတ်သက်ပြီး ပညာပေးဟောပြောပွဲများကို ကျယ်ကျယ်ပြန့်ပြန့်



D/real(wide) (7



မန်တုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအယိုင်စဉ်က မေးမြန်း ထားတဲ့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့တွင် မြန်မာ့စီးပွားရေး ဘဏ်(ခွဲ)ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းကို ကျွန်တော် ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရဲန်တစ်လုံက ဖြေကြားသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ဘဏ်ခွဲအဆောက်အဦ ဆောက်လုပ်ဖို့ ဆိုလျှင် ကျွန်တော်တို့ နေရာဒေသအလိုက် ကြည့်ပြီးတော့ အချက်အချာကျပြီး အများပြည်သူသွားလာဖို့ လွယ်ကူသည့် မြေနေရာ မရရှိသေးတာက တစ်ကြောင်း၊ ဘဏ်ခွဲအဆောက်အဦ၊ ငွေသိုလှောင်ခန်း ဆောက်လုပ်ဖို့ ကျွန်တော်တို့ ၂၀၁၇-၂၀၁၈မှာ ငွေလုံးငွေရင်းရန်ပုံငွေ လျာထားမှုမရှိသေးတာကတစ်ကြောင်း၊ ဝန်ထမ်းအင်အား ဖွဲ့စည်းပုံတိုးချဲ့ခြင်းကို နိုင်ငံတော်အစိုးရက ဆိုင်းငံ့ထားခြင်းကြောင့်လည်းကောင်း၊ မန်တုံဘဏ်ခွဲအတွက် ဝန်ထမ်း အသစ်ခန့်ထားရန် မဖြစ်နိုင်သေးခြင်းနှင့် မန်တုံမြို့နယ်တွင် ဌာနဆိုင်ရာ(၂၄)ခုရှိသော်လည်း မန်တုံမြို့နှင့် (၃၇)မိုင် ကွာဝေးသော နမ္မတူမြို့နယ်ဘဏ်ခွဲ၌ သာလျှင် ငွေထုတ်သည့်ဌာန(၁၅)ခုသာရှိခြင်း၊ ငွေစုသူ (၁၀၀)ကျော် နှင့် ပင်စင်စား(၁)ဦးသာရှိခြင်းတို့ကြောင့် လက်ရှိကာလအနေနဲ့ မန်တုံမြို့နယ်တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲ ဖွင့်လှစ်ရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ဆက်လက်ပြီး ပင်းတယမြို့နယ်မဲဆန္ဒနယ်

ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အများပြည်သူသိရှိနိုင်ရန် အတွက် မည်သို့စီမံဆောင်ရွက်နေသည်ဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်း နှင့်ပတ်သက်ပြီး ကျွန်တော် ဗိုလ်မှူးကြီးနိုင်ဝင်းအောင်မှ ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်တွင် လူကုန်ကူးမှု၊ လူမှောင်ခိုမှု၊ မူးယစ်ဆေးဝါးဖမ်းဆီးအရေးယူမှု၊ ယာဉ်တိုက်မှု၊ သက်ငယ်မုဒိမ်းမှုများ လျော့နည်းကျဆင်းစေရေးအတွက် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ပညာရေးဌာန၊ တရားရေးဌာန၊ ဥပဒေအရာရှိများ၊ အထွေထွေ အုပ်ချုပ်ရေးမှူးများ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကော်မတီဝင်များ၊ သတင်းမီဒီယာများ၊ အစိုးရ မဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စာသင် ကျောင်းများအပါအဝင် ရပ်ကွက်များ၊ကျေးရွာများရှိ ပြည်သူ လူထုများအထိ လူကုန်ကူးမှု၊ လူမှောင်ခိုမှု၊ မူးယစ်ဆေးဝါး အန္တရာယ်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ သက်ငယ်မုဒိမ်းမှု တွေနဲ့ပတ်သက်ပြီးပညာပေးဟောပြောမှုများကို ကျယ်ကျယ် ပြန့်ပြန့် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအတွင်းမှာ လူကုန်ကူးပညာပေး ဟောပြောမှုအနေနဲ့ (၁၀၄၉)ကြိမ်၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ပညာပေး ဟောပြောမှု(၃၁၀)ကြိမ်၊ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း ပညာပေး ဟောပြောမှု (၅၇၅)ကြိမ်၊ သက်ငယ်မုဒိမ်းမှုနှင့်ပတ်သက်ပြီး ပညာပေးဟောပြောမှု (၄၅၅)ကြိမ် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး၊





ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လူစည်ကားရာ အရပ်တွေ မှာလည်း ပညာပေးဆိုင်းဘုတ်တွေ စိုက်ထူခြင်း၊ ပရိုဂျက်တာ (Projector)ဖြင့် ပညာပေးဇာတ်လမ်းများပြသခြင်း၊ ရှမ်း ပြည်နယ်မှာ ပြုလုပ်တဲ့ အခမ်းအနားတွေမှာပညာပေးပြခန်း ဖွင့်လှစ်ပြသ ပညာပေးတာတွေနဲ့ မှုခင်းပညာပေးရွေ့လျား စာကြည့်ယာဉ်တွေနဲ့ကျေးရွာအထိ ပညာပေးခြင်းလုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်သွားမည့် အကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီး မှ တစ်ဆင့် ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ( ခ ) ဦးညီလေးချမ်းက ဒုတိယမေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညီညီ( ခ )ဦးညီလေးချမ်း ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။** ဒုတိယမေးခွန်းတွင် ကျွန်တော်တင်ပြ ဆွေးနွေးသွားမှာကတော့(၆-၈-၂၀၁၇)ရက်နေ့က ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့ရှိ ရွှေဥမင်လိုဏ်ဂူတွင် ဆေးလိပ်ငွေ့ ကင်းစင်သည့် နေရာအဖြစ် ဆေးလိပ်ငွေ့ကင်းစင်၊ ရွှေဥမင်တစ်ခွင် ကြေညာခြင်း အထိမ်းအမှတ်ကိုအောင်မြင်စွာပြုလုပ်ပြီးဖြစ်ပါတယ်။ ဆေးလိပ်ငွေ့ ကင်းစင်အောင်လုပ်ဖို့ အင်မတန်မှအရေးကြီးပါတယ်။ ဘာကြောင့်

လဲဆိုရင် ဆေးလိပ်ငွေ့ကင်းစင်နေရာပြုလုပ်ခြင်းအားဖြင့် မူးယစ်ဆေးဝါးသုံးစွဲမှုကိုလည်း ကျဆင်းစေမှာဖြစ်ပါတယ်။ ဒါကြောင့် ဆေးလိပ်ငွေ့ ကင်းစင်တဲ့နေရာတွေကို မည်သည့်နေရာများမှာ လုပ်ဖို့ ရှိ/မရှိနှင့်ပတ်သက်ပြီး ကြယ်ပွင့်ပြမေးခွန်း မေးရခြင်းဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ မည်သည့် မြို့နယ်များတွင် ဆေးလိပ်ငွေ့ကင်းစင်သည့်နေရာများကို သတ်မှတ်ဆောင်ရွက်ရန် စီမံချက်များ ရှိ/မရှိ ၊ရှိပါကမည်သည့် မြို့နယ်များတွင် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်းကို အများပြည်သူသိစေရန်အတွက် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်းမေးမြန်း အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်း၏ ဆေးလိပ်ငွေ့ကင်းစင်ရေးဆိုင်ရာမေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာဖြစ်ပါတယ်။ ဒီမေးခွန်းနဲ့ ပတ်သက်ပြီးတော့ မြို့နယ်အလိုက် အကောင်အထည်



D/real(wide) (8



အသိပညာပေး လက်ကမ်းစာစောင်တွေ ဖြန့်ဝေခြင်း၊ ရှမ်းပြည်နယ်မှာပြုလုပ်တဲ့ အခမ်းအနားတွေမှာ ပညာပေးပြခန်းတွေ ပြသပြီး ပညာပေးတာတွေ၊ မှုခင်းပညာပေးရွေ့လျားစာကြည့်ယာဉ်တွေနဲ့ကျေးရွာတွေအထိ ကျယ်ကျယ်ပြန့်ပြန့် ကွင်းဆင်းပညာပေးခြင်းလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ပြည်နယ်အတွင်းမှာ လူကုန်ကူးမှု၊ လူမှောင်ခိုမှု၊ မူးယစ်ဆေးဝါးဖမ်းဆီးအရေးယူမှု၊ ယာဉ်တိုက်မှုနှင့် သက်ငယ်မုဒိမ်းမှုများကို ဖမ်းဆီးအရေးယူတာတွေကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ဖမ်းဆီးအရေးယူမှုအနေနှင့် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအတွင်း လူကုန်ကူးဖမ်းဆီးအရေးယူမှု (၃၂)မှု၊ တရားခံ ကျား(၂၉)ဦး၊ မ(၆၇)ဦး၊ ပေါင်း(၉၆)ဦး၊ မူးယစ်ဆေးဝါးဖမ်းဆီး အရေးယူမှု (၁၄၂၂)မှု ၊ တရားခံ ကျား (၁၇၄၃)ဦး၊ မ(၂၅၅) ဦး၊ ပေါင်း (၁၉၉၈) ဦး၊ ယာဉ်တိုက်မှု (၇၀၇)မှု ၊ ကျား(၆၇၆)ဦး၊ မ (၄၀)ဦး၊ ပေါင်း(၇၁၆)ဦး၊ မော်တော်ယာဉ်အက်ဥပဒေအရ အရေးယူမှု (၈၅၉)မှု ၊ တရားခံ ကျား (၈၄၄)ဦး၊ မ (၃၅)ဦး ၊ပေါင်း (၈၇၉)ဦး ၊ သက်ငယ်မုဒိမ်းဖြစ်ပွားမှု (၃၃)မှုမှာ တရားခံ ကျား(၃၃)ဦးကို ဖမ်းဆီးအရေးယူမှုများဆောင်ရွက်နိုင်ခဲ့ပါတယ်။ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်များခင်ဗျား။ လူကုန်ကူးမှု၊ လူမှောင်ခိုကူးမှု၊ မူးယစ်ဆေးဝါးအန္တရာယ်၊ ယာဉ်စည်းကမ်း၊ သက်ငယ်မုဒိမ်းမှုများ ကျဆင်းရေးအတွက် ပညာပေးဟောပြောပွဲတွေကို ခရိုင်၊ မြို့နယ်၊ ရဲစခန်းတွေအလိုက် ကျွန်တော်တို့ လစဉ် ဆောင်ရွက်လျက်ရှိရာ ယခုထက်ပိုမိုအရှိန်အဟုန်မြှင့်တင်

ဖော်မည့် ဘုရားပုထိုးနေရာများကိုတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆေးလိပ်ငွေ့ကင်းစင်ဒေသများဖြစ်ပေါ်စေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်မှုများအနေဖြင့် ရှမ်းပြည်နယ်အတွင်းရှိ နိုင်ငံခြားသားများ အများဆုံးလာရောက်လည်ပတ်လျက်ရှိတဲ့ ညောင်ရွှေမြို့နယ်၊ အင်းလေးကန်နဲ့ ပင်းတယမြို့နယ်၊ ရွှေဥမင်လိုဏ်ဂူတို့အား ၂၀၁၅ ခုနှစ်မှ စတင်၍ ဆေးလိပ်ငွေ့ကင်းစင်သည့်ဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန နှင့် South East Asia Tobacco Control Alliance (SEATCA) တို့သဘောတူခဲ့ကြပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သက်ဆိုင်ရာဒေသများအတွက် ပြည်နယ်အဆင့်ကြီးကြပ်မှုကော်မတီ၊ မြို့နယ်အဆင့်အကောင်အထည်ဖော်ရေးကော်မတီများကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလမှာဖွဲ့စည်းပေးခဲ့ပြီး စေတနာ့ဝန်ထမ်းများအားသင်တန်းပေး၍ ပညာပေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလမှစတင်၍ ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်တစ်ခွင်၊ ဆေးလိပ်ငွေ့ကင်းစင် အင်းလေးတစ်ခွင်၊ ဆေးလိပ်ငွေ့ ကင်းစင်ရွှေဥမင်တစ်ခွင် ခေါင်းစဉ်ဖြင့်လူထုလှုပ်ရှား မှုများအဖြစ် စုပေါင်းလမ်းလျှောက်ပွဲများ၊ စုပေါင်းစက်ဘီးစီးပွဲများ၊ ကျောင်းအခြေပြု မီနီမာရသွန်ပြိုင်ပွဲတို့ကို ရှမ်းပြည်နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ်များမှာ





ဆွေးနွေးပွဲကို ကျယ်ကျယ်ပြန့်ပြန့်လိုက်လံပြုလုပ်ခဲ့ပါတယ်။ အသိပညာပေးဆွေးနွေးပွဲမှာ ဆေးလိပ်သောက်ခြင်းကြောင့်ရရှိတဲ့ ကျန်းမာရေးဆိုးကျိုးများ၊ ဆေးလိပ်ဖြတ်ခြင်းကြောင့် ရရှိလာမည့် ကျန်းမာရေး၊ လူမှုရေး ၊စီးပွားရေး အကျိုးရလဒ်များ၊၂၀၁၆ ခုနှစ် ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမှုထိန်းချုပ်ရေးဥပဒေပါ အကြောင်းအရာများ၊ အာဆီယံနိုင်ငံများအတွင်း ဆေးလိပ်ငွေ့ကင်းစင်ဒေသများ ဖြစ်ပေါ်နေမှုအခြေအနေ အကျိုးရလဒ်အဖြစ် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၆)ရက်နေ့တွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်အတွင်းရှိ ရွှေဥမင်သဘာဝလိုဏ်ဂူဘုရားအား(Smoke Free Zone)jrefrmနိုင်ငံ၏ ပထမဦးဆုံးသော ဆေးလိပ် ငွေ့ကင်းစင်နယ်မြေအဖြစ် ကမ္ဘာကိုကြေညာနိုင်ခဲ့ပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များတွင် ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည် တစ်ခွင်အဖြစ် ဆောင်ရွက်ရန် စီမံချက်များချမှတ်ဆောင်ရွက်လျက်ရှိပြီး၊ ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်တစ်ခွင်ဆောင်ရွက်မှု မြို့နယ်များအနေဖြင့် ယနေ့အထိတင်ပြလာတဲ့ မြို့နယ်စီမံချက်များအရ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် (၁၈)မြို့နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် (၆)မြို့နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် (၆) မြို့နယ်တို့မှာ ဆေးလိပ်ငွေ့ကင်းစင်ဒေသများ အကောင်အထည်ဖော် ဆောင်နိုင်ရေးအတွက် ခရိုင်စီမံခန့်ခွဲမှုကော်မတီများမှ စီမံချက်များရေးဆွဲ တင်ပြလာပါတယ်။ စီမံချက်များအရ တောင်ကြီးမြို့နယ်တွင် ရွှေဘုန်းပွင့်ဘုရား၊ စူဠာမုနိဘုရား၊

မြို့လယ်ဓမ္မာရုံ၊ ဟိုပုံး မြို့နယ်တွင် သီရိမင်္ဂလာရွှေချမ်းသာမွေတော်ဘုရားကြီး၊ ထမ်ဆမ်းလိုဏ်ဂူနှင့် ထမ်ဆမ်းရွှေတိဂုံဘုရား၊ ကလောမြို့နယ်တွင် မြို့လယ်ဓမ္မာရုံ၊ ရွှေဥမင်လိုဏ်ဂူဘုရား၊ နှီးဘုရားနှင့် ဟဲဟိုးလေဆိပ်၊ ဆီဆိုင်မြို့နယ်တွင် အရိယာမဂ္ဂင်မြို့လယ်ဓမ္မာရုံ၊ အောင်စံပြည့်ညီသမိုင်းဝင် မွေတော်ဘုရား၊ ရှေးဟောင်းသမိုင်းဝင်မွေတော် နမ့်စစ်ဘုရားကြီး နှင့် မင်္ဂလာဘုရား၊ ရွာငံမြို့နယ်တွင် ရွှေပေါ်ကျွန်းကျောင်း၊ ရွှေဖူးရုံ ကျောင်း၊ မြို့နယ်သာသနာ့ဗိမာန်၊ မြို့နယ်ဗထူးခန်းမ၊ရွှေပွင့်လင်းဘုရား၊ ရပ်စောက်မြို့နယ်တွင် စူဠာမုနိကုသိုလ်တော်ဘုရားကြီးနှင့် မိုးမခတောင်ဘုရား၊ ပင်လောင်းမြို့နယ်တွင် မွေတော်ဘုန်းတော်ကြီး ကျောင်း၊ ဖယ်ခုံမြို့နယ်တွင် နတ်တောဘုရားနှင့် မိုးဗြဲ မွေတော် ဘုရား၊ လွိုင်လင်မြို့နယ်တွင် မဟာရဋ္ဌသုတမဂ္ဂင်စေတီတော်ကြီး၊ ပြည်မတောင်တန်း ပူးပေါင်းရေးစာချုပ်ကျောက်တိုင်၊ နမ့်ခမ်းမြို့နယ် တွင်စသုံးလုံးဆုတောင်းပြည့်ဘုရား၊ ကွန်ဟိန်းမြို့နယ်တွင် မဟာကမ္ဘောဇပြည်ငြိမ်းအေးစေတီတော်၊ လဲချားမြို့နယ်တွင် မဟာမြတ်မုနိဘုရား၊ ဂေါတမဘုရား၊ မြတ်ဒီသနီးဘုရား၊ ဟော်ခမ်းဘုန်းကြီးကျောင်း၊ ကျိုင်းပန်ဘုန်းကြီးကျောင်း၊ ဟိုလယ်ဘုန်းကြီးကျောင်း၊ မိုင်းပန်မြို့နယ်တွင် သမိုင်းဝင်ရွှေမြင်ထင်မွေတော် စေတီ တော်ကြီး၊ ကျေးသီးမြို့နယ်တွင် မူလသီရိဟုံခမ်းစာသင်တိုက်၊ မိုင်းရှူး မြို့နယ်တွင် တက်ဝိုဟိန်းစေတီတော်၊ ကိုးမြို့ရှင်နတ်နန်း၊ ဝိသုဒ္ဓိစေတီတော်၊ လင်းခေးမြို့နယ်တွင် မဟာမြတ်မုနိဘုရားကြီး၊ မိုးနဲ မြို့နယ်တွင်



D/real(wide) (8



ကျယ်ကျယ်ပြန့်ပြန့် ကျင်းပပြုလုပ်ခဲ့ ပါတယ်။ ဒါ့အပြင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၇ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇)ရက်စွဲပါ စာအမှတ်(၂၅၅၉)/၈-၃၂၄/အစရ(ရှမ်း)ဖြင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီများသို့ ဆေးလိပ်ငွေ့ကင်းစင်ဒေသများ အကောင်အထည်ဖော်နိုင်ရန်အတွက် စီမံချက်များ ရေးဆွဲတင်ပြရန် ညွှန်ကြားခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ မှ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလမှစတင်၍ စာသင်ကျောင်းများအားလုံး၊အားကစားကွင်း/အားကစားရုံများအားလုံး၊ ဆေးရုံ/ဆေးပေးခန်းများနှင့် ကျန်းမာရေးအဆောက်အဦများအားလုံးတွင် ဥပဒေမှသတ်မှတ်ထားတဲ့ ဆေးလိပ်လုံးဝသောက်ခွင့်မရှိသော နေရာများဖြစ်သည့်အားလျော်စွာ လိုက်နာဆောင်ရန်အတွက် ၂၀၁၇ ခုနှစ်၊ မတ်လ (၉)ရက်စွဲပါစာအမှတ်(၃၀၆၄)/၈-၃၂၄/အစရ(ရှမ်း)ဖြင့် ပြည်နယ်ပညာရေးမှူး၊ ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများသို့ ထပ်မံညွှန်ကြားထားပြီးဖြစ်ပါတယ်။ ခရိုင်စီမံခန့်ခွဲမှုကော်မတီများမှအစိုးရအဖွဲ့သို့ ပြန်လည်တင်ပြလာမှု အားနည်းနေခြင်းကြောင့် ၂၀၁၇ ခုနှစ်၊ ဇွန်လအတွင်း ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်၊ လူမှုရေးဝန်ကြီး၊ ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူး၊ ဒုတိယပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးတို့က ရှမ်းပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့ (၁၂)မြို့သို့ သွားရောက်ပြီး၊ ဆေးလိပ်ငွေ့ကင်းစင်ဒေသများ အကောင်အထည်ဖော်နိုင်ရေးအတွက် အသိပညာပေး

ယော်ဝင်း၊ ရွှေမှုန်တော်စေတီ၊ ဒေဝီဆယ့်နှစ်ပါးဂူဘုရား၊ မောက်မယ်မြို့နယ်တွင် နမ့်ပတ်ကွန်စေတီ၊ မြို့နယ်သီရိမင်္ဂလာ ဓမ္မာရုံ၊ နမ့်ယွန်းခန်းမ၊ လားရှိုးမြို့နယ်တွင် ရန်တိုင်းအောင် ဆုတောင်းပြည့်မြို့ဦးစေတီ၊ မူဆယ်မြို့နယ်တွင် မဟာသန္တိသုခ ရုပ်တော်မှူဘုရား၊ ရွှေသမင်စေတီတော်၊ သဗ္ဗညုစုပ်မိန်းစေတီ၊ စောမွန်လှ/စယ်လန့်၊ နာဂရာမြောင်လှိုင်ဘုရား၊ လွယ်တိန်ခမ်း တောင်နှင့် ရုပ်တော်မူဘုရား၊ နမ့်ခမ်းမြို့နယ်မှာမြို့လယ်ဘုရားကြီး၊ ကွတ်ခိုင်မြို့နယ်တွင် တိလောကမာရဇိန် ဆုတောင်းပြည့်စေတီ၊ ကောင်းခါးကျေးရွာရှိ မဟာဓမ္မာရုံသီရန်အောင်စေတီ၊ တာမိုးညဲ မြို့တွင် ရန်အောင်မြင်စေတီ၊ သီပေါမြို့နယ်တွင် သမိုင်းဝင် ဘော်ကြိုမုတောစေတီ၊ မဟာမြတ်မုနိဘုရားကြီး၊ သိမ်တော်ဘုရား၊ ဟိုပန်မြို့နယ်တွင် ဝဏ္ဏကျော်ထင် စဝ်ခွန်ဆန်ခန်းမ၊ အဘယလာဘ ကမ္ဘာ့ငြိမ်းချမ်းရေး ရုပ်တော်မူဘုရားနှင့် (၃၁)ဘုံစေတီကုန်း ဘုန်းတော်ကြီး ကျောင်းပရဝုဏ်၊ ကျိုင်းတုံ မြို့နယ်တွင်မဟာမြတ်မုနိ ဘုရားကြီး၊ မိုင်းခတ်မြို့နယ်တွင် မိုင်းလုံးနှီးဘုရား၊ မိုင်းယောင်း မြို့နယ်တွင် ထေရဝါဒငြိမ်းချမ်းရေးစေတီ၊ မိုင်းပျဉ်းမြို့နယ်မှာ ကျိုင်းလုံပရိယတ္တိစာသင်တိုက်၊ မိုင်းဆတ်မြို့နယ်တွင် ဓါတ်စွမ် ယောင်စေတီတော်၊ သဗ္ဗညုဆုတောင်းပြည့်စေတီတော်၊ မိုင်းတုံ မြို့နယ်တွင် နှစ်ကျိပ်ရှစ်ဆူစေတီတော်၊ ရွှေစေတီ၊ ဆုတောင်းပြည့် စေတီများမှာ အကောင်အထည်ဖော် ဆောင်ရွက်ဖို့အတွက် ခရိုင်စီမံခန့်ခွဲမှုကော်မတီများမှ တင်ပြလာပါတယ်။ ကျန်မြို့နယ်



D/real(wide) (8



တည်တံ့စေရေး သက်ဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်း များနှင့် လွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်းဆောင်ရွက်ပေးဖို့ ကိုလည်း ကျွန်တော့်အနေနဲ့ အလေးအနက် တိုက်တွန်းပြောကြား ရင်း မေးခွန်းဖြေကြားချက်ကို အဆုံးသတ်ပါတယ်။ ကျေးဇူးတင် ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ရှာငံမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဦးစဝ်အောင်မြတ်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစဝ်အောင်မြတ်၊ ရှာငံမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စား လှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရှာငံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစဝ်အောင်မြတ် ဖြစ်ပါတယ်။ကျွန်တော်တို့ ရှာငံမြို့နယ်အတွင်းရှိ ယကြီး၊ နန်းခုံ၊ အလယ်ချောင်၊ တောကျယ်ကျေးရွာအုပ်စုများမှာနေထိုင်တဲ့ ကျေးလက်နေပြည်သူတွေအတွက် ယကြီးတိုက်နယ်ဆေးရုံ ဖွင့်လှစ်ခွင့်ပြုပါရန် ကျေးလက်နေပြည်သူများရဲ့ တင်ပြလာမှုကို (၂၁. ၄. ၂၀၁၇)ရက်စွဲပါစာအမှတ် ၁၁/၄-၂၀၁၇ ဖြင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့သို့ ညှိနှိုင်းတင်ပြပေး ခဲ့ပါတယ်။ ဓနုကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ ပွေးလှတိုက်နယ်ဆေးရုံနဲ့ (၈)မိုင်သာ

ကွာဝေးပြီးကားဖြင့် မိနစ် (၂၀)သာ သွားလာရတဲ့အတွက် ယကြီးကျေးရွာတွင် တိုက်နယ်ဆေးရုံ ဖွင့်လှစ်ပေးရန် သင့်လျော်မှုမရှိပါကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ပြန်ကြားချက်ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ (၇-၈-၂၀၁၇)ရက်စွဲပါစာ အမှတ်၊ဥ၁၈၇/၈-၃၁၀/အစရ(ရှမ်း)ဖြင့် ညှိနှိုင်းပြန်ကြားလာခဲ့ပါတယ်။ အဆိုပါ ပွေးလှတိုက်နယ်ဆေးရုံသည် ကျေးရွာအုပ်စု (၁၀)အုပ်စု ၊ ကျေးရွာပေါင်း(၅၄)ရွာကို လွှမ်းခြုံပေးထားပြီး လူဦးရေ (၂၉၅၂၆)ဦး၊ အိမ်ခြေစုစုပေါင်း(၆၂၁၁)အိမ်တို့ကို ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါတယ်။ ၂၀၁၁ခုနှစ်တွင် ပြင်ပလူနာ (၂၅၇၈)ဦး၊ အတွင်းလူနာ(၃၈၁)ဦး စာရင်းရှိရာမှ ၂၀၁၆ခုနှစ်တွင် ပြင်ပလူနာ(၇၈၂၄ )ဦး၊ အတွင်းလူနာ (၁၃၅၀)ဦးအထိ ငါးနှစ်တာကာလအတွင်းမှာ တိုးတက်များပြားစွာ ကုသမှုခံယူခဲ့ကြောင်း ကျွန်တော်တို့ မှတ်တမ်းများအရသိရှိခဲ့ရပါတယ်။ သို့ဖြစ်ပါ၍ ယကြီး၊ နန်းခုံ၊ အလယ်ချောင်၊ တောကျယ်ကျေးရွာအုပ်စုများတွင်နေထိုင်တဲ့ ကျေးလက်နေပြည်သူတွေ၊ ပွေးလှကျေးရွာအုပ်စုနဲ့ ပွေးလှကျေးရွာအုပ်စုအနီးမှာရှိတဲ့ ကျေးရွာတွေ၊ ကျေးလက်နေပြည်သူတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်ဖို့အတွက်ကိုလည်း ပွေးလှတိုက်နယ်ဆေးရုံကို စံကိုက်တိုက်နယ်ဆေးရုံအဖြစ် အဆောက်အဦ၊ ဝန်ထမ်း၊ ဆေးဝါး ပစ္စည်းတို့ကို တိုးချဲ့ဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် အစီ အစဉ် ရှိပါက မည်သည့်ကာလမှာဆောင်ရွက်ပေးမည်ဆိုတာကို သိရှိလိုတဲ့





များသို့လည်း စီမံချက်များရေးဆွဲတင်ပြဖို့ ညွှန်ကြားထားပြီးဖြစ်ပါတယ်။ သက္ကရာဇ် ၂၀၂၀ မရောက်မီ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များရဲ့ အထင်ကရနေရာများ၊ ဘုရားပုထိုးများ၊ အမွေအနှစ်နေရာများ၊ နိုင်ငံခြားသားများ လည်ပတ်သည့်နေရာများတွင် ဆေးလိပ်ငွေ့ကင်းစင် နေရာများဖြစ်ပေါ်လာစေရန် ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်တစ်ခွင်လှုပ်ရှားမှုဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

လွှတ်တော် ကိုယ်စားလှယ်များသို့ ကျွန်တော်ပန်ကြားလိုတဲ့ အချက်(၄)ချက်ရှိပါတယ်။ ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေပါအချက်များအား ပြည်သူလူထုမှ ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး လိုက်နာဆောင်ရွက်စေရေးအတွက် ဆေးလိပ်သောက်ခွင့်မရှိသည့်နေရာများတွင် ဆေးလိပ်လုံးဝ မသောက်စေရေး လွှတ်တော်ကိုယ်စားလှယ်များမှ တိုက်တွန်းပြောကြားပေးစေလိုပါတယ်။ ဥပဒေပါ ဆေးလိပ်သောက်ခွင့်မရှိတဲ့ နေရာများတွင် ဆေးလိပ်လုံးဝ မသောက်သုံးစေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ပေးဖို့ လွှတ်တော်ကိုယ်စားလှယ်များကို တိုက်တွန်းလိုပါတယ်။ ဆေးလိပ်ငွေ့ကင်းစင်တဲ့နေရာများ၊ ဒေသများ၊ မြို့များ၊ မြို့တော်များပေါ်ထွက် လာစေရေး သက်ဆိုင်ရာတာဝန်ရှိ အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးဖို့လည်း လွှတ်တော်ကိုယ်စားလှယ်များကို တိုက်တွန်းပြောကြားလိုပါတယ်။ ဆေးလိပ်ငွေ့ကင်းစင် ဒေသများရေရှည်

အတွက် နည်းဥပဒေ ပုဒ်မ ၉၈ အရ လွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးမှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၊ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်ရဲ့ ပွေးလှတိုက်နယ်ဆေးရုံဆိုင်ရာ မေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်၊ ပွေးလှတိုက်နယ် ဆေးရုံ သည်ကျေးရွာအုပ်စု (၁၀) အုပ်စု ၊ကျေးရွာ ပေါင်း (၅၄) ရွာ၊ လူဦးရေ (၂၉၅၂၆)ဦး၊ အိမ်ခြေ စုစုပေါင်း (၆၂၁၁)ကို လွှမ်းခြုံထားပါသည်။ ဧရိယာစတုရန်းမိုင်ပေါင်း (၁၀၉. ၀၅) စတုရန်းမိုင်ကို လွှမ်းခြုံထားပြီး ပင်းတယမြို့နယ် ပြည်သူ့ဆေးရုံနှင့် (၈)မိုင်ကွာဝေးသောနေရာတွင်ရှိပါတယ်။ ပွေးလှတိုက်နယ်ဆေးရုံ ပိုင်မြေအကျယ်အဝန်းမှာ (၀. ၈၈)ဧကရှိပြီး ဆေးရုံပင်မအဆောက်အဦ၊ သံဃာဆောင်၊ သားဖွားဆောင်နှင့် ခါတ်မှန်ဆောင်များရှိပြီး ပွေးလှတိုက်နယ် ကျန်းမာရေးဌာန အဆောက်အဦတစ်ခုလည်း တည်ဆောက်ထားပါတယ်။ လမ်းတစ်ဘက်ခြားမှာရှိတဲ့





**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းမွန်းလိန်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းမွန်းလိန်။ မိုးနဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။** အားလုံးပဲမင်္ဂလာပါခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ဒုတိယနေ့တွင် တက်ရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ လူကြီးမင်းများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါဝရပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမွန်းလိန်ဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးတင်ပြမှာကတော့ ပြည်သူလူထု၏ ချွေးနဲ့စာ ငွေကြေးများကို မတရားယူထားသော အောင်သပြေမီးလင်းရေး ကော်မတီကို စုံစမ်းဖော်ထုတ်အရေးယူ ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်း သွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုးနဲမြို့နယ် အောင်သပြေကျေးရွာသည် လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနမှ နိုင်ငံတော်ဘတ်ဂျက်ကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့ ရက်စွဲပါစာအမှတ်၊ ၀၁၂/အေဖ(ခွင့်ပြုမိန့်)တိုင်း ၅/၂၀၁၈အရ ပြည်နယ်အစိုးရ ဘတ်ဂျက်ပိုလျှံငွေကျပ် (၆၉. ၈၂၈) သန်းဖြင့် 11KV လိုင်း (၁၂၀)ပေ၊ 110.9KV၊ 200KV Transformer

တစ်လုံး (၄၀၀) ဗို့အားလိုင်း (၁. ၂)မိုင် တိုးချဲ့ တည်ဆောက်ခြင်း လုပ်ငန်းအား (၂၀၁၆-၂၀၁၇)ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရမှ ခွင့်ပြု ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါတယ်။ ထိုသို့ဆောင်ရွက်ပေးခဲ့စဉ်ကလည်း လိုအပ်သော Materialsနှင့် Service Charges ပါဝင်သည်ကို တွေ့ရပါတယ်။ သို့ပါသော်လည်း အောင်သပြေ မီးလင်းရေး ကော်မတီအဖွဲ့ (၉)ခုက ရှမ်းပြည်နယ်လျှပ်စစ်အစိုးရမှ ချပေးထားသော ဘတ်ဂျက်ကို အခွင့်ကောင်းယူ၍ ကျေးရွာ မီးလင်းရေးအတွက် ငွေကြေးထည့်ဝင်ရမည်ဟု အကြောင်းပြ ပြောဆိုကာ အိမ်ခြေ (၁၁၆)အိမ်မှ တစ်အိမ်လျှင် ငွေကျပ် (၅၀၀၀၀)စီ ကောက်ခံခဲ့ ပြီးထည့်ဝင်ငွေ နောက်ကျတဲ့သူ (၂၁)ဦးကို ဒဏ်ငွေ (၅၀၀၀၀)စီ ထပ်ဆောင်းကောက်ခံခဲ့ပြီး စုစုပေါင်းကျပ် (၁၀၀၀၀၀)စီ ထည့်ဝင်ခဲ့ရပါတယ်။ မီးလင်းရေးကော်မတီမှအားလုံး စုစုပေါင်း ကောက်ခံရရှိတဲ့ ငွေ(၆၈)သိန်းကျော်ကိုလည်း ကျေးရွာနဲ့ မသက်ဆိုင်သောနေရာများ အသုံးပြုခြင်း၊ အလွဲသုံးစားများ ပြုလုပ်ခြင်း၊ စာရင်းလိမ်လည်ပြဆိုခြင်းများ ပြုလုပ်ခဲ့တယ်လို့သိရပါတယ်။ မီတာငွေကြေးကောက်ခံရာတွင် နိုင်ငံတော်က သတ်မှတ်ထားသော တန်ဖိုးထက် ၅၀၀၀ စီကောက်ခံခဲ့တယ်လို့ သိရပါတယ်။ ထိုအကြောင်းကို လျှပ်စစ်မီတာ တပ်ဆင်သူ ကိုမျိုးမင်းလင်း၏ ပြောပြခြင်းများမှတစ်ဆင့် သိခဲ့ရပါတယ်။ ထို့ကြောင့် မိုးနဲမြို့နယ်၊ နမ့်မော်ဆွန့်ကျေးရွာအုပ်စု၊ အောင်သပြေ (ဆီဆုံ) မီးလင်းရေးကော်မတီအဖွဲ့က ရှမ်းပြည်နယ်အစိုးရမှ ချပေးထားသော



D/real(wide) (8)



ဆေးရုံပိုင်မြေ (၀. ၅၇)ဧကပေါ်မှာ ဆရာဝန်နေအိမ်(၁)လုံး၊ သူနာပြုနေအိမ် (၃)လုံးနဲ့ အခြား ဝန်ထမ်းနေအိမ် (၂)လုံးတို့ ရှိကြပါတယ်။ ဝန်ထမ်းအင်အားကိုလည်း တိုက်နယ်ဆရာဝန် (၁)ဦး အထက်တန်း သူနာပြုဆရာမ (၂)ဦး၊ သူနာပြုဆရာမ(၃)ဦး၊ ဆေးစပ်(၁)ဦး၊ဓါတ်ခွဲ ဝန်ထမ်း(၁)ဦး၊ ကျန်းမာရေး ကြီးကြပ် (၁)ဦးနှင့် လုပ်သား(၄)ဦးတို့ စုစုပေါင်း (၁၄)ဦး တာဝန်ထမ်းဆောင်လျက် ရှိပါတယ်။ ဆေးရုံရဲ့ လူနာတက်ရောက်မှု ရာခိုင်နှုန်းအခြေအနေကို ဆန်းစစ်ကြည့်ရာမှာ ၂၀၁၅ ခုနှစ်အတွင်း ပြင်ပလူနာ (၆၇၀၁)ဦး၊ အတွင်းလူနာ (၁၃၄၄)ဦး၊ ခုတင်အသုံးချမှု ရာခိုင်နှုန်း (စံကိုက်ခုတင်ဖြင့်) တွက်ချက်ပါက (၁၃၁) ရာခိုင်နှုန်း၊ ၂၀၁၆ ခုနှစ်အတွင်း ပြင်ပလူနာ (၇၈၂၄)ဦး၊ အတွင်းလူနာ (၁၃၅၀)ဦး၊ ခုတင်အသုံးချမှု ရာခိုင်နှုန်း (စံကိုက် ခုတင်)ဖြင့် (၁၂၅. ၃၇)ရာခိုင်နှုန်း၊ ၂၀၁၇ ခုနှစ် ၊ ဇူလိုင်လအထိ ပြင်ပလူနာ (၃၆၄၆)ဦး ၊ အတွင်းလူနာ (၄၉၅)ဦး၊ ခုတင်အသုံးချမှု ရာခိုင်နှုန်း(စံကိုက်ခုတင်ဖြင့်) (၈၀. ၈၆) ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါတယ်။ စံကိုက်ဆေးရုံ အဆောက်အဦ ဆောက်လုပ်ပေးရန် လိုအပ်လျက်ရှိသဖြင့် စံကိုက်အဆောက်အဦ ဆောက်လုပ်ပေးနိုင်ရန် ပြည်နယ် ကုသရေးဦးစီးဌာန ၊ တောင်ကြီးမြို့၏ (၁၂-၈-၂၀၁၇)ရက်စွဲပါ စာအမှတ် ၊ ၁၂၈၄/စံကိုက်ဆေးရုံ/ကုသ/၂၀၁၇ ဖြင့် ကုသရေး ဦးစီးဌာန ၊ နေပြည်တော်သို့ တင်ပြထားပြီးဖြစ်ပါကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဘတ်ဂျက်ကို အခွင့်ကောင်းယူပြီး ပြည်သူလူထုများကို ပွင့်လင်းမြင်သာချပြခြင်းမရှိဘဲ ကျေးရွာဖွံ့ဖြိုးရေးအတွက် ခေါင်းစဉ်တပ်၍ ကိုယ်ထူကိုယ်ထ မီးလင်းရေးသဖွယ်ပြုလုပ်ပြီး မသိနားမလည်သောပြည်သူလူထု၏ ချွေးနဲ့စာများငွေကြေးများကို မတရားကောက်ယူထားသော အောင်သပြေမီးလင်းရေးကော်မတီကို စုံစမ်းဖော်ထုတ်အရေးယူပေးနိုင်ခြင်း ရှိ/မရှိ ပြည်သူလူထုကိုယ်စား မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးမှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုးနဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းမွန်းလိန် မေးမြန်းတဲ့ ပြည်သူလူထုရဲ့ ချွေးနဲ့စာများကို မတရားကောက်ယူထားသော မိုးနဲမြို့နယ်၊ နမ့်မော်ဆွန့်ကျေးရွာအုပ်စု ၊ အောင်သပြေ (ဆီဆုံ) မီးလင်းရေးကော်မတီကို စုံစမ်းဖော်ထုတ်အရေးယူပေးနိုင်ခြင်း ရှိ/မရှိဆိုတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုးနဲမြို့နယ်၊ နမ့်မော်ဆွန့်ကျေးရွာအုပ်စု၊





**ဒေါ်နန်းစံဟွမ်၊ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။**

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းဝေး ဒုတိယနေ့တွင် တက်ရောက်လာကြသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာပဏာမနှုတ်ခွန်း ဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ နန်းစံဟွမ် ဖြစ်ပါတယ်။ ကျွန်မမေးမြန်းမယ့် မေးခွန်းကတော့ အခြေခံပညာအဆင့် ပညာရေးဝန်ထမ်းအိမ်ရာများလုံလောက်မှုမရှိခြင်းနှင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ အထက်ပါအကြောင်းအရာနဲ့ ပတ်သက်ပြီး အခြေခံပညာအဆင့် ပညာရေးဝန်ထမ်းများသည် မိမိရဲ့မွေးရပ်ဇာတိမှ အခြားအရပ်သို့ သွားရောက်တာဝန်ထမ်းဆောင်ရာတွင် နေရာထိုင်ခင်း မပြည့်စုံမှုကြောင့် အခက်အခဲများတွေ့ကြုံနေရသည်ကို လေ့လာတွေ့ရှိရပါသည်။ ကျေးရွာမှ ကူညီပံ့ပိုးပြီး အိမ်များကို တည်ဆောက်ပေးပါသော်လည်း အတန်အသင့်ပြည့်စုံအောင် ဖြည့်ဆည်းပေးနိုင်သော မြို့နယ်များရှိသလို ပြည့်စုံအောင်ဖြည့်ဆည်းမပေးနိုင်သော ဒေသအများအပြား ကျန်ရှိနေသည်ကိုတွေ့ရှိရပါသည်။ ထရံကာ၊ သက်ကယ်မိုးဖြင့် လုံခြုံမှုအားနည်းစွာ နေထိုင်ရသည့် ဒေသများရှိသလို စီးပွားရေးအခြေအနေ ကောင်းမွန်မှုနည်းပါးသော ဒေသများတွင် အခြေခံပညာရေး

ဝန်ထမ်း၏အိမ်ရာများကို လုံလောက်စွာ ဆောက်လုပ်ပေးနိုင်ခြင်း မရှိသောကြောင့် ဆရာ/ဆရာမများသည် ငှားရမ်းကာနေထိုင်ကြရပါသည်။ အနာဂတ်သားကောင်းရတနာများ ထူးချွန်စွာ ထွက်ပေါ်လာနိုင်ရန် အခြေခံအုတ်မြစ်သည် ပညာရေးသာဖြစ်ပါတယ်။ အခြေခံအုတ်မြစ် ခိုင်မာကောင်းမွန်မှ ကျောင်းသားလူငယ်များ၏ ဘဝသည်လည်းမှန်ကန်သော လမ်းကြောင်းပေါ်တွင် တွေးခေါ်ရပ်တည်နိုင်မှာ ဖြစ်ပါတယ်။ ယနေ့လူငယ်၊ နောင်ဝယ်လူကြီးဆိုသလို ယခု အခြေခံပညာအဆင့်တွင် လူငယ်များ၏အရည်အသွေး၊ စွမ်းရည်များကို မြှင့်တင်ပေးနိုင်မှ အနာဂတ်နိုင်ငံတော်တည်ဆောက်မှုမှာလည်းတာဝန်ယူနိုင်မှာဖြစ်ပါတယ်။ နိုင်ငံ၏သားကောင်းများကိုလည်း မွေးထုတ်ပေးနိုင်မှာ ဖြစ်ပါတယ်။ သို့ပါသော်လည်း သင်ကြားပေးရမည့် ဆရာ/ဆရာမများ၏ စားဝတ်နေရေးတွင် တစ်ခုခုချို့ယွင်းအားနည်းမှုရှိပါက စိတ်ဓါတ်ပိုင်းဆိုင်ရာ၊ သင်ကြားရေးဆိုင်ရာ အားစိုက်မှုမှာလည်း အားနည်းလာနိုင်ပါသည်။ ကျောင်းနေပျော်မှလည်း ကလေးများဟာ စာတော်ကြပါမယ်။ စာတော်အောင်လည်းသင်ကြားပေးရမယ့် ဆရာ/ဆရာမများရဲ့ တာဝန်ဟာ အဓိက အကျဆုံးဖြစ်ပါတယ်။ ယခုလေ့လာကြည့်ရသလောက် ပညာရေးဝန်ထမ်း အချို့သည် တာဝန်ကျရာ ကျောင်းမှာ နေရာထိုင်ခင်းစီစဉ်ပေးရာတွင် လုံလောက်မှုမရှိသောကြောင့် ကျောင်းနှင့်အလှမ်းဝေးသောနေရာမှနေ၍ နေပူမိုးရွာ မရှောင်ကျန်းမာရေး ထိခိုက်လာနိုင်မှုကို ဂရုမထားဘဲ ပညာရေးဝန်ဆောင်မှု



D/real(wide) (8



အောင်သပြေ(ဆီဆုံ)ကျေးရွာ အာဏာပိုင်များမှ ဖွဲ့စည်းပေးထားတဲ့ မီးလင်းရေးကော်မတီနှင့် ပတ်သက်ပြီး သန်းဇော်ထွေး(ခ) ဇော်ထွေး(၁၁/စတန(နိုင်) ၀၅၈၁၄၀)အောင်သပြေရွာ၏(၂-၈-၂၀၁၇) ရက်စွဲပါ နိုင်ငံတော်ဘတ်ဂျက်ငွေဖြင့် ကျေးရွာမီးလင်းရေးဆောင်ရွက်သည်ကို အကြောင်းပြ၍ မီးလင်းရေးကော်မတီဖွဲ့စည်းပြီး အခမဲ့ငွေကြေးကောက်ခံခြင်း၊ ကောက်ခံရရှိတဲ့ငွေကြေးကို တလွဲသုံး၍ အလွဲသုံးစား ပြုလုပ်နေခြင်းများနှင့် ပတ်သက်ပြီး သက်ဆိုင်ရာဥပဒေဖြင့်အရေးယူပေးပါရန် တိုင်ကြားစာမိတ္တူအား (၂. ၈. ၂၀၁၇) ရက်နေ့တွင် လက်ခံရရှိပါတယ်။အဆိုပါတိုင်ကြားမှုနှင့်ပတ်သက်ပြီး ခရိုင်အုပ်ချုပ်ရေးမှူးရုံး (ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန )၏ (၇. ၈. ၂၀၁၇) ရက်စွဲပါစာဖြင့် ခရိုင်လျှပ်စစ်အင်ဂျင်နီယာ (အဖွဲ့ခေါင်းဆောင်)၊ မြို့နယ်အုပ်ချုပ်ရေးမှူး (အဖွဲ့ဝင် )၊ မြို့နယ်လျှပ်စစ်မှူး (အဖွဲ့ဝင်) အဖြစ်ပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းပေးပြီး အဖြစ်မှန်ပေါ်ပေါက်စေရေးအတွက် စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်းနှင့် စစ်ဆေးတွေ့ရှိချက် ပေါ်မူတည်ပြီး ဥပဒေနှင့်အညီဆောင်ရွက်စေမည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ္မတူမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်နန်းစံဟွမ်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ပေးနိုင်ရန်အတွက် အားကြိုးမာန်တက်ကြိုးစား၍ လာကြသည်ကိုလည်းတွေ့ရှိရပါသည်။ အခြေခံပညာရေး ဝန်ထမ်းများနှင့် တွေ့ဆုံတိုင်း နေရာထိုင်ခင်း အခက်အခဲများရှိကြောင်း တော်တော်များများကြားသိရပါတယ်။ ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲရာမှာ ပညာရေးစနစ်တစ်ခု ပြောင်းလဲခြင်းတင်မက စနစ်ဖွံ့ဖြိုးတိုးတက်အောင်မြင်လာစေရန် အကောင်အထည်ဖော် ဆောင်ရွက်နေကြရသော ပညာရေးဝန်ထမ်းများ၏ ဘဝကိုလည်းမေ့ထား၍ မရနိုင်ပါ။ဒါကြောင့် ပညာသင်ကြားမှု ၊ သင်ယူမှုအားကောင်းစွာဖြင့် ရှေ့ဆက် နိုင်ရန် ပညာရေးဝန်ထမ်းများ စိတ်ချမ်းသာစွာ နေထိုင်နိုင်ရေးနှင့် ဆက်စပ်နေသည်ဟု ယူဆသောကြောင့် အောက်ပါမေးခွန်းများကို မေးမြန်းရခြင်းဖြစ်ပါတယ်-

အခြေခံပညာအဆင့် ပညာရေးဝန်ထမ်းများ၏ အိမ်ရာများနှင့်ပတ်သက်၍ အခြေခံပညာရေးဝန်ထမ်းများ၏ ဝန်ထမ်းအိမ်ရာများချထားပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ ၊ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် စတင်အကောင်အထည်ဖော်ပေးမည်နည်း။ အကယ်၍မရှိပါက ပညာရေးကို အားပေးသော အစိုးရတစ်ရပ် အနေဖြင့် စီမံကိန်းတစ်ခုအဖြစ် (သို့မဟုတ်) လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသ၊ ပြည့်စုံမှုအားနည်းသောဒေသများကို ဦးစားပေး၍ ဝန်ထမ်းအိမ်ရာများ ချထားခြင်းကို ထည့်သွင်းစဉ်းစားပေးပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။



D/real(wide) (8



လုပ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း)အတွင်း ကလောမြို့နယ် ၊ မူလွန်-မြို့ဆိုး၊ မူလွန်-ရွှေဂူ၊ ကွန်ဟိန်းမြို့နယ်၊ အလက(ခွဲ)မ(၁)၊ ဆီဆိုင်မြို့နယ်၊ မူလွန်-လွယ်စန့်၊ ပင်းတယမြို့နယ်၊ အ. လ. က(ခွဲ)လင်းလေအင်း၊ ပင်လောင်းမြို့နယ် ၊အ. လ. က(ခွဲ)တောင်ခမောက်၊ ဖယ်ခုံမြို့နယ်၊ အထက(ခွဲ)လအိ၊ မိုင်းကိုင်မြို့နယ်၊ အ. ထ. က-မိုင်းကိုင်၊ မိုင်းရှူးမြို့နယ် ၊ အ. ထ. က-မိုင်းစံ၊ အ. ထ. က-မိုင်းရှူး၊ ရပ်စောက်မြို့နယ်၊ မူလွန်-နန်းလွဲ၊ ရွာငံ မြို့နယ် အ. ထ. က-မြိုင်၊ လဲချားမြို့နယ်၊ အ. ထ. က(ခွဲ) မူလွန်(၁)၊ လွိုင်လင်မြို့နယ်၊ အ. မ. က-ခိုက်မိုက်ဆော့၊ ဟိုပုံးမြို့နယ်၊ အ. ထ. က(ခွဲ)ဖာလိုင်၊ ဟိုပုံးမြို့နယ် အ. ထ. က -ကျောက္ကချား၊ ကျေးသီးမြို့နယ် အ. ထ. က (ခွဲ)ဝမ်ဆင်း၊ တောင်ကြီးမြို့နယ် အ. လ. က(ခွဲ) ဝင်းယ၊ အ. လ. က(ခွဲ)ကက္ကူမွေတော်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်း လားရှိုးမြို့၊ ပြည်နယ်ပညာရေးမှူးရုံး ဝန်ထမ်းအိမ်ရာ၊ လားရှိုးမြို့နယ် အ. လ. က (ခွဲ)မောက်တောင်း၊ သိန်းနီမြို့နယ်၊အ. မ. က -ပန်ဖတ်၊ တန့်ယန်းမြို့နယ်၊ မူလွန်-တုန်ဟုန်း၊ မိုင်းရယ်မြို့နယ် အ. မ. က(ခွဲ) ခွန်ခုတ်၊ ကျောက်မဲမြို့၊ ခရိုင်ပညာရေးမှူးရုံး ဝန်ထမ်းအိမ်ရာ၊ မူဆယ်မြို့၊ခရိုင်ပညာရေးမှူးရုံး ဝန်ထမ်းအိမ်ရာ၊ ကွမ်းလုံမြို့နယ်၊ မူလွန် (၁) ကွမ်းလုံ၊ ဟိုပန်မြို့နယ်၊ အ. ထ. က-ဟိုပန်၊ ပန်ဆန်းမြို့နယ်၊ အ. လ. က(ခွဲ)ပန်ဖိန်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်း မိုင်းပျဉ်းမြို့နယ် အ. ထ. က(ခွဲ) မိုင်းမန်း၊ မိုင်းတုံမြို့နယ်၊

အ. မ. က-နယ်ခြားစောင့်တပ်၊ စုစုပေါင်း ဝန်ထမ်းအိမ်ရာ (၃၁)လုံးတို့ အားခွင့်ပြုရန်ပုံငွေကျပ်(၆၂၃. ၁)သန်းဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ခွင့်ရရှိပြီး တင်ဒါအောင်မြင်သည့် ကုမ္ပဏီများဖြင့် မကြာမီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်း ကျေးသီးမြို့နယ်၊ အ. ထ. က-မိုင်းနောင်၊ အ. ထ. က-ဝမ်ဆင်း၊ တောင်ကြီးမြို့နယ်၊ အ. ထ. က(၂) တောင်ကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းနမ့်ဆန်မြို့နယ် အ. ထ. က(၁ )၊ မဘိမ်းမြို့နယ်၊ အ. ထ. က(၁) မဘိမ်း၊ မူဆယ်မြို့နယ်၊ အ. မ. က-စက်မှု၊ လားရှိုးမြို့နယ်၊ မူလွန်-မန်ပျဉ်၊ မူလွန်-ဆုံကွယ်၊ မူလွန်-အမက-မန်းပွဲ၊ မူလွန်-တာယော်၊ ဟိုပန်မြို့နယ်၊ အ. မ. က-နောင်ဟော့၊ အ. မ. က တာဖြတ်၊ လောက်ကိုင်မြို့နယ် အ. ထ. က(၁) လောက်ကိုင်၊ အ. ထ. က- တာရွှေထန်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း မိုင်းတုံမြို့နယ်၊ အ. ထ. က-ပုံပါကျင်၊ မိုင်းဆတ်မြို့နယ်၊ အ. ထ. က-မိုင်းခုတ်၊ ကျိုင်းတုံမြို့နယ်၊ မူလွန်-နောင်လျန့်၊ မိုင်းခတ်မြို့နယ်၊အ. ထ. က-မိုင်းခတ်၊ မိုင်းလားမြို့နယ်၊ မူလွန်-မိုင်းမ စုစုပေါင်း ဝန်ထမ်းအိမ်ရာ (၁၉)လုံး၊ ခန့်မှန်းတန်ဖိုး ငွေကျပ်(၁၂၄၄. ၁)သန်းတိတိအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လျာထားတင်ပြခဲ့ပြီးဖြစ်ပါတယ်။ အခြေခံပညာကျောင်းအဆောက်အဦများဆောက်လုပ်ရန် တင်ဒါခေါ်ယူစဉ် ဝန်ထမ်းအိမ်ရာများကိုလည်း တင်ဒါခေါ်ယူ၍ ဆောက်လုပ်ပေးပါ





**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးမှဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နမ္မတူမြို့ နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစံပွင့်၏ ပညာရေးကဏ္ဍဆိုင်ရာမေးခွန်းကို ဆက်လက်ဖြေကြားပေးသွားပေးမှာ ဖြစ်ပါတယ်။ အခြေခံပညာအဆင့်ပညာရေးဝန်ထမ်းများ၏ အိမ်ရာများနှင့် ပတ်သက်၍ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း မိုင်းကိုင်မြို့နယ်၊ အထက(ခွဲ)တုံလော၊ မောက်မယ်မြို့နယ်၊ အထက(ခွဲ)ဥယျာဉ်စန်း၊ မိုးနဲမြို့နယ်၊ အ. ထ. က(ခွဲ) နားခံကျောင်းများတွင် (၆၀×၃၀)ပေ သွပ်မိုးအုတ်ညှပ်တစ်ထပ် ဝန်ထမ်းအိမ်ရာများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း မူဆယ်မြို့နယ်၊ အ. ထ. က (ခွဲ)မိုင်းယု (၁၀၅)မိုင်၊ မဘိမ်းမြို့နယ် အ. ထ. က(ခွဲ)ဘဟဲ၊ နမ့်ဆန်မြို့နယ် အ. ထ. က(ခွဲ)လ(၁)ကျောင်းများတွင် (၆၀×၃၀)ပေ Steel Structure တစ်ထပ်ဝန်ထမ်းအိမ်ရာ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်း ကျိုင်းတုံမြို့နယ် အ. ထ. က(ခွဲ)မိုင်းဇင်း၊ မိုင်းဆတ်မြို့နယ် အ. ထ. က(ခွဲ)လ(၂)၊ မိုင်းပျဉ်းမြို့နယ် ၊အလက-ပန်တားလေး ကျောင်းများတွင်(၆၀×၃၀)ပေသွပ်မိုးအုတ်ညှပ်တစ်ထပ် ဝန်ထမ်းအိမ်ရာ၊ စုစုပေါင်းဝန်ထမ်းအိမ်ရာ (၉)လုံးတို့အား ခွင့်ပြုရန်ပုံငွေကျပ် (၂၁၀. ၆)သန်းဖြင့် ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် ဆောက်

တယ်။ အခြေခံပညာကျောင်းများမှ တင်ပြတောင်းခံလာတဲ့ ဝန်ထမ်းအိမ်ရာ အမှုတွဲများကို နယ်မြေဒေသ၊ လမ်းပန်း ဆက်သွယ်ရေးခက်ခဲတဲ့ဒေသ၊ ပြည့်စုံမှုအားနည်းသော ဒေသ စသည့်အခြေအနေပေါ် မူတည်၍ ဦးစားပေးအစီအစဉ် ခွဲခြားပြီး ပြည်နယ်ပညာရေးမှူးရုံးမှတစ်ဆင့် အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြေကြား အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းလှဝင်းမှ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်က ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်းဖြစ်ပါတယ်။ အခုကျွန်တော်မေးမယ့်ကြယ်ပွင့် ပြမေးခွန်းကတော့ မိုင်းပျဉ်းမြို့နယ်၊ ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ (၄)ရွာအား ကျေးရွာစိမ့်စမ်းရေပေးရေးလုပ်ငန်း ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ စပ်လျဉ်းပြီးတော့ မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။





**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးမှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌ ကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် မေးမြန်းလာတဲ့ မေးခွန်းကို ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးတာဝန်ယူထားတဲ့ ဦးစိုင်းလုံကျော်မှ ဆက်လက်ဖြေကြား သွားမှာ ဖြစ်ပါတယ်။ မိုင်းပျဉ်းမြို့နယ်အတွင်းရှိ ကျေးရွာ (၄)အုပ်စုတွင်ပါဝင်တဲ့ ယမ်းခေး၊ ဝမ်ကတ်၊ ဝမ်ပုံ၊ ကွန်စိုင်း ကျေးရွာ(၄)ရွာစိမ့်စမ်းရေ သွယ်ယူပေးရေးလုပ်ငန်းကို ၂၀၁၇-၂၀၁၈ ဖြည့်စွက်ရန်ပုံငွေဖြင့် စီစဉ်ဆောင်ရွက်ပေးရန် ရှိ/မရှိဆိုတဲ့ မေးခွန်းနှင့် ပတ်သက်ပြီး ယမ်းခကျေးရွာ ရေရရှိရန် စိမ့်စမ်းရေ (၁/၅)မိုင် သွယ်တန်းခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ်(၁၆. ၀၀) သန်းနှင့် ဝမ်ကတ်ကျေးရွာ ရေရရှိရေးစိမ့်စမ်းရေ (၃/၀)မိုင် သွယ် တန်းခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ်(၂၄. ၁၅)သန်းကုန်ကျမှာ ဖြစ်ပါတယ်။ ယမ်းခေးကျေးရွာအုပ်စုနှင့် ဝမ်ကတ်ကျေးရွာ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းကို၂၀၁၈-၂၀၁၉ခုနှစ်၊ ဘဏ္ဍာရေးနှစ်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်ထောင်စုရန်ပုံငွေဖြင့် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။ ဆက်လက်ပြီး ဝမ်ပုံကျေးရွာရေရရှိရေး စိမ့်စမ်းရေ (၂/၁)မိုင် သွယ်တန်းခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် (၁၈. ၅၃)သန်း နှင့် ကွန်စိုင်းကျေးရွာ ရေရရှိရေး စိမ့်စမ်းရေ (၂/၀)မိုင် သွယ်တန်းခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ်(၁၇. ၈၅)သန်း ကုန်ကျမှာဖြစ်ပါတယ်။ ဝမ်ပုံကျေးရွာနှင့် ကွန်စိုင်းကျေးရွာစိမ့်စမ်းရေ သွယ်ယူခြင်းလုပ်ငန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်နယ် ရန်ပုံငွေဖြင့် ဆောင်ရွက်ရန်လျာထား တင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုးမိတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်ရီရီဝင်းကမေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ရီရီဝင်း၊ မိုးမိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။**
ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊





မိုင်းပျဉ်းမြို့နယ်ရှိ ကျေးရွာအုပ်စုများအတွင်း ကျေးရွာအသီးသီးတွင် သဘာဝဘေးအန္တရာယ်အမျိုးမျိုးကြောင့် မိမိရဲ့မြို့ရွာ၊ ကျေးရွာမှာရှိတဲ့ စိမ့်စမ်း၊ ရေကန်၊ ရေတွင်းများသည် နှစ်စဉ်နှင့်အမျှ ခမ်းခြောက်လျက်ရှိနေပါတယ်။ သို့ဖြစ်ပါ၍ ကျေးရွာအနီးအနားရှိ ရေအရင်းအမြစ်ဖြစ်တဲ့ တောတောင်ရေမြေ စိမ့်စမ်းတွေနဲ့ အလှမ်းဝေးကွာတဲ့နေရာမှာသွားရောက်ပြီးတော့ ရေသယ်ယူ အသုံးပြုလျက်ရှိသည်နှင့်အညီ လူပင်ပန်း၊ စိတ်ပင်ပန်းအချိန်ကုန် ပင်ပန်းစွာဖြင့် နေ့စဉ်နဲ့အမျှကြုံတွေ့လျက်ရှိနေတာကို လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့်လည်းပဲ သက်ဆိုင်ရာ ကျေးရွာပြည်သူလူထုရဲ့ တင်ပြတောင်းဆိုချက်အရ ဟောင်ကန်ကျေးရွာအုပ်စု ယမ်းခမ်းကျေးရွာ၊ အိမ်ခြေ (၆၀)အိမ်၊ လူဦးရေ(၁၆၃)ဦး၊ ဆင်ဖောင်းကျေးရွာအုပ်စု၊ ဝမ်ကတ်ကျေးရွာ၊ အိမ်ခြေ (၆၀)၊ လူဦးရေ (၃၀၄)ဦး၊ ယမ်းမိုင် ကျေးရွာအုပ်စု၊ ဝမ်ပုံကျေးရွာ၊ အိမ်ခြေ (၃၂)၊လူဦးရေ (၁၂၅)ဦး၊ ယမ်ခမ်းကျေးရွာအုပ်စု၊ ကွန်စိုင်းကျေးရွာ၊ အိမ်ခြေ(၂၁)၊ လူဦးရေ(၁၃၄)ဦးအတွက် လိုအပ်လျက်ရှိတဲ့ရေများရရှိရေး စိမ့်စမ်းရေဆောင်ရွက်ပေးရန် တင်ပြခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ မိုင်းပျဉ်းမြို့နယ်၊ ကျေးရွာအုပ်စု(၄)ခုမှ (၄)ရွာအား စိမ့်စမ်းရေ စီစဉ်ဆောင်ရွက်ပေး နိုင်မယ့်အစီအစဉ်များကိုလာမယ့် ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် စီစဉ်ဆောင်ရွက်ပေးနိုင်မယ့် အစီအစဉ် ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီဝင်း ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ ကုမ္ပဏီများ မစိုက်ပျိုးဘဲကျန်ရှိနေတဲ့မြေများနှင့်ပတ်သက်၍ မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်သွားမည်ဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။ လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ရဲ့ ရှမ်းပြည်နယ်ဟာ နယ်နိမိတ်ဧရိယာစတုရန်းမိုင် (၆၀၀၀၀)ကျော်၊ ဧကအားဖြင့်(၃၉)သန်းခန့်ရှိပြီး လူဦးရေမှာ(၄၄) သိန်းကျော်ရှိတယ်လို့ လေ့လာသိရှိရပါတယ်ရှင်။ ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူများသည် စိုက်ပျိုးမွေးမြူရေး လုပ်ကိုင်ကာ အသက်မွေးဝမ်းကျောင်းပြုကြသူများဖြစ်ပါတယ်ရှင်။ ယခုအခါ လူဦးရေသည် တစ်စထက်တစ်စ တိုးပွားလာသောကြောင့် စိုက်ပျိုးရေးလုပ်ငန်းကိုလည်း ယခင်ကထက်တိုးချဲ့ လုပ်ကိုင်နေကြပြီ ဖြစ်ပါတယ်ရှင်။ ကျွန်မတို့ ရှမ်းပြည်နယ်အတွင်း လွန်ခဲ့သော (၇)နှစ်ခန့် ၂၀၁၀ခုနှစ်ခန့်က ကုမ္ပဏီများနှင့် ဦးစီး လုပ်ကိုင်လိုသည့် လူပုဂ္ဂိုလ်များသည် အဓိက အချက်အချာကျသည့် နေရာဒေသများ၌ စိုက်ပျိုးရေးလုပ်ကိုင်ရန်ဟု အကြောင်းပြကာမြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုအဖွဲ့သို့ အာမခံကြေးငွေများ ပေးသွင်း၍ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ပါမည်ဟု ကတိပြုကာ လုပ်ကိုင်ခွင့်ရရှိထားခဲ့သည်ကိုလည်းသိရှိရပါတယ်ရှင်။ ယခုအခါ ထိုလုပ်ကိုင်ခွင့်ရှိပြီး စည်းကမ်းချက်နှင့်မညီသော ကုမ္ပဏီအများအပြားရှိနေကြတာကိုလည်း



D/real(wide) (9



**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးတာဝန်ယူထားတဲ ဦးစိုင်းလုံကျော်ဖြစ်ပါတယ်။ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီဝင်းမှ မေးမြန်းလာတဲ့ ရှမ်းပြည်နယ်အတွင်း မိုးမိတ်မြို့နယ်ရှိ ဒေသခံပြည်သူများရဲ့ စားဝတ်နေရေး အဆင်ပြေစေရန်နှင့် တရားမဝင်သစ်ခိုးထုတ်လုပ်မှု ၊ သတ္တုတူးဖော်မှုလျော့ကျစေရေး အောက်ပါအချက်ကိုများသိလိုသည်မေးခွန်းနှင့် ပတ်သက်၍-

(၁) မည်သည့် မြို့နယ်များတွင် ကုမ္ပဏီများ၊ မြေလွတ်၊ မြေလပ်၊မြေရိုင်းများ လုပ်ကိုင်ခွင့်ပြုထားပါသနည်း၊

(၂) လုပ်ကိုင်ခွင့်ပြုထားသော ကုမ္ပဏီများနှင့် လုပ်ကိုင်ခွင့်ပြုထားသော ဧကမှာ မည်မျှနည်း၊

(၃) ကုမ္ပဏီများ မစိုက်ပျိုးဘဲ ကျန်ရှိနေသည့်မြေများကို နိုင်ငံတော်အစိုးရအနေနှင့် မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်သွားမည်နည်း၊

(ဃ) ထို့ကြောင့် ကုမ္ပဏီများမစိုက်ပျိုးဘဲကျန်ရှိနေသည့် မြေများကိုနိုင်ငံတော်အစိုးရအနေနှင့်မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်သွားမည်နည်း။

မေးခွန်းများနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်း(၁၇)မြို့နယ်တွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီမှ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့် ၊ အသုံးပြုခွင့်ချထားသည့် ကုမ္ပဏီအဖွဲ့အစည်း (၄၈)ဖွဲ့ လုပ်ကိုင်ခွင့်ပြုထားတဲ့ ဧရိယာ(၁၂၄၆၅၂.၇၂) ဧကရှိပါတယ်။ ကုမ္ပဏီများအနေဖြင့် လုပ်ပိုင်ခွင့်အသုံးပြုခွင့်ရရှိပြီး အကောင်အထည်ဖော် ဆောင်ရွက်သည့်မြေဧရိယာမှာ (၃၈၉၅၁. ၆၃)ဧကဖြစ်ပြီး အကောင်အထည်ဖော်နိုင်ခြင်းမရှိတဲ့ မြေဧရိယာမှာ (၈၅၇၀၁. ၀၉)ဧကရှိပါကြောင်း စိစစ်တွေ့ရှိရပါတယ်။ ယင်းသို့ ကုမ္ပဏီများမှ အကောင်အထည်ဖော်နိုင်ခြင်းမရှိတဲ့ မြေများနှင့် ပတ်သက်ပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေပုဒ်မ ၂၂(ဂ)နှင့်(ဃ)ပါပြဋ္ဌာန်းချက်အတိုင်း သတ်မှတ်ကာလ (၄)နှစ်ပြည့်မြောက်ပြီးအချိန်ထိ မြေပြင်၌ အမှန်တကယ် စိုက်ပျိုး လုပ်ကိုင်မှုမရှိသော လုပ်ပိုင်ခွင့်ချထားမြေများအား ခွင့်ပြုမိန့် ပြန်လည်ရုပ်သိမ်းရေးနှင့် အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်ထားသော မြေဧရိယာအပေါ် ခွင့်ပြုမိန့်စာအသစ်ထုတ်ပေးနိုင်ရန် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၆. ၆. ၂၀၁၇) ရက်စွဲပါစာဖြင့် ဥက္ကဋ္ဌ၊ ပြည်နယ်မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများ





တွေ့ရှိရပါတယ်ရှင်။ ထိုကုမ္ပဏီများ မစိုက်ပျိုးနိုင်သော မြေနေရာများတွင် ဒေသခံပြည်သူများကလည်း ဝင်ရောက်လုပ်ကိုင်လိုကြပါတယ်ရှင်။ ဒေသခံပြည်သူများအား တရားဝင်လုပ်ကိုင်ခွင့်ပြုခဲ့ပါက ဒေသအတွင်း ပြည်သူလူထုများ၏ စားဝတ်နေရေးများ အဆင်ပြေသွားမည့်အပြင် တရားမဝင်သစ်ခိုးထုတ်ရောင်းဝယ်မှု၊ တရားမဝင် သတ္တုတူးဖော်မှုများ လျော့ကျသွားမည်ဟု ယုံကြည် မိပါတယ်ရှင်။ သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ်ရှင်-

(က) မည်သည့်မြို့နယ်များတွင် ကုမ္ပဏီများကို မြေလွတ်၊ မြေလပ်၊ မြေရိုင်း များလုပ်ကိုင်ခွင့်ပြုထားပါသနည်း။

(ခ) လုပ်ကိုင်ခွင့်ပြုထားသော ကုမ္ပဏီများကို လုပ်ကိုင်ခွင့်ပြုထားသော ဧကမှာ မည်မျှရှိသနည်း။

(ဂ) ၎င်းကုမ္ပဏီများ စိုက်ပျိုးထားပြီးသော စုစုပေါင်းဧကနှင့်မစိုက်ပျိုးဘဲကျန်ရှိနေသည့် မြေဧကစုစုပေါင်းမှာ မည်မျှရှိပါသနည်း။

(ဃ) ထို့ကြောင့် ကုမ္ပဏီများ မစိုက်ပျိုးဘဲ ကျန်ရှိနေသည့် မြေများနှင့်ပတ်သက်၍ မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်ကိုသိရှိလိုပါ ကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့သို့ အကြောင်းကြားထားပြီး ဖြစ်ပါတယ်။ ယင်းညွှန်ကြားချက်အရ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီးကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းထွန်းညဏ်က မေးခွန်းမေးမြန်း ဖို့ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းညဏ်။ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။** လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ပထမ ဦးစွာနှုတ်ခွန်းဆက်သ ဂါ၀ရပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ်မဲ ဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းထွန်းညဏ်ဖြစ်ပါတယ်။ ကျွန်တော့်အနေနှင့် တိုင်းရင်းသား ဘာသာစာပေသင်ကြားရေးကို ပိုမိုထိရောက်သော အောင်မြင်မှုရရှိအောင် မည်ကဲ့သို့ စီစဉ် ဆောင်ရွက်နေသည်ကို သိလိုတဲ့ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားစာပေသင်ကြားခြင်းကို ကျောင်းချိန်ပြင်ပသင်ကြားမှုအဖြစ် ယခင်အစိုးရကာလကတည်းက





စာပေသင်ကြားရေးကို ပိုမိုစီမံခန့်ခွဲနိုင်ဖို့ လက်ရှိပညာရေးဦးစီးဌာန အနေနှင့် တွဲဖက်ပညာဦးစီးဌာနတစ်ခု ဖွင့်လှစ်ဆောင်ရွက်ပေးဖို့ အဆိုတင်သွင်းခဲ့ပါတယ်။ အဆိုကတော့ မှတ်တမ်းအဆင့်နဲ့ပဲ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ထို့ကြောင့် ယခုကျွန်တော်မေးမြန်း လိုတာက တိုင်းရင်းသားစာပေသင်ကြားရေးကို ရှေ့လျှောက် ပိုမိုအောင်မြင်အောင် နိုင်ငံတော်၏ ရည်မှန်းချက် အတိုင်းမည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးဖို့ အခြေအနေရှိနေသည်ကို သိလိုကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ အစိုးရအဖွဲ့ကို မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ် ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းညဏ်ရဲ့ တိုင်းရင်းသား ဘာသာစာ ပေသင်ကြားရေးဆိုင်ရာ မေးခွန်းကို ဆက်လက် ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်တွင် တိုင်းရင်း သားဘာသာ စာပေသင်ကြားခြင်းကို ၂၀၁၂ - ၂၀၁၃ ပညာသင် နှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး၊ ၂၀၁၃-၂၀၁၄တွင် ကျောင်းချိန် ပြင်ပ၌ သင်ကြားခွင့်ရရှိခဲ့ရာ တိုင်းရင်းသားဘာသာ ပြဋ္ဌာန်းစာအုပ်



D/real(wide) (9

များကိုလည်း ဖြန့်ဝေပေးခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ခုနှစ်မှ ၂၀၁၇-၂၀၁၈ခုနှစ်အထိ တိုင်းရင်းသားဘာသာစာပေ(၁၂)မျိုး ထုတ်ဝေခွင့်ရရှိခဲ့ပြီး၊ ၎င်းတို့မှာ ရှမ်း၊ ပအိုဝ်း၊ အင်း၊ လီဆူ၊ လားဟူ၊ "ဝ"၊ ပလောင်၊ ကယန်း၊ အာခါ၊ ကချင်၊ ကယားနှင့် ကယောစတဲ့ တိုင်းရင်းသားဘာသာစာပေများကို သင်ကြားပေးလျက်ရှိပါတယ်။

တိုင်းရင်းသားဘာသာစာပေ သင်ကြားသည့် ဆရာ/ဆရာမများကိုလည်း တစ်လလျှင် ကျပ်(၃၀၀၀၀)နှုန်းဖြင့် သင်ကြားသည့် လအလိုက်ထောက်ပံ့ခြင်းများ ဆောင်ရွက်နိုင်ခဲ့ပြီး၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ဆရာ/ဆရာမ (၂၂၅၃)ဦးကို ငွေကျပ် (၅၄၀. ၆၈)သန်း၊ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ဆရာ/ဆရာမ (၃၃၃၆)ဦးကို ငွေကျပ်(၈၅၀. ၀၆၄)သန်း ထောက်ပံ့ပေးနိုင်ခဲ့ပြီး ယခုနှစ်တွင် ဆရာ/ဆရာမ (၃၈၅၁)ဦးအား ထောက်ပံ့နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကား အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးဖွံ့ဖြိုးတိုးတက်ရေး၊တိုင်းရင်းသားများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာဓလေ့ထုံးစံများဖွံ့ဖြိုးရေး၊ မြန်မာဘာသာစကား၊ တိုင်းရင်းသားဘာသာစကားနှင့် နိုင်ငံခြားဘာသာစကားများ အပြန်အလှန်ဘာသာပြန်စနစ် တည်ဆောက်ရေးတို့အတွက် ပညာရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာနကို ၂၀၁၆ခုနှစ် ၊ ဇူလိုင်လ၇ရက်နေ့တွင် စတင်ဖွဲ့စည်း၍လုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်။



D/real(wide) (9



စတင်ဆောင်ရွက်ပြီးတော့မှ ယခုလက်ရှိအစိုးရ လက်ထက်တွင်လည်း ယခင်အတိုင်း ဆက်လက်ဆောင်ရွက်နေတာကို လေ့လာတွေ့ရှိရပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့အခြေခံဥပဒေပြဋ္ဌာန်းချက်အတိုင်း တိုင်းရင်းသားစာပေဖွံ့ဖြိုးတိုးတက်မှုအတွက် အကောင်အထည်ဖော်ဆောင်ရွက်ပေးဖို့ တာဝန်ရှိပါတယ်။ သို့သော်လည်းပဲ အောက်ခြေမှာ ဆောင်ရွက်နေရတဲ့ အနေအထားများစွာ အားနည်းနေတာကို လေ့လာတွေ့ရှိရပါတယ်။ တိုင်းရင်းသားစာပေသင်ကြားရေးကို အဓိကကြီးကြပ်ဆောင်ရွက်ရသူမှာ သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးဖြစ်ပါတယ်။ မြို့နယ်အတော်များများမှ ပညာရေးမှူးများသည် တိုင်းရင်းသားဘာသာစာပေကို နားမလည်သလို မတတ်ကျွမ်းပါဘူး။ စိတ်ဝင်စားမှုလည်းမရှိပါဘူး။ ကြိုးစားအားထုတ်မှုလည်းမရှိပါဘူး။ တာဝန်ကျေအဆင့်သာ ဆောင်ရွက်နေရတာကို လေ့လာတွေ့ရှိရပါတယ်။ ထို့ကြောင့် အစိုးရအနေနဲ့ အောက်ခြေမှာဖြစ်ပျက်နေတာကို ကျွန်တော်တို့ မီးမောင်းထိုးပြလိုပါတယ်။ အစိုးရအနေနဲ့ တိုင်းရင်းသားစာပေသင်ကြားရေးကို တာဝန်ရှိသည်နှင့်အညီ အထက်အဆင့်တွင် ခွင့်ပြုချက်ဖြင့် ထောက်ပံ့ပေးငွေများ အပါအဝင် ပံ့ပိုးဆောင်ရွက်ခဲ့သော်လည်း အောက်ခြေအဆင့်တွင် အဆင်မပြေမှုများစွာကြုံတွေ့နေရပါတယ်။ ထို့ကြောင့် ဒီလိုမျိုးအခက်အခဲများကို ကျော်လွှားနိုင်ဖို့၊ ကုစားနိုင်ဖို့ဆိုရင် လွန်ခဲ့တဲ့ ဒုတိယအကြိမ် ပုံမှန်အစည်းအဝေးတွင် ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဝင်းမှ တိုင်းရင်းသား

ထို့အပြင်တိုင်းရင်းသား ဘာသာစာပေသင်ကြားရေးကိုပိုမို ထိရောက်အောင်မြင်မှုရရှိစေရေးအတွက် နည်းပြဆရာ/ဆရာမ များအား သင်တန်းပေးခြင်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပညာရေး မှူးရုံးများအနေဖြင့်လည်း သက်ဆိုင်ရာ တိုင်းရင်းသားစာပေ၊ယဉ် ကျေးမှုအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း၍ တိုင်းရင်းသားဘာသာစာပေ ပြဋ္ဌာန်းစာအုပ်များ ဖြန့်ဝေနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါ ကြောင်းပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ယနေ့အတွက် ကျွန်တော်တို့ ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

## ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၏ “ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် လျှပ်စစ်မီတာများ တင်ဒါ ခေါ်ယူနိုင်ရန်” အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၆)ဖြစ်ပါတယ်။ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလင်းမြတ်ကအဆို တစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ **“ရှမ်းပြည်နယ်အစိုးရ အဖွဲ့၏ကြီးကြပ်မှုဖြင့် လျှပ်စစ်မီတာများ တင်ဒါခေါ်ယူနိုင်**





ကြောင့်လက်တွေ့မှာ လျှပ်စစ်မီတာတစ်လုံးတပ်ဆင် အသုံးပြုနိုင် ရေးအတွက် နှစ်ရှည်လများစောင့်ဆိုင်း နေရတာကိုလည်း တွေ့ရှိနေရပါတယ်။ ယင်းနှင့်စပ်လျဉ်းပြီး လျှပ်စစ်မီတာများ ခွဲတမ်းချရာတွင် အလှည့်ကျအသုံးပြုခွင့် ကျရောက်လာတဲ့အခါမှာ လည်း အလှည့်ကျသုံးစွဲခွင့်ရတဲ့သူများထက် ငွေကြေးပိုပေးနိုင် သောသူများကို ဦးစွာတပ်ဆင်အသုံးပြုခွင့်ရစေသည့် မလိုလား အပ်သောအကျင့်ပျက်ခြစားမှုများပေါ်ပေါက်လျက်ရှိတဲ့အပြင်၊ လျှပ်စစ်မီတာများမရှိတဲ့အတွက် လျှပ်စစ်ဓါတ်အားလိုင်းများကို တရားမဝင်ချိတ်ဆက် သုံးစွဲမှုများဖြစ်ပေါ်လျက်ရှိပြီး နိုင်ငံတော်၏ ဘဏ္ဍာငွေနစ်နာမှုများဖြစ်ပေါ် လျက်ရှိနေတာကိုလည်းတွေ့ရှိ ရပါတယ်။ ထို့ကြောင့် လျှပ်စစ်ဓါတ်အားလိုင်းများသွယ်တန်း တပ်ဆင်ထားပြီးဖြစ်သော်လည်း ပြည်သူလူထုအချို့ဟာ လျှပ်စစ်မီး ၏အကျိုးကျေးဇူးကို အမှန်တကယ်ခံစားရခြင်း မရှိနေသေးတာကို တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အနှံ့ ကျေးလက်မြို့ရွာများပါ မကျန် လျှပ်စစ်မီးလင်းရေးအတွက် လုံလောက်သော လျှပ်စစ် မီတာ(မီတာဘောက်စ်)များကို ပြည်သူအများလွယ်လင့်တကူ ဝယ်ယူသုံးစွဲနိုင်ရန်နှင့် မလိုလားအပ်သော အကျင့်ပျက်ခြစားမှုများ၊ မသမာမှုများပေါ်ပေါက်စေရေး ရည်ရွယ်ပြီး အရည်အသွေး ပြည့်မီပြီး စျေးနှုန်းသက်သာစေမည့် လျှပ်စစ်မီတာများကို ဝယ်ယူအသုံးပြုနိုင်ရန် ပြည်ပနိုင်ငံများမှ လျှပ်စစ်ကုမ္ပဏီများကို



D/real(wide) (6

ရှမ်းပြည်နယ်အစိုးရ၏ ကြီးကြပ်မှုဖြင့် ရှမ်းပြည်နယ်အတွက် သီးခြားတင်ဒါခေါ်ယူသင့်ပါကြောင်း ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းသော အဆိုကို လွှတ်တော်သို့ လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။** ယနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး(ဒုတိယနေ့)ကို ကြွရောက်လာကြသော ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ ဖြစ်ပါတယ်။ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလင်းမြတ်ရဲ့ **“ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် လျှပ်စစ်မီတာများ တင်ဒါခေါ်ယူ နိုင်ရန်”** အဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါတယ်ရှင်။





**ရန်”** အဆိုဖြစ်ပါတယ်။ ယခု ဦးစိုင်းလင်းမြတ်က အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်ကြီး များအားလုံးမင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလင်းမြတ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့်လျှပ်စစ်မီတာ တင်ဒါများခေါ်ယူနိုင်ရန် အဆိုကို တင်သွင်းသွားမှာဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့မြို့နယ်၊ ရပ်ကွက်များနှင့် ကျေးရွာများပါမကျန် မီးလင်းရေးဟာ ယနေ့သတင်းနှင့် နည်းပညာ ခေတ်ကာလတွင် လူမှုရေး၊ စီးပွားရေးအတွက် အလွန်တရာမှ မရှိမဖြစ်အရေးကြီးတဲ့ ကိစ္စတစ်ခုဖြစ်ပါတယ်။ လက်ရှိအခြေအနေအရ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်၊ ရပ်ကွက်များနှင့် ကျေးရွာတစ်ချို့မှာ လျှပ်စစ်ဓါတ်အားလိုင်းများ သွယ်တန်းရရှိသွားပြီးဖြစ်သော်လည်း လျှပ်စစ်မီတာများလုံလောက်စွာထုတ်ယူသုံးစွဲခွင့်ပေးနိုင်မှုအခြေအနေ မရှိတာကို တွေ့မြင်သိရှိရပါတယ်။ လျှပ်စစ်မီတာများကိုလည်း အလှည့်ကျ မဲဖောက်ပေးတဲ့ စနစ်နှင့် လျှောက်ထားအသုံးပြုနေရတာ

**အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန်မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းလင်းမြတ် တင်သွင်းသောအဆိုကို လွှတ်တော်ကိုယ်စားလှယ် (၁)ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ **"ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် လျှပ်စစ်မီတာများ တင်ဒါခေါ်ယူရန်"** အဆိုဖြစ်ပါတယ်။ ယခုအဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ ဆန္ဒကိုရယူမှာဖြစ်ပါတယ်။ ၄င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်က သဘောတူပါသည်။)**

အဆိုကိုလက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလား။ အဆိုကို လက်ခံဆွေးနွေးဖို့ သဘော





အမည်စာရင်း တင်သွင်းထားပါတယ်။ ပထမဦးစွာ မိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဆန်းဝင်းအောင်(ခ)ဦးအောင်အောင်က အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဆန်းဝင်းအောင်၊ မိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (ဒုတိယနေ့) ကို တက်ရောက်လာကြတဲ့ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကာယသုခ၊ ဉာဏသုခနှစ်ဖြာသောသုခနှင့် ပြည့်စုံပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးဆန်းဝင်းအောင်ဖြစ်ပါတယ်။ ဦးခိုင်ညီညီကျော်၏ တင်သွင်းသည့် အဆိုအား ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စုအတွင်းရှိ ပင်ဖြစ်ကျေးရွာတွင် ကျေးရွာချင်းဆက်လမ်းပေါင်း (၃၀)ဖောက်လုပ်ပြီး ကျောက်ချောလမ်း (၂၈)မိုင်၊ ဂဝံလမ်း(၂) မိုင်နှင့် မြေသားလမ်း(၆၅. ၅)မိုင်၊ စုစုပေါင်း (၉၇)မိုင် ဖောက်လုပ်ထားရှိပြီးဖြစ်ပါတယ်။ ကျေးရွာအုပ်စုအတွင်း ပင်ဖြစ်ကျေးရွာတွင် (၅)ရက် တစ်ဈေးလည်းရှိပါတယ်။ ဈေးဧရိယာအလျား(၅၅၁)ပေ၊ အနံ(၃၄၅)ပေ ဧရိယာအားဖြင့် (၄. ၃၆)ဧက



D/real(wide) (9

ရှိသောစည်ပင်သာယာ ဈေးတစ်ခုလည်းဖြစ်ပါတယ်။ ဈေး၏ ပတ်ပတ်လည်နှင့် ကားလမ်းဘေးဝဲယာတွင်နေ့စဉ် ဖွင့်လှစ်ရောင်းချသော ဆိုင်ခန်းပေါင်းမှာ (၅၄)ဆိုင်ရှိပြီးပွဲရုံပေါင်း(၂၃)ရုံရှိပါတယ်။ ထို့အပြင် ပင်ဖြစ် - တောင်ကြီး၊ ပင်ဖြစ်-ရပ်စောက်၊ ပင်ဖြစ်-ဆတ်သေ မော်တော်ယာဉ်လိုင်းများရှိပြီး နေ့စဉ်ကားအစီးရေ (၁၀)စီးကျော် ပြေးဆွဲလျက်ရှိပါတယ်။ ရပ်စောက်- မန္တလေး-မိတ္ထီလာ- နေပြည်တော်-ကျောက်ပန်းတောင်း -မြင်းခြံသွား ကားလက်မှတ်အရောင်းဌာနများလည်းရှိပြီး၊ ကားရပ်နားနေရာများလည်း ရှိသည့်အတွက် လမ်းပန်းဆက်သွယ်ရေး(၇၅) ရာခိုင်နှုန်း ကောင်းမွန်သည်ဟု ယူဆရပါတယ်။ ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာပေါင်း(၉)ရွာတွင် လျှပ်စစ်မီးများရရှိပြီးဖြစ်သည့်အပြင် ပြည်ထောင်စု၏ NEP စီမံချက်အရ (၂)မိုင်အတွင်း မီးလင်းရေး စီမံကိန်းရရှိပါက အုပ်စု၏(၈၅) ရာခိုင်နှုန်းခန့် မီးလင်းတော့မည် ဖြစ်ပါတယ်။ ယခုလက်ရှိ ထရန်စဖော်မာ(၉)လုံးနဲ့ မီးလင်းနေပါတယ်။ ကျေးရွာအုပ်စုအတွင်း စိုက်ပျိုးဧက (၁၆၉၅၀)အနက် စပါးစိုက်ဧက(၅၆၄၀)မှ ထွက်ရှိနေသော ဆန်စပါးများ၊ ယာမြေ (၈၃၁၀)ဧကမှ ပြောင်း၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ၊ ဥယျာဉ်ခြံမြေဖြစ်သည့် သရက်ခြံများမှ ထွက်ကုန်များလည်းထွက်ရှိကြောင်းသိရှိရပါတယ်။ ပင်ဖြစ်ဒေသမှထွက်သော စိန်တစ်လုံး သရက်သီးများကို တရုတ်နယ်စပ်မူဆယ်သို့ လည်းကောင်း၊ ရန်ကုန်-မန္တလေးသို့လည်းကောင်း ပို့ကုန်လုပ်ငန်းရှင်များမှတစ်ဆင့်





မတူသည့် ကိုယ်စားလှယ်မရှိသည့်အတွက် ဦးစိုင်းလင်းမြတ်ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

မိုင်းရှူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလင်းမြတ် တင်သွင်းတဲ့အဆိုကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက် (ဗုဒ္ဓဟူးနေ့) တွင်ဆွေးနွေးမှာဖြစ်ပါတယ်။ ဆွေးနွေးမယ့်လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါမှာ ဒီကနေ့ ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

## ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၏ " ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စုအား ပင်ဖြစ်မြို့အဖြစ် တိုးမြှင့်သတ်မှတ်ပေးရန်" အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၈)ဖြစ်ပါတယ်။ သတ္တမပုံမှန်အစည်းအဝေး (ပထမနေ့)က ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ "ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငါးကြောင် ကျေးရွာအုပ်စုအား ပင်ဖြစ်မြို့အဖြစ် တိုးမြှင့်သတ်မှတ်ပေးရန်" အဆိုနှင့်စပ်လျဉ်း ပြီးဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက

တင်ပို့ရောင်းချ လျက်ရှိကြောင်းသိရှိရပါတယ်ခင်ဗျား။ ထို့အပြင် ပင်ဖြစ်မြို့အဖြစ် တိုးမြှင့်သတ်မှတ်ပေးပါက လက်ရှိပင်ဖြစ် ကျေးရွာ၏ ဧရိယာမှာ (၁၀၀၀)ဧက ကျယ်ဝန်းပါတယ်။ တိုးပွား လာမည့်လူနေအိမ်များအတွက် ပင်ဖြစ်ကျေးရွာ၏ မြောက်ဘက်နှင့် အနောက်ဖက်တို့တွင် မြေဧကများစွာကို စီမံခန့်ခွဲရန်အလုံ အလောက်ရှိပါကြောင်း သိရှိရပါတယ်ခင်ဗျား။ ကျေးရွာအုပ်စု အတွင်းရှိ ဘာသာရေးအဆောက်အဦ၊ ဘုန်းတော်ကြီးကျောင်း ပေါင်း(၃၀)ရှိပြီး၊ တရားရိပ်သာကျောင်း(၂)ကျောင်းတွင်လည်း တရားစခန်းများ ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရှိရပါတယ် ခင်ဗျား။ ဗုဒ္ဓဘာသာပြန့်ပွားသည့်နေရာတစ်ခုလည်း ဖြစ်ပါတယ်။ ထို့ကြောင့် ဦးခိုင်ညီညီကျော် တင်သွင်းသည့် ယမ်းတွင်းငါးကြောင် ကျေးရွာအုပ်စုအား ပင်ဖြစ်မြို့အဖြစ်သို့ တိုးမြှင့်သတ်မှတ်ပေးရန် အဆိုကို လေးလေးနက်နက်ထောက်ခံ ဆွေးနွေးအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နောင်ချိုမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးမြင့်ဆွေက အဆိုကိုဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဆွေ၊ နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ပထမဦးစွာ မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ





အားဖြင့် (၅၀၀၀)ကျော်ရှိခြင်းတို့ကြောင့် ဦးခိုင်ညီညီကျော် တင်သွင်းသော **"ယမ်းတွင်းငါးကြောင် ကျေးရွာအုပ်စု အတွင်းရှိ ပင်ဖြစ်ကျေးရွာအား ပင်ဖြစ်မြို့အဖြစ်သို့ တိုးမြှင့် ပေးပါရန်"** အဆိုအား တင်ပြဆွေးနွေးထောက်ခံသွားခြင်း ဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

## အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၉)ဖြစ်ပါတယ်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကို လွှတ်တော် ကိုယ်စားလှယ်(၂)ဦးက ထောက်ခံဆွေးနွေးတာဖြစ်ပါတယ်။ ၂၀၁၃ခုနှစ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၁၂၅)၊ နည်းဥပဒေခွဲ(င)အရ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီး နိုင်ဝင်းအောင်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ။** လေးစားအပ်ပါသော ပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကျန်းမာရွှင်လန်းကြပါစေလို့ ပဏာမဦးစွာ နှုတ်ခွန်း

ဆက်သအပ်ပါတယ်။ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်မှ မေးမြန်းတဲ့ ရပ်စောက်မြို့နယ် အတွင်းရှိ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စုကို ပင်ဖြစ်မြို့အဖြစ် တိုးမြှင့်သတ်မှတ်ပေးရန် သိရှိလိုသောအဆိုနဲ့ စပ်လျဉ်းပြီးတော့ ကျွန်တော် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ ဗိုလ်မှူးကြီး နိုင်ဝင်းအောင်မှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၅၄ အရ ပြည်နယ်အတွင်းမှာရှိသော ကျေးရွာ၊ ရပ်ကွက် ၊ မြို့နယ်၊ ခရိုင်နယ်နိမိတ်တွေကို ပြင်ဆင်ဖို့၊ ဖွဲ့စည်းဖို့၊ အမည်ပြောင်းလဲဖို့ လိုအပ်သည်ဆိုပါက သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးချုပ်မှ နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး နိုင်ငံတော်သမ္မတက လိုအပ်သလို ဆောင်ရွက်ပေးရမယ်လို့ ပြဋ္ဌာန်းထားရှိပါတယ်။ ပြည်နယ်ဝန်ကြီးချုပ်ကလည်း နိုင်ငံတော်သမ္မတထံကို ထောက်ခံတင်ပြဖို့အတွက်ဆိုရင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး အဆင့်ဆင့်မှ အမှုတွဲတည်ဆောက် တင်ပြပေးရမှာဖြစ်ပါတယ်။ အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများ လက်စွဲဥပဒေအရ မြို့အဖြစ် တိုးမြှင့်ဖွဲ့စည်းမယ်ဆိုပါက ပါဝင်ရမယ့် သတ်မှတ်ချက်တွေနဲ့ တည်ဆောက်ရမယ့် အမှုတွဲအခြေအနေတွေကို ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ မြို့အဖြစ်တိုးမြှင့် သတ်မှတ်ပေးစေလိုတယ်ဆိုလို့ရှိရင် အနည်းဆုံးလူဦးရေ (၅၀၀၀)ဦး၊ အိမ်ခြေအနည်းဆုံး(၁၀၀၀)အိမ်ရှိဖို့လိုအပ်ပါတယ်။ ဈေး၊ ဘောလုံးကွင်း၊ ကလေးတွေ အပန်းဖြေဖို့ အတွက် ဥယျာဉ်ကစားကွင်း၊ (၁၆)



D/real(wide) (1



ကြီးခင်ဗျား။ ကျွန်တော်ကတော့ နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဆွေဖြစ်ပါတယ်။ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဦးခိုင်ညီညီကျော် တင်သွင်းသောအဆိုကို ကျွန်တော် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စုအတွင်းရှိ ပင်ဖြစ်ရွာတွင် ရေပေးဝေမှုအတွက် ရွာ၏မြောက်ဘက်ခြမ်းတွင် ဇရစ်ကန်ရေထွက် (၁)ခု၊ ပန်းမန်းရေထွက်(၁)ခုရှိခြင်းကြောင့် မြို့ရေပေးဝေရေးအတွက် လုံလောက်စွာရှိပါတယ်။ ဆက်လက်၍ မြန်မာ့ဆက်သွယ်ရေး၊ တယ်လီနောတိုင်များ စိုက်ထူထားခြင်း၊ ဌာနခွဲများ ဖွင့်လှစ်ထားရှိခြင်းတို့ကြောင့် မြို့အင်္ဂါရပ်နှင့် ညီညွတ်ခြင်း၊ အားကစားနှင့်ပတ်သက်၍ ဘောလုံးကွင်း တည်ရှိခြင်း၊ ဆည်မြောင်း တာတမံအနေဖြင့် ရောင်ခြည်ဦးဆည်၊ သမိုင်းကုန်းဆည်၊ ဘန်းအုံကန်နှင့် ကန်တော်ကန်တို့မှ စိုက်ပျိုးရေးအတွက် ရေများ အလုံအလောက်ရရှိခြင်း၊ မွေးမြူရေးအတွက် နွားအကောင်ရေ (၃၄၄၂)ကောင်၊ ကြက်မွေးမြူရေးများ ကောင်းမွန်အောင်မြင်စွာ မွေးမြူခြင်း၊ စာကြည့်တိုက်များ လုံလောက်စွာရှိခြင်း၊ ကုန်တင်ကားများ ရပ်နားဖို့ရှိသည့်အပြင် ရန်ကုန်-မန္တလေးသို့ ပြောင်း၊ ပဲသီးနှံများကို ကုန်စည်စီးဆင်းခြင်း၊ စည်ပင်သာယာအနေဖြင့် အမှိုက်စွန့်ပစ်ရန် မြေဧက(၄)ဧကရှိခြင်း၊ ပညာရေးအနေဖြင့် အ. ထ. ကကျောင်းများ၊ အ. လ. က၊ မူလတန်းကျောင်းများ လုံလောက်စွာရှိခြင်း၊ ကျန်းမာရေး အနေနဲ့ တိုက်နယ်ဆေးရုံများ ဒေသအားလုံးတွင်ရှိခြင်း၊ လူဦးရေ

ခုတင်ဆံ့ဆေးရုံ၊ ဘာသာရေး ဆိုင်ရာနေရာတွေ၊ ကုန်ထုတ်လုပ်မှုဆိုင်ရာနေရာများရှိဖို့လိုအပ်ပါတယ်။ ကျေးရွာဘုံမြေ၊ ကျေးရွာထင်းစိုက်ခင်း၊ အုပ်ချုပ်ရေးရုံးနှင့် စာကြည့်တိုက်၊ အခြေခံပညာမူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်း၊ လျှပ်စစ်မီးရရှိမှု၊ ဆက်သွယ်ရေးအိတ်ချိန်းရုံး၊ စာတိုက်ရှိရမှာဖြစ်ပါတယ်။ ပဆင်လမ်း၊ စည်ပင်လမ်းတွေနဲ့သောက်သုံးရေဖြန့်ဝေမှုအခြေအနေ တိုးတက်လာသည့် လူဦးရေအတွက် မြို့တိုးချဲ့ရေးအစီအမံတွေ လည်းပါဝင်ရမှာ ဖြစ်ပါတယ်။ ကုန်စည်ဒိုင်၊ လက်ကားဒိုင်၊ ဘူတာရုံ၊ သင်္ဘောဆိပ်၊ ကားဂိတ်များစနစ်တကျနေရာချထားမှုလည်း ပါဝင်တင်ပြရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် တိရစ္ဆာန်ထိန်းကျောင်းမှုအခြေအနေ၊ အမှိုက်စွန့်ပစ်ရန်မြေနေရာ၊ မိလ္လာစွန့်ပစ်ရန်မြေနေရာ နှင့်သင်္ချိုင်းမြေနေရာများအမှုတွဲတည်ဆောက်ရာတွင် ပါရှိရမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြလိုပါတယ်။ ရပ်စောက်မြို့နယ် ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စုကို ပင်ဖြစ်မြို့အဖြစ် အဆင့်တိုးမြှင့်ဖွဲ့စည်းလိုတဲ့ကိစ္စနှင့်စပ်လျဉ်းပြီးတော့ စိစစ်တဲ့အခါမှာ တွေ့ရှိရတဲ့အချက်တွေအနေနဲ့ကတော့ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စုဟာပြည်ထဲရေးအမည်ပေါက်ကျေးရွာ(၄၂)ရွာနဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ ပင်ဖြစ်ကျေးရွာမှာ အိမ်ခြေ (၁၄၀၂) အိမ်၊ အိမ်ထောင်စု(၁၄၆၉)စု၊ လူဦးရေ (၆၂၂၁)ဦးရှိတာတွေ့ရပါတယ်။ ပင်ဖြစ်ကျေးရွာယာမြေဧရိယာ (၅၅၀)ဧက ကျယ်ဝန်းပြီး တောင်ကြီး-ရပ်စောက်





မြို့ဧရိယာတိုးချဲ့ မယ်ဆိုပါကလည်း မြေနေရာအလုံအလောက်ရှိကြောင်းသိရှိရပါတယ်။ ဒီလိုစိစစ်တွေ့ရှိတဲ့ အချက်အလက်တွေအရပင်ဖြစ်ကျေးရွာဟာ မြို့အသွင်ဖွံ့ဖြိုးတိုးတက်လာပြီး မြို့အင်္ဂါရပ်နှင့် ညီညွတ်နေတာကို စိစစ်တွေ့ရှိရပါတယ်။ ပင်ဖြစ်ကျေးရွာကို ရပ်ကွက်(၅)ရပ်ကွက်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများဖြင့် မြို့အဖြစ်ဖွဲ့စည်းမယ်ဆိုပါက ပင်ဖြစ်တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေများလာတဲ့အတွက် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်တွေပိုမိုအဆင်ပြေလာမှာ ဖြစ်ပါတယ်။ မိမိရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူတွေနဲ့ အနီးပတ်ဝန်းကျင် ပြည်သူတွေရဲ့ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာတွေ ဖွံ့ဖြိုးတိုးတက်ပြီး မြို့ပြလူနေမှုအဆင့်အတန်း လည်းတိုးတက်လာမှာ ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပင်ဖြစ်မြို့အဖြစ်အဆင့်တိုး မြှင့်ဖွဲ့စည်းမယ်ဆိုပါက မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ် စည်ပင်သာယာရေးကော်မတီနဲ့ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ညှိနှိုင်းဆွေးနွေးပြီး ၎င်းတို့ရဲ့ သဘောထားမှတ်ချက်သည် ဒေသခံတွေရဲ့ သဘောထားတွေနဲ့အတူ မြို့ရွာပြင်ဆင်ဖွဲ့စည်းရေး လုပ်ထုံးလုပ်နည်းတွေနဲ့အညီ သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် အမှုတွဲပြည့်စုံစွာတည်ဆောက်ပြီးမှ ခရိုင်၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ အဆင့်ဆင့်တင်ပြဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ မြို့ရွာပြင်ဆင်ဖွဲ့စည်းရေး

အမှုတွဲကို လက်ခံရရှိပါက လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်တွေနဲ့အတူ စိစစ်ပြီး ပြည်နယ်ဝန်ကြီးချုပ်၏ ထောက်ခံချက်၊ အစည်းအဝေးမှတ်တမ်း၊အမှုတွဲတွေနဲ့အတူ နိုင်ငံတော်သမ္မတရုံးကို ဆက်လက်အဆိုပြု တင်ပြရမှာဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ကျေးရွာအုပ်စုကို မြို့အဖြစ်အဆင့်တိုးမြှင့် သတ်မှတ်ဖို့အတွက် လိုအပ်တဲ့အင်္ဂါရပ်တွေကို ရှင်းလင်းပြောကြားထားပြီးဖြစ်ပါတယ်။ အဲ့ဒီတော့ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စုကို ပင်ဖြစ်မြို့အဖြစ်အဆင့်တိုးမြှင့်သတ်မှတ်ဖို့အတွက် ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ဤအဆိုကို အတည်ပြု/မပြု ရှင်းလင်းပြောပြပေးပါ။

**ဗိုလ်မှူးကြီး နိုင်ဝင်းအောင်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။** အဆိုနဲ့ ပတ်သက်ပြီးတော့မှ အတည်ပြုပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင်က အဆိုကို အတည်ပြုရန် သဘောတူတဲ့အတွက် ဦးခိုင်ညီညီကျော်ရဲ့ **"ရပ်စောက် မြို့နယ်၊ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စုအား**





ပြည်ထောင်စုလမ်းမကြီးပေါ်မှာ တည်ရှိတာဖြစ်ပါတယ်။ ရပ်စောက်မြို့ (၁၃)မိုင်နှင့် တောင်ကြီးမြို့ (၃၅)မိုင် ကွာဝေးတဲ့နေရာမှာ တည်ရှိပါတယ်။ ကျေးရွာအတွင်းရှိ လမ်းမှာလည်း ကျောက်ချော၊ ဂဝံ၊ မြေသားလမ်းတွေဖြစ်ပြီးတော့မှ ကား လက်မှတ်အရောင်း ဌာနများ၊ ကားဂိတ်များနှင့် မီးရထားဘူတာရုံ တစ်ခုရှိတဲ့အတွက် ရာသီမရွေး သွားလာနိုင်ပြီးတော့မှ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်တဲ့ ရွာတစ်ရွာဖြစ်တာတွေ့ရပါတယ်။ အုပ်ချုပ်ရေး၊ လုံခြုံရေးအနေနဲ့ ကြည့်မယ်ဆိုရင် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးနှင့် တပ်ရင်းတပ်ဖွဲ့တွေ တည်ရှိတဲ့အတွက် တရားဥပဒေ စိုးမိုးပြီးနယ်မြေအေးချမ်းသာယာတာကိုလည်းတွေ့ရပါတယ်။ အခြေခံပညာအထက်တန်းကျောင်း (၁)ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်းခွဲ (၁)ကျောင်း၊ အခြေခံပညာမူလတန်း လွန်ကျောင်း(၁)ကျောင်း၊ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ (၁) ရုံ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ (၁)ခုနဲ့ ကျန်းမာရေးဌာန(၁)ခု၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ရှိတဲ့အတွက် ပညာရေး၊ ကျန်းမာရေးကဏ္ဍတွေလည်း ဖွံ့ဖြိုးတိုးတက်မှုရှိတာတွေ့ရပါတယ်။ ပင်ဖြစ်ကျေးရွာမှာ လျှပ်စစ်မီးရရှိမှုအနေနဲ့ လုံလောက်မှုရှိပြီး စာတိုက်ကြေးနန်းရုံး(၁)ခု၊ စာကြည့်တိုက်၊ ဈေးမြေဧရိယာ (၄. ၇၃) ဧကရှိပြီးမှ ကုန်ထုတ်လုပ်မှုဆိုင်ရာ နေရာများလည်းရှိပါတယ်။ ဘာသာရေးဆိုင်ရာနေရာများ၊ အမှိုက်သရိုက် စွန့်ပစ်ရန် မြေနေရာရှိပါတယ်။ သင်္ချိုင်းမြေနေရာ(၅)ဧကရှိပြီး သောက်သုံးရေဖူလုံမှုရှိပါတယ်။ တိုးတက်လာမယ့် လူဦးရေအတွက်

**ပင်ဖြစ်မြို့အဖြစ် တိုးမြှင့်သတ်မှတ်ပေးရန်"** အဆိုကို အတည်ပြု ရန်လွှတ်တော်ရဲ့ ဆန္ဒကိုရယူပါမယ်။ အဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်ကသဘောတူပါသည်။)**

**ဥက္ကဋ္ဌ။** လွှတ်တော်က သဘောတူတဲ့အတွက် အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအစည်းအဝေးကို ၁နာရီ မိနစ် ၃၀ ရပ်နားမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည် ထွက်ခွာပါပြီရှင်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ နေ့လည်ပိုင်း အစည်းအဝေးကို (၁၃၀၀)နာရီအချိန်မှာ ပြန်လည်စတင်မှာ ဖြစ်ပါတယ်ရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။





**ဥပဒေပြုရေး ဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ် ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်း ဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၀)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။အစီအစဉ်အရ ဥပဒေပြုရေး ဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ်ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင် ရာကော်မတီ၏ အစီရင်ခံစာအား လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းတင်ပြပေးရန် ဖြစ်ပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ အတွင်းရေးမှူး ၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသောပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံ ပါစေကြောင်း ရှေးဦးစွာဂါ၀ရပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပင်းတယမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၊အတွင်းရေးမှူး ဦးညီညီ(ခေါ်)ဦးညီလေးချမ်းဖြစ်ပါတယ်။ ယနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေးတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့်

ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာဥပဒေ (မူကြမ်း)အပေါ် ရှမ်းပြည်နယ်လွှတ်တော်ဥပဒေပြုရေးဆိုင်ရာ ကော်မတီက စိစစ်သုံးသပ်တင်ပြသည့် အစီရင်ခံစာအား ဖတ်ကြား တင်ပြသွားမှာ ဖြစ်ပါတယ်။

**နိဒါန်း**

**အပိုဒ် ၁။** ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊သွေးခြင်းဆိုင်ရာဥပဒေ (မူကြမ်း)အပေါ် ပြည်နယ်လွှတ်တော်ကနည်းဥပဒေ ၁၃၆(ခ)(၃)အရ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ လွှဲအပ်ပေးပို့လာသဖြင့် နည်းဥပဒေ ၆၅နှင့်အညီ ကော်မတီအစည်းအဝေးကို (၃. ၇. ၂၀၁၇) ရက်နေ့နှင့် (၂၅. ၈. ၂၀၁၇)ရက်နေ့တို့၌ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်များ၊ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ရှမ်းပြည်နယ် သတ္တုတွင်းဦးစီးဌာနနှင့် ရှမ်းပြည်နယ်သစ်တောဦးစီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(မိုင်းရှူး) တို့မှတာဝန်ရှိသူများ စိစစ်သုံးသပ်ညှိနှိုင်းဆွေးနွေးကြပြီး ဤအကြံပြုချက်အစီရင်ခံစာကို နည်းဥပဒေ ၆၆ နှင့်အညီ ပြုစုတင်ပြခြင်းဖြစ်ပါသည်။



D/real(wide) (1



**ရှမ်းပြည်နယ်**
**ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်**
**သတ္တမပုံမှန်အစည်းအဝေး**
**(ဒုတိယနေ့)မှတ်တမ်း**
**၁၃၇၉ခုနှစ်၊ တော်သလင်းလဆန်း ၈ရက်**
**၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၉ရက်**
**[အင်္ဂါနေ့]**
**နေ့လည်ပိုင်း**

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်သတ္တမပုံမှန်အစည်းအဝေး (ဒုတိယနေ့)နေ့လည်ပိုင်းအစီအစဉ်အား ဆက်လက်ပြု လုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာပန်ကြားအပ်ပါတယ်ရှင်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြွရောက် လာပါပြီရှင်။

**(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသောစင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီရှင်။

**လေ့လာတွေ့ရှိချက်**

**အပိုဒ် ၂။** ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၂)တွင် ဖော်ပြထားသော တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် ဥပဒေပြုစာရင်းပါ ရှမ်းပြည်နယ် ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာဥပဒေ (မူကြမ်း)ကို ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး(၇. ၆. ၂၀၁၇) ရက်နေ့ ဒုတိယနေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတင်သွင်းခဲ့ပါသည်။ ဤဥပဒေမှာ ၂၀၁၆ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ်(၂၃)၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ကိုးကား၍ ပြုစုရေးဆွဲထားခြင်း ဖြစ်ပါသည်။

**အပိုဒ်၃။** ဥပဒေမူကြမ်းတွင် အခန်းပေါင်း (၇)ခန်း၊ ပုဒ်မပေါင်း(၁၉)ခု ပါဝင်ပြီး ဤကော်မတီ၏ စိစစ်တွေ့ရှိချက်အရ ရှမ်းပြည်နယ်ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာဥပဒေ (မူကြမ်း) ခေါင်းစဉ် ပြင်ဆင်ရန်၊ နိဒါန်း၊ အခန်း(၁) ပုဒ်မ ၁၊ ပုဒ်မခွဲ (က) (ဂ) (င) (စ) (ဆ) (ဋ)၊ အခန်း(၂) ခေါင်းစဉ်၊ အခန်း(၂) ပုဒ်မ၃၊ အခန်း(၃) ပုဒ်မ၅၊ ပုဒ်မခွဲ(စ) (ဆ)၊ အခန်း(၄)ခေါင်းစဉ်၊ အခန်း(၄) ပုဒ်မ၆၊ ပုဒ်မခွဲ(င) (ဆ)၊ ပုဒ်မ(၇)၊ ပုဒ်မ(၈)ပုဒ်မခွဲ(က)(ခ)၊အခန်း(၅)၊ ပုဒ်မ ၉၊ ပုဒ်မ ၁၀၊ အခန်း(၆) ပုဒ်မ၁၁၊ပုဒ်မ၁၂၊ပုဒ်မ၁၃၊ ပုဒ်မ၁၄၊ပုဒ်မ၁၆၊ပုဒ်မခွဲ(က)(ခ) တို့အား ပြင်ဆင်ဖြည့်စွက်သင့်ပါကြောင်း ဥပဒေပြုရေးဆိုင်ရာ ကော်မတီဝင်





အဆိုပြုချက်ဇယားကို ကန့်လန့်ဖြတ်ဇယားနဲ့ ဖော်ပြထားတာ ဖြစ်ပါတယ်။ အမှတ်စဉ်(၁)ဖြစ်ပါတယ်။ ဥပဒေပြုရေးဆိုင်ရာ ကော်မတီက ဖော်ပြပါအတိုင်း အမှတ်စဉ်(၁)ကို ပြင်ဆင်ထားပါတယ်။ ၎င်းပြင်ဆင်ချက်နှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာအစိုးရအဖွဲ့ဝင်၏ သဘောထားကို တင်ပြဖို့ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင် ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** အားလုံးမင်္ဂလာပါ။ ရှမ်းပြည်နယ်ဥပဒေပြုရေးဆိုင်ရာကော်မတီရဲ့ ပြင်ဆင်ရန်အကြံပြုချက်ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ကန့်ကွက်ရန်မရှိတဲ့အကြောင်း တင်ပြအပ်ပါတယ်။ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်သည့်အချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(လွှတ်တော်က သဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်သည်။ ပြင်ဆင်ချက်သည် အတည်ဖြစ်တဲ့အတွက် ၎င်းပြင်ဆင်ချက်သည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ အတွင်းရေးမှူး၊ ဥပဒေပြုရေး ဆိုင်ရာ ကော်မတီ။** အမှတ်စဉ်(၂)ဖြစ်ပါတယ်။ နိဒါန်း၌ ရှမ်းပြည်နယ်အတွင်း မူလ ကျောက်မျက်ရတနာ အချော ထည်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စနစ်တကျရှိရေး အတွက် ရှမ်းပြည်နယ်လွှတ်တော်သည် အောက်ပါ ဥပဒေကိုပြဋ္ဌာန်း လိုက်သည်**အစား** ရှမ်းပြည်နယ်အတွင်း မြန်မာ့ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊သွေးခြင်းဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးနှင့် စနစ်တကျရရှိရေးအတွက် ရှမ်းပြည်နယ်လွှတ်တော် သည်အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဟု ပြင်ဆင်သင့် ပါသည်။အဆိုပြုထားသည့်အတိုင်း ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** အမှတ်စဉ်(၂)ဖြစ်ပါတယ်။ ဥပဒေပြုရေး ဆိုင်ရာကော်မတီရဲ့ ဖော်ပြပါအတိုင်း ပြင်ဆင်ထားတာဖြစ်ပါ တယ်။ ၎င်းပြင်ဆင်ချက်နှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်နယ်စိုးရအဖွဲ့၏ သဘောထားကို တင်ပြဖို့ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင် ၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး။** ရှမ်းပြည်နယ်အစိုးရ အဖွဲ့အနေနဲ့ ကန့်ကွက်ရန် မရှိပါ။



D/real(wide) (1



အားလုံးက သဘောတူညီဆုံးဖြတ်ပြီး ဤအစီရင်ခံစာကို ပြုစုတင်သွင်း ခြင်းဖြစ်သည်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များထံ ရှမ်းပြည်နယ် ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်း ဆိုင်ရာ ဥပဒေ (မူကြမ်း)အတွက် ပြင်ဆင်ရန် အကြံပြုချက်များ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီး ကျွန်တော် တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

## ပြင်ဆင်ရန် အကြံပြုချက်

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ အတွင်းရေးမှူး၊ ဥပဒေပြုရေး ဆိုင်ရာကော်မတီ။** အမှတ်စဉ်(၁)ဖြစ်ပါတယ်။ ဥပဒေ၏ မူလပြဋ္ဌာန်းချက် ခေါင်းစဉ်၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာဥပဒေ အစား **"ရှမ်းပြည်နယ် ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာ ဥပဒေ"**ဟုပြင်ဆင်သင့်ပါသည်။ အဆိုပြုထား သည့်အတိုင်း ဤ ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်ပါကြောင်း တင်ပြအပ်ပါ တယ်ခင်ဗျား။

**ဥက္ကဋ္ဌ ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်တို့ ဥပဒေပြုရေးဆိုင်ရာကော်မတီက ပြင်ဆင်ရန်

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ထားသည့် အချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(လွှတ်တော်က သဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလား ခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်၍ ၎င်း ပြင်ဆင်ချက်သည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ အတွင်းရေးမှူး ၊ ဥပဒေပြု ရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၃)ဖြစ်ပါတယ်။ အခန်း(၁)၊ ပုဒ်မ(၁)အဖြစ်ဤဥပဒေကို ရှမ်းပြည်နယ်အစိုးရ ကျောက်မျက် ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာဥပဒေဟု ခေါ်တွင်စေရ မည်အစား ဤဥပဒေကို **“ရှမ်းပြည်နယ် ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာ ဥပဒေ”** ဟုခေါ်တွင် စေရမည်ဟုပြင်ဆင်သင့်ပါသည်။ အဆိုပြုထားသည့်အတိုင်း ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်သင့် ပါကြောင်းတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ ။** အမှတ်စဉ်(၃)ပြင်ဆင်ချက်နှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်၏ သဘောထားကို တင်ပြပေး ပါ။





**ဥက္ကဋ္ဌ ။** အမှတ်စဉ်(၄)ပြင်ဆင်ချက် နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်၏ သဘောထား တင်ပြမှာ ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင် ၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** ရှမ်းပြည်နယ်အစိုးရ အဖွဲ့အနေနဲ့ ကန့်ကွက်ဖို့ မရှိပါဘူးခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ထားသည့် အချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(လွှတ်တော်က သဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်သည်။ ပြင်ဆင်ချက်သည် အတည်ဖြစ်တဲ့အတွက် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ အတွင်းရေးမှူး ၊ ဥပဒေ ပြုရေးဆိုင်ရာ ကော်မတီ။** အမှတ်စဉ်(၅)ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂ (က)ကို (ခ)အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည် ဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** အမှတ်စဉ်(၄)ပြင်ဆင်ချက်နှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်၏ သဘောထားတင်ပြရန်ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** ကန့်ကွက်ဖို့မရှိပါဘူးခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ထားသည့်အချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(လွှတ်တော်က သဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်သည်။ ပြင်ဆင်ချက်သည် အတည်ဖြစ်တဲ့အတွက် ၎င်းပြင်ဆင်ချက်သည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ အတွင်းရေးမှူး ၊ ဥပဒေပြုရေး ဆိုင်ရာ ကော်မတီ။** အမှတ်စဉ်(၆)ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ၂(ဂ)အဖြစ် "**ဝန်ကြီး**ဆိုသည်မှာ ပြည်နယ်





**ဒေါက်တာညီညီအောင် ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ကန့်ကွက်ရန် မရှိပါခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(လွှတ်တော်က သဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်သည်။ ပြင်ဆင်ချက်သည် အတည်ဖြစ်တဲ့အတွက် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ အတွင်းရေးမှူး၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၄)ဖြစ်ပါတယ်။ အခန်း(၁)ပုဒ်မ၂ (က)အဖြစ် "**ပြည်နယ်**ဆိုသည်မှာ ရှမ်းပြည်နယ်ကိုဆိုသည်"ဟုဖြည့်စွက်ပြင်ဆင်သင့်ပါသည်။ အဆိုပြုထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ဝန်ကြီးကိုဆိုသည်”ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါသည်။ အဆိုပြုထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** အမှတ်စဉ်(၆)ပါပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာဝန်ကြီး၏ သဘောထား တင်ပြရန် ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး။** ကန့်ကွက်ရန် မရှိပါခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(လွှတ်တော်က သဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလား ခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်သည်။ ပြင်ဆင်ချက်သည် အတည်ဖြစ်တဲ့အတွက် ၎င်းပြင်ဆင်ချက်သည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။





**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ အတွင်းရေးမှူး ၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၈)ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂၊ ပုဒ်မခွဲ(င) ကျောက်မျက်ရတနာ အချောထည် လုပ်ငန်းဆိုသည်မှာ ရတနာခွန်ဆောင်ပြီးသော ကျောက်မျက် ရတနာအရိုင်းကို ဖြတ်တောက်ခြင်း၊ အရောင်တင်ခြင်း၊ သွေးခြင်းတို့ကို လိုအပ်သလို ဆောင်ရွက်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကိုဆိုသည် အစား**“ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာ လုပ်ငန်း”**ဆိုသည်မှာရတနာခွန်ဆောင်ပြီးသော ကျောက်မျက် ရတနာအရိုင်းကို ဖြတ်တောက်ခြင်း၊ အရောင်တင်ခြင်း၊ သွေးခြင်းတို့ကို လိုအပ်သလို ဆောင်ရွက်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကိုဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါသည်။ အဆိုပြုထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်ပါကြောင်း တင်ပြအပ်ပါ တယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** အမှတ်စဉ်(၈)ပါပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး ပြည်နယ်အစိုးရအဖွဲ့ဝင်၏ သဘောထားကိုတင်ပြရန်ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** ကန့်ကွက်ရန်မရှိပါခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(လွှတ်တော်က သဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလား ခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်သည်။ ပြင်ဆင်ချက်သည် အတည်ဖြစ်တဲ့အတွက် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ အတွင်းရေးမှူး ၊ ဥပဒေပြုရေး ဆိုင်ရာ ကော်မတီ။** အမှတ်စဉ်(၉)ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ၂(ဃ)ကို (စ)အဖြစ်၊ ပုဒ်မ၂(င)ကို (ဆ)အဖြစ်၊ ပုဒ်မ၂ (စ)ကို (ဇ)အဖြစ် ၊ ပုဒ်မ၂(ဆ) ကို (ဈ)အဖြစ်၊ ပုဒ်မ၂ (ဇ)ကို (ည)အဖြစ်၊ ပုဒ်မ၂ (ဈ)ကို (ဋ)အဖြစ်ပြောင်းလဲအမှတ်စဉ်ရမည် ဖြစ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ ။** ၎င်းပုဒ်မပြင်ဆင်ချက်ကို သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်၏ သဘောထား တင်ပြပေး ရန်ဖြစ်ပါတယ်။

**ဒေါက်တာ ညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး။** ကန့်ကွက်ရန်မရှိပါ ခင်ဗျား။





**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ အတွင်းရေးမှူး ၊ ဥပဒေပြုရေး ဆိုင်ရာ ကော်မတီ။** အမှတ်စဉ်(၇) ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ၂(ခ)ကို(ဃ)အဖြစ်၊ ပုဒ်မ၂(ဂ)ကို (င)အဖြစ် ပြောင်းလဲ အမှတ်စဉ်ရမည် ဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** အမှတ်စဉ်(၇)ပါပြင်ဆင်ချက်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီး၏ သဘောထားကိုပြောပါ။

**ဒေါက်တာညီညီအောင် ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး။** ကန့်ကွက်ရန် မရှိပါ ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(လွှတ်တော်က သဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်သည်။ပြင်ဆင်ချက်သည် အတည်ဖြစ်တဲ့အတွက် ၎င်းပြင်ဆင်ချက်သည်ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ထားသည့် အချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(လွှတ်တော်က သဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူ တဲ့သူ မရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်သည်။ပြင်ဆင်ချက်သည် အတည်ဖြစ်တဲ့အတွက် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ အတွင်းရေးမှူး ၊ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ။** အမှတ်စဉ်(၁၀)ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂၊ ပုဒ်မခွဲ(စ) ခွင့်ပြုမိန့်ဆိုသည်မှာ ကျောက်မျက်ရတနာအချောထည်လုပ်ငန်းလုပ်ကိုင်ရန် ဤဥပဒေအရ ထုတ်ပေးသည့်ခွင့်ပြုမိန့်ကိုဆိုသည်အစား**ခွင့်ပြုမိန့်**ဆိုသည်မှာကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းလုပ်ငန်း လုပ်ကိုင်ရန် ဤဥပဒေအရထုတ်ပေးသည့် ခွင့်ပြုမိန့်ကိုဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါသည်။ အဆိုပြုထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်ပါကြောင်း တင်ပြ အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** အမှတ်စဉ်(၁၀)ပါပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာဝန်ကြီး၏ သဘောထားကို တင်ပြရန်ဖြစ်ပါတယ်။



D/real(wide) (1



အစိတ်အပိုင်း ဖြစ်သင့်ပါကြောင်း တင်ပြအပ်ပါ တယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** အမှတ်စဉ်(၁၁)ပါ ပြင်ဆင်ချက်နှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာ ဝန်ကြီး၏သဘောထားကို တင်ပြရန်ဖြစ် ပါတယ်။

**ဒေါက်တာညီညီအောင် ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး။** ကန့်ကွက်ရန် မရှိပါ ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ထားသည့် အချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(လွှတ်တော်က သဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလား ခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်သည်။ ပြင်ဆင်ချက်သည် အတည်ဖြစ်တဲ့အတွက် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ အတွင်းရေးမှူး ၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၁၂)ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ၂၊ ပုဒ်မခွဲ(ဠ) ကျောက်မျက်ရတနာအရိုင်းဆိုသည်မှာ သဘာဝအတိုင်းရှိနေသော ကျောက်မျက်ရတနာအရိုင်းကိုဆိုသည်။ ယင်းစကားရပ်တွင် ခွဲစိတ်ဖြတ်တောက်ပြီးသော ကျောက်မျက်ရတနာ အရိုင်းတုံးများနှင့်အပိုင်းအစများလည်း ပါဝင်သည်။ သို့မဟုတ် ကျောက်မျက်ရတနာအရိုင်းဆိုသည်မှာ တူးဖော်ထုတ်လုပ်ရရှိသောရတနာအရိုင်းတုံးများ ခွဲစိတ်ပြီးဖြတ်တောက်ထားသော၊ ခွဲစိတ်ပြီးပွတ်ချောထားသော ထုခွဲထားသော၊ ကျောက်မျက်ရတနာ အရိုင်းတုံးများနှင့် အပိုင်းအစများကို ဆိုသည်အစား **"ကျောက်မျက်ရတနာအရိုင်း**ဆိုသည်မှာ သဘာဝအတိုင်းရှိနေသော တူးဖော်ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းတုံးများ၊ ခွဲစိတ်ဖြတ်တောက်ထားသော၊ ခွဲစိတ်ပြီးပွတ်ချောထားသော၊ ထုခွဲထားသော၊ ကျောက်မျက်ရတနာအရိုင်းတုံးများနှင့် အပိုင်းအစများကိုဆိုသည်"ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါသည်။ အဆိုပြုထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** အမှတ်စဉ်(၁၂)ပါပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာဝန်ကြီး၏ သဘောထားကို တင်ပြရန် ဖြစ်ပါတယ်။





**ဒေါက်တာညီညီအောင် ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး။** ကန့်ကွက်ရန်မရှိပါခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ထားသည့် အချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(လွှတ်တော်က သဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလား ခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်သည်။ ပြင်ဆင်ချက်သည် အတည်ဖြစ်တဲ့အတွက် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ အတွင်းရေးမှူး ၊ ဥပဒေပြုရေး ဆိုင်ရာ ကော်မတီ။** အမှတ်စဉ်(၁၁)ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ၂၊ ပုဒ်မခွဲ(ဆ) ကော်မတီဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ကျောက်မျက်ရတနာအချောထည်လုပ်ငန်း ကြီးကြပ်ရေးကော်မတီကိုဆိုသည်အစား **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်း ဆိုင်ရာလုပ်ငန်းကြီးကြပ်ရေးကော်မတီကိုဆိုသည်ဟု ဖြည့်စွက် ပြင်ဆင်သင့်ပါသည်။ အဆိုပြုထားသည့်အတိုင်း ဤဥပဒေကြမ်း၏

**ဒေါက်တာညီညီအောင် ၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး။** ကန့်ကွက်ရန် မရှိပါ ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ထားသည့် အချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(လွှတ်တော်က သဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်သည်။ပြင်ဆင်ချက်သည် အတည်ဖြစ်တဲ့အတွက် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ အတွင်းရေးမှူး ၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၁၃)ဖြစ်ပါတယ်။ အခန်း(၂) ခေါင်းစဉ်ကို ကျောက်မျက်ရတနာ အချောထည် ထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်ခွင့်အစား **ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခွင့်**ဟု ပြင်ဆင်သင့်ပါသည်။ အဆိုပြုထားသည့်အတိုင်း ဤ ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။



D/real(wide) (1



ကိုလုပ်ကိုင်လိုသည့် ကုမ္ပဏီ သို့မဟုတ် ပုဂ္ဂိုလ်သည် လုပ်ကိုင်ခွင့် ခွင့်ပြုမိန့်ကို အစိုးရအဖွဲ့ထံသို့ လျှောက်ထားရမည်ဟု ဖြည့်စွက် ပြင်ဆင်သင့်ပါသည်။ အဆိုပြုထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** အမှတ်စဉ်(၁၄)ပါပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာဝန်ကြီး၏ သဘောထားကို တင်ပြရန်ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင် ၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး။** ကန့်ကွက်ရန် မရှိပါ ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(လွှတ်တော်က သဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလား ခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့ အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်သည်။ပြင်ဆင်ချက်သည် အတည်ဖြစ်တဲ့အတွက် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ အတွင်းရေးမှူး ၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၁၅) ဖြစ်ပါတယ်။ အခန်း (၃) ပုဒ်မ၅ ၊ ပုဒ်မခွဲ (စ) ကျောက်မျက်ရတနာ အချောထည် လုပ်ငန်းကို လုပ်ကိုင်ခွင့်သက်တမ်းကျော်လွန်ပြီး ဆက်လက် လုပ်ကိုင်ခြင်းမပြုရ**အစား** ကျောက်မျက်ရတနာ ဖြတ်တောက် ခြင်း၊ သွေးခြင်းဆိုင်ရာလုပ်ငန်းကို လုပ်ကိုင်ခွင့်သက်တမ်း ကျော်လွန်ပြီး ဆက်လက်လုပ်ကိုင်ခြင်းမပြုရဟု ဖြည့်စွက် ပြင်ဆင်သင့်ပါသည်။ အဆိုပြုထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** အမှတ်စဉ်(၁၅)ပါ ပြင်ဆင်ချက်နှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာ ဝန်ကြီး၏သဘောထားကို တင်ပြရန် ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင် ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** ကန့်ကွက်ရန် မရှိပါခင်ဗျား။

**ဥက္ကဋ္ဌ ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ထားသည့် အချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။





**ဥက္ကဋ္ဌ။** အမှတ်စဉ်(၁၃)ပါပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာဝန်ကြီး၏ သဘောထားတင်ပြရန်ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင် ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး။** ကန့်ကွက်ရန် မရှိပါခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ထားသည့် အချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(လွှတ်တော်က သဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်သည်။ပြင်ဆင်ချက်သည် အတည်ဖြစ်တဲ့အတွက် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ အတွင်းရေးမှူး၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၁၄)ဖြစ်ပါတယ်။ အခန်း(၂)၊ ပုဒ်မ ၃ ကျောက်မျက်ရတနာအချောထည်ထုတ်လုပ်ခြင်း လုပ်ငန်းကို လုပ်ကိုင်လိုသည့် ကုမ္ပဏီ သို့မဟုတ် ပုဂ္ဂိုလ်သည် လုပ်ကိုင်ခွင့် ခွင့်ပြုမိန့်ကို အစိုးရအဖွဲ့ထံသို့ လျှောက်ထားရမည်**အစား** ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာလုပ်ငန်း

(လွှတ်တော်က သဘောတူပါသည်။)

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်သည်။ပြင်ဆင်ချက်သည် အတည်ဖြစ်တဲ့အတွက် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ အတွင်းရေးမှူး ၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၁၆)ဖြစ်ပါတယ်။ အခန်း(၃) ပုဒ်မ၅၊ ပုဒ်မခွဲ(ဆ) ကျောက်မျက်ရတနာ အချောထည်တို့ကို ရတနာခွန် ပေးဆောင်ပြီးသော ကျောက်မျက်ရတနာ အရိုင်းများဖြင့်သာ ပြုလုပ်ရမည်**အစား**ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာလုပ်ငန်းတို့ကို ရတနာခွန် ပေးဆောင်ပြီးသော ကျောက်မျက်ရတနာ အရိုင်းများဖြင့်သာ ပြုလုပ်ရမည်ဟုဖြည့်စွက် ပြင်ဆင်သင့်ပါသည်။ အဆိုပြုထားသည်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** အမှတ်စဉ်(၁၆)ပါပြင်ဆင်ချက်နှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာဝန်ကြီး၏ သဘောထားကို တင်ပြရန်ဖြစ်ပါတယ်။





**ဥက္ကဋ္ဌ။** အမှတ်စဉ်(၁၇)ပါပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ဝန်ကြီး၏သဘောထား တင်ပြရန်ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** ကန့်ကွက်ရန်မရှိပါခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(လွှတ်တော်က သဘောတူပါသည်။)

သဘောမတူတဲ့သူရှိပါသလား ခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်သည်။ ပြင်ဆင်ချက်သည် အတည်ဖြစ်တဲ့အတွက် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ အတွင်းရေးမှူး ၊ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ။** အမှတ်စဉ်(၁၈)ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၆ အစိုးရအဖွဲ့သည် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော ကျောက်မျက်ရတနာ အချောထည်ထုတ်လုပ်ခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီကိုဖွဲ့စည်းပေးရမည်**အစား** အစိုးရ

အဖွဲ့သည် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော ကျောက်မျက် ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာလုပ်ငန်းကြီးကြပ်ရေး ကော်မတီကိုဖွဲ့စည်းပေးရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါသည်။ အဆိုပြုထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** အမှတ်စဉ်(၁၈)ပါပြင်ဆင်ချက်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီး၏သဘောထား တင်ပြရန်ဖြစ်ပါတယ်။

**ဒေါက်တာ ညီညီအောင်၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** ကန့်ကွက်ရန်မရှိပါခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(လွှတ်တော်က သဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလား ခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်သည်။ ပြင်ဆင်ချက်သည် အတည်ဖြစ်တဲ့အတွက် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။





**ဒေါက်တာညီညီအောင် ၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး။** ကန့်ကွက်ရန်မရှိပါခင်ဗျား။

**ဥက္ကဋ္ဌ ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(လွှတ်တော်က သဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်သည်။ ပြင်ဆင်ချက်သည် အတည်ဖြစ်တဲ့အတွက် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ အတွင်းရေးမှူး၊ ဥပဒေ ပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၁၇)ဖြစ်ပါတယ်။အခန်း(၄)၊ ခေါင်းစဉ်ကို ကျောက်မျက်ရတနာ အချောထည်လုပ်ငန်း ကြီးကြပ်ရေး ကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များအစား **ကျောက်မျက် ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာ လုပ်ငန်းကြီးကြပ် ရေးကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**ဟုပြင်ဆင်သင့် ပါသည်။အဆိုပြုထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** အမှတ်စဉ်(၁၉)၊ (၂၀)၊ (၂၁)၊ (၂၂)မှာ ဖြည့်စွက်ခြင်းဆိုတဲ့ကဏ္ဍပါပါတယ်။ ဒါကြောင့် အမှတ်စဉ်(၁၉)၊ (၂၀)၊ (၂၁)၊ (၂၂)ကို တစ်ဆက်တည်း တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ အတွင်းရေးမှူး၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၁၉)ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ၆၊ ပုဒ်မခွဲ (င)အဖြစ် "**ကျောက်မျက်ရတနာဆိုင်ရာလုပ်ငန်းရှင်များ အသင်းမှတစ်ဦးအဖွဲ့ဝင်**" ဟုဖြည့်စွက်ပြင်ဆင်သင့်ပါသည်။ အမှတ်စဉ်(၂၀)ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၆ ပုဒ်မခွဲ(င) ကို ပုဒ်မခွဲ(စ)အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။အမှတ်စဉ်(၂၁)ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၆ ပုဒ်မခွဲ(ဆ)အဖြစ် "**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ဒုတိယညွှန်ကြားရေးမှူး၊ တွဲဖက်အတွင်းရေးမှူး** "ဟုဖြည့်စွက် ပြင်ဆင်သင့်ပါသည်။ အမှတ်စဉ်(၂၂)ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ၇"**အစိုးရအဖွဲ့သည် ပုဒ်မ ၆ အရ ဖွဲ့စည်းထားသောကော်မတီကို ဝန်ကြီး၏တင်ပြချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်**"ဟုဖြည့်စွက်ပြင်ဆင်သင့်ပါသည်။ အဆိုပြုထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။





**ဥက္ကဋ္ဌ။** အမှတ်စဉ်(၂၃)ပါ ပြင်ဆင်ချက်နှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာဝန်ကြီး၏သဘောထား တင်ပြရန်ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** ကန့်ကွက်ရန်မရှိပါခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(လွှတ်တော်က သဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလား ခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်သည်။ ပြင်ဆင်ချက်သည် အတည်ဖြစ်တဲ့အတွက် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ အတွင်းရေးမှူး၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၂၄)ဖြစ်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၈ ပုဒ်မခွဲ(က) ရှမ်းပြည်နယ်အတွင်း ကျောက်မျက်ရတနာအချောထည်ထုတ်လုပ်ခြင်း လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့်စနစ်တကျရှိရေးအတွက် ဆောင်ရွက်သင့်သည်များကို အစိုးရ

အဖွဲ့သို့ အကြံပြုတင်ပြခြင်း**အစား** ရှမ်းပြည်နယ်အတွင်း ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စနစ်တကျရှိရေးအတွက် ဆောင်ရွက်သင့်သည်များကို အစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်း ဟုဖြည့်စွက် ပြင်ဆင်သင့်ပါသည်။ အဆိုပြုထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်ပါကြောင်း တင်ပြအပ်ပါ တယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** အမှတ်စဉ်(၂၄)ပါ ပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီးသက်ဆိုင်ရာ ဝန်ကြီး၏သဘောထား တင်ပြရန်ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** ကန့်ကွက်ရန်မရှိပါဘူး ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(လွှတ်တော်က သဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည်



D/real(wide) (1



**ဥက္ကဋ္ဌ ။** အမှတ်စဉ် (၁၉)၊ (၂၀)၊ (၂၁)၊ (၂၂)ပါ ပြင်ဆင်ချက်နှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာဝန်ကြီး၏သဘောထား တင်ပြရန်ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** ကန့်ကွက်ရန်မရှိပါခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အမှတ်စဉ် (၁၉)၊ (၂၀)၊ (၂၁)၊ (၂၂)ပါ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

**(လွှတ်တော်က သဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်သည်။ ပြင်ဆင်ချက်သည် အတည်ဖြစ်တဲ့အတွက် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ အတွင်းရေးမှူး၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၂၃)ဖြစ်ပါတယ်။အခန်း(၄) ပုဒ်မ၇ကိုပုဒ်မ၈ အဖြစ်ပြောင်းလဲအမှတ်စဉ်ရမည်။ အဆိုပြုထား သည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

အတည်ဖြစ်သည်။ ပြင်ဆင်ချက်သည် အတည်ဖြစ်တဲ့အတွက် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ အတွင်းရေးမှူး ၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၂၅)ဖြစ်ပါတယ်။ အခန်း(၄) ပုဒ်မ ၈၊ ပုဒ်မခွဲ(ခ) ကျောက်မျက်ရတနာများကို ပြည်တွင်း၌ တရားမဝင်ထုတ်လုပ်ခြင်း၊ ပြည်ပသို့တရားမဝင် တင်ပို့ခြင်း၊ ရောင်းချ ခြင်းများကို ကာကွယ်တားဆီးနိုင်ရေးအတွက် နည်းလမ်းများရှာကြံ၍ အစိုးရအဖွဲ့သို့ တင်ပြခြင်း**အစား** ကျောက်မျက်ရတနာများကို ပြည်တွင်း၌ တရားမဝင်ထုတ်လုပ်ခြင်း၊ ပြည်ပသို့တရားမဝင် တင်ပို့ခြင်း၊ **"တရားမဝင်"** ရောင်းချခြင်းများကို ကာကွယ်တားဆီး နိုင်ရေးအတွက် နည်းလမ်းများရှာကြံ၍ အစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်းဟု ဖြည့်စွက်ပြင်ဆင်သင့်ပါသည်။ အဆိုပြုထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** အမှတ်စဉ်(၂၅)ပါပြင်ဆင်ချက်နှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာဝန်ကြီး၏သဘောထား တင်ပြရန်ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး။** ကန့်ကွက်ရန်မရှိပါဘူးခင်ဗျား။



D/real(wide) (1



ရတနာများကို ပြည်တွင်း၌ တရားမဝင်ထုတ်လုပ်ခြင်း၊ ပြည်ပသို့ တရားမဝင်တင်ပို့ခြင်း၊ပြည်ပမှတရားမဝင်တင်သွင်းခြင်း၊ တရားမဝင် ရောင်းချခြင်းတို့ကို ကာကွယ်တားဆီးနိုင်ရေးအတွက် ဆိုတဲ့စာသားကိုဖြည့်မှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်ဥပဒေချုပ်မှ ရှင်းရှင်းလင်းလင်း ပြောပေးပါ။

**ဦးတင်ဦး၊ ပြည်နယ်ဥပဒေချုပ်။** အကြံပြုတင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ဒီနေရာမှာ တင်ပို့ခြင်းပါပြီးတော့ တရားမဝင်တင်သွင်းခြင်းမပါတဲ့ စာသားလေးကျနေတဲ့အတွက် ကိုယ့်ရဲ့ရတနာများကို ပြည်တွင်း၌ တရားမဝင်ထုတ်လုပ်ခြင်း၊ ပြည်ပသို့တရားမဝင်တင်ပို့ခြင်း၊ ပြည်ပမှတရားမဝင်တင်သွင်းခြင်းလို့ ဖြည့်စွက်လိုက်ရင် နောက်ထပ်ဆက်ပြီးတော့ တရားမဝင်ရောင်းချခြင်းများကို ကာကွယ်တားဆီးနိုင်ရေးအတွက် နည်းလမ်းများရှာကြံ၍ အစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်းဆိုပြီးတော့ ဖြည့်စွက်ရမယ့် စာသားမှာ ပြည်ပသို့ တရားမဝင်တင်ပို့ခြင်းပြီးတော့ ပြည်ပမှတရားမဝင်တင်သွင်းခြင်း ဆိုတဲ့စာသားလေးဖြည့်စွက်ရင်ပိုပြီး သင့်တော်ပါမယ်လို့ အကြံပြုတင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ။** ဟုတ်ပါသလား ဦးခင်မောင်တင့်။

**ဦးခင်မောင်တင့်၊ တာချီလိတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)။** ဟုတ်ပါတယ်ခင်ဗျား။

**ဦးတင်ဦး၊ ပြည်နယ်ဥပဒေချုပ်။** တရားမဝင်ရောင်းချခြင်းမှာ ပြည်တွင်းပြည်ပဆိုပြီးတော့ နှစ်ခုလုံးပြည့်စုံအောင် ဖြည့်စွက်လိုက်ရင် ပိုပြီးသင့်တော်ပါမယ်။ တရားမဝင်ရောင်းချခြင်းဆိုတာက ပြည်တွင်းကော၊ ပြည်ပကော အပါအဝင်ဖြစ်သွားအောင်လို့ ပြည်တွင်း၊ ပြည်ပ၌ တရားမဝင်ရောင်းချခြင်းကို ကာကွယ်တားဆီး နိုင်ရေးအတွက် ဆိုတဲ့စကားလုံးကိုလဲ ဖြည့်စွက်ရှင်းလင်းသင့်ပါတယ်လို့ အကြံပြုတင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ။** ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အကြံပြုချက်ကို ထပ်မံပြီးတော့မှ ရှင်းလင်းတင်ပြဖို့ ဖြစ်ပါတယ်။

**ဦးစစ်အောင်မြတ်၊ ဥက္ကဋ္ဌ၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** ပြည်ပမှ တရားမဝင်တင်သွင်းခြင်းဆိုတာက အကောက်ခွန်ဥပဒေတွေနဲ့ သက်ဆိုင်သွားပါပြီ။ ဒါ ကျွန်တော်တို့ ပြည်တွင်းမှာ ပြည်နယ်အတွက်ရေးဆွဲတဲ့ ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်းနဲ့ သွေးခြင်းဆိုင်ရာဥပဒေကို ဆွေးနွေးတာ ဖြစ်ပါတယ်။ ခုနကကိုယ်စားလှယ်တော်ကြီး ဆွေးနွေးတဲ့အကြောင်းအရာက ပြည်ပမှတရားမဝင်တင်သွင်းခြင်းဆိုတဲ့ကိစ္စရပ်က ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာ ဥပဒေအစား သက်ဆိုင်ရာ ပြည်ထောင်စု





**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(လွှတ်တော်က သဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

**ဦးခင်မောင်တင့်၊ တာချီလိတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။** ရှိပါတယ်။ အဲ့ဒီမှာ တရားမဝင်တင်သွင်းတာနဲ့ တရားမဝင်တင်သွင်းခြင်းဆိုတဲ့ကဏ္ဍ မပါပါဘူး။ တရားမဝင်တင်သွင်းခြင်း ဖြည့်စွက်ပေးဖို့ ကျွန်တော့အနေနဲ့ တောင်းဆိုပါတယ်။ ရှမ်းပြည်နယ် ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာလို့ ပြောထားတဲ့အတွက် နယ်စပ်ဒေသမှ တရားမဝင်ယူဆောင်လာတဲ့ ကျောက်တွေပါမှာ ဖြစ်သောကြောင့် အခွန်ဆောင်တဲ့ ကဏ္ဍပါတဲ့အတွက် တရားမဝင်တင်သွင်းခြင်းဆိုတဲ့ ကဏ္ဍကိုလည်း ထည့်ပေး ဖို့လိုပါတယ်။ ပြည်ပကိုရောင်းချတာလည်းပါပါတယ်။ ပြည်ပကနေမှ ပြည်တွင်းကိုတင်သွင်းတဲ့ ကျောက်အမျိုးအစားအတွက် မပါဘူးဖြစ်နေပါတယ်။ ဒါကြောင့် ပြည်ပမှ တရားမဝင်တင်သွင်းခြင်းဆိုတဲ့ စာသား ဖြည့်စွက်လိုပါတယ်ခင်ဗျား။

**ဦးအောင်သန်းထွဋ်၊ လောက်ကိုင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)။** ကျွန်တော်ဖတ်ပြပါမယ်ခင်ဗျား။ ကျောက်မျက်



D/real(wide) (1

လွှတ်တော်မှ နှစ်စဉ်ပြဋ္ဌာန်းတဲ့ အကောက်ခွန်ဥပဒေအရ ဆောင်ရွက်ရမယ့်ကိစ္စဖြစ်ကြောင်း အကြံပြုတင်ပြလိုပါတယ်။ သီးခြား တင်ပြရန်မရှိပါ။ အဓိကအနေနဲ့ ပြည်ပမှတရားမဝင် တင်သွင်းခြင်းဆိုတဲ့ စာသားထည့်ဖို့မလိုဘူးဆိုတာကို တင်ပြလိုခြင်း ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** ဟုတ်ကဲ့ပါခင်ဗျား။ အခန်း(၄)၊ ပုဒ်မ ၈၊ပုဒ်မခွဲ(ခ) ကတော့ ကျွန်တော်တို့ပြည်နယ်အဆင့် ဥပဒေပြုရေးနဲ့ တိုက်ရိုက်မသက်ဆိုင်ပါဘူး။ အဲ့ဒီအတွက်ကို ပြည်နယ်အစိုးရအဖွဲ့ လုပ်ငန်းဥပဒေနဲ့အညီ ကြီးကြပ်တဲ့နေရာမှာ အထောက်အကူဖြစ်စေရေးအတွက် ကော်မတီကနေပြီးတော့ အကြံပြုချက်တွေ သုံးသပ်တင်ပြပေးဖို့ဘဲ ထည့်ထားတာဖြစ်ပါတယ်။ ဒါကျွန်တော်တို့ရဲ့ ကျင့်သုံးမယ့်ဥပဒေတော့မဟုတ်ပါဘူး။ အဲ့ဒီတော့ ပြည်တွင်းမှာတရားမဝင် ထုတ်လုပ်တာတွေ၊ တရားမဝင် ပြည်ပကိုပို့တာတွေ၊ အရောင်းအဝယ်လုပ်တာတွေ၊ ပြည်ပက တင်သွင်းတာတွေ အားလုံးက ပြည်ထောင်စုအဆင့် လွှတ်တော်မှာ ပြဋ္ဌာန်းပြီးဖြစ်တဲ့ ကျောက်မျက်ရတနာဥပဒေ၊ စောစောက ဥပဒေပြုရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဆွေးနွေးတဲ့ အခွန်ဥပဒေ၊စီးပွား/ကူးသန်းက ကျင့်သုံးနေသော သွင်းကုန်ထုတ်ကုန်ဥပဒေတွေမှာပါရှိပြီးဖြစ်ပါတယ်။ အဲ့ဒီဥပဒေနဲ့အညီ ကြီးကြပ်နိုင်ဖို့ရာအတွက်



D/real(wide) (1



**ဦးခင်မောင်တင့်၊ တာချီလိတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)။** သဘောမတူပါဘူးခင်ဗျား။ ဘာဖြစ်လို့ဆိုတဲ့ အချက်တွေ ကျွန်တော်ထောက်ပြပါမယ်။ ရှမ်းပြည်နယ်အတွင်း မြန်မာ့ကျောက်မျက်ရတနာလို့ပြောထားတဲ့အတွက် မြန်မာ့ကျောက်မျက်ရတနာကလွဲရင် အခြားကျောက်မျက်ရတနာ အကျုံးမဝင်ဘူးဖြစ်နေပါတယ်။ ဒါကနိဒါန်းမှာကတည်းကစပြီး လွဲလာတာပါ။နောက်တစ်ချက်ကဒီဖြည့်စွက်တဲ့စာလုံးမြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းဆိုတဲ့ အခန်းကဏ္ဍပါလာတဲ့အတွက် အခန်း(၆)၊ ပုဒ်မ၁၄မှာလည်း မည်သူမဆို မြန်မာ့ကျောက်မျက်ရတနာဥပဒေအရ အခွန်ပေးဆောင်ရမည်ဟုပါတဲ့အတွက် တရားမဝင်တင်သွင်းလာတဲ့အပေါ် အရေးယူဖို့ အခန်းကဏ္ဍမပါလာဘူးဖြစ်နေတယ်ခင်ဗျား။ နယ်စပ်ဒေသများတွင် တရားမဝင် သွေးခြင်းဆိုင်ရာလုပ်ငန်း အများအပြားရှိနေပါတယ်။ အိန္ဒိယစိန်၊ ဘရူနိုင်းစိန်စသဖြင့် အမျိုးအစားအများကြီး ပေါ်လာတဲ့အချိန် မြန်မာစိန်ဘဲလို့ ကောက်ချက်ချရမည်လား။ မြန်မာ့ကျောက်မျက် ရတနာဆိုတဲ့ စကားလုံးတစ်ခုတည်းကိုပဲ အနှစ်သာရအဖြစ် သုံးနှုန်းထားတဲ့အတွက် ပြည်ပမှတင်သွင်းလာတဲ့ ကျောက်မျက်ရတနာ တွေလည်း အကျုံးဝင်မယ်လို့ ထင်ပါတယ်။ အခန်း(၄)၊ ပုဒ်မ ၆၊ ပုဒ်မခွဲ(ဆ)တွင် ဖြည့်စွက်သည့် နေရာ၌ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး အခန်းကဏ္ဍပါဝင်လာတဲ့အတွက် ဒါကိုဖြည့်စွက်ရမယ်လို့ တင်ပြရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာဝန်ကြီးက ထပ်မံဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင်၊သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး။** ပြည်ပမှတရားမဝင် တင်သွင်းခြင်းဆိုတဲ့ စာသားထည့်လို့ရပါတယ်ခင်ဗျား။ ထည့်လိုက်ပါမယ်။

ဥက္ကဋ္ဌ။ ထည့်လိုက်ဖို့သဘောတူတယ်နော်။ ပြည်ပမှတရားမဝင်တင်သွင်းခြင်း ဆိုတဲ့စကားလုံးကို မှတ်တမ်းတင်ထားလိုက်ပါမယ်။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** စာသားအပြည့်အစုံက စောစောက ကျွန်တော်ဖတ်ပြတဲ့အတိုင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(လွှတ်တော်က သဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလား ခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည်



D/real(wide) (1



ရှမ်းပြည်နယ် အစိုးရအဖွဲ့ကို နည်းလမ်းတွေ အကြံပြုလိုတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်နယ်အဆင့် လုပ်ပိုင်ခွင့်လည်း မဟုတ်ပါဘူး။ အကြံပြုဖို့အတွက် ထည့်ထားခြင်းသာဖြစ်ပါတယ်။ အဲ့ဒီတော့ ဒီအချက်ကလေး ထည့်လိုက်မယ်ဆိုပါကလည်း ပိုပြီးပြည့်စုံပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ ။ စာသားကို အပြည့်အစုံပြောပေးပါ။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး။** ဟုတ်ကဲ့။ စာသား အပြည့်အစုံဆိုပါက အခန်း(၄)၊ ပုဒ်မ၈ ပုဒ်မခွဲ(ခ) ကျောက်မျက်ရတနာများကို ပြည်တွင်း၌ တရားမဝင်ထုတ်လုပ်ခြင်း၊ ပြည်ပသို့တရားမဝင်တင်ပို့ခြင်း၊ ပြည်ပမှတရားမဝင်တင်သွင်းခြင်း၊ တရားမဝင်ရောင်းချခြင်းများကို ကာကွယ်တားဆီးနိုင်ရေးအတွက် နည်းလမ်းများ ရှာကြံ၍ အစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်း ဆိုပြီးတော့ ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာဝန်ကြီးတင်ပြတဲ့ အတိုင်း လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

အတည်ဖြစ်သည်။ ပြင်ဆင်ချက်သည် အတည်ဖြစ်တဲ့အတွက် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ အတွင်းရေးမှူး၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၂၆)ဖြစ်ပါတယ်။ အခန်း(၅)၊ ပုဒ်မ ၈ ကို ပုဒ်မ ၉ အဖြစ်၊ ပုဒ်မ ၉ ကို ပုဒ်မ ၁၀ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။ အဆိုပြုထားသည့်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်း ဖြစ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** အမှတ်စဉ်(၂၇)ပါတစ်ဆက်တည်း တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ အတွင်းရေးမှူး၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၂၇)ဖြစ်ပါတယ်။ အခန်း(၆)၊ ပုဒ်မ ၁၀ ကို ပုဒ်မ ၁၁ အဖြစ် ၊ ပုဒ်မ ၁၁ ကို ပုဒ်မ ၁၂ အဖြစ်၊ ပုဒ်မ ၁၂ ကို ပုဒ်မ ၁၃ အဖြစ် ၊ပုဒ်မ ၁၃ ကို ပုဒ်မ ၁၄ အဖြစ်၊ ပုဒ်မ ၁၄ ကို ပုဒ်မ ၁၅ အဖြစ်၊ ပုဒ်မ ၁၅ ကို ပုဒ်မ ၁၆ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။ အဆိုပြုထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်ပါကြောင်းတင်ပြအပ်ပါတယ်ခင်ဗျား။





ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ ၊ဒဏ်နှစ်ရပ် လုံးဖြစ်စေ ချမှတ်ရမည်**အစား** ကျောက်မျက်ရတနာ ဖြတ်တောက် ခြင်း၊ သွေးခြင်းဆိုင်ရာလုပ်ငန်းကို လုပ်ကိုင်ခွင့်သက်တမ်းကျော် လွန်ပြီး လုပ်ကိုင်ခြင်းမပြုရ လုပ်ကိုင်ခွင့်သက်တမ်းကျော်လွန်ပြီး ဆက်လက် လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်(၆)လထိဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်ဟု ဖြည့်စွက် ပြင်ဆင်သင့်ပါသည်။ အဆိုပြုထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** အမှတ်စဉ်(၂၈)ပါပြင်ဆင်ချက်နှင့်စပ်လျဉ်း ပြီးသက်ဆိုင်ရာ ဝန်ကြီး၏သဘောထားကို တင်ပြရန်ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** ကန့်ကွက်ရန်မရှိပါ ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(လွှတ်တော်က သဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်သည်။ ပြင်ဆင်ချက်သည် အတည်ဖြစ်တဲ့အတွက် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ အတွင်းရေးမှူး၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၂၉)ဖြစ်ပါတယ်။ အခန်း(၆)၊ ပုဒ်မ ၁၁ မည်သူမဆို ဤဥပဒေပုဒ်မ၈ပါ ဖော်ပြချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်လျှင် ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ထိုသူကိုထောင်ဒဏ်(၆)လထိဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်**အစား** အခန်း(၆) ပုဒ်မ၁၂ မည်သူမဆို ဤဥပဒေပုဒ်မ ၉ ပါ ဖော်ပြချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်လျှင် ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါကထိုသူကိုထောင်ဒဏ်(၆)လအထိဖြစ်စေ၊ကျပ်တစ်သိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါသည်။ အဆိုပြုထားသည့်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်း ဖြစ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** အမှတ်စဉ်(၂၉)ပါပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီးသက်ဆိုင်ရာ ဝန်ကြီး၏သဘောထား ကိုတင်ပြရန်ဖြစ်ပါတယ်။



D/real(wide) (1



**ဥက္ကဋ္ဌ။** အမှတ်စဉ် (၂၆)နှင့် (၂၇)ပါ ပြင်ဆင်ချက်နှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာဝန်ကြီး၏သဘောထား တင်ပြရန်ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** ကန့်ကွက်ရန်မရှိပါခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(လွှတ်တော်က သဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်သည်။ ပြင်ဆင်ချက်သည် အတည်ဖြစ်တဲ့အတွက် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ အတွင်းရေးမှူး၊ ဥပဒေပြုရေး ဆိုင်ရာ ကော်မတီ။** အမှတ်စဉ်(၂၈)ဖြစ်ပါတယ်။ အခန်း(၆)၊ ပုဒ်မ ၁၁ ကျောက်မျက်ရတနာအချောထည် ထုတ်လုပ်ခြင်း ကိုလုပ်ကိုင်ခွင့်သက်တမ်းကျော်လွန်ပြီး လုပ်ကိုင်ခြင်းမပြုရ၊ လုပ်ကိုင် ခွင့်သက်တမ်းကျော်လွန်ပြီး ဆက်လက်လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်(၆)လထိ ဖြစ်စေ၊

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** ကန့်ကွက်ရန်မရှိပါခင်ဗျား။

**ဥက္ကဋ္ဌ ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(လွှတ်တော်က သဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်သည်။ ပြင်ဆင်ချက်သည် အတည်ဖြစ်တဲ့အတွက် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊အတွင်းရေးမှူး၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၃၀)ဖြစ်ပါတယ်။ အခန်း(၆)၊ ပုဒ်မ ၁၃ မည်သူမဆို ကျောက်မျက်ရတနာ အချောထည်ထုတ်လုပ်ခြင်းကို လုပ်ငန်းကိုခွင့်ပြုမိန့်မရှိဘဲ လုပ်ကိုင်ခြင်းမပြုရ၊ ခွင့်ပြုမိန့်မရှိဘဲလုပ်ကိုင်လျှင် ထိုသူကိုထောင်ဒဏ်၁နှစ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်**အစား**မည်သူမဆိုကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာလုပ်ငန်းကို ခွင့်ပြုမိန့်မရှိဘဲလုပ်ကိုင်ခြင်း မပြုရ၊ ခွင့်ပြုမိန့်မရှိဘဲလုပ်ကိုင်လျှင် ထိုသူကို ထောင်ဒဏ် (၁)နှစ် ဖြစ်စေ၊





(၆)လအထိ၊ ငွေဒဏ်ကျပ်(၁)သိန်းအထိဘဲ သတ်မှတ်ထားပါတယ်။ ဒီဘက်မှာကျတော့ ထောင်ဒဏ် (၁)နှစ်လို့လည်း သတ်မှတ်ပြီး ငွေဒဏ်ကအရမ်းပေါ့လျော့နေတဲ့ အတွက် ငွေဒဏ်ကို (၅)သိန်းအထိ တိုးမြှင့်ပေးဖို့ ကျွန်တော့်အနေနဲ့ တောင်းဆိုပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာဥပဒေပြုရေးဆိုင်ရာကော်မတီ၏ သဘောထားကို တင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** ရှေ့မှာပါတဲ့ ပြစ်မှုတွေအတွက်ကတော့ ထောင်ဒဏ်(၆)လနဲ့ ဒဏ်ငွေကျပ်(၁)သိန်းဆိုပြီး လုပ်ထားတဲ့အတွက် ဒီပြစ်မှုမှာထောင်ဒဏ်(၆)လကို နှစ်ဆတက်တဲ့အချိန်မှာ ဒဏ်ငွေကိုလဲ(၂)သိန်း ပြုလုပ်ထားပါတယ်။ ကျွန်တော်တို့တင်တဲ့ အချိန်ကကျပ်(၁)သိန်းတင်ပေးပြီး၊ ပြည်နယ်ဥပဒေပြုရေးဆိုင်ရာ ကော်မတီမှ အချိန်ကာလ၊ ပြစ်ဒဏ်နဲ့ လိုက်လျောညီထွေဖြစ်အောင် အချိုးကျပြင်ထားတာ ဖြစ်ပါတယ်။ (၅)သိန်းပြင်ချင်ရင် ကျွန်တော့်တို့ ရှေ့ကအတည်ပြုထားတဲ့ (၁)သိန်းကိုလည်း ပြန်ပြီးဖျက်သိမ်းရမလို ဖြစ်နေပါတယ်။ ပြန်ပြီးဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။




D/real(wide) (1

**ဥက္ကဋ္ဌ။** ပြည်နယ်ဥပဒေချုပ်၏ သဘောထားတင်ပြပေးပါ။

**ဒေါ်နန်းစံဟွမ်၊ နမ့်တူမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။** လွှတ်တော်ဥက္ကဋ္ဌ ခွင့်ပြုပါရှင့်။ ခုနကပုဒ်မ ၉၊ နံပါတ်စဉ် ၂၉ နဲ့ပတ်သက်ပြီးတော့ ပုဒ်မ ၈ ကို ပုဒ်မ ၉ အဖြစ် ပြောင်းလဲရန် သတ်မှတ်တဲ့နေရာမှာ ကျောက်မျက်ရတနာများ ပြည်တွင်း၌ တရားမဝင်ထုတ်လုပ်ခြင်းအတွက် ပြစ်ဒဏ်က(၆)လအထိဖြစ်စေ၊ ငွေကျပ်တစ်သိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမယ်လို့ပါရှိပါတယ်ရှင့်။ အမှတ်စဉ်(၃၀)မှာ မည်သူမဆို ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာလုပ်ငန်းကိုခွင့်ပြုမိန့်မရှိဘဲ လုပ်ကိုင်ခြင်းမပြုရ၊ ခွင့်ပြုမိန့်မရှိဘဲလုပ်ကိုင်သူကို ထောင်ဒဏ်တစ်နှစ်ဖြစ်စေဟု ချမှတ်ထားတဲ့အတွက် ကျွန်မသိချင်တာက ခွင့်ပြုမိန့်မရှိဘဲ လုပ်ကိုင်တာနဲ့ တရားမဝင် ထုတ်လုပ်ခြင်းဆိုတာက အဓိပ္ပါယ်ချင်းမတူဘူးလားလို့။ ဖြစ်နိုင်ရင်လည်း ပြစ်ဒဏ်ကိုလည်းအတူတူဘဲ ချမှတ်သင့်တယ်လို့ တင်ပြချင်တာပါရှင့်။

**ဥက္ကဋ္ဌ ။** ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ပြင်ဆင်ချက်ကိုထပ်မံပြီးတော့မှ တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးစစ်အောင်မြတ်၊ ဥက္ကဋ္ဌ၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်း



D/real(wide) (1



ကျပ်နှစ်သိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ် လုံးဖြစ်စေ ချမှတ်ရမည်ဟုဖြည့်စွက် ပြင်ဆင်သင့်ပါသည်။ အဆိုပြုထားသည့်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်း ဖြစ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** အမှတ်စဉ်(၃၀)ပါပြင်ဆင်ချက်နှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာဝန်ကြီး၏ သဘောထား တင်ပြရန် ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** ကန့်ကွက်ရန်မရှိပါခင်ဗျား။

**ဥက္ကဋ္ဌ ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(လွှတ်တော်က သဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

**ဦးခင်မောင်တင့်၊ တာချီလိတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)။** ဒီမှာထောင်ဒဏ်(၁)နှစ်ဖြစ်စေ၊ ငွေဒဏ်ကျပ်(၂)သိန်းအစား (၅)သိန်း သတ်မှတ်ပေးဖို့ တောင်းဆိုပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ တရားဝင်လုပ်ပြီးတော့ ခွင့်ပြုမိန့်ကျော်သွားရင် ထောင်ဒဏ်

ဆိုင်ရာလုပ်ငန်း လုပ်ကိုင်ခွင့်သက်တမ်းကျော်လွန်လုပ်ကိုင်ခြင်း မပြုရ ဆိုတာနဲ့ပတ်သက်ပြီး ထောင်ဒဏ်(၆)လနှင့် ငွေဒဏ်ကျပ် (၁)သိန်းဖြစ်ပါတယ်။ လုပ်ကိုင်ခွင့်ပြုထားပြီးတော့ ထပ်ပြီး သက်တမ်းမတိုးတဲ့ကိစ္စနဲ့ နောက်အပိုဒ်(၃၀)၊ အခန်း(၆) ပုဒ်မ ၁၃မှာ ဖော်ပြထားတာကတော့ လုပ်ပိုင်ခွင့်မရှိဘဲ၊ ဥပဒေလည်း ခွင့်မပြုဘဲ လုပ်တဲ့ကိစ္စမျိုးကို တင်ပြခြင်းဖြစ်ပါတယ်။ အဲ့မှာလည်း ကျွန်တော်တို့က လုပ်ပိုင်ခွင့်တော့ရှိထားပြီး၊ သက်တမ်းမတိုးသေး တဲ့အတွက် သက်တမ်းကျော်လွန်လုပ်တဲ့အတွက် အပြစ်တစ်ခု၊ စီရင်မှုတစ်မျိုး၊ လုပ်ပိုင်ခွင့်လုံးဝမရှိဘဲ လုပ်ကိုင်သည့်အတွက် အပြစ်တစ်ခု၊ စီရင်မှုတစ်ခုဆိုပြီး ခွဲထားပြီးတော့ တင်ပြတာ ဖြစ်ပါတယ်။ အဲ့ဒီအတွက် ဝန်ကြီးပြောတာကလည်း လုပ်ကိုင် ခွင့်ရှိပြီး သက်တမ်းကျော်နေတာတွေ၊ ဆက်လုပ်နေတာတွေ အတွက် ဒါကို ဒဏ်တပ်တဲ့အနေနဲ့လုပ်တာ ပထမပြစ်မှုဖြစ်ပါတယ်။ ဒုတိယပြစ်မှု တော့ လုပ်ပိုင်ခွင့်လုံးဝမရှိဘဲ လုပ်နေတဲ့ဟာ ဖြစ်ပါတယ်။ အဲ့ဒါကိုတော့ငွေဒဏ်ကျပ်(၁)သိန်း၊(၂)သိန်းချပေးတာ ဖြစ်ပါတယ်။ဒါကတော့ ကျွန်တော်တို့ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းဥပဒေအရ ပြည်နယ်ရဲ့စီရင်နိုင်တဲ့ အတိုင်းအတာကို ကျွန်တော်တို့က တင်ပြခြင်းဖြစ်ပါတယ်။ အဲ့ဒီမှာ ဥပဒေပြုရေး ကော်မတီရဲ့တင်ပြချက်ပေါ်မှာ ဝန်ကြီးအနေနဲ့က လည်းကန့်ကွက်ဖို့ မရှိပါဘူး။ သို့သော် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ဆွေးနွေးတာက (၅)သိန်းအထိဆိုတဲ့ ဝေါဟာရကတော့





ပါတယ်။ သို့သော် ဒါတွေက ဝန်ကြီး ဒေါက်တာ ညီညီအောင်နဲ့ လွှတ်တော်ဒုဥက္ကဋ္ဌပြောသလို ကုန်သွယ်ရေး ဘက်မှာလည်း ကုန်သွယ်ရေးနဲ့ ကာကွယ်ထားတဲ့ ဥပဒေကို အတိအလင်း ပြည်ထောင်စုမှာ ရှိပြီးသားဖြစ်ပါတယ်။ ဒါကိုသေချာလေ့လာ လိုက်မယ်ဆိုရင် သယံဇာတနှင့်တရားဝင်ပစ္စည်း၊ တရားမဝင်ပစ္စည်း မှောင်ခိုကိစ္စမှန်သမျှအားလုံးကို ပြုစုပြီးတော့လုပ်ကိုင်လျက်ရှိ ပါတယ်။ နောက်တစ်ခါ ကျောက်မျက်နဲ့ ပတ်သက်လို့လည်း ကျောက်မျက်ဥပဒေ၊ ကျောက်မျက်အသင်းက ထုတ်ထားတဲ့ဥပဒေ၊ နိုင်ငံတော်သယံဇာတ ထိန်းသိမ်းကာကွယ်တဲ့ အက်ဥပဒေ၊ နည်းဥပဒေတွေကို လေးလေးနက်နက် ရေးဆွဲထားတာကို ကျွန်တော်တို့သိရပါတယ်။ ဒါကြောင့်မလို့ ရှိပြီးသား ခိုင်မာပြီး သားဥစ္စာကိုဘဲ မှီငြမ်းကိုးကား ပြီးတော့လုပ်ဖို့ သင့်ပါတယ်။ ဥပမာအားဖြင့် ကျောက်မျက်ကို တရားမဝင်သွင်းမယ်ပြုမယ်ဆိုရင် လွယ်လွယ်လေးပါ။ ကျောက်မျက်ဆိုတာ နိုင်ငံတော်ကတရားဝင် ပိတ်ထားတာဖြစ်ပြီး၊ နိုင်ငံတော်က တရားဝင် ကာကွယ်ထား တာဖြစ်ပါတယ်။ အဲ့ဒါမှန်းသိလို့ရှိရင် ကျွန်တော်တို့က ဥပဒေနဲ့အညီ ဖမ်းပြီးတော့မှ အရေးယူလိုက်ရုံဘဲရှိတယ်။ ဒါလေးကို စဉ်းစားပေးဖို့ ကျွန်တော်အကြံပြုလိုပါတယ်။ ခုနက ဝန်ကြီးဒေါက်တာ ညီညီအောင် တင်ပြတာတွေရယ်၊ ဦးစဝ်အောင်မြတ် တင်ပြတာ တွေရယ်က ကျွန်တော်တို့ နိုင်ငံတော် မှာ ရှိပြီးသား၊ ပြဋ္ဌာန်းပြီးသား ဥပဒေကို ကျွန်တော်တို့ ထပ်ပြီးပွံ့ပိုးရ တာမှန်ပါတယ်။ ဒါပေမဲ့

အဲ့ဒီဥပဒေထဲကဟာကို ကျော်လွန်ပြီး လုပ်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့မှာ စဉ်းစားစရာတွေ ထောက်ပြစရာတွေများ ဖြစ်မလား လို့ အကြံပြုဆွေးနွေးလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(လွှတ်တော်က သဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်သည်။ ပြင်ဆင်ချက်သည် အတည်ဖြစ်တဲ့အတွက် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ အတွင်းရေးမှူး၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၃၁)ဖြစ်ပါတယ်။ အခန်း(၆)၊ ပုဒ်မ၁၄ မည်သူမဆို မြန်မာ့ကျောက်မျက်ရတနာဥပဒေ အရ ရတနာခွန်ပေးဆောင်ပြီးဖြစ်သည့် ကျောက်မျက်ရတနာအရိုင်း မှတစ်ပါး တရားမဝင်ကျောက်မျက်ရတနာအရိုင်းကို အချောထည် ထုတ်လုပ်ခြင်းလုပ်ငန်း၊ လက်ဝတ်ရတနာထုတ်လုပ် ခြင်းလုပ်ငန်း တွင် ဖြတ်တောက်ခြင်း၊ သွေးခြင်း၊ အကွက်ဖော်ခြင်း၊ အရောင် တင်ခြင်း တစ်နည်းနည်းဖြင့်မပြုလုပ်ရ။ ယင်းသို့လုပ်ကိုင်ကြောင်း





စိတ်ထဲမှာ ဖြစ်လာတဲ့ကိန်းဂဏန်းဆိုရင်တော့ မကောင်းပါဘူး။ ကျွန်တော်တို့မှ ပြစ်ဒဏ်ချမှတ်မယ့်သူကလည်း ပြည်သူတွေဘဲ ဖြစ်ပါတယ်။ တိုင်းရင်းသားတွေဘဲဖြစ်ပါတယ်။ ဒါကြောင့် ပြစ်ဒဏ်နဲ့ ပြစ်မှုကို ချိန်ဆစဉ်းစားပေးဖို့လိုပါတယ်။ ဈေးတွက်တွက်သလို ကျပ်(၅)သိန်းဖြစ်သင့်တယ်၊ (၂)သိန်းဖြစ်သင့်တယ်ဆိုတာထက်ကို ဒီလိုစိစစ်ပြီး ဆောင်ရွက်တဲ့အခါ အကြံပြုနိုင်တဲ့အချိန်မှာ အကြံပြုဖို့ အဲ့ဒါလေးတစ်ခုလည်း ဆွေးနွေးတင်ပြလိုပါတယ်။ ဥပဒေကြမ်းကို အစိုးရအဖွဲ့အနေနဲ့ သေချာပြုစုပြီး၊ ကျွန်တော်တို့ ဥပဒေပြုရေးဆိုင်ရာ ကော်မတီကလည်းတင်ပြပြီး၊ အတည်ပြုခါနီးကျမှ သဘောကွဲလွဲတဲ့ အရာလေးတွေရှိရင်တော့ ဥပဒေပြုရေးအတွက်ရော၊ ထုတ်ပြန်ပေး မယ့်အစိုးရအဖွဲ့အနေနဲ့ရော၊ တင်သွင်းတဲ့ အစိုးရအဖွဲ့အနေနဲ့ရော အခက်အခဲရှိနိုင်တာဖြစ်တဲ့အတွက် ဒါလေးကိုပြန်စဉ်းစားပေးဖို့ အတွက်ရော ဝန်ကြီးကိုပြန်လည် ဆွေးနွေးပေးနိုင်ဖို့အတွက်ရော တင်ပြလိုပါတယ်။ သီးခြားတင်ပြရန်မရှိပါ။

**ဦးအောင်သန်းထွန်း၊ လောက်ကိုင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)။** ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကျောက်မျက် ဥပဒေတို့ သယံဇာတဥပဒေတို့ဆိုတာ အင်မတန်မှ လေးနက်ပြီးတော့ တိုင်းပြည်အတွက် အင်မတန်မှ အရေးကြီးတဲ့ အခန်းကဏ္ဍလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်နယ်အတွက် အရေးကြီးတဲ့ အခန်းကဏ္ဍလည်းဖြစ်ပါတယ်။ ဆွေးနွေးတဲ့အတွက် လည်းဝမ်းသာ



D/real(wide) (1

ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို(၃)နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်**အစား** မည်သူမဆို မြန်မာ့ ကျောက်မျက်ရတနာဥပဒေအရ ရတနာခွန်ပေးဆောင်ပြီးသော ကျောက်မျက်ရတနာ အရိုင်းမှတစ်ပါး တရားမဝင် ကျောက်မျက် ရတနာအရိုင်းကို ဖြတ်တောက်ခြင်း၊ သွေးခြင်း၊ အကွက်ဖော်ခြင်း၊ အရောင်တင်ခြင်း၊ တစ်နည်းနည်းဖြင့် မပြုလုပ်ရ။ ယင်းသို့ လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို(၃)နှစ် ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟုဖြည့်စွက် ပြင်ဆင်သင့်ပါသည်။ အဆို ပြုထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်ပါ ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** အမှတ်စဉ်(၃၁)ပါပြင်ဆင်ချက်နှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာ ဝန်ကြီး၏သဘောထား တင်ပြရန်ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး။** ဟုတ်ကဲ့ပါ။ ဒီပုဒ်မ ကလည်း ပြည်ထောင်စုအဆင့်က ကျောက်မျက်ရတနာဥပဒေထဲမှာ ပါတဲ့ အချက်တွေနဲ့ ချိတ်ဆက်ပြီးတော့မှ ထည့်ထားတာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ကန့်ကွက်စရာမရှိပါဘူးခင်ဗျား။





အခွန်မဆောင်ဘဲနဲ့ လုပ်တာကိုပြောတာပါ။ ခွင့်ပြုမိန့်ရှိတယ် အခွန်မဆောင်ဘဲလုပ်တာ ကိုပြောတာ။ အဲ့ဒီနှစ်ခု ပြစ်မှုခြင်းတော့ မတူနိုင်ပါဘူးခင်ဗျား။ စာသားတွေကို သေသေချာချာ လေ့လာပြီးတော့မှ သုံးသပ်ပေးဖို့ ကျွန်တော့်အနေနဲ့ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**ဦးစစ်အောင်မြတ်၊ ဥက္ကဋ္ဌ၊ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ။** ဥပဒေပြုရေးဆိုင်ရာကော်မတီဝင် ဦးစိုင်းထွန်းဉာဏ် ဆွေးနွေးသလိုပါဘဲ ဥပဒေကြမ်းတစ်ခုကို အစိုးရအဖွဲ့ကနေ တင်သွင်းလာတဲ့အချိန်မှာ ကျွန်တော်တို့ ပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်တွေနဲ့ (၂)ကြိမ်တိုင်တိုင် သက်ဆိုင်ရာဌာနများကိုပါ ခေါ်ယူပြီး အစည်းအဝေးလုပ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များလည်း လွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ သတ်မှတ်ချက်အရ အကြံပြုဆွေးနွေးလိုတဲ့ဟာတွေ ကျွန်တော်တို့ လွှတ်တော်ဥပဒေပြုရေးဆိုင်ရာကော်မတီကို အချိန်မီ ပေးသွင်းနိုင်တဲ့အတွက်လည်းရပြီးဖြစ်ပါတယ်။ ဒါကြောင့်မလို့ ဒီလိုဝိဝါဒကွဲတဲ့ဟာတွေကို သေသေချာချာဖတ်ကြည့်ပြီးမှ ဆွေးနွေး လိုတဲ့အကြောင်းအရာကို ကျွန်တော်တို့ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ ကိုသော်လည်းကောင်း၊ သက်ဆိုင်ရာ ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ ဥပဒေကြမ်းတင်သွင်းတဲ့ အစိုးရဌာန ဝန်ကြီးကိုသော် လည်းကောင်း တင်ပြသင့်ပါတယ်။ အခုလို ကျွန်တော်တို့

အသေးစိတ်ဆွေးနွေး တင်ပြပြီးတဲ့အချိန်မှာ ဆိုလိုရင်းအဓိပ္ပါယ်တွေက အပိုဒ်(၃၀)မှာ မြန်မာ့ကျောက်မျက်ရတနာ အချောထည်ထုတ်လုပ်တယ်ဆိုတာက ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာလုပ်ငန်းဆိုတဲ့ ခွင့်ပြုမိန့်ကို ပြောတာဖြစ်ပါတယ်။ ခုနက ပြည်နယ်လွှတ်တော်ဥပဒေပြုရေးဆိုင်ရာကော်မတီဝင် ဆွေးနွေးသလိုဘဲ ကျောက်မျက်ရတနာဥပဒေအရ ရတနာခွန်ပေးဆောင်ပြီးသည့် ကျောက်မျက်ရတနာအရိုင်းမှတစ်ပါးဆိုတဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်(၂)မျိုးဖြစ်ပါတယ်။အဲ့နှစ်မျိုးအတွက်ကို အပိုဒ်(၃၀)၊ ပုဒ်မ ၁၃ မှာဖော်ပြထားတာကတော့ ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာလုပ်ငန်းကို ဆိုလိုပြီးတော့ အပိုဒ်(၃၁)၊ အခန်း(၆) ပုဒ်မ ၁၄ မှာဖော်ပြထားတာကတော့ ကျောက်မျက်ရတနာဥပဒေ အရ ရတနာခွန်ပေးဆောင်ပြီးဖြစ်သည့် ကျောက်မျက်ရတနာအရိုင်းမှတစ်ပါး တရားမဝင်ကျောက်မျက်ရတနာအရိုင်းကို ဖြတ်တောက်ခြင်း၊သွေးခြင်းလို့ လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးသလို တရားမဝင် ပြည်ပကနေတင်သွင်းတာလဲ ပါရင်ပါမယ်။ ပြည်တွင်းမှာတရားမဝင် ထုတ်လုပ်တာလဲပါရင်ပါမယ်။ ဒါတွေကိုလုပ်တယ်လို့ ပြစ်မှုထင်ရှားစီရင်ခြင်းခံရရင် တရားရုံးကနေ စီရင်မယ့် ပြစ်မှုထင်ရှားစီရင်လိုက်တဲ့ အချိန်(၃)နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်(၅)သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမယ်လို့ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်း ဥပဒေကို ကိုးကားပြီးတော့ ပြည်နယ်





**ဥက္ကဋ္ဌ ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(လွှတ်တော်က သဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

**ဦးခင်မောင်တင့် ၊ တာချီလိတ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။** ဒီမှာကထူးခြားတာပါလာတာဆိုလို့ ပြစ်မှုထင်ရှားစီရင်ခံရလျှင်ဆိုတဲ့ စကားလုံးတစ်ခုဘဲ တိုးလာတာရှိပါတယ်။ အဲ့ဒီမှာ ထိုသူကို ထောင်ဒဏ်(၃)နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေကျပ်(၅)သိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်ဟု ပါလာပါတယ်။ အပေါ်မှာကျတော့ဒဏ်ငွေကျပ်(၂)သိန်းဆိုတော့ နည်းနည်းလေး လွဲနေသလားလို့ပါ။

**ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နည်းနည်းဆွေးနွေးပါဦးမယ်ခင်ဗျား။ခုနကတာချီလိတ်မြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောသွားတာကလွဲနေပါတယ်။ အမှတ်စဉ်(၃၀)မှာကျွန်တော်တို့ အတည်ပြု သွားတာက ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းလုပ်ငန်းကို ခွင့်ပြုမိန့်မရှိဘဲလုပ်တာကို ပြောတာ၊ အခုအမှတ်စဉ်(၃၁)ကျတော့ ကျောက်မျက်ရတနာဥပဒေက

အစိုးရအဖွဲ့က တင်ပြထားတဲ့အပေါ် ကျွန်တော်တို့ဘက်က ပြင်ဆင်ခြင်း၊ အကြံပြုခြင်းသိပ်မရှိဘဲ တင်ပြခြင်းဖြစ်ပါတယ်။ အဲ့ဒါလေးကိုတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့လည်း သက်ဆိုင်ရာ ဥပဒေပြုရေးဆိုင်ရာကော်မတီမှ သော်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းမှ သော်လည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့မှသော်လည်းကောင်း ဥပဒေကြမ်းနဲ့ ပတ်သက်ပြီးတော့ လွှတ်တော်မှာ တင်ပြအတည်ပြုချက်ရယူဖို့ လိုတဲ့အခါ လွှတ်တော် ဥက္ကဋ္ဌသတ်မှတ်ပေးထားတဲ့ ကာလအချိန်၊ အတိုင်းအတာအတွင်း တင်သွင်းပေးနိုင်ရင် ပြီးပြည့်စုံတဲ့ဥပဒေတွေ ဖြစ်လာမည်ဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်။

**ဥက္ကဋ္ဌ ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(လွှတ်တော်က သဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်သည်။ ပြင်ဆင်ချက်သည် အတည်ဖြစ်တဲ့အတွက် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။





သဘောမတူတဲ့သူမရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်သည်။ ပြင်ဆင်ချက်သည် အတည်ဖြစ်တဲ့အတွက် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ အတွင်းရေးမှူး ၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ်(၃၃)ဖြစ်ပါတယ်။ အခန်း(၆)၊ ပုဒ်မ(ခ)ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အဦ၊ ယာဉ်၊ တိရစ္ဆာန်နှင့် အခြားပစ္စည်းကိရိယာ တန်ဆာပလာများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်**အစား** ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ယာဉ်၊ တိရစ္ဆာန်နှင့် အခြားပစ္စည်းကိရိယာတန်ဆာပလာများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါသည်။ အဆိုပြုထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ ။** အမှတ်စဉ်(၃၃)ပါ ပြင်ဆင်ချက်နှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာ ဝန်ကြီး၏သဘောထား တင်ပြဖို့ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး။** မူရင်းထည့်ပေးထားတဲ့ နေရာမှာ အဆောက်အဦဆိုတဲ့ စကားလုံးလေးပါ ပါတယ်ခင်ဗျား။

အဆောက်အဦကို ဘာလို့ဖြုတ်ချင်တာလဲဆိုတဲ့ ရှင်းလင်းချက်လေး တော့ကြားချင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ ။** ဥပဒေပြုရေးဆိုင်ရာကော်မတီက ရှင်းလင်းပေးဖို့ ဖြစ်ပါတယ်။

**ဦးစဝ်အောင်မြတ်၊ ဥက္ကဋ္ဌ၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** ကျွန်တော်တို့ ဥပဒေပြုရေးဆိုင်ရာကော်မတီ အနေနဲ့ ပြစ်မှုကျူးလွန်ရာမှာအသုံးပြုသည့် အဆောက်အဦဆိုတဲ့ နေရာမှာ အဲ့ဒီအဆောက်အဦက သူတို့ကငှားရမ်းတာလည်း ရှိနိုင်တယ်။နောက်တချို့ ပိုင်ဆိုင်မှု၊ တရားမမှုနဲ့လည်း သက်ဆိုင်တဲ့ ကိစ္စရပ်တွေဖြစ်တဲ့အတွက် ဥပဒေအရဆောင်ရွက်တဲ့အချိန်မှာ ယာဉ်၊ တိရစ္ဆာန်နှင့် အခြားပစ္စည်းကိရိယာတန်ဆာပလာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းအမိန့်ချလိုက်ရင် ဒီအမှုဟာ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အမြန်ဆုံးစီရင်နိုင်မယ့်အခြေအနေမျိုးဖြစ်ပါတယ်။ အဆောက်အဦတွေဆိုတဲ့ နေရာမှာတော့ သာမန်အားဖြင့် ဒီအဆောက်အဦတွေရဲ့တန်ဖိုးနဲ့ မြေပိုင်ဆိုင်မှုတွေကအစ အငြင်းပွားဖွယ်ရာ လျှောက်လွှဲချက်တွေ ပြန်ပြီးတင်ပြလာမှုတွေ ရှိခဲ့ပါက တရားစီရင်ရာတွင်လည်း အချိန်အကန့်အသတ်တွေ ရှိလာနိုင်တယ်လို့ သုံးသပ်ပြီး ကျွန်တော်တို့ ဥပဒေပြုရေးဆိုင်ရာကော်မတီအနေနဲ့ ပြစ်မှုကျူးလွန်ရာမှာအသုံးပြုနေတဲ့ ယာဉ်၊





**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ အတွင်းရေးမှူး ၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ။** အမှတ်စဉ် (၃၂)ဖြစ်ပါတယ်။ အခန်း(၆)၊ ပုဒ်မ(က) ပြစ်မှုနှင့် သက်ဆိုင်သော ကျောက်မျက်ရတနာ၊ လက်ဝတ်ရတနာနှင့် ငွေကြေးကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်**အစား** ပြစ်မှုနှင့် သက်ဆိုင်သော ကျောက်မျက်ရတနာနှင့်ငွေကြေးကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်ဟု ဖြည့်စွက်ပြင်ဆင်သင့်ပါသည်။ အဆိုပြုထားသည့်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ ။** အမှတ်စဉ်(၃၂)ပါပြင်ဆင်ချက်နှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာဝန်ကြီး၏သဘောထား တင်ပြရန်ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင် ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး။** ကန့်ကွက်ရန်မရှိပါခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(လွှတ်တော်က သဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

တိရစ္ဆာန်နှင့် အခြားပစ္စည်းကိရိယာတန်ဆာပလာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန်အမိန့်ချမှတ်ရမည်ဆိုတဲ့ဟာကိုလည်း တရားစီရင်ရေးကဏ္ဍက အကြံပြုပြီးတော့ တင်ပြထားပါတယ်။ ဒါကိုလည်း ပြည်နယ်တရားလွှတ်တော်၊ တရားသူကြီးချုပ်မှ ဆွေးနွေးပေးပါက ပိုပြီးပြည့်စုံမှာ ဖြစ်ပါတယ်။

**ဦးကြွယ်ကြွယ်၊ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်။** ကျွန်တော့်ကို တစ်ခုတင်ပြခွင့်ပြုပါခင်ဗျား။ ဒီအဆောက်အဦဆိုတဲ့ကိစ္စဟာ ဘယ်မှာပါသလဲဆိုရင် မူးယစ်ဆေးဝါးဥပဒေမှာ ပါပါတယ်ခင်ဗျား။ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားတာ၊ သယ်ယူပို့ဆောင်တာနဲ့ စပ်လျဉ်းပြီးတော့ထုတ်လုပ်တယ်၊ အဲဒါတွေနဲ့စပ်လျဉ်းပြီးတော့ အသုံးပြုတဲ့အဆောက်အဦတွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရမည်ဟု အမိန့်ချမှတ်ပါတယ်။ အမိန့်ချမှတ်တော့ ကျွန်တော်တို့တရားရုံးမှာလာပြီး သက်သေခံတဲ့အခါ ဒါကထုတ်လုပ်တဲ့သူပိုင်တာမဟုတ်ဘူး၊ ငှားထားတာ၊ သူတို့ရဲ့ ငှားရမ်းတဲ့စာချုပ်တွေမှာလည်း ဒါဟာဥပဒေနဲ့ဆန့်ကျင်တဲ့ လုပ်ငန်းတွေ လုပ်မယ်ဆိုရင်တော့ခွင့်မပြုဘူးဆိုတဲ့ သဘောတူညီချက်ရှိတယ်။ ရှိတဲ့အတွက် ဒီပစ္စည်းသိမ်းတာ ပိုင်ရှင်နစ်နာတယ်ဆိုပြီးတော့ ခုချိန်အထိ ကျွန်တော်တို့ တရားရုံးက ဘဏ္ဍာသိမ်းထားတဲ့ အဆောက်အဦနဲ့ ပတ်သက်လို့ဖြေရှင်းနေရဆဲဖြစ်ပါတယ်။သို့သော် ဥပဒေထဲမှာတော့





**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး။** ကျွန်တော်တို့ မူရင်းစာသားမှာ စာကြောင်းအဆုံးသတ်ကလေးကို တစ်ချက်ကြည့်ပေးပါ။ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန်အမိန့်ချမှတ်နိုင်သည်လို့ဘဲ ကျွန်တော်တို့ထည့်ထားတာ ဖြစ်ပါတယ်။ မဖြစ်မနေသိမ်းကို သိမ်းဆည်းရမည်၊ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်လို့ မသုံးပါဘူး။ အဲ့ဒါလည်းစောစောက ပြည်နယ်တရားသူကြီးချုပ်ပြောသလိုမျိုး ငှားရမ်းထားတဲ့ ပစ္စည်းတွေဖြစ်နေမယ်ဆိုရင် သက်ဆိုင်ရာတရားသူကြီးရဲ့ ချင့်ချိန်ဉာဏ်အလျောက် ဆုံးဖြတ်ဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ ။** အခုကအဆောက်အဦဆိုတဲ့ စကားလုံးကို ထည့်ဖို့/မထည့်ဖို့ ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး။** ဟုတ်ကဲ့ပါ။ကျွန်တော်တို့ အစိုးရအဖွဲ့ဝင်များရဲ့ သဘောတူညီချက်အရ မထည့် ဖို့အတွက် ကျွန်တော်တို့ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(လွှတ်တော်က သဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်သည်။ ပြင်ဆင်ချက်သည် အတည်ဖြစ်တဲ့အတွက် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ အတွင်းရေးမှူး၊ ဥပဒေပြုရေး ဆိုင်ရာ ကော်မတီ။** အမှတ်စဉ်(၃၄)ဖြစ်ပါတယ်။ အခန်း(၇)၊ ပုဒ်မ ၁၆ ကို ပုဒ်မ ၁၇ အဖြစ်၊ ပုဒ်မ ၁၇ ကို ပုဒ်မ ၁၈ အဖြစ်၊ ပုဒ်မ ၁၈ ကို ပုဒ်မ ၁၉ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။ ဥက္ကဋ္ဌ၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ၊ ရက်စွဲ ၂၀၁၇ခုနှစ်၊ ဩဂုတ်လ၊ (၂၉)ရက်ဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ ။** အမှတ်စဉ်(၃၄)ပါ ပြင်ဆင်ချက်နှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာဝန်ကြီး၏ သဘောထား တင်ပြရန်ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** ကန့်ကွက်ရန်မရှိပါခင်ဗျား။





မည်သူပိုင်တယ်ဆိုတာ ထည့်စဉ်းစားစရာ အကြောင်းမရှိဘဲ ငှားရမ်းတာဘဲဖြစ်ဖြစ်၊ အသုံးပြုတာဖြစ်ဖြစ်၊ ဘယ်လိုဘဲဖြစ်ဖြစ်၊ မည်သူဘဲပိုင်ပိုင်၊ ပိုင်တဲ့သူကို သိသိမသိသိ သိမ်းကို သိမ်းရမည်ဆိုတဲ့ မူးယစ်ဆေးဝါးဥပဒေမှာ ပြဋ္ဌာန်းထားပါတယ်။ သို့သော် ကျောက်မျက်ရတနာ အချောထည်ကို ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာဥပဒေဟာ အဲ့လောက် ပြင်းပြင်းထန်ထန် ရည်မှန်းပြီး ပြဋ္ဌာန်းထားတာမဟုတ်ဘူးလို့ ယူဆပါတယ်။သူ့ရဲ့ပြစ်ဒဏ်တွေကို ကျွန်တော်တင်ပြလိုပါတယ်။ဒီပြစ်ဒဏ်တွေက သာမန်အားဖြင့် ငွေဒဏ်လဲချနိုင်တယ်၊ ထောင်ဒဏ်လဲချနိုင်တယ်ဆိုရင် ဒီအဆောက်အဦကို ထည့်သွင်းထားခြင်းအားဖြင့် ပြည်သူတွေ နစ်နာမှုရှိလာရင် အငြင်းပွားစရာဖြစ်ပြီးတော့ ဖြေရှင်းရခက်တဲ့ အနေအထား ဖြစ်တဲ့အတွက် ဒါကိုဥပဒေပြုရေးဆိုင်ရာကော်မတီက ပြင်ဆင်ထည့်သွင်းပေးတာဟာ ကျွန်တော်တို့တရားရုံးအတွက်တော့ အဆင်ပြေပါတယ်။ မဟုတ်ရင် ဒါတွေကို ဘဏ္ဍာသိမ်းခဲ့မယ် ဆိုပါက ပြည်သူတွေကြားမှာ အငြင်းပွားစရာ ဖြစ်လာနိုင်ပါတယ်။တစ်နည်းအားဖြင့် မူးယစ်ဆေးဝါးဥပဒေလို ပြင်းထန်တဲ့ ဥပဒေမျိုးလည်း ဖြစ်သွားနိုင်ပါတယ်။ ဒီဥပဒေရဲ့ရည်ရွယ်ချက်က အဲ့ဒီလောက်ကြီး မပြင်းထန်ဘူးလို့ ကျွန်တော်ယူဆပါတယ်။ အခြားတင်ပြစရာမရှိပါဘူးခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(လွှတ်တော်က သဘောတူပါသည်။)**

သဘောမတူတဲ့သူရှိပါသလား ခင်ဗျား။

သဘောမတူတဲ့သူမရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်သည်။ ပြင်ဆင်ချက်သည် အတည်ဖြစ်တဲ့အတွက် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ကျောက်မျက်ရတနာ၊ ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၁)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဌမပုံမှန်အစည်းအဝေး (ဒုတိယနေ့) (၇-၆-၂၀၁၇) ရက်နေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတင်သွင်းခဲ့သော ရှမ်းပြည်နယ်ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာ ဥပဒေ



D/real(wide) (1



တင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဆဌမပုံမှန် အစည်းအဝေး (ဒုတိယနေ့)(၇-၆-၂၀၁၇)ရက်နေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာဥပဒေကြမ်းအား လွှတ်တော်က အတည်ပြုရန် သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ရှမ်းပြည်နယ် ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာ ဥပဒေကြမ်းအား အတည်ပြုကြောင်း ကြေညာပါတယ်။

# ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(ဒုတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (တတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်သတ္တမပုံမှန် အစည်းအဝေး (ဒုတိယနေ့)ကိုရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော်သတ္တမပုံမှန်အစည်းအဝေး(တတိယနေ့)ကို မနက်ဖြန် ၂၀၁၇ခုနှစ်၊ဩဂုတ်လ(၃၀)ရက်(ဗုဒ္ဓဟူးနေ့) နံနက်(၁၀၀၀) နာရီ အချိန်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ပြန်လည် ထွက်ခွာပါပြီရှင်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးပြန်လည်ထွက်ခွာနိုင် ပါပြီရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။



D/real(wide) (1



ကြမ်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ အဆိုပြုတင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာ ဥပဒေမူကြမ်းကို ရှမ်းပြည်နယ် အစိုးရအဖွဲ့ကိုယ်စား ကျွန်တော် သယံဇာတနှင့်သဘာဝပတ် ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ ဒေါက်တာညီညီအောင်မှ တင်သွင်းခဲ့ပြီး၊ ရှမ်းပြည်နယ်ဥပဒေပြုရေးဆိုင်ရာ ကော်မတီမှလည်း ဆွေးနွေးပြီးတော့ ပြင်ဆင်ရန် အကြံပြုချက်များနှင့်အတူ ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (ဒုတိယနေ့)ဖြစ်တဲ့ ဒီနေ့မှာ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များအားလုံးမှ အချက်(၁) ချက်ချင်းစီကို ဝိုင်းဝန်းဆွေးနွေး အတည်ပြုခဲ့ ပြီးဖြစ်ပါတယ်။ရှမ်းပြည်နယ် ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာ ဥပဒေသည် ရှမ်းပြည်နယ် ကျောက်မျက်ရတနာ လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ် ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာ ဥပဒေကြမ်းကို ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြု ပေးနိုင်ဖို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ကျွန်တော်မှ လေးစားစွာ

၂၇၇

## ရှမ်းပြည်နယ်
## ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
## သတ္တမပုံမှန်အစည်းအဝေး
## (တတိယနေ့)မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်**

**၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်**

**[ဗုဒ္ဓဟူးနေ့]**

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး(တတိယနေ့)အစီအစဉ်ကို နံနက်(၁၀း၀၀) နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အခမ်းအနားမှူးအဖြစ် ဒေါ်အယ်လ်နန်းခမ်း၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဒေါ်ခင်သီတာ၊ လက်ထောက်ညွှန်ကြားရေးမှူးကလည်းကောင်း ဆောင်ရွက်ပါသည်။



D/real(wide) (1



၂၇၉

## ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်းကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး (တတိယနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း (၁၄၁)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၂၄)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် စုစုပေါင်း၏(၈၇. ၉၄%) ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၀(က)နှင့် ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၃၄ (ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်းကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်အတိုင်း ဆက်လက်ကျင်းပ ပြုလုပ်သွားမှာဖြစ်ပါတယ်။

## အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ၄၄(က)အရ ယနေ့အစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက တင်ပြဖို့ဖြစ်ပါတယ်။

D/real(wide) (1





## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးစတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(တတိယနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ရှင်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ရှင်။

**(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီ ရှင်။

**ဦးလင်းအောင်ဆွေ၊ ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ။** လေးစားအပ်ပါသောရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၀-၈-၂၀၁၇)ရက်နေ့ တတိယနေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသောရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီ၊ ဥက္ကဋ္ဌ ဖြစ်သူကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြား သွားမှာဖြစ်ပါတယ်။ ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှာ-

(၁) ဦးအာကာလင်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၂)ရက်။

(၂) ဦးရှာမွေလရှုန်၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၂) ရက်။

(၃) ဦးစိုင်းကျော်သိန်း၊ မူဆယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က





ဖြစ်ပါတယ်။ စုစုပေါင်း ခွင့်ပြုထားသူ (၁၇)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)(၂) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်က သဘောတူပါသည်)**

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြု မှတ်တမ်းတင်ကြောင်းကြေညာပါတယ်။



D/real(wide) (1

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ် အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဖြစ်ပါတယ်။ ယခု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၀)ဦးက မေးမြန်းထားသည့် ကြယ်ပွင့်ပြမေးခွန်းများကို သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ပထမဦးစွာ ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးညီညီ (ခ) ဦးညီလေးချမ်းက ပထမမေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။





ကျန်းမာရေးမကောင်းပါသဖြင့် ခွင့်(၁) ရက်။

(၄) ဦးခွန်သူရအောင်၊ တောင်ကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၅) ဦးစိုင်းခမ်းမြတ်၊ တန့်ယန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၁၂)ဦးရှိပြီး ယနေ့ခွင့်ပန်ကြားသူ(၅)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၁၇)ဦးအား ခွင့်အဖြစ်သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်များ အားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်း အဝေး (တတိယနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၁၄၁)ဦး၊ ယခင်ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၂)ဦးရှိပြီး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၅) ဦး

ကျွန်တော်ကတော့ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ (ခ) ဦးညီလေးချမ်း ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်တင်ပြမှာကတော့ တောင်ကြီးမြို့ မြို့တော်ခန်းမတွင် ၂၀၁၇ခုနှစ် ဇွန်လ (၁၁)ရက်နှင့် (၁၂) ရက်နေ့ များတွင် ရှမ်းပြည်နယ်လွှတ်တော်နှင့် ရှမ်းပြည်နယ်အရပ်ဘက် လူမှုအဖွဲ့အစည်းများအကြား ထိရောက်အောင်မြင်စွာ ပူးပေါင်း ဆောင်ရွက်မှု အခွင့်အလမ်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ကျင်းပပြုလုပ်ပြီးဖြစ်ပါတယ်။ ဒါကြောင့် ရှေ့ဆက်ပြီး ရှမ်းပြည်နယ်လွှတ်တော်၊ ရှမ်းပြည်နယ်အစိုးရ၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက်ဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်းချိတ်ဆက်ပြီး ပြုလုပ်ဖို့လိုအပ်သော နိုင်ငံတော်က ချမှတ်ထားသည့် ပြည်သူနှင့်အတူဆိုတဲ့ ဆောင်ပုဒ်နဲ့ ကိုက်ညီမယ်လို့ယူဆပါတယ်။ ဒါကြောင့် အောက်ပါ မေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ရှမ်းပြည်နယ်လွှတ်တော်နှင့် ရှမ်းပြည်နယ်အရပ် ဘက်ဆိုင်ရာ လူမှုအဖွဲ့အစည်းများအကြား ထိရောက်အောင်မြင်စွာ ပူးပေါင်း ဆောင်ရွက်နိုင်ရန် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အာဏာပိုင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုအဖွဲ့အစည်းများ၊ အပြန်အလှန်ညှိနှိုင်းချိတ်ဆက် အောင်မြင်နိုင်ရန်အတွက် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အာဏာပိုင်များအဆင့်အဆင့်အား





ရန်အတွက် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အာဏာပိုင်များအဆင့် ဆင့်အား ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဝန်ကြီးဌာနအသီးသီး သည် မည်သို့အကြံပေးဆောင်ရွက် လုပ်ဆောင်သင့်ကြောင်း သိရှိလိုခြင်း ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော် လုံခြုံရေး နှင့်နယ်စပ်ရေးရာဝန်ကြီး၊ ဗိုလ်မှူးကြီး နိုင်ဝင်းအောင်မှ ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်း အုပ်ချုပ်ရေး အာဏာပိုင်အဆင့်ဆင့်အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ အာဏာပိုင်များနှင့် ဌာနဆိုင်ရာများအကြား အပြန် အလှန် ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်ရသည့် လုပ်ငန်းများအပြင် ဌာန၏ပင်မလုပ်ငန်းတာဝန်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များ၊ ပြည်ထောင်စုဝန်ကြီးဌာန များမှ ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များနှင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ သီးခြားပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဌာနမှ ကိုင်တွယ်ကျင့်သုံးလျက်ရှိသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များအပြင် မိမိတို့ ပြည်နယ်အစိုးရ အဖွဲ့မှလုပ်ငန်းလိုအပ်ချက်များအပေါ် မူတည်၍ အချိန်နှင့် တစ်ပြေးညီ ညွှန်ကြားချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် လွှတ်တော်ကိုယ်စား လှယ်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများမှ



D/real(wide) (1

ကိုယ်စားလှယ်များအား လုပ်ငန်းလိုအပ်ချက် အပေါ်မူတည်၍ ဌာနဆိုင်ရာ အစည်းအဝေးများတွင် လေ့လာသူများအဖြစ်လည်းကောင်း၊ ပြည်သူများနှင့်ထိတွေ့ ဆက်ဆံရမည့်နေရာများ တွင် ဦးဆောင်သူများအဖြစ်လည်းကောင်း၊ ပညာရေး၊ ကျန်းမာ ရေး၊ ဒေသဖွံ့ဖြိုးရေးစသည့် မြို့နယ်စီမံကိန်းများ ရေးဆွဲရာတွင်လည်း ပြည်သူ့ကိုယ်စားလှယ်များ အဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ ကဏ္ဍအလိုက် လိုအပ်သလို ဖိတ်ကြား၍ အကြံပြုချက်များရ ယူခြင်း၊ အကြံဉာဏ်များရယူခြင်းနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန် ညွှန်ကြားထားရှိပါတယ်။ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈၄ အရ သက်ဆိုင်ရာ မဲဆန္ဒနယ်၌ ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲရာတွင်ဖြစ်စေ၊ လူမှုစီးပွားရေးကဏ္ဍတို့နှင့် စပ်လျဉ်း၍ ပြည်သူများ၏သဘော ဆန္ဒထုတ်ဖော်ရာတွင်ဖြစ်စေ၊လွှတ်တော်ကိုယ်စားလှယ်များအား အလေးထားတိုင်ပင်ဆောင်ရွက်ရန် ပြဋ္ဌာန်းထားရှိပါတယ်။ ကျွန်တော်တို့ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာများအား ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၅၆ (က)၊ (ခ)အရလည်းကောင်း၊ ၂၀၁၀ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၃၁ (က)၊ (ခ)အရလည်းကောင်း၊ စီမံခန့်ခွဲခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းများ ဆောင်ရွက်လျက် ရှိသလို





ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဝန်ကြီးဌာနအသီးသီးသည် မည်သို့အကြံပေးဆောင်ရွက် လုပ်ဆောင်သင့်ကြောင်း အများ ပြည်သူသိရှိနိုင်ရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီး နိုင်ဝင်းအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကျန်းမာရွှင်လန်း ကြပါစေလို့ ဦးစွာပဏာမ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ပင်းတယမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းက မေးမြန်းတဲ့ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ရှမ်းပြည်နယ်လွှတ်တော်နှင့် ရှမ်းပြည်နယ် အရပ်ဘက်လူမှုအဖွဲ့ အစည်းများ၊ နိုင်ငံရေးပါတီများအကြား ထိရောက်အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အာဏာပိုင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ အပြန်အလှန် ညှိနှိုင်းချိတ်ဆက် အောင်မြင်နိုင်

လွှတ်တော် ကိုယ်စားလှယ်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေး ပါတီများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သောကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်သွားရန် ဌာနဆိုင်ရာများသို့ ပြည်နယ်အစိုးရအဖွဲ့မှ ညွှန်ကြားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးညီညီ(ခ)ဦးညီလေးချမ်းက ဒုတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)။** ဒုတိယမေးခွန်းအနေနဲ့ ကျွန်တော်ဆက်လက် တင်ပြသွားမှာကတော့ ရှမ်းပြည်နယ် အတွင်းရှိ မြို့နယ်အသီးသီးတွင်ရှိကြသော နိုင်ငံတော်အစိုးရပိုင် စာသင်ကျောင်း များတွင် KG တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား/ သူဦးရေမည်မျှ ရှိပြီး၊ဆရာ/မ ဦးရေမည်မျှရှိ၍ ဆရာ/မများနှင့် ကျောင်းသား/သူ ဦးရေ အချိုး ညီ/မညီနှင့် မညီပါက ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အချိုးညီရန်အတွက် မည်သို့စီစဉ် ဆောင်ရွက်နေကြောင်းကို အများပြည်သူ သိရှိနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။



D/real(wide) (1



ရှမ်းပြည်နယ်ရဲ့ အခြေခံပညာ ကျောင်းအရေအတွက်ပေါင်းသည် လက်ရှိတွင် (၆၀၉၃)ကျောင်း ဖွင့်လှစ်ထားရှိပြီးဖြစ်ပါကြောင်း၊ ကျောင်းသား/သူစုစုပေါင်း (၈၂၇၇၇၇)ဦး ပညာသင်ကြားလျက်ရှိပြီး၊ ဆရာ/မများခန့်ထားမှု အနေနဲ့ ပြီးခဲ့တဲ့စာသင်နှစ်မှာ (၃၈၇၀၃)ဦး ဖြစ်ပြီး၊ ယခုလက်ရှိ စာသင်နှစ်တွင် (၃၈၂၀၁)ဦးဖြစ်၍ (၅၀၂)ဦး လျော့သွား ပါကြောင်း၊ ရှမ်းပြည်နယ်အတွင်း ဖွင့်လှစ်ထားသော ကိုယ်ပိုင်ကျောင်းများ အနေနဲ့ စုစုပေါင်း ကိုယ်ပိုင်ကျောင်းပေါင်း (၈၄) ကျောင်းရှိပြီး၊ ကျောင်းသား/သူဦးရေ (၁၄၁၃၈)ဦး၊ ဆရာ/မဦးရေ(၈၄၇)ဦးရှိ ပါကြောင်း၊ ရှမ်းပြည်နယ်အတွင်းဖွင့်လှစ်ထားတဲ့ ဘုန်းတော်ကြီးသင် ကျောင်းများအနေနဲ့ စုစုပေါင်း ဘုန်းတော်ကြီးသင် ကျောင်းပေါင်း (၈၆)ကျောင်းရှိပြီး၊ ကျောင်းသား /သူဦးရေ (၁၉၂၈၈)ဦး၊ ဆရာ/မဦးရေ(၈၁၈)ဦး ရှိပါကြောင်း၊ ရှမ်းပြည်နယ်၏ အခြေခံပညာ ကဏ္ဍ ငွေလုံးငွေရင်းရန်ပုံငွေများရရှိမှု အခြေအနေဖြင့် မူလတန်း အဆင့် ကျောင်းသူ/သား (၁)ဦးလျှင် ဗလာစာအုပ် (၆)အုပ်နှုန်း ထောက်ပံ့ဖို့အတွက် ယခုနှစ်တွင် ရန်ပုံငွေ ကျပ်(၄၂၈. ၆၄၆)သန်း ခွင့်ပြုရရှိပြီး၊ ကျောင်းသူ/သား များအား စာအုပ်များဖြန့်ဝေပေးပြီး ဖြစ်ပါတယ်။ ငွေလုံးငွေရင်းတွင် ကျောင်း၊ အဆောက်အဦ၊ ဝန်ထမ်း အိမ်ရာ၊ ရုံးအပါအဝင် စုစုပေါင်း (၂၆၅)ခု ဆောက်လုပ်ရန်အတွက် ရန်ပုံငွေကျပ်(၁၂၇၄၅)သန်း ခွင့်ပြုရရှိပါတယ်။ စာသင်ကျောင်းများ တွင် စာသင်ခန်းတစ်ခန်းလျှင် စာသင်ခုံ (၁၀)ခုံနှုန်းဖြင့် စုစုပေါင်း

ရန်ပုံငွေကျပ်(၄၉၁. ၂၉၄)သန်း ခွင့်ပြုရရှိပြီး ဤငွေလုံးငွေရင်း(၂)ခုကို လမ်းဦးစီးဌာနမှ တင်ဒါခေါ်ယူရွေးချယ်ပြီး မကြာခင်ဆောင်ရွက်မှာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အခြေခံပညာကျောင်းများသို့ ထောက်ပံ့မှုအနေအထားမှာ ပြီးခဲ့သည့်စာသင်နှစ်တွင် အခမဲ့ဗလာစာအုပ် (၂၂၇၉၃)ဒါဇင်နှင့် စာရေးခုံ၊ ထိုင်ခုံ (၄၄၃၅)စုံတို့ကို ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း၊ ရှမ်းပြည်နယ်အတွင်း ဖွင့်လှစ်ထားသော နည်းပညာအထက်တန်းကျောင်းများ အနေဖြင့် (အေးသာယာ၊ ပင်းပက်၊ ပင်လုံ၊ လားရှိုး၊ ကျိုင်းတုံ) စုစုပေါင်းကျောင်း (၅)ကျောင်းတွင် ကျောင်းသား/ သူဦးရေ (၇၃၉)ဦး ရှိပြီး၊ ဆရာ/မ ဦးရေ (၁၇၀)ဦး ရှိပါကြောင်း၊ ရှမ်းပြည်နယ်အတွင်း ဖွင့်လှစ်ထားတဲ့ တက္ကသိုလ်/ ကောလိပ် ကျောင်းများအနေနဲ့ ဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ် (တောင်ကြီး၊ ပင်လုံ၊ လားရှိုး၊ကျိုင်းတုံ) ကျောင်း(၄) ကျောင်း၊ ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး၊ပင်လုံ၊ လားရှိုး၊ ကျိုင်းတုံ) ကျောင်း(၄)ကျောင်း၊ နည်းပညာတက္ကသိုလ် (တောင်ကြီး၊ ပင်လုံ၊ လားရှိုး၊ကျိုင်းတုံ) ကျောင်း(၄)ကျောင်း၊ ဆေးတက္ကသိုလ် (တောင်ကြီး) ကျောင်း(၁) ကျောင်းနှင့်ပညာရေးကောလိပ် (တောင်ကြီး၊ လားရှိုး၊ ကျိုင်းတုံ) ကျောင်း(၃)ကျောင်း၊ စုစုပေါင်း တက္ကသိုလ်/ကောလိပ် (၁၆)ခုရှိပါတယ်။ ကျောင်းသား/ သူဦးရေ (၁၈၂၈၄)ဦးရှိပြီး၊ ဆရာ/မ ဦးရေ (၁၄၇၂)ဦးရှိပါကြောင်း တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်အတွင်း ဖွင့်လှစ်ထားသော သူနာပြု/



D/real(wide) (1



**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းရဲ့ ဆရာ၊ ကျောင်းသားဆိုင်ရာ လွှတ်တော်မေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ကျွန်တော်ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာဖြစ်ပါတယ်။ လွှတ်တော်မေးခွန်းကို မဖြေကြားမီ လွှတ်တော်ကိုယ်စားလှယ်များအားလုံး သိရှိနိုင်ရန်အတွက် ရှမ်းပြည်နယ်ရဲ့ ပညာရေး၊ ကျန်းမာရေးနှင့် အားကစား ကဏ္ဍဆိုင်ရာ အချက်အလက်များကို တင်ပြသွားမှာဖြစ်ပါတယ်။ ခွင့်ပြုပေးဖို့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ လေးစားစွာ တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်အတွင်းမှာ ဖွင့်လှစ်ထားတဲ့ အခြေခံပညာကျောင်းများ အနေနဲ့ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် အ. ထ. က ကျောင်း (၂၂၅)ကျောင်း အပါအဝင်၊ စုစုပေါင်း အခြေခံပညာကျောင်းပေါင်း (၅၉၇၃)ကျောင်းဖွင့်လှစ်ထား ရှိပါကြောင်း၊ ယခုပညာသင်နှစ်တွင် ကျောင်းအဆင့်တိုးအနေနဲ့ အ. ထ. က ကျောင်း (၁၇)ကျောင်း အပါအဝင် ကျောင်းအဆင့်တိုး (၅၃၂)ကျောင်းရရှိပြီးနောက်

သားဖွား သင်တန်းကျောင်းများအနေဖြင့် တောင်ကြီး သူနာပြုသင်တန်း ကျောင်း၊ တောင်ကြီး သားဖွားသင်တန်းကျောင်း၊ လားရှိုး သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၊ ကျိုင်းတုံသူနာပြုနှင့် သားဖွားသင်တန်း ကျောင်း (၄) ကျောင်းရှိပြီး၊ ကျောင်းသား/ သူဦးရေ (၁၀၈၄)ဦး၊ ဆရာ/မဦးရေ (၅၄)ဦး ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာ သိပ္ပံ(တောင်ကြီး)အနေဖြင့် သင်ကြားရေး ဆရာ/မ (၂၁)ဦး၊ အားကစားနည်း (၁၀)မျိုးအတွက် နည်းပြ/ နည်းစနစ်မှူး (၃၁)ဦးနှင့် ကျောင်းသားဦးရေ (၈/၉/၁၀) တန်း စုစုပေါင်း (၂၄၇)ဦးရှိကြောင်းတင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ် အတွင်းရှိ ဆေးရုံများ အနေနဲ့ ခုတင်(၅၀၀)ဆံ့ စဝ်စံထွန်းဆေးရုံနှင့် လားရှိုးဆေးရုံ (၂)ခု အပါအဝင် ဆေးရုံပေါင်း (၁၆၆)ရုံရှိပါတယ်။ ကျေးလက်ကျန်းမာရေးဌာန(၁၉၂)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ (၈၆၀)ခု၊ ဒေသန္တရ ကျန်းမာရေးဌာန (၃)ခု၊ ကျောင်းကျန်းမာ ရေးဌာန(၆)ခု၊ မိခင်နှင့် ကလေးကျန်းမာရေး ဌာန(၅၁)ခုနှင့် နယ်စပ်ဒေသ ဆေးခန်း(၂၈)ခုဖြင့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်းမာရေးဝန်ထမ်း များခန့်ထားမှုအနေနဲ့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် ဆရာဝန် (၈၉၇)ဦးခွင့်ပြုထားပြီး (၉၁)ဦးသာခန့်ထားပါကြောင်း၊ ကုသရေး ဦးစီးဌာနတွင် ဆရာဝန် (၁၃၅၇)ဦးခွင့်ပြုထားပြီး (၆၀၄)ဦးသာ ခန့်ထားသဖြင့် ဆရာဝန်(၃၀) ရာခိုင်နှုန်းသာ ခန့်ထားနိုင်ကြောင်း၊



D/real(wide) (1



ဝယ်ယူဖြည့်တင်းရေးအတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အနေဖြင့် ရန်ပုံငွေခွဲဝေရရှိမှုမရှိသေးပါ။ ယခုလက်ရှိအနေနဲ့ ရန်ပုံ ငွေခွဲဝေပေးပြီးဖြစ်ရာ ကျပ်သန်းပေါင်း (၂၄၀၀)ကျော်ခွဲဝေရရှိပါ ကြောင်း၊ အဆောက်အဦအနေနဲ့ ကုသရေးဦးစီးဌာနမှ ရန်ပုံငွေ ကျပ် (၁၂၇၇၁. ၈၂၀)သန်းရရှိပြီး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန မှ ရန်ပုံငွေ ကျပ်(၅၆၀၉)သန်း ခွဲဝေရရှိပါကြောင်း တင်ပြအပ်ပါ တယ်။ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနအနေဖြင့် ရှမ်းပြည်နယ်တစ်ခုလုံး တွင် ပြည်နယ်ရုံး(၁)ရုံး၊ ခရိုင်ရုံး (၁၂)ရုံး၊ မြို့နယ်ရုံး (၄၂)ရုံး၊ မြို့ရုံး(၁)ရုံး၊ စုစုပေါင်း(၅၆)ရုံး ဖွင့်လှစ်ထားရှိပြီး၊ ဦးစီးဌာနမရှိသော ခရိုင်မှာ မက်မန်း ခရိုင်ဖြစ်၍ ကွန်ဟိန်း၊ ကျေးသီး၊ မိုင်းကိုင်၊ ကုန်းကြမ်း၊ မန်တုံ၊ မိုင်းမော၊ ပန်ဝိုင်၊ မက်မန်း၊ နားဖန်း၊ ပန်ဆန်း၊ မိုင်းလား၊ မိုင်းယောင်း စသည့် မြို့နယ်များတွင်အား/ ကာရုံးဖွင့်လှစ်ထားရှိမှုမရှိပါကြောင်း၊ ဝန်ထမ်းများခန့်ထားမှုအနေနဲ့ အရာထမ်း (၈၆)ဦး ခွင့်ပြုထားပြီး၊ (၃၁)ဦးသာ ခန့်ထားပါကြောင်း၊ အမှုထမ်း (၃၅၃)ဦးခွင့်ပြုထားပြီး၊ (၁၂၅)ဦးသာ ခန့်ထားသဖြင့် (၃၀)ရာခိုင်နှုန်းခန့်သာ ခွင့်ပြု/ခန့် ထားနိုင်ပါကြောင်း၊ ရှမ်းပြည်နယ်၏ အားကစားကွင်း/ အားကစားရုံများအနေဖြင့် ပြေးလမ်းပါဘောလုံး ကွင်း (၂၄)ကွင်း၊ ပြေးလမ်းမပါ ဘောလုံးကွင်း (၃၆)ကွင်း၊ တင်းနစ်ကွင်း (၁၂)ကွင်း၊ မိုးလုံလေလုံ အားကစားရုံ (၁၄)ရုံ၊ ကြက်တောင်ရုံ (၂)ရုံနှင့် အလေးမ/ ကာယ ဗလရုံ(၃)ရုံ၊ စုစုပေါင်း ဘောလုံးကွင်း/ရုံ (၉၁)ခု ရှိပါကြောင်း၊ အားကစား

ပြိုင်ပွဲများ ကျင်းပနိုင်မှုအနေဖြင့် ပြီးခဲ့သည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်(၃၄)မြို့နယ်၌ အားကစားနည်း (၁၅)နည်းကို (၁၃၃)ကြိမ် ကျင်းပနိုင်ခဲ့ပြီး၊ အားကစားသမားပေါင်း (၃၂၄၈၀)ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ်အနေဖြင့် မြို့နယ် (၂၇)မြို့နယ်၌ အားကစားနည်း (၁၀)နည်းကို (၄၇)ကြိမ် ကျင်းပနိုင်ခဲ့ပြီး၊ အားကစားသမားပေါင်း (၁၁၄၈၉)ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပါကြောင်း၊ Township Sports Development Programme ကျင်းပနိုင်မှုအနေနဲ့ပြီးခဲ့တဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဖယ်ခုံ၊ လဲချား၊ လင်းခေး၊ မိုင်းတုံ၊ နမ့်တူစသည့် မြို့နယ်(၉) မြို့နယ်တွင် အားကစားနည်း(၁၀)နည်း၊ အားကစားသမား ပေါင်း (၉၇၅၆)ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး၊ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပထမ (၆)လပတ် အနေနဲ့ မိုင်းနောင်၊ နမ့်စန်၊ မိုင်းဆတ်၊ မိုင်းယန်းစသည့် မြို့နယ်(၅) မြို့နယ်တွင် အားကစားနည်း (၈)နည်းဖြင့် အားကစားသမားပေါင်း (၂၆၇၆)ဦးပါဝင်ယှဉ်ပြိုင်ခဲ့ပါကြောင်း၊ လာမည့် ဒုတိယ(၆)လ ပတ်အတွက် ရှမ်း(ရှေ့)တွင် တာချီလိတ်မြို့၊ ရှမ်း(မြောက်)တွင် ကျောက်မဲမြို့နှင့် ရှမ်း(တောင်)တွင် တောင်ကြီးမြို့တို့၌ ကျင်းပရန် လျာထားပါကြောင်း တစ်ဆက်တည်း တင်ပြအပ်ပါတယ်။ တိုင်းရင်းဆေးပညာဦးစီးဌာန ဖွင့်လှစ်ထားရှိမှု အနေနဲ့ တိုင်းရင်း ဆေးရုံ(၃)ခု ရှိပါတယ်။ အေးသာယာခုတင်(၅၀)ဆံ့ တိုင်းရင်းဆေးရုံ၊ကျိုင်းတုံ (၂၅)ခုတင်ဆံ့ တိုင်းရင်းဆေးရုံနှင့် ကျေးသီး (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံတို့ဖြစ်ပြီး တိုင်းရင်းဆေးရုံ(၃)ခုရှိ



D/real(wide) (1



ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် သွားဘက်ဆိုင်ရာဆရာဝန် (၁၄၇)ဦး ခွင့်ပြုထားပြီး(၂၆)ဦးသာ ခန့်ထားနိုင်ပါကြောင်း၊ ကုသရေးဦးစီးဌာနတွင် သွားဘက်ဆိုင်ရာ ဆရာဝန် (၇၇)ဦးခွင့်ပြုထားပြီး(၆၃)ဦးသာ ခန့်ထားနိုင်သဖြင့် (၃၉)ရာခိုင်နှုန်းသာ ခန့်ထားနိုင်ကြောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီး ဌာနတွင် သူနာပြု (၆၇၅)ဦး ခွင့်ပြုထားပြီး (၁၄၀)ဦးသာခန့်ထားကြောင်း၊ ကုသရေးဦးစီးဌာနတွင် သူနာပြု (၃၅၃၀)ဦး ခွင့်ပြုထားပြီး (၂၁၄၆)ဦးခန့်ထားနိုင်သဖြင့် (၅၄)ရာခိုင်နှုန်း ခန့်ထားနိုင်ကြောင်း၊ ကျန်းမာရေးမှူး (၂၂၉)ဦး၊ အမျိုးသမီး ကျန်းမာရေး ဆရာမ (၂၁၉)ဦး၊ သားဖွားဆရာမ (၁၅၃၇) ဦးနှင့် ဆေးဘက်ကျွမ်းကျင် (၅၄၁)ဦး တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ ကျန်းမာရေးဆိုင်ရာ အညွှန်းကိန်းများအနေဖြင့် ဆရာဝန်နှင့် လူဦးရေအချိုး (၁း၇၂၈၉)၊ ဆေးရုံခုတင်နှင့် လူဦးရေအချိုး (၁း၁၁၅၁)၊ သူနာပြုနှင့် လူဦးရေအချိုး (၁း၂၂၁၆)၊ သားဖွားဆရာမနှင့် လူဦးရေအချိုး (၁း၃၂၉၆)၊ ကျေးလက် ကျန်းမာရေးဌာနနှင့် လူဦးရေအချိုး (၁း၂၆၃၈၆)နှင့် ကျေးလက် ကျန်းမာရေးဌာနခွဲနှင့် လူဦးရေအချိုး (၁း၅၈၉၁)တို့ဖြစ်ပါတယ်။ မွေးမိခင်သေနှုန်း (၁၀၀၀)လျှင် (၁. ၁၉) နှုန်း၊ (၁)နှစ်အောက် သေနှုန်း (၁၀၀၀)လျှင် (၁၂. ၇၄)နှုန်း၊ (၅)နှစ် အောက် သေနှုန်း (၁၀၀၀)လျှင် (၁၅. ၃၁)နှုန်းရှိပါကြောင်း၊ ငွေလုံးငွေရင်းရန်ပုံငွေ ရရှိမှုအနေနဲ့ ကုသရေးဦးစီးဌာန၌ ဆေးဝါးဝယ်ယူ ဖြည့်တင်း ရေးအတွက် ရန်ပုံငွေကျပ် (၃၈၇၆. ၁၂) သန်းရရှိပြီး၊ ဆေးဝါး

ပါကြောင်း၊ ကျိုင်းတုံနှင့်ကျေးသီး တိုင်းရင်းဆေးရုံတို့မှာ ဖွဲ့စည်းပုံကျပြီး ဝန်ထမ်းခန့်ထားနိုင်ခြင်းမရှိ သေးပါကြောင်း၊ တိုင်းရင်းဆေးကုဌာနမှာ ယခင်နှစ်က (၂၀) ဌာနရှိပြီး၊ ယခုနှစ် (၁၉) ဌာနသာ ကျန်ရှိရခြင်းမှာ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလမှစတင်၍ ညောင်ရွှေတိုင်းရင်းဆေးကုနေရာအား စဝ်စံထွန်း စာကြည့်တိုက် ဖွင့်လှစ်ရန်ပြန်လည် ပေးအပ်ခဲ့ရသဖြင့် လက်ရှိညောင်ရွှေဌာန(၁)ခု လျော့သွားခြင်း ဖြစ်ပါကြောင်း၊ ဝန်ထမ်းအင်အား(၁၁၂)ဦး၊ ဌာနတွင်းကုသ လူနာဦးရေ (၂၁၀၉၅)ဦး၊ ကွင်းဆင်းကုသသည့် အကြိမ်ရေ(၂၂၁) ကြိမ်တွင် လူနာပေါင်း (၁၀၇၇၄)ဦးအား အခမဲ့ကုသပေး နိုင်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ တောင်ကြီးမြို့ CB Bank တွင် " Shan State Government Education Foundation " ဆိုသည့် ဘဏ်စာရင်းတစ်ခု ဖွင့်လှစ်ထားပြီး ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၁၅)ရက် နေ့မှစတင်၍ ကျောင်းသား/သူများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်လျက်ရှိပါတယ်။ ယနေ့အချိန်အထိ (၅)ကြိမ် ထောက်ပံ့ပေးပြီးဖြစ်ရာ ထောက်ပံ့ကြေးငွေကျပ် (၁၈၉. ၅၀) သိန်းဖြစ်ပြီး၊ လက်ရှိရန်ပုံငွေလက်ကျန်စာရင်းမှာ (၁၅၅,၈၀၄,၃၉၈) ကျပ်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ကျွန်တော် လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးခွန်းကိုဖြေပါ့မယ်။



D/real(wide) (1



**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းထွန်းညဏ်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းညဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများအားလုံး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ် ၏ချမ်းသာခြင်းများနဲ့ ပြည့်စုံကြပါစေကြောင်းလို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းညဏ်ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမည့် ကြယ်ပွင့်ပြ မေးခွန်းကတော့ ရှမ်းပြည်နယ်အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ SME ကို ပံ့ပိုးကူညီရေးနှင့် ပတ်သက်ပြီး နိုင်ငံတော် အစိုးရအနေနဲ့ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်နေသည်ကို သိလိုတဲ့မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရအနေဖြင့် SME စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်နိုင်မည်ဟု သတ်မှတ်ပြီး၊ တစ်နိုင်ငံလုံးလွှမ်းခြုံနိုင်သော SME စီးပွားရေးလုပ်ငန်းများ ပံ့ပိုးကူညီရန် ကြိုးစားဆောင်ရွက်နေသည်ကိုတွေ့ရပါတယ်။ SME စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန် အခြားသော တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများလည်း အလေးထားပံ့ပိုး

ကူညီနေသည်ကို တွေ့ရပါတယ်။ ဥပမာ- ရန်ကုန်တိုင်းဒေကြီးအစိုးရတွင် SME Centre တည်ထောင်ပြီးပိုမိုထိရောက်အောင်ဆောင်ရွက်နေသည်ကို လေ့လာတွေ့ရှိရပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရမှ ဦးဆောင်၍ ဘဏ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပြီး SME စီးပွားရေးလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းများ မည်ကဲ့သို့ လျှော့ချ ဆောင်ရွက်နိုင်သည်ကို ဆွေးနွေးခဲ့သည့်အနေအထားလည်းတွေ့ရပါတယ်။ ဒါ့အပြင် SME စီးပွားရေးလုပ်ငန်းများ ကနဦးစာရင်းဇယားများ မြို့နယ်အလိုက်ကောက်ယူနေတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်အနေဖြင့် လူဦးရေအသင့်အတင့်သာ ထူထပ်သောကြောင့် SME စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ပံ့ပိုးပေးရန် အထူးလိုအပ်လျက်ရှိနေသည်ကိုတွေ့ရပါတယ်။ လက်ရှိရှမ်းပြည်နယ်အစိုးရ၏ ရှမ်းပြည်နယ်ရည်မှန်းချက်တွင် အလုပ်အကိုင်၊ အခွင့်အလမ်းမြင့်မားသော စီးပွားရေးလုပ်ငန်းများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီရန်ဟုပါရှိသည်နှင့်အညီ လက်တွေ့တွင် ရှမ်းပြည်နယ်ရှိ SME စီးပွားရေးလုပ်ငန်းများကို အတိအကျပံ့ပိုးကူညီခဲ့တာကိုလေ့လာတဲ့အချိန်မှာများစွာအားနည်းချက်ရှိနေတာကိုတွေ့ရှိရပါတယ်။ ထို့ကြောင့် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား ရှမ်းပြည်နယ် SME စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက်



D/real(wide) (1



ရှမ်းပြည်နယ်အတွင်း မြို့နယ်အသီးသီးရှိ အခြေခံပညာကျောင်းများတွင် သင်ကြားနေသော မူလတန်းကျောင်းသား /သူ (၅၂၇၉၂၂) ဦး၊ အလယ်တန်းအဆင့် ကျောင်းသား/သူ (၂၃၁ ၄၅၁)ဦး၊ အထက်တန်းအဆင့် ကျောင်းသား/သူ (၆၈၄၀၄)ဦး၊ စုစုပေါင်း ကျောင်းသား/သူ (၈၂၇၇၇၇)ဦး ရှိပါတယ်။ ဆရာ/မ ဦးရေမှာ မူလတန်းဆင့်သင် ဆရာ/မ (၂၇၆၈၁)ဦး၊ အလယ်တန်းအဆင့်သင် (၇၀၉၈)ဦး၊ အထက်တန်းအဆင့် (၂၉၈၄)ဦး၊ စုစုပေါင်း စာပေသင်ကြားပေးနေသော ဆရာ/မ (၃၇၇၆၃)ဦးရှိပါတယ်။ ဆရာကျောင်းသားအချိုးမှာ မူလတန်း (၁း၁၉)၊ အလယ်တန်း (၁း၃၃)ရှိပြီး၊ အထက်တန်းအဆင့်မှာ (၁း၂၃)ရှိပါတယ်။ အခြေခံ ပညာဦးစီးဌာန၏ ဆရာ၊ကျောင်းသား စံသတ်မှတ်အချိုးမှာ မူလတန်းအဆင့် အနိမ့်ဆုံး (၁း၃၂)၊ အမြင့်ဆုံး (၁း၄၅)၊ အလယ်တန်းအဆင့် အနိမ့်ဆုံး (၁း၂၂)၊ အမြင့်ဆုံး(၁း၃၄)၊ အထက်တန်းအဆင့် အနိမ့်ဆုံး(၁း၂၀)၊ အမြင့်ဆုံး (၁း၃၀) ဖြစ်ပါ တယ်။ ဌာန၏စံသတ်မှတ်ချက်အရ ရှမ်းပြည်နယ်၏ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့်ကျောင်းသား၊ ဆရာအချိုးမှာ သင့်တော် ကောင်းမွန်မှုရှိပါတယ်။ရှမ်းပြည်နယ်အတွင်း ကျောင်းသား၊ ဆရာအချိုး ပိုမိုကောင်းမွန်လာစေရန် အထက်တန်းပြ လစ်လပ်ဦးရေ(၈၇၂)ဦး၊ အလယ်တန်းပြ လစ်လပ် ဦးရေ (၁၉၀၇)ဦး၊ မူလတန်းပြ လစ်လပ်ဦးရေ (၄၃၈၃)ဦး ဖြည့်စွက်ခန့်ထားနိုင်ရေးအတွက် အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

မည်ကဲ့သို့ စီစဉ်ဆောင်ရွက်နေသည်ကို သိလိုကြောင်း ကြယ်ပွင့်ပြ မေးခွန်း မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး (ကိုယ်စား) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** လေးစားအပ်တဲ့ ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၊ ဦးစိုင်းထွန်းညဏ်ရဲ့ မေးခွန်းကို ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်၊ ကျွန်တော် ဒေါက်တာညီညီအောင်ကနေ ပြန်လည်ဖြေကြားပေးမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ အဓိက လိုအပ်လျက်ရှိသော ငွေကြေး အရင်းအနှီးရရှိစေရေးအတွက် အပေါင်ပစ္စည်းမဲ့အဖြစ် ချေးယူနိုင်ရန် CGI (Credit Guarantee Insurance) စနစ်ကို အသုံးပြု၍ CB Bank မှ ချေးငွေ ထုတ်ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနလက်အောက်ရှိSMEလုပ်ငန်းရှင်ဖြစ်ကြောင်း ထောက်ခံစာနှင့် SME အသင်းဝင်ကဒ်များအား





ငွေကြေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် SME လုပ်ငန်းများတွင် ပါဝင်သော အစိမ်းရောင်စီးပွားရေးကို အထောက်အကူပြုသည့် သင်တန်းများနှင့်ကျေးရွာတစ်ရွာ၊ ထုတ်ကုန်တစ်မျိုးအသွင် တန်ဖိုးမြင့် ထုတ်ကုန်အမယ်သစ်များ ပေါ်ထွက်လာစေရေး၊ ပြည်ပသွင်းကုန်အစားထိုး ထုတ်ကုန်ပစ္စည်းများ ထွက်ပေါ်လာစေရေးတို့အတွက် ဒေသခံပြည်သူများအလုပ်အကိုင်၊ အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားစေရန်၊ တစ်ပိုင်တစ်နိုင်လုပ်ငန်းရှင်များ ထွက်ပေါ်လာစေရန် ရည်ရွယ်၍ ရှမ်းပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန စတင်ဖွင့်လှစ်သည့် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်၍ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လကုန်အထိ ပြည်နယ်အတွင်း အသက်မွေးဝမ်းကျောင်းသင်တန်းများ (၈၀)ကြိမ် ဖွင့်လှစ်ပြီး သင်တန်းသား/သူ (၁၈၀၀)ဦး မွေးထုတ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ သင်တန်းအမျိုးအစားတွေကတော့-

(က) တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှုသင်တန်း (၃၃)ကြိမ် (၇၉၉)ဦး၊

(ခ) လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှုသင်တန်း (၈)ကြိမ် (၁၈၁)ဦး၊

(ဂ) ဝါးအခြေခံလက်မှုထည်သင်တန်း (၈)ကြိမ် (၁၈၅)ဦး၊

(ဃ) အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်နည်း သင်တန်း

(၁၈)ကြိမ် (၃၈၄)ဦး၊

(င) သဘာဝဆိုးဆေးသင်တန်း (၃)ကြိမ် (၆၂)ဦး၊

(စ) အထည်ပန်းပုံရိုက်နှင့် ဆေးရေးပန်းချီသင်တန်း (၅)ကြိမ် (၇၈)ဦး၊

(ဆ) အခြေခံစက်ချုပ်သင်တန်း (၅)ကြိမ် (၁၁၁)ဦး တို့ဖြင့်စုစုပေါင်း(၈၀)ကြိမ်၊ (၁၈၀၀)ဦးအား မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။

သင်တန်းဆင်း သင်တန်းသားများ၏ ထုတ်ကုန်များအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊တောင်ကြီးမြို့တွင် ကျင်းပပြုလုပ်သော ထိုင်း - မြန်မာ၊ ဂျပန်- မြန်မာချစ်ကြည်ရေး ကုန်စည်ပြပွဲများတွင် ဝင်ရောက် ပြသနိုင်ခဲ့ပြီး အဆိုပါသင်တန်းသားများမှ တစ်ပိုင်တစ်နိုင် အသေးစားစက်မှု လက်မှုလုပ်ငန်းရှင်များအပါအဝင် ယခုအထိ ရှမ်းပြည်နယ်အသေးစား စက်မှုလက်မှု လုပ်ငန်းမှတ်ပုံတင်ဦးရေ (၄၈၈)ဦး လုပ်ငန်းဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်းအလိုက် မှတ်ပုံတင် အမျိုးအစားများမှာ စားသောက်ကုန်လုပ်ငန်း (၁၀၄)ဦး၊ လူသုံးကုန်နှင့်အလှကုန်လုပ်ငန်း (၁၉)ဦး၊ ဝတ်ဆင်ရေးဆိုင်ရာ လုပ်ငန်းများ (၂၈)ဦး၊ အထွေထွေစက်မှုလုပ်ငန်း (၃၀၆)ဦး၊ နေထိုင်ရေးလုပ်ငန်း(၁၂)ဦး၊ ပုံနှိပ်လုပ်ငန်း (၈)ဦး၊ ဓာတ်သတ္တု လုပ်ငန်း(၂)ဦး၊ စက်နှင့်စက်ပစ္စည်းလုပ်ငန်း(၄)ဦး၊ သယ်ယူပို့ ဆောင်ရေးလုပ်ငန်း(၃)ဦးနှင့် လျှပ်စစ်လုပ်ငန်း(၂)ဦးတို့ ဖြစ်ပါတယ်။ ဖော်ပြပါ စားသောက်ကုန်လုပ်ငန်း၊ လူသုံးကုန်နှင့် အလှကုန်



D/real(wide) (1



ဆောလျင်စွာ ထုတ်ပေးလျက်ရှိရာ ယနေ့အချိန်အထိ အသင်းဝင် ကဒ်ပေါင်း (၁၀၁၃)ကဒ်နှင့် ထောက်ခံစာ(၁၂၃)ဦးကို ထုတ်ပေး ပြီးဖြစ်ပါတယ်။ အဆိုပါထောက်ခံစာရရှိပြီး အချက်အလက် ပြည့်စုံစွာဖြင့် CB Bank သို့ ချေးငွေရရှိရေး တင်ပြလျှောက်ထားသည့် လုပ်ငန်းရှင်(၂၆)ဦးအနက် CB Bank မှ ကွင်းဆင်းစစ်ဆေးပြီး အလားအလာရှိသော လုပ်ငန်းရှင်(၁၇)ဦး အားချေးပေးနိုင်ရေး အတွက် မြန်မာ့အာမခံ လုပ်ငန်းသို့ အာမခံပေးပါရန် တင်ပြထားရာ အာမခံလုပ်ငန်း၏ ထောက်ခံချက်နှင့်အတူ CB Bank မှ (၁၀. ၈. ၂၀၁၇)ရက်နေ့တွင် အဆိုပါလုပ်ငန်းရှင် (၁၀)ဦးအား ချေးငွေထုတ်ပေးသွားမည်ဖြစ်ကြောင်း ဘဏ်နှင့်ချိတ်ဆက်၍ သိရှိရပါတယ်။ ရှမ်းပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနသည် SME ကဏ္ဍ၏အခြေခံလုပ်ငန်းများဖြစ်သော တစ်ပိုင်တစ်နိုင် MSME အသေးစား စက်မှုလက်မှုလုပ်ငန်းများကို အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေးဥပဒေနှင့်အညီ မိသားစုဝင် များဖြင့်သော်လည်းကောင်း၊ အလုပ်သမားငှားရမ်း၍သော်လည်း ကောင်း၊ စုပေါင်း၍သော်လည်းကောင်း၊ ကုန်ပစ္စည်းထုတ်လုပ်သော၊ ပြုပြင်မွမ်းမံသော မြင်းကောင်ရေ (၅)ကောင်အားနှင့်အောက် အသုံး ပြု၍ အလုပ်သမား(၉)ဦးနှင့်အောက်ရှိသော စက်မှုလုပ်ငန်းများနှင့် အလုပ်သမား(၃)ဦးနှင့်အထက်ရှိသော လက်မှုလုပ်ငန်းများကို မှတ်ပုံတင်ပေးခြင်း၊ နည်းပညာအကြံပေးခြင်း၊ နည်းပညာလွှဲ ပြောင်းပေးခြင်း၊ ရင်းနှီးချေးငွေရရှိရေးအတွက် အသေးစား

လုပ်ငန်းများကို ဦးစီးဌာန၏ သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီသော ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုဆောင်ရွက်ပြီးမှသာ မှတ်ပုံတင်ခွင့်ပေးခဲ့ခြင်းဖြစ်ပါတယ်။ ထို့ပြင် ရှမ်းပြည်နယ်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအောက်ရှိ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း (တောင်ကြီးမြို့နှင့် ကျောက်မဲမြို့)တို့မှ နှစ်စဉ်ပုံမှန် ရက်ကန်းသင်တန်းများဖြစ်သော ချည်မျှင်နှင့်အထည်အလိပ် ကျွမ်းကျင်သူ(၁)နှစ် သင်တန်းနှင့် လက်ရက်ကန်း(၆)လ သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး သင်တန်းဆင်း သင်တန်းသားများအား သင်တန်းပြီးဆုံးသည်နှင့် တစ်ပြိုင်နက် အလုပ်အကိုင်ရရှိရန် နိုင်ငံပိုင်စက်ရုံများတွင် လည်းကောင်း၊ ပုဂ္ဂလိကစက်ရုံများတွင်လည်းကောင်း ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းကိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလုံက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလုံ၊ မိုင်းကိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေးသို့ တက်ရောက်လာကြသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊





ပိုမိုနီးကပ်စွာဆက်သွယ်နိုင်သည့်အပြင် တောင်ပေါ်တိုင်းရင်းသားများ၏ ဒေသအဓိကထွက်ကုန်ဖြစ်သော လက်ဖက်ခြောက်လုပ်ငန်းကိုလည်း ပိုမိုတွင်ကျယ်စွာ ထုတ်လုပ်ရောင်းချနိုင်မည်ဖြစ်ပါတယ်။ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် ပညာရေးများတွင်လည်း တောင်ပေါ်တိုင်းရင်းသားများအတွက်များစွာ အထောက်အကူဖြစ်စေသောကြောင့် အကျိုးကျေးဇူးဖြစ်ထွန်းစေမည်ဖြစ်ပါတယ်။ တောင်ပေါ်ဒေသတွင်ဘိန်းစိုက်ပျိုးခြင်းအတွက်လမ်းပန်းဆက်သွယ်ရေးအထူးကောင်းမွန်ရန် မလိုအပ်ပါ။ လူသွားလာရုံ လမ်းအဖြစ်သာလုံလောက်ပါတယ်။ ယခုအခါ ဘိန်းအစားထိုး သီးနှံစိုက်ပျိုးရန်နိုင်ငံတော်မှတွန်းအားပေးနေသကဲ့သို့ ထွက်လာသော သီးနှံများသယ်ယူပို့ဆောင်ရန်တောင်ပေါ်ဒေသလမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကိစ္စသည်လည်း အထူးအရေးပါသဖြင့် ထည့်သွင်းစဉ်းစားပေးပါရန် တင်ပြအပ်ပါတယ်။ ထို့ကြောင့် ၎င်းလမ်းကို လက်ရှိမြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် အဆင့်တိုးမြှင့်ခင်းပေးနိုင်ခြင်း ရှိ/ မရှိနှင့်မည်သည့် အချိန်ကာလတွင် ဆောင်ရွက်ခွင့်ချပေးမည်ဖြစ်ကြောင်း သိလိုသဖြင့် ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။



D/real(wide) (1

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်း နှင့်ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင်၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး တာဝန်ယူထားတဲ့ ဦးစိုင်းလုံကျော် ဖြစ်ပါတယ်။ မိုင်းကိုင် မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံ မေးမြန်းတဲ့ မိုင်းကိုင် မြို့နယ်၊ ဝမ်ဖွီးကျေးရွာအုပ်စုနှင့် ခေးအုံအွေ့ကျေးရွာအုပ်စုသို့ ဆက်သွယ်ထားသော မြေသား လမ်းမှာ မိုးရာသီတွင် သွားလာရေးခက်ခဲသောကြောင့် မြေသား လမ်းမှ ကျောက်ချောလမ်းအဖြစ်သို့ အဆင့်တိုးမြှင့် ခင်းပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ခင်းပေးနိုင် မည်ဖြစ်ကြောင်း သိလိုသည်နှင့်ပတ်သက်ပြီး အဆိုပါလမ်းသည် လက်ရှိမြေပြင်အခြေအနေတွင် အရှည် (၁၂/၀)မိုင် ရှည်လျား၍ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နိုင်မည် ဆိုပါက ကျေးရွာ(၁၇)ရွာ၊ အိမ်ခြေ(၆၅၃)အိမ်၊ လူဦးရေ (၃၃၁၆)ဦးအား အကျိုးပြုနိုင်မည်ဖြစ်ပါတယ်။ အဆိုပါ လမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် ကျေးလက်လမ်းတံတား (၁၅)နှစ် စီမံကိန်း၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပြီး ဖြစ်ပါကြောင်း ပြန်လည်





လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းကိုင်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံ ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ကျေးရွာချင်းဆက် ကျောက်ချောလမ်းအတွက် ကြယ်ပွင့်ပြမေးခွန်းဖြစ်ပါတယ်။ မိုင်းကိုင်မြို့နယ်မြောက်ဘက်၊ ဝမ်ဖွီးရွာမှ တောင်ပေါ်ဒေသကျေးရွာ အုပ်စုကြီးများဖြစ်သော ခေးအုံအွေ့၊ နောင်ဆံပူး၊ ဖာခေါင်မှတစ်ဆင့် ၎င်းတောင်တန်းကြီး၏တစ်ဖက်ရှိ နားဟွယ်ကျေးရွာအုပ်စု၊ ဝမ်ဟတ် ကျေးရွာအုပ်စု၊ ပန်ဆတ်ကျေးရွာအုပ်စုသို့ ပေါက်ရောက်သော ကျေးရွာချင်းဆက်လမ်းကိစ္စဖြစ်ပါတယ်။ မိုင်းကိုင်မြို့မှ ဝမ်ဖွီးကျေးရွာ အထိ နိုင်ငံတော်မှ ကတ္တရာလမ်း(၄)မိုင် ခင်းပေးပြီးဖြစ်ပါတယ်။ ကျန်ရှိသော တောင်တက်လမ်းများမှာ မြေသားလမ်းသာ ရှိနေပါ သေးတယ်။ အဆိုပါလမ်းများသည် မိုးရာသီတွင် သွားလာရသည် မှာ ပြည်သူများအတွက် များစွာအခက်အခဲရှိနေပါတယ်။ မြို့နယ် စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှလည်း ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် တွင် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများတွင် အဆိုပြုတင်ပြထားပြီးဖြစ်ပါတယ်။ ထို့ကြောင့် ၎င်းလမ်းကို တင်ပြ ထားပြီးဖြစ်သည့်အတိုင်း သင့်တော်သော ရန်ပုံငွေဖြင့် ဆောင်ရွက် ပေးမည်ဆိုပါက မိုင်းကိုင်မြို့နယ်၊ ဆင်တောင်တန်းကြီးပေါ်ရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနေထိုင်ရာ ကျေးရွာများနှင့်

ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါ်နန်းခင်ထားရီက မေးခွန်းမေးမြန်းဖို့ဖြစ်ပါ တယ်။

**ဒေါ်နန်းခင်ထားရီ ၊ သိန္နီမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)။** ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ၊ ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်ရှင်။ ကျွန်မကတော့ သိန္နီမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ်ဒေါ်နန်းခင်ထားရီ ဖြစ်ပါတယ်ရှင်။ ကျွန်မမေးမြန်းလိုတာကတော့ သိန္နီမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၅ အရ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးခရိုင်၊ သိန္နီမြို့နယ်၊ အားကစားနှင့် ကာယပညာဦးစီးဌာနရုံး တွင် ဝန်ထမ်းများ လစ်လပ်လျက်ရှိပါတယ်။ **“ ယနေ့ လူငယ် နောင်ဝယ်လူကြီး ”** ဆိုသကဲ့သို့ နိုင်ငံတော်၏ အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးသည် ယနေ့လူငယ်များ၏ လက်ဝယ်တွင် အဓိက မှီခိုအားထားရမည်ဖြစ်ပေသည်။ လေးစားရပါသော





ခန့်ထားပေးရန်အစီအစဉ်ရှိ/မရှိ၊ ရှိသည်ဆိုပါက မည်သည့် အချိန်တွင် ခန့်ထားပေးမည်နည်း။ မရှိပါက အဘယ်ကြောင့်နည်း။

(ခ) အားကစား ရန်ပုံငွေကို နိုင်ငံတော်မှ တစ်နှစ်လျှင် ကျပ်သိန်း(၃၀)ချထားပေးကြောင်း သိရှိရပါတယ်။ ဒါပေမဲ့ မနေ့က လူမှုရေးဝန်ကြီးဖြေကြားရာ၌ ကျပ်သိန်း(၃၀)သာမက ဒုတိယ(၆)လပတ်တွင် နောက်ထပ် ကျပ်သိန်း(၂၀)ထပ်မံချထားပေး ကြောင်းကိုလည်း သိရှိရပါတယ်။ ထို့ကြောင့် ၎င်း ကျပ်သိန်း(၃၀)ကိုခရိုင်အားကာမှူးမှ ထိန်းသိမ်း ထားပြီး မြို့နယ်လိုအပ်ချက်ရှိပါက ခရိုင်မှူးထံ အစီရင်ခံစာနဲ့ တောင်းခံနေရပါတယ်။သို့ဖြစ်ပါ၍ ၎င်းရန်ပုံငွေများကို မြို့နယ်အား/ကာမှူးများအား တိုက်ရိုက် ကိုင်တွယ်ခွင့်ပြုရန် အစီအစဉ် ရှိ/ မရှိ နှင့် မရှိပါကအဘယ်ကြောင့်နည်း။ ရှိပါက မည်သည့်အချိန်တွင် စတင်ခွင့်ပြုမည်နည်း။

(ဂ) ဘောလုံးကွင်း ပြင်ဆင်ထိန်းသိမ်းစရိတ်ကိုလည်း သီးသန့်ရန်ပုံငွေ ချပေးရန် အစီအစဉ် ရှိ/ မရှိ၊ မရှိပါက အဘယ်ကြောင့်နည်း။ ရှိပါကမည်သည့် အချိန်တွင် ခွဲဝေချထားမည်နည်း။

စသည့်မေးခွန်းများကို သိရှိလိုပါသဖြင့် လွှတ်တော်

ဥက္ကဋ္ဌကြီးမှတစ်ဆင့် သိန္နီမြို့နေပြည်သူများကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီရဲ့ အားကစားကဏ္ဍဆိုင်ရာမေးခွန်းကို ဆက်လက်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ မေးခွန်းအပိုင်း(၁)နှင့်စပ်လျဉ်း၍ လားရှိုးခရိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာနအောက်ရှိ သိန္နီမြို့နယ်မှ လျှောက်ထားလာသော ရုံးအကူဝန်ထမ်းအား ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၏ (၂၂-၈-၂၀၁၇)ရက်စွဲပါ စာအမှတ်၊ ၁၀၁၂/၀ထ-၉/ရပန(၉၅၁)ဖြင့် အားကစားနှင့် ကာယပညာဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်သို့ တင်ပြထားပြီးဖြစ်ပါတယ်။ ဝန်ထမ်းဖွဲ့စည်းပုံအရလစ်လပ်လျက်ရှိသောရာထူးနေရာတွင် ဝန်ထမ်းလျှောက်ထားလာပါက အားကစားနှင့်ကာယပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်သို့ ဆက်လက်တင်ပြပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

မေးခွန်းအပိုင်း(၂)နှင့်စပ်လျဉ်း၍ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ (၀၃-၂၅)ပြပွဲ၊ ပြိုင်ပွဲ၊ ငွေစာရင်း



D/real(wide) (1



ဥက္ကဋ္ဌကြီးရှင်။ နိုင်ငံတော်၏ အားကစား ဆောင်ပုဒ်ဖြစ်သော **"မြန်မာ အားကစား ကမ္ဘာကို လွှမ်းရမည်"** ဟုဆိုထားသကဲ့သို့ ထူးချွန်ထက်မြက်သောအား ကစားသမားများပေါ် ထွန်းလာစေရန် နိုင်ငံတော်ကလည်း အဘက်ဘက်မှ ကူညီပံ့ပိုးလျက်ရှိသည်ကို တွေ့ရှိရပါတယ်။ ယနေ့လူငယ်များသည် အများအားဖြင့် လမ်းမှားသို့ ရောက်ရှိပြီး မူးယစ်ဆေးဝါး၏ ကျေးကျွန်များအဖြစ်သို့ ရောက်ရှိနေသည်ကိုလည်း အားလုံးအသိပင်ဖြစ်ပါတယ်။ ဤကဲ့သို့ လမ်းမှားမရောက်အောင် ပြုစုပျိုးထောင်ရမည်မှာ မိဘများအပြင် သက်ဆိုင်ရာမြို့နယ်အသီးသီးမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် နိုင်ငံတော်အစိုးရတွင်လည်းတာဝန်ရှိပေသည်။ ဒါမှသာလျှင် နိုင်ငံတော်၏ အားကစားဆောင်ပုဒ်ကို အကောင်အထည်ဖော်နိုင်ပေမည်။ သို့ဖြစ်ပါ၍ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် စပ်လျဉ်း၍ အောက်ပါမေးခွန်းများကို မေးမြန်း အပ်ပါတယ်-

(က) သိန္နီမြို့အားကစားနှင့် ကာယပညာဦးစီးဌာနရုံးတွင် ဝန်ထမ်းအင်အားဖွဲ့စည်းပုံအရ အားကစားမှူး (၁)ဦး၊ နည်းပြ(၁)ဦး၊ အကြီးတန်းစာရေး(၁)ဦး၊ လ/ထကြီးကြပ်ရေးမှူး (၁)ဦး၊ ရုံးအကူ (၁)ဦး၊ လုပ်သား(၁)ဦး၊ စုစုပေါင်း (၆)ဦးကို ခွဲဝေထားသော်လည်း လ/ထ ကြီးကြပ်ရေးမှူး (၁)ဦးသာလျှင် ခန့်ထားလျက်ရှိပါတယ်။ ထို့ကြောင့် လစ်လပ်လျက်ရှိသော ဝန်ထမ်းများကို ပြန်လည်

ခေါင်းစဉ်ဖြင့် ပထမ(၆)လတွင် တစ်မြို့နယ် ကျပ်သိန်း (၃၀)နှင့် ဒုတိယ(၆)လတွင် ကျပ်သိန်း (၂၀)၊ စုစုပေါင်း ကျပ်သိန်း (၅၀)တိတိ အားဘတ်ဂျက်ခွဲဝေချထားပေးခဲ့ပြီး ပြည်သူလူထုကြား အားကစား အသိပညာပေး ဆိုင်းဘုတ်စိုက်ထူခြင်း၊ အသက်(၂၃)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ ခရိုင်အသင်း လူရွေးပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခြင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးဖလား အားကစားပြိုင်ပွဲများဖြစ်သည့် ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ရပ်ကွက်/ကျေးရွာ ဘောလုံးပြိုင်ပွဲ၊ အသက်(၁၉)နှစ်အောက် ရပ်ကွက်/ကျေးရွာ အမျိုးသားဘောလုံးပြိုင်ပွဲ၊ ပြေးခုန်ပစ်ပြိုင်ပွဲနှင့် စားပွဲတင်တင်းနစ်ပြိုင်ပွဲများ၊ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ၊ ၂၀၁၆ ခုနှစ်၊ နွေရာသီအားကစားသင်တန်း၊ အားကစားနှင့် ပညာရေးပေါင်းစပ် မီနီမာရသွန်ပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်တွင်လည်း ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ တစ်မြို့နယ် လျှင်ကျပ်သိန်း(၅၀)တိတိဖြင့် ခွဲဝေချထား ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနတွင် ငွေစာရင်းခေါင်းစဉ်များအလိုက်ငွေထုတ်စာရင်းကို ပြည်နယ်နှင့်ခရိုင်များတွင်သာ ဖွင့်လှစ်ခွင့်ပြုထားပါတယ်။ မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနများတွင် ငွေထုတ်စာရင်းများ ဖွင့်လှစ်ခွင့်ပြုထားခြင်း မရှိသေးပါကြောင်း၊ မြို့နယ်များမှ လိုအပ်လျက်ရှိသော လစာနှင့် အသုံးစရိတ်များကို ခရိုင်များသို့ အသုံးစရိတ်လျာထားချက်နှင့်အတူ တင်ပြ





**ဦးအိုက်မွန်း၊ ကွတ်ခိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်း၊ နှစ်ဖြာသော ကျန်းမာချမ်းသာခြင်းနှင့် ပြည့်စုံပါစေ ကြောင်းဦးစွာဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ကွတ်ခိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအိုက်မွန်းဖြစ်ပါတယ်။ ကျွန်တော် ဒီကနေ့ မေးမြန်းသွားမည့် ကြယ်ပွင့်ပြမေးခွန်းကတော့ ကွတ်ခိုင်မြို့နယ်၊ မန်နိမ်းအွန် ကျေးရွာအုပ်စုနှင့် မိုင်းယု ကျေးရွာအုပ်စုရှိ မိုင်းယု၊ ဖာဖိန်၊ မန်ကန့်၊ ငေါ့ငါး၊ အောက်လီရှော၊ အထက်လီရှောနှင့် ရှောက်ပန်ကုန်း စသည့် ကျေးရွာ(၇)ရွာကို ဆက်သွယ်မည့် ကျေးရွာချင်းဆက် မြေသားလမ်း ဖောက်လုပ်ရန် ဖြစ်ပါတယ်။ ၎င်းကျေးရွာ (၇)ရွာသည် တောင်တက်၊ တောင်ဆင်းဖြင့် ဆက်သွယ်သော လမ်းဖြစ်ပါတယ်။ ခြောက်သွေ့ရာသီတွင် ခြေလျင်/ ဆိုင်ကယ်ဖြင့် သွားလာနိုင်သော်လည်း မိုးတွင်း ကာလတွင် ဆိုင်ကယ်နှင့်ပင် သွားလာမရတော့ဘဲ လမ်းကလည်းကျဉ်း၊ စိမ့်စမ်းရေစီးဆင်းသည့် ရေမြောင်းများခြင်းတို့ကြောင့် တောင်ပေါ်နေ ကျေးရွာသူ/သားများအတွက် သွားလာရန်အခက်အခဲများစွာ ကြုံတွေ့နေရပါတယ်။ ၎င်းကျေးရွာချင်းဆက်

တောင်းခံပြီး မြို့နယ်များမှသုံးစွဲထားသည့် အသုံးစရိတ်ရှင်းတမ်း ပြေစာများအား ခရိုင်သို့ပေးပို့၍ စနစ်တကျ စာရင်းစစ်ဆေးခံယူကြရပါကြောင်း ဖြေကြားအပ်ပါတယ်။

မေးခွန်းအပိုင်း(၃)နဲ့စပ်လျဉ်း၍ သိန္နီမြို့နယ်၊ ဘောလုံးကွင်းပြင်ဆင်ထိန်းသိမ်းရန် သီးသန့်ရန်ပုံငွေများ မရှိပါကြောင်းနှင့် သာမာန်အသုံးစရိတ်မှ လစဉ်မြက်ဖြတ်ခြင်း၊ ကွင်းပြုပြင်ထိန်းသိမ်းခြင်းအတွက် ဓာတ်ဆီနှင့်အသုံးစရိတ်ခွင့်ပြုထားပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။** ဥက္ကဋ္ဌကြီးရှင်။ အဲ့ဒီဘောလုံးကွင်းပြင်ဆင်စရိတ်ကို ကျွန်မတို့မြို့နယ်တွင် (၁)လလျှင် ဓာတ်ဆီ (၂)ဂါလံသာ ခွဲဝေရရှိတယ်လို့ဘဲကြားသိရ၍ ယခုဝန်ကြီး ဖြေကြားတာနဲ့ ကွာခြားနေတာတွေ့ရှိရပါတယ်။ အဲ့ဒါ ဘာကြောင့်လဲဆိုတာ သိချင်ပါ တယ်ရှင်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** မြို့နယ်ကွင်းတွေကို (၁)လလျှင် (၄)ဂါလံ ခွင့်ပြုထားပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကွတ်ခိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအိုက်မွန်းက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။





မြေသားလမ်း (၁၀)မိုင်အား ဖောက်လုပ်ပေးမည်ဆိုပါက အကျိုးပြုကျေးရွာ(၇)ရွာ၊ အိမ်ခြေ (၅၂၆)အိမ်၊ လူဦးရေအားဖြင့် (၃၂၆၉)ဦးတို့အတွက် အကျိုးပြုမည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျေးရွာချင်းဆက်မြေသားလမ်း (၁၀)မိုင်ကို ယခု ၂၀၁၇-၂၀၁၈ ခုနှစ်၊ ဖြည့်စွက်ရန်ပုံငွေ သို့မဟုတ် လာမည့် ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းပေးမည့် အစီအစဉ် ရှိ/မရှိ လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စားမေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးနိုင်ဝင်းအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကွတ်ခိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်မွန်း မေးမြန်းထားတဲ့ ကွတ်ခိုင်မြို့နယ်၊ မန်နိမ်းအုပ်စုရှိ မိုင်းယု၊ ဖာဖိန်၊ မန်ကန့်၊ ငေါ့ငါး၊ အောက်လီရှော၊ အထက်လီရှောနှင့် ရှောက်ပန်ကုန်းစသည့် ကျေးလက်တောရွာ (၇)ရွာကို ဆက်သွယ်မည့် ကျေးရွာချင်းဆက်



D/real(wide) (1

မြေသားလမ်းမှာ တောင်ပေါ်နေကျေးရွာသူ/သားများအတွက် ခက်ခဲသဖြင့် ၎င်း ကျေးရွာချင်းဆက်မြေသားလမ်း (၁၀/၀) မိုင်ကို ယခု ၂၀၁၇-၂၀၁၈ ခုနှစ်၊ ဖြည့်စွက်ရန်ပုံငွေ သို့မဟုတ် လာမည့် ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းပေးမည့် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ဗိုလ်မှူးကြီး နိုင်ဝင်းအောင်က ဖြေကြားသွားမှာဖြစ်ပါတယ်။ ကွတ်ခိုင်မြို့နယ်၊ မန်နိမ်းအွန်ကျေးရွာအုပ်စုရှိ မိုင်းယု၊ ဖာဖိန်၊ မန်ကန့်၊ ငေါ့ငါး၊ အောက်လီရှော၊ အထက်လီရှောနှင့် ရှောက်ပန်ကုန်း ကျေးရွာချင်းဆက်လမ်းသည် ကျေးရွာအုပ်စု (၂) အုပ်စု၊ ကျေးရွာ(၇)ရွာနှင့် အိမ်ခြေ (၅၅၆)အိမ်၊ လူဦးရေအားဖြင့် (၃၆၁၆)ဦးကို အကျိုးပြုသည့် လမ်းကြောင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ အဆိုပါလမ်းပိုင်း (၁၀/၀)မိုင်အနက် (၅/၀)မိုင် မြေသားလမ်းမိုင်ဖောက်လုပ်နိုင်ရန်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းတွင် ထည့်သွင်းလျာထားပြီး ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်၍ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။





**ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်**

**(၁)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာပထမနှုတ် ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းရှူးမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလင်းမြတ်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ မိုင်းရှူး မြို့နယ်၊ ကျန်းမာရေးဦးစီးဌာနမှူးရုံး အသစ်ဆောက် လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။ မိုင်းရှူးမြို့သည် အများသိသည့်အတိုင်း ကမ္ဘာကျော်မိုင်းရှူးကျောက်မျက်၊ ပတ္တမြားထွက်ရှိသည့် ဒေသဖြစ်ပါတယ်။ မိုင်းရှူးမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးရုံးသည် လွန်ခဲ့သောနှစ်ပေါင်း (၃၀)ကျော်ခန့်က ဆောက်လုပ်ခဲ့သော အဆောက်အဦဖြစ်ပြီး ယခုအချိန်အခါတွင် အလွန်တရာမှ ယိုယွင်းဟောင်းနွမ်းပျက်စီးလျက်ရှိပြီး ပြိုကျပျက်စီးလုအခြေအနေတွင် ရှိနေသည်ကို တွေ့ရှိရပါတယ်။ အဆောက်အဦ အခြေအနေသည် အလွန်တရာဆိုးဝါးနေပြီး အဆောက်အဦကို လက်နှင့်ခြစ်ထုတ်ပါက သဲများပြိုကျသည်အထိ အန္တရာယ်ရှိနေပြီး အောက်ခြေ၌လည်း ပေါက်ပြဲနေသည့်အပြင် အဆောက်အဦအတွင်း မျက်နှာကြက်များ ပြိုကျပျက်စီးနေသည့်အနေအထားတွင်ရှိ နေကြောင်း တွေ့ရှိရပါတယ်။ ထိုသို့ အဆောက်အဦကြံ့ခိုင်မှုမရှိခြင်း၊ လုံခြုံစိတ်ချမှုမရှိခြင်းတို့ကြောင့် ကျန်းမာရေးဌာနဆိုင်ရာ စာရွက်စာတမ်း

များ၊ ကျန်းမာရေးဌာနဆိုင်ရာ စက်ပစ္စည်းကိရိယာများထားသို သိမ်းဆည်းမှုတွင် လွန်စွာအခက်အခဲဖြစ်နေပြီး၊ ကျန်းမာရေး ဝန်ထမ်းများအတွက်လည်း အန္တရာယ်ရှိသော အဆောက်အဦ အောက်တွင် နေထိုင်လုပ်ကိုင်နေရသကဲ့သို့ဖြစ်နေပါတယ်။ သို့ဖြစ်ပါ၍ မိုင်းရှူးမြို့နယ်အတွက် လိုအပ်လျက်ရှိသော မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး အဆောက်အဦကို အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ /မရှိနှင့် အသစ်ပြန်လည်တည်ဆောက်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် ပြန်လည်တည်ဆောက်ပေးမည်ကို သိရှိလိုပါကြောင်း လွှတ်တော် ဥက္ကဋ္ဌ ကြီးမှတစ်ဆင့် မဲဆန္ဒရှင် ပြည်သူများကိုယ်စားကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလင်းမြတ်ရဲ့ ကျန်းမာရေးကဏ္ဍဆိုင်ရာမေးခွန်းကို ဆက်လက်ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ မိုင်းရှူးမြို့နယ်အတွက် လိုအပ်လျက်ရှိသော မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးရုံး အဆောက်အဦကို အသစ်ပြန်လည်





**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကွတ်ခိုင် မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်မွန်းမေးမြန်းတဲ့ ကွတ်ခိုင် မြို့နယ်၊ မန်နိမ်းအွန်ကျေးရွာ အုပ်စုရှိ မိုင်းယု၊ ဖာဖိန်၊ မန်ကန့်၊ ငေါ့ငါး၊ အောက်လီရှော၊ အထက် လီရှောနှင့် ရှောက်ပန်ကုန်းစသည့် ကျေးလက်တောရွာ(၇)ရွာကို ဆက်သွယ်ထားသောမြေသားလမ်းနှင့် စပ်လျဉ်းပြီး ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအနေဖြင့် လက်ရှိမြေပြင် ကွင်းဆင်းတိုင်းတာချက်များအရ (၈/၀)မိုင် ရှည်လျား၍ အကျဉ်း ဆုံးသောနေရာမှာ (၈)ပေ၊ အကျယ်ဆုံးနေရာမှာ (၁၅)ပေခန့်သာရှိသော မြေသားလမ်း တစ်လမ်းဖြစ်ပြီး အဆင့်မြှင့်တင် ဆောင်ရွက်နိုင်မည်ဆိုပါက ကျေးရွာ(၇)ရွာ၊ အိမ်ခြေ (၅၅၆)အိမ်၊ လူဦးရေ (၃၆၁၆)ဦးအား အကျိုးပြုနိုင်မည်ဖြစ်ပါတယ်။ အဆိုပါ လမ်းအရှည် (၈/၀)မိုင်ကို မြေသားလမ်းသတ်မှတ်အတိုင်းအတာ ပြည့်မီအောင် ဖောက်လုပ်ခြင်းအား ကျေးလက်လမ်းတံတား (၁၅)နှစ် စီမံကိန်း၏ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပြီးဖြစ် ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းရှူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလင်းမြတ်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

တည်ဆောက်ပေးရန် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ (၂-၈-၂၀၁၇) ရက်စွဲပါစာအမှတ်၊ ၃၆၀/ စီမံကိန်း/ လျာထားချက်/ ၁၇ ဖြင့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်စီမံကိန်း အဆိုပြုလျာထားချက်တွင် ထည့်သွင်းတောင်းခံထားပြီးဖြစ်ပါတယ်။ ရုံးဆောက်လုပ်မည့် အဆောက်အဦပုံစံနှင့် အသေးစိတ်တွက်ချက်မှုပေးပို့ရန် ပြည်နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာန၊ တောင်ကြီးမြို့၏ (၁၈-၈-၂၀၁၇)ရက်စွဲပါစာ အမှတ်၊ ၃/၄/ လွှတ်တော်( ၁၉၆၈)ဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မိုင်းရှူးမြို့သို့ တောင်းခံထားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီး ဌာနမှ တင်ပြလာပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်သို့ ဆက်လက်တင်ပြတောင်းခံပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းအောင်မျိုးကျော်က မေးခွန်းမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းအောင်မျိုးကျော်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။** လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၊ စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာဆုတောင်း





လူထုကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီး (ကိုယ်စား) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော် ကတော့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး (ကိုယ်စား) ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ ဦးစိုင်းလုံကျော်မှ ဒီမေးခွန်းကို ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ ဦးစိုင်းအောင်မျိုးကျော်၊ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ မေးမြန်းလာတဲ့ လင်းခေးမြို့နယ်၊ နားကုန်းကျေးရွာအုပ်စု၊ ခွံအွတ် ကျေးရွာတွင်တည်ရှိသော ခွံအွတ်ဘုန်းတော်ကြီးကျောင်းအနီးရှိ ကမ်းပါးများ ဆက်လက်ပြိုကျခြင်းမှကာကွယ်နိုင်ရေးအတွက် နမ့်တိန်းချောင်းကမ်းပါး ကာကွယ်ခြင်းလုပ်ငန်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါကမည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါ သည်စသည့်မေးခွန်းနှင့် ပတ်သက်ပြီး လင်းခေးမြို့နယ်၊ နားကုန်း



D/real(wide) (1

ကျေးရွာအုပ်စု၊ ခွံအွတ်ကျေးရွာတွင် တည်ရှိသော ခွံအွတ်ဘုန်းတော်ကြီးကျောင်း အနီးရှိကမ်းပါးများ ဆက်လက်ပြိုကျခြင်းမှ ကာကွယ်နိုင်ရေးအတွက် နမ့်တိန်းချောင်း ကမ်းပါးကာကွယ်ခြင်း လုပ်ငန်းဆောင်ရွက်ပေးနိုင်ရေး အသေးစိတ် ကွင်းဆင်းတိုင်းတာစစ်ဆေးခြင်းများဆောင်ရွက်ပြီး ဆောင်ရွက်သင့် သောအစီအမံများ ရေးဆွဲ၍ လိုအပ်သောရန်ပုံငွေများကို တင်ပြတောင်းခံပြီး ရန်ပုံငွေ ရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းအောင်ကျော်ဦးက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းအောင်ကျော်ဦး၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)။** ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး တတိယနေ့ကို တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ မင်္ဂလာပါလို့ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ကျွန်တော်ကတော့ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ရှမ်းပြည်နယ်လွှတ်တော်





မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်မျိုးကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လင်းခေးမြို့နယ်၊ နားကုန်းကျေးရွာအုပ်စု၊ ခွံအွတ်ကျေးရွာ၊ နမ့်တိန်းချောင်းကမ်းပါး ကာကွယ်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြ မေးခွန်းကို မေးမြန်းမှာ ဖြစ်ပါတယ်။ လေးစားရပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လင်းခေးမြို့နယ်၊ နားကုန်း ကျေးရွာအုပ်စု၊ ခွံအွတ်ကျေးရွာတွင်တည်ရှိသော ခွံအွတ်ဘုန်းတော် ကြီးကျောင်းအနီးရှိ နမ့်တိန်းချောင်းမှာ ကပ်လျက်စီးဆင်းနေပါတယ်။ နှစ်စဉ်နမ့်တိန်းချောင်းရေတိုက်စားမှုကြောင့် ဘုန်းတော်ကြီးကျောင်းကမ်းပါးများ ပြိုကျလျက်ရှိနေပါသဖြင့် ဘုန်းတော်ကြီးကျောင်းမြေများ နှစ်စဉ်နှစ်တိုင်း ဆုံးရှုံးနေရပါတယ်။ ၎င်းဘုန်းတော်ကြီးကျောင်း ကမ်းပါးများကို အချိန်မီ မကာကွယ်မထိန်းသိမ်းဘဲ ထားရှိပါက နှစ်စဉ်ကမ်းပါးပြိုကျမှုကြောင့် ခွံအွတ်ဘုန်းတော်ကြီး ကျောင်းနှင့် ၎င်းအနီးရှိ လူနေအိမ်များ ပျက်စီးဆုံးရှုံးရဖွယ်ရှိပါ တယ်။ သို့ဖြစ်ပါ၍ ကျွန်တော်မေးမြန်းလိုသည်မှာ အဆိုပါ ဘုန်းတော်ကြီးကျောင်း ကမ်းပါးများ ဆက်လက်ပြိုကျခြင်းမှ ကာကွယ်နိုင်ရေးအတွက် နမ့်တိန်းချောင်းကမ်းပါး ကာကွယ်ခြင်း လုပ်ငန်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ /မရှိနှင့် ရှိပါက မည်သည့် အချိန်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း ပြည်သူ

ကိုယ်စားလှယ် ဦးစိုင်းအောင်ကျော်ဦး ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ စပ်လျဉ်းပြီး တိုင်းရင်းသားဘာသာစာပေ ဆရာ/မများ (Teaching Assistant) ခန့်အပ်ရန်နှင့် ခံစားခွင့်ထောက်ပံ့ကြေးနှင့် ပတ်သက်ပြီးတော့ မေးမြန်းသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များ၏ အစိုးရစာသင် ကျောင်းများ၌ တိုင်းရင်းသားစာပေကို လွန်ခဲ့သော ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှ ယခု၂၀၁၇-၂၀၁၈ ပညာသင်နှစ် အထိ အချို့မြို့နယ် များတွင် ကျောင်းချိန်ပြင်ပ (ကျောင်းမတက်မီ၊ ကျောင်းဆင်းပြီး)အချိန် သတ်မှတ်၍ ပညာသင်ကြားနေပါတယ်။ ပညာရေးဝန်ထမ်းများ၏ ခံစားခွင့်ထောက်ပံ့ကြေးအဖြစ် တစ်လလျှင် ကျပ်(၃၀၀၀၀)ကို လည်းစာသင်နှစ်ဆုံးမှသာ တစ်စုတစ်စည်းတည်းထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ ယင်းအခြေအနေ အကြောင်းများကြောင့် -

(က) တိုင်းရင်းသားစာပေသင်ကြားရေးကိစ္စများတွင် အချိန်သတ်မှတ်ပေးခြင်းကြောင့် ကျောင်းမတက်မီအချိန်တွင် ကျောင်းသား/သူများ ကျောင်းသို့ အချိန်မီ မရောက်ရှိနိုင်ခြင်း၊ ကျောင်းဆင်းချိန်တွင် လည်းကျောင်းသားများ စုစည်းရန်အခက်အခဲများကြုံတွေ့ရခြင်း၊

(ခ) ခံစားခွင့်ထောက်ပံ့ကြေး တစ်လကျပ်(၃၀၀၀၀)မှာလည်း အစိုးရပညာရေးဝန်ထမ်းများ၏ လစာနှုန်း





ပေးရန်ရှိ/မရှိ၊

(ခ) တိုင်းရင်းသားစာပေသင်ကြားရေးတွင် ပညာရေးဝန်ထမ်း ဆရာ/မများ(Teaching Assistant ) ခန့်အပ်ရန်နှင့် အကျိုးခံစားခွင့်ကို မူလတန်းဆင့် အစိုးရပညာရေး ဝန်ထမ်းများနည်းတူရရှိစေရန် ယခု ပညာသင် နှစ်မှစတင်၍လုပ်ငန်းစီမံချက်အတိုင်း စီမံဆောင်ရွက်ရန် ရှိ/မရှိ၊

စသည့်အချက်များ သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ကျော်ဦးရဲ့ တိုင်းရင်းသားဘာသာစာပေဆိုင်ရာမေးခွန်းကို ဆက်လက်ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်တွင် တိုင်းရင်းသား ဘာသာစာပေသင်ကြားခြင်းကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် စတင်ဆောင်ရွက်



D/real(wide) (1

ခဲ့ပါတယ်။ ရှမ်းပြည်နယ်တွင် ရှမ်း၊ ပအိုဝ်း၊ အင်း၊ ခနူ၊ ကယန်း၊ ကယား၊ လားဟူ၊ ပလောင်၊ လီဆူ၊ ဝ၊ အာခါ၊ လားဟူ၊ ကချင်စာပေများသင်ကြားခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ကျောင်းချိန်ပြင်ပသင်ကြားခွင့်ရရှိခဲ့ပြီး တိုင်းရင်းသားဘာသာ ပြဋ္ဌာန်းစာအုပ်များကိုလည်းဖြန့်ဝေပေးနိုင်ခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် တိုင်းရင်းသားဘာသာ(၁၀)မျိုး၏ စာအုပ်များ ဖြန့်ဝေပေးခဲ့ပြီး တိုင်းရင်းသားဘာသာသင်ဆရာ/မ (၂၂၅၃)ဦးအတွက် တစ်ဦးလျှင် တစ်လ ကျပ်(၃၀၀၀၀)နှုန်းဖြင့် (၈)လအတွက် ကျပ်သန်း (၅၄၀. ၆၈)တိတိထောက်ပံ့ပေးခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ဆရာ/မ (၃၃၃၆)ဦးကို ကျပ်သန်း (၈၅၀. ၀၆၄)တိတိထောက်ပံ့ပေးခဲ့ပြီး ယခုပညာနှစ်တွင် တိုင်းရင်းသားဘာသာစာပေ (၁၂)မျိုး၊ စာသင်ကျောင်းပေါင်း (၁၉၀၇)ကျောင်း၊ ကျောင်းသူ/သားပေါင်း (၁၀၈၁၅၂)ဦး၊ ဆရာ/မ (၃၈၂၈)ဦး ရှိပါတယ်။ အဆိုပါဆရာ/မများအားထောက်ပံ့ပေးနိုင်ရန်ဆက်လက်တင်ပြတောင်းခံပေးသွားမည်ဖြစ်ပါတယ်။ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားအခွန့်ရှည် တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာဓလေ့ထုံးစံများ ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာဘာသာစကား၊ တိုင်းရင်းသားဘာသာစကားနှင့် နိုင်ငံခြားဘာသာစကားများ အပြန်အလှန် ဘာသာပြန်စနစ် တည်ဆောက်ရေးတို့အတွက် မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာနကို (၇-၇-၂၀၁၆)ရက်နေ့တွင် စတင်ဖွဲ့စည်း၍ လုပ်ငန်းများ





ထားများနှင့်များစွာကွာဟပြီး ပညာသင်နှစ်ကုန်ဆုံးမှုတစ်စုတစ်စည်းတည်းထောက်ပံ့သည့် တိုင်းရင်းသားဘာသာစာပေသင်ကြားသော ဆရာ/မများအတွက်များစွာ အခက်အခဲဖြစ်ခြင်းများကြုံတွေ့နေရပါကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများနှင့် ပူးပေါင်း၍ ပညာရေးဝန်ထမ်းများခန့်အပ်ရာတွင်အရည်အချင်းနှင့် အရည်အသွေးရှိသူများကိုရွေးချယ်ပြီး နေ့စားဝန်ထမ်းအဖြစ် လည်းကောင်း၊ ဘွဲ့ရပြီးသူဖြစ်ပါက အမြဲတမ်းဝန်ထမ်းအဖြစ်လည်းကောင်း ခန့်အပ်ပေးရန် စီမံချက်လုပ်ငန်းများ ညှိနှိုင်းပေးပို့ပြီးဖြစ်ကြောင်းသိရပါတယ်။

အထက်ပါလုပ်ငန်းစီမံချက်များအတိုင်း ရှမ်းပြည်နယ်အစိုးရမှအကောင်အထည်ဖော် စီမံဆောင်ရွက်ပေးမည်ဆိုပါက တိုင်းရင်းသားဘာသာစာပေသင်ကြားမှုတွင် ကြုံတွေ့နေရသော အခက်အခဲများအားလုံးအဆင်ပြေချောမွေ့သွားမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ -

(က) တိုင်းရင်းသားဘာသာစာပေများကို ကျောင်းချိန်တွင်(စာသင်ချိန်ကိုမထိခိုက်စေရန်)ယခုပညာသင်နှစ်မှစတင်၍ စီမံဆောင်ရွက်နိုင်ရေးညွှန်ကြား

ဆောင်ရွက်လျက်ရှိပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များ၏ အစိုးရစာသင်ကျောင်းများ၌ တိုင်းရင်းသားဘာသာစာပေ (ရှမ်းစာပေ)ပညာရေးဝန်ထမ်း ဆရာ/မများ(Teaching Assistant) ခန့်အပ်ရန်နှင့် ခံစားခွင့်ထောက်ပံ့ကြေး(လစာ)နှင့်စပ်လျဉ်း၍ တိုင်းရင်းသားဘာသာစာပေများကို ကျောင်းချိန်အတွင်း စာသင်ချိန် ကို (မထိခိုက်စေရန်) ယခုပညာသင်နှစ်မှစ၍ စီမံဆောင်ရွက်ပေးရန် မေးခွန်းကိုလည်းကောင်း၊ တိုင်းရင်းသားစာပေ ပညာရေးဝန်ထမ်း ဆရာ/မများ (Teaching Assistant) ခန့်အပ်ရန်နှင့် အကျိုးခံစားခွင့် (လစာ)ကို မူလတန်းဆင့် အစိုးရပညာရေးဝန်ထမ်းများနည်းတူ ရရှိ နိုင်ရန်နှင့် လုပ်ငန်းစီမံချက်အတိုင်း ဆောင်ရွက်ရန် ရှိ/မရှိ မေးခွန်း တို့နှင့်ပတ်သက်၍ ပြည်နယ်ပညာရေးမှူးရုံး၊ တောင်ကြီးမြို့၏ (၂၄-၈-၂၀၁၇) ရက်စွဲပါစာအမှတ်၊ ဌာနခွဲ(၁-ဂ)/၂၈၃၄/လွှတ်တော် (၂၀၁၇)ဖြင့် ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်သို့ တင်ပြထား ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မန်တုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအယိုင်စဉ်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။





မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်မှသာ လျှင် တောင်ပေါ်ချောင်းကျရေဒဏ်၊ မြေပြိုကျမှုဒဏ်များ အလျင်မီ တားဆီးကာကွယ်နိုင်မည်ဖြစ်သည့်အပြင် ရာသီမရွေးပါသွားလာ နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မန်တုံ-ဟိုတုံ-လွယ်ခမ်း-နမ့်ကြူး-နားအော်လေး (၂၅/၀) မိုင်ရှိသည့်အနက် ကျန်ရှိသော (၁၅/၀)မိုင်အားကျောက်ချောလမ်း အဖြစ် အဆင့်မြှင့်တင်နိုင်ခြင်း အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း၊ အစီအစဉ်ရှိပါက မည်သည့် အချိန်တွင် ဆောင်ရွက်ပေးမည်နည်း။ မရှိပါက အဘယ်ကြောင့် မရှိသည်ကို သိရှိလိုပါကြောင်း လူထုကိုယ်စားမေးမြန်းအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးနိုင်ဝင်းအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မန်တုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးအယိုင်စဉ်မေးမြန်းလာတဲ့ မန်တုံ-ဟိုတုံ-လွယ်ခမ်း- နမ့်ကြူး-နားအော်လေး မြေသားလမ်း



D/real(wide) (1

(၂၅/၀)မိုင်အနက် (၁၀/၀) မိုင်ကိုကျောက်လမ်းအဖြစ် ပြီးစီးပြီဖြစ်သော်လည်း ကျန် (၁၅/၀)မိုင် အားကျောက်လမ်းအဖြစ် ဆက်လက်ဆောင်ရွက်နိုင်ရန်အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းနဲ့စပ်လျဉ်းပြီး ကျွန်တော် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ဗိုလ်မှူးကြီးနိုင်ဝင်းအောင်မှ ရှင်းလင်းဖြေကြား ပေးသွားမှာဖြစ်ပါတယ်။ အဆိုပါမြေသားလမ်း (၂၅/၀)မိုင်အနက် (၁၀/၀)မိုင်အား ၂၀၁၆-၂၀၁၇ခု၊ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုး ရေး၊ ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့်(၅/၀)မိုင်နှင့် ပြည်နယ်ခွင့်ပြု ရန်ပုံငွေဖြင့် (၅/၀)မိုင်၊ စုစုပေါင်း(၁၀/၀)မိုင် ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။ ကျန်ရှိသည့် လမ်းပိုင်း(၁၅/၀)မိုင်အား ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေတွင် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေး နှစ်မှ စတင်၍လမ်းပိုင်းအလိုက် ရန်ပုံငွေထည့်သွင်းလျာထားပြီး ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်းက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။



D/real(wide) (1



**ဦးအယိုင်စဉ်၊ မန်တုံမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။**

မင်္ဂလာပါ ခင်ဗျား။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးကာယသုခ၊ စိတ္တသုခနှစ်ဖြာသော မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်းဦးစွာပဏာမနှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးအယိုင်စဉ် ဖြစ်ပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်ရဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ မန်တုံ-ဟိုတုံ-လွယ်ခမ်း-နမ့်ကြူး-နားအော်လေး မြေသားလမ်း (၂၅/၀)မိုင်အနက် (၁၀/၀)မိုင်ကို ကျောက်လမ်းအဖြစ် ပြီးစီးပြီဖြစ်သော်လည်း ကျန် (၁၅/၀)မိုင်အားကျောက်လမ်းအဖြစ် ဆက်လက်ဆောင်ရွက်နိုင်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း၍သိရှိလိုသောမေးခွန်းဖြစ်ပါတယ်။ မြန်မာနိုင်ငံတော် အစိုးရ၏ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ဦးတည်ချက်သည်မြန်မာနိုင်ငံအတွင်းရှိ ကျေးလက်နေပြည်သူများ ရာသီမရွေးဆက်သွယ်သွားလာနိုင်မှုကို ပံ့ပိုးပေးနိုင်သည့် တိုးတက်ကောင်းမွန်သော ကျေးလက်လမ်းများသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်သည့် အပြင်မြို့ပြနှင့်ကျေးလက်ဆင်းရဲချမ်းသာကွာဟမှုနှင့် လူမှုစီးပွားဘဝတစ်ဖက်စောင်းနင်း ဖြစ်စေမည့်အခြေအနေကိုပါ ကိုင်တွယ်ဖြေရှင်းရာတွင် အဓိကကျပါသည်။ ဖောက်လုပ်ပြီးစီးသော

**ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး သက်ရှည်ကျန်းမာ စိတ်ချမ်းသာ၍လိုရာ ဆန္ဒတစ်လုံးတစ်ဝတည်း ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပညာရေးဝန်ထမ်းများ ပြောင်းရွှေ့ခွင့်အမိန့်ကို ပညာသင်နှစ်ဝက်တွင် ပြုလုပ်မည့်အစား နွေရာသီကျောင်းပိတ်ရက်ကာလတွင် ပြောင်းလဲအမိန့် ထုတ်ပေးနိုင်ခြင်း အစီအစဉ်ရှိ/မရှိ မေးခွန်းကို ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေး ဝန်ကြီးဌာန၊ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများရှိ လက်ရှိပညာသင်ကြားပေးလျက်ရှိသော ပညာရေးဝန်ထမ်း ဆရာ/မများ၏ ရာထူးတိုး၍သော်လည်းကောင်း၊ အလွတ်ပြောင်းရွှေ့၍သော်လည်းကောင်း၊ အပြောင်းအလဲပြု လုပ်ရာတွင် များသောအားဖြင့် ပညာသင်နှစ်နှစ်ဝက်ဖြစ်တဲ့ (ဇူလိုင်၊ ဩဂုတ်)လများတွင် ဆောင်ရွက်လျက်ရှိ





ရေးကို ထိခိုက်မည် မဟုတ်ပေ။ ထို့ကြောင့် ပညာရေးဝန်ထမ်းများ ပြောင်းရွှေ့ခွင့်အမိန့်ကို ပညာသင်နှစ်ဝက်တွင် ပြုလုပ်မည့်အစား နွေရာသီ ကျောင်းပိတ်ရက်ကာလတွင် ပြောင်းလဲအမိန့်ထုတ်ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ သိလို၍ လူထုကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးအောင်ထွဏ်းရဲ့ပညာရေးကဏ္ဍဆိုင်ရာ ကြယ်ပွင့်ပြမေးခွန်းကို ဆက်လက်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ အခြေခံပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်တွင် (၂၄-၁၁-၂၀၁၆) ရက်နေ့မှ (၂၅-၁၁-၂၀၁၆) ရက်နေ့အထိ ကျင်းပပြုလုပ်သည့် ညွှန်ကြားရေးမှူးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ပညာရေးမှူးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး လမ်းညွှန်မှာကြားချက်အရ အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ဆရာ/မများ ပြောင်းရွှေ့ရာထူးတိုးကို သတ်မှတ်ကာလ/ လုပ်သက်နှင့်ကိုက်ညီသော ထက်/ လယ်/ မူ ဆရာ/မများအား နှစ်စဉ်ဒီဇင်ဘာလတွင်

လျှောက်လွှာခေါ်ယူခဲ့ပါတယ်။ မူလတန်း ဆရာ/မ များ၏ အပြောင်းအရွှေ့ကို မြို့နယ်ပညာရေးမှူးရုံး EC အဖွဲ့၊ လယ်ပြနှင့် မူအုပ် ဆရာ/မ များ ပြောင်းရွှေ့/ရာထူးတိုးကို ခရိုင်ပညာရေးမှူးရုံး EC အဖွဲ့၊ ထက်/ပြ ဆရာ/မများ ပြောင်းရွှေ့/ ရာထူးတိုးကို ပြည်နယ်ပညာရေးမှူးရုံး EC အဖွဲ့၏ အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် အတည်ပြုချက် ရယူရပါတယ်။ အဆိုပါ အတည်ပြု ချက်များကို ပြည်နယ်အစိုးရအဖွဲ့သို့ သဘောထားရယူ၍ အခြေခံ ပညာဦးစီးဌာန၊ နေပြည်တော်သို့ မတ်လ နောက်ဆုံးထားတင်ပြပြီး ပညာရေးဝန်ကြီးဌာန၏ အတည်ပြုချက်ရရှိပြီးမှသာ ဆရာ/မများ၏ ပြောင်းရွှေ့/ရာထူးတိုးခန့်ထားမိန့်များကိုထုတ်ပြန် ရပါတယ်။ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေများ အခန်း(၁၁)၊ နည်းဥပဒေ ၉၈ အရ၊ **"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအား မေးမြန်းသော မေးခွန်းတစ်ရပ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက ဆောင်ရွက် ရသော အများပြည်သူကိစ္စများနှင့် စပ်လျဉ်းစေရမည် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက တာဝန်ခံထားသော အုပ်ချုပ်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်စေ ရမည်"** ဟု ပြဋ္ဌာန်းထားရှိပြီး အဆိုပါ ပညာရေးဝန်ထမ်းများ ပြောင်းရွှေ့ခွင့်အမိန့်များကို နွေရာသီကျောင်းပိတ်ရက် ကာလတွင် ထုတ်ပြန်ပေးနိုင်ခြင်း ရှိ/မရှိ နှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး





ကြောင်းတွေ့ရှိရပါတယ်။ ပညာသင်နှစ် တစ်ဝက်တစ်ပျက်မှာ ပြောင်းရွှေ့ခြင်းအားဖြင့် ပညာသင်ကြားနေသော ကျောင်းသား/သူ များအတွက်များစွာ နစ်နာလျက်ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ပြောင်းရွှေ့သွားတဲ့ ဆရာ/မများ နေရာတွင် အစားထိုးဝင်ရောက် လာမည့် ဆရာ/မများတော်တော်နှင့်ရောက်မလာလို့ဘဲဖြစ်ပါတယ်။ အချို့ကျောင်းတွေမှာ အစားထိုးလာဖို့ (၃/၄)လလောက်အထိ ဖြစ်နေပါတယ်။ တချို့ဆိုလျှင်ပညာသင်နှစ်သာကုန်သွားပြီးအစားထိုး ရောက်မလာတာတွေရှိပါတယ်။ ဝေးလံသောမြို့များတွင် ရောက်လာ ကြသော ဆရာ/မတော်တော်များများသည် First posting ရချင်လို့ (သို့) မြို့ကြီးကိုပြောင်းချင်လို့လာပြီး အနစ်နာခံတာ(သို့) အပြစ် တစ်စုံတစ်ရာကြောင့် အပို့ခံရတာဆိုပြီး ရောက်လာကြတာများ ပါတယ်။ ပြောင်းရွှေ့ခွင့်ရပြီဆိုရင်လည်း ချက်ချင်းပြောင်းကြတာများ ပါတယ်။ ပညာရေးဝန်ကြီးဌာန ညွှန်ကြားချက်အရ အစားထိုးလာမှ ပြောင်းရမည်ဆိုသော်လည်း မည်သူကမှ အစားထိုး မစောင့်တော့ပေ။ လာမယ့်ဆရာ/မကလည်း နယ်မြေအခြေအနေ အရသော် လည်းကောင်း၊ ဝေးလံတဲ့မြို့ဆိုပြီး တော်တော်နဲ့ မလာကြပေ။ ပညာရေးဝန်ထမ်းဆရာ/မများရာထူးတိုး၍ ပြောင်းရွှေ့ခွင့်သော် လည်းကောင်း၊ အလွတ်ပြောင်းရွှေ့ခွင့်ရ၍ သော်လည်းကောင်း၊ ဝန်ထမ်းများအပြောင်းအလဲလုပ်ရာမှာ ပညာသင်နှစ်ဝက်တွင်မလုပ်ဘဲ ကျောင်းများပိတ်သည့် မတ်၊ ဧပြီ၊ မေစသည့်(၃)လ အတွင်းတွင်သာ ပြောင်းရွှေ့မိန့်ထုတ်ပေးပါက ကျောင်းသား/သူများရဲ့ ပညာသင်ကြား

ဌာနမှ စီမံခန့်ခွဲ မှုဖြစ်သဖြင့် ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်သို့ ဆက်လက် တင်ပြပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါ တယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းခြင်း အစီအစဉ် ပြီးဆုံးပါပြီ။

## ဦးစိုင်းထွန်းညဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏“ပြည်နယ်အစိုးရ၏လုပ်ပိုင်ခွင့်များနှင့် ချမှတ်ထားသောမျှော်မှန်းချက်၊မူဝါဒ၊ရည်မှန်းချက်များကို ပိုမိုအလေးထားပြီးထိရောက်စွာဆောင်ရွက်ပေးရန်” အဆိုတင်သွင်းခြင်းနှင့်လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်(၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းညဏ်က အဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ **“ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်များနှင့် ချမှတ်ထားသော မျှော်မှန်းချက်၊ မူဝါဒ၊ ရည်မှန်းချက်များကို ပိုမိုအလေးထားပြီး ထိရောက်စွာ ဆောင်ရွက်ပေးရန်”** အဆိုဖြစ်ပါတယ်။ ယခုဦးစိုင်းထွန်းညဏ်က အဆိုကိုတင်သွင်းဖို့ ဖြစ်ပါတယ်။





နေတာကိုလေ့လာ တွေ့ရှိရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်များအပြင် ဗဟိုအစိုးရမှ လျှော့ချသတ်မှတ် ဆောင်ရွက်ခွင့်များလည်းရှိနေပါတယ်။ ဥပမာ- ၂၀၁၄ ခုနှစ်က ပြဋ္ဌာန်းပေးခဲ့သော ပြည်ထောင်စုလျှပ်စစ် ဥပဒေတွင် ၃၀ မဂ္ဂါဝပ် အောက် လျှပ်စစ်ဓါတ်အား ရင်းနှီး မြှုပ်နှံမှု၊ အမေရိကန်ဒေါ်လာ (၅)သန်း ထက်မပိုသော ရင်းနှီးမြှုပ်နှံမှု များအား ပြည်နယ်အစိုးရသို့ Decentralization ပြုလုပ်ပေးခဲ့ တာကို တွေ့ရပါတယ်။ အဲ့ဒါနဲ့ ပတ်သက်ပြီး ယခင်အစိုးရက ဆောင်ရွက်ပေးခဲ့သော မူဆယ်၊ တောင်ကြီးမြို့များတွင် အိမ်ရာ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်တာကို လေ့လာတွေ့ ရှိရပါတယ်။ ထို့အပြင် ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်များကို တိကျစွာရယူသုံးစွဲ၍လည်းကောင်း၊ ဗဟိုအစိုးရနှင့် တင်ပြညှိနှိုင်း၍ မိမိတို့ပြည်နယ် အစိုးရ၏လုပ်ပိုင်ခွင့်အဖြစ် ဖန်တီးရယူ၍ ဆောင်ရွက်နိုင်တာ ကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ဥပမာ- ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ပြည်ထောင်စုအစိုးရ အဖွဲ့နှင့် ညှိနှိုင်းရယူပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းသို့ အစီးရေ ထောင်ပေါင်းများစွာ သောမော်တော်ကားများကို ရန်ကုန် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်အဖြစ် ဖန်တီးဆောင်ရွက် သွားတာကို လေ့လာတွေ့ရှိရပါတယ်။ ထိုသို့ရှမ်းပြည်နယ်အစိုးရ သည်လည်း ရှမ်းပြည်နယ်အစိုးရ ၏မျှော်မှန်းချက်၊ မူဝါဒ၊ ရည်မှန်း ချက်များချမှတ်ခဲ့သည်ကို တွေ့ရသဖြင့် များစွာဝမ်းသာ

ပီတိဖြစ်မိပါတယ်။ အဆိုပါ အစိုးရ၏ မျှော်မှန်း ချက်၊ မူဝါဒ၊ ရည်မှန်းချက်များသည် ယခုဘဏ္ဍာရေးနှစ် (၄)လကျော်ကာလ အတွင်း တိတိကျကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင် သည်ကို မတွေ့ရဘဲ ပြည်နယ်အစိုးရ၏ ဆောင်ရွက်နိုင်သော အခွင့်အရေးကို ရယူဆောင်ရွက်နိုင်မှု အားနည်းချက်များရှိ နေသည်ကို လေ့လာတွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ပြည်နယ်အစိုးရ အနေဖြင့် ပြည်နယ်အစိုးရ၏သတ်မှတ်ထားသော လုပ်ပိုင်ခွင့်များ အပြင်ရယူနိုင်သည့် လုပ်ပိုင်ခွင့်များကို အသုံးချကာ ရှမ်းပြည်နယ် လူထုအတွက် ပိုမိုအလေးထား ပြီးထိရောက်စွာ ဆောင်ရွက် ပေးပါရန်နှင့်ချမှတ်ထားသော ရှမ်းပြည်နယ်အစိုးရ၏ မျှော်မှန်းချက်၊ မူဝါဒ၊ ရည်မှန်းချက်များကို ပိုမိုအလေးထားပြီး ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ အဆိုတင်သွင်း အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။





**ဦးစိုင်းထွန်းညဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)**။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြ ပါစေကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းညဏ် ဖြစ်ပါတယ်။ ကျွန်တော် တင်သွင်းမည့်အဆိုကတော့ “ **ပြည်နယ် အစိုးရ၏ လုပ်ပိုင်ခွင့်များနှင့် ချမှတ်ထားသော မျှော်မှန်း ချက်၊ မူဝါဒ၊ ရည်မှန်းချက်များကို ပိုမိုအလေးထားပြီး ထိရောက်စွာ ဆောင်ရွက်ပေးရန်** ”အဆိုဖြစ်ပါတယ်။ အဆိုအနေနဲ့ ယေဘုယျဆန်ပြီးတော့ အစိုးရရဲ့လုပ်ပိုင်ခွင့်များကို အသုံးချပြီးတော့မှ ပိုမိုဆောင်ရွက်ပေးဖို့ တိုက်တွန်းမှုမျိုးဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များအားလုံးကျွန်တော်အပါအဝင်အစိုးရ၏ဆောင်ရွက်မှု အနေအထား၊ လိုအပ်ချက်၊ တိုက်တွန်းမှုများကို လွှတ်တော်မှတစ်ဆင့် ကိုယ်စားလှယ်များ တာဝန်ရှိသည်နှင့်အညီ တိုက်တွန်းပေးဖို့ တာဝန်ရှိသည်ဟူသော ခံယူချက်ဖြင့် ယခုအဆိုကို တင်သွင်းရခြင်း ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ရှမ်းပြည်နယ်အစိုးရ၏ လုပ်ဆောင်ချက်၊ စွမ်းဆောင်နိုင်မှုအပေါ်တွင် များစွာမူတည်

**အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမည့်လွှတ်တော်ကိုယ်စားလှယ်ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဦးစိုင်းမွန်းလိန်၊ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမွန်းလိန် ဖြစ်ပါတယ်။ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းညဏ်၏ **"ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်များနှင့် ချမှတ်ထားသော မျှော်မှန်းချက်၊ မူဝါဒ၊ ရည်မှန်းချက်များကို**





လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒရ ယူမှာဖြစ်ပါတယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေး ရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)**

**ဥက္ကဋ္ဌ။** အဆိုကိုလက်ခံဆွေးနွေးဖို့ သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့်ကိုယ်စားလှယ်မရှိသည့်အတွက်ဦးစိုင်းထွန်းညဏ်၏ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူညီကြောင်း ကြေညာပါတယ်။

ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းညဏ် တင်သွင်းတဲ့ အဆိုကို ၂၀၁၇ ခုနှစ်၊ ဩဂုတ် လ ၃၁ ရက်နေ့ (ကြာသပတေး) မှာ ဆွေးနွေးပါမယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေး ရပ်နားတဲ့အခါ ဒီကနေ့ ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

## ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၏ " ရှမ်းပြည်နယ်အစိုးရ အဖွဲ့၏ ကြီးကြပ်မှုဖြင့် လျှပ်စစ်မီတာများ တင်ဒါခေါ်ယူနိုင်ရန်" အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ယခုအစီအစဉ်(၈)ဖြစ်ပါတယ်။ ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၏ **" ရှမ်းပြည်နယ်အစိုးရအဖွဲ့ ၏ကြီးကြပ်မှုဖြင့် လျှပ်စစ်မီတာများ တင်ဒါခေါ်ယူနိုင်ရန် "** အဆိုဖြစ် ပါတယ်။ အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက ဆွေးနွေးဖို့ အမည်စာရင်း ပေးထားပါတယ်။ ပထမဦးစွာ ပင်းတယမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက အဆိုကိုဆွေးနွေး ဖို့ဖြစ်ပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက် သအပ်ပါတယ်။ ကျွန်တော်ကတော့ ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း ဖြစ်ပါတယ်။



D/real(wide) (1



**ပိုမိုအလေးထား ပြီးထိရောက်စွာ ဆောင်ရွက်ပေးရန် "** အဆို တင်သွင်းခြင်းကို လေးလေးနက်နက် ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးအေးမောင်၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** မင်္ဂလာပါ။ ကျွန်တော်ကတော့ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအေးမောင် ဖြစ်ပါတယ်။ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းညဏ်၏ **"ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်များနှင့် ချမှတ်ထားသော မျှော်မှန်းချက်၊မူဝါဒ၊ ရည်မှန်းချက်များကို ပိုမိုအလေးထားပြီး ထိရောက်စွာ ဆောင်ရွက်ပေးရန်"** တိုက်တွန်းကြောင်းအဆိုကို လေးနက်စွာ ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးစိုင်းထွန်းညဏ် တင်သွင်းတဲ့အဆိုကို လွှတ်တော် ကိုယ်စားလှယ် (၂)ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ **" ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်များနှင့် ချမှတ်ထားသော မျှော်မှန်းချက်၊ မူဝါဒ၊ ရည်မှန်းချက်များကို ပိုမိုအလေးထားပြီး ထိရောက်စွာ ဆောင်ရွက်ပေးရန်"** အဆိုဖြစ်ပါတယ်။ ယခု အဆိုကို

ကျွန်တော့်အနေနဲ့ မိုင်းရှူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလင်းမြတ်ရဲ့အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ လက်ရှိအစိုးရအနေနဲ့ ကျွန်တော်တို့ ရှမ်းပြည်နယ်အတွင်းမှာ လျှပ်စစ်မီးလင်းရေးကို တောရောမြို့ပါမကျန် နေရာအနှံ့ စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေတာကို တွေ့ရပါ တယ်။ အဲ့ဒီလို ချိတ်ဆက်ဆောင်ရွက်လျက်ရှိရာတွင် အချို့မြို့ကြီးများမှာ လျှပ်စစ်မီးရဲ့အကျိုးကို ရရှိခံစားရပေမယ့် မြို့ရွာအတော်များများမှာ လျှပ်စစ်မီးနှင့် ပတ်သက်ပြီး လိုအပ်ချက်များရှိနေတာ ကိုတွေ့ရှိရပါတယ်။ အဓိကအနေနဲ့ လျှပ်စစ်ဓါတ်အားလိုင်းများ သွယ်တန်း ထားရှိပြီး လျှပ်စစ်ဓါတ်အားများ ရောက်ရှိနေပြီဖြစ်သော်လည်း လျှပ်စစ်မီတာများ တပ်ဆင်အသုံးပြုခွင့်မရသေးသည့်အတွက် လျှပ်စစ်မီးရဲ့အကျိုးကို ပြည်သူအများက ပြည့်ပြည့်ဝဝမခံစားရသေးတာကို တွေ့ရှိနေရပါတယ်။ အိမ်တစ်အိမ်မှာလျှပ်စစ်မီတာမရှိလျှင် လျှပ်စစ်ဓါတ်အားကို ချိတ်ဆက်အသုံးပြုခွင့် မရှိသည့်အတွက် လျှပ်စစ်မီတာမရရှိ သေးသူများအနေဖြင့် မိမိအိမ်မီးလင်းရေးလျှပ်စစ် ဓါတ်အားလိုင်းများမှ တရားမဝင်ချိတ်ဆက် အသုံးပြုခြင်းများလည်းရှိ နေကာ မလိုလားအပ်သော ပြဿနာများဖြစ်သည့် လျှပ်စစ်ဓါတ်အားကို တရားမဝင်ခိုးယူ ချိတ်ဆက်အသုံးပြုခြင်းဖြင့် နိုင်ငံတော်ဘဏ္ဍာငွေများနစ်နာဆုံးရှုံးခြင်း၊ အကျင့်ပျက်အဂတိ လိုက်စားမှုများ ဖြစ်ပေါ်စေခြင်းအစရှိတဲ့



D/real(wide) (1



လျှပ်စစ်မီတာများ တင်ဒါခေါ်ယူရေးအဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ဆက်လက်ပြီး မိုင်းရှူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းကောင်ခမ်းက အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းကောင်ခမ်း၊ မိုင်းရှူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)**။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် ဝန်ကြီးချုပ်နှင့် လွှတ်တော် ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေ။ ကျွန်မကတော့ မိုင်းရှူးမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်နန်းကောင်ခမ်း ဖြစ်ပါတယ်။ ကျွန်မက မိုင်းရှူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလင်းမြတ် တင်သွင်းသည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် လျှပ်စစ်မီတာများ တင်ဒါခေါ်ယူနိုင်ရန်အဆိုနှင့် ပတ်သက်၍ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ရှမ်းပြည်နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများပါမကျန် မီးလင်းရေးသည် ယနေ့ခေတ်ကာလ၏လူနေမှုဖွံ့ဖြိုးရေးအတွက် မရှိမဖြစ်အလွန်အရေးကြီးသောကိစ္စရပ်ဖြစ်ပါတယ်။ သို့သော်လည်း မီးလင်းနိုင်ရေးအတွက် လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေးဌာနမှ

တာဝန်ယူရပြီး ဖြန့်ဖြူးသွားရမှာ ဖြစ်ပါတယ်။ လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေးနှင့်ပတ်သက်၍ ကျွန်မတို့ဒေသ၏ ယခုဖြစ်ပျက်နေသည့် အခြေအနေကို တင်ပြပါရစေရှင်။ ကျွန်မတို့ဒေသသည် ကျိုင်းတောင်းရေအားလျှပ်စစ်မီး ရရှိအသုံးပြုနေရသည်မှာ တစ်နှစ်ပင် မပြည့်သေးပါရှင်။ ပြည်သူလူထုမှ လျှပ်စစ်မီတာဘောက်စ်တစ်လုံးလျှင် ကျပ်( ၁၂၀၀၀၀ )နှင့် စုစုပေါင်းအလုံး (၄၀၀)ခန့်ကို ၎င်းနှုန်းအတိုင်း တပ်ဆင်ခဲ့ကြရပါတယ်။ (၂၀-၁၁-၂၀၁၆) ရက်နေ့ လျှပ်စစ်ဝန်ကြီးခရီးစဉ်တွင် တစ်လုံးလျှင် ကျပ် (၉၀၀၀၀)နှုန်း ပေးဝယ်ယူရမည်ဖြစ်ကြောင်း၊ ဓါတ်တိုင်မှ မိမိတို့၏နေအိမ် အသီးသီးသို့ သွယ်ယူလိုသော ပြည်သူများကိုယ်တိုင် ကုန်ကျစရိတ်ငွေကို ထပ်မံပေးချေရမည် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြား ခဲ့ပါတယ်။ သို့သော် မီတာဘောက်စ်တစ်လုံးလျှင် ကျပ် (၁၂၀၀၀၀)သာ ဆက်လက်ပေးသွင်း နေရကြောင်းကို ပြည်သူလူထုက ပြန်လည်ပြောကြားလာသောကြောင့် လျှပ်စစ်ဖြန့်ဖြူးရေး တာဝန်ခံကို မိမိအနေနဲ့ သွားရောက်တွေ့ဆုံ ညှိနှိုင်းပေးခဲ့ပါတယ်။ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးတာဝန်ခံက နောင်တွင် ထပ်မံရောက်ရှိလာမည့် လျှပ်စစ်မီတာဘောက်စ်အလုံး (၇၀၀)ကို တစ်လုံးလျှင် ကျပ်(၉၀၀၀၀)နှုန်း ထားပေးသွားမည်ဖြစ်ကြောင်း ပြောခဲ့ပါတယ်။ မိမိက ယခင်တပ်ဆင်ပြီးသော မီတာဘောက်စ် အလုံး(၄၀၀)မှ တစ်လုံးလျှင် ပိုငွေကျပ် (၃၀၀၀၀)စီကို ပြန်လည်၍ ပေးပါရန် ဆွေးနွေးခဲ့ပါတယ်။ ၎င်းကအလုံး(၄၀၀)၏ ပိုငွေကို





ဆိုးကျိုးများဖြစ်ပေါ်စေပါတယ်။ လျှပ်စစ် မီတာများကို လုံလောက်စွာ ဝယ်ယူငှားရမ်းသုံးစွဲနိုင်ခွင့်မရှိသည့်အပြင် မြို့နယ်အချို့တွင် လျှပ်စစ်မီတာများကို သက်ဆိုင်ရာဌာနများမှ အစိုးရ၏ချမှတ်ပေးသည့် သတ်မှတ်ဈေးထက် ပိုမိုပေးနိုင်သူများကို ဦးစွာ ရောင်းချပေးခြင်း၊ မတန်တဆဈေးများတင်ပြီး ရောင်းချခြင်းများကို ကြားသိနေရပါတယ်။ အလှည့်ကျမဲစနစ်ဖြင့် သုံးစွဲသူပြည် သူများကို လျှပ်စစ်မီတာများ သုံးစွဲခွင့်ချပေးသည်ဆိုသော်လည်း မည်မျှကြာမြင့်မည်မသိသော အချိန်ကာလတစ်ခုအထိ စောင့်ဆိုင်းရပြီး လျှပ်စစ်မီတာ အလုံးရေ အနည်းငယ်သာ ခွဲတမ်းရရှိသုံးစွဲနေရ၍ ပြည်သူများ၏ လိုအပ်ချက်ကို ပြည့်မီအောင် မဖြည့်ဆည်းနိုင်တာကို တွေ့ရှိနေရပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အစိုးရအနေနဲ့ ဈေးနှုန်းသက်သာပြီး အရည်အသွေးပြည့်ဝတဲ့ လျှပ်စစ်မီတာများကို ပြည်သူအများစိတ်ချမ်း မြေ့စွာဝယ်ယူအသုံးပြုနိုင်ရေးကို ရည်ရွယ်လျက် ပြည်ပနိုင်ငံများမှ လျှပ်စစ်ကုမ္ပဏီများကို တင်ဒါခေါ်ယူပြီး လျှပ်စစ်မီတာများကို ရှမ်းပြည်နယ်ရှိ ပြည်သူအများ လွယ်လင့်တကူဝယ်ယူ အသုံးပြုစေခြင်းဖြင့် ပြည်သူများအတွက် စိတ်ချမ်းသာစေခြင်း၊ နိုင်ငံတော်ဘဏ္ဍာများ လေလွင့်ဆုံးရှုံးမှုမှ ကာကွယ်နိုင်ခြင်း၊ မလိုလားအပ်သောအကျင့်ပျက်ခြစားမှုများကို တားဆီးရာ ရောက်စေမှာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ မိုင်းရှူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလင်းမြတ်ရဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့်

ပြန်မပေးနိုင်ကြောင်း၊ အလုံး(၂၀၀)၏ ပိုငွေကိုသာ ပြန်ပေးနိုင်ကြောင်း၊ ကျန်အလုံး(၂၀၀)၏ ပိုငွေကျပ်သိန်း (၆၀)ကို လျှပ်စစ်မီတာဘောက်စ်သယ်ယူစရိတ်တွင် အသုံးပြုလိုက်ရပါကြောင်း၊ ထိုသို့ ပြုလုပ်ခြင်းသည် နိုင်ငံတော်၏ ပုံရိပ်ကို ထိခိုက်နိုင်သည့်အပြင် ပြည်သူလူထုတို့ကိုလည်း ထိခိုက်နစ်နာစေခဲ့ပါတယ်။ လေးစား အပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များရှင်။ နောင်တွင် ယခုလိုဖြစ်စဉ်မျိုး အခြားမြို့နယ်များရှိ ပြည်သူလူထုများအနေနှင့် မကြုံစေချင်ပါ။ ပွင့်လင်းမြင်သာမှုရှိပြီး ပြည်သူလူထုအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးဌာနမှ တာဝန်ယူ၊ တာဝန်ခံသင့်သည်ဟု ယုံကြည်မိပါတယ်။ ထို့ကြောင့် လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေး ဦးစီးဌာနသည် လျှပ်စစ်မီတာဘောက်စ် ဖြန့်ဖြူးရေးလုပ်ငန်းပိုင်းတွင် အထက်ပါ ဆွေးနွေးသွားသည့်အတိုင်း တာဝန်ရှိပါမည်။ တာဝန်မယူခဲ့သော် လျှပ်စစ်ဖြန့်ဖြူးခြင်းနှင့် မီးတပ်ဆင်ခြင်းတို့တွင် အားနည်းသွားကာ ပြည်သူလူထုက လျှပ်စစ်မီးရရှိမှု၊ အသုံးပြုမှု ကဏ္ဍများတွင် နှောင့်နှေး ကြန့်ကြာသွားနိုင်ပါတယ်။ သို့ပါသော ကြောင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် တင်ဒါခေါ် ယူခြင်းသည် မလိုလားအပ်သော လာဘ်စားမှုများ နည်းပါးစေခြင်း၊ လျှပ်စစ်မီတာဘောက်စ်များ ပြည်သူလူထုထံ လျှင်မြန်စွာရောက်ရှိစေခြင်းစသည့် ကောင်းကျိုးများရရှိ စေနိုင်ပါတယ်။ သို့ဖြစ်ပါ၍



D/real(wide) (1



ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းရှူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလင်းမြတ်ရဲ့ အဆိုနဲ့ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ဒေါက်တာညီညီအောင်က ဆွေးနွေးရှင်းလင်း တင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၆၊ ပြည်ထောင်စုအဆင့် လုပ်ပိုင်ခွင့်တွေကို နောက်ဆက်တွဲ ဇယား ၁ နဲ့ ဖော်ပြထားရာမှာ နောက်ဆက်တွဲ ဇယား ၁၊ အမှတ်စဉ် ၆(ခ)မှာပါတဲ့ ပြည်ထောင်စုလျှပ်စစ်ဓါတ်အားထုတ်လုပ်ဖြန့်ဖြူးရေးဆိုတဲ့ ဖော်ပြချက်မှာ ဖြန့်ဖြူးရေးဆိုတဲ့အပိုင်းနဲ့ သွားပြီးသက်ဆိုင်တာဖြစ်ပါတယ်။ ဒီအဆိုမှာပါတဲ့ ဆွေးနွေးတင်ပြချက်များသည် ပြည်ထောင်စုအဆင့်ရဲ့ လုပ်ပိုင်ခွင့်တွေကို ရည်ညွှန်းတယ်ဆိုတာကို မှတ်သားရပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ က ညွှန်းဆိုထားတဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ပိုင်ခွင့် နောက်ဆက်တွဲဇယား ၂၊ အမှတ်စဉ် ၄(က)တွင် ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓါတ်အားထုတ်လုပ်ဖြန့်ဖြူးရေးမှအပ မဟာဓါတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကစီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့်အသေးစား လျှပ်စစ်ဓါတ်အား ထုတ်လုပ်ဖြန့်ဖြူးရေး

ဆိုပြီးတော့ လျှပ်စစ်ဓါတ်အားနဲ့ပတ်သက်တဲ့ လုပ်ပိုင်ခွင့်တွေကို ပြဋ္ဌာန်းထား တာကို မှတ်သားရပါတယ်။ ဒါကြောင့် ဒီအဆိုမှာပါတဲ့ ဆွေးနွေးချက်တွေဟာ ပြည်နယ်အဆင့်၏ လုပ်ပိုင်ခွင့်ကို ညွှန်းဆိုခြင်းမဟုတ်ဘဲ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာန၏ လုပ်ပိုင်ခွင့်ကို ညွှန်းဆိုထားကြောင်း မှတ်သားရပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ရေးဆွဲထားတဲ့ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို လေ့လာသည့်အခါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ၊ အခန်း (၁၁)၊ နည်းဥပဒေ ၉၈ အရ **"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအား မေးမြန်းသော မေးခွန်းတစ်ရပ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက ဆောင်ရွက်ရသော အများ ပြည်သူကိစ္စများနှင့်စပ်လျဉ်းစေရမည် သို့မဟုတ် တိုင်းဒေ သကြီး သို့မဟုတ် ပြည်နယ်အစိုးရက တာဝန်ခံထားသော အုပ်ချုပ်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်စေရမည်"** လို့ဖော်ပြထား ပါတယ်။ ဒီအဆိုတွင် ဖော်ညွှန်းထားတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ လုပ်ပိုင်ခွင့်များသည် ပြည်နယ်အစိုးရက တာဝန်ခံထားခြင်းမရှိသော လုပ်ငန်းများဖြစ်သည့်အတွက် နည်းဥပဒေ ၉၈ အရ ပြည်ထောင်စုတွင်သာ ဆွေးနွေးမေးမြန်း ဆောင်ရွက်သင့်ကြောင်း ဦးစွာတင်ပြလိုပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် အိမ်သုံးမီတာများ တင်ဒါခေါ်ယူရေးကိစ္စနှင့် ပတ်သက်၍





ရှမ်းပြည်နယ်အနှံ့ ကျေးလက်၊ မြို့/ရွာ များပါမကျန် မီးလင်းရေးတွင် အရည်အချင်း စံချိန်စံညွှန်း ပြည့်မီသော လျှပ်စစ်မီတာဘောက်စ်များ လွယ်ကူလုံလောက်စွာအမြန်ရရှိစေနိုင်ရန်၊ မလိုလားအပ်သော ပြဿနာ များမပေါ်ပေါက်စေရန်အတွက် မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၊ ဦးစိုင်းလင်းမြတ်တင်သွင်းသော **" ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် လျှပ်စစ်မီတာများ တင်ဒါခေါ်ယူနိုင်ရန် "** အဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါ တယ်ရှင်။

## အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး ဒုတိယနေ့က ဦးစိုင်းလင်းမြတ် တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၂)ဦးက ထောက်ခံဆွေးနွေး သွားပါတယ်။ ယခု ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅ (င)အရ သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင်က ပြန်လည်ဆွေးနွေး ပေးဖို့ဖြစ်ပါတယ်။

တင်ဒါခေါ်ယူရေးကော်မတီဖွဲ့စည်းပြီး ဌာနက သတ်မှတ်ထားသော စံချိန်စံညွှန်း (Specification) ကိုက်ညီမှု ရှိ/ မရှိစစ်ဆေးခြင်း၊ နည်းပညာပိုင်းဆိုင်ရာ (Techinical) စစ်ဆေးခြင်း၊ တင်ဒါတင်သွင်းသော ကုမ္ပဏီနှင့်သက်ဆိုင်သော စာရွက်/စာတမ်း၊ အထောက်အထားများအား စစ်ဆေးခြင်း၊ ကြမ်းခင်းဈေးအနေဖြင့် အမြင့်ဆုံးကြမ်းခင်းဈေးနှုန်း၊ အနိမ့်ဆုံးကြမ်းခင်းဈေးနှုန်းများ စိစစ်တွက်ချက်ခြင်း၊ ဈေးနှုန်းလွှာများ ဖွင့်ဖောက်ခြင်းစသည်ဖြင့် လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်လျက် ရှိပါတယ်။ တင်ဒါခေါ်ယူရေးကော်မတီမှ ဌာနမှသတ်မှတ်ထား သောစည်းကမ်းချက်များ၊ ဥပဒေများ၊ ညွှန်ကြားချက်များနှင့် ကိုက်ညီသူများကို စိစစ်ရွေးချယ်ပြီးပါက စီမံခန့်ခွဲရေး ကော်မတီသို့ တင်ပြအတည်ပြုချက် ရယူဆောင်ရွက်ရပါတယ်။ တင်ဒါအောင်မြင်သော ကုမ္ပဏီများမှပေးသွင်းလာသော အိမ်သုံးမီတာများအား တိကျမှန်ကန်မှု ရှိ/မရှိ အဆင့်အတန်း သတ်မှတ်ခြင်း၊ လည်ပတ်နှုန်းမှန်ကန်မှု ရှိ/မရှိအား ပြည်ထောင်စုဝန်ကြီး ဌာန၊ ခါတ်အားစနစ် ကာကွယ်ရေးနှင့် လျှပ်စစ်စမ်းသပ်ရေးဌာနမှ စစ်ဆေးပြီးမှသာ ဌာနပိုင်အဖြစ်မှတ်ပုံတင်သွင်းခြင်း၊ (Seal) တံဆိပ်ခတ်ခြင်းများပြုလုပ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ခွဲဝေ ထုတ်ပေးလျက်ရှိပါတယ်။ ပြည်ထောင်စုဝန်ကြီးဌာနအနေဖြင့်အိမ်သုံးမီတာများဝယ်ယူပေးရန် သီးခြားရန်ပုံငွေ( Separate Account ) မှ စီစဉ်ကျခံဆောင်ရွက်





အနှောင့်အယှက် ဖြစ်စေပြီး ပြည်နယ်အတွက်နစ်နာမှုများဖြစ်ပေါ်လာနိုင်ပါတယ်။ ထိုသို့ ဌာနတစ်ခုထပ်မံတိုးချဲ့မည်ဆိုပါက ဌာနအတွက်လိုအပ်မည့် အဆောက်အဦ၊ ပစ္စည်းကိရိယာနှင့် ဝန်ထမ်းများအတွက် လစာထောက်ပံ့မှုများ၊ အငြိမ်းစားဝန်ထမ်းများအတွက် ထောက်ပံ့မှု ဘတ်ဂျက်များလည်း ထပ်မံလိုအပ်လာမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တင်ပြခဲ့သော အချက် အလက်များကိုကြည့်မည်ဆိုလျှင် အဆိုပါ တင်ပြချက်များတွင် အကျိုးအပြစ်များကို ထောက်ထားချင့်ချိန်ပြီး ဆုံးဖြတ်မည်ဆိုပါက ဒီအဆိုကို မေးခွန်းအဖြစ်သာထားရှိသင့်ပါကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား သက်ဆိုင်ရာ ဝန်ကြီးက ဒီအဆိုကို မေးခွန်းအဖြစ် ပြောင်းလဲပေးဖို့ ဆွေးနွေးသွားပါတယ်။ အဲ့ဒါကြောင့်မို့ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၂၅ (စ)နှင့် (ဆ)အရ အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်က နောက်တစ်ကြိမ်ပြန်လည်ဆွေးနွေးနိုင်ပါတယ်။

**ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးခင်ဗျား။ ကျွန်တော်ကတော့ **" ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် လျှပ်စစ်မီတာများ တင်ဒါခေါ်ယူနိုင်ရန် "** အဆိုကို တင်သွင်းခဲ့တဲ့ မိုင်းရှူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလင်းမြတ် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ ဝန်ကြီးမှ ရှင်းလင်းဆွေးနွေးသွားမှုအပေါ် လျော်ကန်သင့်မြတ်ကြောင်း တွေ့ရှိရပါတယ်။ ကျွန်တော် ဒီအဆိုတင်သွင်းရတဲ့အကြောင်းအရင်းကတော့ -

(၁) ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ အခန်း(၄)၊အပိုဒ် ၉(ဂ)တွင်နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကိုသာ အဓိကထားလုပ်ဆောင်ရမယ်လို့ ပြဋ္ဌာန်းထားသည်နှင့်အညီ တင်သွင်းရခြင်းဖြစ်ပါကြောင်း၊

(၂) ခေတ်အဆက်ဆက်က လုပ်ဆောင်ခဲ့သော လုပ်ထုံးလုပ်နည်း၊ နည်းလမ်းအဟောင်းများနှင့် လည်ပတ်နေတဲ့ ယန္တရားကြီးတွင် မလိုသြဇာသုံးခြင်း၊ အကျင့်ပျက်ခြစားမှုနှင့် မလိုလားအပ်ဘဲ နိုင်ငံတော်၏ ဘဏ္ဍာငွေများ အလေအလွင့်ဖြစ်ခြင်းမှကာကွယ်ရန်အတွက် တင်သွင်းရခြင်းဖြစ်





လျက်ရှိပါတယ်။ ပြည်နယ်အစိုးရ အစီအစဉ်အနေဖြင့် ဆောင်ရွက်မည်ဆိုပါက ဒေသဖွံ့ဖြိုးရေး၊ ကျေးလက်ဒေသကျေးရွာများ ဓါတ်အားရရှိရေး၊ ဓါတ်အားလိုင်းများ၊ ဓါတ်အားခွဲရုံများ အသစ်တည်ဆောက်ရေး၊ တည်ဆောက်ပြီး ဓါတ်အားခွဲရုံများ ကြံ့ခိုင်ကောင်းမွန်မှုရှိစေရန် ထိန်းသိမ်းပြုပြင်ရေး လုပ်ငန်းများ၊ ဓါတ်အားဖြန့်ဖြူးရေးစနစ်ကောင်းမွန်စေရန် အဆင့်တိုးမြှင့်ရေး ( System Improvement )စသည့် လုပ်ငန်းများအား အပြည့်အဝ ဆောင်ရွက်ရန် ဘဏ္ဍာနှစ်အလိုက် ခွဲဝေရရှိသော ရန်ပုံငွေအနေဖြင့် လောက်ငှမှုမရှိပါသဖြင့် အိမ်သုံးမီတာဝယ်ယူရေးအတွက် ဘတ်ဂျက်ထပ်မံခွဲဝေလျာထားရပါက ရန်ပုံငွေမလုံလောက်မှု အခက်အခဲဖြစ်ပေါ်နိုင်ကြောင်းကို စိစစ်သုံးသပ်ရပါတယ်။ ရန်ပုံငွေ အခက်အခဲများအပြင် မီတာတစ်လုံးချင်းစီအား ကောင်းမွန်မှု ရှိ/ မရှိ၊ လည်ပတ်နှုန်း မှန်ကန်မှု ရှိ/မရှိအား ပြန်လည်စစ်ဆေးသော အခါ ပြည်နယ်အဆင့်တွင် ပြည်ထောင်စုအဆင့်ကဲ့သို့ ဓါတ်အား စနစ်ထိန်းသိမ်းကာကွယ်ရေးနှင့် လျှပ်စစ်စမ်းသပ်ရေးဌာနမရှိသည့် အတွက် ဌာနတစ်ခုဖွဲ့စည်းပုံထပ်မံတိုးဖို့ ဘတ်ဂျက်တွေသုံးဖို့ လိုလာ ပါမယ်။ ထိုကဲ့သို့ဖြစ်လာပါက ကျေးရွာများတွင် အသုံးပြုမည့် ဓါတ်အားလိုင်းများ၊ ဓါတ်အားခွဲရုံများ အသစ်တည်ဆောက်ရေး၊ တည်ဆောက်ပြီး ဓါတ်အားခွဲရုံများ ကြံ့ခိုင်ကောင်းမွန်မှုရှိစေရန် ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများအတွက် ခွဲဝေရရှိထားတဲ့ ဘတ်ဂျက်များထဲမှ ခွဲဝေသုံးစွဲဖို့ဖြစ်လာကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်

ပါကြောင်း၊

(၃) ပြည်သူလူထုများမှလည်း အမှန်တကယ်လိုအပ်နေသည့် ကိစ္စရပ်ဖြစ်ပါကြောင်း၊

(၄) ပြီးခဲ့တဲ့ရက်ပိုင်းက ဝန်ကြီးချုပ်မိန့်ခွန်းပြောကြားသွားခဲ့သည့်အတိုင်း ဒီမိုကရေစီ Federal ပြည်ထောင်စုကို သွားမည်ဆိုပါက ရှမ်းပြည်နယ်ရဲ့ပိုင်ဆိုင်ခွင့်အာဏာသည် ရှမ်းပြည်နယ်အစိုးရ၏လက်ထဲတွင်သာ အပြည့်အဝရှိရမည် ဖြစ်ပါကြောင်း၊

နောက်ဆုံးအနေနဲ့ ကျွန်တော့်ရဲ့အဆိုဟာ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၁၁၉ (က)တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဒို့တာဝန်အရေး (၃)ပါးကို ထိခိုက်နစ်နာစေသည့် အဆိုမဟုတ်သည့်အတွက် ကျွန်တော့်အနေနဲ့ တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောဆန္ဒကို လျှို့ဝှက်မဲပေးစနစ်ဖြင့် ဆန္ဒရယူလိုကြောင်း ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်အဖွဲ့အစည်းဝင်၊ သက်ဆိုင်ရာဝန်ကြီးက ဒီအဆိုကို မေးခွန်း အဖြစ်ပြောင်းလဲပေးဖို့ ဆွေးနွေးသွားသလို





သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေသည် အစည်းအဝေးတက်ရောက်သည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ၏ ထက်ဝက်ထက်နည်းသည့်အတွက် အဆိုကို မေးခွန်းအဖြစ်ပြောင်းလဲကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ရှမ်းပြည်နယ်လွှတ်တော်အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့တင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၀)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်အဖွဲ့အစည်းများ ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်းပြီး လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားသည့် ဥပဒေပြုရေး၊ တိုင်းရင်းသားလူမျိုးများအရေးတို့အပြင် လိုအပ်ပါက အခြားရေးရာကိစ္စရပ်များကို လေ့လာတင်ပြနိုင်စေရေးအတွက် လွှတ်တော်ကော်မတီများကို သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်တယ်လို့ ပြဋ္ဌာန်းထားပါတယ်။ လွှတ်တော်အစည်း



D/real(wide) (1

အဝေးတစ်ရပ်နှင့်တစ်ရပ်အကြား ဆောင်ရွက်ရန် လိုအပ်သည့်အခါ ဥက္ကဋ္ဌသည် ကော်မတီတွင်ပါဝင်ရမည့် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်တာဝန်ပေးအပ်ပြီး အနီးကပ်ဆုံးကျင်းပသည့် လွှတ်တော်အစည်းအဝေး၌ တင်ပြအတည်ပြုချက် ရယူရမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂ အရ ရှမ်းပြည်နယ်လွှတ်တော်အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လျှပ်စစ်ရေးရာကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ယင်းကော်မတီ၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းတို့ကို အောက်ပါပြည်နယ် လွှတ်တော်ကိုယ်စားလှယ် (၅)ဦးတို့ဖြင့် ဖွဲ့စည်းဆောင်ရွက်ရန် လျာထားပါကြောင်း လွှတ်တော်သို့ တင်ပြပါတယ်-

| | | |
|---|---|---|
| (၁) | ဦးခိုင်ညီညီကျော် | ရပ်စောက် (၁) |
| (၂) | ဦးစိုင်းလင်းမြတ် | မိုင်းရှူး (၁) |
| (၃) | ဦးခွန်လှသိန်း | ဆီဆိုင် (၁) |
| (၄) | ဦးအားမဲ | မိုင်းခတ် (၂) |
| (၅) | ဗိုလ်မှူးဇော်လင်းထွေး | ကြည်း-၃၀၀၈၉<br>တပ်မတော်သားကိုယ်စားလှယ် |

တို့ဖြစ်ကြပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)နှင့် အတွင်းရေးမှူးအဖြစ် ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်





အဆိုတင်သွင်းတဲ့ ဦးစိုင်းလင်းမြတ်ကလည်းဘဲ လွှတ်တော်ရဲ့ ဆန္ဒခံယူလိုပါကြောင်း တင်ပြလာတာဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီနေရာမှာ ကျွန်တော် လျှို့ဝှက်မဲပေးစနစ်တော့ မဟုတ်ပါဘူး။ မတ်တပ်ရပ်မဲပေးသည့်စနစ် ကိုသာ ကျင့်သုံးသွားမှာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၇(က)အရ အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့်သာဆုံးဖြတ်ရမှာဖြစ်ပါတယ်။ ဒီကနေ့ အစည်းအဝေးကို တက်ရောက်တဲ့ လွှတ်တော်ကိုယ်စား လှယ်ဦးရေကို ပြန်လည်တင်ပြပေးဖို့ ဖြစ်ပါတယ်။ ဒီကနေ့ အစည်းအဝေးတက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ် ဦးရေဟာ(၁၂၄)ဦးဖြစ်ပါတယ်။ အဲ့ဒါကြောင့် လွှတ်တော်ဥက္ကဋ္ဌမပါ လွှတ်တော်ကိုယ်စားလှယ် (၁၂၃)ဦးက ဆန္ဒပြုမဲပေးရမှာဖြစ်ပါတယ်။ကျွန်တော်တင်ပြခဲ့သည့်အတိုင်း အစည်းအဝေးသို့ တက်ရောက်သူ၏ များရာဆန္ဒမဲဖြင့်သာ ဆုံးဖြတ် မှာဖြစ်ပါတယ်။ ဒါကြောင့် အဆိုကိုအတည်ပြုရန် သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ်များ မိမိနေရာ၌ မတ်တပ်ရပ်၍ ဆန္ဒပြုရန်ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုကို အတည်ပြုရန် ဆန္ဒပြုသည့် လွှတ်တော်ကိုယ်စားလှယ်က (၃၀)ဦးဖြစ်ပါတယ်။ ဒီကနေ့ အစည်းအဝေး တက်ရောက်ပြီး ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်က (၁၂၃)ဦးဖြစ်တဲ့အတွက် ယခုအဆိုအား အတည်ပြုရန်

အမှတ်(၁) တို့ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။

ဖွဲ့စည်းရန်လျာထားသည့် ကော်မတီဝင်များ၏ အမည်စာရင်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီကနေ့ အစည်းအဝေးရပ်နားသည့်အခါ ကျွန်တော်နဲ့လာရောက် ဆွေးနွေးနိုင်ပါကြောင်း တင်ပြအပ်ပါတယ်။

## ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (တတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (စတုတ္ထနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (တတိယနေ့)ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို မနက်ဖြန် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၃၁) ရက် (ကြာသပတေးနေ့) နံနက်(၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပ သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။



D/real(wide) (1



# ရှမ်းပြည်နယ်
# ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
# သတ္တမပုံမှန်အစည်းအဝေး
# (စတုတ္ထနေ့)မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်**

**၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်**

**[ကြာသပတေးနေ့]**

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)အစီအစဉ်ကို နံနက်(၁၀း၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အခမ်းအနားမှူးအဖြစ် ဒေါ်အယ်လ်နန်းခမ်းညွန့်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဒေါ်ခင်သီတာ၊ လက်ထောက်ညွှန်ကြားရေးမှူးကလည်းကောင်း ဆောင်ရွက်ပါသည်။

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးစတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)အား ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာ ယူပေးပါရန် လေးစားစွာပန်ကြားအပ်ပါတယ်ရှင်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

**(ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသောစင်မြင့်ပေါ်သို့ကြွရောက်နေရာ ယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီရှင်။



D/real(wide) (1



**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

# ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်း နှင့်အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး (စတုတ္ထနေ့)မှာ လွှတ်တော်ကိုယ်စားလှယ် များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၁၄၁)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၂၆) ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် စုစုပေါင်း ဦးရေ (၈၉. ၃၆%)ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ် ဦးရေဟာ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၁၈၀ (က)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာပါတယ်။





**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၀. ၈. ၂၀၁၇) ရက် စတုတ္ထနေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များမှာ -

(၁) ဦးဘေရင်နယ်(ခ) ဦးခင်မောင်လွင် လောက်ကိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့်(၁) ရက်။

(၂) ဦးစိုင်းခမ်းမြတ်၊ တန့်ယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက်ခွင့် (၁)ရက်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ (၁၃)ဦးရှိပြီး ယနေ့ခွင့်ပန်ကြားသူ (၂)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်

သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၅)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ ။** ခွင့်ပန်ကြားချက်အားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ(၁၄၁)ဦး၊ ယခင်ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၃)ဦး၊ ဒီကနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂)ဦးဖြစ်ပါတယ်။ စုစုပေါင်း ခွင့်ပြုထားသူ (၁၅)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်မရှိပါ။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)၊ နည်းဥပဒေခွဲ (၂)အရ အခု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်သတ္တမပုံမှန် အစည်းအဝေး (စတုတ္ထနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။





## ပြည်နယ်လွှတ်တော်အစည်းအဝေး(စတုတ္ထနေ့) အစီအစဉ်ကြေညာခြင်း။

ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ၄ (ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များ အတိုင်း ဆက်လက်ကျင်းပသွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၄)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ (က) အရ ယနေ့အစည်းအဝေးသို့ မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အတွက် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက တင်ပြဖို့ဖြစ်ပါတယ်။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ် (၅) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ဖြစ်ပါတယ်။ ယခုဒီကနေ့အတွက် လွှတ်တော်ကိုယ်စားလှယ်(၁၀)ဦးက မေးမြန်းထားတဲ့ကြယ်ပွင့်ပြ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ဖြစ်ပါတယ်။



D/real(wide) (1



ကျေးရွာချင်းဆက်လမ်း၏ ကမ်းပါးများပြိုကျမှုတဖြည်းဖြည်းများပြားလာကာ လမ်းဧရိယာကိုလည်း ၎င်း၏လမ်းဘေးရှိ စပါးစိုက်ပျိုးသော လယ်ကွင်းဘက်သို့ ပြောင်းရွှေ့ပေးနေရပါတယ်။ ၎င်းချောင်းကမ်းပါးပြိုမှုကို ထိန်းသိမ်းကာကွယ်ခြင်း မဆောင်ရွက်ပါက နားကုန်းကျေးရွာ၊ ကွန်ခမ်းကျေးရွာ၊ တိလုံကျေးရွာနှင့် ဟတ်ဆိုင်းလုံကျေးရွာနေ ပြည်သူများအားလုံး ကျန်းမာရေး၊ ပညာရေးသာမက လမ်းပန်းဆက်သွယ်မှုပါ ပြတ်တောက်နိုင်ပါသောကြောင့် ၎င်းကျေးရွာချင်း ဆက်လမ်းအနီးရှိ နမ့်တိန်းချောင်းကမ်းပါးကာကွယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း၊ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင်ဆောင်ရွက်ပေးမည်ကို ပြည်သူလူထုကိုယ်စား ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ကိုယ်စားစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးကဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာ

အပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်ဖြစ်ပါတယ်။ ကျွန်တော်ကတော့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ကိုယ်စား လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ဦးစိုင်းအောင်မျိုးကျော် မေးမြန်းသည့် မေးခွန်းကိုဖြေကြားပေးသွားမှာဖြစ်ပါတယ်။ လင်းခေး မြို့နယ်၊ နားကုန်းကျေးရွာအုပ်စုအတွင်းရှိ နားကုန်း-ကွန်ခမ်း ကျေးရွာချင်းဆက် ကျောက်ချောလမ်းသည် နမ့်တိန်းချောင်းကမ်းပါး ပြိုကျမှုကြောင့် နားကုန်းကျေးရွာ၊ ကွန်ခမ်းကျေးရွာ၊ တိလုံကျေးရွာ နှင့် ဟတ်ဆိုင်းလုံကျေးရွာတို့မှ ပြည်သူများအားလုံး ဆက်သွယ်မှု ပြတ်တောက်နိုင်ပါသောကြောင့် နမ့်တိန်းချောင်း ကမ်းပါးအား ကာကွယ်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့် ရှိပါကမည်သို့ ကြိုတင် ဆောင်ရွက်ပေးမည်ကိုမေးမြန်းမှုနှင့်ပတ်သက်ပြီးတော့လင်းခေး မြို့နယ်၊ နားကုန်းကျေးရွာအုပ်စုအတွင်းရှိ နားကုန်း-ကွန်ခမ်း ကျေးရွာချင်းဆက်ကျောက်ချောလမ်းသည် နမ့်တိန်းချောင်းကမ်းပါး ပြိုကျမှုကြောင့် နားကုန်းကျေးရွာ၊ ကွန်ခမ်းကျေးရွာ၊ တိလုံကျေးရွာ နှင့် ဟတ်ဆိုင်းလုံကျေးရွာနေ ပြည်သူများအားလုံး လမ်းပန်း ဆက်သွယ်မှု ပြတ်တောက်နိုင်သောကြောင့် နမ့်တိန်းချောင်းကမ်းပါး အား ကာကွယ်ခြင်းလုပ်ငန်းဆောင်ရွက်ပေးနိုင်ရန် အသေးစိတ် ကွင်းဆင်းတိုင်းတာစစ်ဆေးချက်များဆောင်ရွက်ပြီး ဆောင်ရွက် သင့်သည့်အစီအမံများရေးဆွဲ၍လိုအပ်သော ရန်ပုံငွေများကို တင်ပြ





ပထမဦးစွာ လင်းခေးမြို့နယ် မဲဆန္ဒနယ် အမှတ် (၁)မှ ဦးစိုင်းအောင်မျိုးကျော်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါ တယ်။

**ဦးစိုင်းအောင်မျိုးကျော်၊ လင်းခေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)။** ဒီကနေ့ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ ရှမ်း ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာ ပို့သအပ်ပါ တယ်။ ကျွန်တော်ကတော့ လင်းခေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်မျိုးကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လင်းခေးမြို့နယ်၊ နားကုန်းကျေးရွာ အုပ်စု၊ နားကုန်း-ကွန်ခမ်းကျေးရွာချင်းဆက် ကျောက်ချောလမ်းရှိ နမ့်တိန်းချောင်းကမ်းပါးအား ကာကွယ်ခြင်းလုပ်ငန်းဆောင်ရွက် ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားရပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ကျွန်တော်တို့လင်းခေးမြို့နယ်၊ နားကုန်း ကျေးရွာအုပ်စုအတွင်းရှိ နားကုန်း-ကွန်ခမ်း ကျေးရွာချင်းဆက် ကျောက်ချောလမ်းသည် နမ့်တိန်းချောင်း နှင့်ကပ်လျက်တည်ရှိ နေပါသည်။ နှစ်စဉ်နမ့်တိန်းချောင်းရေ တိုက်စားမှုများကြောင့်

တောင်းခံကာ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်းက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။** ဒီကနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (စတုတ္ထ)နေ့သို့ ကြွရောက်ချီးမြှင့်ပေးပါသော လေးစားရသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး သက်ရှည်ကျန်းမာ စိတ်ချမ်းသာ၍ လိုရာဆန္ဒတစ်လုံးတစ်ဝကြီး ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ်။ ကျွန်တော်ကတော့ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးမြန်းမယ့် မေးခွန်းကတော့ ကျောက်မဲမြို့နယ်မှ ကောင်းကလောကျေးရွာအုပ်စုအား နမ့်ဆန်မြို့နယ်သို့ ထည့်သွင်းပေးရေးကိစ္စနှင့် ပတ်သက်ပြီး ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်မဲမြို့နယ်တွင် ပါဝင်သော ကောင်းကလောကျေးရွာအုပ်စု





ပြန်လည်ပြုစုတင်ပြရန် (၁၂. ၅. ၂၀၁၇) ရက်နေ့တွင် နမ့်ဆန်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပြန်လည် ပေးပို့လာပါတယ်။ အဆိုပါ လိုအပ်ချက်များကိုလည်း ပြုစုပြီး ကျောက်မဲခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (၁၄. ၅. ၂၀၁၇) ရက်နေ့တွင် ပြန်လည်ပေးပို့ခဲ့ပြီးဖြစ်ပါတယ်။ ယခုတစ်ဖန် လိုအပ်ချက်များ ကျန်ရှိနေသေးကြောင်း ကျောက်မဲခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ တောင်းခံလာပါသဖြင့် အဆိုပါ လိုအပ်ချက်ဖြစ်သော မူရင်းပုံစံသည်တို့ကိုလည်း ပေးပို့ပြီးဖြစ်ပါတယ်။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူများ၏ တောင်းဆိုချက်အရ ၂၀၁၄ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့တဲ့ ၎င်းကျေးရွာအုပ်စု၏ မြို့နယ်ပြောင်းရွှေ့ထည့်သွင်း ပြင်ဆင်ရေး ကိစ္စမှာ (၃)နှစ်ခန့်ကြာမြင့်ခဲ့ပြီ ဖြစ်သော်လည်း (၄)နှစ်ထိ သေချာစွာ မသိရှိရသေးပါ။ သို့ပါ၍အဆိုပါ ကျောက်မဲမြို့နယ်မှ ကောင်းကလောကျေးရွာအုပ်စုအား နမ့်ဆန်မြို့နယ်သို့ ပြောင်းရွှေ့ထည့်သွင်း သတ်မှတ်ရေးကိစ္စတွင် အဘယ်ကြောင့် ကြန့်ကြာနေရသနည်းနှင့် ပြောင်းရွှေ့သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါ သဖြင့် ပြည်သူလူထုကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီး နိုင်ဝင်းအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ပဏာမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ လွှတ်တော်ကိုယ်စားလှယ်ဦးအောင်ထွဏ်း မေးမြန်းတဲ့ ကျောက်မဲမြို့နယ်ရှိ ကောင်းကလောကျေးရွာအုပ်စုကို နမ့်ဆန်မြို့နယ်သို့ ပြောင်းရွှေ့ထည့်သွင်းရေးကိစ္စ ကြန့်ကြာနေရမှု ပြောင်းရွှေ့သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိသိလိုခြင်း ကြယ်ပွင့်ပြ မေးခွန်းနှင့်စပ်လျဉ်းပြီး ကျွန်တော် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ ဗိုလ်မှူးကြီး နိုင်ဝင်းအောင်မှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

၂၀၀၈ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၅၄ တွင် **"သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းသို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း၌ ရှိသော ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင် နယ်နိမိတ်များ ပြင်ဆင်ရန်၊ ဖွဲ့စည်းရန် သို့မဟုတ် အမည်ပြောင်းလဲရန် ပေါ်ပေါက်လျှင် သက်ဆိုင်ရာ**





သည် ပလောင်တိုင်းရင်းသားလူမျိုး အများစုနေထိုင်သော ကျေးရွာအုပ်စု ဖြစ်ပါတယ်။ ၎င်းကျေးရွာအုပ်စုတွင် ရွာပေါင်း(၈)ရွာရှိပြီး ကျောက်မဲမြို့နယ်၏ အနောက်မြောက်ဘက်တွင် တည်ရှိကာ ကျောက်မဲမြို့နယ်နှင့် မိုင်(၄၀)ခန့်ကွာဝေးပြီး လမ်းပန်းဆက်သွယ် ရေးလွန်စွာခက်ခဲပါတယ်။ နမ့်ဆန်မြို့နယ်နှင့် ချိတ်ဆက်လျက်ရှိတဲ့ ကျေးရွာလည်းဖြစ်ပါတယ်။ ကျောက်မဲမြို့နယ်နှင့် လွန်စွာကွာဝေးသောကြောင့် အုပ်ချုပ်မှုကဏ္ဍ၊ ပညာရေးကဏ္ဍပါ ဆောင်ရွက်ရာမှာ အခက်အခဲများစွာကြုံတွေ့လျက်ရှိပါသည်။ ဒါကြောင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၄ အရ ၎င်းကျေးရွာအုပ်စုရှိ ပြည်သူများသည် နမ့်ဆန်မြို့နယ်ထဲတွင် ပါဝင်လိုကြောင်း လက်မှတ်များ ရေးထိုး၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၂၀)ရက်နေ့တွင် တင်ပြလာပါတယ်။ ပထမအကြိမ်လွှတ်တော်သက်တမ်းကတည်းက တင်ပြခဲ့တဲ့ စာဖြစ်ပါတယ်။ (၃၁. ၁၀. ၂၀၁၆) ရက်နေ့တွင် နမ့်ဆန်မြို့နယ်ရှိ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက သဘောတူကြောင်း လက်မှတ်ရေးထိုးပြီး အမှုတွဲနှင့်တကွ နမ့်ဆန်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၏အပေါ်စာဖြင့် ကျောက်မဲခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (၂၆. ၁. ၂၀၁၇) တွင် တင်ပြခဲ့ပါတယ်။ ကျောက်မဲခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လိုအပ်ချက်များရှိနေသေးသောကြောင့် အဆိုပါ လိုအပ်ချက်များကို

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး နိုင်ငံတော်သမ္မတက လိုအပ်သလို ဆောင်ရွက်ပေးရမည်”** ဟုပါရှိပါသဖြင့် မြို့၊ ရွာများပြင်ဆင်ဖွဲ့စည်းရန်၊ အမည်ပြောင်းရန်၊ ပယ်ဖျက်ရန်ရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးအဆင့်ဆင့်၏ ကွင်းဆင်းစစ်ဆေးချက် အစီရင်ခံစာများနှင့်အတူ အမှုတွဲပြုစု၍ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ အစည်းအဝေးမှတ်တမ်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်၏ ထောက်ခံချက်တို့ဖြင့် နိုင်ငံတော်သမ္မတရုံးသို့ ဦးစွာတင်ပြရမည်ဖြစ်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)သို့ မိတ္တူတစ်စုံ ပေးပို့တင်ပြရန်နှင့် ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့ ၊မြို့နယ်၊ ခရိုင်များ ပြင်ဆင်ခြင်း၊ အသစ်ဖွဲ့စည်းခြင်း၊ အမည်ပြောင်းခြင်းတို့ကို ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ အချက်များပါဝင်အောင် အမှုတွဲပြုစု၍တင်ပြရန် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)မှ အကြောင်းကြားထားပါသည်-

(က) ပြည်ထဲရေး ဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးထားတဲ့ မြို့၊ ရွာတည်ရှိမှု စာရင်း၊ နောက်ဆုံးထုတ်စာအုပ်ကို အခြေခံ အသုံးပြုရန်။

(ခ) အမှုတွဲနေ့စဉ်ဆောင်ရွက်ချက်မှတ်တမ်းပါ ရှိရန်။

(ဂ) ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ်များပြင်ဆင်ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး





(ည) ပြုပြင်ဖွဲ့စည်းခြင်း၊ အသစ်ဖွဲ့စည်းခြင်း ဆောင်ရွက်မည့်ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများသည် သစ်တောကြိုးဝိုင်းအတွင်း ပါဝင်နေပါက သက်ဆိုင်ရာပြည်နယ်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ သဘောတူကြောင်း ထောက်ခံချက်။

(ဋ) အမိန့်ကြော်ငြာစာမူကြမ်း။

(ဌ) မူလ/ ပြုပြင်ဖွဲ့စည်းမည့် မြို့နယ်၊ မြို့၊ ကျေးရွာ t kyf pk ajr ykH w G kd A4 ကာလာဖြင့်ရေးဆွဲပြီး သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြေစာရင်းဦးစီးမှူးတို့မှ အတည်ပြုလက်မှတ်ရေးထိုးပြီးရာထူး တံဆိပ်ရိုက်ရန် ။

ယခု ကျွန်တော် တင်ပြခဲ့တဲ့ အချက်အလက်တွေ ပြည့်စုံစွာပါဝင်မှု ရှိ/မရှိကို နိုင်ငံတော်သမ္မတရုံးမှ စိစစ်ပြီး ပြည်ထဲရေးဝန်ကြီးဌာနကို သဘောထားပြန်လည်တင်ပြဖို့အတွက်ညွှန်ကြားပေးမှာဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန အနေနဲ့လည်း ဤအမှုတွဲကို စိစစ်ဖို့အတွက် သက်ဆိုင်ရာအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အဆင့်ဆင့်ကို ပြန်လည်တင်ပြဖို့ ညွှန်ကြားပေးမှာဖြစ်ပါတယ်။ သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအဆင့်ဆင့်မှ လုပ်ထုံးလုပ်နည်းနှင့်အညီ သတ်မှတ်ချက်တွေ စိစစ်ပြီးသည့်အခါ ပြည်ထဲရေးဝန်ကြီးဌာနကို တင်ပြလာမှာ ဖြစ်ပါတယ်။



D/real(wide) (1

ပြည်ထဲရေးဝန်ကြီးဌာနက သဘောထားမှတ်ချက်တွေ ထုတ်ပြန်ချက်တွေနှင့်အတူ နိုင်ငံတော်သမ္မတရုံးသို့ ပြန်လည်တင်ပြပေးမှာဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတရုံးမှ လုပ်ထုံးလုပ်နည်းနှင့်အညီဆက်လက်ဆောင်ရွက်ဖို့အတွက်ပြည်ထဲရေးဝန်ကြီးဌာနကို အကြောင်းကြားလာပြီဆိုလျှင် ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ကော်မတီကို ဦးစွာတင်ပြရပါတယ်။ ကော်မတီ၏ ခွင့်ပြုချက်ရရှိခဲ့ပြီဆိုလျှင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ ထောက်ခံတင်ပြရမှာဖြစ်ပါတယ်။ ဒီလိုထောက်ခံတင်ပြလို့ ပြည်ထောင်စုအစိုးရအဖွဲ့က သဘောတူညီကြောင်း ဆုံးဖြတ်ချက်ချပါက ပြည်ထဲရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ဆောင်ရွက်ရမှာ ဖြစ်ကြောင်းရှင်းလင်းဖြေကြားလိုပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့နယ် မိုင်းငေါ့မြို့မှာ ပါဝင်တည်ရှိသည့် ကောင်းကလောကျေးရွာအုပ်စုကို ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်အတွင်းသို့ ပြန်လည်ထည့်သွင်းနိုင်ဖို့အတွက် ကျောက်မဲခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ (၂၁. ၃. ၂၀၁၇) ရက်စွဲပါစာအမှတ်၊၃/၄(၈၁၅)/ဦး၅(အထဥ)ဖြင့် အမှုတွဲ (၄) တွဲ တင်ပြခဲ့မှုအပေါ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက စိစစ်သည့်အခါ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ကျေးရွာ နယ်နိမိတ်တိုးချဲ့ ပြင်ဆင်ဖွဲ့စည်းရေး လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်တွေနှင့်



D/real(wide) (1



သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးမှတ်တမ်း။

(ဃ) ဒေသခံပြည်သူလူထု၏ သဘောတူညီချက်။

( င) မူလမြို့၊ ရပ်ကွက်/ကျေးရွာအုပ်စု၊ ကျေးရွာနှင့် ပြင်ဆင်ဖွဲ့စည်းသည့်မြို့၊ ရပ်ကွက်/ကျေးရွာအုပ်စု၊ ကျေးရွာတို့၏ မြေအမျိုးအစားနှင့် မြေအသုံးချမှုစာရင်းနှင့် အလား(၄)ရပ် နယ်နိမိတ်သတ်မှတ်ချက်ကိုမြို့နယ်မြေစာရင်းဦးစီးမှူး၏ အတည်ပြုလက်မှတ်ဖြင့် တင်ပြရန်။

(စ) မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာနယ်နိမိတ်တိုးချဲ့ ပြင်ဆင်ဖွဲ့စည်းသည့်အမှုတွဲမှာ ပါဝင်ရမည့် ပုံစံ(၄)၊ ပုံစံ(၅)၊ ပုံစံ(၆)။

(ဆ) မြို့နယ်/ ခရိုင် / ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ကွင်းဆင်းစစ်ဆေးချက်အစီရင်ခံစာ။

(ဇ) ပြုပြင်ဖွဲ့စည်းသည့် မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာအလိုက် အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေ၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ လူဦးရေနှင့် သက်ဆိုင်ရာ မြို့၊ ရွာ၏ ဧရိယာအကျယ်အဝန်းစာရင်းများ။

(ဈ) အုပ်ချုပ်ရေး၊စီးပွားရေး၊လူမှုရေး၊အချက်အလက်များ။

ကိုက်ညီမှုမရှိ ကြောင်းတွေ့ ရှိရသည့်အတွက် (၅. ၆. ၂၀၁၇) ရက်စွဲပါစာအမှတ်၊၁/၁-၃/(၅၅)/ဦး၁(အထဉ)ဖြင့် ပြန်လည်စိစစ်ဆောင်ရွက်တင်ပြဖို့ ကျောက်မဲခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ပေးပို့ခဲ့ပါသည်။ကျောက်မဲခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့/ ရပ်ကွက်/ကျေးရွာအုပ်စု၊ ကျေးရွာနယ်နိမိတ်တိုးချဲ့ပြင်ဆင် ဖွဲ့စည်းရေး လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ယခုသြဂုတ်လကုန်မှာ ပေးပို့နိုင်ရေးဆောင်ရွက်လျက်ရှိပါသည်။ ဤအမှုတွဲ ရောက်ရှိလာပြီဆိုလျှင် သတ်မှတ်ချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါတယ်။အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) မှ ဦးစိုင်းမွန်းလိန်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းမွန်းလိန် ၊ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌနှင့်တကွရောက် လာကြသောလူကြီးမင်းများအားလုံး မင်္ဂလာပါလို့ ပဏာမနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းမွန်းလိန် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းချင်တာကတော့ မိုးနဲမြို့နယ်၊ နမ့်မော်ဆွန့်





(၂၉. ၆. ၂၀၁၇) ရက်နေ့တွင် မြို့နယ်မြေစာရင်းဦးစီးဌာနနှင့် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာတို့မှ လာရောက်ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။ ထိုသို့ကွင်းဆင်းစစ်ဆေးစဉ် ၂၀၁၀ခုနှစ် မြေပေးမိန့်နှင့် (၁၇) ကွက် ရှိကြောင်းသိရှိရပါတယ်။ ၂၀၁၀ ခုနှစ် ရပ်/ကျေးဥက္ကဋ္ဌလက်စွဲ ဥပဒေအရ မြေလွတ်၊ မြေရိုင်းများအားနေရာချထားပေးရေး ပြည်ထဲရေးဝန်ကြီးဌာနသို့ တင်ပြလျှောက်ထားရမည်ဖြစ်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိမှသာ နေရာပိုင်ခွင့်ရမည် ဖြစ်ပါတယ်။ ထိုအချိန်က စိုက်ပျိုးရေးလုပ်ကိုင်ရန် နေရာအခက်အခဲရှိသူများကို ကျေးလက်ဥက္ကဋ္ဌမှ စိုက်ပျိုးမြေလုပ်ကိုင်လိုသူများအား မြေပေးလိုပါက မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီထံသို့တင်ပြရမည်ဟု သိရှိရပါတယ်။ အောင်သပြေကျေးရွာရှိ နေအိမ် ခြံမြေများကို လက်ရှိ ကျေးရွာတွင်ဖွဲ့စည်းထားသော ကျေးရွာလူကြီး အချို့မှ လက်ရှိအစိုးရ ပွင့်လင်းမြင်သာမှုအား အကြောင်းပြ၍ ၎င်းတို့သဘောထားအရ ကျေးရွာလူထုအား ချပြပြောဆို အသိပေးခြင်းမရှိဘဲ ကျေးရွာကောင်းစားရေးဟု အကြောင်းပြ၍ အဆိုပါ လူကြီး၊ လူနည်းစုမှ ကျေးရွာနေမြေကွက်များကို ၎င်းတို့ အစီအမံ ဖြင့် ခွဲဝေရောင်းစားထားသည်ကို သိရှိရပါတယ်။ ၎င်းအကွက်ချ ရောင်းချရာတွင် မိုးနဲမြို့နယ်၊ နမ့်မော်ဆွန့်ကျေးရွာအုပ်စု၊ (ဆီဆုံ) အောင်သပြေကျေးရွာ အတွင်းရှိအိမ်ကွက် အမှတ်(၄၀/က)၊ ဧရိယာ(၀. ၁၁၀)စတုရန်းပေ

မြေနေရာကို (၁. ၁. ၂၀၁၀)ရက်စွဲဖြင့် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတံဆိပ်နှင့် ရိုက်နှိပ်ထားသည်ကိုလည်း တွေ့ရှိရပါတယ်။ မိတ္တူကိုလည်း မိုးနဲမြို့နယ် မြေစာရင်းဌာနကိုသာပေးထားပြီး ထိုမြေများသည် အင်းမြေများဖြစ်၍ ချုံနွယ်၊ ကျူတောများဖြစ်ပြီး အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေအရ မြေယာစီမံခန့်ခွဲမှု ပိုင်ဆိုင်ခွင့်များကို ကော်လိတ္တော်အရာရှိ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ လက်ထောက်ကော်လိတ္တော်အရာရှိ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများကိုသာ ပေးအပ်ထားပါသည်။မြေယာရောင်းဝယ်ရေးကိစ္စရပ်များတွင် ၁၉၀၈ခုနှစ် စာချုပ်စာတမ်း မှတ်ပုံတင်အက်ဥပဒေအရ သက်ဆိုင်ရာ မြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်ရုံးများတွင်သာ ဥပဒေနှင့်အညီ ရောင်းဝယ်ခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်းများကို မှတ်ပုံတင်ပြုလုပ်ရမည်ဖြစ်သည်။ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များတွင် မြေအရောင်းအဝယ်စာချုပ်ချုပ်ဆိုရာတွင် ရပ်ကွက်/ ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးစာရေးဝန်ထမ်းများ၊ စာချုပ်ချုပ် ဆိုပေးခြင်း လုံးဝ(လုံးဝ) မပြုလုပ်ရန် သက်ဆိုင်ရာ ဌာနများတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စာချုပ်စာတမ်း မှတ်ပုံတင် ခြင်းများ ဆောင်ရွက်သွားရန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)မှ (၂၅. ၈. ၂၀၁၁)ရက်စွဲပါစာအမှတ် ၃၀၀/၂ - ၃ (ဉ၁)ဖြင့် ညွှန်ကြားလာမှုအပေါ် ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးအား လိုက်နာ





ကျေးရွာအုပ်စု၊ အောင်သပြေ(ဆီဆုံ)ရွာ မြေနေရာများ အကွက်ချ ရောင်းဝယ် နေခြင်းကို စိစစ်ဖော်ထုတ်အရေးယူပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မိုးနဲမြို့နယ် အောင်သပြေကျေးရွာရှိ အရှေ့ဖက် အင်းထူတော မြေလွတ်၊ မြေရိုင်းအား ၂၀၁၇ ခုနှစ် (၃)လပိုင်း ကျေးရွာလျှပ်စစ်မီးလင်းပြီးမှ မြေကွက်ပိုင်ဆိုင်ထားသည်ကို တွေ့ရှိရပါတယ်။ လျှပ်စစ်ကြိုးများမဆွဲမီ ၂၀၁၀ ခုနှစ် မြေပေးမိန့်ဖြင့် တစ်ကွက်လျှင် (၃၀၀၀၀၀ိ/-)၊ (၅၀၀၀၀၀ိ/) ဖြင့် ရောင်းချနေသည်ကိုသိရှိရ၍ မိုးနဲမြို့နယ်အုပ်ချုပ်ရေးမှူးထံသို့ (၃. ၃. ၂၀၁၇) ရက်နေ့တွင် ကျေးရွာသားတစ်ဦးက သွားရောက်တင်ပြခဲ့သော် လည်း ဖြေရှင်းဆောင်ရွက်ခဲ့ခြင်း မရှိသည့်အတွက် ဂင်းလူနည်းစု၏ ဆက်လက်ပြီးအကွက်ရောင်းဝယ်နေသည်ကို စိစစ်တွေ့ရှိရပါသည်။ (၁၈. ၅. ၂၀၁၇)ရက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်၏ စိစစ်တွေ့ရှိချက်အရ မြေကွက် တစ်ကွက်ကို သိန်း(၄၀)ဖြင့် အမှန်တကယ် ရောင်းချနေသည်ကိုလည်း စိစစ်တွေ့ရှိရပါတယ်။ (၁၁. ၆. ၂၀၁၇) စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး၏ မိုးနဲမြို့နယ် လူထုတွေ့ဆုံပွဲတွင် ၂၀၁၀ခုနှစ် မြေပေးမိန့်နှင့်ပတ်သက်၍ အောင်သပြေကျေးရွာသား တစ်ဦး မှ တင်ပြပြောဆို တိုင်ကြားခဲ့ရာ (၁၂. ၆. ၂၀၁၇)ရက် နေ့တွင် အမှုမှန် ပေါ်ပေါက်ရေးအတွက် အမြန်ဆုံးအကောင် အထည်ဖော် အရေးယူဆောင်ရွက်နိုင်ရန် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးရုံးသို့ တင်ပြခဲ့ရပါတယ်။ တစ်ဦးချင်းအဆင့်ဆင့် မေးမြန်းခြင်းနှင့်ပတ်သက်၍

ဆောင်ရွက်ရန် (၂၅. ၈. ၂၀၁၂)ရက်စွဲပါစာအမှတ်၊ ၃/၃၁- ၁၃(၃၉၄)ဦး၁ ဖြင့် ညွှန်ကြားထားကြောင်းသိရပါသည်။ ထို့ကြောင့် ကျွန်တော့်အနေနဲ့ မေးမြန်းလိုသည်မှာ -

(၁) မြေကွက်ချပေးရာတွင် ဒေသခံများဖြစ်ပါကအမှန် တကယ် ဆင်းရဲချို့တဲ့သော အိမ်မဲ့၊ ယာမဲ့သူများ ဟုတ်/မဟုတ်။

(၂) ပြည်နယ်၊ခရိုင်၊ မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲရေး ကော်မတီထံသို့ မိတ္တူပေးပို့ထားခြင်း ရှိ/မရှိ။

(၃) မြေကွက်ချပေးရာတွင် ၎င်းတို့ နေထိုင်သော ရပ်ကွက်၊ ကျေးရွာ အုပ်စုအတွင်း နေထိုင်သော ပြည်သူလူထုများ၏ သဘောတူညီချက်ရယူထား ခြင်း ရှိ /မရှိ။

(၄) မြေသိမ်း၊ မြေလွှဲကိစ္စ နှင့် ပတ်သက်၍ ဒေသခံ အများစု၏ အကျိုးစီးပွား ထိခိုက်မှု ၊ သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုကို သုံးသပ်ထားသော စစ်တမ်း ကောက်ယူထားခြင်း ရှိ/မရှိ။

ထို့ကြောင့် လင်းခေးခရိုင်၊ မိုးနဲမြို့နယ်၊ နမ့်မော်ဆွန့် ကျေးရွာ အုပ်စု၊ အောင်သပြေ(ဆီဆုံ)ရွာရှိ မြေနေရာအားအကွက်ချ ရောင်းဝယ်နေခြင်းကို စိစစ်ဖော်ထုတ် အရေးယူပေးပါရန် ပြည်သူလူထုကိုယ်စား လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးများသို့ လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို





ဦးစီးဌာန)၏ (၁၄. ၇. ၂၀၁၇) ရက်စွဲပါစာဖြင့် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ဦးစီးမှူး အဖွဲ့ခေါင်းဆောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး အဖွဲ့ဝင်၊ မြို့နယ်သစ်တောဦးစီးမှူး အဖွဲ့ဝင်အဖြစ်ပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းပေးပြီး ၎င်းတို့အဖွဲ့မှ အဆိုပါတိုင်ကြားမှုဖြစ်စဉ်နှင့် ပတ်သက်ပြီး မြေပြင်ကွင်းဆင်း စစ်ဆေးခြင်း၊ သက်ဆိုင်ရာ ပုဂ္ဂိုလ်များအား ထွက်ဆိုချက်များ ရယူစစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

မေးခွန်း(က)အရ မေးခွန်းတွင်ပါရှိသော မြေနေရာသည် လင်းခေးခရိုင်၊ မိုးနဲမြို့နယ်၊ နမ့်မော်ဆွန့်ကျေးရွာအုပ်စု၊ (ဆီဆုံကျေးရွာဟောင်း) အောင်သပြေကျေးရွာကွင်း အမှတ်(၃၈)၊ ကွင်းအမည်- နမ့်မော်ဆွန့် ရွာမကွင်းမြေ ကွက်အမှတ် (၅၀၈)၊ ဧရိယာ (၂၀. ၇၅) ဧကအတွင်းပါဝင်ပြီး မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စာရင်းမြေပုံမှတ်တမ်း များအရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းအမျိုးအစားဖြစ်ကြောင်း၊ ၁၉၈၈ခုနှစ်တွင် နိုင်ငံတော်အစိုးရ အစီအစဉ်ဖြင့် ကျေးရွာများကို ဖျက်သိမ်းပြီး အခြားနေရာများသို့ ပြောင်းရွှေ့ချထားပေးခဲ့သော ကျေးရွာများတွင် ပါဝင်ခဲ့သော ကျေးရွာဖြစ်ပြီး၊ ၂၀၀၅ခုနှစ် မြေကွက် များပြန်လည်မချထား မီအချိန်ထိ ၎င်းနေရာသည် ရွာဟောင်း မြေလွတ်နေရာအဖြစ် တည်ရှိခဲ့ပါကြောင်း၊ ၂၀၀၅ခုနှစ်တွင် စစ်မှုထမ်းဟောင်းများနေထိုင် ရန်အတွက်မြေကွက်ပေါင်း(၆၉) ကွက်ကိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိုးနဲမြို့နယ်မှ

ယာယီမြေပေးမိန့်များဖြင့် နေရာချထားပေးခဲ့ပါကြောင်း စိစစ်တွေ့ ရှိရပါသည်။ ၂၀၀၅ခုနှစ်မှ ၂၀၁၀ခုနှစ်အတွင်း နမ့်မော်ဆွန့်ကျေးရွာ အုပ်ချုပ်ရေးမှူးဦးအုန်းကျော်ဇံမှ အငြိမ်းစားစစ်မှုထမ်းဟောင်း မိသားစုဝင်များကို ဆက်လက်၍ မြေကွက်(၅၄)ကွက်ကို ချထားပေးခဲ့ပါကြောင်း၊ ၂၀၁၀ခုနှစ်တွင် နမ့်မော်ဆွန့် ကျေးရွာအုပ်ချုပ်ရေးမှူးမှထပ်မံ၍မြေကွက်(၁၇)ကွက်ကို ဆက်လက် ချထား ပေးခဲ့ပါကြောင်း၊ မြေကွက်ချထားစဉ် စစ်မှုထမ်းဟောင်းများ အတွက်ရည်ရွယ်၍ ချထားပေးခြင်းဖြစ်ပါကြောင်း စိစစ်တွေ့ရှိ ရပါသည်။

မေးခွန်း(ခ)အရ မေးခွန်းတွင်ပါရှိသည့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် မြေယာစီမံခန့်ခွဲရေးကော်မတီထံသို့ မိတ္တူပေးပို့ထားခြင်း ရှိ/မရှိနှင့် ပတ်သက်၍ ၂၀၀၅ခုနှစ်တွင်မြေယာစီမံခန့်ခွဲ ရေးကော်မတီ ဖွဲ့စည်းထားခြင်းမရှိသေးပါကြောင်း တွေ့ရှိရပါ တယ်။

မေးခွန်း(ဂ)အရမြေကွက်ချထားပေးရာတွင် ၎င်းတို့ နေထိုင်သောရပ်ကွက်/ ကျေးရွာအုပ်စုအတွင်း နေထိုင်သော ပြည်သူလူထုများ၏ သဘောတူညီချက်ရယူထား ခြင်း ရှိ/မရှိနှင့် ပတ်သက်၍ ယင်းအချိန်တွင် တာဝန်ယူဆောင်ရွက်နေသည့် ဒေသအုပ်ချုပ်ရေး အဖွဲ့များကသင့်လျော်သလိုစီမံခန့်ခွဲချ ထားပေးခဲ့ ခြင်းဖြစ်ကြောင်းတွေ့ရှိရပါတယ်။

မေးခွန်း(ဃ)အရမြေသိမ်း/မြေလွှဲကိစ္စနှင့် ပတ်သက်၍



D/real(wide) (1



ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး။** လေးစားရပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုးနဲ မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမွန်းလိန်မေးမြန်းတဲ့ လင်းခေးခရိုင်၊ မိုးနဲမြို့နယ်၊ နမ့်မော်ဆွန့် ကျေးရွာအုပ်စု၊ အောင်သပြေ(ဆီဆုံ) ရွာရှိ မြေနေရာအကွက်ချ ရောင်းဝယ်နေခြင်းကို စိစစ်ဖော်ထုတ်အရေးယူ ပေးနိုင်ရန် ရှိ/မရှိ သိရှိလိုပါသည်ဟု မေးမြန်းလာပါတယ်။ မေးမြန်းချက်နှင့် ပတ်သက်ပြီး မြေကွက်ချထားပေးရာတွင် ဒေသခံများဖြစ်ပါက အမှန်တကယ် ဆင်းရဲချို့တဲ့သော အိမ်မဲ့ ယာမဲ့သူများ ဟုတ်/မဟုတ်နှင့် စပ်လျဉ်းပြီး လင်းခေးခရိုင်၊ မိုးနဲမြို့နယ်၊ နမ့်မော်ဆွန့်ကျေးရွာအုပ်စု၊ အောင်သပြေ(ဆီဆုံ)ရွာရှိ မြေနေရာအား အကွက်ချရောင်းဝယ် နေခြင်းကို စိစစ်ဖော်ထုတ် အရေးယူပေး နိုင်ခြင်း ရှိ/မရှိနှင့်ပတ်သက်၍ ဖြစ်စဉ်အခြေအနေမှန်များအား စုံစမ်းစစ်ဆေးရန်အတွက် မြို့နယ်စီမံခန့်ခွဲရေးကော်မတီ (မြို့နယ်အထွေထွေအုပ်ချုပ်ရေး

ဒေသခံအများစု၏အကျိုးစီးပွား ထိခိုက်နစ်နာမှု၊သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို သုံးသပ်ထားသော စစ်တမ်းကောက်ယူထားခြင်းရှိ/မရှိနှင့်ပတ်သက်၍မြေကွက်များ ဖော်ထုတ်ချထားစဉ်က ရွာဟောင်းမြေလွတ်နေရာကို စီမံခန့်ခွဲခဲ့ခြင်းဖြစ်သဖြင့်မြေ သိမ်းဆည်းခဲ့ခြင်း၊ ဒေသခံများ၏ အကျိုးစီးပွားနစ်နာမှုမရှိပါကြောင်းနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု စစ်တမ်းကောက်ယူ သည့် အလေ့အထမရှိသေးသောကာလဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေရှင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလင်းမြတ်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)။** လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် စိုင်းလင်းမြတ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းရှူးမြို့နယ်၊ မိုင်းစံမြို့မှာ ဆက်သွယ်ရေးတာဝါတိုင်များ တပ်ဆင်မှုနှင့်ပတ်သက်ပြီး ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ



D/real(wide) (1



ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီး (ကိုယ်စား) စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး။** လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး(ကိုယ်စား) မိုင်းရှူးမြို့နယ် ၊ မဲဆန္ဒနယ်အမှတ်(၁) ဦးစိုင်းလင်းမြတ် မေးမြန်းတဲ့ မေးခွန်းကို ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် မေးမြန်းတဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်၊ မိုင်းစံမြို့နယ်တွင် ဂျီအက်စ်အမ် ဆက်သွယ်ရေး တာဝါတိုင်များနှင့် တယ်လီဖုန်းလိုင်းများ တပ်ဆင်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိနှင့် မရှိပါက အဘယ်ကြောင့်နည်း။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် တပ်ဆင်ပေးမည်ကို သိရှိလိုမှုနှင့် မေးမြန်းခြင်းနှင့်ပတ်သက်၍ မိုဘိုင်းစခန်းများ တည်ဆောက်ရာတွင် တာဝါတိုင်တည်ဆောက်ခြင်း၊ အဝေးဆက်သွယ်ရေး ဆက်ကြောင်းများ (မိုက္ကရိုဝေ့ဗ်/ ဖိုင်ဘာ/ ဂြိုလ်တု) ဆက်သွယ်ခြင်းများ၊ ရာသီဥတု

အခြေအနေ၊ မြေပြင်အခြေအနေ၊ လျှပ်စစ်ဓာတ်အားရရှိမှု အခြေအနေ၊ နယ်မြေတည်ငြိမ်မှုအခြေအနေ ပေါ်မူတည်ပြီး ဆောင်ရွက်ရမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ယခုအချိန် တွင်မိုင်းရှူး မြို့နယ်၊ မိုင်းစံမြို့တွင် ဂျီအက်စ်အမ်ဆက်သွယ်ရေးတာဝါတိုင်များ နှင့်တယ်လီဖုန်းလိုင်းများ တည်ဆောက်ရန် အစီအစဉ် မရှိသေး ပါကြောင်းနှင့် တပ်ဆင်ခွင့်ရရှိရေးအတွက် မြန်မာ့ဆက်သွယ် ရေးလုပ်ငန်း၊ တောင်ကြီးမြို့မှ ၎င်း၏လုပ်ငန်း (ရုံးချုပ်)သို့ (၂၂. ၈. ၂၀၁၇) ရက်နေ့တွင် တင်ပြဆောင်ရွက်ထားပြီးဖြစ်ပါ ကြောင်းလွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် ပြန်လည်ဖြေကြား အပ်ပါတယ်။အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒ နယ် အမှတ် (၂)က ဦးညီညီ(ခ) ဦးညီလေးချမ်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကို မင်္ဂလာပါ လို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဒီကနေ့မှာ ကျွန်တော် တင်ပြ ဆွေးနွေးသွားမှာကတော့ မြန်မာနိုင်ငံမှာ H1N1



D/real(wide) (1



ဖြစ်ပါတယ်။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မိုင်းရှူးမြို့နယ်၊ မိုင်းစံမြို့ဟာ မိုင်းရှူး မြို့ကနေ (၄၂)မိုင်ကျော်ကွာဝေးပြီး အစိုးရရုံးစိုက်ရာ မြို့လည်းဖြစ်ပါတယ်။ တပ်မတော်တပ်ရင်းလည်းရှိပြီးတော့ပတ်ဝန်းကျင်မှာ ကျေးရွာပေါင်း (၂၅)ရွာကျော်ရှိပါတယ်။ လူဦးရေအားဖြင့် သုံးသောင်းကျော် ရှိပါတယ်။ အခုချိန်မှာမိုင်းစံမြို့နှင့် အနီးဝန်းကျင်မှာ ဆက်သွယ်ရေးနှင့်ပတ်သက်သည့် အခန်းကဏ္ဍတွင်များစွာ လျော့ရဲလျက်ရှိပါတယ်။ ယနေ့သတင်းနှင့် နည်းပညာ၊ ခေတ်ပညာ ကာလမှာဆက်သွယ်ရေး အခန်းကဏ္ဍဟာ လူမှုစီးပွားဖွံ့ဖြိုးရေး အတွက် မရှိမဖြစ် အရေးပါလိုအပ်လှပါတယ်။လက်ရှိအခြေအနေ မှာ မိုင်းစံမြို့နယ်မှာ CDMA -450ဖုန်းကိုသာ အားပြုဆက်သွယ် နေရပြီး တစ်ခါတစ်ရံ ဖုန်းခေါ်ဆိုရာတွင် အလွန်ခက်ခဲသည့် အတွက် လူမှုစီးပွားရေး ဆိုင်ရာကိစ္စရပ်များမှာ အဆင်မပြေမှုများ၊ ပြဿနာအခက်အခဲများနှင့် တွေ့ကြုံနေရပါတယ်။ သို့ဖြစ်ပါ၍ လက်ရှိအခြေအနေ ပြင်ပဧရိယာများနှင့် ဆက်သွယ်မှုပြတ်တောက် ခက်ခဲနေသည့် မိုင်းရှူးမြို့နယ်၊ မိုင်းစံမြို့တွင် ဂျီအက်စ်အမ် ဆက်သွယ်ရေးတာဝါ တိုင်များ၊ တယ်လီဖုန်းလိုင်းများ တပ်ဆင်ပေး နိုင်မည့် အစီအစဉ် ရှိ/မရှိနှင့်မရှိပါက အဘယ်ကြောင့်နည်း။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် တပ်ဆင်ပေးမည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မိုင်းစံမြို့နယ် ပြည်သူများ ကိုယ်စား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို

H5 N1 ရောဂါများ ဖြစ်ပွားလျက်ရှိပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ် မှာ ဖြစ်ပွားခဲ့ခြင်း ရှိ/မရှိနှင့် ပတ်သက်ပြီးတော့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ် အတွင်းရှိ မြို့နယ်အသီးသီးတွင် H1N1 ရောဂါ H5 N1 ရောဂါ အခြားကူးစက်မြန်ရောဂါများ ဖြစ်ပွားခဲ့ခြင်း ရှိ/မရှိနှင့် အဆိုပါ ရောဂါများကို ကြိုတင်ကာကွယ်ရေးအတွက် မည်သို့စီမံဆောင်ရွက် နေကြောင်းကို အများပြည်သူ သိရှိနိုင်အောင် ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြ မေးခွန်းမေးမြန်း အပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း ၊ လူမှုရေးဝန်ကြီး။** လေးစား ရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းရဲ့ ရာသီတုပ်ကွေးဖြစ်ပွားမှု ဆိုင်ရာမေးခွန်းကို ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာ ဖြစ်ပါ



D/real(wide) (1



(၂၆)ရက်တို့မှာ A (H1N1 ) Positive ဖြစ်ကြောင်း ထပ်မံစစ်ဆေးတွေ့ရှိရပါတယ်။ လူနာ(၂)ဦး စစ်ဆေးရာမှာ ရောဂါ ပျောက်ကင်းပြီဖြစ်တဲ့အတွက် ဩဂုတ်လ (၂၉)ရက်နေ့တွင် ကျောက်မဲဆေးရုံမှ အသီးသီးဆေးရုံဆင်းသွားပြီး ဖြစ်ပါတယ်။ အလားတူပဲ လားရှိုးဆေးရုံကြီးသို့ လားရှိုးမြို့ ရပ်ကွက်(၈)မှ အမျိုးသား လူနာ(၁)ဦး၊ ရာသီတုပ်ကွေးသံသယ လူနာအဖြစ် ဆေးရုံကို တက်ရောက်ကုသလျက်ရှိရာ နှာခေါင်း တို့ဖတ်ကိုယူပြီး အမျိုးသားဓါတ်ခွဲရုံသို့ ပေးပို့သည့်အခါ ဩဂုတ်လ(၂၉) ရက်နေ့တွင်A (H1N1) Positive ဖြစ်ကြောင်း ထပ်မံပေးပို့ လာပါတယ်။ ရောဂါအခြေအနေ ပိုမိုကောင်းမွန်လာ လျက်ရှိပြီး လက်ရှိမှာ လားရှိုးဆေးရုံကြီးရဲ့ သီးသန့်လူနာဆောင်မှာ ကုသလျက်ရှိကြောင်း ဖြည့်စွက်တင်ပြ အပ်ပါတယ်။ သို့ဖြစ်၍ ၂၀၁၇ခုနှစ် ဇူလိုင်လ (၃၁)ရက်နေ့မှ ယနေ့ထိ ရှမ်းပြည်နယ် Influenza A (H1N1) Positive လူနာစုစုပေါင်း (၁၈)ဦးရှိကြောင်း တွေ့ရှိရပါတယ်။ ရှမ်းပြည်နယ်တစ်ခုလုံး တွင်ရာသီတုပ်ကွေး Influenza A (H1N1) ဖြင့် သေဆုံးခဲ့သည့် လူနာမရှိပါကြောင်း တစ်ဆက်တည်း တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ် ပြည်သူ့ ကျန်းမာရေးဦးစီးဌာနအနေဖြင့် ရာသီတုပ်ကွေးရောဂါ Influenza A (H1N1) ပြန့်ပွားမှု ကြိုတင် ကာကွယ်ရေးအတွက် ဒေသအလိုက် ခရိုင်/မြို့နယ် အသီးသီးမှ တုန့်ပြန့်ဆောင်ရွက်ခြင်း၊ ကာကွယ် ထိန်းချုပ်ခြင်း၊ ရောဂါမပြန့်ပွားစေရန်နှင့် ရောဂါဖြစ်ပွားပါက

သေဆုံးမှုနှုန်း လျှော့ချနိုင်ရန် ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန၏ လမ်းညွှန်ချက်အတိုင်း လိုက်နာဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူလူထုအား အသိပညာပေးခြင်း (Public Education) ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး အခြေခံအားဖြင့် လိုက်နာဆောင်ရွက်ရန် အောက်ပါအချက်များအား ပညာပေးလျက် ရှိပါတယ်-

(က) တစ်ကိုယ်ရည်သန့်ရှင်းမှုကိုသတိပြုဆောင်ရွက်ရန်။

(ခ) နှာချေ၊ ချောင်းဆိုးလျှင် ပါးစပ်၊ နှာခေါင်းကိုအုပ်၍ လက်ကိုင် ပုဝါ၊ တစ်ရှူးနှင့် တစ်ခါသုံးပါးစပ်၊နှာခေါင်းစည်း (Mask) အသုံးပြုရန်။

(ဂ) နှာချေ၊ ချောင်းဆိုးရာတွင် အသုံးပြုသော (လက်ကိုင်ပုဝါ၊ တစ်ရှူးနှင့် တစ်ခါသုံး ပါးစပ်၊ နှာခေါင်းစည်း(Mask) များကို စနစ်တကျ စွန့်ပစ်ရန်။

(ဃ) ရောဂါမကူးစက်စေရန် နှာခေါင်း နှင့် ပါးစပ်ကို လုံအောင် ဖုံးအုပ်သည့် ပါးစပ်၊ နှာခေါင်းစည်း (Mask) အသုံးပြုရန်။

( င ) လက်ကိုဆပ်ပြာနှင့်စင်ကြယ်စွာဆေးကြောရန်။

( စ ) အလုပ်ပတ်ဝန်းကျင်သန့်ရှင်းစေရေးဆောင်ရွက်ရန်။

(ဆ) လေဝင်လေထွက်ကောင်းမွန်အောင် ဆောင်ရွက်





တယ်။ ဒီမေးခွန်းနှင့် ပတ်သက်ပြီးတော့ ရှမ်းပြည်နယ် လွှတ်တော်ကို (၂၄. ၈. ၂၀၁၇)ရက်နေ့က ပေးပို့သည့် နေရာမှာ ကျွန်တော့် အနေနဲ့ ဩဂုတ်လ (၁၈)ရက်နေ့ထိ ဖြစ်ပွားမှုအခြေအနေကို ပေးပို့ထားတာဖြစ်ပါတယ်။ ယခုလက်ရှိအခြေအနေ ကျွန်တော် ဖြေမှာကတော့ ဩဂုတ်လ(၃၀)ရက်နေ့ထိ ဖြစ်ပွားမှုအခြေအနေများကို ဖြည့်စွက်ပြီးတော့ ဖြေဆိုပေးသွားမှာ ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်အနေဖြင့် ၂၀၁၇ခုနှစ် ဇူလိုင်လ(၁၂)ရက်နေ့မှ ဩဂုတ်လ(၁၈)ရက်နေ့ထိရာသီတုပ်ကွေး ရောဂါ လက္ခဏာဖြင့် လာရောက် ပြသတဲ့ ပြင်ပလူနာ ပေါင်း(၁၂၁) ဦး၊ ဆေးရုံတက်ရောက်ကုသတဲ့ အတွင်းလူနာ ပေါင်း(၁၉၃)ဦး ရှိပါတယ်။၎င်းတို့အနက်(၂၄)ဦးတွင် လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်း ပိုးဝင်ရောဂါ လက္ခဏာများ တွေ့ရှိရပါတယ်။ ၎င်းတို့၏ ဓါတ်ခွဲနမူနာ (Nasopharyngeal Swab) ကို ရန်ကုန်မြို့ရှိ အမျိုးသား ကျန်းမာရေးဓါတ်ခွဲမှု ဆိုင်ရာ (National Health Laboratory)သို့ ပေးပို့ စစ်ဆေးခဲ့ရာ လူနာ(၁၅) ဦးမှာ Influenza A (H1N1) တွေ့ရှိခဲ့ရပါသည်။ လူနာ (၁၅) ဦးမှာ ကလောမြို့နယ်မှ (၉) ဦး၊ တောင်ကြီးမြို့နယ်မှ (၁) ဦး၊ ဟိုပုံးမြို့နယ်မှ (၁) ဦးနှင့် ကျောက်မဲမြို့နယ်မှ(၂) ဦး၊ ကျိုင်းတုံ မြို့နယ်မှ(၂) ဦး ဖြစ်ပါတယ်။ ကျောက်မဲဆေးရုံသို့ ရာသီတုပ်ကွေးရောဂါ သံသယ လူနာသားအမိ ထပ်မံရောက်ရှိလာရာ ၎င်းတို့၏ နှာခေါင်းတို့ ဖတ်ကိုယူပြီး အမျိုးသားဓါတ်ခွဲရုံကို စစ်ဆေးပေး ပို့ခဲ့ရာမှာ ဩဂုတ်လ (၂၄)ရက်နှင့်



D/real(wide) (1

နေထိုင်ရန်။

(ဇ) လူထူထပ်သော နေရာများသို့ သွားလာခြင်းမှ ရှောင်ကြဉ်ရန်။

(ဈ) မိမိ(သို့မဟုတ်) တစ်ဦးဦးတွင် ရောဂါလက္ခဏာ ဖြစ်ပွား သည်ဟု သံသယရှိပါက မိမိထံမှ ရောဂါပိုး အတူနေ မိသားစု ဝင်များနှင့် ပတ်ဝန်းကျင်သို့ ပြန့်ပွားမှု မရှိစေရန်အတွက် အိမ်တွင် (၇)ရက်ခန့် အနားယူရန်။

(ည) နှာခေါင်းနှင့် ပါးစပ်ကိုလုံအောင် ဖုံးအုပ်သည့် ပါးစပ်၊ နှာခေါင်းစည်း (Mask) အသုံးပြုစေပြီး နီးစပ်ရာ ကျန်းမာရေး ဌာနများသို့ သွားရောက် ကုသမှုခံယူစေရန်။

(ဋ) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်ထားသော နှိုးဆော်ချက်များကို သိရှိလိုက်နာ ပညာပေး ဆောင်ရွက်လျက် ရှိပါတယ်။

ရှမ်းပြည်နယ်အတွင်း Influenza A (H1N1) ပိုးတွေ့လူနာ (၁၈)ဦးအနက် (၁၇)ဦးမှာ ရောဂါများသက်သာ ပျောက်ကင်းပြီး ဖြစ်သဖြင့် ဆေးရုံမှ အသီးသီးဆင်းသွားကြပြီးဖြစ်ပါတယ်။ လားရှိုးမြို့ ကုတင် (၅၀၀)ဆံ့ ဆေးရုံကြီး၏ သီးသန့်လူနာဆောင် ရှိ လူနာတစ်ဦးမှာလည်း ရောဂါများအခြေအနေ ကောင်းမွန်လျက်





တောင်ဘက်မှာဆိုလျှင် မိုင်းပျဉ်းမှ မိုင်းဆတ်ဖြတ်သန်းသွားသည့် လမ်း တစ်လမ်းသာရှိပါတယ်။ ကျန်သည့်လမ်းမရှိပါ။ ကျန်ကျေးရွာ အုပ်စုများမှာလည်း အများအားဖြင့် တောင်ပေါ်ဒေသဖြစ်ကြပြီး လမ်းပန်းဆက်သွယ်ရေးအလွန်ခက်ခဲသည့်ဒေသတစ်ခုဖြစ်ပါတယ်။ ကိုယ်ထူကိုယ်ထဖြင့် ဆိုင်ကယ်လမ်း၊ တောလမ်း၊ တစ်ပိုင်တစ်နိုင် ဖောက်လုပ်သွားလာနေကြတဲ့ အဆင့်သာရှိပါတယ်။ နိုင်ငံတော် ရန်ပုံငွေဖြင့် ဖောက်လုပ်ပေးသည့် လမ်းများလည်းရှိပါတယ်။ သို့သော်အလွန်နည်းလှပါတယ်။ သို့ဖြစ်ပါ၍ မိုင်းပျဉ်းမြို့နယ်ရှိ ကျေးရွာအုပ်စုများအားလုံးသည် ကိုယ်ထူကိုယ်ထစနစ်ဖြင့် သွားလာ သည့်လမ်းလောက်သာ အသုံးပြုလျက်ရှိနေကြပါတယ်။ လူမှုရေးကိစ္စ၊ ကျန်းမာရေးကိစ္စ၊ ပညာရေး၊ စီးပွားရေးလုပ်ငန်း အစစအရာရာ ကိုယ်ထူကိုယ်ထစနစ်သာ ဖြစ်ပါတယ်။ မိုးတွင်းဆိုလျှင် အင်မတန်မှ ရုန်းကန်သွားလာလှုပ်ရှားနေတဲ့ မြို့နယ်တစ်ခုဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ လိုအပ်နေသော ကျေးရွာချင်းဆက်လမ်းနှင့် တံတား လိုအပ်ချက်များအား ဆောင်ရွက်ပေးဖို့ တင်ပြအပ်ပါတယ်-

(က) ၁၆မိုင် မှ ဖာလုံလမ်း၊ ကျောက်ချောလမ်း (၅)မိုင်၊ အိမ်ခြေ(၃၈၄)အိမ်၊လူဦးရေ(၂၁၆၄) ဦး၊

(ခ) ယမ်းမိုင်မှ ပိန်းမုံလမ်း၊ ကျောက်ချောလမ်း(၃) မိုင်၊ အိမ်ခြေ(၈၆၈) အိမ်၊ လူဦးရေ (၄၇၄၄)ဦး၊

(ဂ) ပိန်းမုံ၊ နားပယ်လမ်း၊ မြေသားလမ်း (၆)မိုင်၊အိမ်ခြေ

(၈၆၈)အိမ်၊ လူဦးရေ(၄၇၄၄)ဦးတို့ ဖြစ်ပါတယ်။

ထို့အတူ လမ်းများ ဖောက်လုပ်မည်ဆိုပါက လိုအပ်တဲ့ (Box Culvert)တံတားများမှာ-

(က) ဝမ်ပုံ-ကောင်းပျက်တံတား (၃) စင်း၊

( ခ) (၁၆)မိုင်မှ ဖာလုံတံတား(၃)စင်း၊

( ဂ) ပိန်းမုံ၊ နားပယ်တံတား(၁၀)စင်းတို့ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါ လမ်းနှင့် တံတားများ(Box Culvert) များဆောင်ရွက်ပေးနိုင်ရန်အတွက် လာမည့် ၂၀၁၇-၂၀၁၈ ဖြည့်စွက်ရန်ပုံငွေ စီစဉ်ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းပြီး လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့်မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း မေးမြန်းတဲ့ မိုင်းပျဉ်းမြို့နယ်အတွင်းရှိ



D/real(wide) (2



ရှိပါတယ်။ ရှမ်းပြည်နယ်အနေဖြင့် (H5N1) ရောဂါ ဖြစ်ပွားခဲ့ခြင်း မရှိပါကြောင်းနှင့် (H1N1) ဖြင့် သေဆုံးခဲ့သည့် လူနာ မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းလှဝင်းက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းပျဉ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်း ဖြစ်ပါတယ်။ မိုင်းပျဉ်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုချင်းဆက်လမ်း၊ တံတား (Box Culvert)ဖောက်လုပ်ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်နှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းပျဉ်းမြို့နယ်တွင် ကျေးရွာအုပ်စု (၂၄)အုပ်စု၊ ကျေးရွာပေါင်း(၃၉၀)ရှိပါတယ်။ ပြည်ထောင်စုလမ်းမကြီး အနောက်ဘက်တွင် ကွန်ဟိန်းမြို့နယ်မှ မိုင်းပျဉ်း၊ တုံတာဖြတ်ပြီး ကျိုင်းတုံမြို့နယ် အရှေ့ဘက် သွားသည့် လမ်းတစ်လမ်း ရှိပါတယ်။ ထို့အတူ မြောက်ဘက်မှာဆိုလျှင် မိုင်းပျဉ်းမြို့မှ မက်မန်းသွားသည့်လမ်း တစ်ခုဖြစ်ပါတယ်။ ထို့အတူ

ကျေးရွာချင်းဆက်လမ်းနှင့် တံတားများ (Box Culvert) အား ၂၀၁၇-၂၀၁၈ ဖြည့်စွက်ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိလိုပါသည် မေးခွန်းနှင့်ပတ်သက်၍ မိုင်းပျဉ်းမြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက်လမ်းများဖြစ်သော (၁၆)မိုင်မှ ဖာလုံရွာသွား ကျောက်ချောလမ်း(၅)မိုင်ခန့်၏ ခန့်မှန်းကုန်ကျငွေ ကျပ်သန်းပေါင်း (၁၄၇၆. ၃၅)သန်း၊ ၎င်းလမ်းပေါ်ရှိ ( Box Culvert)(၃)စင်း ခန့်မှန်း ကုန်ကျငွေ(၂၁) သန်းဖြစ်ပါတယ်။ယမ်းမိုင်မှပိန်းမုံကျောက်ချောလမ်း အတွက် (၃)မိုင် ခန့်မှန်းကုန်ကျငွေမှာ (၈၈၅. ၈)သန်း၊ ပိန်းမုံရွာမှ နားပယ်ရွာ မြေသားလမ်း(၆)မိုင် ခန့်မှန်းကုန်ကျငွေမှာ (၁၅၀)သန်းနှင့် ၎င်းလမ်းပေါ်ရှိ (Box Culvert) (၁၀)စင်း ခန့်မှန်းကုန်ကျငွေမှာ သန်း(၇၀)ကုန်ကျမှာဖြစ်ပါတယ်။ဝမ်ပုံ-ကောင်းပျက်(Box Culvert) (၃)စင်း ခန့်မှန်းကုန်ကျငွေမှာ(၂၁)သန်းဖြစ်ပြီး၊ စုစုပေါင်း ကုန်ကျငွေမှာ ကျပ်သန်းပေါင်း(၂၄၇၄. ၁၅)သန်းကုန်ကျမှာ ဖြစ်တဲ့အတွက် ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် လျာထား ဆောင်ရွက်နိုင်ခြင်းမရှိသေးပါကြောင်းနှင့် ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု စီမံကိန်းလျာထားချက်တွင် အပိုင်းလိုက် ထည့်သွင်းလျာထားပေးပြီးဖြစ်ပါကြောင်းနှင့် ခွင့်ပြုရန် ပုံငွေရရှိပါက အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။



D/real(wide) (2



တာမကျေးရွာ၊ ဘူးဖာကျေးရွာ၊ တော်ညုကျေးရွာ၊ မိုင်းဟဲ ကျေးရွာနှင့် မဟီကောင်ကျေးရွာများရှိ အခြေခံမူလ တန်းကျောင်း စာသင်ဆောင်များသည် ဟောင်းနွမ်းပြီး ကြမ်းခင်းများလည်း အက်ကွဲနေခြင်း၊ ဝရန်တာ ပြတင်းပေါက်ကျည်းခွေများခြစားခြင်း၊ ပြတင်းတံခါးများ ဖွင့်ပိတ်မရခက်ခဲနေခြင်း၊ အမိုးမလုံ မိုးယိုနေခြင်း၊ တိုင်များတန်းများ ခြစားဆွေးမြေ့နေသည့်အပြင် အချိန်မရွေး ကျရောက်နိုင်သည့် လေပြင်း တိုက်ခတ်မှုကိုပါ စိုးရိမ်နေရပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါ စာသင်ဆောင်ပြင်ဆင်ပေးပါရန် လိုအပ်နေ ပါသဖြင့် ပြင်ဆင်ထိန်းသိမ်းရေး စရိတ်ချမှတ်ပေးနိုင်ပါရန် လေးစားစွာတင်ပြ တောင်းခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါ တယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစား အပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် များ ခင်ဗျား။ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျောက်ရဲ့ ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်းကို ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မိုင်းဖြတ် မြို့နယ်အတွင်း ဆိုင်ဆတ်၊ တာမ၊ ဘူးဖာ၊ တော်ညု၊ မိုင်းဟဲ နှင့် မဟီကောင်ကျေးရွာများရှိ အခြေခံပညာမူလတန်းကျောင်းများ၏ စာသင်ဆောင်များသည် ဥပဓိရုပ်မကောင်းဘဲ ဟောင်းနွမ်းဆွေးမြေ့

နေသောကြောင့် စာသင်ဆောင်များအား ပြင်ဆင်နိုင်ရန်အတွက် မြို့နယ်ပညာရေးမှူး၏ သုံးသပ်တင်ပြချက်အရ အမိုးနှင့်အကာ ပြင်ဆင်ခြင်းလုပ်ငန်းများ ဦးစားပေးဆောင်ရွက်ရန်အတွက် အ. မ. က-ဆိုင်ဆတ်၊ အ. မ. က-တာမ၊ အ. မ. က-ဘူးဖာ၊ အ. မ. က တော်ညာ၊ အ. မ. က-မိုင်းဟဲနှင့် အ. မ. က-မဟီကောင် ကျောင်း(၆)ကျောင်းသို့ တစ်ကျောင်းလျှင် ကျပ်သိန်း(၅၀) တိတိဖြင့် ၀၄၀၂ ငွေစာရင်းခေါင်းစဉ်အောက်မှ ခွဲဝေချထားပေးပြီး ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ္မတူမြို့နယ် မဲဆန္ဒနယ် အမှတ် (၂) မှ ဒေါ်နန်းစံဟွမ်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းစံဟွမ်၊ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** အားလုံးဘဲ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေရှင်။ ကျွန်မကတော့ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ နန်းစံဟွမ် ဖြစ်ပါတယ်။ ကျွန်မမေးလိုတဲ့ အကြောင်းအရာကတော့ တိုင်းရင်းသားစာပေ သင်ကြားရေးချီးမြှင့်ငွေနှင့် သင်ရိုးညွှန်းတမ်းဆိုင်ရာ ကြယ်ပွင့်ပြ မေးခွန်းကိုမေးမြန်းလိုခြင်းဖြစ်ပါတယ်။ အထက်ပါအကြောင်းအရာနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံတွင် တိုင်းရင်းသားဘာသာစာပေ သင်ကြားရေးကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစသင်၍ အကောင်အထည်ဖော်ပေးခဲ့ရာ ရှမ်းပြည်နယ်အတွင်း ရှမ်း၊ ပအိုဝ်း၊ အင်း၊





**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းကျော်က မေးခွန်းမေးမြန်းမှာ ဖြစ်ပါတယ်။

**ဦးစိုင်းကျော်၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်းနှင့် စိတ်၏ချမ်းသာခြင်း ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဦးစိုင်းကျော်ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နယ်ရှိ စာသင်ကျောင်းဆောင်နှင့် ပတ်သက်သော ကြယ်ပွင့်ပြ မေးခွန်းတစ်ခုတင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မိုင်းဖြတ်မြို့နယ်အနေနှင့် မြို့သေးငယ်ပြီး ချထားပေးသော စာသင်ကျောင်းများ၊ ဆရာ/ဆရာမများ အထိုက်အလျောက် ပိုမိုပြည့်စုံလာပြီး ဖြစ်တဲ့အတွက် မိဘပြည်သူများ အထူးကျေးဇူးတင် ဝမ်းသာကြပါတယ်။ သို့ပါသော်လည်း နှစ်ရှည်လများ တည်ဆောက်ခဲ့သော ဥပဓိရုပ်မကောင်းတော့သည့် စာသင်ဆောင်များ ပြန်လည်ပြင်ဆင်ထိန်းသိမ်းပေးနိုင်ပါရန် တင်ပြ တောင်းခံလိုပါတယ်။ မိုင်းဖြတ်မြို့နယ်၊ ကျေးရွာများရှိ ဦးစားပေး အစီအစဉ်အလိုက် ဆိုင်ဆတ်ကျေးရွာ၊

ကယန်း၊ လားဟူ၊ ပလောင်၊ လီဆူ၊ ကချင် စတဲ့စာပေများကို သင်ကြားနိုင်ခဲ့ပါတယ်။ တိုင်းရင်းသားဘာသာ သင် ဆရာ/ဆရာမ များကိုလည်း ပညာသင်နှစ် တစ်နှစ်အတွက် တစ်ဦးလျှင် ချီးမြှင့်ငွေ တစ်လ(၃၀၀၀၀)ကျပ်နှုန်းဖြင့် (၈)လစာ ပညာရေးဝန်ကြီးဌာနမှ ထောက်ပံ့ပေးခဲ့ကြောင်းကိုလည်း ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သော ကျောက်မဲမြို့နယ် မဲဆန္ဒနယ်(၁) ဦးစိုင်းထွန်းဝင်း၏ အဆိုမှတစ်ဆင့် သိရှိခဲ့ရပါတယ်။ သို့ပါသော်လည်း လက်တွေ့၌ ၂၀၁၆ -၂၀၁၇ ပညာသင်နှစ်တွင် ကျောင်းခေါ်ကြိမ် ပညာသင်ကြားမှု တင်ပြချက် အတိုင်း သင်ကြားခဲ့သလောက် ကာလကိုသာ ချီးမြှင့်ငွေထုတ်ပေး ခဲ့ကြောင်းကိုလည်း သိရှိခဲ့ရပါတယ်။ တိုင်းရင်းသား ဘာသာစာပေ သင်ကြားသော ဆရာ/ဆရာမများနှင့် တွေ့ဆုံတိုင်း ချီးမြှင့်ငွေနှင့် ပြဋ္ဌာန်းစာအုပ်များနောက်ကျမှ ရရှိခြင်းစသည့် အခက်အခဲများကို အမြဲကြားနေရပါတယ်။ ချီးမြှင့်ငွေများကို တစ်နှစ်လုံးနေမှ တစ်ခါသာ ထုတ်ပေးနိုင်ခြင်းကြောင့် စီးပွားရေးအခြေအနေ ကောင်းမွန်သောသူအတွက် သင့်တော်ပါသော်လည်း စားဝတ်နေ ရေးအတွက် ရုန်းကန်နေရသောသူတွေ အဆင်မပြေဖြစ်ရသည်ဟု သိရှိရသောကြောင့် အောက်ပါမေးခွန်းများကို မေးမြန်းရခြင်း ဖြစ်ပါတယ်-

(၁) တိုင်းရင်းသားဘာသာစာပေသင်ကြားသော ဆရာ/ဆရာမများ၏ချီးမြှင့်ငွေကို တစ်နှစ်



D/real(wide) (2



ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်တွင် တိုင်းရင်းသား ဘာသာစာပေသင်ကြားခြင်းကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် စတင်ဆောင်ရွက်ခဲ့ပါတယ်။ ရှမ်းပြည်နယ်တွင် ရှမ်း၊ ပအိုဝ်း၊ အင်း၊ ဓနု၊ ကယန်း၊ ကယား၊ လားဟူ၊ ပလောင်၊ လီဆူ၊ ဝ၊ အာခါ၊ လားဟူ၊ ကချင် စာပေများသင်ကြားခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ခုနှစ်တွင် ကျောင်းချိန်ပြင်ပ သင်ကြားခွင့်ရရှိခဲ့ပြီး တိုင်းရင်းသားဘာသာ ပြဋ္ဌာန်းစာအုပ်များကိုလည်း ဖြန့်ဝေပေးနိုင်ခဲ့ပါတယ်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် တိုင်းရင်းသားဘာသာ (၁၀)မျိုး၏ စာအုပ်များ ဖြန့်ဝေပေးခဲ့ပြီး တိုင်းရင်းသား ဘာသာသင် ဆရာ/ဆရာမ (၂၂၅၃) ဦးအတွက် တစ်ဦးလျှင် တစ်လ ကျပ် (၃၀၀၀၀)နှုန်းဖြင့်(၈)လအတွက်ကျပ်(၅၄၀. ၆၈)သန်းတိတိထောက်ပံ့ ပေးခဲ့ပြီးဖြစ်ပါတယ်။

၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ဆရာ/ဆရာမ ( ၃၃၃၆) ဦးကို ကျပ်(၈၅၀. ၀၆၄)သန်းတိတိ ထောက်ပံ့ပေးခဲ့ပြီး ယခု ပညာသင် နှစ်တွင် တိုင်းရင်းသားဘာသာစာပေ (၁၂) မျိုး၊ စာသင်ကျောင်းပေါင်း (၁၉၀၇)ကျောင်း၊ ကျောင်းသား/သူ ပေါင်း(၁၀၈၁၅၂)ဦး၊ ဆရာ/ ဆရာမပေါင်း(၃၈၂၈)ဦးရှိပါသည်။ အဆိုပါ ဆရာ/ဆရာမများအား ထောက်ပံ့ပေးနိုင်ရေး ဆက်လက်တင်ပြတောင်းခံပေးသွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကား အခွန့်ရှည် တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာဓလေ့ထုံးစံများ ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာဘာသာစကား၊ တိုင်းရင်းသားဘာသာစကားနှင့် နိုင်ငံခြားဘာသာစကားများ၊ အပြန်အလှန် ဘာသာပြန်စနစ် တည်ဆောက်ရေးတို့အတွက် မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကား ဦးစီးဌာနကို ၂၀၁၆ ခုနှစ် ဇူလိုင်လ(၇)ရက်နေ့တွင် စတင်ဖွဲ့စည်း၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။

တိုင်းရင်းသားစာပေသင်ကြားရေး ချီးမြှင့်ငွေနှင့် သင်ရိုးညွှန်းတမ်းဆိုင်ရာကိစ္စနှင့် စပ်လျဉ်း၍ တိုင်းရင်းသားဘာသာသင်ကြားသော ဆရာ/ဆရာမများ၏ချီးမြှင့်ငွေကို တစ်နှစ်တစ်ကြိမ်မဟုတ်ဘဲ (၆)လတစ်ကြိမ် (သို့မဟုတ်) သင့်လျော်သောအကြိမ်ဖြင့် ရေးဆွဲချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်၍ အခြေခံပညာဦးစီးဌာန (ရုံးချုပ်)မှ ခွင့်ပြုငွေချပေးသည့်လမှစ၍ လစဉ် ထုတ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိပါတယ်။

တိုင်းရင်းသားစာပေ ပြဋ္ဌာန်းစာအုပ်များအား နှစ်စဉ်ပညာသင်နှစ်အစ၌ လုံလောက်စွာ အချိန်မီဖြန့်ဝေပေးနိုင်ရေးအတွက်လည်းကောင်း၊ တိုင်းရင်းသားဘာသာ စာပေသင်ကြားရာတွင် လိုအပ်သော ကျောင်းခေါ်ကြိမ် စာအုပ်/လက်မှတ်ထိုးစာအုပ်စသည့် ရုံးပိုင်းဆိုင်ရာ အသေးသုံးစရိတ်များ ခွင့်ပြုပေးနိုင်ရေးအတွက် တောင်းခံသည့် မေးခွန်းတို့နှင့် ပတ်သက်၍ ရှမ်းပြည်နယ်



D/real(wide) (2



တစ်ကြိမ်မဟုတ်ပဲ(၆)လတစ်ကြိမ်(သို့မဟုတ်) သင့်လျော်သောအကြိမ်ဖြင့် ရေးဆွဲချထားပေးရန် အစီအစဉ် ရှိ/မရှိ၊

(၂) တိုင်းရင်းသားစာပေပြဋ္ဌာန်းစာအုပ်ကိုလည်း ပညာသင်နှစ်တွင် လုံလောက်စွာအချိန်မီ ဖြန့်ဝေပေးရန် အစီအစဉ် ရှိ/မရှိနှင့်၊

(၃) တိုင်းရင်းသားဘာသာသင်ကြားရာတွင် လိုအပ်သော ကျောင်းခေါ်ကြိမ် စာအုပ်/လက်မှတ်ထိုးစာအုပ်စသည့် ရုံးပိုင်းဆိုင်ရာနှင့် စာသင်ခန်းသုံးပစ္စည်းဆိုင်ရာ အသေးသုံးစရိတ်ကို ချထားပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစံဟွမ်ရဲ့ တိုင်းရင်းသားဘာသာစာပေသင်ကြားရေးဆိုင်ရာ လွှတ်တော်မေးခွန်းကို ဆက်လက်

ပြည်နယ်ပညာရေးမှူးရုံး၊ တောင်ကြီးမြို့၏ ၂၀၁၇ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်စွဲပါစာအမှတ်၊ ဌာနခွဲ (၁-ဂ)/၂၈၃၄/ လွှတ်တော်(၂၀၁၇) ဖြင့် ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်သို့ တင်ပြထားပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ရပ်စောက်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)မှ ဦးခိုင်ညီညီကျော်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် ဥက္ကဋ္ဌကြီးနှင့် တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော် ဖြစ်ပါတယ်။ လေးစား ရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်များသည် လွှတ်တော်အစည်းအဝေးများနားနေချိန် တွင် မိမိတို့၏မဲဆန္ဒနယ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင် အထည်ဖော်ဆောင်ရွက်နိုင်ရန်လည်းကောင်း၊ သိမ်းဆည်းခံတောင်သူများ၏ မြေယာပြဿနာကိစ္စများဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊ စီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော်နိုင်ရန် ဆွေးနွေးညှိနှိုင်း





လွှတ်တော်ကိုယ်စားလှယ်မှ တောင်သူများကို ဂုဏ်ပြုသင့်ကြောင်း၊ ဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြ ထားသော်လည်း အစည်းအဝေး ဆုံးဖြတ်ချက် ထွက်လာသော အခါ ၎င်း၏သဘောထားနှင့် လွှတ်တော်ကိုယ်စားလှယ်၏ သဘောထားကွဲလွဲနေကြောင်း တွေ့ရှိရပါတယ်။ တောင်သူများ အား စစ်ဆေးချက်မှတ်တမ်း Statement များကို လေ့လာရန် မိတ္တူ တောင်းယူရာတွင် လည်းပေးအပ်ခြင်းမရှိတဲ့အတွက် လုပ်ငန်း လုပ်ကိုင်ရာမှာ အခက်အခဲများစွာ ဖြစ်ပေါ်လျက်ရှိပါတယ်။ ဗဟိုမြေ/စစ်ကော်မတီရဲ့မူအရ မြေယာသိမ်းဆည်းခံတောင်သူများ နစ်နာမှုမရှိစေရေးအထူး အလေးထားစဉ်းစားရမှာဖြစ်သလို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်သည်လည်း ပြည်သူက ရွေးချယ်တင်မြှောက်သော ပုဂ္ဂိုလ်များဖြစ်သည်နှင့်အညီ ပြည်သူကို အလေးထားပြီး ဆောင်ရွက်မှသာ ပြည်သူ့ကိုယ်စားလှယ် တာဝန်ကျေမှာဖြစ်ပါတယ်။ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ (က)တွင် "နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မ သုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေး အာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းပြုသည်"ဟု ပြဋ္ဌာန်း ထားရှိသည့်အတွက် အုပ်ချုပ်ရေးပိုင်းတာဝန်ရှိသူများသည် ဥပဒေပြုရေးကဏ္ဍတွင် ပါဝင်သော လွှတ်တော်ကိုယ်စားလှယ် များနှင့် ညှိနှိုင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါ့အပြင် ၂၀၁၃ခုနှစ်၊

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၈၄ မှာလည်း "ပြည်သူကရွေးချယ်ပေးသော လွှတ်တော်ကိုယ်စားလှယ်များသည် မိမိအားရွေးချယ်ပေးသည့် မဲဆန္ဒနယ်ကို ကိုယ်စားပြုပြီး ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသော အများကလေးစား ထိုက်သည့်ပုဂ္ဂိုလ်များဖြစ်သည့်အလျောက် သက်ဆိုင်ရာ မဲဆန္ဒနယ်၌ ဒေသဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲရာတွင်လည်းကောင်း၊ အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေး၊ ကဏ္ဍများနှင့် စပ်လျဉ်း၍ ပြည်သူများ၏ သဘောထား ဆန္ဒဖော်ဆောင်ရာတွင် လည်းကောင်း၊ သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများကဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်က ဖြစ်စေ၊ အလေးထားတိုင်ပင်အပ်သော ပုဂ္ဂိုလ်များအဖြစ်မှတ်ယူရမည်" ဟုပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ထိုကြောင့် ကျွန်တော်မေးမည့် မေးခွန်းမှာ မြို့နယ်အုပ်ချုပ်ရေးမှူးများသည် ပြည်နယ်လွှတ်တော် ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များကို လေးစားလိုက်နာရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့က မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကိုသိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။





ခြင်းလုပ်ငန်းများနှင့် စစ်ဆေးခြင်းတို့ကိုလည်းကောင်း၊ ပွင့်လင်းမြင်သာစွာပေါင်းစပ်လုပ်ကိုင်ရန်လိုအပ်ပါတယ်။ ထိုကဲ့သို့ ပေါင်းစပ်လုပ်ကိုင်နိုင်ရန် ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် လစဉ်တွေ့ဆုံပွဲ အစည်းအဝေး များတွင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်မှသာ မိမိမဲဆန္ဒနယ်အတွင်းရှိ ပြည်သူများ၏ လိုအပ်ချက်နှင့် အခက်အခဲများကို လွယ်ကူစွာ ကျော်လွှားဖြေရှင်းဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။ သို့မဟုတ်ပါက အုပ်ချုပ်ရေးကဏ္ဍနှင့် ဥပဒေပြုရေးကဏ္ဍတို့ သီးခြားစီ ခွဲခြားဆောင်ရွက်နေသကဲ့သို့ ဖြစ်နေပါတယ်။ အထူးသဖြင့် မြေယာကိစ္စများတွင် လွှတ်တော်ကိုယ်စားလှယ်၏ ကွင်းဆင်းဆောင်ရွက်ချက်များကို ဥပဒေနှင့်အညီ ပေးပို့ထားသော သဘောထားမှတ်ချက်များအား မျက်ကွယ်ပြုပြီး အုပ်ချုပ်ရေးမှူးအနေဖြင့် ၎င်း၏သဘောဆန္ဒတစ်ခုတည်းကိုသာ ဦးစားပေးပြီး ဆုံးဖြတ်လျက်ရှိကြောင်းတွေ့ရှိရပါတယ်။ ဥပမာ- ရပ်စောက်မြို့နယ် သိမ်းဆည်းခံလယ်ယာမြေနှင့် အခြားမြေများပြန်လည်စိစစ်ရေးကော်မတီကို လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများဖြင့် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ (၂)ရက်နေ့တွင် ဖွဲ့စည်းထားရှိပါတယ်။ စတင်ဖွဲ့စည်းချိန်မှ ယနေ့အထိ မြေ/စစ်ကော်မတီ အစည်းအဝေးကို (၃)ကြိမ်သာ ကျင်းပထားသည်ကို တွေ့ကြုံခဲ့ရပါတယ်။ ဇူလိုင်လ (၂၁)ရက်နေ့ တတိယမြောက် အစည်းအဝေး၌ မြေယာကိစ္စများ ဆွေးနွေးရာတွင်

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော် မေးမြန်းသည့် မြို့နယ်အုပ်ချုပ်ရေးမှူးများသည် ပြည်နယ်လွှတ်တော်ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုက်နာရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့က မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိလိုသည့် မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် စိုင်းလုံကျော်မှ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၂၈၈တွင် "ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်တို့၏ အုပ်ချုပ်ရေးကို နိုင်ငံ့ဝန်ထမ်းများအား တာဝန်ပေးအပ်ဆောင်ရွက်စေရမည်" ဟု ပြဋ္ဌာန်းထားပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)မှ (၁၂. ၉. ၂၀၁၃) ရက်စွဲပါစာအမှတ်၊ ၁၀၀/၅-၆၀/ရေး ၅ ဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဌာနအကြီးအမှူးများ၏ လုပ်ငန်းတာဝန် သတ်မှတ်ချက်များပေးပို့ အကြောင်းကြားထားရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၏ လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်း သတ်မှတ်ပေးခဲ့ပါသည်-

(၁) အုပ်ချုပ်ရေးလုပ်ငန်းတာဝန်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်အတွင်းရှိ





(၈) ၂၀၁၂ ခုနှစ်၊ရပ်ကွက်(သို့)ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေ၊ နည်းဥပဒေကို ထိရောက်စွာ လိုက်နာကျင့်သုံး ဆောင်ရွက်ခြင်း။

(၉) ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် (သို့) ခရိုင်နယ်နိမိတ်ပြင်ဆင်ဖွဲ့စည်းခြင်း(သို့) အမည်ပြောင်း ခြင်းကိစ္စရပ်များဆောင်ရွက်ခြင်း။

(၁၀) မြို့ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ၏ လူဦးရေစာရင်း ကောက်ယူခြင်းဆိုင်ရာကိစ္စရပ်များဆောင်ရွက်ခြင်း။

(၁၁) မရွှေ့မပြောင်းနိုင်သော ပစ္စည်းများလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ခြင်း။

(၁၂) ပို့ဆောင်ရေးဝန်ကြီးဌာနက အပ်နှင်းသော မြင်းကောင်ရေ (၂၀)အောက် စက်တပ်ရေယာဉ်များမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက် ခြင်း။

(၁၃) ဝန်ထမ်းရေးရာကိစ္စရပ်များဖြစ်သော စာရေးအဆင့် (၁)နှင့်အောက် အခြားအဆင့်ဝန်ထမ်းများ ခန့်အပ်ခြင်း၊ ပြောင်းရွှေ့ခြင်းနှင့် ဝန်ထမ်းများခွင့်ပေးခြင်း၊ အရေးယူခြင်းကိစ္စရပ်များ ဆောင်ရွက်ခြင်း။

(၁၄) ဝန်ထမ်းဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ အပ်နှင်း နိုင်ရန် စိစစ်တင်ပြခြင်း။

(၁၅) ရုံးတွင်းစီမံခန့်ခွဲခြင်း၊ ရုံးစစ်ဆေးခံနိုင်ရန် စီစဉ် ဆောင်ရွက်ထားရှိခြင်း။

(၁၆) ဝန်ထမ်းသက်သာ ချောင်ချိရေး လုပ်ငန်းများ ကြီးကြပ်ကွပ်ကဲခြင်း။

(၁၇) ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ရန်ပုံငွေကြီးကြပ်သူ အရာရှိအဖြစ် ကြီးကြပ်ဆောင်ရွက်ခြင်း။

(၁၈) ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကြီးကြပ် ခြင်းလုပ်ငန်းအစီရင်ခံစာများ ပုံမှန်တင်ပြခြင်း။

(၁၉) အထက်ဌာနအဆင့်ဆင့်မှ ညွှန်ကြားချက်များကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

(၂၀) မြို့နယ်၏ ဒေသဆိုင်ရာ အချက်အလက်များ လက်ရှိအခြေအနေနှင့် ကိုက်ညီစေရန် (၆)လတစ် ကြိမ်ပြုစုခြင်း စသည်ဖြင့်သတ်မှတ်ထားပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ (၁၀. ၃. ၂၀၁၁) ရက်စွဲပါကြေညာချက်အမှတ် (၈/၂၀၁၁)ဖြင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လုပ်ငန်းတာဝန်များအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးမှ လက်ခံဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁(က)တွင် "နိုင်ငံတော်အချုပ်အခြာ





ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခြင်း။

(၂) မြို့နယ်ငှားရမ်းခကြီးကြပ်ရေးဝန်အဖြစ်ငှားရမ်းခ ကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက် ခြင်း။

(၃) မြေယာယစ်မျိုးနှင့် စီမံခန့်ခွဲရေးကိစ္စရပ်များတွင် လက်ထောက်ကော်လိတ္တော်အရာရှိလုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

(၄) မြေခွန်၊ ယစ်မျိုးခွန်၊ ဓာတ်သတ္တုခွန်၊ ရေနှင့် တာတမံခွန်များ လျာထားချက်ပြည့်မီရေးအတွက် ဥပဒေနှင့်အညီ ကောက်ခံဆောင်ရွက်ခြင်း။

(၅) အသင်းအဖွဲ့ ဖွဲ့စည်းခြင်း၊ မှတ်ပုံတင်လဲလှယ် ခြင်းနှင့် ပတ်သက်၍ စိစစ်ထောက်ခံခြင်း။

(၆) မြို့နယ်အတွင်း လူမှုဝန်ထမ်းနှင့် ကယ်ဆယ်ရေး ဝန်ကြီးဌာနမှ အပ်နှင်းသော လုပ်ပိုင်ခွင့်များဖြစ် သည့် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း။

(၇) ပြန်ကြားရေးဝန်ကြီးဌာနက အပ်နှင်းသော လုပ်ပိုင် ခွင့်ဖြစ်သည့် ရုပ်ရှင်ပြသခွင့် ခွင့်ပြုမိန့်၊ ပွဲမိန့်များ စိစစ်ထုတ်ပေးခြင်း။

အာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းပြုသည်” ဟု ပြဋ္ဌာန်းထားပါတယ်။

၂၀၁၃ ခုနှစ် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ဆိုင်ရာ ပုဒ်မ ၉(င)တွင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် “ မဲဆန္ဒနယ်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်စေဘဲ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့်ဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်များနှင့်ဖြစ်စေ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း” ဟု ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါတယ်။ ပုဒ်မ-၈၄ မှာလည်း “ ပြည်သူက ရွေးချယ်ပေးသော လွှတ်တော်ကိုယ်စားလှယ်များသည် မိမိအားရွေးချယ်ပေးသည့် မဲဆန္ဒနယ်ကို ကိုယ်စားပြုပြီး ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသော အများကလေးစားထိုက်သည့် ပုဂ္ဂိုလ်များဖြစ်သည့်အလျောက် သက် ဆိုင်ရာမဲဆန္ဒနယ်၌ ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲရာတွင်လည်းကောင်း၊ အုပ်ချုပ်ရေး၊ လူမှုရေးကဏ္ဍတို့နှင့် စပ်လျဉ်း၍ ပြည်သူများ၏ သဘောထားဆန္ဒဖော်ဆောင်ရာတွင်လည်းကောင်း၊ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများကဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်ကဖြစ်စေ အလေးထားတိုင်ပင်အပ်သော ပုဂ္ဂိုလ်များဖြစ်သည်ဟု မှတ်ယူရမည်” ဟု ပြဋ္ဌာန်းထားရှိပါတယ်။ ပြည်နယ်လွှတ်တော်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အခြားဒေသဖွံ့ဖြိုးရေးလုပ်ငန်း



D/real(wide) (2



(၃) လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ သွားရောက်၍ ပြည်သူများနှင့် တွေ့ဆုံသည့်အခါ ကိုယ်စားလှယ်များကို ဘေးတွင်ထားရှိခြင်းမပြုဘဲ ကိုယ်စားလှယ်ကို ဦးစားပေး ဆွေးနွေးစေရန်နှင့် မိမိမှလိုအပ်သည်များဖြည့်စွက် အကြံပေးသွားရန်။

(၄) ဌာနဆိုင်ရာအစည်းအဝေးများ ကျင်းပရာတွင်လည်းသက်ဆိုင်ရာ လွှတ်တော်အသီးသီးမှ လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ရန် ဖိတ်ကြားခြင်း ဖြစ်ပါက ကိုယ်စားလှယ်အား မိမိနှင့်တစ်တန်းတည်း နေရာပေးရန်၊ မိမိက ဦးဆောင်ဆွေးနွေးသွားရန်၊ ကိုယ်စားလှယ်များမှ ဆွေးနွေးနိုင်ရေးအတွက်လည်း အစီအစဉ်တွင် ထည့်သွင်းရေးဆွဲသွားရန်။

ထို့အတူ ဗဟိုလယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၏ (၉-၆-၂၀၁၆) ရက်စွဲပါစာအမှတ်၊ ၃၉/၁-ကော်မတီ/မြေ(ဗဟို)၂၀၁၆ဖြင့် ညွှန်ကြားချက်အရ ခရိုင်/မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အဆင့်ဆင့်တွင်လည်း ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒါ့အပြင် ရှမ်းပြည်နယ်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးကော်မတီ၏ (၂၃. ၁၁. ၂၀၁၆) ရက်စွဲပါစာအမှတ်၊ ၁၃၆၃၂/၇-၆၂၂/မြေစစ်(ရှမ်း)ဖြင့် အကြောင်းကြားချက်အရ ခရိုင်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးကော်မတီတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလည်းကောင်း၊ မြို့နယ်လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလည်းကောင်း ထပ်မံထည့်သွင်း ဖွဲ့စည်းထားပြီး ဖြစ်ပါတယ်။

ယင်းသို့ ခရိုင်၊ မြို့နယ်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုပြန်လည်စိစစ်ရေးကော်မတီသို့ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် အကြောင်းကြားထားပြီးဖြစ်သဖြင့် မြို့နယ်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများတွင်လည်း ပြည်သူ့လွှတ်တော်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြင့် ပါဝင်ဖွဲ့စည်းထားပြီး မြို့နယ်များ၏ဒေသဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းနှင့် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် ပြည်သူများ၏ သဘောဆန္ဒဖော်ဆောင်ပေးနိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေး အဖွဲ့အစည်းများအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များအား အလေးထားပြီး အစည်းအဝေးများတွင်





များတွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရေးနှင့်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်သွားရန် ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်/မြို့နယ်များသို့ ညွှန်ကြားထားပြီးဖြစ်ပါတယ်-

(၁) လယ်ယာမြေများ၊ အခြားမြေများသိမ်းဆည်းခြင်းခံရမှုများပြန်လည်စိစစ်ရေးကော်မတီလုပ်ငန်းများအားကွင်းဆင်းဆောင်ရွက်သည့်အခါသက်ဆိုင်ရာလွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များအား ပူးပေါင်းပါဝင်ဆောင်ရွက်မှု ပြုနိုင်ရေးအတွက် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များအား လိုက်ပါနိုင်ရေး ဖိတ်ကြားသွားရန်နှင့် ယင်းဖိတ်ကြားမှုများအား မှတ်တမ်းတင်ထားရှိရန်။

(၂) ယင်းသို့ ဖိတ်ကြားထားသော်လည်း သက်ဆိုင် ရာလွှတ်တော်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များမှ အခြေအနေ အကြောင်းကြောင်းကြောင့် လိုက်ပါနိုင်ခြင်းမရှိပါက ကွင်းဆင်းစစ်ဆေးတွေ့ရှိမှု အခြေအနေများအား လွှတ်တော်ကိုယ်စားလှယ်များသို့ အသိပေး ညှိနှိုင်းပြီးမှ အစီရင်ခံစာ တင်ပြမှုများဆောင်ရွက်ရန်။

ဖိတ်ကြား တက်ရောက်စေလျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနေဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးများအား နိုင်ငံတော်အုပ်ချုပ်ရေး ယန္တရား အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်ရေးအတွက် လုပ်ငန်း တာဝန်များကို တည်ဆဲဥပဒေ၊ အမိန့်ညွှန်ကြားချက်များ၊ နိုင်ငံတော် အစိုးရ၏ မူဝါဒ၊ အထက်ဌာနအဆင့်ဆင့်၏ ညွှန်ကြားချက်များနှင့် အညီ ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအား နိုင်ငံ့ဝန်ထမ်း များအပါအဝင် နိုင်ငံသားများအားလုံး လေးစားလိုက်နာရန် တာဝန် ရှိသည့်အလျောက် အထူးအလေးထားလိုက်နာ ဆောင်ရွက်ရန် ညွှန်ကြားထားရှိပြီး ဖြစ်ပါတယ်။

မေးမြန်းချက်နှင့်စပ်လျဉ်း၍ ရပ်စောက်မြို့နယ်၏ မြေယာ ကိစ္စများ ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ အစည်းအဝေးကို တစ်လလျှင် (၂)ကြိမ်၊ ယင်းအစည်းအဝေး တွင်ပင် မြို့နယ်လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၏ ဆောင်ရွက်ရမည့် စိစစ်ချက်များ အား ထည့်သွင်းဆွေးနွေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်း အစည်းအဝေးများ၌ ဆုံးဖြတ်ရန်အချက်များ မပါရှိပါဘဲ စိစစ်ရမည့်အချက်များကိုသာ ဆွေးနွေးကြပြီး ဆုံးဖြတ်တင်ပြရန် အချက်များပေါ်ပေါက်မှသာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်နိုင်မည့်



D/real(wide) (2



လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်မှ တင်ပြထားသော တောင်သူများအား မြေပြန်လည်ပေးအပ်လိုကြောင်း (သို့မဟုတ်) လျော်ကြေးငွေပေးအပ်လိုကြောင်း၊ ၎င်း၏သဘောထားအား တင်ပြ ခဲ့ပါကြောင်း၊ ဗဟိုလယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်း ခံရမှုများပြန်လည်စိစစ်ရေးကော်မတီ၏ (၁၀-၆-၂၀၁၆)ရက်စွဲပါစာ အမှတ်၊ ၆၈/၁- ကော်မတီ/မြေ(ဗဟို) /၂၀၁၆ ညွှန်ကြားချက်၏ သိမ်းဆည်းမြေများနှင့်စပ်လျဉ်း၍ စိစစ်ရန်အချက်(၆)ချက်၊ စွန့်လွှတ် ခြင်းမရှိသည့် သိမ်းဆည်းမြေများနှင့်စပ်လျဉ်း၍ စိစစ်ရန်အချက်(၇) ချက်ဖြင့် တိုက်ဆိုင်စိစစ်ခဲ့ရာ ကျောက်ဆုံကုန်းခြံမြေနေရာသည် မြေလွတ်၊ မြေလပ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ ပုဒ်မ-၃၉နှင့်အညီ ချထားပေးခြင်းဖြစ်ပါကြောင်း၊ မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ မြေရာဇဝင်စိစစ်ချက် မှတ်တမ်းတွင်လည်း မူရင်းလက်ရှိလက်ငုတ် တောင်သူမရှိဟု တင်ပြထားသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ တင်ပြသူများမှာ ပိုင်ဆိုင်မှုအထောက် အထားတစ်စုံတစ်ရာတင်ပြနိုင်မှုမရှိခြင်း ကြောင့် လျော်ကြေးပေးအပ်၍ မရနိုင်ပါကြောင်း၊ မူဝါဒ၊ ညွှန်ကြားချက်၊ စိစစ်ရန်အချက်များနှင့် ညီညွတ်မှုရှိနေပါသဖြင့် မြို့နယ်လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများ ကော်မတီဝင် (၁၃) ဦးရှိ သည့်အနက် (၂) ဦးမှာ ခွင့်ပန်၍ (၁၁)ဦး တက်ရောက်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အပါအဝင် (၁၀)ဦးမှ သဘောတူထောက်ခံသဖြင့် လွှတ်တော်ကိုယ်စားလှယ်

များ၏ ကွင်းဆင်းဆောင်ရွက်ချက်များကို ဥပဒေနှင့် အညီပေးပို့ထားသော သဘောထားမှတ်ချက်များအား မျက်ကွယ်ပြု၍ အုပ်ချုပ်ရေးမှူး၏ သဘောဆန္ဒတစ်ခုတည်းကိုသာ ဦးစားပေးဆုံးဖြတ်ခြင်း မဟုတ်ပါကြောင်း၊ ဗဟိုလယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးကော်မတီ၏ မူဝါဒနှင့်အညီ လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမရှိစေရန် အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် စိစစ်တင်ပြခဲ့ပါကြောင်း၊ မြို့နယ်များ၏ဒေသဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းနှင့် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် ပြည်သူများ၏ သဘောဆန္ဒဖော်ဆောင်နိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေး အဖွဲ့အစည်းများအနေဖြင့် အလေးထား၍ အစည်းအဝေးများတွင် ဖိတ်ကြားတက်ရောက်စေလျက်ရှိပါကြောင်း၊ ပြည်သူများ၏ သဘောထားဆန္ဒဖော်ဆောင်ရာတွင် ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ယခု ဗဟိုလယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြည်လည်စိစစ်ရေးကော်မတီ၏ ချမှတ်ထားသော မူဝါဒများကိုအခြေခံ၍ အထောက်အထားများဖြင့်စိစစ်ဆုံးဖြတ်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူ့ဗဟိုပြုဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်း၊ မူဝါဒကိုက်ညီရန် လိုအပ်ပါကြောင်း မြို့နယ်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးကော်မတီ အဖွဲ့ဝင်အားလုံး၏ အကြံပြုချက်၊ သဘောဆန္ဒများကို ထည့်သွင်းစဉ်းစားမည်ဖြစ်ပါကြောင်း၊ ထိုသို့



D/real(wide) (2



နေ့ရက်ကိုကြိုတင်သတ်မှတ်၍ဆောင်ရွက်ရသဖြင့်ကိုယ်စားလှယ်တော်များ ဆုံသည့်အချိန်၊ နေ့ရက်တွင် ဆောင်ရွက်ခြင်းကြောင့် စုံညီအစည်းအဝေးမှာ (၃)ကြိမ်သာ ရှိသေးသော်လည်း ညှိနှိုင်းဆောင်ရွက်ချက်များသည် ဌာနဆိုင်ရာ အစည်းအဝေး၊ ရပ်/ကျေးအစည်းအဝေး အားတစ်လလျှင် (၄)ကြိမ် ပြုလုပ်ပြီး ချပြဆောင်ရွက်လျက်ရှိသဖြင့် လုပ်ငန်းများ လည်ပတ်လျက်ရှိပါကြောင်း၊ မြေယာကိစ္စရပ်များ ဖြေရှင်းဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်၊ မူဝါဒများ ချမှတ်ထားရှိပါကြောင်း၊ အဆိုပါ ချမှတ်ထားရှိသည့် မူဝါဒများနှင့် ကိုက်ညီမှု ရှိ/မရှိ၊ အထောက်အထားပြည့်စုံမှု ရှိ/မရှိ စိစစ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထိုကဲ့သို့ စိစစ်ဆောင်ရွက်ရာတွင် လိုအပ်သော အချိန်အတိုင်းအတာပေးရပါကြောင်း၊ မြေယာကိစ္စရပ်များသည် မိမိတို့၏ ကိုယ်ပိုင်သဘောထားအမြင်၊ သုံးသပ်ချက်၊ ဆုံးဖြတ်ချက်၊ သဘောထားမှတ်ချက်များဖြင့် ဆုံးဖြတ်၍မရကြောင်း၊ စိစစ်တွေ့ရှိရသော အချက်အလက်၊ အထောက်အထားများပေါ်မူတည်ပြီး မူဝါဒနှင့်အညီ ဖြေရှင်းဆောင်ရွက်ရပါကြောင်း တင်ပြလိုပါတယ်။

(၂၁-၇-၂၀၁၇)ရက်နေ့တွင် ကျင်းပပြုလုပ်တဲ့ မြို့နယ်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးကော်မတီအစည်းအဝေးတွင် ပွင့်ကောင်းနှင့် ခင်နွဲ့ရီကုမ္ပဏီမှ လုပ်ကိုင်လျက်ရှိသော ကျောက်ဆုံကုန်းမြံ၊ ကော်ဖီစက်ရုံမြေတို့နှင့် ပတ်သက်ပြီး ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်

ဥက္ကဋ္ဌကြီးရှင့်။ မြို့နယ်အဆင့်မှာ ကြုံတွေ့နေရတဲ့ မြေယာပြဿနာများ၊ သစ်တောဆိုင်ရာပြဿနာများ၊ စည်ပင်ဆိုင်ရာပြဿနာများနှင့် အခြားသော ပြဿနာများဟာ ယခုမှဖြစ်ပွားတဲ့ ပြဿနာများမဟုတ်ကြဘဲ လွန်ခဲ့သောနှစ်ပေါင်း (၂၀) (၃၀)ခန့်မှ ဖြစ်ပွားခဲ့သောပြဿနာများဖြစ်နေသည်ကိုလည်း အများအပြားတွေ့ရှိရပါတယ်။ အဆိုပါ ပြဿနာများဟာ ခေတ်အဆက်ဆက်က စီမံဆုံးဖြတ်သူများရဲ့ ဆုံးဖြတ်ချက်များ ရှင်းလင်းစွာမရှိခဲ့တဲ့အတွက်ကြောင့်လက်ရှိတွင်ထိုပြဿနာများဟာ ဖြေရှင်းမရဘဲ သောင်တင်နေလျက်ရှိနေပါတယ်။ ဥပမာအားဖြင့် ၂၀၁၂ လယ်ယာမြေဥပဒေ၏ အခန်း(၃)မှ ပုဒ်မ ၂၂ အရ ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် မူလမှုခင်းဖွင့်လှစ်၍ စုံစမ်းစစ်ဆေးခြင်း၊ ကြားနာခြင်းနှင့် ဆုံးဖြတ်ခြင်း ပြုရမည်ဟူ၍လည်းကောင်း၊ ပုဒ်မ ၂၃ အရ ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့က ချမှတ်သောအမိန့်ကို မကျေနပ်သူသည် ရက်ပေါင်း (၃၀) အတွင်း သက်ဆိုင်ရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ အယူခံနိုင်သည်ဟူ၍ လည်းကောင်း၊ ပုဒ်မ ၂၄ အရ မြို့နယ်၏ဆုံးဖြတ်ချက်မကျေနပ်လျှင် ရက်ပေါင်း (၃၀)အတွင်း ခရိုင်သို့ အယူခံနိုင်သည်ဟူ၍လည်းကောင်း၊ ပုဒ်မ ၂၅ အရ ခရိုင်၏ဆုံးဖြတ်ချက်ကို မကျေနပ်လျှင် ရက်ပေါင်း (၆၀)အတွင်း ပြည်နယ်လယ်ယာစီမံခန့်ခွဲမှုအဖွဲ့သို့ အယူခံနိုင်သည်ဟု





အကြံပြုချက်များအားလုံးအပေါ်တွင် ကော်မတီဝင်များ၏သဘောဆန္ဒနှင့် မြေယာလုပ်ထုံးလုပ်နည်း၊ မူဝါဒများအပေါ်အခြေခံ၍ စဉ်းစားဆုံးဖြတ်ရမည်ဖြစ်ပါကြောင်း၊ မြေယာပြဿနာများသည် ရှုပ်ထွေးမှုရှိပြီး ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများဥပဒေ၊ မပေါ်ပေါက်မီဥပဒေများနှင့် အမိန့်၊ ညွှန်ကြားချက်များအား ယခုတည်ဆဲဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်မှသာ ဥပဒေနှင့် ညီညွတ်သော အဖြေများရရှိမည်ဖြစ်ပါကြောင်း၊ လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးဗဟိုကော်မတီကို နိုင်ငံတော်သမ္မတရုံး၏အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၁၆) ဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း၊ ဗဟိုကော်မတီကို အထောက်အကူပြုနိုင်ရန်နှင့် မြေပြင်တွင် လုပ်ငန်းကဏ္ဍအလိုက် သိသာထင်ရှားသော တိုးတက်မှုအကျိုးရလဒ်ရရှိအောင်ဆောင်ရွက်နိုင်ရန်လည်းကောင်း၊ အတားအဆီး၊ အခက်အခဲဖြစ်နေသည့် ပြဿနာကိစ္စရပ်များကျော်လွှားနိုင်ရေး ညှိနှိုင်းဖြေရှင်းရန်လည်းကောင်း ရည်ရွယ်၍ လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်ကိုဖွဲ့စည်းထားပြီးဖြစ်ပါတယ်။

အဆိုပါ ရည်ရွယ်ချက်နှင့်အညီ လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးကော်မတီ အဆင့်ဆင့်တွင် ပြည်သူလူထု ကိုယ်စားပြုသည့် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားရှိပြီး စိစစ်ညှိနှိုင်းဖြေရှင်း၍ စိစစ်ညှိနှိုင်းရရှိ

ပြဋ္ဌာန်းထား ရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ အချို့သော ပြဿနာများဟာ ထိုပြဋ္ဌာန်းထားသည့် ဥပဒေအတိုင်း လိုက်နာဆောင်ရွက်ပါသော်လည်း မြေပြင် အခြေအနေမှာ မြို့နယ်၊ ခရိုင်အဆင့်၏ အဆုံးအဖြတ်ကို တောင်သူများမှ ကျေနပ်မှုမရရှိတဲ့အတွက်ကြောင့် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထိ ဆက်လက်တင်ပြ အဆုံးအဖြတ်ရယူသည့်ကိစ္စရပ်များအများအပြားရှိနေသည်ကိုလည်းတွေ့နေရပါတယ်။ ထိုသို့ ဥပဒေနှင့်အညီ တင်ပြပြီးနောက် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့မှ ဘုတ်အဖွဲ့(သို့မဟုတ်) စိစစ်ရေးအဖွဲ့ ဖွဲ့စည်းပေးပြီးအမှုအား ပြန်လည်စစ်ဆေးရသည်ကိုလည်း လေ့လာသိရှိထားပါတယ်။ ထိုသို့ ဘုတ်အဖွဲ့ (သို့မဟုတ်) စိစစ်ရေးအဖွဲ့ ပြန်လည်ဖွဲ့စည်းရာတွင် ဘုတ်အဖွဲ့များဟာမြို့နယ်အဆင့်မှ သက်ဆိုင်ရာ ဌာနဆိုင်ရာပါဝင်သောအဖွဲ့ဝင် (၃)ဦးခန့်ပါရှိပြီး ၎င်းတို့အား ပြန်လည်ကွင်းဆင်းစစ်ဆေးတင်ပြရန် တာဝန်ပေးအပ်လျက်ရှိသည်ကိုလည်း လေ့လာသိရှိရပါတယ်။

ထိုသို့သော အခြေအနေမှာ ယခင်ဆုံးဖြတ်ချက်များချစဉ်ကလည်း ဤဌာနမှ ဤလူများသာ စိစစ်ဆုံးဖြတ်ချက်ချခဲ့ပါတယ်။ ယခု ပြန်လည်စိစစ်တင်ပြရာမှာလည်း ဤဌာနမှ ဤလူများသာ ပြန်လည်စိစစ်တင်ပြခြင်းဖြစ်သည့်အတွက် ယခင်စိစစ်ထားသော အဖြေများအတိုင်းပင် ပြန်ထွက်နေမှာမလွဲပင် ဖြစ်ပါတယ်။ ထို့နည်းတူ ခရိုင်အဖွဲ့အား ပြန်လည်စိစစ်ရန် တာဝန်ပေးပါကလည်း



D/real(wide) (2



သည့်အချက်များကို ကော်မတီအဆင့်ဆင့်သို့ အကြံပြုတင်ပြဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ် မေးခွန်းတွင်ပါရှိသည့်အတိုင်း မြို့နယ်ကော်မတီအဆင့်မှ ဆုံးဖြတ်ချက်ပေးနိုင်မှုမရှိပါကြောင်း၊ စိစစ်အကြံပြုတင်ပြချက်သာပေးနိုင်မည်ဖြစ်ပါကြောင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ အမွေဆက်ခံခွင့်ရရှိရေးအတွက် တရားရုံးတွင်သာ ဆုံးဖြတ်မည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေးက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါ တယ်။

**ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် နန်းစမ်းစမ်းအေး ဖြစ်ပါတယ်။ ယနေ့အစည်းအဝေးမှာ ကျွန်မတင်ပြမေးမြန်းမည့် မေးခွန်းကတော့ မြို့နယ်အဆင့်ဆိုင်ရာ ပြဿနာများဖြေရှင်းခြင်း နည်းလမ်းနှင့်ပတ်သက်၍ ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

ယခင်အဖြေအတိုင်းပင် ပြန်ထွက်ခဲ့သည်ကိုလည်းတွေ့ရှိရပါတယ်။ ထိုသို့သော အခြေအနေများ ထပ်မံမဖြစ်ပွားစေရန်နှင့် မလိုလားအပ်သော ပြဿနာများ ထပ်မံမဖြစ်စေရန် ပြဿနာများအမြန်ဖြေရှင်းနိုင်ရေးကို ဦးတည်၍ ကျွန်မမေးမြန်းလိုသည်မှာ -

(၁) မြို့နယ်အမှု၊ ခရိုင်အမှုများကို စိစစ်ရန် ပြည်နယ်မှ ဘုတ်အဖွဲ့ (သို့မဟုတ်) စိစစ်ရေးအဖွဲ့များဖွဲ့စည်းပေးရာတွင် မည်သည့် စံချိန်စံညွှန်းနှင့်အညီ ဖွဲ့စည်းရပါသနည်း။

(၂) နှစ်ပေါင်းများစွာမှ ဖြေရှင်းသော်လည်း မပြီးစီးနိုင်သည့်အရေးကြီးပြဿနာများအား ပြန်လည်စိစစ်ရန်ဘုတ်အဖွဲ့အား ဖွဲ့စည်းရာ၌ ပြည်နယ်အဆင့်မှ သက်ဆိုင်ရာဌာနအကြီးအကဲများ၊ သက်ဆိုင်ရာ မြို့နယ်မှ သက်ဆိုင်ရာဌာန အကြီးအကဲများ၊ သက်ဆိုင်ရာ မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တောင်သူများ၊ မျက်နှာစုံညီကွင်းဆင်းစိစစ်ပြီးလေးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးနိုင်သည့် ပြဿနာဖြေရှင်းခြင်း နည်းလမ်းအားကျင့်သုံးရန် အစီအစဉ်ရှိ/မရှိကိုပြည်သူများကိုယ်စား လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းအပ်ပါတယ်ရှင့်။အားလုံးကို ကျေးဇူးတင်ပါတယ်။





တယ်။ မြို့နယ်အဆင့်ဆင့်တွင် ကြုံတွေ့နေရသော မြေယာပြဿနာများ၊ သစ်တောဆိုင်ရာ ပြဿနာများ၊ စည်ပင်ဆိုင်ရာပြဿနာများနှင့် အခြားသောပြဿနာများ၊ တင်ပြတိုင်ကြားလာသည့်ကိစ္စများတွင် လယ်ယာမြေအငြင်းပွားမှုနှင့် စပ်လျဉ်း၍ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုကျေနပ်မှုမရှိပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း(၆၀)အတွင်း လယ်ယာမြေဥပဒေ ပုဒ်မ ၂၅၊ ပုဒ်မခွဲ(က)အရ တိုင်းဒေသကြီး/ ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ အယူခံနိုင်ပါသည်။ လယ်ယာမြေအငြင်းပွားမှုနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချမှတ် နိုင်ရန်အတွက် အမှုတွဲပါ စစ်ဆေးချက်များသည် လက်ရှိမြေပြင်အခြေအနေနှင့် ဖြစ်စဉ်များ ကိုက်ညီမှု ရှိ/မရှိ စစ်ဆေးရန် လိုအပ်ပါသဖြင့် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ဝင်များ ပါဝင်သည့် စစ်ဆေးရေးအဖွဲ့ကိုလည်း ဖွဲ့စည်းတာဝန်ပေးအပ်၍ စစ်ဆေးစေလျက်ရှိပါသည်။ နှစ်ပေါင်းများစွာ ဖြေရှင်းသော်လည်း မပြီးစီးနိုင်သည့်အရေးကြီးပြဿနာများအပါအဝင်သိမ်းဆည်းခံမြေယာကိစ္စများနှင့် ပတ်သက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ (၉. ၆. ၂၀၁၆)ရက်စွဲပါစာအမှတ်၃၉/၁ ကော်မတီ/မြေဗဟို ၂၀၁၆ဖြင့် ညွှန်ကြားချက်အရ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများ

ပြန်လည်စိစစ်ရေး ကော်မတီအဆင့်ဆင့်တွင် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူကိုယ်စားလှယ်များနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား ထည့်သွင်းဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ ဒါ့အပြင် ရှမ်းပြည်နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည် စိစစ်ရေးကော်မတီ၏ (၂၃. ၁၁. ၂၀၁၆)ပါ စာအမှတ် ၃၆၃၇/၇-၆၂၂/မြေစစ်(ရှမ်း)ဖြင့် အကြောင်းကြားချက်အရ ခရိုင်လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးကော်မတီမှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များအားလည်းကောင်း၊ မြို့နယ် လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများပြန်လည် စိစစ်ရေးကော်မတီတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလည်းကောင်း၊ ထပ်မံထည့်သွင်းဖွဲ့စည်း၍ ဆောင်ရွက်လျက် ရှိပြီး ပြည်နယ်လွှတ်တော်ဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီ အခြား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း လွှတ်တော်ကိုယ်စားလှယ် များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရေးနှင့် အဆင်ပြေချော မွေ့စွာဆောင်ရွက်နိုင်ရေးအတွက်လည်း အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ခရိုင်၊ မြို့နယ်များကို ညွှန်ကြားထားပြီးဖြစ် ပါတယ်-

(က) လယ်ယာမြေများ၊ အခြားမြေများသိမ်းဆည်းခံရမှု များပြန်လည်စိစစ်ရေး ကော်မတီလုပ်ငန်းများအား ကွင်းဆင်းဆောင်ရွက်တဲ့အခါ ပူးပေါင်းပါဝင်





**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးက ဆက်လက် ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေး မေးမြန်းသည့် မြို့နယ် အမှု၊ ခရိုင်အမှုများကို စိစစ်ရန် ပြည်နယ်မှ ဘုတ်အဖွဲ့ ဖွဲ့စည်းပေးရာတွင် မည်သည့်စံချိန် စံညွှန်းနှင့် ဖွဲ့စည်းရပါသနည်း။ နှစ်ပေါင်းများစွာမှ ဖြေရှင်းသော်လည်းမပြီးစီးနိုင်သည့် အရေးကြီးပြဿနာများအား ပြန်လည်စိစစ် ရန် ဘုတ်အဖွဲ့အား ဖွဲ့စည်းရာ၌ ပြည်နယ်အဆင့်မှ သက်ဆိုင်ရာ ဌာနအကြီးအကဲများ၊ သက်ဆိုင်ရာ မြို့နယ်မှသက်ဆိုင်ရာဌာန အကြီးအကဲများ၊ သက်ဆိုင်ရာ မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ် များနှင့် တောင်သူများ မျက်နှာစုံညီ ကွင်းဆင်းစိစစ်ပြီး လေးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးနိုင်သည့် ပြဿနာဖြေရှင်းနည်းအား ကျင့်သုံးရန် အစီအစဉ် ရှိ/မရှိ ဆိုသည့် ပြဿနာ(၃)ခုမေးမြန်းထားပါတယ်။ မြေယာပြဿနာများ၊ သစ်တောဆိုင်ရာ ပြဿနာများနှင့် စည်ပင် ဆိုင်ရာပြဿနာများဖြစ်တဲ့အတွက် (၃)ခုလုံးမှ ဦးစွာမြေယာနှင့် ပတ်သက်ပြီး ရှင်းလင်းပြီးလျှင် သစ်တော၊ စည်ပင်နှင့် ပတ်သက် သည့်ကိစ္စအား တစ်ပေါင်းတည်းရှင်းလင်းတင်ပြပေးသွားမှာ ဖြစ်ပါ

ဆောင်ရွက်မှုပြုနိုင်ရေးအတွက် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များအား လိုက်ပါနိုင်ရေးဖိတ်ကြားသွားရန်နှင့် ဖိတ်ကြားမှုများအား မှတ်တမ်းတင်ထားရှိရန်။

(ခ) ယင်းသို့ ဖိတ်ကြားထားသော်လည်း သက်ဆိုင်ရာ လွှတ်တော်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များမှာ အခြေအနေ အကြောင်းကြောင်းကြောင့် လိုက်ပါနိုင်ခြင်းမရှိပါက ကွင်းဆင်းစစ်ဆေးတွေ့ရှိမှုအခြေအနေများကို လွှတ်တော်ကိုယ်စားလှယ်များသို့ အသိပေးညှိနှိုင်းပြီးအစီရင်ခံတင်ပြမှုများ ဆောင်ရွက်ရန်။

(ဂ) လွှတ်တော် ကိုယ်စားလှယ်များနှင့်အတူ သွားရောက်ပြီး ပြည်သူများနှင့် တွေ့ဆုံသည့်အခါ ကိုယ်စားလှယ်များကို ဘေးတွင်ထားရှိခြင်းမပြုဘဲ ကိုယ်စားလှယ်ကို ဦးစားပေး ဆွေးနွေးစေရန်နှင့် မိမိမှလိုအပ်သည်များ ဖြည့်စွက်အကြံပြု ပေးသွားရန်။

(ဃ) ဌာနဆိုင်ရာ အစည်းအဝေးများ ကျင်းပရာတွင် သက်ဆိုင်ရာ လွှတ်တော်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များတက်ရောက်ရန် ဖိတ်ကြားခြင်းဖြစ်ပါက ကိုယ်စားလှယ်များကို မိမိနှင့်





အားလည်းကောင်း၊ ခရိုင်အဆင့်/မြို့နယ်အဆင့်တို့တွင် သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီမှ ကိုယ်စားလှယ်များအားလည်းကောင်း အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းထားရာတွင် လုပ်ငန်းလိုအပ်ချက်အပေါ် မူတည်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဆက်စပ်ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းအစည်းအဝေးများပြုလုပ်၍ ဖြေရှင်း ဆောင်ရွက်လျက်ရှိပါသည်။

ရှမ်းပြည်နယ် စည်ပင်သာယာရေးဥပဒေ (၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ်- ၁၀/၂၀၁၃) ပုဒ်မ ၁၉ (စ)အရ မြို့နယ်စည်ပင်သာယာရေးကော်မတီများသည် စည်ပင်သာယာရေး ဌာနပိုင်မြေပေါ်တွင် မည်သည့်ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းမှကျူးကျော်မှုမရှိစေရေးထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ လမ်းမြေ၊ ဌာနပိုင်မြေ၊ အစိုးရပိုင်မြေပေါ်တွင် ကျူးကျော်၍ ခွဲဝင်းခတ်ခြင်းများမပြုရန် ရှမ်းပြည်နယ်စည်ပင်သာယာရေး ဥပဒေပုဒ်မ ၆၈ (ဂ) တွင်လည်း တားမြစ်ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီလက်အောက်ရှိ မြို့နယ်စည်ပင်သာယာရေးကော်မတီများတွင် စည်ပင်သာယာရေးဆိုင်ရာ ပြဿနာများဖြစ်ပွားပါက မြို့နယ်အဆင့်တွင်ရှိသော စည်ပင်သာယာရေးကော်မတီ၊ ဖြစ်ပွားသည့်အမှုကိစ္စနှင့်ဆက်စပ်သည့်ဌာနများဖြင့် ပူးပေါင်း၍



D/real(wide) (2

ဖြေရှင်းဆောင်ရွက်ပေး လျက်ရှိပါသည်။ အမှုကိစ္စများပြီးပြတ်မှု မရှိပါက ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနအနေဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြ ဆောင်ရွက်လျက်ရှိပါသည်။

ဆက်လက်ပြီး သစ်တောနယ်မြေနှင့် ပတ်သက်သည့်ကိစ္စ တင်ပြရမည်ဆိုလျှင် သစ်တောနယ်မြေတွင် အချို့မြေယာကိစ္စရပ်များအပေါ် ကွင်းဆင်းစစ်ဆေးရာတွင် သက်ဆိုင်ရာနယ်မြေဒေသရှိ လွှတ်တော်ကိုယ်စားလှယ်များအား အသိပေး ပူးပေါင်းကွင်းဆင်းစိစစ်ဆောင်ရွက်လျက်ရှိပါသည်။ သစ်တောနယ်မြေတွင် ခွင့်ပြုချက်မရှိဘဲဆောင်ရွက်သည့် မြေယာကိစ္စများနှင့်ပတ်သက်၍ သစ်တောဥပဒေပုဒ်မ ၄၀ (က)(ခ)(ဂ)(ဃ)(င)(စ) (ဆ)(ဇ)နှင့် နည်းဥပဒေ ၁၉ (ခ)(ဂ)(ဃ)(င)(စ)(ဆ)နှင့် နည်းဥပဒေ ၁၀၀(က) အရလည်းကောင်း၊ သစ်တောနယ်မြေအတွင်းရှိ သစ်ပင်များကို ခွင့်ပြုချက်မရှိဘဲ ခုတ်ထွင်ရှင်းလင်းခြင်း၊ အခြားနည်းဖြင့် ပျက်စီးစေခြင်းတို့အတွက် သစ်တောဥပဒေပုဒ်မ ၄၀ (ဇ)၊ ၄၂ (က)၊ နည်းဥပဒေ ၁၀၀(က)အရလည်းကောင်း၊ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

သစ်တောမြေနှင့်ပတ်သက်၍ မြေယာများစိစစ်ရာတွင် ခရိုင်၊ မြို့နယ်သစ်တောအရာရှိများနှင့် သက်ဆိုင်ရာဆက်စပ်ဌာနများပါဝင်သော ကွင်းဆင်းစိစစ်ရေးအဖွဲ့များဖြင့် စိစစ်ဖြေရှင်းဆောင်ရွက်ပေးမှုများရှိသကဲ့သို့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊





တစ်တန်းတည်းနေရာပေးရန်၊ မိမိက ဦးဆောင်ဆွေးနွေးသွားရန် ကိုယ်စားလှယ်များမှ ဆွေးနွေးနိုင်ရေးအတွက် အစီအစဉ်တွင် ထည့်သွင်းရေးဆွဲသွားရန်။

ယင်းသို့ ခရိုင်/မြို့နယ်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးကော်မတီများသို့သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် အကြောင်းကြားထားပြီးဖြစ်သဖြင့် ခရိုင်/မြို့နယ် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးကော်မတီများတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြင့် ပါဝင်ဖွဲ့စည်းပြီးဖြစ်ပါ၍ ကွင်းဆင်းစစ်ဆေးညှိနှိုင်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာ မြို့နယ်အကြီးအကဲများ၊ သက်ဆိုင်ရာမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တောင်သူလယ်သမားများ စုံညီထိတွေ့ဆောင်ရွက်လျက် ရှိပြီး၊ ပြည်သူများ၏ သဘောဆန္ဒဖော်ဆောင်ပေးနိုင်ရေးအတွက် အဆိုပါကော်မတီအဆင့်ဆင့်မှ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ မြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီအနေဖြင့် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးကော်မတီဖွဲ့စည်းပုံအရ ပြည်နယ်အဆင့်တွင် ညွှန်ကြားရေးမှူး

ကျေးရွာအုပ်စုများတွင် ဌာနဆိုင်ရာများပါဝင်သည့် လယ်ယာမြေ စီမံခန့်ခွဲရေးအဖွဲ့နှင့် ဌာနဆိုင်ရာများနှင့် လွှတ်တော်ကိုယ်စားလှယ်များပါဝင်သည့် လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့် ဖွဲ့စည်းခြင်းများကို နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်နှင့်အညီ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ ပြည်နယ်အတွင်း ဖြစ်ပေါ်နေသည့် မြေယာပြဿနာများ၊ စည်ပင်ဆိုင်ရာ ပြဿနာများ၊ သစ်တောဆိုင်ရာ ပြဿနာများနှင့် အခြားသောပြဿနာများ စိစစ်ဖြေရှင်းရာတွင်လည်း လွှတ်တော်ကိုယ်စားလှယ်များပါဝင်သည့် ကော်မတီများဖြင့် စိစစ်ဖြေရှင်းရမည့် ကိစ္စများရှိပါက သက်ဆိုင်ရာနယ်မြေဒေသရှိ လွှတ်တော်ကိုယ်စားလှယ်များဖြင့် ပေါင်းစပ်စိစစ် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ သက်ဆိုင်ရာဌာနဆိုင်ရာများအလိုက် ပြဋ္ဌာန်းထားရှိသည့် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ၊ စိစစ်ဖြေရှင်းရမည့် ကိစ္စရပ်များတွင် ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ဌာနဆိုင်ရာများပါဝင်သည့် စိစစ်ရေးအဖွဲ့များ အဆင့်ဆင့်ဖြင့် တည်ဆဲ ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။





**ဦးစိုင်းလှဝင်း မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလှဝင်းဖြစ်ပါတယ်။ ယခု ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှ ရှမ်းပြည်နယ် ဘဏ္ဍာရေး ရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေနှင့် ပတ်သက်ပြီး ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးဖြည့်စွက်ရန်ပုံငွေမှာဆိုလျှင် သာမန်အသုံးစရိတ်မှာ ကျပ်သန်းပေါင်း (၃၄၁၇. ၇၅၀ )သန်းဖြစ်ပါတယ်။ ငွေလုံးငွေရင်း အသုံးစရိတ်မှာ ကျပ်သန်းပေါင်း(၂၀၄၁၅. ၈၁၆)သန်းဖြစ်ပါတယ်။ စုစုပေါင်းမှာ ကျပ်သန်းပေါင်း(၂၃၈၃၃. ၅၆၆)သန်းဖြစ်ပါတယ်။

ဦးစွာ အသုံးစရိတ်ကို ကျွန်တော် ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ဖြည့်စွက်ရန်ပုံငွေမှ သာမန်အသုံးစရိတ် ကျပ်သန်းပေါင်း (၃၄၁၇. ၇၅၀)သန်းကို အဖွဲ့အစည်း၊ ဌာနဆိုင်ရာ (၁၃)ခုမှ အသီးသီးကျခံသုံးစွဲထားသည်ကိုတွေ့ရှိရပြီး၊ ဌာန အဖွဲ့အစည်းများ သုံးစွဲသည့်အကြောင်းအရာကိစ္စရပ်များကို အသေးစိတ်ဖော်ပြထားသည်ကို တွေ့ရှိရပါသော်လည်း



D/real(wide) (2

စိုက်ပျိုးရေးဦးစီးဌာန၏ အဆိုပါ သာမာန်အသုံးစရိတ် ကျပ်သန်းပေါင်း(၅၈၉. ၇၈၄)သန်းအတွက်သာ ရှင်းလင်းဖော်ပြထားရာ ပွင့်လင်းမြင်သာစွာဖြင့် အသေးစိတ်ရှင်းလင်းဖော်ပြပေးသင့်ပါကြောင်း အကြံပြုဆွေးနွေးတင်ပြအပ်ပါတယ်။

ဖြည့်စွက်ရန်ပုံငွေမှ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ်သန်းပေါင်း (၂၀၄၁၅. ၈၁၆)သန်းကို ဌာနအဖွဲ့အစည်း(၁၈)ခုမှ ကျခံသုံးစွဲထားပါတယ်။ အသုံးစရိတ် အကြောင်း အရာအသေးစိတ်များကို ဌာနအဖွဲ့အစည်း(၁၂)ခုသည် ပူးတွဲ ရှင်းလင်းဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ ကျန်ဌာန(၆)ခုသည် ဖော်ပြခြင်းမရှိ၍ အသေးစိတ်စာရင်းအား ဖော်ပြသင့်ပါကြောင်းအကြံပြု တင်ပြအပ်ပါသည်။

ဆက်လက်ပြီး ဘတ်ဂျက်အသုံးစရိတ် ဖြည့်စွက်ရန်ပုံငွေမှ ငွေလုံးငွေရင်း ကျပ်သန်းပေါင်း(၁၄၂၇. ၂၈၄)သန်းကို လမ်း၊ တံတား (Box Culvert)နှင့် အခြားလုပ်ငန်းများ မြို့နယ် (၃၀)အတွက် လုပ်ငန်းများဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်ကြီးမြို့နယ် ကျောက်တစ်လုံးကြီးမြို့နယ်အတွက်လုပ်ငန်း(၅)ခု၊ဆီဆိုင်မြို့နယ် (၅)ခု၊ ဖယ်ခုံမြို့နယ် (၅)ခု၊ ပင်းတယမြို့နယ်(၅)ခု၊ ကုန်းကြမ်းမြို့နယ် (၄)ခု၊ ဟိုပုံးမြို့နယ် (၃)ခု၊ မောက်မယ်မြို့နယ် (၃)ခု၊ ကလောမြို့နယ်(၃)ခု၊ ကျန်သည့်မြို့နယ်များမှာ (၂)ခု၊ (၁)ခုစသည်ဖြင့် ခွင့်ပြုဆောင်ရွက်ပေးခဲ့တယ်လို့ လေ့လာ တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များအားလုံး တန်းတူညီမျှ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အခွင့်အရေး





ဥက္ကဋ္ဌ ။ ဒီကနေ့အတွက် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းခြင်း အစီအစဉ် ပြီးဆုံးပါပြီ။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးခြင်း။

ဥက္ကဋ္ဌ ။ ယခုအစီအစဉ်(၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (ပထမနေ့)မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုရန်ပုံငွေတောင်းခံခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက အမည်စာရင်းပေးသွင်းထားပါတယ်။

ပထမဦးစွာ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်းက ဆွေးနွေးဖို့ဖြစ်ပါတယ်။

မျှတစွာ ဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ အကြံပြုတိုက်တွန်း အပ်ပါတယ်။

မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဖြည့်စွက်ရန်ပုံငွေမှာ ငွေလုံးငွေရင်းကျပ်သန်းပေါင်း(၁၂၇၆)သန်းကျခံသုံးစွဲရန် တောင်ကြီး မြို့နယ်ဝင်ငွေနည်း ပြည်သူများငှားရမ်း နေထိုင်ရန်အတွက် (၈)ခန်းတွဲ (၅)ထပ် အဆောက်အဦး(၁)လုံး၊ ကျပ်သန်းပေါင်း (၅၇၀) သန်း၊ တာချီလိတ်မြို့တွင် (၈)ခန်းတွဲ (၅)ထပ် အဆောက်အဦ (၁)လုံး၊ ကျပ်သန်းပေါင်း (၆၃၀)သန်း ဆောက်လုပ်သွားရန် ငွေတောင်းခံ ထားသည် ကိုတွေ့ရှိရပါတယ်။

အိမ်ရာစီမံကိန်းလုပ်ငန်းသည် အဆောက်အဦ (၁)လုံး ထဲနှင့် မိသားစု (၄၀)သာလက်ခံနိုင်မည်ဖြစ်ရာ မိသားစု အနည်းငယ်သာ အကျိုးခံစားခွင့်ပြုမည့်အနေအထားရှိမည်ကို သုံးသပ် တွေ့ရှိရပါသည်။

အဆိုပါ အိမ်ရာစီမံကိန်းအား အများပြည်သူ မြောက်မြား စွာ နေထိုင်နိုင်ရန် ကုမ္ပဏီလုပ်ငန်းရှင်များဖြင့် အကျိုးတူပူးပေါင်း ဆောင်ရွက်သွားမည်ဆိုပါက အဆောက်အဦများစွာ တည်ဆောက် နိုင်မည်ဖြစ်ပြီး ပိုမိုအကျိုးဖြစ်ထွန်းမည်ဟု ယုံကြည်မိပါသည်။ မြို့နယ်အသီးသီးတွင် တာဝန်ထမ်းဆောင် နေကြသူများ ဝန်ထမ်း အိမ်ရာများ မရှိကြသဖြင့် ပြင်ပတွင် အိမ်ငှားရမ်း နေထိုင်ကြရာ သက်ဆိုင်ရာ မြို့နယ်အသီးသီးမှ တင်ပြထားရှိပါတယ်။ ဝန်ထမ်းတွေရဲ့ နေအိမ်မရှိတဲ့ အခက်အခဲတွေကို ဆက်စပ်ပြီးတော့



D/real(wide) (2



တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဟိုပုံးမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးခွန်မောင်ဖြူက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်မောင်ဖြူ၊ ဟိုပုံးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ခညောင်းကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်မောင်ဖြူဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးလိုသော အကြောင်းအရာမှာ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့) တွင်ကြယ်ပွင့်ပြ မေးခွန်းကိုမေးမြန်းခဲ့ပါသည်။ အဆိုပါမေးခွန်းမှာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၊ လွယ်အွန်၊ စခို၊ ထီဘွာ၊ ထီကတူး၊ ဝါဆိုကျေးရွာမီးလင်းရေးအတွက် ၂၀၁၆ ခုနှစ်၊ ၉ လပိုင်း (၂၁)ရက်နေ့ တွင်မေးမြန်းခဲ့ရာ လျှပ်စစ်ဝန်ကြီးမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပေးမည်ဖြစ်ကြောင်း ဖြေကြားခဲ့ပါတယ်။ သို့သော် ၂၀၁၇-၂၀၁၈ ငွေလုံးငွေရင်း (BE) ရန်ပုံငွေတွင် ထည့်သွင်းပါဝင်ခဲ့ခြင်းမရှိသလို ဖြည့်စွက်ရန်ပုံငွေ (RE)တွင် ပါဝင်လာခြင်းမရှိပါ။ ရှမ်းတောင်လျှပ်စစ်ကဏ္ဍအနေဖြင့် ၂၀၁၇-၂၀၁၈ခုဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်အစိုးရ ဖြည့်စွက်ရန်ပုံ ငွေဖြင့် ဆောင်ရွက်လိုသည့်လုပ်ငန်းများမှာ -

(၁) တိုးချဲ့(၁၉ )ခု၊ ငွေကျပ်(၃၆၅. ၁၀၀)သန်း၊

(၂) ကျေးရွာ (၂၁)ခု - ငွေကျပ်(၁၆၄၈. ၀၁၉)သန်း၊

(၃) အစားထိုး(၂၇)ခု- ငွေကျပ်(၉၁၉. ၄၂၀) သန်း စသည်ဖြင့် လုပ်ငန်းပေါင်း (၆၇)ခု၊ ငွေကျပ်(၂၉၃၂. ၅၃၉)သန်း တို့ဖြစ်ပါတယ်။

ဤစာရင်းဇယားအရ သိရှိရတဲ့အတွက်ကြောင့် ပြည်နယ်အတွက် အထူးပင်ဝမ်းသာမိပါသည်။ မည်သည့် မြို့နယ်ဘတ်ဂျက်ရရှိစေကာမူ မစ္ဆရိယစိတ်နှင့် ဆွေးနွေးလိုခြင်းမဟုတ်ပါ။ ရည်မှန်းချက်ပန်းတိုင်သည် ရှမ်းပြည်နယ်တိုးတက်ရန်အတွက်ဖြစ်ပါသည်။ သို့သော်လည်း မြို့(၂)မြို့ကို လေ့လာရာတွင် (၁)မြို့နယ်ထဲမှာ လုပ်ငန်း(၅)ခု၊ အချို့မြို့နယ်မှာလုပ်ငန်း(၇)ခုတွေ့ရှိရပါသည်။ဤစာရင်းဇယားအရခွင့်ပြုငွေသည်ကျပ်သန်း (၂၉၃၂. ၅၉၆) သန်းရှိပြီး မြို့တစ်မြို့သည် ရရှိငွေ၏ (၆)ပုံ (၁ )ပုံ ဖြစ်နေသည်ကို တွေ့ရှိ ရ ပါသည်။ မိမိတင်ပြဆွေးနွေးနေသည့် ကာလအထိ ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ခွင့်ပြုထားသော ရန်ပုံငွေဖြင့် ၎င်းဖြည့်စွက်ခွင့် တောင်းခံသည့်နေရာတွင် ငွေလုံးငွေရင်းအသုံးစရိတ်၌ ၂၀၁၇-၂၀၁၈၊ ဒေသန္တရစီမံကိန်း ဥပဒေတွင် ပါဝင်သောလုပ်ငန်းစီမံကိန်းများအတွက်သာ ခွင့်ပြုထားသောရန်ပုံငွေဖြစ်ကြောင်းသိရှိနားလည်ရပါသည်။ ရှမ်းပြည်နယ်တစ်ခုလုံးတွင်၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရဘဏ္ဍာငွေမှ ဖြည့်စွက်ရန်ပုံငွေ (RE)ဖြင့် ဆောင်ရွက်လိုသောလုပ်ငန်းမှာ(၈၂)ခုရှိပါသည်။ ဝန်ကြီး၏



D/real(wide) (2



တင်ပြခြင်းဖြစ်ပါတယ်။ ပြင်ပတွင် အိမ်ငှားရမ်း နေထိုင်ကြရသဖြင့် စားဝတ်နေရေး အခက်အခဲများ ကြုံတွေ့နေရသည့် ဘဝများကို ဖြေရှင်းပေးနိုင်ရန် အဆိုပါ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရန်ပုံငွေဖြင့် သင့်တင့်မျှတသည့်ဝန်ထမ်းမိသားစု အငှားအိမ်ရာများ စီမံဆောင်ရွက်ပေးပါက ဝန်ထမ်းများသည် တိုင်းပြည်တာဝန်များကို စိတ်ချမ်းသာစွာဖြင့်ထမ်းဆောင်နိုင်မည်ဟု ယုံကြည်သည့်အတွက် ဆွေးနွေးအကြံပြုတင်ပြအပ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ဦးစီးဌာနအနေဖြင့် ဖြည့်စွက်ရန်ပုံငွေမှ ငွေလုံးငွေရင်း ကျပ်သန်းပေါင်း (၂၆၅၀)သန်း ကျခံသုံးစွဲထားပါသည်။ရှမ်းတောင်တွင်မြို့နယ် (၇)မြို့၊ လုပ်ငန်း(၈)မျိုး၊ကုန်ကျစရိတ်ကျပ်သန်းပေါင်း(၂၀၁၂. ၇၈၇)သန်းဖြစ်ပါတယ်။ ရှမ်းမြောက်တွင် မြို့နယ်(၄)မြို့၊ လုပ်ငန်း(၄)မျိုး ကုန်ကျစရိတ်ကျပ်(၄၆၆. ၆၈၈)သန်းဖြစ်ပါတယ်။ရှမ်းရှေ့တွင်လုပ်ငန်း (၂) မျိုး၊ ကုန်ကျစရိတ်ကျပ်(၁၇၀. ၅၂၅)သန်းဖြစ်ပါတယ်။ အဆိုပါကျခံသုံးစွဲမှုနှင့် ဒေသအလိုက်နှိုင်းယှဉ်ကြည့်ပါက ကွာခြားမှုများတွေ့ရှိနေရပါကြောင်းတင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များမှ မိမိမြို့နယ်အတွက် လုပ်ငန်းများအချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ရန် လွှတ်တော်အစည်းအဝေးများတွင် တင်ပြရခြင်းတူကြပါသော်လည်းခွဲဝေမှု၊ မျှတမှုမရှိသည်ကိုခံစား မိပါကြောင်းလေးစားစွာ တင်ပြအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ မြို့နယ်အားလုံးတန်းတူညီမျှ အခွင့်အရေးရရှိစေနိုင်မည့် အမြင်အားရှေ့ထားပြီး စဉ်းစားဆောင်ရွက် ပေးသင့်ပါကြောင်း အကြံပြု

ညွှန်ကြားချက်နှင့် လမ်းညွှန်ချက်များ(၃၃)ခု၊ လုပ်ငန်းလိုအပ်ချက် အရထည့်သွင်းထားခြင်း(၃၅)ခု၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်မှတောင်းခံခြင်း(၃)ခု၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှတောင်းခံခြင်း(၆)ခု၊ ကတိကဝတ်(၁)ခု ဒေသခံပြည်သူများမှ တင်ပြလာခြင်း(၄)ခုကို လေ့လာတွေ့ရှိရပါ သည်။ သို့သော်လည်း (RE)ခွင့်ပြုချက်ကို လေ့လာတွေ့ရှိရ သည်မှာ ဝန်ကြီးခရီးစဉ်လမ်းညွှန်ချက်၊ ဝန်ကြီး၏နှုတ်မိန့်၊ ညွှန်ကြားချက်များမှာ အသက်မဝင်သကဲ့သို့ ဖြစ်နေကြောင်း သုံးသပ်မိပါတယ်။ ထို့ကြောင့် လွှတ်တော်၏ ကတိကဝတ် ညွှန်ကြားချက်အတိုင်း ပြည်သူသို့ ချပြပေးခဲ့ပါ သော်လည်း ပါဝင်မှုအချိုးကို ပြန်လည် သုံးသပ်ပါက ပြည်သူများ၏ လွှတ်တော်ကတိကဝတ် ဖြေကြားချက် အပေါ် ယုံကြည်မှုသည် လွှတ်တော်ပုံရိပ်ကို ပြန်ပြီးထင်ဟပ်စေမှာ ဖြစ်တယ်။ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများခွဲဝေချထားရာတွင် မြို့နယ်အလိုက်မျှတစွာ စဉ်းစားထည့်သွင်းပေးဖို့ကိုလည်း လွှတ်တော်ကိုယ်စားလှယ် အသီးသီးကဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်ရဲ့ ဆွေးနွေးချက်၊ တင်ပြချက်ကို ဤမျှနှင့်နိဂုံးချုပ်အပ်ပါတယ်။ အားလုံး ကိုကျေးဇူးတင်ပါတယ်။



D/real(wide) (2



ဖြစ်တဲ့ ဦးစိုင်းလှဝင်းနှင့် ဦးခွန်မောင်ဖြူတို့၏ အကြံပြုဆွေးနွေးချက် ကိုကျွန်တော့်အနေနဲ့လေးစားပါတယ်ဆိုတဲ့အကြောင်းပြောကြားလို ပါတယ်။ကျွန်တော့်အနေနဲ့လည်းရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား စီမံကိန်း၊ဘဏ္ဍာရေးနှင့်ပတ်သက်ပြီးလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အားလုံးသိရှိရန်အတွက်ရှင်းလင်း တင်ပြပေးသွားမှာဖြစ်ပါတယ်။ရှမ်းပြည်နယ်အစိုးရအနေနဲ့ ၂၀၁၇- ၂၀၁၈ ဒေသန္တရစီမံကိန်းဥပဒေကို လွှတ်တော်မှာ အတည်ပြု ဆွေးနွေးခဲ့စဉ်ကလည်း ရှမ်းပြည်နယ်အစိုးရအနေနဲ့ ၂၀၁၈-၂၀၁၉ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းရေးဆွဲသည့်အခါမှာမိမိတို့သက်ဆိုင် ရာ ခရိုင်၊ မြို့နယ်အသီးသီးတွင် မြို့နယ်စည်းကမ်း၊ ခရိုင်စည်းကမ်း များဖြင့် ဌာနဆိုင်ရာအသီးသီးနှင့် မြို့မိမြို့ဖများအားလုံးပါဝင်၍ ညှိနှိုင်းတိုင်ပင်ပြီးစီမံကိန်းများရေးဆွဲရန်ဌာနဆိုင်ရာများကိုညွှန်ကြားခဲ့ သလို လွှတ်တော်မှာလည်း အတည်ပြုပြီးသားဖြစ်ပါတယ်။ဒီလို ရေးဆွဲသည့်အခါမှာလည်း လွှတ်တော်ကိုယ်စားလှယ်များအနေနှင့် စီမံကိန်းရေးဆွဲသည့်ကာလကိုလည်းနားလည်ပေးဖို့မေတ္တာရပ်ခံချင် ပါတယ်။ စီမံကိန်း၏လုပ်ထုံးလုပ်နည်းများ၊ ဘတ်ဂျက်ဥပဒေများ၊ အထူးကိစ္စရပ်များ၊လွှတ်တော်ကတိကဝတ်များ၊အစိုးရအဖွဲ့ဝန်ကြီးချုပ် နှင့်ဝန်ကြီးခရီးစဉ်များ အရေးပေါ် အခြေအနေများကို ဦးစားပေးပြီး Principalအနေနဲ့သတ်မှတ်ရပါတယ်။ အဲဒီလိုသတ်မှတ်သည့် အခါမှာ လွှတ်တော်ကိုယ်စားလှယ်များအနေနှင့် စီမံကိန်းများရေးဆွဲ သည့်အခါ နယ်မြေအသီးသီးရှိ လွှတ်တော်ကိုယ်စားလှယ်၏

လိုအပ်ချက်ပြည်သူများ၏လိုအပ်ချက်တွေဟာအများကြီးဖြစ်ပါလိမ့်မည်။ အဲဒီလိုအများကြီးဖြစ်သည့်အချိန်မှာ ကျွန်တော်တို့ စီမံကိန်းရေးဆွဲတဲ့စံချိန်စံညွှန်းတွေပူးပေါင်းဆောင်ရွက်ပြီးညှိနှိုင်းဖြတ်တောက်ကာအားလုံးညှိနှိုင်းပြီးရေးဆွဲသည့်အခါမှာဦးစားပေးအများကြီးထွက်လာပါတယ်။ ဒီလိုထွက်လာသည့်အခါမှာ ကျွန်တော်တို့အနေနဲ့ ဘယ်အရာကိုဦးစားပေးမလဲ၊ဘယ်အရာကိုဘတ်ဂျက်ဘယ်လောက်သတ်မှတ်မလဲ၊ ဘယ်အရာကတော့ အရေးမကြီးသေးသည့်အတွက်နှစ်အလိုက်၊ ကဏ္ဍအလိုက်သွားပြီး ရေတို၊ ရေရှည်စာရင်းတွေကိုစနစ်တကျတိုင်ပင်ရေးဆွဲရတာဖြစ်ပါတယ်။ ဒီကနေ့ ၂၀၁၇-၂၀၁၈ ဘတ်ဂျက် Estimate လို့ခေါ်တဲ့ ခန့်မှန်းခြေငွေစာရင်းနှင့်ဒေသန္တရစီမံကိန်းမှာပြဋ္ဌာန်းပေးဖို့ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ (RE)လို့မခေါ်ပါ။ လိုအပ်ငွေကို ဖြည့်စွက်ထောက်ပံ့ခြင်း၊ ဘဏ္ဍာရေးကော်မရှင်၏ ညွှန်ကြားချက် Grantလို့ခေါ်ပါတယ်။ အဲဒါနှင့်ပတ်သက်ပြီး ကျွန်တော်အနည်းငယ်ရှင်းပြချင်ပါတယ်။ (BE)ကိုဘတ်ဂျက် Estimate လို့ခေါ်တဲ့ မူလလျာထားငွေဖြင့် စီမံကိန်းတွေ ဆောင်ရွက်သည့်အခါမှာ သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်နှစ်ပိုင်းရှိပါတယ်။လိုအပ်ချက်တွေထပ်ဖြည့်ဖို့ Supplimentary Grant ဆိုပြီးလိုအပ်ငွေကို ဖြည့်စွက်ထောက်ပံ့ခြင်းဆိုတဲ့ ခေါင်းစဉ်နဲ့ ဘဏ္ဍာရေးကော်မရှင်၏ ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၀အရ ဘဏ္ဍာရေးကော်မရှင်မှ ညွှန်ကြားလာပါသည်။ Budget Estimate, Supplimentary Grant နဲ့ (RE)ဆိုပြီး Revise Estimate ဖြစ်ပါတယ်။





**ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုရန်ပုံငွေ တောင်းခံခြင်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှဆွေးနွေး ရှင်းလင်းခြင်းနှင့်လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ် (၇) ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သောဌာနအဖွဲ့အစည်းများ၏ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုရန်ပုံငွေ တောင်းခံခြင်းနှင့်စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်မှ ပြန်လည်ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်၊စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊အစိုးရအဖွဲ့ဝင်ဝန်ကြီးများအားလုံး၊ ဝန်ကြီးချုပ်နှင့်တကွအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြီးပြည့်စုံကြပါစေလို့ ဦးစွာပဏာမဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးသွားသော လွှတ်တော်ကိုယ်စားလှယ်(၂)ဦး

Revise Estimate ရေးဆွဲသည့်အခါမှာ တစ်နည်းအားဖြင့် SG ဖြစ်စေ၊ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးအတွက် ဥပဒေဖြင့် ထပ်မံသတ်မှတ်ပေးရန်နှင့် စပ်လျဉ်းပြီး Supplimentary Grant လို့ ခေါ်တဲ့လိုအပ်ငွေကို ဖြည့်စွက်ထောက်ပံ့ရေးဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးတွင် သာမန်အသုံးစရိတ်များအား အကြောင်းအမျိုးမျိုးကြောင့် ရသုံးခန့်မှန်းခြေငွေစာရင်းတွင်ခွင့်ပြုထားသော သာမန်ရန်ပုံငွေဖြင့် မလုံလောက်သည့် အခြေအနေများတွင်ဖြည့်စွက်ရန်ပုံငွေကိုတောင်းခံရမှာဖြစ်ပါတယ်။ ဒါပေမဲ့ ဌာန(၂၅)ခုမှာ (၂၂) ခုတောင်းခံပါတယ်။ တချို့ဌာနတွေ တောင်းခံခြင်းမရှိပါဘူး။ ငွေလုံးငွေရင်းအသုံးစရိတ်မှာ ၂၀၁၇-၂၀၁၈ ဒေသန္တစီမံကိန်း ဥပဒေတွင်ပါဝင်သော စီမံကိန်းအတွက်သာ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံရမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မဖြစ်မနေသုံးစွဲရမည့်ကိစ္စနှင့် အထူးကိစ္စတွေ ရှိပါတယ်။ လိုအပ်ငွေ၊ ဖြည့်စွက်တောင်းခံငွေကို ရန်ပုံငွေလွှဲပြောင်းပြီးသုံးစွဲလို့မရဘူး။ ဒီဘတ်ဂျက်မှာ ကုန်အောင်သုံးပေးရမှာ ဖြစ်ပါတယ်။ တချို့အထူးကိစ္စရပ်တွေကို ကျွန်တော် ဆက်လက်ရှင်းပြမှာဖြစ်ပါတယ်။

၂၀၁၇-၂၀၁၈ ဖြည့်စွက်ရန်ပုံငွေနှင့်ပတ်သက်ပြီး ရေးဆွဲရာမှာလည်း အစိုးရ၏ အခက်အခဲကို လွှတ်တော်ကိုယ်စားလှယ်များသိစေချင်သည့်အတွက်ရှင်းပြပါမယ်။ ဌာန(၂၅)ခုမှာ (၂၂)ခု တောင်းဆိုပါတယ်။ တောင်းဆိုသည့် (၂၂)ဌာနမှ မူလလျာထားငွေ၊



D/real(wide) (2



ရငွေဟာ (၆)ဘီလီယံကျော်ပါတယ်။ ပြည်ထောင်စုရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးကို ကျွန်တော်တို့ တင်ပြပါတယ်။ ရှမ်းပြည်နယ်၏ဧရိယာအကျယ်အဝန်းမှာ(၄)ပုံ(၁)ပုံကျယ်ပါတယ်။ လမ်းဧရိယာမှာ(၄)ပုံ(၁)ပုံရှိပါတယ်။သို့သော်ဘဏ္ဍာငွေခွဲဝေသည့်အခါ လမ်းမိုင်အရေအတွက်နှင့်မချဘဲ မူဝါဒနှင့်ချသည့်အတွက် ရှမ်းပြည်နယ်သည်လမ်းတစ်မိုင်နှုန်း ကျပ်(၁၄. ၈၉)သန်း ရတဲ့အချိန်တွင် အခြားပြည်နယ်သည် ကျပ်(၉၈)သန်းလောက်ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ လမ်းမိုင်မူဝါဒနှင့်ချပေးဖို့ဆိုတာ တောင်းဆိုပါတယ်။ နောက်ရှမ်းပြည်နယ်သည် အကျယ်ကြီးဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ငြိမ်းချမ်းရေးကို ဖွံ့ဖြိုးခြင်းနှင့်ကုစားမှ ရပါမယ်။ ဒါကြောင့်ဘတ်ဂျက်လျာထားသည့်အချိန်မှာ ရှမ်းပြည်နယ်ကို Principalအနေနှင့်စဉ်းစားပေးဖို့ ပြည်ထောင်စုဘဏ္ဍာရေးကော်မရှင်အကြိုညှိနှိုင်းဆွေးနွေးပွဲတွင် ရှမ်းပြည်နယ်အတွက် သေချာစစ်ဆေးမှတ်တမ်းတင်ပြီးဘဏ္ဍာရေးကော်မရှင်သို့ဆက်လက်တင်ပြပေးမယ်ဆိုပြီး ဝန်ကြီးကပြောပါတယ်။ အခုဖြည့်ဆည်းထောက်ပံ့နေခြင်းသည်မျှော်မှန်းထားသည်ထက်(၃)ဆဖြစ်သွားတဲ့အခါတွင်ဌာနဆိုင်ရာတွေအတွက် ဘတ်ဂျက်ဖြတ်တောက်တဲ့အခါCabinetကဆုံးဖြတ်ကြရပါတယ်။ ဆုံးဖြတ်တဲ့အခါတွင်လည်း ညွှန်ကြားချက်ရှိပါတယ်။ မူဝါဒတွေရှိပါတယ်။ ရှမ်းပြည်နယ်မှာအကြီးဆုံး ဘာတွေလိုအပ်သလဲ ဆုံးဖြတ်ပါတယ်။

ရှမ်းပြည်နယ်တွင် မတိုးတက်တာ၊ မြို့တွေမဖွံ့ဖြိုးတာ

စည်ပင် ဘဏ္ဍာရန်ပုံငွေမရှိလို့ပါ။ စည်ပင်ကိစ္စကို ဘတ်ဂျက်များ များသုံးမယ်။အခြေခံInfrastructureအနေဖြင့်လမ်းမီးသည် ညွှန်ကြားချက်ဖြစ်ပါတယ်။ပြည်သူတွေရဲ့လုပ်ငန်းကိုပေးရမည့်တာဝန်၊ အစိုးရတစ်ရပ်က တောင်းဆိုစရာမလိုအောင် လုပ်ပေးရမည့်တာဝန်ဖြစ်ပါတယ်။ ကျေးလက်လမ်းတွေကိုလည်း ကောင်းအောင်လုပ်ရမည်။ ဘတ်ဂျက်ပိုချလိုက်ပါတယ်။ ဆည်မြောင်းကိစ္စဟာ စိုက်ပျိုးရေးကို အခြေခံရမှာပါ။ ဦးစားပေးပြီး၊ အခြေခံပြီး (Base) မူလရည်ရွယ်ချက်ရှိတဲ့အတွက်စိုက်ပျိုးရေးကိုပေးလိုက်ပါတယ်။ ၂၀၁၈-၂၀၁၉ တွင်လည်း အားလုံးနှင့်တိုင်ပင်ပြီး သက်ဆိုင်ရာ မြို့နယ်အသီးသီး၏ လိုအပ်ချက်တွေကိုကျွန်တော်တို့ ပြည်နယ်ကအဓိကဘာမရှိသလဲ၊ လမ်းမရှိရင်၊ မတိုးတက်ဘူး၊ မီးမရှိလို့ မတိုးတက်ဘူးဆိုရင် တိုးတက်အောင်ဆောင်ရွက်ဖို့ဖြစ်ပြီး ဒါလည်း Cabinet ဆုံးဖြတ်ချက်ဖြစ်ပါတယ်။ အရေးကြီးတဲ့Infrastructureတွေအတွက်ဖြစ်ပါ တယ်ဆိုတဲ့ အကြောင်းဝန်ကြီးများကို တင်ပြပါတယ်။

ဝန်ကြီးခရီးစဉ်ကိစ္စကိုကျွန်တော်အနည်းငယ် တင်ပြပါမယ်။ အစိုးရအဖွဲ့ခရီးစဉ်ဆိုတာအစိုးရအလုပ်ပြည်သူရွေးချယ်တင်မြှောက်တဲ့အစိုးရတစ်ရပ်ကပြည်သူကြားထဲဆင်းရမှာပါ။ ပြည်သူတောင်းဆိုစရာမလိုအောင် အစိုးရတစ်ရပ်က တာဝန်ကျေရမှာပါ။ သို့သော် အစိုးရသို့ ပြည်သူကတင်ပြလာတဲ့အခါခရီးစဉ်လမ်းညွှန်ချက်ဖြစ်ပါတယ်။ တစ်မြို့ထဲသွားတာမဟုတ်ပါဘူး။တစ်ပြည်နယ်လုံးကိုလှည့်ပြီး သွားကြတာပါ။ ဝန်ကြီးခရီးစဉ်ဆိုတာ ပြည်သူတွေရဲ့ လိုအပ်ချက်၊





လုပ်လက်စအလုပ်တွေ၊ သာမန်အသုံးစရိတ်တွေ၊ ငွေလုံးငွေရင်း အသုံးစရိတ်၊ အစိုးရနှင့် ဝန်ကြီးတွေ၏ ခရီးစဉ်တွေ၊ အထူးကိစ္စရပ်၊ ပြည်ထောင်စု၏ညွှန်ကြားချက်၊ အရေးပေါ်တွေကို (RE) ဖြစ်ပေါ်ဖို့အတွက် ဖြည့်စွက်ရန်ပုံငွေလျာထားတာဖြစ်ပါတယ်။ သို့သော်လည်းဘဲ COC ပြည်ထောင်စုဘဏ္ဍာရေးကော်မရှင်က ချပေးတဲ့အချိန်မှာ (၂၅. ၈. ၂၀၁၇)သောကြာနေ့ ဖြစ်ပါတယ်။ မူလလျာထားသည့်အချိန်နှင့် စနေ၊ တနင်္ဂနွေ ခံသွားတာကြောင့် တနင်္လာနေ့ လွှတ်တော်ကိုအမီတင်ရမှာပါ။ တင်ရသည့်အခါမှာ အရေးပေါ် Cabinet ရှိပါတယ်။ ပြီးခဲ့သည့်နှစ်က ပြုပြင်ပြီးရန်ပုံငွေက (၇)ဘီလီယံရပါတယ်။ ဒီတစ်နှစ်မှာ (၂၃) ဘီလီယံရပါတယ်။ (၂၃)ဘီလီယံရသည့်အခါမူလလျာထားချက်မှာ(၃၀၀)ဘီလီယံဖြစ်သည့်စိစစ်ဖြတ်တောက်ရသည့်အလုပ်က အင်မတန်အချိန်တို သွားခြင်းဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ဘဏ္ဍာရေးကော်မရှင်မှ လိုငွေဖြည့်ဆည်းထောက်ပံ့ခြင်းတွင် ရှမ်းပြည်နယ်အတွက် (၁၇၀၇. ၅၈၀) ဘီလီယံလျာထားပါတယ်။ ကချင် ၉%၊ စစ်ကိုင်း ၁၀. ၃၇%၊ ချင်း ၃. ၇၆%၊ မန္တလေး . ၃၄%၊ ရခိုင်၈. ၃၄%၊ မကွေး ၈. ၃၈%၊ ၈. ၄၈%၊ ကယား ၃. ၀၁%၊ ဧရာဝတီ ၆. ၈၉%၊ ရန်ကုန် ၂. ၄၄%၊ ကရင် ၂. ၄၁%၊ မွန် ၄. ၂၁%၊ တနင်္သာရီ ၈. ၅၇%၊ ရှမ်း ၁၂. ၈၀% ဖြစ်ပါတယ်။ ပြီးခဲ့သည့်နှစ်က ရငွေတစ်ပြားမှမရှိပါဘူး။ မရှိတဲ့အတွက် ဖြည့်စွက်တောင်းခံငွေ(၇)ဘီလီယံချပေးပါတယ်။ ဒီနှစ် (၂၃) ဘီလီယံရပြီး၊

ပြည်သူတွေရဲ့ဆန္ဒနှင့် တောင်းဆိုမှုတွေကို ကျွန်တော်တို့က ပြည်သူတွေကို ဖြည့်ဆည်းပေးရခြင်း ဖြစ်တယ်ဆိုတဲ့အကြောင်း ကျွန်တော့်အနေနဲ့ လေးလေးစားစား တင်ပြအပ်ပါတယ်။

စီမံကိန်းကိုစွမှာ နှစ်ပိုင်းရှိပါတယ်။ Rent Houses အငှားအိမ်ရာစနစ်နှင့် Another Houses ဆိုပြီး စီမံကိန်းတွေရှိပါတယ်။ လုပ်ငန်းတွေအတွက် ပင်စင်မယူခင်အထိ စိတ်ချလက်ချနေနိုင်ဖို့ နေရာတစ်နေရာရအောင် ရှမ်းပြည်နယ်အစိုးရCabinet ရဲ့ ဆုံးဖြတ်ချက်ရှိပါတယ်။ ဒါကြောင့်အပိုင်းနှစ်ပိုင်းရှိပါတယ်။အစိုးရအပိုင်းမှာလည်းတည်ဆောက်သည့်အပိုင်းဖြစ်ပြီးတော့ နိုင်ငံတကာနှင့် MoU ထိုးထားတာရှိပါတယ်။ လာရောက်ဆွေးနွေးထားတာရှိပါတယ်။ Public Partnershipပုံစံနှင့်နှစ်ရှည် Low Cost with Estimate တန်ဖိုးနည်းရမည်၊အရစ်ကျလည်းဖြစ်ရမည်။အစိုးရဝန်ထမ်းတွေလည်းပါရမည်။ အငှားအိမ်ရာစနစ်ကိုဘာလုပ်သလဲဆို ကျူးကျော်စနစ်တွေကိုဖွံ့ဖြိုးလာတဲ့မြို့ပြတွင် အိမ်ရာစီမံကိန်းကိုဖော်ထုတ်ရပါမယ်။အိမ်ရာစီမံကိန်းကိုလည်းရှမ်းပြည်နယ်တစ်ခုထဲမလုပ်ပါဘူး။ တစ်တိုင်းပြည်လုံးတွင်လုပ်ဖို့အစိုးရက ညွှန်ကြားချက်ဖြစ်ပါတယ်။

လိုရင်းပြောရလျှင် ဆွေးနွေးအကြံပြုပေးသည့် ကိုယ်စားလှယ်ကြီး (၂)ဦးကို အင်မတန်ကျေးဇူးတင်ပါတယ်။ ရှမ်းပြည်နယ်တိုးတက်ရေးအတွက် လွှတ်တော်မရှိရင်မဖြစ်ပါဘူး။ လွှတ်တော်သည်အစိုးရ၏ အုပ်ချုပ်ရေးအစစ်အမှန်ဖြစ်ပါတယ်။ ပွင့်ပွင့်လင်းလင်းပြောရလျှင်မနီးလွန်း၊မဝေးလွန်းလုပ်ရမှာပါ။



D/real(wide) (2



ဖြည့်စွက်ပြီး မြို့နယ်များ ညီတူမျှတူဖြစ်စေရေးဆိုတာ ကျွန်တော်အနေနှင့် နားလည်ပါတယ်။ အဲဒါကြောင့်မို့လို့ ချပေးတဲ့ရန်ပုံငွေကို မြို့နယ်အလိုက် ညီတူမျှတူဖြစ်အောင် အစိုးရအဖွဲ့အနေနှင့် ဘယ်လို စီစဉ်ပေးမလဲဆိုတာကို အတိအကျဖြေကြားပေးစေလိုပါတယ်။ အဲဒီတော့ အခုမဖြေဘူးဆိုလျှင် အစည်းအဝေးရပ်နားပြီးတော့မှ ညနေပိုင်း အစည်းအဝေး ပြန်ဆက်သည့်အခါမှာ တိကျသည့်အဖြေကို ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအစည်းအဝေးကို ၁ နာရီ မိနစ် ၃၀ ရပ်နားမှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ နေ့လည်ပိုင်း အစည်းအဝေးကို (၁း၃၀)နာရီအချိန်တွင် ပြန်လည်စတင်မှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ရှမ်းပြည်နယ်**

**ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်**

**သတ္တမပုံမှန်အစည်းအဝေး**

**(စတုတ္ထနေ့)မှတ်တမ်း**

**၁၃၇၉ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်**

**၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်**

**[ကြာသပတေးနေ့]**

**နေ့လည်ပိုင်း**

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်သတ္တမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)နေ့လည်ပိုင်းအစီအစဉ်အား ဆက်လက်ပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာပန်ကြားအပ်ပါတယ်ရှင်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက် လာပါပြီရှင်။

**(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသောစင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီရှင်။



D/real(wide) (2



လွှတ်တော်သည် ကိုယ်စားပြုခြင်း၊ ဥပဒေပြုခြင်း၊ စောင့်ကြည့်ခြင်း ဆိုတဲ့ လွှတ်တော်တစ်ရပ်၏ တာဝန်တွေကို အဓိကထမ်းဆောင် ပြီး အစိုးရ၏ တိုင်းပြည်ငြိမ်းချမ်းရေး၊ စီးပွားရေးတိုးတက်ရေး၊ စနစ်တွေကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ အနေနှင့် ကြိုးစားသွားမှာ ဖြစ်ပါတယ်။ အလားတူ တရားဥပဒေစိုးမိုးရေးအတွက် တရားစီရင်ရေး မဏ္ဍိုင်မှာလည်း လွတ်လပ်စွာ တရားစီရင်ပြီး မှန်မှန်ကန်ကန် လွတ်လွတ်လပ်လပ်ဖြင့် ဥပဒေနှင့်အညီ ရပ်တည်နိုင်မည့် ရှမ်းပြည်နယ်မဏ္ဍိုင်(၃)ခုဟာ အပြန်အလှန်မနီးလွန်း၊ မဝေးလွန်း ထိန်းကျောင်းပြီးတော့ ရှမ်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး အရောင် အသွေးစုံလင်သည့် တိုင်းရင်းသားအားလုံး လူမှုရေး Equality တန်းတူညီမျှရေး၊ Equally မျှတရေးတို့ကို ရှမ်းပြည်နယ်အစိုးရ အနေနဲ့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ရှမ်းပြည်နယ်အစိုးရအဖွဲ့ တင်သွင်းခဲ့သည့် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာ ပါဝင်တဲ့ဌာန အဖွဲ့အစည်းများ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြု ငွေတောင်းခံခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်တွင် အတည်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ ။** ဒီနေရာမှာ ဆွေးနွေးသွားသည့် ဦးတည်ချက်ကို ကြည့်လိုက်သည့်အခါမှာ ကျွန်တော်တို့ ဘတ်ဂျက်နည်းသည်များသည်မဟုတ်ဘဲ ချထားပေးတဲ့ဘတ်ဂျက် သို့မဟုတ်

**ဥက္ကဋ္ဌ။** အစီအစဉ်(၇)ကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းနှင့်စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ကနေပြီးတော့ ဆက်လက်ရှင်းလင်းတင်ပြဖို့ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များအားလုံးခင်ဗျား။ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် နှလုံးအေးချမ်းသာယာခြင်းနှင့် ပြည့်စုံကြပါစေ။ ကျွန်တော့်အနေနဲ့စောစောတုန်းက တင်ပြချက်ကိုဆက်လက်ရှင်းလင်းပြီးတော့ ပြန်လည်ဆွေးနွေးပါလို့ ညွှန်ကြားချက်အရ ကျွန်တော့်အနေနဲ့ဆက်လက်ပြီး တင်ပြပေးပါမယ်။ ကျွန်တော်တို့အခုလွှတ်တော်ကိုယ်စားလှယ် (၂)ယောက် ဆွေးနွေးတဲ့ မြို့နယ်များအားလုံး တန်းတူညီမျှမှု ဖွံ့ဖြိုးတိုးတက်စေရေးကို အခွင့်အရေးမျှတစွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်စိုးရအနေနဲ့ စီမံကိန်းဥပဒေများ၊ ညွှန်းကိန်းများ၊ သတ်မှတ်ချက်များ၊ ဘတ်ဂျက် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း ပြောကြားလိုပါသည်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ရှမ်းပြည်နယ်သို့



D/real(wide) (2



ရေးဆွဲကြပါလို့ ကျွန်တော်အနေနဲ့ တိုက်တွန်းဖြေကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဘတ်ဂျက် Estimate နောက်ပြီးတော့မှ(B.E/R.E)ဘတ်ဂျက်များကို ပြည်ထောင်စုဘဏ္ဍာရေး ကော်မရှင်မှ ခွင့်ပြုသည့် ဘောင်ထဲကသာ ရေးဆွဲတာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ရေးဆွဲတင်သွင်းပြီးတော့မှ လွှတ်တော်ရဲ့ အတည်ပြုချက်ကိုရယူတယ်ဆိုတာကို အားလုံးအသိဘဲဖြစ်ပါတယ်။ ပြည်နယ်အစိုးရအဖွဲ့ဝင်များကလည်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဘဲ ဖြစ်ပါတယ်။ ဘတ်ဂျက်ကို ခွဲဝေတဲ့အခါမှာ ညီတူမျှတူဖြစ်အောင် အတတ်နိုင်ဆုံးရေးဆွဲဖို့ လိုအပ်တာဖြစ်ပါ တယ်။ တစ်နည်းအားဖြင့် လွှတ်တော်ကိုယ်စားလှယ်တွေမှာလည်းဘဲ ဘတ်ဂျက်နဲ့ ပတ်သက်လို့ Financial Ability ရှိဖို့လိုသလို Financial Advice လည်းဖြစ်ဖို့လိုပါတယ်။ တစ်နည်းအားဖြင့် လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ တင်ပြချက်ကိုအစိုးရအဖွဲ့အနေနဲ့ အလေးထားပြီးဆောင်ရွက်ပေးဖို့လိုတယ်ဆိုတာ တိုက်တွန်းပြောကြားလိုပါတယ်။ နောင်ဆိုလို့ရှိရင် ဒီလိုမဖြစ်ဖို့အတွက် လွှတ်တော်ကိုယ်စားလှယ်တွေကို ကြိုတင်အသိပေးပြီး အထူးသဖြင့်ကျွန်တော်တို့ ဖွဲ့စည်းထားသည့် ဘဏ္ဍာငွေအရသုံး ဆိုင်ရာကော်မတီကိုအသိပေးပြီးတော့မှ ရေးဆွဲလိုက်မယ်ဆိုရင် ပိုမိုပြည့်စုံသောရန်ပုံငွေစာရင်း ဇယားရရှိစေမှာဖြစ်

လာရောက်တွေ့ဆုံတုန်းကလည်း လွှတ်တော် ဥပဒေအရ ဘတ်ဂျက်နဲ့ စီမံကိန်းကိစ္စများကို လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် လွှတ်တော်အတွင်းမှာ တင်သွင်းခြင်း မရှိဘူးဆိုတာ ဥပဒေအရ ဖော်ပြထားပြီးဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ သို့သော်လွှတ်တော်ဥပဒေအရအစိုးရကရေးဆွဲထားသောဘတ်ဂျက်ကို လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ စိစစ်ဖြတ်တောက်ခွင့်ရှိ ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအနေနဲ့လည်း ဘက်မလိုက်ပဲနဲ့ ရှမ်းပြည်နယ် တစ်ပြေးညီတိုးတက်ရေး အတွက် ဆောင်ရွက်သွားမည်ဆိုတာကိုလည်း အတွင်တွင် ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ ဘတ်ဂျက် Estimate ပေါ်မှာ ကျွန်တော်တို့ စိစစ်ဖြတ်တောက် မည်ဆိုလျှင် ကျွန်တော်တို့ ရှမ်းပြည်နယ် တိုင်းရင်းသားညီအစ်ကိုမောင်နှမပြည်သူပြည်သားများအနေနှင့် အမှန် တကယ်နစ်နာမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ၂၀၁၇-၂၀၁၈ ဒေသန္တရစီမံကိန်းနှင့် ၂၀၁၇-၂၀၁၈ ရှမ်းပြည်နယ် ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေကို ရှမ်းပြည်နယ်လွှတ်တော်သို့ (၂၂. ၃. ၂၀၁၇) ရက်နေ့မှာ တင်သွင်းခဲ့ တုန်းကလည်း မဲခွဲဆုံးဖြတ်ခဲ့ပြီးဖြစ်ပါတယ်။ ရှမ်းပြည်နယ် အစိုးရအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များကို လေးလေးစားစား မေတ္တာရပ်ခံချင်တာကတော့ ၂၀၁၈-၂၀၁၉ ဘတ်ဂျက် Estimate မူလလျာထားတဲ့ ရန်ပုံငွေမှာ မိမိတို့ သက်ဆိုင်ရာ မြို့နယ်စီမံကိန်း၊ ခရိုင်စီမံကိန်းအဖွဲ့များနှင့် ပူးပေါင်း ဆောင်ရွက်ပြီး ဒေသရဲ့လိုအပ်ချက်များကို ပူးပေါင်းဆောင်ရွက်ပြီး





ပါတယ်။ အဲဒါကြောင့်မို့လို့ ယနေ့ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုမှု ရန်ပုံငွေတောင်းခံခြင်းနှင့် စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။)**

**(လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူသည့်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာ ရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှင့် ဖြည့်စွက်ခွင့်ပြုရန်ပုံငွေ တောင်းခံခြင်းနှင့်စပ်လျဉ်းပြီး လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၏ " ပြည်နယ်အစိုးရ၏လုပ်ပိုင်ခွင့် များနှင့် ချမှတ်ထားသော မျှော်မှန်းချက်၊ မူဝါဒ၊ ရည်မှန်းချက်များကို ပိုမိုအလေးထားပြီး ထိရောက်စွာ ဆောင်ရွက်ပေးရန်" အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၈ )ဖြစ်ပါတယ်။ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)ဦးစိုင်းထွန်းဉာဏ်တင်သွင်းသည့် ပြည်နယ် အစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များနှင့် ချမှတ်ထားသောမျှော်မှန်းချက်၊ မူဝါဒ၊ ရည်မှန်းချက်များကို ပိုမိုအလေးထားပြီး ထိရောက်စွာ ဆောင်ရွက်ပေးရန် အဆိုဖြစ်ပါတယ်။ ထိုအဆိုနှင့်စပ်လျဉ်းပြီး တော့မှ လွှတ်တော်ကိုယ်စားလှယ်(၃)ဦးမှ ဆွေးနွေးဖို့ အမည် စာရင်းပေးသွင်းထားပါတယ်။ ပထမဦးစွာ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလှိုင်ခမ်းက အဆိုကိုဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလှိုင်ခမ်း၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)။** အားလုံးမင်္ဂလာပါခင်ဗျား၊ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏





ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်နေသလို ၄င်းဆောင်ရွက်ချက် များကို စောင့်ကြည့်ထိန်းညှိသွားရန် တာဝန်ရှိသည့် ရှမ်းပြည်နယ် လွှတ်တော်မှ လွှတ်တော်ကိုယ်စားလှယ်များဖြစ် သည့်အတွက် ကျွန်တော့်အနေဖြင့် ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းဉာဏ်၏ အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးအေးမောင်က အဆိုကိုဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအေးမောင်၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ။** မင်္ဂလာပါ။ ယနေ့ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး (စတုတ္ထနေ့)တွင် တက်ရောက်လာ ကြသော လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော် ကိုယ်စားလှယ်များအားလုံးစိတ်၏ချမ်းသာခြင်း၊ကိုယ်၏ကျန်းမာခြင်း နှင့်ပြည့်ဝကြပါစေလို့ ပထမဦးစွာ ဂါရဝပြုမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်(၂)မှ ဦးအေးမောင် ဖြစ်ပါတယ်။ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဉာဏ်၏ " ပြည်နယ် အစိုးရမှ လုပ်ပိုင်ခွင့်များ၊ ချမှတ်ထားသော မျှော်မှန်းချက်၊ မူဝါဒ၊ ရည်မှန်းချက်များကို ပိုမိုအလေးထားပြီး ထိရောက်စွာဆောင်ရွက်

ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်က မိုင်းယန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စိုင်းလှိုင်ခမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ကျောက်မဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းထွန်းဉာဏ်၏ အဆိုကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ် ဩဂုတ်လ(၃၀)ရက်နေ့၊ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (တတိယနေ့)မှာ အဆိုတင်သွင်းခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဉာဏ်၏တင်ပြဆွေးနွေးချက်များကို ကျွန်တော့် အနေဖြင့်လက်ခံပါတယ်။ ရှမ်းပြည်နယ်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုသည် ရှမ်းပြည်နယ်အစိုးရ၏လုပ်ဆောင်ချက်၊ စွမ်းဆောင်နိုင်မှုအပေါ်တွင်မူတည်နေသည်ဟု တင်ပြဆွေးနွေးသွားပါတယ်။ ကျွန်တော့်အနေဖြင့် ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးသည် ရှမ်းပြည်နယ်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် ဦးတည်ရည်ရွယ်ပြီး ရှမ်းပြည်နယ်လွှတ်တော်တာဝန်များ၊ အစိုးရတာဝန်များ အသီးသီးတာဝန်ယူပြီး ကြိုးပမ်းဆောင်ရွက်နေသည်ကိုလည်း တွေ့ရှိရပါတယ်။ ဥပမာအနေဖြင့် ဘတ်(စ်)ကားတစ်စီးပေါ်ရှိ ပြည်သူလူထုများသည် Customer ခရီးသည်များဖြစ်သကဲ့သို့ အစိုးရသည် ဘတ်(စ်)ကားမောင်းသူနှင့်တူပြီး လွှတ်တော်သည် ကားပြုပြင်ထိန်းသိမ်းသောသူနှင့်တူပါတယ်။ နိဂုံးချုပ်အနေဖြင့် ရှမ်းပြည်နယ်အစိုးရသည်





ပေးရန်” အဆိုကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံသည် ဒီမိုကရေစီနိုင်ငံ ဖက်ဒရယ်စနစ်သို့ ဦးတည်လျှောက်လှမ်းနေသော နိုင်ငံတော်ဖြစ်ပါတယ်။ တိုင်းရင်းသားပေါင်းစုံရှိသော ကျွန်တော်တို့ မြန်မာနိုင်ငံအနေဖြင့် ဗဟိုချုပ်ကိုင်မှုလျှော့ချပြီး ပြည်နယ်နှင့်တိုင်းများမှ ကိုယ့်ကြမ္မာကို ကိုယ်ဖန်တီးခွင့်ရှိသော ဆုံးဖြတ်ပိုင်ခွင့်ရှိသော ဖက်ဒရယ်စနစ်တည်ဆောက်မှသာ တိုင်းရင်းသားများအတွက် တန်းတူညီမျှ အခွင့်အရေးရရှိမှာဖြစ်ပါတယ်။ မိမိတို့ ပြည်သူပြည်သားများသည် လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်ဟု လေ့လာတွေ့ရှိရပါသည်။ လူမှုရေး၊ စီးပွားရေး ပြန်လည်ဦးမော့လာအောင် ဗဟိုအစိုးရမှ လျှော့ချသတ်မှတ်သော လုပ်ပိုင်ခွင့်များကို ပြည်နယ်အစိုးရအနေဖြင့် လုပ်ဆောင်ချက်၊ စွမ်းဆောင်နိုင်မှုအပေါ် ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရန် ဖော်ဆောင်ပေးရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုအစိုးရအနေဖြင့် ၎င်းလုပ်ပိုင်ခွင့်များထဲမှ တချို့သော လုပ်ငန်းများကို ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ဆီလျော်သော လုပ်ပိုင်ခွင့်များကို ဖြေလျှော့လုပ်ပိုင်ခွင့် ပြုပေးခြင်းအားဖြင့် မျှော်မှန်းထားသော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်လာမှာ ဖြစ်ပါတယ်။ ပထမအကြိမ် အစိုးရသက်တမ်းတွင်လျှပ်စစ်ကဏ္ဍနှင့် ပတ်သက်ပြီး ပြည်ထောင်စုအစိုးရမှသာ



D/real(wide) (2

အားလုံးစီမံခန့်ခွဲမှုအားလုံးရှိရာမှ ၂၀၁၃ခုနှစ် တွင် 11 KVA အဝေးလိုင်း သွယ်တန်းရေးနှင့် 0.4KVA သွယ်တန်းရေးအတွက် ပြည်နယ်အစိုးရကို စီမံခန့်ခွဲခွင့်ပေးထားပါတယ်။ ပြည်နယ် လျှပ်စစ်ဌာနမှာလည်း ကျေးရွာမီးလင်းရေး ခေါင်းစဉ်နှင့် ကျေးရွာ တော်တော်များများကို လျှပ်စစ်သွယ်တန်းရေးလုပ်ငန်းတွင် လုပ်ဆောင်ပေးခဲ့တယ်ဆိုတာအားလုံးအသိဘဲဖြစ်ပါတယ်။ ဒါက ပြည်ထောင်စုအဆင့်မှာ ဖြေလျှော့ပြီး ပြည်နယ်ကို လုပ်ပိုင်ခွင့်ပေး ခဲ့တဲ့သဘောဖြစ်ပါတယ်။ ထို့ကြောင့် ရှမ်းပြည်နယ်ရှိ ပြည်သူ လူထုများ၏လူမှုစီးပွားရေး ဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရှမ်းပြည်နယ်အစိုးရအနေဖြင့် တာဝန်ရှိသည့်အားလျော်စွာ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်အပြင် ဗဟိုမှလျှော့ချ သတ်မှတ် ဆောင်ရွက်ခွင့် ရင်းနှီးမြှုပ်နှံမှုရှိရေးအတွက် ပြည်ထောင်စုအစိုးရနှင့် ညှိနှိုင်းဆွေးနွေးရယူသင့်ကြောင်းနှင့် ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းထွန်းဉာဏ်၏အဆိုကို လေးနက်စွာထောက်ခံ ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး နမ့်တူမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဒေါ်နန်းစံဟွမ်က အဆိုကိုဆွေးနွေးဖို့ဖြစ်ပါတယ်။





အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပဋိပက္ခများ ချုပ်ငြိမ်းစေရေး ဟူသောအချက်ကို ထိထိရောက်ရောက် အောင်မြင်စွာ ဆောင်ရွက် သွားဖို့တိုက်တွန်းအပ်ပါတယ်ရှင်။ ကျွန်မတို့ မြန်မာနိုင်ငံ၏ လူဦးရေ (၇၀) ရာခိုင်နှုန်းကျော်ဟာ စိုက်ပျိုးရေးကို အဓိက အားထား၍ အသက်မွေးဝမ်းကျောင်း ပြုနေကြသလို တိုင်းသူ ပြည်သား အများစုဟာလည်း စိုက်ပျိုးရေး လုပ်ငန်းကိုသာ မှီခို အားထားနေကြရပါတယ်။ ထို့ကြောင့် ပြည်နယ်အတွင်း ဒေသများ အကြားဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေး အခြေခံကောင်းများ ရရှိရေးဟူသော မူဝါဒနှင့်အညီ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းစိန်လူ တင်သွင်းခဲ့သော အဆိုမှ ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်ပေးရေးကို အတည်ပြုပေး ခဲ့ပါသော်လည်း ရှမ်းပြည်နယ်အစိုးရအနေဖြင့် ထိရောက်စွာ ဖော်ဆောင်နိုင်မှု မပီပြင်သေးသည်ကိုလည်း တွေ့ရှိရပါသည်။ တခြားနိုင်ငံ၏ ဈေးကွက်ကိုသာ မှီခိုနေရသော ပြည်သူများအတွက် ကုန်ချောစက်ရုံများ တည်ဆောက်ပေးနိုင်ပါလျှင် စီးပွားရေး အခွင့်အလမ်းကောင်းများရရှိမည်ဟု ယုံကြည်ပါသည်။ ဘက်ညီ မျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘတ်ဂျက်များကိုလည်း မျှတစွာခွဲဝေချထားပေးပါမည်ဟု ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ပြောကြားခဲ့မှုကိုလည်း လှိုက်လှဲစွာကြိုဆိုမိပါသည်ရှင်။ ကျွန်မတို့ ရှမ်းပြည်နယ်သည် ကျောက်မျက်ရတနာ သယံ ဇာတပေါကြွယ်ဝ သလို သစ်တောသစ်ပင်များဖြင့် စိမ်းလန်းစိုပြည်ကာ

**ဒေါ်နန်းစံဟွမ် ၊ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။**

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်၊ သတ္တမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို တက်ရောက်လာကြပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနှင့် ဝန်ကြီးချုပ်၊ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေရှင်။ကျွန်မကတော့နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် နန်းစံဟွမ်ဖြစ်ပါတယ်။ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းဉာဏ် တင်သွင်းသော “ ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်များ နှင့်ချမှတ်ထားသော မျှော်မှန်းချက်၊ မူဝါဒ၊ ရည်မှန်းချက်များကို ပိုမိုအလေးထားပြီး ထိရောက်စွာဆောင်ရွက်ပေးရန်” တိုက်တွန်းကြောင်းအဆိုကို အပြုသဘောဆောင်၍ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်မတို့ ရှမ်းပြည်နယ်သည် ဧရိယာစတုရန်း မိုင်ပေါင်း (၆၀၁၅၅. ၂)ရှိပြီး ပြည်ထောင်စုရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များထဲတွင်အကျယ်ပြန့်ဆုံး ပြည်နယ်တစ်ခုဖြစ်သလို၊ ၂၀၁၄ ကောက်ခံရရှိသည့် လူဦးရေစာရင်းအရ (၅၈၂၄၄၃၂)ဦးရှိပြီး စတုတ္ထအဆင့် လူဦးရေထူထပ်သော ပြည်နယ်တစ်ခုလဲ ဖြစ်ပါတယ်။ ပြည်နယ်အတွင်း မှီတင်းနေထိုင်သော တိုင်းရင်းသား မျိုးနွယ်စုများစွာရှိသည့် လက်နက်ကိုင် အဖွဲ့အစည်းများပြားခြင်း၊ နယ်စပ်ဝင်ပေါက်များလည်းရှိသည့် ပြည်နယ်ဖြစ်သောကြောင့် ရှမ်းပြည်နယ်အစိုးရ၏ မူဝါဒဖြစ်သည့် ပြည်နယ်အတွင်း နယ်စပ်ဒေသအားလုံး တည်ငြိမ်





သဘာဝတရားများမှ ဖန်တီးပေးထားသော မြေပေါ်မြေအောက် လက်ဆောင်မွန်များဖြင့် သာယာလှပသော ပြည်နယ်တစ်ခုဖြစ်ပါသည်။ ဥပမာ မိုင်းရှူးမြို့နယ်တွင် ထွက်ရှိသော မိုင်းရှူးကျောက်၊ တာချီလိတ်ခရိုင်မှာ လုပ်ကိုင်လျက်ရှိသော ရွှေတူးဖော်ခြင်း လုပ်ငန်းများ၊ ကျောက်မီးသွေးတွင်းများ၊ သစ်တောများအစရှိသည်တို့သည် နှစ်ကာလကြာမြင့်စွာ ကုန်လွန်ခဲ့ပြီးမှ ဖြစ်တည်လာနိုင်ခဲ့သလို ပြန်လည်အစားထိုး ပေါ်ပေါက်လာရန် အချိန်များစွာလိုအပ်ပါသည်။ သဘာဝသယံဇာတကို လိုအပ်သလောက်သာ ထုတ်ယူသုံးစွဲ၍ နောင်လာနောက်သားမျိုးဆက်သစ်များအတွက် အမွေအနှစ်ချန်ထားခဲ့ရန်လည်း လိုအပ်လှပါသည်။ သဘာဝသယံဇာတက လူသားတွေကို အကျိုးပြုပါသည်။ လူ့နှလုံးသားက ထွက်တဲ့လောဘသယံဇာတက လူသားတွေအပေါ်ပြန်ဖျက်ဆီးပါတယ်။ လူသားအကျိုးပြုတဲ့ နှလုံးသားသယံဇာတများပေါ်များလာနိုင်စေရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝ သယံဇာတအရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းရေးနှင့် အကျိုးအရှိဆုံး ဖြစ်စေရေးအတွက် မျှတမှန်ကန်စွာ စိစစ်ရေး ဟူသောမူဝါဒကို ထိရောက်စွာ အကောင်ထည်ဖော်နိုင်ရန် လိုအပ်လှပါသည်။ စီမံကိန်းတစ်ခုအကောင်ထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူဗဟိုပြုမှုသည် အလွန်အရေးပါကြောင်းကို လတ်တလောဖြစ်ပေါ်နေသော မိုင်းကိုင်ကျောက်မီးသွေးပြဿနာက ပြသနေသလို ပြည်နယ်အတွင်း စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်စေရေး ပြည်သူဗဟိုပြု၍

အားလုံးပါဝင်စေရေးဟူသော မူဝါဒ၏ အရေးကြီးပုံကိုလည်း မီးမောင်း ထိုးပြနေပါတယ်။ ပြည်နယ်အတွင်း စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုနိုင်သည့် အခြေခံ အဆောက်အအုံလုပ်ငန်းများ ဦးစားပေးဆောင်ရွက်ရန်ဟူသော ရည်မှန်းချက်နှင့်အညီ လိုအပ်သောအခြေခံအဆောက်အအုံများကို အချိန်အခါ ဒေသအလိုက် ဖြည့်ဆည်းပေးနိုင်ခဲ့ပါသော်လည်း မပြည့်စုံသေးသည့် နေရာများလည်းရှိနေသေးသည်ကို တွေ့ရှိရပါသည်။ ဥပမာ-မူဆယ်မြို့ရှိ(၁၀၅)မိုင်နယ်စပ်ကုန်သွယ်ရေး စခန်းသည် နိုင်ငံဘဏ္ဍာငွေမြောက်မြားစွာကို ရှာဖွေပေးနေတာဖြစ် သော်လည်း ကုန်စည်စစ်ဆေးရေးကွင်းသည် ချိုင့်ခွက်များ၊ ရွှံ့နွံ့ထူထပ်စွာဖြင့် ကားများဖြတ်သန်း သွားလာနေရသည်မှာ မျက်မြင်ဖြစ်ပါတယ်။ တခြားဝင်ငွေမပါပဲ ယာဉ်စစ်ကွင်းဖြတ်သန်းခ တစ်စီး (၁၀၀၀) ကျပ်နှုန်းဖြင့် နေ့စဉ်ရက် ပေါင်းထောင်ချီခက်ခဲစွာ ဖြတ်သန်းသွားလာ စစ်ဆေးခံနေရပါတယ်။ ထို့ကြောင့် ရှမ်းပြည်နယ်အစိုးရအနေဖြင့် ဦးစားပေး ဆောင်ရွက်သင့်သည့် လုပ်ငန်းများကိုလည်း မှန်ကန်စွာဖြည့်ဆည်းပေးနိုင်မည်ဟုလည်း ယုံကြည်မျှော်လင့်ပါသည်။ ရှမ်းပြည်နယ်သည် စော်ဘွားများ ဟော်နန်းစိုက်ခဲ့ရာ ပြည်နယ်ဖြစ်ခြင်း၊ နိုင်ငံများအထူးစိတ်ဝင်စား သော ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များရှိခြင်း၊ ရိုးရာ ယဉ်ကျေးမှုဆိုင်ရာ လက်မှုလုပ်ငန်းများရှိခြင်း၊ သဘာဝတရားက ဖန်တီးပေးထားသောနေရာ အများအပြားရှိခြင်းတို့ကြောင့်



D/real(wide) (2



**ဦးစိုးညွန့်လွင်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။**

အားလုံးပဲမင်္ဂလာပါခင်ဗျား။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ ဝန်ကြီးများ၊ တပ်မတော်သားကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း၊နှလုံးအေးချမ်းသာယာခြင်းနဲ့ပြည့်စုံကြပါစေလို့ ဦးစွာပထမ ကျွန်တော့်အနေနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းညဏ် တင်သွင်းသည့် အဆိုနှင့်ပတ်သက်ပြီး ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့် နှင့် ချမှတ်ထားသောမျှော်မှန်းချက်၊ မူဝါဒ၊ ရည်မှန်းချက်များကို ပိုမိုအလေးထားပြီး ထိရောက်စွာ ဆောင်ရွက်နိုင်ရန်ဆိုတဲ့ အဆိုနှင့် ပတ်သက်ပြီးတော့ ကျွန်တော်မှ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်း ဖြေကြားသွား မှာဖြစ်ပါတယ်။ အဆိုရှင်၏ ရည်ရွယ်ချက်ကတော့ ရှမ်းပြည်နယ်ကြီးဖွံ့ဖြိုးတိုးတက်စေရေး အတွက် လုပ်သင့်လုပ်ထိုက်တာကို ရှမ်းပြည်နယ်အစိုးရအနေနဲ့ တိတိကျကျ မြန်မြန်ဆန်ဆန်ဖြင့် ပြည်ထောင်စုနဲ့ ညှိနှိုင်းပြီး ဆောင်ရွက်ရန်ဆိုတဲ့ ရည်ရွယ်ချက်ဆိုတာ ဒီအဆိုကို ထောက်ခံ ဆွေးနွေးတဲ့သူများနှင့် အဆိုရှင်၏ စိတ်သဘောထားကို သိရှိရပါတယ်။ ရှမ်းပြည်နယ်အစိုးရရဲ့ လုပ်ဆောင်ချက်တွေ၊ ရည်ရွယ်ချက်တွေ၊ မျှော်မှန်းချက်တွေကို ကျွန်တော့်အနေနဲ့ တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အုပ်ချုပ်မှုအခွင့်အာဏာ

လုပ်ပိုင်ခွင့်များအရ မိမိပြည်နယ်အတွင်း ပြည်ထောင်စုအစိုးရမှ ချမှတ်ထားသော မူဝါဒများကို မဆန့်ကျင်ပဲ တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ထိန်းသိမ်း ဆောင်ရွက်လျက်ရှိသည့်အပြင် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသန္တရစီမံကိန်းများကိုလည်း နှစ်စဉ်ရေးဆွဲလျက် ပြည်နယ် လွှတ်တော်သို့ အတည်ပြုချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဒေသန္တရဖွံ့ဖြိုးတိုးတက် ရေးအတွက် ဒေသန္တရစီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် ရှမ်းပြည်နယ် အတွက် မျှော်မှန်းချက်၊ မူဝါဒနှင့် ရည်မှန်းချက်များ ချမှတ်ထားရှိပြီး ဒေသန္တရစီမံကိန်း ဥပဒေကိုလည်း ဖော်ပြပါရှိပါတယ်။ ရှမ်းပြည်နယ် အားခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်နယ်ဖြစ်စေရမည်ဟု မျှော်မှန်းထားပါတယ်။ ရှမ်းပြည်နယ်၏ မူဝါဒ (Policy)တွေကတော့ ပြည်နယ်အတွင်း နယ်မြေဒေသအားလုံး တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပဋိပက္ခများ ချုပ်ငြိမ်းစေရေး ၊ ပြည်နယ် ဒေသများအကြားဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေးအခြေခံကောင်းများရရှိရေး၊ သဘာဝပတ်ဝန်းကျင်ထိန်း သိမ်းရေး ၊ သဘာဝသယံဇာတအရင်းအမြစ်များကို ရေရှည် ထိန်းသိမ်းရေးနှင့်အကျိုးရှိစွာဖြစ်စေရေးအတွက် မျှတမှန်ကန်စွာ စိစစ်အသုံးပြုရေး၊ ပြည်နယ်အတွင်း စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး၊ ပြည်သူကို ဗဟိုပြု၍ အားလုံးပါဝင်ရေးတို့သည် ရှမ်းပြည်နယ်အစိုးရ၏ ( Policy)



D/real(wide) (2



သဘာဝပတ်ဝန်းကျင်ကို အခြေခံသော ခရီးသွားလုပ်ငန်း မြှင့်တင်ခြင်းကို ပြည်နယ်ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်းနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်စေရန်ဟူသော ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ခြင်းဖြင့် နိုင်ငံခြားဝင်ငွေများရှာဖွေနိုင်ပြီး နိုင်ငံ့ဘဏ္ဍာကို လည်းတိုးပွားစေနိုင်ပါတယ်။ ထို့ကြောင့် ပြည်နယ် များ၏လုပ်ပိုင်ခွင့်များကို တိကျစွာ ရယူသုံးစွဲ၍လည်းကောင်း ဗဟိုအစိုးရနှင့် တင်ပြညှိနှိုင်း၍ မိမိတို့ပြည်နယ်အစိုးရ၏လုပ်ပိုင်ခွင့် အဖြစ်ဖန်တီးရယူကာ ရှမ်းပြည်နယ်လူထုအတွက် ဆောင်ရွက်နိုင် ပါရန် ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းဥာဏ် တင်သွင်းသော ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်များနှင့် ချမှတ်ထား သော မျှော်မှန်းချက်၊ မူဝါဒ၊ ရည်မှန်းချက်များကို ပိုမိုအလေးထားပြီး ထိရောက်စွာဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်း အဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

## အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အဆိုကိုလွှတ်တော်ကိုယ်စားလှယ်(၃)ဦးမှ အသီးသီး ထောက်ခံဆွေးနွေးသွားပါတယ်။ ယခုအစီအစဉ် (၉) ဖြစ်ပါတယ်။ အဆိုနဲ့စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ရှင်းလင်းဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

တွေဖြစ်ပါတယ်။ ရှမ်းပြည်နယ်၏ ရည်မှန်းချက် Objective များကတော့ ပြည်နယ်အတွင်း စားနပ်ရိက္ခာဖူလုံပိုလျှံစေရေးနှင့် စိုက်ပျိုးရေးအခြေခံသော စက်မှုလုပ်ငန်းများ တန်းတူဖွံ့ဖြိုးတိုးတက် လာစေရန် ပြည်နယ်အတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုနိုင်သည့် အခြေခံအဆောက်အအုံလုပ်ငန်းများ ဦးစားပေး ဆောင်ရွက်ရန်၊ အလုပ်အကိုင်အခွင့်လမ်းမြင့်မားသော စီးပွားရေးလုပ်ငန်းများနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူ ပြုသည့်အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီရန်၊ ပြည်နယ်အတွင်းလူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွားနယ်ပယ် အသီးသီးဖွံ့ဖြိုးတိုးတက်စေရန်၊ သဘာဝ ပတ်ဝန်းကျင်ကို အခြေခံသောခရီးသွားလုပ်ငန်းမြှင့်တင်ခြင်းဖြင့် ပြည်နယ်တိုးတက်လာစေရန်၊ ပြည်နယ်အတွင်းပုဂ္ဂလိကကဏ္ဍ တိုးတက်ရေးအတွက် နိုင်ငံသားတိုင်း မိမိလုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်း များကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရရှိစေရန်နှင့် ပြည်ပရင်းနှီးမြှုပ်နှံမှု များ တိုးမြှင့်စေရန် ဖြစ်ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီး ဆောင်ရွက်ချက်တွေကတော့ ရှမ်းပြည်နယ်အစိုးရအနေဖြင့် အမျိုးသားနိုင်ငံရေး ဆွေးနွေးပွဲများကို ဒေသအလိုက်၊ လူမျိုးအလိုက်ကျင်းပခဲ့ပြီး တိုင်းရင်းသားပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် လက်နက်ကိုင် အဖွဲ့အစည်းများကို ဖိတ်ကြားခဲ့ပြီး အားလုံးပါဝင် ဆွေးနွေးကာ ဆွေးနွေးချက်များ



D/real(wide) (2



ရေရရှိရေးအတွက်(၁၂. ၉၈)ရာခိုင်နှုန်းကို ခွဲဝေလျာထားပြီး ဆောင်ရွက်မှုလုပ်ငန်းများအတွက်လည်း အိတ်ဖွင့်တင်ဒါခေါ်ယူ၍ မကြာမီ စတင်ဆောင်ရွက်မည်ဖြစ်ကြောင်းလည်း တင်ပြလိုပါ တယ်။ ရှမ်းပြည်နယ်အစိုးရ၏ လမ်းဦးစီးဌာနအနေဖြင့် လုပ်ဆောင်ချက်တွေကတော့ ရှမ်းပြည်နယ်အတွင်း တောင်ကြီး-ကျိုင်းတုံ- တာချီလိတ် AH2၊ မန္တလေး- လားရှိုး- မူဆယ်လမ်း AH14၊ လွိုင်လင်-ပန်ကေတု-သီပေါလမ်း AH11နှင့် ကျန်သောလမ်းများကို ASEAN Class III (၁၈)ပေ ကတ္တရာလမ်းအဖြစ် အနည်းဆုံးရောက်ရှိရန်တို့ကို နှစ်အလိုက် ရန်ပုံငွေရရှိမှုပေါ်မူတည်၍ အဆင့်ဆင့်တိုးမြှင့် ဖောက်လုပ် ပေးလျက်ရှိပါတယ်။ နောင်ချိုမြို့၊ မြို့ရှောင်လမ်း၊ ဂုတ်တွင်းတံတား တည်ဆောက်ရေးလုပ်ငန်း၊ မိုးမိတ်မြို့၊ သစ်ပင်လမ်းခွဲလမ်း၊ ဒိုးပင်ကျေးရွာအနီး မိုးမိတ်လေယာဉ်ကွင်း ဧရိယာ(၄၅၀×၁၀၀) ပေဖြင့်(၁၉၅၀)ခုနှစ်တွင် စတင်တည်ဆောက်ခဲ့သည့် မြေနေရာတွင် လေယာဉ်ကွင်းအသစ် ပြန်လည်ပြုပြင်ရန်ကိစ္စ၊ လေကြောင်း အသစ်တည်ဆောက်နိုင်ရေးနှင့် တာချီလိတ်လေဆိပ်အဆင့် မြှင့်တင်ရေးအတွက် တရုတ်လေကြောင်းလိုင်း ကုမ္ပဏီနှင့် Myanmar Ayar Mon Group Companies တို့ MOU လက်မှတ်ရေးထိုးတာဖြစ်ပါတယ်။ မူဆယ်လေယာဉ်ကွင်း လုပ်ငန်းအသစ် တည်ဆောက်ရေးစီမံကိန်းအတွက် ကုမ္ပဏီ (၅)ခုမှ ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြထားပြီး ပြည်နယ်အစိုးရမှ

စုစည်းပြီး စာတမ်းပြုစု၍ ၂၁ ရာစု ပင်လုံညီလာခံတွင် ပါဝင် တင်ပြနိုင်ရေးအတွက် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ရှမ်းပြည်နယ်ပစ်ခတ် wkd ckd f &ypfad&;q kd&myl w Gpmi fM n fa&;au mf w DJMC အစည်းအဝေးကို ခိုလမ်မြို့တွင် (၈)ကြိမ်ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ပြည်နယ်အတွင်း စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုး တိုးတက်စေရေး ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်ရေးနှင့်ပတ်သက်၍ ဒေသန္တရ ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲလျာထားရာတွင်လည်း ပြည်သူများ၏ လိုအပ်ချက်ကို ဖော်ထုတ်ရန် ရပ်ကွက်/ ကျေးရွာအုပ်စုအဆင့်မှစ၍ မိမိဒေသဖွံ့ဖြိုးတိုးတက်စေရေး မိမိတို့ ကိုယ်တိုင်ပါဝင်ဆောင်ရွက် စေပြီးရရှိလာတဲ့အင်အားကို မြို့နယ်အဆင့် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီ အစည်းအဝေးများတွင် ပြည်သူများရွေးချယ်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များပါဝင်ပြီး ဦးစားပေးရွေးချယ်သတ်မှတ် အတည်ပြုခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်နယ်ရှိ အချို့ဒေသများ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် အဓိက လိုအပ် သည့်အခြေခံအဆောက်အဦများဖြစ်သည့် လမ်းတံတားလုပ်ငန်း များကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် (၅၈. ၈၆ )ရာခိုင်နှုန်း၊ လျှပ်စစ်မီးရရှိရေးအတွက်(၁၀. ၇၇) ရာခိုင် နှုန်းနှင့် ရှမ်းပြည်နယ်အတွက်ရရှိသည့် ပြည်ထောင်စုဘဏ္ဍာငွေ ငွေလုံးငွေရင်းအသုံးစရိတ် စုစုပေါင်းမှ လမ်းတံတားလုပ်ငန်းအတွက် (၁၈. ၆)ရာခိုင်နှုန်း၊ လျှပ်စစ်မီးရရှိရေးအတွက် (၃၃. ၇)ရာခိုင်နှုန်း၊





ပြည်ထောင်စုအစိုးရထံ ဆက်လက်တင်ပြထားပါသည်။ မီးရထား လမ်းသစ်စီမံကိန်း အကောင်ထည်ဖော်ရေးအနေဖြင့် တရုတ်နိုင်ငံ နယ်စပ် Ruli East Rainway ဘူတာမှတစ်ဆင့် မြန်မာနိုင်ငံ မူဆယ်မြို့သို့ ဖြတ်ကျော်၍ မန္တလေးမြို့သို့ ဆက်သွယ်ဖောက်လုပ် မည့် မိုင်ပေါင်း(၇၀)ခန့် ရှည်လျားသည့် ရထားလမ်းသစ် စီမံကိန်း ဟာလည်း ၎င်းတို့၏ကုန်ကျစရိတ်ဖြင့် ဖြစ်နိုင်ခြေလေ့လာမှု ဆောင်ရွက်ပေးရန် ကမ်းလှမ်းမှုများအပေါ် ပြည်ထောင်စုအစိုးရ အဖွဲ့မှတစ်ဆင့် တင်ပြခွင့်ပြုချက်ရယူနိုင်ရေးအတွက် ဆောင်ရွက် သွားမည်ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း လမ်းပန်းဆက်သွယ်ရေးအဆင်ပြေ ချောမွေ့အောင်လည်း စွမ်းစွမ်းတမံဆောင်ရွက်သွားအုန်းမှာ ဖြစ်ပါတယ်။ အလုပ်အကိုင် အခွင့်အလမ်းမြင့်မားသော စီးပွားရေးလုပ်ငန်းကနေ စီးပွားရေး တိုးတက်မှုကို အထောက်အကူပြုသည့်အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကို ယခင်အစိုးရလက်ထက်က အေးသာယာ စက်မှုဇုန်နှင့် မူဆယ်စက်မှုဇုန်၊ တာချီလိတ်စက်မှုဇုန်များတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိပါတယ်။ နောင်မွန် ဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်မှု၊ လောက်ကိုင်စက်မှုဇုန် စီမံကိန်းတို့ကိုလည်း နယ်မြေအခြေအနေပေါ်မူတည်၍ ဆောင်ရွက်နိုင်ရန်စီစဉ်ထားရှိပြီး ဖြစ်ပါသည်။ ဒေသအတွင်း အလုပ်အကိုင်ရရှိရေးအတွက် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ၊ အရန်စီမံ ကိန်းများမှာ အေးသာယာရှိ ပြည်သူ့အိမ်ရာ ဖွံ့ဖြိုးရေးစီမံကိန်း



D/real(wide) (2

အေးသာယာမြို့တွင် ယခင်အစိုးရလက်ထက်က တောင်ကြီး စီးပွားရေး စင်တာ၊ မင်္ဂလာမှုဆယ်စီးပွားရေးလုပ်ငန်း ဗဟိုဌာန၊ ထင်းရှူးမြိုင်အိမ်ရာစီမံကိန်းစသည်တို့ကိုလည်း ယခင်အစိုးရလက်ထက်မှ လုပ်ခဲ့တာကို ကျွန်တော်တို့အနေနဲ့ ဆက်လက်ပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ချယ်ရီမွန်အိမ်ရာဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက်လည်း တင်ဒါခေါ်ယူပြီးပါက ဒေသအတွင်း အလုပ်အကိုင်များ ပိုမိုရရှိမှာဖြစ်ပါတယ်။ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်၏ ၂၀၁၇ ခုနှစ်၊ မေလ၌ တရုတ်နိုင်ငံခရီးစဉ်အတွင်း တရုတ်-မြန်မာ နယ်စပ်အထူးစီးပွားရေး ပူးပေါင်းဇုန် ထူထောင်ရန် နားလည်မှုစာချွန်လွှာ MOU ကိုပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်နိုင်ငံမှ တာဝန်ရှိသူတို့ လက်မှတ်ရေးထိုးပြီးဖြစ်ပါသည်။ တရုတ်-မြန်မာနယ်စပ် အထူးစီးပွားရေးပူးပေါင်းဇုန်ကို မူဆယ်ဒေသတွင် ဖော်ဆောင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်နယ်အတွင်း လူထုတစ်ရပ်လုံးရရှိခံစားနိုင်မည့် လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေးအခြေခံသော စက်မှုလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းဖြစ်သော ခရီးသွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ၊ ရှမ်းပြည်နယ်သည် သဘာဝအလှအပများ စုစည်းတည်ရှိသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာခရီးသွား



D/real(wide) (2



ရန်ပုံငွေရရှိမှုပေါ်မူတည်ပြီး တင်ဒါခေါ်ယူ ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေ ကျပ်သန်းပေါင်း (၁၈၆၆၈. ၇၅၁)ဖြင့် ၆၆ ကေဗွီလိုင်း (၅. ၀၈)မိုင်၊ (၃၃) ကေဗွီလိုင်း(၂. ၆၃)မိုင်၊ ၁၁ကေဗွီလိုင်း(၂၂၁. ၇၂)မိုင်၊ (၄၀၀) ဗို့လိုင်း (၂၅၀. ၃၃)မိုင်၊ (၁၁/၀. ၄) ကေဗွီ ထရန်စဖော်မာ(၂၁၇)လုံး၊ တပ်ဆင်အား (၂၃၇၂၀) ကေဗွီအေ တည်ဆောက်ပေးနိုင်ခဲ့ပြီး ကျေးရွာပေါင်း(၂၁၄)ရွာ၊ အိမ်ခြေ(၂၃၄၃၀)ခု၊ အိမ်ထောင်စု (၂၄၅၅၂)စု၊ မီးသုံးသူဦးရေ (၆၆၃၈၂) ဦးခန့်ကို လျှပ်စစ်ဓါတ်အား ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေ (BE)ကျပ်သန်းပေါင်း (၁၇၄၆၄. ၄၂၄)ဖြင့် ကျေးရွာပေါင်း (၁၄၀)ရွာ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ လိုအပ်ဖြည့်စွက်ရန်ပုံငွေ ကျပ်သန်း (၃၅၈၀)ဖြင့် ကျေးရွာပေါင်း (၃၁)ရွာ၊ စုစုပေါင်းကျေးရွာ (၁၇၁)ရွာခန့် ဓါတ်အားရရှိရေးနှင့် ဓါတ်အားဖြန့်ဖြူးမှု ကောင်းမွန်ရေး (System Development)လုပ်ငန်းများ ဆက်လက်စိစစ်ဆောင်ရွက်ပြီး လုပ်ကိုင်လျက်ရှိပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အထိ ၅နှစ်စီမံကိန်း ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေ လျာထားချက်တွင် ၆၆ ကေဗွီလိုင်း (၆၉၉)မိုင်၊ ၆၆ကေဗွီခွဲရုံ (၅၄)ရုံ၊ ၃၃ကေဗွီလိုင်း (၅၆၇)မိုင်၊ (၃၃)ကေဗွီခွဲရုံ (၄၉)ရုံအား ခန့်မှန်းကုန်ကျစရိတ်

ကျပ်သန်းပေါင်း (၁၉၂,၅၅၃. ၇၆၃)သန်းဖြင့် ကျေးရွာပေါင်း (၅၂၁၈)ရွာ ဓါတ်အားဖြန့်ဖြူးပေးနိုင်ရန် လျာထားဆောင်ရွက်ပြီးဖြစ်ပါတယ်။ လျာထားဓါတ်အားခွဲရုံများ တည်ဆောက်နိုင်မှသာ မိမိတို့ပတ်ဝန်းကျင်ရှိ ကျေးရွာများ ဓါတ်အားဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါတယ်။

ချေးငွေနှင့် ပတ်သက်ပြီး ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်မည့် အမျိုးသားလျှပ်စစ်ဓါတ်အားရရှိရေး စီမံကိန်း(NEP)၊ (၁၁)ကေဗွီ ဓါတ်အားလိုင်း(၂)မိုင်အတွင်း ကျေးရွာပေါင်း (၄၆၆)ရွာ ဓါတ်အားရရှိရေးအတွက်(၁၁)ကေဗွီ ဓါတ်အားလိုင်း (၄၆၀. ၅) မိုင်နှင့် (၁၁/၀. ၄)ကေဗွီ ထရန်စဖော်မာ (၅၄၀)လုံး တည်ဆောက်ခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျစရိတ် ကျပ်သန်းပေါင်း (၂၀၄၉၅. ၀၀၀)ဖြင့် လျာထားတင်ပြထားပြီးဖြစ်ရာ ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်တွင်စတင်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းများကို စိစစ်ဆောင်ရွက်ပြီး ဆောင်ရွက်လျက်ရှိ ကြောင်းသိရှိရပါတယ်။

ဂျာမနီချေးငွေဖြင့် ဆောင်ရွက်မည့် KFW စီမံကိန်းတွင် ဦးစားပေးအဆင့်(၄)ဆင့်ဖြင့် ကျေးရွာပေါင်း (၅၅၃)ရွာ ဓါတ်အားရရှိရေးအတွက် (၆၆)ကေဗွီ ဓါတ်အားလိုင်း(၅၂)မိုင်၊ ၃၃ ကေဗွီ ဓါတ်အားလိုင်း (၂၁၉)မိုင်၊ ၆၆ ကေဗွီ ခွဲရုံ(၅)ရုံ၊ ၃၃ကေဗွီ ခွဲရုံ(၁၂)ရုံ၊ ၁၁ကေဗွီ ဓါတ်အားလိုင်း (၁၁၈၃. ၀၆)မိုင်၊ (၄၀၀)ဗို့ ဓါတ်အားလိုင်း (၇၇၆. ၉၄)မိုင်နှင့် ၃၃/၀. ၄ကေဗွီ ထရန်စဖော်မာ(၁၁)လုံး၊ ၁၁/၀. ၄ ကေဗွီ ထရန်စဖော်မာ (၈၃၆)လုံး တည်ဆောက်ခြင်း





လုပ်ငန်းများ၊ မျိုးနွယ်စုဆိုင်ရာခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုနှင့်လူမှုပတ်ဝန်းကျင်အခြေပြု ခရီးသွားလုပ်ငန်း၊ နယ်စပ်ဒေသခရီးသွားလုပ်ငန်း စသည်ဖြင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆောင်ရွက်နေသကဲ့သို့ ပြည်နယ်အတွင်း စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားတိုင်း မိမိလုပ်ကိုင်လိုသည့်စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာလုပ်ကိုင်ခွင့်ရရှိစေရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လျှပ်စစ်ဓါတ်အားကဏ္ဍနှင့်ပတ်သက်ပြီး လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းအဖြစ် လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေးလုပ်ငန်းအနေဖြင့် ရှမ်းပြည်နယ်အတွင်း လျှပ်စစ်ဓါတ် အားမရရှိ သေးသောကျေးရွာများ လျှပ်စစ်ဓါတ်အားရရှိရေး၊ လျှပ်စစ်ဓါတ်အားရရှိပြီးသောဒေသများ ဓါတ်အားများ ပြည့်ဝစွာအသုံးပြုနိုင်ရေးတို့အတွက် ဓါတ်အားလိုင်းနှင့်ခွဲရုံများတိုးချဲ့ တည်ဆောက်ပေးခြင်း၊ လက်ရှိဓါတ်အားလိုင်းနှင့်ခွဲရုံများ အဆင့်မြှင့်တည်ဆောက်ပေးခြင်းတို့အားစီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ၆၆/၃၃ ကေဗွီ၊ ၆၆/၁၁ ကေဗွီ၊ ၃၃/၁၁ကေဗွီခွဲ ရုံနှင့် ၆၆ကေဗွီ၊ ၃၃ကေဗွီ ဓါတ်အားလိုင်း တည်ဆောက်ခြင်းများအား ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့်လည်းကောင်း၊ ၁၁ကေဗွီ ဓါတ်အားလိုင်း၊ ၁၁/၀. ၄ ကေဗွီ ထရန်စဖော်မာနှင့် (၄၀၀)ဗို့ ဓါတ်အားလိုင်းများတိုးချဲ့ တည်ဆောက်ခြင်း၊ အစားထိုးလဲလှယ် တည်ဆောက်ခြင်းလုပ်ငန်းများအား ပြည်နယ်ရန်ပုံငွေဖြင့်လည်းကောင်း ဘဏ္ဍာနှစ်အလိုက်

လုပ်ငန်းတို့အား လျာထားတင်ပြပြီးဖြစ်ပါတယ်။

JICA ODA Loan ဖြင့် ၆၆ကေဗွီခွဲရုံ(၃)ရုံ၊ ၆၆ကေဗွီလိုင်း (၂၂. ၅)မိုင်၊ (၄၀၀)ဗို့လိုင်း (၁၀. ၃)မိုင် တည်ဆောက်ခြင်းလုပ်ငန်းတို့အား ဆောင်ရွက်ပေးနိုင်ပါရန် လျာထားတင်ပြထားပြီးဖြစ်ပါတယ်။ ၎င်းဓါတ်အားခွဲရုံအား တည်ဆောက်ပါက ကျေးရွာပေါင်း(၁၁၉)ရွာသို့ ဓါတ်အားဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်း ကျေးရွာပေါင်း(၁၃၀၇၈)ရွာရှိပါတယ်။ ယခုလက်ရှိ အခြေအနေတွင် (၁၃၈၃)ရွာမှာ ဓါတ်အားစနစ်မှ ဓါတ်အားဖြန့်ဖြူးပေးလျက်ရှိရာ စုစုပေါင်း (၁၀. ၅၈)ရာခိုင်နှုန်းခန့် ဓါတ်အားရရှိနေပြီဖြစ်ပါသည်။ (၅)နှစ်စီမံကိန်း၊ အမျိုးသားလျှပ်စစ်ဓါတ်အား ရရှိရေးစီမံကိန်း NEP , KFW , JICA ODA Loan စီမံကိန်းများကို ဆောင်ရွက်မည်ဆိုပါက ကျေးရွာပေါင်း (၆၃၅၆) ရွာကို ဓါတ်အားရရှိလာနိုင်မည်ဖြစ်၍ ရှမ်းပြည်နယ်အတွင်း (၅၉)ရာခိုင်နှုန်းခန့် လျှပ်စစ်ဓါတ်အားရရှိလာနိုင်မည်ဖြစ်ပြီး ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်လျာထားပြီးဖြစ်ပါတယ်။

ထို့အပြင် ရှမ်းပြည်နယ်အစိုးရအနေဖြင့် အသေးစားရေအားလျှပ်စစ်(၁၅)ခု၊ အလတ်စားရေအားလျှပ်စစ် (၁၇)ခု၊ ကျောက်မီးသွေး(၂၀)မဂ္ဂါဝပ် လျှပ်စစ်ဓါတ်အား ထုတ်လုပ်ခြင်းလုပ်ငန်း စက်ရုံတို့အား ကုမ္ပဏီများဖြင့် MOU ၊MOA ၄ားရမ်းစာချုပ်ပြင်ဆင်စာချုပ်များဖြင့် ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။





ရှယ်ယာပွဲကြီးကိုလည်း ကျွန်တော်တို့ အောင်အောင်မြင်မြင်နဲ့ ကျင်းပနိုင်ခဲ့ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုအနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်ကို ၂၀၁၆ခုနှစ်၊ အောက်တိုဘာလ ၁၈ရက်စွဲပါ ၂၀၁၆ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ၄၀ ဖြင့် ပြဋ္ဌာန်းခဲ့ပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအမိန့်ကြော်ငြာစာအမှတ်၊ ၃၅/၂၀၁၇ဖြင့် ပြဋ္ဌာန်းခဲ့ပါတယ်။ အဆိုပါဥပဒေ၊ နည်းဥပဒေများအရ တိုင်းဒေသကြီး အစိုးရအဖွဲ့များသို့ လုပ်ပိုင်ခွင့်များ ခွဲဝေသတ်မှတ်ထားပြီး လိုအပ်သော အမိန့်ကြော်ငြာ၊ ၁၀/၂၀၁၇ဖြင့် ဖွံ့ဖြိုးတိုးတက်မှုဇုန်သတ်မှတ်ချက်အရ ရှမ်းပြည်နယ်ဇုန်(၁)တွင် (၄၂)မြို့နယ်၊ ဇုန်(၂)တွင်(၁၄)မြို့နယ် ပါဝင်ပါတယ်။ အမိန့်ကြော်ငြာအမှတ်၊ ၁၁/၂၀၁၇ဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီများမှ အတည်ပြုမိန့်ထုတ်ပေးနိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် မတည်ငွေရင်းနှီးပမာဏ သတ်မှတ်ခဲ့သည်မှာ အမေရိကန်ဒေါ်လာ (၅)သန်း (သို့မဟုတ်) မြန်မာငွေသန်း (၆၀၀၀)အထိဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရတွင် ရင်းနှီးမြှုပ်နှံမည်ဆိုပါက အမေရိကန်ဒေါ်လာ(၅)သန်းအထိ ပြည်နယ်၏ဆုံးဖြတ်ချက်ဖြစ်ပါတယ်။ အမိန့်ကြော်ငြာစာအမှတ်၊ ၂၅/၂၀၁၇ ဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုက်နာ

ကျင့်သုံးရမည့် လုပ်ထုံးလုပ်နည်းများကို (၁၀. ၅. ၂၀၁၇)ရက်နေ့တွင်ထုတ်ပြန်ခဲ့ပါတယ်။ ၂၀၁၇ခုနှစ်၊ ဇူလိုင်လ (၇)ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၅၄/၂၀၁၇ ဖြင့် ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီကို ဖွဲ့စည်းပေးခဲ့ရာ အဆိုပါကော်မတီတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်မှ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီး၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့မှ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ကော်မတီအတွင်းရေးမှူးအဖြစ် ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးတို့အား တာဝန်ပေးအပ်ထားပါတယ်။ ကော်မတီစတင်ဖွဲ့စည်းသည့်နေ့မှ စတင်၍ ယနေ့အထိ ကော်မတီသို့ အဆိုပြုလွှာများ လာရောက်တင်ပြမှုမရှိသေးဘဲ ကော်မတီ၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၅-၂၀၁၆ မှ ၂၀၁၇-၂၀၁၈ (ကာလတူ) ရင်းနှီးမြှုပ်နှံမှု နှိုင်းယှဉ်ချက်ကို လွှတ်တော်ကိုယ်စားလှယ်များသိအောင် ကျွန်တော့်အနေနဲ့ ဆက်လက်တင်ပြပေးသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု၌ (၂၀၁၆-၂၀၁၇)ခုနှစ်နှင့် (၂၀၁၇-၂၀၁၈)ခုနှစ်တို့ ကာလတူ နှိုင်းယှဉ်မှုတွင် မြန်မာငွေကျပ်သန်း (အမေရိကန်ဒေါ်လာ) အပါအဝင်(၄၈၃၇၈. ၄၁၄) သန်းဖြစ်ပြီးအရေအတွက် လျော့နည်း





ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ကျောက်မီးသွေးစက်ရုံ(၁)ရုံ၊ ရေအားလျှပ်စစ်(၇)ရုံတို့အား ဆက်လက်တည်ဆောက်ရန် ရှမ်း(ရှေ့)ရှိကုမ္ပဏီ(၈)နှင့် MOU လက်မှတ်ရေးထိုးပြီးဖြစ်ပါတယ်။ ၎င်းအပြင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ မြို့နယ်များသို့ လာအိုနိုင်ငံမှ လျှပ်စစ်ဓါတ်အားဝယ်ယူပြီး ပြန်လည်ဖြန့်ဖြူးရန်အတွက် ကုမ္ပဏီ(၃)ခု၏ အဆိုပြုလွှာများကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြထားပြီးဖြစ်ပါတယ်။ (၃၀) မဂ္ဂါဝပ်အထက် ရေအားလျှပ်စစ်စီမံကိန်း(၃)ခုကို နှစ်စဉ်ဘဏ္ဍာငွေရရှိမှုပေါ်မူတည်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်း၊ အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းတို့အား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ရင်းနှီးမြှုပ်နှံမှုအပိုင်းနှင့် ပတ်သက်ပြီး ရှမ်းပြည်နယ်ဟာ တိုင်းရင်းသားလက်နက်ကိုင် ပေါင်းစုံ၊ အရောင်သွေးစုံတဲ့ လူမျိုးစုံပါတီရှိပါတယ်။ ရှမ်းပြည်နယ်ဟာ ဒေသတည်ငြိမ်အေးချမ်းမှုမရှိသည့်အတွက် အစွန်အဖျားဒေသများတွင် ကျွန်တော်တို့ ပြည်နယ်၏ပုံရိပ်က ကျဆင်းလျက်ရှိပါတယ်။ တိုင်းပြည်မတည်ငြိမ်မှုကို အကြောင်းပြပြီး ရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်ရာတွင် ကျွန်တော်တို့ဆီမှာများစွာ အခက်အခဲရှိတာကို တွေ့ရှိရပါတယ်။ ထို့အတွက် ရှမ်းပြည်နယ်အစိုးရ အဖွဲ့အနေဖြင့် IUD ပုံရိပ်ပြန်လည်တည်ဆောက်ရန်အတွက် ကြိုးစားနေပါတယ်။ ရင်းနှီးမြှုပ်နှံမှုအချို့

၍ပမာဏတိုးတက်လာခဲ့ပါတယ်။ အလားတူ ကာလတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပြန်ကြည့်သည့်အခါ အမေရိကန်ဒေါ်လာ (၁၁. ၁၃၈)သန်း ဖြစ်ပြီးအရေအတွက်နှင့် ပမာဏပါတိုးတက်လာပါတယ်။ ယနေ့အထိရှမ်းပြည်နယ်အတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအရေအတွက် (၆၁)ခုပမာဏ (အမေရိကန်ဒေါ်လာအပါအဝင်) ကျပ်သန်းပေါင်း (၅၈၇၈၃၉. ၄၇၄) နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် အရေအတွက် (၁၇)ခု၊ အမေရိကန်ဒေါ်လာ (၇၅၅. ၄၆၃)သန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှု ပိုမိုစီးဝင်လာစေရေးအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မတီ၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)တို့နှင့် ပူးပေါင်းကာ တောင်ကြီးမြို့တွင် ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုပြပွဲကို (၁၀-၂-၂၀၁၇)ရက်နေ့တွင် ကျင်းပခဲ့ပြီး ရှမ်းပြည်နယ်၏ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကိုပြသခဲ့ပါတယ်။ အလားတူ အိမ်နီးချင်းနိုင်ငံများကို သွားရောက်ပြီး Opportunity Investment Promotion in Shan State ဆိုတဲ့ခေါင်းစဉ်နဲ့ ဟောပြောဆွေးနွေးပွဲများလုပ်သည့်အခါ ထိုင်းနိုင်ငံမှလုပ်ငန်းရှင်(၁၀၀၀) ကျော်တက်ရောက်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုတွေဟာ တစ်ထွေပြီး တစ်ထွေ လာရောက်လျက်ရှိပါတယ်။ အဲ့ဒီလိုလာရောက်တာကို သူတို့ရဲ့ Site Visit ဆင်းတယ်လို့ခေါ်ပါတယ်။ တစ်ဖက်မှာလည်း စီးပွားရေး



D/real(wide) (2



ရေကန်အဆင့်မြှင့် (၄)ခု၊ စိမ့်စမ်းရေသွယ်(၅)ခု၊ အခြား(၁၅) ခု၊ ရေပေးရေးလုပ်ငန်း စုစုပေါင်း (၁၀၂)ခု၊ စုစုပေါင်းကုန်ကျငွေ ကျပ်(၆၂၆. ၆၄၅)သန်းဖြင့်လည်းကောင်း၊စုစုပေါင်းလမ်း/တံတား/ ရေပေးရေးလုပ်ငန်းများအတွက် ငွေကျပ်(၆၆၄၉. ၅၆၆)သန်း ဖြင့်ဆောင်ရွက်ပေးခဲ့ ပြီးဖြစ်ပါတယ်။

JICA ODA ချေးငွေဖြင့် မြို့ရေပေးရေးလုပ်ငန်းအား တောင်ကြီးမြို့တွင် ကုန်ကျငွေကျပ်(၆၆၁. ၄၃၇)သန်းဖြင့်လည်းကောင်း၊ ကလောမြို့တွင် ကုန်ကျငွေကျပ်(၇၀၉. ၁၀၄)သန်းဖြင့်လည်းကောင်း ၊ ရပ်စောက်မြို့တွင် ကုန်ကျငွေကျပ်(၄၂၃. ၁၉)သန်းဖြင့်လည်းကောင်း၊ ပင်းတယမြို့တွင် ကုန်ကျငွေကျပ် (၆၆၄. ၅၄) သန်းဖြင့်လည်းကောင်း၊ ရွာငံမြို့တွင် ကုန်ကျငွေကျပ် (၅၉၀. ၀၃၆) သန်းဖြင့်လည်းကောင်း၊ ပင်လောင်းမြို့တွင် ကုန်ကျငွေကျပ် (၅၇၈. ၃၂၁၅)သန်းဖြင့်လည်းကောင်း၊ နောင်တရားမြို့တွင် ကုန်ကျငွေကျပ်(၁၄၇. ၁၁၅၉)သန်းဖြင့်လည်းကောင်း၊ ဖယ်ခုံမြို့တွင် ကုန်ကျငွေကျပ်(၃၂၉. ၉၉၃၃)သန်းဖြင့်လည်းကောင်း၊ စုစုပေါင်း မြို့(၈)မြို့နယ်တွင် ကုန်ကျငွေပေါင်းကျပ်(၄၁၀၄. ၀၃၉၆)သန်းဖြင့် ဆောင်ရွက်ခဲ့ပါတယ်။ လုပ်ငန်းများဆောင်ရွက်ပြီးဖြစ်ပါ၍ မြို့နေပြည်သူလူထုအား ရေဆက်လက် ပေးဝေနိုင်ရေးဆက်လက်ပြီး စီမံချက်များလျာထား ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။

မြို့နယ်/မြို့နယ်ခွဲ စည်ပင်သာယာရေးဌာနများ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီး ဘတ်ဂျက်တွင်လည်း ကတ္တရာလမ်း၊

ကျောက်လမ်း၊ ကွန်ကရစ်လမ်း၊ မြေသားလမ်း၊ အစရှိသည်တို့ကို ကုန်ကျငွေကျပ်(၉၈၂၈. ၉၃)သန်းဖြင့်လည်းကောင်း ၊ ကွန်ကရစ်တံတား (၂၁၉)စင်း၊ သစ်သားတံတား (၁)စင်း ၊ ရေပြွန်(၁၅)စင်း၊ အခြား(၂)စင်း၊တံတား စုစုပေါင်း(၂၃၇)စင်း၊စုစုပေါင်းကုန်ကျငွေကျပ် (၆၆၂. ၀၂၇)သန်းဖြင့်လည်းကောင်း၊ ရေပေးရေးလုပ်ငန်းအနေဖြင့် တွင်းနက်(၃)ခု၊ အခြား(၈၂)ခု၊ ရေပေးရေးလုပ်ငန်းစုစုပေါင်း (၈၅)ခု၊ စုစုပေါင်း ကုန်ကျငွေကျပ်(၅၀၅. ၅၂)သန်းဖြင့်လည်းကောင်း၊ ငွေလုံးငွေရင်းအခြား (၂၅၄)ခု ကုန်ကျငွေကျပ်(၂၂၀၄. ၄၃၅)သန်းဖြင့် လည်းကောင်း၊ ရေပေးရေးလုပ်ငန်းအတွက် ငွေကျပ် (၁၃၂၀၀. ၉၁၂)သန်းဖြင့် လျာထားပြီး ယနေ့အထိ ကတ္တရာလမ်း၊ ကျောက်လမ်း ၊ ကွန်ကရစ်လမ်း ၊ မြေသားလမ်း စုစုပေါင်းကုန်ကျငွေကျပ်(၁၃၅၈. ၂၂၉)သန်းဖြင့်လည်းကောင်း၊ ကွန်ကရစ်တံတား (၁၀၃)စင်း၊ ရေပြွန်(၁၂)စင်း ၊ အခြား(၁)စင်း ၊ တံတားစုစုပေါင်း (၁၁၆)စင်း၊စုစုပေါင်းကုန်ကျငွေကျပ်(၃၃၃. ၉)သန်းဖြင့်လည်းကောင်း၊ ရေပေးရေးလုပ်ငန်းအနေဖြင့် တွင်းနက် (၃)ခု၊ အခြား (၂၆)ခု၊ ရေပေးရေးလုပ်ငန်းစုစုပေါင်း(၂၉)ခု၊စုစုပေါင်းကုန်ကျငွေကျပ်(၁၅၉. ၅၀၉)သန်းဖြင့်လည်းကောင်း၊ စုစုပေါင်း လမ်း/တံတား ရေပေးရေးလုပ်ငန်းများအတွက် ငွေကျပ်(၁၈၈၂. ၆၃၈)သန်းဖြင့် ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။

ကျွန်တော်တို့စည်ပင်သာယာရေးကို ကွင်းဆင်းလေ့လာတဲ့အခါမှာ မတိုးတက်သောမြို့နယ်တွေ ဖွံ့ဖြိုးမှုမရှိခြင်းမှာ စည်ပင်သာယာဘတ်ဂျက်မရ၍ ရငွေမရှိလျှင် သုံးငွေကိုလည်း ရငွေသုံးငွေ



D/real(wide) (2



လုပ်ငန်းရှင်များ ပိုမိုရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်လာသည်နှင့်အမျှ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု Private Sector Development တိုးမြှင့်လာစေရေးအတွက် ဆောင်ရွက်လျက်ရှိရာ (၂၉. ၆. ၂၀၁၇) ရက်နေ့တွင် ဂျာမန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ GIZ နှင့် ပူးပေါင်း၍ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပခဲ့ပါတယ်။ ရှမ်းပြည်နယ်ထုတ်ကုန် မြှင့်တင်ရေး စီမံထားရှိပြီးဖြစ်ပါတယ်။ အလားတူပြည်တွင်းလုပ်ငန်းပူးပေါင်း မြှင့်တင်ဖို့အတွက် Co-operate Governance Workshopများ ကျင်းပပြုလုပ်နိုင်ရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ လစဉ်တိုင်းတစ်လတစ်ကြိမ် အမြဲတမ်းလုပ်ငန်းရှင်များနှင့် တွေ့ရန် ရှမ်းရှေ့၊ ရှမ်းတောင်၊ ရှမ်းမြောက်လုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံနေပါတယ်။ ရှမ်းပြည်နယ် စည်ပင်ကဏ္ဍကတော့ စည်ပင်သာယာရေးဌာနကွပ်ကဲမှုအောက်ရှိ မြို့နယ်/မြို့နယ်ခွဲစည်ပင်သာယာရေးဌာနမှ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်း (၅၅/၀. ၆၄၅) မိုင်/ဖာလုံ၊ ကျောက်လမ်း (၉/၆. ၃၈၇)မိုင်/ဖာလုံ၊ ကွန်ကရစ်လမ်း (၅/၅. ၈၀၁) မိုင်/ ဖာလုံ၊ မြေသားလမ်း (၀/၃. ၂၅)မိုင်/ဖာလုံ၊ စုစုပေါင်း အရှည် (၇၁)မိုင်(၀. ၀၈၃)ဖာလုံ ၊ ကုန်ကျငွေ (၅၂၅၁. ၈၄) သန်းဖြင့်လည်းကောင်း၊ ကွန်ကရစ်တံတား (၁၅၀)စင်း၊ သစ်သားတံတား(၂၁)စင်း၊ ရေပြွန်(၆၆)စင်း ၊အခြား(၁)စင်း၊ တံတားစုစုပေါင်း (၂၃၈)စင်း၊ စုစုပေါင်းကုန်ကျငွေ (၇၇၁. ၀၈၁)သန်းဖြင့်လည်းကောင်း၊ ရေပေးရေးလုပ်ငန်းအနေဖြင့် တွင်းတိမ်(၁)ခု၊ တွင်းနက် (၇)ခု၊

ခွဲဝေမှုပေါ်မှာ မူတည်ပြီး မရသောကြောင့် လတ်တလောမှာလည်း ဖွံ့ဖြိုးနိုင်ခြင်းမရှိသည့်အတွက် မြို့တိုင်းမြို့တိုင်းကို ဖွံ့ဖြိုးတိုးတက်အောင် လမ်းတွေကောင်းအောင်၊ ရေတွေရရှိအောင်၊ စည်ပင်သာယာရေး၏ ဆောင်ရွက်မှုတွေကို ဆက်လက်ဆောင်ရွက်နိုင်အောင်၊ စည်ပင်သာယာ၏ဘတ်ဂျက်တွေကို နောက်လာမည့်နှစ်မှာ ပိုမိုသုံးစွဲပြီး စနစ်တကျ မြို့တိုင်းမြို့တိုင်း မျှတမှုဖြစ်အောင် လျာထားဆောင်ရွက်လျက်ရှိကြောင်း ရှမ်းပြည်နယ်အစိုးရ ကိုယ်စားတင်ပြလိုပါတယ်။

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ပတ်သက်ပြီး ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ မြို့ပေါင်း(၁၀)မြို့တွင် အိမ်ခန်းပေါင်း (၉၂၀)ခန်း တည်ဆောက်ထားခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မြို့ပေါင်း(၁၄)မြို့တွင် အိမ်ခန်းပေါင်း (၃၁၆)ခန်း တည်ဆောက်မည်ဖြစ်ရာ ယခင်နှစ်များက တည်ဆောက်ထားရှိပြီးအခန်းများ၏ (၃)ချိုး (၁)ချိုးအထိ ဆောင်ရွက်မည်ဖြစ်ပြီး လွိုင်လင်၊ ဆီဆိုင်၊ ပင်လောင်း၊ ရွာငံမြို့(၄)မြို့ တိုးချဲ့ ဆောင်ရွက်မည်ဖြစ်ပါတယ်။ လာမည့်ဘဏ္ဍာရေးနှစ်တွင်လည်း လင်းခေး၊ မိုးမိတ်၊ မိုင်းဆတ် စသည့် မြို့များတွင် တိုးချဲ့တည်ဆောက်သွားမည်ဖြစ်ပါတယ်။ နိုင်ငံတော်အဆင့် ဝန်ထမ်းအငှားအိမ်ရာကိုလည်း ပြည်နယ်လိုအပ်ချက်နှင့်အညီ ဆက်လက်ဆောင်ရွက်ဖို့ စီစဉ် ထားပါတယ်။

အငှားအိမ်ရာတည်ဆောက်ခြင်း Rent Houses နှင့်



D/real(wide) (2



အချက်က Infrastructure လမ်း၊ မီး၊ ရေတို့မပြည့်စုံ ခင်မှာ Service ဆိုတဲ့ဝန်ဆောင်မှုလုပ်ငန်း ရှမ်းပြည်နယ်ကြီး တိုးတက်အောင် ဆောင်ရွက်ဖို့အတွက် စီမံကိန်းများစနစ်တကျရေးဆွဲထားပါတယ်။ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကို (Hotel and Tourism) ရှမ်းပြည်နယ်အတွက် အရေးကြီးဆုံးဖွံ့ဖြိုးတိုးတက်ဖို့အတွက် လျာထားဆောင်ရွက်လျက်ရှိပါတယ်။ ခရီးစဉ်ဒေသများ ရေရှည်တည်တံ့ရေးနှင့် အသစ်ရှာဖွေဖော်ထုတ်ခြင်းများအတွက် ရှမ်းပြည်နယ်ရှိ အင်းလေးဒေသခရီးစဉ်သည် မြန်မာပြည်ရှိ အဓိက ဒေသခရီးစဉ်(၄)ခုအနက် (၁)ခုဖြစ်ပါတယ်။ ရှမ်းပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာ မည်ဆိုလျှင် ခရီးသွားလုပ်ငန်းဆိုတာက မီးခိုး မထွက်သည့် စက်မှုလုပ်ငန်းကြီးဖြစ်ပါတယ်။ အလွှာအသီးသီးကို စီးဝင်နိုင်ဖို့အတွက် အလုပ်အကိုင် အခွင့်အလမ်းတွေရအောင် ဆောင်ရွက်ဖို့ ရည်ရွယ်ထားပါတယ်။ မိုင်းခတ်၊ နီးဘုရားကြီး၊ မိုင်းဖြတ်၊ စွန်ဟိန်းဂူဒေသ စသည်ဖြင့် ရှမ်းတောင်တွင် မိုင်းရှူး ၊ ကွန်ဟိန်း၊ နမ့်စန်အစရှိသည့် မြို့နယ်များတွင် ခရီးစဉ်အသစ် =တွေ လုပ်ပါတယ်။ ခရီးသွားအဆုံး အဖြတ်ရဖို့အတွက် ရှမ်းပြည်နယ် အစိုးရမှ ကော်မတီတစ်ရပ်ဖွဲ့စည်း ထားတယ်ဆိုတဲ့အကြောင်း လွှတ်တော်ကိုယ်စားလှယ်များ သိဖို့လိုပါတယ်။ ခေတ်အဆက်ဆက်မှာ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း သည် Non Budget ပါ၊ ဘတ်ဂျက်မရှိသည့်ဌာနဖြစ်ပါတယ်။ ကော်မတီတစ်ရပ်ဖွဲ့ပြီး အိမ်နီးချင်းနိုင်ငံများကို Marketing ဆင်းနိုင်အောင် ဆောင်ရွက်

နေပါတယ်။ အဲ့ဒီအတွက် ကော်မတီတစ်ရပ်ဖွဲ့ပြီး ကော်မတီမှာ အစိုးရမပါပဲ လွတ်လပ်တဲ့ Third Party အနေနဲ့ တည်ရှိပြီး ရန်ပုံငွေထူထောင်ပြီးကာ အစိုးရ၏ချိတ်ဆက်မှုဖြင့် ဆောင်ရွက်ဖို့ဖြစ်ပါတယ်။ စီးပွားရေး ဖွံ့ဖြိုးလာတဲ့တရုတ်က ကျွန်တော်တို့နိုင်ငံတွေကိုလာချင်ပါတယ်။ပြဿနာကတော့နဲ့နယ်မြေကန့်သတ်မှုတွေ ရှမ်းပြည်နယ်မှာ အများကြီးရှိပါတယ်။ အဲ့ဒီနယ်မြေကန့်သတ်မှုတွေကိုလည်း တိုက်ပွဲကိုအကြောင်းပြပြီး နယ်မြေကန့်သတ်မှုတွေကို ပြည်ထောင်စုအစိုးရကို ဖြေလျှော့ပေးဖို့ တောင်းဆိုထားပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့အနေဖြင့် Marketingဆင်းဖို့ ကော်မတီတစ်ရပ် ဖွဲ့စည်းခြင်း၊ Video Clip ရိုက်ပြီး နိုင်ငံတကာ Channel တွေကလွှင့်ခြင်း ၊ Public တွေ၊ Photo Contest ဓါတ်ပုံပြိုင်ပွဲတွေ ရှမ်းပြည်နယ်အစိုးရက ရှမ်းတောင်၊ ရှမ်းမြောက်၊ ရှမ်းအရှေ့က မြို့အသီးသီးမှာရှိတဲ့ ခရီးသွားလုပ်ငန်းကို လုပ်ဆောင်နိုင်သည့်စွမ်းဆောင်နိုင်သော အရာတွေအားလုံးကို ဓာတ်ပုံနှင့်တကွ တင်ပြပါဆိုပြီး ရှမ်းပြည်နယ်အစိုးရမှာ တစ်ထပ်ကြီးရောက်လာပါတယ်။ နယ်မြေအေးချမ်းမှု၊ တည်ငြိမ်မှု၊ လုံခြုံမှုအစရှိတဲ့ အရာတွေပေါ်မူတည်ပြီးတော့ နှစ်ဖက်လုံးကို ခရီးသွားလုပ်ငန်းစဉ် အသစ်တွေဖော်ဆောင်ဖို့ ရည်ရွယ်ထားပါတယ်။ ပွင့်ပွင့်လင်းလင်းပြောပြရလျှင်ဟဲဟိုးလေဆိပ်ကိုနိုင်ငံတကာအဆင့်မီလေဆိပ်တည်ဆောက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးကော်မတီကို တင်ပြထားပြီး ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့လည်း ယခုဝန်ကြီး



D/real(wide) (2



ပတ်သက်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ထိ တောင်ကြီးမြို့တွင် (၁၂၀)ခန်း၊ (၄)ခန်းတွဲ (၅)ထပ် တိုက်(၆)လုံးဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် (၈)ခန်းတွဲ (၅)ထပ်တိုက်(၂)လုံးကို တောင်ကြီးမြို့နှင့် တာချီလိတ်မြို့တွင် တည်ဆောက်ပြီး ဝင်ငွေနည်းပြည်သူများအား သက်သာသောနှုန်းဖြင့် ငှားရမ်းဆောင်ရွက်ပြီး ပြည်နယ်အတွင်း အိမ်ခြေရာမဲ့များ၊ ကျူးကျော်များပပျောက်အောင် Rent Houses စနစ်ကိုလည်း ဖော်ဆောင်မှာဖြစ်ပါသည်။ ဆက်လက်၍ အခြားမြို့ကြီးများတွင်လည်း တိုးချဲ့ဆောင်ရွက်ရန် အတွက် နိုင်ငံခြားနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံလိုသူများနှင့် ဆွေးနွေးဆောင်ရွက်လျက်ရှိပါတယ်။ ဦးစိုင်းလှဝင်း ပြောသလို ဘတ်ဂျက်နဲ့ဆိုလျှင် မလုံလောက်ပါဘူး။ ဘတ်ဂျက်နဲ့ပြုလုပ်ရာတွင် လိုအပ်ချက်တွေများသည့်အတွက် စင်ကာပူနိုင်ငံနဲ့ မကြာခင် MOU ထိုးမှာပါ။ အငှားအိမ်ရာစနစ်ကို ဈေးနှုန်းသက်သာပြီး အရစ်ကျစနစ်နှင့် ပြည်သူလူထုကော၊ ဝန်ထမ်းတွေကော သက်သာချောင်ချိစွာ နေထိုင်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း လေးလေးစားစား တင်ပြအပ်ပါတယ်။

ခရီးသွားလုပ်ငန်းနှင့်ပတ်သက်ပြီး စိတ်ဝင်စားစရာကောင်းပါတယ်။ ကျွန်တော်တို့ရှမ်းပြည်နယ်မှာ အဓိကကျတဲ့ (AIS) (၃)ခုမှာ ဘယ်ဟာကို ဦးစားပေးဆောင်ရွက်မယ်၊ ဘယ်အရာက အလုပ်ဖြစ်နိုင်မလဲဆိုတာ စဉ်းစားရပါမယ်။ (၁) စီးပွားရေးအခြေခံတဲ့ လုပ်ငန်းနှင့် ရှမ်းပြည်နယ်ကို တည်ဆောက်ဖို့ ဦးတည်ပါတယ်။ (၂)

ဦးကျော်ဝင်းနဲ့လည်း ဆွေးနွေးထားပြီးဖြစ်ပါတယ်။ ဟဲဟိုး လေဆိပ်ကို နိုင်ငံတကာလေဆိပ်ရရင် ဟဲဟိုး- ဘန်ကောက်၊ ဟဲဟိုး-ချင်းမိုင်၊ ဟဲဟိုး- တန့်ဟိုး၊ ဟဲဟိုး- လင်ချမ်း အစရှိသည်တို့ကို တိုက်ရိုက်ပြေးဆွဲပြီးတော့ ရှမ်းပြည်ကြီးဟာ အချက်အချာကျတဲ့ ခရီးသွားလုပ်ငန်းကို အောင်မြင်စွာ ဖော်ဆောင်နိုင်ဖို့ ကျွန်တော်တို့ တည်ဆောက်ပြီးဖြစ်ပါတယ်။ Community Base Tourism (CPT) Project လူထုအခြေပြု ခရီးသွားလုပ်ငန်းကိုလည်း ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ပအိုဝ်းဒေသနှင့် ဓနုဒေသတို့တွင် ဆောင်ရွက် ပြီးဖြစ်ပါ တယ်။ ယခု တည်ငြိမ်အေးချမ်းတဲ့ ရှမ်းဒေသကို CPT Project ကို ဆက်လက်ဆောင်ရွက်ပေးဖို့ ၂၀၁၇ထဲမှာ လျာထား ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ တင်ပြချက်တွေကို လွှတ်တော်မှတစ်ဆင့် လွှတ်တော်ကိုယ်စားလှယ်တွေကို ပြန်လည်ပြီးဝေငှပါတယ်။ ကျွန်တော့်အနေနဲ့ နတလကိစ္စ၊ ကျေးလက်ကိစ္စတွေနဲ့ပတ်သက်ပြီး အချိန်ကို ငဲ့ညှာသောအားဖြင့် မပြောတော့ပါဘူး။ နောက်ထပ်ကျေးလက်မှာ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးသိသင့်တဲ့ စီမံကိန်းလျာထားချက်တွေ အများကြီးရှိပါတယ်။ အဲဒီစီမံကိန်းလျာထားချက်တွေ ဘာတွေလုပ်နေလဲဆိုတာ ကျွန်တော်တို့ လေ့လာဖို့ရှိပါတယ်။ စီမံကိန်းလျာထားချက်တွေကိုလည်း နိုင်ငံတကာအဖွဲ့အစည်း အနေနဲ့ စီမံကိန်းတွေ နှစ်အလိုက်လျာထားတာတွေကို ကျွန်တော်နည်းနည်းလေး ရွတ်ပြပါမယ်။ နီပွန်ဖောင်ဒေးရှင်း ၂၀၁၇-၂၀၁၈ အမေရိကန်



D/real(wide) (2



ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်များနှင့် ချမှတ်ထားသည့် မျှော်မှန်းချက်များ မူဝါဒနှင့် ရည်မှန်းချက်များကို ပိုမိုအလေးထားပြီး ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရန် တိုက်တွန်းကြောင်းအဆိုနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈အရလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေ ပြုစာရင်းဇယား(၂) အပိုဒ် ၁(က)(ခ) (ည)တို့အရလည်းကောင်း၊ ၂၀၁၃ခုနှစ်၊ လွှတ်တော်ဆိုင်ရာ နည်းဥပဒေ-၁၀၁(ဂ)အရလည်းကောင်း၊ လွှတ်တော် ကိုယ်စားလှယ်မှ တင်သွင်းသည့် တိုက်တွန်းကြောင်း အဆိုအား မှတ်တမ်းတင်ထားရှိပေးပါရန် လေးစားစွာနဲ့ တင်ပြပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုကလည်း ယေဘုယျသဘောနဲ့ ဖြစ်တဲ့အတွက် သက်ဆိုင်ရာဝန်ကြီးအနေနဲ့လည်း ပိုမိုပြီးတော့ ယေဘုယျဆန်ဆန် ဖြေကြားသွားတာ၊ ရှင်းလင်းသွားတာကို တွေ့ရှိရပါတယ်။ တစ်နည်းအားဖြင့် ဒီစာကို ပြုစုပေးလိုက်တဲ့ ဌာနဆိုင်ရာအကြီးအကဲဘဲခေါ်မလား၊ ဒါမှမဟုတ် ညှိနှိုင်းပြီး ရေးတဲ့အချက်ဘဲဖြစ်မလားမသိဘူး။ တော်တော်ရှည်အောင်တော့ ရေးပေးလိုက်တာဖြစ်ပါတယ်။ နောက်ဆုံးလိုရင်းကတော့ ကိုယ်စားလှယ်တင်သွင်းတဲ့အဆိုကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ အနေနဲ့ မှတ်တမ်းတင်ဖို့အတွက် အလေးပေးပြီးတော့ ပြောသွား

တာဖြစ်ပါတယ်။ ထိုအဆိုနှင့် စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅ နည်းဥပဒေခွဲ (စ)နဲ့ (ဆ)အရ အဆိုတင်သွင်းတဲ့ ကိုယ်စားလှယ်ကနေပြီးတော့ နောက်တစ်ကြိမ် ပြန်လည်ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းညာဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)။** လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရ ဝန်ကြီးချုပ်၊ ဝန်ကြီးများအားလုံး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ပထမဦးစွာနှုတ်ခွန်းဆက် သဂါရဝပြုအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တင်သွင်းတဲ့အဆိုက တင်သွင်းကတည်းက တင်ပြပြီးသားပါ။ ယေဘုယျဆန်သော အဆိုသာဖြစ်ပါတယ်။ နောက်တစ် ချက်က အစိုးရကပြည်နယ်အတွက် ဖွံ့ဖြိုးရေးဆောင်ရွက်တဲ့ နေရာမှာ ကျွန်တော်တို့အနေနဲ့ အားမရပါဘူး။ ပိုမိုလုပ်ဆောင်ပေးဖို့ တိုက်တွန်းတဲ့ယေဘုယျအဆိုသာဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကလည်းအစိုးရ၏ဆောင်ရွက် ချက်အားလုံးကို မှားနေလည်း ထောက်ပြပေးဖို့၊ အားနည်းနေလည်း တိုက်တွန်းပေးဖို့ တာဝန်ရှိပါတယ်။ ဒါကြောင့်မို့ ဒါကို ကျွန်တော် ယေဘုယျဆန်ဆန် တိုက်တွန်းခြင်းဖြစ်ပါတယ်။ ဘယ်လို အားနည်းချက်ကို ပြနေသလဲဆိုရင် မနေ့က ကျွန်တော်





ဒေါ်လာ (၅)သန်း၊ ကမ္ဘာ့လုပ်သား အဖွဲ့အစည်း TPA၊ SWISS AID၊ WFP၊ JICA မယ်ဖလုံဖောင်ဒေးရှင်းတို့ကိုလည်း စီမံကိန်းရေးဆွဲ ပြီးတော့ လျာထားဆောင်ရွက်ထားတာရှိပါတယ်။ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံ မှုကို Public Private Partnership တွေနဲ့ ကျေးလက်တွေမှာ အခုဆိုရင် စိုက်ပျိုးရေးလုပ်ငန်းကို Public Private Partnership ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ Partnership မဖြစ်ခင်မှာ ကျေးလက်တွေနှင့် Dialogue လုပ်ပါတယ်။ ဆွေးနွေးပြီးတော့ သူတို့မြေကိုမဝယ်ရပါဘူး။ မြေဝယ်ခွင့်လည်းမရှိပါဘူး။ မဝယ်ဘဲနဲ့ အလုပ်အကိုင်အခွင့်အလမ်း အကျိုးအမြတ်ရရှိအောင်၊ နည်းပညာ လည်းရရှိအောင် အိမ်နီးချင်းနိုင်ငံတွေအားလုံးနဲ့ ဆွေးနွေးပြီးတော့ ဆောင်ရွက်နေပါတယ်။ ၂၀၁၇မှာစပြီးတော့ အကောင်အထည်ဖော် မှာဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ဦးစိုင်းထွန်းညာဏ်ရဲ့ အဆိုတင် သွင်းပြောပြချက်အရ၊ တင်ပြချက်အရ ပြည်ထောင်စုအစိုးရနဲ့ ပူးပေါင်းဆောင်ရွက်ပါမယ်။ ရှမ်းပြည်နယ်အစိုးရ၏ ဇယား(၂)အရ လုပ်ပိုင်ခွင့်များကိုလည်း ကျွန်တော်တို့အနေဖြင့် ဆောင်ရွက်ရာတွင် တိတိကျကျနဲ့ မြန်မြန်ဆန်ဆန် ဆောင်ရွက်သွားပါမယ်။ အမိန့် ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို Decentralization ဗဟိုချုပ်ကိုင်မှုဖြေလျှော့ပေးမှုကိုလည်း ပြည်ထောင်စုအစိုးရကို တင်ပြပြီး တောင်းဆိုသွားမှာ ဖြစ်ပါတယ်ဆိုတဲ့အကြောင်းကိုလည်း ကျွန်တော်အနေနဲ့ တင်ပြအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)ဦးစိုင်းထွန်းညာဏ် တင်သွင်းတဲ့

အဆိုတင်သွင်းသလိုဘဲ လုပ်ပိုင်ခွင့်ကို ရှာဖွေပြီးရယူဖို့ ဖြစ်ပါတယ်။ အစိုးရကချမှတ်ထားတဲ့ ရည်မှန်းချက်၊ မူဝါဒ၊ မျှော်မှန်းချက်များ ဟာဆိုရင် တော်တော်လေး ဖတ်ကောင်းပါ တယ်။ မနေ့က ဖြေကြားသွားတဲ့ SME ကိစ္စဆိုရင်ကျွန်တော်တို့ ကြားနေရပါတယ်၊ မြင်နေရပါတယ်။ရန်ကုန်တိုင်း၊မန္တလေးတိုင်းတွေမှာ SME Center တည်ထောင်ပြီး ပုဂ္ဂလိကဘဏ်တွေကို ဖိတ်ခေါ်ပြီးတော့ သူတို့ တိုင်းဒေသကြီးအတွက် စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် ဘယ်လိုစီမံဆောင်ရွက်မလဲ၊ လုပ်ထုံးလုပ်နည်း တွေကို ဘယ်လို လျှော့ချသင့်သလဲဆိုတာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ကိုယ်တိုင် ဦးဆောင်ပြီးတော့ ဆောင်ရွက်နေတာတွေ့ရှိရပါတယ်။ SME လုပ်ငန်းနဲ့ ပတ်သက်ပြီး စာရင်းဇယား ကြိုတင်လုပ်ဆောင်မှု အနေနဲ့ စာရင်းသောင်းနဲ့ချီ ကောက်ထား တာရှိပါတယ်။ ဒါကို ကျွန်တော်တို့ အားကျပါတယ်။ မနေ့က ဝန်ကြီးဖြေကြားသွားတဲ့ အနေအထားဆိုလျှင် SME လုပ်ငန်းရှင် (၁၀၀၀)ကျော်ရှိ တယ်။ ပံ့ပိုးငွေရတာက(၁၇)ယောက်ရှိပါတယ်။ဒါကိုအလုပ်လုပ်သလားလို့ ကျွန်တော်တို့က ကိုယ်စားလှယ်အားလုံး ပြန်လည်သုံးသပ် ဖို့လိုပါတယ်။ ဒါကရိုးရိုးရည်မှန်းချက် မဟုတ်ပါဘူး။ အစိုးရရဲ့ ရည်မှန်းချက်၊ မူဝါဒ၊ မျှော်မှန်းချက်ထဲမှာ ထည့်ထားတဲ့အချက် အလက်သာလျှင် ဖြစ်ပါတယ်။ အခု ကျွန်တော်တိုက်တွန်းတာက လည်း အစိုးရမလုပ်ဘူးလို့ ကျွန်တော် ပြောတာမဟုတ်ပါဘူး။ ဒီပြည်နယ်ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ဆိုရင် လုပ်ပိုင်ခွင့်ကို





ဒီချမှတ်ထားတဲ့ ရည်မှန်းချက်၊ မျှော်မှန်းချက်၊ မူဝါဒတွေဟာ အစိုးရကိုယ်တိုင်ချမှတ်ထားတာဘဲ ဖြစ်ပါတယ်။ ကိုယ်စားလှယ် တွေရေးဆွဲထားတဲ့ ဥစ္စာမဟုတ်ပါဘူး။ ဒါကို သုံးစွဲပြီးတော့ လုပ်ပိုင် ခွင့်ရယူပြီး ချမှတ်ထားတဲ့မူဝါဒကို ပိုမိုထိရောက်စွာ ဆောင်ရွက် ပေးဖို့ပြောတာတောင်မှ မှတ်တမ်းတင်ပါဆိုတော့ အဲ့ဒီမူဝါဒက ဘယ်ဟုတ်တော့မလဲ။ ဒါကြောင့်မလို့ ကျွန်တော်တို့ကိုယ်စားလှယ် အားလုံးတတ်နိုင်သမျှ တာဝန်ရှိတုန်း လက်ရှိအစိုးရနဲ့ ပြည်နယ် အတွက် ပိုမိုလုပ်ကိုင်ခွင့်ရရှိလိုပါတယ်။ ကျွန်တော်တို့လည်း ပံ့ပိုးပေးလို့ရပါတယ်။ တာဝန်ရှိတုန်းကာလမှာ လုပ်ပိုင်ခွင့်ကို အသုံးချပြီးတော့ ရှမ်းပြည်နယ်အတွက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်၊ ပိုမိုထိရောက် အောင်မြင်အောင်ချမှတ်ထားတဲ့ မျှော်မှန်းချက်၊ ရည်မှန်းချက်၊ မူဝါဒတွေနဲ့အတူ အားထည့်လုပ်ဆောင်ကြပါလို့ ကျွန်တော်တိုက်တွန်းတာပါ။ ကျွန်တော့်အနေနဲ့ ဒီအဆိုက ယေဘုယျတိုက်တွန်းတဲ့အဆိုမျိုးသာ ဖြစ်တဲ့အတွက်ကြောင့် တိတိ ကျကျရေးထားတာလည်းမရှိဘူး။ ကျွန်တော့်အနေနဲ့ အစိုးရကို တိုက်တွန်းပေးဖို့ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမှာ တာဝန်ရှိသည်နှင့်အညီ လွှတ်တော်ရဲ့ဆန္ဒကိုခံယူလိုပါတယ်။ အားလုံးကို လေးစားပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင်က ဒီအဆိုကို

မှတ်တမ်းတင်သင့်ကြောင်း ပြန်လည်ဆွေးနွေးသွားပါတယ်။

အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ ၎င်းအဆိုကို အတည်ပြုနိုင်ရေးအတွက် လွှတ်တော်ရဲ့ ဆန္ဒခံယူလိုကြောင်းတင်ပြလာပါတယ်။ ဒါကြောင့် ၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၇၊ နည်းဥပဒေခွဲ (က)အရ အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များရဲ့များရာ ဆန္ဒမဲဖြင့်သာ ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ အစည်းအဝေးတက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ယခုအဆိုကို အတည်ပြုရန် သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ်များ မိမိနေရာ၌ မတ်တတ်ရပ်၍ ဆန္ဒပြုစေလိုပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)။** ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ တင်ပြချင်ပါတယ်။ နေ့ခင်းပိုင်းမှာ (၁) ယောက် ပျက်ကွက်ပါတယ်။

**ဥက္ကဋ္ဌ။** အတည်ပြုရန် သဘောတူသည့် ကိုယ်စားလှယ် ကတော့ (၇၆)ဦး ဖြစ်ပါတယ်။ ဒီကနေ့ အစည်းအဝေး တက်ရောက်သည့် ကိုယ်စားလှယ်မှာ (၁၂၅) ဦး၊ ညနေပိုင်းမှာ ပျက်ကွက်သူ(၁)ဦးရှိပြီးတော့ (၁၂၄)ဦးကဆန္ဒပြုရမှာ ဖြစ်ပါတယ်။ (၁၂၄)ဦးထဲက သဘောတူတဲ့ ကိုယ်စားလှယ်က



D/real(wide) (2



ရှာကြံပြီးတော့ ဒီထက်ပိုမိုထိရောက်စွာ ဆောင်ရွက်ပေးဖို့ တိုက်တွန်းတဲ့အဆိုသာဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခုဆိုလျှင် လွှတ်တော်ထဲမှာ ကျွန်တော်တို့ (၁)နှစ်ကျော် တွေ့ကြုံ လာခဲ့ရပါပြီ။ ရန်ကုန်တိုင်းဒေသကြီးအစိုးရက သိန်း(၆၀၀)တန် ကား အသစ်တွေကို ထောင်နဲ့ချီပြီးတော့သူရဲ့ လုပ်ပိုင်ခွင့်အဖြစ် ဖန်တီးပြီး ရန်ကုန်တိုင်းကို တင်သွင်းလာပါတယ်။ ကျွန်တော်တို့ အိမ်သုံးမီတာကို တင်ဒါခေါ် ယူလုပ်ပါဆိုတာတောင်မှ အဆင်မပြေပါဘူး။ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ကျောက်စိမ်းတူးဖော်ရေးနှင့် ပတ်သက်ပြီးတော့ သဘာဝပတ်ဝန်းကျင် ထိခိုက်တာကို ပြန်လည် စိစစ်ပါမယ်လို့ ပြောခဲ့ပါတယ်။ ကျွန်တော်တို့ ပြည်နယ်မှာကတော့ ကျောက်မီးသွေးတောင်မှ ပြည်ထောင်စုနဲ့ဆိုင်ပါတယ်။ ဒါကိုပြောပြချင်တာပါ။ အခုက အစိုးရကလည်းဘဲ လုပ်ပိုင်ခွင့်များနဲ့ ပတ်သက်ပြီးတော့ Decentralizationကို စလုပ်နေပါပြီ။ ပြဋ္ဌာန်းထားတဲ့ ဥပဒေအရဆိုလည်း ရယူကျင့်သုံးလို့ရပါတယ်။ မပြဋ္ဌာန်းတဲ့ ဥပဒေဘောင် ညှိနှိုင်းဆောင်ရွက်ပြီးတော့ ကိုယ့်ရဲ့လုပ်ပိုင်ခွင့် ဖန်တီးပြီး ဆောင်ရွက်ပေးလို့ရတယ်။ ဒါကို ကျွန်တော် မီးမောင်းထိုးပြချင်ပါတယ်။ ကျွန်တော့် ရည်ရွယ်ချက်ကတော့ အစိုးရအနေနဲ့ တာဝန်ရှိသည်နှင့်အညီ ဒီပြည်နယ်ဖွံ့ဖြိုးတိုးတက်ဖို့ ပိုမိုအားထည့်ပြီးတော့ ဆောင်ရွက်ပေးဖို့ ယေဘုယျဆန်ဆန် တိုက်တွန်းခြင်းဖြစ်ပါတယ်။ ဒီလိုမျိုးတိုက်တွန်းထားတဲ့ အဆိုကို မှတ်တမ်းတင်ပေးပါဆိုလို့ရှိရင် ကိုယ်စားလှယ်များအားလုံး စဉ်းစားဖို့လိုပါလိမ့်မယ်။

(၇၆)ဦး၊ သဘောမတူတဲ့ ကိုယ်စားလှယ်က (၄၈)ဦးဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကို အတည်ပြုရန် သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ်များဟာ အစည်းအဝေးတက်ရောက်သည့် ကိုယ်စားလှယ်ဦးရေ၏ ထက်ဝက်ထက်များသည့်အတွက် အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်ရေးနှင့်လျှပ်စစ်ရေးရာကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ရပိုင်ခွင့် လျာထားချက်များနှင့် စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းခြင်း။

**ဥက္ကဋ္ဌ။** ယခုအစီအစဉ် (၁၀) ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်လျာထားချက်များကို ဖတ်ကြား ရှင်းလင်းပေးပါရန် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌအား ဖိတ်ခေါ်ပါတယ်။



D/real(wide) (2



**ကော်မတီ၏ တာဝန်**

ကော်မတီသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့်စပ်လျဉ်း၍-

(၁) သဘာဝသယံဇာတပစ္စည်းများကို စနစ်တကျ ထုတ်ယူသုံးစွဲနိုင်ရေးကို အားပေးကူညီရမည်။

(၂) ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒနှင့် လုပ်ငန်းစဉ်များအား ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေးပေါင်းစပ်ဆောင်ရွက်ရမည်။

(၃) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးတို့အတွက်လည်းကောင်း၊ပတ်ဝန်းကျင် ညစ်ညမ်းမှုမဖြစ်စေရေးကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် လျော့နည်းပပျောက်ရေးတို့အတွက် လည်းကောင်း၊အစီအစဉ်များချမှတ်ခြင်း၊ ဆောင်ရွက်ခြင်းနှင့်စစ်ဆေးကြပ်မတ်ရမည်။

(၄) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိအမြင်ပြန့်ပွားရေးအတွက်ပညာပေးရေး အစီအစဉ်များကို အများပြည်သူတို့သိရှိပြီး ပူးပေါင်းပါဝင်မှု ပိုမိုတိုးတက်လာစေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(၅) သက်ဆိုင်ရာ အစိုးရဌာနများ၊ အဖွဲ့အစည်းများသို့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာသင့်တော်

သည့်အကြံပြုချက်များနှင့် တိုက်တွန်းချက်များ ပေးပို့နိုင်ရေးဆောင်ရွက်ရမည်။

(၆) နိုင်ငံတော်၏ သယံဇာတအရင်းအမြစ်များကို ကာကွယ်ထိန်းသိမ်းရန်၊ ထုတ်ယူသုံးစွဲရန်နှင့် ဖွံ့ဖြိုးတိုးတက်မှု လမ်းညွှန်များကို ဟန်ချက်ညီညီ သဟဇာတရှိရှိဖြစ်စေရေးဆောင်ရွက်ရမည်။

ကော်မတီသည် လျှပ်စစ်နှင့်စပ်လျဉ်း၍-

(၁) နိုင်ငံတော်အစိုးရ၏ မူဝါဒများနှင့်အညီ လျှပ်စစ်ဆိုင်ရာကိစ္စရပ်များကို စနစ်တကျသုံးစွဲခြင်းဖြင့် လျှပ်စစ်ဓါတ်အားကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရမည်။

(၂) လျှပ်စစ်ဓါတ်အားသုံးစွဲသူများသည် စံချိန်စံညွှန်းနှင့်ကိုက်ညီသော ဗို့အားနှင့် ကြိမ်နှုန်းရှိသည့် လျှပ်စစ်ဓါတ်အားကို အသုံးပြုခွင့်ရရှိစေရန်နှင့် စံချိန်စံညွှန်းမကိုက်ညီသော လျှပ်စစ်ဓါတ်အားကြောင့် သုံးစွဲသူများ၏ လျှပ်စစ်ပစ္စည်းများ ပျက်စီးဆုံးရှုံးရခြင်းမှ အကာအကွယ်ပေးနိုင်ရေးဆောင်ရွက်ရမည်။

(၃) လျှပ်စစ်ဓါတ်အားစနစ်ဖွံ့ဖြိုးမှုစံမီရေး ဆောင်ရွက်ရာတွင် ကျေးလက်ဒေသမီးလင်းရေး လုပ်ငန်းများဆောင်ရွက်သည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့်



D/real(wide) (2



**ဦးစဝ်အောင်မြတ်(ခ)ဦးအောင်မြတ်၊ ဒုတိယဥက္ကဋ္ဌ။**

အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာ အပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်(ခ) ဦးအောင်မြတ် ဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (တတိယနေ့) ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လျှပ်စစ်ရေးရာကော်မတီမှာ ထည့်သွင်းဖွဲ့စည်း မည့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီ၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏အမည်စာရင်းကို ပြည်နယ်လွှတ်တော်တို့ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါ ကော်မတီရဲ့ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်လျာထားချက်နှင့် စပ်လျဉ်းပြီး ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။

**ကော်မတီ၏ သက်တမ်း**

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် ကော်မတီဝင်များ၏ သက်တမ်း (၁)နှစ် ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

ပေါင်းစပ်ညှိနှိုင်းရမည်။

ကော်မတီသည် လုပ်ငန်းနှင့်ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့်အဖွဲ့အစည်းများ တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြားပြီး မေးမြန်းဆွေးနွေးနိုင်သည်။

ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော(သို့မဟုတ်) ပြုလုပ်သောကိစ္စကိုလည်းကောင်း၊ ကော်မတီဆွေးနွေးသော ဆွေးနွေးချက်များကိုလည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းကို ဖြန့်ဝေခြင်းမပြုရ။ ပြည်နယ်လွှတ်တော်သို့ ပေးပို့သည့်အစီရင်ခံစာ မိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်းထိန်းသိမ်းထားနိုင်ရန် လွှတ်တော်သို့ ပေးပို့ရမည်။

**ကော်မတီလုပ်ပိုင်ခွင့်**

ကော်မတီ၏ အစည်းအဝေးများကို ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၅ ပါ ပြဋ္ဌာန်းချက်များနှင့် အညီကျင်းပရမည်။

ကော်မတီ၏အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၆ ပါပြဋ္ဌာန်းချက်နှင့်အညီ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံတင်ပြရမည်။



D/real(wide) (2



ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှကင်းလွတ်ခွင့်ရှိသည်။

(၂) ကော်မတီအစည်းအဝေးများ တက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာအဖွဲ့၏ အကြီးအမှူးမှတစ်ဆင့် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(၃) ပြစ်ဒဏ်တစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့တက်ရောက်ခွင့်ရှိသည်။ အားလုံး ကျေးဇူးတင်ပါတယ်။

# ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်တို့ကို လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၁)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်သတ္တမပုံမှန်အစည်းအဝေး(တတိယနေ့)မှာတင်ပြခဲ့သော သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာကော်မတီဖွဲ့စည်းခြင်းနှင့် စပ်လျဉ်းပြီး-

| | | |
|---|---|---|
| (၁) ဦးခိုင်ညီညီကျော် | ရပ်စောက် - ၁ | ဥက္ကဋ္ဌ |
| (၂) ဦးစိုင်းလင်းမြတ် | မိုင်းရှူး - ၁ | အတွင်းရေးမှူး |
| (၃) ဦးခွန်လှသိန်း | ဆီဆိုင် - ၁ | အဖွဲ့ဝင် |
| (၄) ဦးအားမဲ | မိုင်းခတ် - ၂ | အဖွဲ့ဝင် |
| (၅)ဗိုလ်မှူးဇော်လင်းထွေး | ကြည်း- ၃၀၀၈၉ တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |

တို့ဖြင့်ဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်တို့ကို လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။



D/real(wide) (2



ကော်မတီဝင်များသည်-

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့်ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

(၂) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် ခိုင်လုံသောအကျိုးအကြောင်းဖော်ပြလျက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီ၏ ရပိုင်ခွင့်**

ကော်မတီဝင်များသည် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် အားလျော်စွာကော်မတီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်ဖြစ်စေ၊ အစည်းအဝေးတက်ရောက်ရန်ဖြစ်စေ၊ ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ တာဝန်အရ ခရီးသွားရာ၌လည်းကောင်း၊ ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်ကသတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

ကော်မတီဝင်များသည်-

(၁) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး (သို့မဟုတ်)

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်မှ သဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူသည့်အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်တို့ကို အတည်ပြုကြောင်း ကြေညာပါတယ်။

## ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်က ရှမ်းပြည်နယ်လွှတ်တော်ရုံး၏ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၂)ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ရုံး၏ အုပ်ချုပ်မှုနှင့်စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြပေးပါရန် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌအား ဖိတ်ခေါ်ပါတယ်။

**ဦးစဝ်အောင်မြတ်(ခ)ဦးအောင်မြတ်၊ ဒုတိယဥက္ကဋ္ဌ။** အားလုံးဘဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်တို့ ဒီကနေ့ ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်လွှတ်တော်





ရုံးအသီးသီး၏ စီမံအုပ်ချုပ်မှုလုပ်ငန်းများကို နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် ရုံးအသီးသီး၏ ဝန်ထမ်းများခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်း အပါအဝင် ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် အခြားသောအုပ်ချုပ်မှု ဆိုင်ရာဆုံးဖြတ်ဆောင်ရွက်နိုင်ရန် ကိစ္စများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအသီးသီးထံ လုပ်ပိုင်ခွင့်အပ်နှင်းထားပါတယ်။ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ(၁၇)ရက်နေ့ နေပြည်တော် ပြည်ထောင်စုလွှတ်တော်ရုံး၊ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမမှာ ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ MPU အစည်းအဝေး (၁/၂၀၁၇) အစည်းအဝေးမှတ်တမ်း၊ ဆုံးဖြတ်ချက် အပိုဒ် ၁၄ (ခ) မှာ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ရုံးများ၏ အုပ်ချုပ်မှု နှင့်စီမံခန့်ခွဲမှုဆိုင်ရာများ ဆောင်ရွက်ရန်အတွက် လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့ကို လွှတ်တော် ဒုတိယဥက္ကဋ္ဌဦးစီး၍ ဖွဲ့စည်းဆောင်ရွက်ရန်နှင့် သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌ၏ အတည်ပြုချက်ရယူဆောင်ရွက်ရန်ဆုံးဖြတ်ထားပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ရဲ့ အုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့ကို (၅. ၇. ၂၀၁၇) ရက်စွဲပါအမိန့် ကြော်ငြာစာ (၇/၂၀၁၇)ဖြင့် ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။ တစ်ဆက်တည်းမှာဘဲ ရှမ်းပြည်နယ်လွှတ်တော်ရုံး၏(၁. ၄. ၂၀၁၇) ရက်စွဲပါအမိန့်ကြော်ငြာစာ (၁/၂၀၁၇)အရ ရှမ်းပြည်နယ် လွှတ်တော်ရုံးအရာထမ်း(၁၈)ဦး၊ အမှုထမ်း(၁၀၆)ဦး၊ စုစုပေါင်း

(၁၂၄) ဦးနှင့် အတည်ပြု ဖွဲ့စည်းထားပြီး ဖြစ်ပါတယ်။ သုံးပုံနှစ်ပုံခွင့်ပြု အင်အားအရ (၈၂)ဦးခန့်ထားရန် ဖြစ်သော်လည်း လက်ရှိခန့်ထား (၃၀)ဦးနှင့် လစ်လပ်(၅၂)ဦးဖြစ်ပါတယ်။ ဖွဲ့စည်းပုံအတိုင်း ပြည့်မီအောင်ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းတင်ပြအပ်ပါတယ်။ အရာထမ်း(၁)ဦးနှင့် အမှုထမ်း(၂၉)ဦး၊ လက်ရှိ(၃၀)ဦးသာ တရားဝင်ဖွဲ့စည်း ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ရုံး အရာထမ်းအဆင့်၊ အမှုထမ်းအဆင့် ရာထူးအဆင့်လိုက်တပ်ဆင်ရ မည့်ရင်ထိုးတံဆိပ်တွေ ဖြစ်ပါတယ်။ ဒုတိယညွှန်ကြားရေးမှူးချုပ်က ရုံးဝန်ထမ်းအကြီးအမှူးဖြစ်ပြီး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး တံဆိပ်ရင်ထိုးညာဘက်မှာ ကြယ်ပွင့်အကြီးတစ်ခုနှင့် အသေးတစ်ခုဖြစ်ပါတယ်။ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးစီးအရာရှိ၊ ဒုတိယဦးစီးမှူးစသည်ဖြင့် ဘယ်ဘက်တွင် ရှမ်းပြည်နယ်လွှတ်တော်ရုံးရဲ့ တံဆိပ်ရင်ထိုးရှိ ကြယ်ပွင့်အရေအတွက်ဟာ ရာထူးအဆင့်အတန်းတွေကို အလွယ်တကူ သိရှိနိုင်အောင် သတ်မှတ်ပြီး ဖော်ပြပေးထားတဲ့ ရင်ထိုးတံဆိပ်များ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ရုံးမှာ ဌာနခွဲ(၂)ခု၊ ဌာနစု(၁၀)ခုဖွဲ့စည်းပြီးရုံးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ဌာနခွဲ(၁)ကတော့ လွှတ်တော်အစည်းအဝေး၊ ရေးရာကော်မတီ၊ ဥပဒေ၊ အဆို၊ မေးခွန်းစတဲ့ ဌာနစုတွေပါဝင်ပြီး၊ ဌာနခွဲ(၂)မှာတော့ စီမံရေးရာ၊ ဘဏ္ဍာရေးနှင့် အုပ်ချုပ်ထောက်ပံ့၊ ဥက္ကဋ္ဌ





ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်ဥပဒေချုပ်ပြည်နယ်စာရင်းစစ်ချုပ်နှင့်တက်ရောက်လာကြသူများအားလုံး ကာယသုခ၊ စိတ္တသုခ၊ နှစ်ဖြာသောသုခနှင့်ပြည့်စုံပြီး နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးစီးပွားသာမက လူမျိုး၊ဘာသာသာသနာ အကျိုးကို ရွက်ဆောင်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်ရုံးရဲ့ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များဖြစ်တဲ့ ဝန်ထမ်းဖွဲ့စည်းပုံ၊ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ကဏ္ဍ(၃)ရပ်ဖြင့် (၁၀)မိနစ်ခန့် ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ကျွန်တော်တို့ လွှတ်တော်ရုံးဆိုတာ၂၀၁၃ခုနှစ်၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂(ည)မှာ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်၏ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စအဝဝတို့ကို ဆောင်ရွက်ရန် ဖွဲ့စည်းထားသောရုံးကိုဆိုလိုသည်ဟု ပြဋ္ဌာန်းထားကြောင်းတွေ့ရမှာဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်ရုံးရဲ့ (၂၆.၅.၂၀၁၇) ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်- ၃၆/၂၀၁၇ဖြင့် ပြည်ထောင်စုလွှတ်တော်နာယကသည် ပြည်ထောင်စုလွှတ်တော်ရုံး၏ ဖွဲ့စည်းပုံအပါအဝင် ဖွဲ့စည်းထားသော တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်

ရုံးခန်း၊ ဒုတိယဥက္ကဋ္ဌရုံးခန်း၊ တိုင်စာ၊ အသနားခံစာနှင့် တင်ပြစာများ၊ စာကြည့်တိုက်၊ မော်ကွန်းတိုက်နှင့် သုတေသနစတဲ့ဌာနတွေ ပါဝင်မှာဖြစ်ပါတယ်။ လွှတ်တော်ရုံး ဝန်ထမ်းအရည်အသွေးမြင့်မား စေရေးအတွက်လည်း ဖော်ပြပါအတိုင်း လေ့ကျင့်ပေးလျက်ရှိ ပါတယ်။ လွှတ်တော်ရုံးဝန်ထမ်း အရည်အသွေးမြင့်မားစေရေးနှင့် ပတ်သက်ပြီး တင်ပြပါအတိုင်း မိမိတို့ သက်ဆိုင်သည့် ရုံးလုပ်ငန်း တွေ ကျွမ်းကျင်မှုရှိစေရန် လေ့လာဆောင်ရွက်ခြင်းမှစပြီး လွှတ်တော် သတင်းအချက်အလက်များ၊ စီမံခန့်ခွဲမှု ပိုမိုတိုးတက်လာစေရေး၊ လွှတ်တော်ရုံးဝန်ထမ်းများအတွက် အချက်(၁၂)ချက်ကို အကောင် အထည်ဖော်လေ့ကျင့်သွားရမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ရုံး၏ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကိုလည်း ဆက်လက်တင်ပြ သွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်စာရင်းမှာ လုပ်ငန်း စီမံကိန်းသစ်အတွက် ကျပ်(၃၄၈၃)သန်းခွဲဝေချထားပြီး ရှမ်း ပြည်နယ်လွှတ်တော်အဆောက်အဦသစ်အတွက်ကျပ်(၂၆၀၀)သန်း၊ (၄)ခန်းတွဲ (၄)ထပ်၊အမှုထမ်းဝန်ထမ်းအိမ်ရာ (၂)လုံးအတွက်ကျပ် (၇၆၀)သန်း၊ Land scaping/ Fencing/ လမ်း/ ရုံးဆိုင်းဘုတ်အတွက် ကျပ်(၁၂၃)သန်းဖြင့်လည်းကောင်း၊ စက်ကိရိယာ တန်ဆာပလာ ပစ္စည်းများကျပ်(၁၂၀)သန်းဖြင့်လည်းကောင်း၊ စုစုပေါင်း





ငွေကျပ်သန်းပေါင်း(၃၆၀၀)ကို ခွဲဝေချထားပေးခဲ့ပါတယ်။ ရှမ်း ပြည်နယ်၏ မြို့နယ်ဖွဲ့စည်းမှု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသများ၊ တည်ရှိမှုသည် အခြားပြည်နယ်/ တိုင်းဒေသကြီးများထက် ကိုယ်စားလှယ် ဦးရေများပြားသည့် အတွက် ကိုယ်စားလှယ်ဦးရေ(၁၆၀)အထိ ဝင်ဆံ့နိုင်မည့် (၁၈၀×၁၆၀)ပေအရွယ်ရှိ လွှတ်တော်အဆောက်အဦကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း ဆောက်လုပ်လျက်ရှိပါတယ်။ (၂၅. ၁၀. ၂၀၁၆)ရက်နေ့မှာ ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော် ရုံးအဆောက်အဦ ဆောက်လုပ်ရန်အတွက် အပြီးသတ်ကုမ္ပဏီအဖြစ် MKT Construction ကို ကြေညာနိုင်ခဲ့ပါတယ်။ (၁၀. ၁၁. ၂၀၁၆) ရက်နေ့တွင် MKT Construction နှင့် လုပ်ငန်းအပ်နှံ စာချုပ်ချုပ် ဆိုပြီး လုပ်ငန်းများအားစတင် အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိပါတယ်။ (၄. ၁၂. ၂၀၁၆)ရက်နေ့မှာ ရှမ်းပြည်နယ် လွှတ်တော် အဆောက်အဦပန္နက်တော် တင်မင်္ဂလာအခမ်းအနား ကျင်းပပြုလုပ်နိုင်ခဲ့ပါတယ်။ (၅. ၁၂. ၂၀၁၆)ရက်နေ့မှာ ရှမ်းပြည်နယ်လွှတ်တော်အဆောက်အဦ တည်ဆောက်ရာမှာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာနက ရေးဆွဲပေးထားသည့်တည်ဆောက်ရေး ဆိုင်ရာ Drawing BP/ BQ, Estimateများနှင့်သုံးစွဲရန်သတ်မှတ်ထားသည့် ပစ္စည်းများ၏ စံချိန်စံညွှန်းသတ်မှတ်ချက်များအတိုင်း စနစ်တကျတည်ဆောက်မှု

ရှိစေရန် တည်ဆောက်ရေးလုပ်ငန်းဦးစီးကော်မတီကို ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ခံများပါဝင်သောအဖွဲ့ဝင်(၁၂)ဦး ဖြင့်လည်းကောင်း၊ အရည်အသွေးစစ်ဆေးရေးကော်မတီကို ရှမ်း ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ခံများ ပါဝင်သော အဖွဲ့ဝင် (၁၀)ဦးဖြင့်လည်းကောင်း ဖွဲ့စည်းတာဝန်ပေး အပ်ခဲ့ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်အဆောက်အဦ တည်ဆောက်သည့် နေရာမှာသတ်မှတ်ထားသည့် စံချိန်စံညွှန်းများ အတိုင်းစနစ်တကျတည်ဆောက်မှုရှိစေရေးအတွက် အရည်အသွေး စစ်ဆေးရေးလုပ်ငန်းဆောင်ရွက်နိုင်ရန်လည်း Consultant Team အဖြစ်မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(ရှမ်းပြည်နယ်)ကို စီမံကိန်း တန်ဖိုး၏(၁. ၅%)ဖြစ်သည့်ငွေကျပ်(၅၉၆)သိန်းဖြင့်(၁၉. ၁၂. ၂၀၁၆) ရက်နေ့တွင် သဘောတူစာချုပ်ချုပ်ဆိုပြီး ငှားရမ်းဆောင်ရွက်နေပါ တယ်။ ရှမ်းပြည်နယ်လွှတ်တော်အဆောက်အဦတည်ဆောက်ရာ မှာမူလမြေပြင် Natural Ground Level ကွာခြားမှုရှိတဲ့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ အင်ဂျင် နီယာချုပ်ဦးဆောင်သောအဖွဲ့မှ(၁၄. ၁၂. ၂၀၁၆)ရက်နေ့မှာစီမံကိန်း နေရာသို့ မြေပြင်ကွင်းဆင်းစစ်ဆေးချက်အရတည်ဆောက်မည့် မြေ နေရာ၏အရှေ့ဘက်အခြမ်းနှင့် အနောက်ဘက်အခြမ်းတို့၏ မူလ မြေပြင်သည် နိမ့်မြင့် (၁၅)ပေခန့်ကွာခြားနေတာဖြစ်တဲ့အတွက် ရှမ်း ပြည်နယ်လွှတ်တော်အဆောက်အဦတည်ဆောက်ရေးလုပ်ငန်းဦးစီး

ကန့်သတ်

D/real(wide) (2



ကျပ်(၃၆၀၃)သန်း ဖြင့်လုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်။ ရှမ်းပြည်နယ် လွှတ်တော်ရုံး၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေစာရင်းမှာ သာမန်အသုံးစရိတ်ကျပ်(၁၀၀၇. ၈၀၇)သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ်မှာ ကျပ်(၃၉၇၁. ၂၂၅)သန်းဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ရုံး၏၂၀၁၇-၂၀၁၈ခု၊ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်း အသုံးစာရင်းမှာ တိုးချဲ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဖြစ်တဲ့ ရှမ်းပြည်နယ်လွှတ်တော်အဆောက်အဦသစ်အတွက်ကျပ်(၁၅၄၅. ၂၀၀)သန်း၊ ရှမ်းပြည်နယ်လွှတ်တော်ဧည့်ရိပ်သာအတွက် ကျပ်(၆၆၅)သန်း၊(၄)ခန်းတွဲ(၄)ထပ်၊အရာထမ်းဝန်ထမ်းအိမ်ရာ(၁)လုံးအတွက်ကျပ်(၄၀၀)သန်း၊ ကားဂိုဒေါင်(၁၈၀×၁၈)ပေအတွက်ကျပ်(၁၂)သန်း၊စက်ကိရိယာတန်ဆာပလာပစ္စည်းများအတွက်ကျပ်(၂၈၆. ၅၉၅)သန်း၊ရုံးသုံးစက်ကိရိယာနှင့်ပရိဘောဂအတွက်ကျပ်(၁၀၅၇. ၅၃၀)သန်းနှင့်အခြား(၄. ၉၀၀)သန်း၊ စုစုပေါင်း၂၀၁၇-၂၀၁၈ခု၊ဘဏ္ဍာရေးနှစ်အတွက်ငွေလုံးငွေရင်းအသုံးစရိတ်ကိုကျပ်သန်းပေါင်း(၃၉၇၁. ၂၂၅)သန်းခွဲဝေချထားပေးခဲ့ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တစ်ဆက်တည်းမှာဘဲ ရှမ်းပြည်နယ်လွှတ်တော်တည်ဆောက်ရေးကဏ္ဍအနေဖြင့် တင်ပြရမည်ဆိုရင် ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ်လွှတ်တော်အဆောက်အဦသစ် (၁၈၀×၁၄၈)ပေတည်ဆောက်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ (၁၅. ၂. ၂၀၁၆)ရက်စွဲပါစာအမှတ်၊ ၂၀၉၃/၆-၂၁၀/အစရ(ရှမ်း)ဖြင့် ငွေလုံးငွေရင်းခေါင်းစဉ်မှ

ကန့်သတ်

ကော်မတီ၏(၁၅. ၁၂. ၂၀၁၆)ရက်နေ့တွင်ကျင်းပခဲ့သည့်အစည်းအဝေး အမှတ်စဉ် (၁/၂၀၁၆) ဆုံးဖြတ်ချက်အရ(၂၄×၁၈၀)ပေအရွယ် Basement ထည့်သွင်းတည်ဆောက်ရန်ဆုံးဖြတ်ခဲ့ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်တည်ဆောက်ရေးစီမံကိန်းအနေနဲ့ လွှတ်တော်အဟောင်းဘက်ကကြည့်မယ်ဆို(၃)ထပ်ဖြစ်ပြီး ကျန်တဲ့ဘက်ကကြည့်မယ်ဆိုလျှင် (၂)ထပ်ဖြစ်မှာ ဖြစ်ပါတယ်။ စီမံကိန်းနှင့်ပတ်သက်ပြီးတော့ MKT Construction လုပ်ငန်းရဲ့စုစည်းမှုအခြေအနေများ ကိုတင်ပြသွားမှာဖြစ်ပါတယ်။အခုချိန်မှာတော့ စီမံကိန်းတစ်ခုလုံးဟာ (၇၈. ၅%) (၂၃. ၆. ၂၀၁၇)ရက်နေ့က အတည်ပြုခဲ့ပြီး ဖြစ်ပါတယ်။သို့သော်လည်း ကျွန်တော်တို့ စက်တင်ဘာလအတွင်းမှာ အပြီးလုပ်ပေးဖို့ ကုမ္ပဏီကို တိုက်တွန်းထားတာ ဖြစ်ပါတယ်။ လုပ်ငန်း(၂၂)ခု ခွဲထားသည့် ပြီးစီးမှုရာခိုင်နှုန်းအနေနဲ့ အဆောက်အဦ လုပ်ငန်းတွေအားလုံးပြီးစီးမှုရာနှုန်းပြည့်အခြေအနေကတော့လာမည့်ဖေဖော်ဝါရီလအတွင်းမှာ ပြီးစီးနိုင်အောင် အားကြိုးမာန်တက်ဆောင်ရွက်လျက်ရှိကြောင်းတင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ရုံးဝန်ထမ်းအိမ်ရာ (၄)ခန်းတွဲ (၄)ထပ်(၂)လုံး ဆောက်လုပ်မှုအခြေအနေကို အကျဉ်းချုပ်တင်ပြသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ရုံးဝန်ထမ်းအိမ်ရာ (၄)ခန်းတွဲ (၄)ထပ်အဆောက်အဦ(၂)လုံးကို ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်မှာ ကျပ်သန်းပေါင်း(၇၆၀)နဲ့ ဆောင်ရွက်ခွင့်ရရှိခဲ့တာ





(၁. ၈. ၂၀၁၇)ရက်နေ့မှာ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီမှ ဖွင့်ဖောက်စစ်ဆေးခဲ့ပြီး တင်ဒါအောင်မြင်တဲ့ United Winner Land ကုမ္ပဏီလီမိတက်ကို ကျွန်တော်တို့က လုပ်ငန်းအပ်နှံထားတာဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော် ခန်းမကြီးမှာ ထားရှိမယ့်ပရိဘောဂနှင့် အဆောင်အယောင်ပစ္စည်းတွေအတွက် ငွေလုံးငွေရင်းရန်ပုံငွေ ကျပ်(၁၀၅၅. ၅၃၀)သန်း ခွင့်ပြုထားတာကို လွှတ်တော်ခန်းမထဲမှာထားတဲ့ LED Board တွေအပါအဝင် လေ့လာသူ လူ(၇၀)ဦးထိုင်မည့်စားပွဲထိုင်ခုံတွေအားလုံး ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ဆောင်ရွက်တဲ့ နေရာမှာစံဖွံ့ဖြိုးလုပ်ငန်းစု Co.,Ltd နဲ့ United Winner Land Co.,Ltd တို့ကို လုပ်ငန်းအပ်နှံထားပြီး ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ရုံးအုပ်ချုပ်မှုရုံး၊ အဆောက်အဦအစား ရှမ်းပြည်နယ်လွှတ်တော် ဧည့်ရိပ်သာပြောင်းလဲတည်ဆောက်ခြင်းကိစ္စ တင်ပြလိုပါတယ်။ ရှမ်းပြည်နယ် လွှတ်တော်အစည်းအဝေး ကျင်းပတဲ့အချိန်မှာ၊ လွှတ်တော်ကိုယ်စားလှယ်တွေ စွမ်းရည်မြှင့်တင်ရေးသင်တန်း၊ အလုပ်ရုံ ဆွေးနွေးပွဲများ၊ ရှမ်းပြည်နယ်ရဲ့ အခမ်းအနား၊ ကျင်းပတဲ့အချိန်များမှာ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားတဲ့အချိန် တည်းခိုနေထိုင်ရေး သက်သာသည့် နှုန်းထားဖြင့် ရရှိစေဖို့ယခင်ကလည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြည်နယ်ရဲ့ အထင်ကရပွဲတော်ရက်များနှင့်



D/real(wide) (2

တိုက်ဆိုင်နေမည်ဆိုလျှင် တည်းခိုနေထိုင်ရေး စီစဉ်ရာမှာ အခက်အခဲတွေ ကြုံတွေ့ရတဲ့အတွက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အဆင်ပြေစေရေး တည်းခိုနေနိုင်အောင် ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်လွှတ်တော် အုပ်ချုပ်မှုရုံးဆောက်လုပ်ရန် ခွဲဝေရရှိသည့် ငွေလုံးငွေရင်း ရန်ပုံငွေ ကျပ်(၆၆၅)သန်းကို အိပ်ခန်း (၅၁)ခန်းပါ ရှမ်းပြည်နယ်လွှတ်တော် ဧည့်ရိပ်သာ အဆောက်အဦ (၁၁၂×၅၄) ပေ၊ ပေါ်တီကို (၁၆) ပေ ပတ်လည်ပါဝင်သည့် (RC) (၃)ထပ်အဖြစ် ပြောင်းလဲတည်ဆောက်ရန်ခွင့်ပြုမိန့်ရရှိခဲ့ပြီး ဖြစ်ပါတယ်။ အရည်အသွေးစံချိန်စံညွှန်း ပြည့်မီစွာအချိန်မီ တည်ဆောက်နိုင်ရေးအတွက် ဆောက်လုပ်ရေး ဝန်ကြီးဌာနကို လုပ်ငန်းအပ်နှံဖို့ ပြည်ထောင်စုဝန်ကြီးသို့ (၂၀. ၇. ၂၀၁၇)ရက်နေ့မှာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကနေပြီး ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ (၁၅. ၈. ၂၀၁၇)ရက်နေ့မှာ သဘောတူညီချက်ရတဲ့အတွက် ကျပ်(၆၆၅)သန်းကိုအိပ်ခန်း(၅၁)ခန်းပါပြည်နယ်လွှတ်တော်ဧည့်ရိပ်သာ အဆောက်အဦ(RC)(၃)ထပ်အဆောက်အဦ အဖြစ်အရည်အသွေး စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီတည်ဆောက်နိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့(၁၁)၊ တောင်ကြီးမှ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အခန်းကို (၂၄)ပေ အလျားနဲ့ အနံ(၁၂)ပေရှိမှာ ဖြစ်ပါတယ်။ တစ်ခန်းကို(၂)ဦး တည်းခိုနိုင်အောင်နဲ့ ဧရိယာ


D/real(wide) (2



ဖြစ်ပါတယ်။ (၄)ခန်းတွဲ (၄)ထပ် အဆောက်အဦ (၂)လုံးကိုလည်း ဘဏ္ဍာရေးဆိုင်ရာ ခွင့်ပြုမှုများဖြင့် ဆောင်ရွက် နေတာ ဖြစ်ပါတယ်။ ထပ်ထိုးလုပ်ငန်း ဖြစ်တဲ့ Extra Work ကိုတော့ အကြမ်းဖျင်း အုတ်တံတိုင်း၊ တံတား တွေအတွက်ကို ကျပ်(၃၈)သန်း ကျခံပြီးတော့မှ အဆောက်အဦ (၁)လုံးကိုကျပ်(၃၆၁)သန်း (၄)ခန်းတွဲ (၄)ထပ်(၁)လုံး၊ တစ်ခန်းကို (၈၇၈) စတုရန်းပေရှိပြီးတော့ (၄)ခန်းတွဲ (၄)ထပ် ဝန်ထမ်းအိမ်ရာသည် ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့မှာ စတင်စာချုပ်ချုပ်ဆို ဆောင်ရွက်လျက်ရှိတာ ဖြစ်ပါတယ်။ စီမံကိန်းတန်ဖိုး ကျပ်သန်းပေါင်း(၇၂၂)ဖြင့် တစ်ခန်းလျှင်(၈၇၈) စတုရန်းပေရှိပါတယ်။ ဝရန်တာ(၂)ခုနဲ့ အိပ်ခန်း(၃)ခန်းပါဝင်မှာ ဖြစ်ပါတယ်။ တိုက်တစ်လုံးမှာတော့ အခန်းပေါင်း (၁၆)ခန်းပါမှာ ဖြစ်ပါတယ်။ ကျွန်တော် တင်ပြလိုတာက ဝန်ထမ်းတစ်ဦးကို တစ်လှာတစ်ခန်းရမှာ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ရုံး အရာထမ်း ဝန်ထမ်း (၄)ခန်းတွဲ (၄)ထပ် (၁)လုံး ထပ်မံဆောက်လုပ်ဖို့ရှိပါတယ်။ ၂၀၁၈ ဘဏ္ဍာရေးနှစ်မှာရှမ်းပြည်နယ်လွှတ်တော်ရုံးအရာထမ်းအိမ်ရာ အတွက် ကျပ်သန်း (၄၀၀)ခွင့်ပြု ထားတာဖြစ်ပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ တင်ဒါခေါ်ယူရေးဆိုင်ရာလုပ်ငန်းအနေနဲ့ လုပ်ထုံး လုပ်နည်းနှင့်အညီ ကော်မတီ(၃)ခုဖွဲ့စည်းပြီး (၁၄. ၅. ၂၀၁၇) ရက်နေ့မှာ မြန်မာ့အလင်းသတင်းစာမှာ တင်ဒါခေါ်ယူခဲ့တာ ဖြစ်ပါတယ်။လျှောက်လွှာ ဝယ်ယူသူ (၂၅)ဦးအနက် ကုမ္ပဏီ(၉)ခုရဲ့ Profile (စာအိတ်B )နှင့် ဈေးနှုန်း Profile (စာအိတ် A)များအား

အကျယ်အဝန်း (၂၈၈) စတုရန်းပေရှိမှာ ဖြစ်ပါတယ်။ အိမ်သာ၊ ရေချိုးခန်းအကုန်ပါမှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ဧည့်ရိပ်သာ တည်ဆောက်မည့်နေရာမှာ လက်ရှိပါလီမန်မျက်နှာစာ ပါရှိမှာဖြစ်ပါတယ်။ ထင်းရှူးပင်တွေလွတ်အောင် သတိထားပြီး ဆောင်ရွက်တာဖြစ်တဲ့အတွက်လွှတ်တော်ဧည့်ရိပ်သာအနေနဲ့ (၁၁၂ × ၅၆)ပေအတွင်းမှာ ရအောင်တည်ဆောက်သွားရမှာ ဖြစ်ပါတယ်။ အဆောက်အဦရဲ့ Future Tentative Structure Drawing Design ဖြစ်ပါတယ်။ တင်ပြတဲ့မူကြမ်းဖြစ်ပါတယ်။ ဒီထက် ပိုကောင်းတဲ့ပုံဖြစ်အောင် ကျွန်တော်တို့ ကြိုးစားပြီးဆောင်ရွက် သွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနဲ့အညီ ပွင့်လင်းမြင်သာစွာ တာဝန်ယူ တာဝန်ခံပြီး အဂတိတရားကင်းရှင်းစွာဖြင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင်ပြီး မိမိတို့ နိုင်ငံတွင် ဒီမိုကရေစီ အခွင့်အလမ်းများ ပွင့်လန်းလာစေရန်၊ နိုင်ငံသားများရဲ့ အခြေခံလူ့အခွင့်အရေးများ ပိုမိုရရှိလာစေဖို့အတွက် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းအား ထုတ်ထမ်းဆောင်မည်ဖြစ်ပါကြောင်း လေးနက်တည်ကြည်စွာ



D/real(wide) (2



ကော်မတီရဲ့ နှစ်ပတ်လည်အစီရင်ခံစာကို လွှတ်တော်သို့ တင်သွင်း သွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်သည် ကျန်းမာရေးနှင့် ပညာရေးမြှင့်တင်မှုကော်မတီကို ၂၀၁၆ ခုနှစ်၊ မတ်လ (၂၅)ရက် နေ့တွင် အဖွဲ့ဝင်(၇)ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည်။ အဖွဲ့ဝင်(၂)ဦးမှာအစိုးရအဖွဲ့ဝင်ဝန်ကြီးများအဖြစ်ခန့်အပ်ခြင်းခံခဲ့ရသော ကြောင့် ၂၀၁၆ခုနှစ်၊ ဇူလိုင်လ ၁၄ရက်နေ့တွင် ကော်မတီဝင်များကို အစားထိုး ပြင်ဆင်ဖွဲ့စည်းနိုင်ခဲ့ပါသည်။ ကျန်းမာရေးနှင့် ပညာရေးမြှင့်တင်မှုကော်မတီ အစည်းအဝေးကို (၄)ကြိမ်ကျင်းပ နိုင်ခဲ့ပြီး လွိုင်လင်ခရိုင်၊ မိုင်းကိုင် မြို့နယ်သို့ (၂၀. ၁. ၂၀၁၇) ရက်နေ့မှ (၂၅. ၁. ၂၀၁၇) ရက်နေ့အထိ (၆)ရက်တိုင်တိုင် ပြည်သူတို့၏ လိုအပ်ချက်များကို ကွင်းဆင်းစိစစ်ခဲ့ပါသည်။ ကွင်းဆင်းစိစစ်တွေ့ရှိချက် အစီရင်ခံစာကို လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခဲ့ပြီး လွှတ်တော်မှ တစ်ဆင့် ရှမ်းပြည်နယ်အစိုးရ အဖွဲ့သို့ ပေးပို့ခဲ့ပါသည်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ပြန်လည်ပေးပို့လာသည့်အတွက် ကျွန်မတို့၏ ရေးရာကော်မတီအနေဖြင့် အထူးကျေးဇူးတင်ရှိပါသည်။ ရှေ့လုပ်ငန်းစဉ်အဖြစ် လင်းခေးခရိုင်၊ မိုးနဲမြို့သို့ ကွင်းဆင်းရန်စီစဉ် ထားရှိပါသည်။ ပွင့်လင်းရာသီရောက်ပါက စီမံချက်ဆွဲပြီး လွှတ်တော် ဥက္ကဋ္ဌထံဆက်လက် တင်ပြတောင်းခံ သွားမည်ဖြစ်ပါ သည်။ ကျန်းမာရေးနှင့် ပညာရေးမြှင့်တင်မှုကော်မတီအနေဖြင့် တတ်စွမ်းသမျှ ဆောင်ရွက်ခဲ့ပြီး ရှေ့လုပ်ငန်းစဉ်များတွင်လည်း

ပြည်သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ဖို့ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသ၍ အားသွန်ခွန်စိုက် ဆက်လက် ကြိုးပမ်းသွားမည် ဖြစ်ပါသည်။ ရှေ့လုပ်ငန်းစဉ်များ တွင်လည်းအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ရုံးအကြီးအမှူးတို့ ကလည်း ဆက်လက်ကူညီပံ့ပိုးပေးပါရန် အထူးတိုက်တွန်းလိုပါသည်။ ကျန်းမာရေးနှင့် ပညာရေး မြှင့်တင်မှုကော်မတီအနေဖြင့် အကြံပြုဆွေးနွေးတင်ပြလိုသည်မှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ရှမ်းပြည်နယ်ဥပဒေပြုခွင့်ရှိသည့် ဇယား (၂)နှင့် ဇယား(၅)တွင် အများပြည်သူ၏ အကျိုးစီးပွားကို ဖြစ်ထွန်းစေရန်နှင့် ကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ နည်းဥပဒေသစ်များ ပေါ်ထွန်းလာရေးအတွက် တတ်ကျွမ်းနားလည်သည့် ဥပဒေပညာရှင်များကို ဖိတ်ခေါ်ပြီးရေးဆွဲရန်၊ ပြည်သူတို့မှ အရေးတကြီးဖြင့် တိုင်ကြားလာသည့် တိုင်ကြားစာများကို မြန်မြန်နှင့်မှန်မှန် ဆောင်ရွက်ရန် လိုအပ်လျက်ရှိခြင်း၊ လွှတ်တော် ကိုယ်စားလှယ်များ အရည်အသွေးမြင့်မားစေရန် ပြည်ပသို့လေ့လာရေးခရီး စေလွှတ်ခြင်းနှင့် သင်တန်းများတက်ရောက်နိုင်ရန် စီစဉ်ပေးခြင်းတို့ကို ဆွေးနွေးတင်ပြပြီး ကျန်းမာရေးနှင့် ပညာရေးမြှင့်တင်မှု ကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာကို လွှတ်တော်သို့ တင်သွင်းခြင်းနိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။





ကတိပြုရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

## ရှမ်းပြည်နယ်လွှတ်တော် ကျန်းမာရေးနှင့် ပညာရေးမြှင့်တင်မှု ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ကျန်းမာရေးနှင့်ပညာရေး မြှင့်တင်မှုကော်မတီ၏အစီရင်ခံစာကို လွှတ်တော်ကို ပေးပို့လာပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်၊ ကျန်းမာရေးနှင့် ပညာရေးမြှင့်တင်မှု ကော်မတီမှ ရှင်းလင်းဖတ်ကြားပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းခင်ထားရီ၊ ကျန်းမာရေးနှင့်ပညာရေးမြှင့်တင်မှုကော်မတီအဖွဲ့ဝင် ။** လေးစားအပ်ပါသော ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော နေ့တစ်နေ့ ဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်မကတော့ ကျန်းမာရေးနှင့် ပညာရေး မြှင့်တင်မှုကော်မတီအဖွဲ့ဝင် တစ်ဦး ဖြစ်ပါတယ်။ ကျွန်မက ကျန်းမာရေးနှင့် ပညာရေးမြှင့်တင်မှု

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်သတ္တမပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင်လွှတ်တော်လုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး(စတုတ္ထနေ့)မှာ ရှမ်းပြည်နယ်လွှတ်တော် ကျန်းမာရေးနှင့် ပညာရေးမြှင့်တင်မှုကော်မတီမှ တင်ပြသည့် အစီရင်ခံစာ အား ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၈ (စ) အရ ပြည်နယ်လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

အမှန်ကတော့ ဒီကနေ့ ကျွန်တော် အစီအစဉ်ကို (၁၄၀၀) နာရီမှာပြီးဖို့ မျှော်မှန်းထားသော်လည်းဘဲ အခု (၁၅း၃၀)ရှိပါပြီ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေးကြီးဟာ မကြာမီ ကျင်းပပြီးစီးတော့မှာ ဖြစ်ပါတယ်။ ဒီအစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ် (၂၄)ဦးရဲ့ ကြယ်ပွင့်ပြမေးခွန်း စုစုပေါင်း (၄၄)ခု မေးမြန်းခြင်း၊ ဖြေကြားခြင်း တို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး၊ အဆိုအနေနဲ့ အဆို(၃)ခု တင်သွင်းရာမှာ အဆို(၂)ခုအား အတည်ပြုနိုင်ခဲ့ပြီး အဆို(၁)ခုအား





ဖြစ်တာကို တွေ့ရှိရသလို မိမိဒေသတွေမှာရှိတဲ့ ပြည်သူလူထုများ လက်တွေ့ခံစားနေရတဲ့ အခက်အခဲများကို အခြေပြုပြီး ဖြစ်ပေါ် လာတဲ့အဆိုများဘဲဖြစ်ပါတယ်။ တစ်ဖက်ကလည်း အစိုးရအဖွဲ့ အနေနဲ့ မိမိတို့လုပ်ပိုင်ခွင့်မူဘောင်ထဲမှာ မရှိသည့်အတွက် အဆိုကို အတည်ပြုလိုက်တဲ့အခါ ကတိကဝတ် ဖြစ်သွားပြီး မနိုင်ဝန်ထမ်း သလို ဖြစ်သွားမှာကိုလည်း စိုးရိမ်ရပါတယ်။ အဆိုတစ်ခုဟာ အတည်ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ ယင်းအဆိုပါ ပြည်သူလူထုရဲ့ခံစားချက် လိုအပ်ချက်များကို ကွက်လပ်ဖြည့်ဆည်း ပေးရမည့် တာဝန်ဟာ လွှတ်တော် ကိုယ်စားလှယ်များနှင့် အစိုးရရဲ့ တာဝန်သာဖြစ်ပါတယ်။ အစိုးရအဖွဲ့အနေနဲ့ အဆိုတစ်ခုအတည် မဖြစ်လို့ ပစ်ပယ်မထားဘဲ အဆိုနဲ့ပတ်သက်လို့ ဆောင်ရွက်နိုင်တာ၊ ဆောင်ရွက်သင့်တာတွေ (Positive Thinking, Creative Thinking) တို့ဖြင့် ပြည်သူလူထုအတွက် ဖန်တီးကြံဆ၍ နားလည်သိရှိမှုတွေကို အခြေခံပြီး ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းကိုရယူကြဖို့ လိုအပ်တာဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်အနေဖြင့် ဥပဒေပြုရေး၊ စောင့်ကြည့်ထိန်းညှိရေး ဆောင်ရွက်တဲ့အခါမှာ လွှတ်တော်ရေးရာကော်မတီကနေ ဆောင်ရွက်ရတာတွေရှိပါတယ်။ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၆ အရ လွှတ်တော်အဖွဲ့အစည်းများသည် လွှတ်တော်ကို တာဝန်ခံရမည်။

လွှတ်တော်အစည်းအဝေး ကျင်းပချိန်မဟုတ်လျှင် လွှတ်တော်ဥက္ကဋ္ဌကို တာဝန်ခံရမည်ဟု ဖော်ပြထားပါတယ်။ ယခု ထပ်မံဖွဲ့စည်းလိုက်သည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာကော်မတီမှာ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် လူရွယ်များဖြင့် ဖွဲ့စည်းထားတာကို တွေ့ရှိရပါတယ်။ လူရွယ်များရဲ့ တက်ကြွသောအားမာန်ဖြင့် ကော်မတီတာဝန်များကို ကျေပွန်စွာဆောင်ရွက်ကြပါလို့ ပြောကြား လိုပါတယ်။ ဒီသတ္တမပုံမှန်အစည်းအဝေးကာလမှာ လွှတ်တော် ကိုယ်စားလှယ်များအတွက် အရည်အသွေးမြှင့်သင်တန်းနဲ့ ဆွေးနွေးပွဲများကို NGO, INGO များနဲ့ ပူးပေါင်းပြီး ဆောင်ရွက်နိုင်ခဲ့ပါတယ်။ သင်တန်းနဲ့အလုပ်ရုံဆွေးနွေးပွဲတွေမှာ နိုင်ငံရေး၊ လူမှုရေး၊ ယဉ်ကျေးမှုတွေမှာ တိုးတက်သောအမြင်ရရှိစေတာ ဖြစ်ပါတယ်။ အသိပေးပညာဟာ ဆိုလျှင် ယှဉ်ပြိုင်မှု၊ စိန်ခေါ်မှု အင်မတန်ပြင်းထန်တဲ့ ယနေ့ ကမ္ဘာမှာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ နောက်ကျကျန်မနေအောင် တစ်စိတ်တစ်ဒေသအနေနဲ့ အကူအညီပေးရာ ရောက်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှာ ကျွန်တော်ပြောကြားခဲ့တဲ့အတိုင်း ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးဟာ ရှမ်းပြည်နယ်မှာအမြင့်ဆုံးအစည်းအဝေး ဖြစ်ပြီး၊လွှတ်တော်ကိုယ်စားလှယ်များကလည်း ပြည်သူအများယုံကြည်အားကိုး လေးစားလိုက်နာတဲ့ စံနမူနာပြပုဂ္ဂိုလ်များဖြစ်ကြောင်း ဖော်ပြပြီးဖြစ်ပါတယ်။လွှတ်တော်





မေးခွန်းအဖြစ် ပြောင်းလဲခဲ့ပါတယ်။ ဥပဒေကြမ်းအနေနဲ့ ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့တဲ့ ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာ ဥပဒေ(မူကြမ်း)ကို အတည်ပြုနိုင်ခဲ့ပါတယ်။ ဥပဒေကြမ်းများ တင်သွင်းခြင်း၊ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနဲ့ စပ်လျဉ်းပြီး အတည်ပြုတဲ့ ဥပဒေအတိုင်း ဌာနများနဲ့ ပြည်သူ လူထုများက ကျင့်သုံးလိုက်နာခြင်း ရှိ/မရှိ၊ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ လေ့လာနေဖို့လိုပါတယ်။ မမှန်ရင် မှန်အောင်၊ မလိုက်နာရင် လိုက်နာအောင် ထိန်းကျောင်းညှိနှိုင်း ပေးဖို့လိုပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ သက်ဆိုင်ရာ နည်းဥပဒေများကိုလည်း ရေးဆွဲပြဋ္ဌာန်းနိုင်ဖို့ လိုပါတယ်။ ကျွန်တော်တို့ ပြီးခဲ့တဲ့လွှတ်တော်မှာ ကိုယ်စားလှယ်(၁)ဦးက စည်ပင်သာယာရေးနဲ့ ပတ်သက်တဲ့ နည်းဥပဒေကို ရေးဆွဲဖို့အတွက် တင်ပြတာကို လွှတ်တော်က သဘောတူခဲ့ပါတယ်။ အဲဒါကြောင့်မို့လို့ စည်ပင်သာယာရေးနဲ့ပတ်သက်တဲ့ နည်းဥပဒေကိုလည်းဘဲ အမြန်ဆုံး ရေးဆွဲနိုင်ဖို့ ကျွန်တော်အနေနဲ့ ပြောကြားလိုပါတယ်။ အဆိုအား အတည်ပြုခြင်း၊ မေးခွန်းအဖြစ် ပြောင်းလဲခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် အစိုးရအဖွဲ့ကို အသိပေးပြောကြားလိုတဲ့ အချက်ရှိပါတယ်။ အဆိုတင်သွင်းတဲ့ ကိုယ်စားလှယ်တွေဟာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ အုပ်ချုပ်ရေး အစီအမံများ ပိုမိုအားကောင်းမောင်းသန်ဖြစ်အောင် ဝေဖန်ထောက် ပြခြင်း၊ တွန်းအားပေးခြင်း၊ နည်းလမ်းရှာကြံစေခြင်း

အစည်းအဝေးဟာ အသင်းအဖွဲ့တစ်ခုခု နှစ်ပတ်လည်အစည်းအဝေး၊ တွေ့ဆုံပွဲ၊ ဒူးတိုက်ဆွေးနွေးပွဲ၊ စကားဝိုင်းမဟုတ်ပါဘူး။ လွှတ်တော်အစည်းအဝေးမှာ မဏ္ဍိုင်(၃)ရပ်က ပုဂ္ဂိုလ်များစုံညီစွာ တက်ရောက်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ကျင်းပတဲ့ အစည်းအဝေးဖြစ်ပါတယ်။ဒါကြောင့်လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်၊သတ်မှတ်ချက်၊ စည်းကမ်းချက်များကိုအတိအကျလိုက်နာဖို့လိုအပ်တာဖြစ်ကြောင်း ထပ်မံပြောကြားလိုပါတယ်။ ဒီသတ္တမပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်လွှတ်တော်ရဲ့ ဖွဲ့စည်းပုံအသစ်အရ အုပ်ချုပ်ရေးဆိုင်ရာနဲ့ ရပ်ပိုင်းဆိုင်ရာများကို လွှတ်တော်သို့ ရှင်းလင်းတင်ပြနိုင်ခဲ့သလို ကျန်းမာရေးနှင့်ပညာရေးမြှင့်တင်မှုကော်မတီရဲ့အစီရင်ခံစာကိုတင်ပြနိုင်ခဲ့ပါတယ်။ ဒီတစ်ကြိမ်ကျင်းပတဲ့အစည်းအဝေးမှာ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)မှကိုယ်စားလှယ်(၂၆)ဦးကအစည်းအဝေးသို့ထမနေ့မှာတက်ရောက်လေ့လာခဲ့ပါကြောင်းမှတ်တမ်းပြုပြောကြားလိုပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်ဟာ ဥပဒေပြုရေးမဏ္ဍိုင်တစ်ရပ်အနေနဲ့ ခိုင်မာစွာရပ်တည်၍ ပြည်နယ်ရဲ့ အကျိုးစီးပွားအတွက် ဥပဒေများပြဋ္ဌာန်းနိုင်ရေးနှင့် လွှတ်တော်၏ အရည်အသွေးပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းအားထုတ်ကြပါစို့လို့ပြောကြားရင်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။



D/real(wide) (2



## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဆုံးဖြတ်ချက်

**ဆုံးဖြတ်ခြင်းအမှတ်**

**၄၅-၂/၂၀၁၇။** **"ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စုအားပင်ဖြစ်မြို့အဖြစ် တိုးမြှင့်သတ်မှတ်ပေးရန် အဆိုအား လွှတ်တော်မှ အတည်ပြုကြောင်းဆုံးဖြတ်ခြင်း"**

၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း (၈) ရက် (၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (ဒုတိယနေ့)၌ ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စုအား ပင်ဖြစ်မြို့အဖြစ် တိုးမြှင့်သတ်မှတ်ပေးရန်အဆို"** အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

## ၉၃၂

**ဆုံးဖြတ်ချက်အမှတ်**

၄၆-၂/၂၀၁၇။ **“ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ် ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာဥပဒေကြမ်းအား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း”**

၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း (၈)ရက် (၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (ဒုတိယနေ့)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော **“ရှမ်းပြည်နယ် ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာ ဥပဒေကြမ်း”**အား လွှတ်တော်မှအတည်ပြုကြောင်း ဆုံးဖြတ်သည်။





## ၉၃၀

**ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်သတ္တမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)အစီအစဉ် ပြီးစီးကြောင်းနှင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပြီးမြောက်ကြောင်း ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** ယနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (စတုတ္ထနေ့) အစီအစဉ် ပြီးဆုံးပါပြီ။ သို့ပါ၍ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ပြန်လည် ထွက်ခွာပါပြီရှင်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည် ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

ဆုံးဖြတ်ခြင်းအမှတ်

၄၇-၂/၂၀၁၇။ “ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် လျှပ်စစ်မီတာများတင်ဒါခေါ်ယူနိုင်ရန် အဆိုအား လွှတ်တော်မှ မေးခွန်း အဖြစ် ပြောင်းလဲကြောင်း ဆုံးဖြတ် ခြင်း”

၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း (၉)ရက် (၂၀၁၇ ခုနှစ်၊ သြဂုတ်လ ၃၀ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (တတိယနေ့)၌ ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **“ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် လျှပ်စစ်မီတာများတင်ဒါခေါ်ယူနိုင်ရန်အဆို”** အား လွှတ်တော်မှ မေးခွန်း အဖြစ် ပြောင်းလဲကြောင်း ဆုံးဖြတ်သည်။



D/real(wide) (2



ဆုံးဖြတ်ခြင်းအမှတ်

၄၈-၂/၂၀၁၇။ “ဦးစိုင်းထွန်းဥာဏ်၊ ကျောက်မဲ မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့် များနှင့် ချမှတ်ထားသော မျှော်မှန်း ချက်၊ မူဝါဒ၊ ရည်မှန်းချက်များကို ပိုမိုအလေးထားပြီး ထိရောက်စွာ ဆောင်ရွက်ပေးရန် တိုက်တွန်း ကြောင်းအဆိုအား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း”

၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း (၁၀)ရက် (၂၀၁၇ ခုနှစ်၊ သြဂုတ်လ ၃၁ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)၌ ဦးစိုင်းထွန်းဥာဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်များနှင့် ချမှတ်ထားသော မျှော်မှန်းချက်၊ မူဝါဒ၊ ရည်မှန်းချက်များကို ပိုမိုအလေးထား ပြီးထိရောက်စွာဆောင်ရွက်ပေးရန်တိုက်တွန်းကြောင်းအဆို”** အား လွှတ်တော်မှအတည်ပြုကြောင်း ဆုံးဖြတ်သည်။

## ဆုံးဖြတ်ခြင်းအမှတ်

၅၀-၂/၂၀၁၇။ "ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ရပိုင်ခွင့်တို့ကိုလွှတ်တော်၏အတည်ပြုချက် ရယူခြင်းအား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း"

၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း (၁၀)ရက် (၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)၌ **"သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီ၏သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်"**အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။





## ဆုံးဖြတ်ခြင်းအမှတ်

၄၈-၂/၂၀၁၇။ "ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းအား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း"

၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း (၁၀) ရက် (၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော **"ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်း"**အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

## ၅၃၇
## မှတ်တမ်းတင်ခြင်း

မှတ်တမ်းတင်ခြင်းအမှတ်

၆၇-၂ / ၂၀၁၇။ “ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုကို မှတ်တမ်းတင်ခြင်း”

၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း (၇) ရက် (၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (ပထမနေ့)၌ **“အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၄၁ ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၁) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်”** ကို မှတ်တမ်းတင်သည်။





## ၅၃၉

မှတ်တမ်းတင်ခြင်းအမှတ်

၇၀-၂/၂၀၁၇။ “ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုကို မှတ်တမ်းတင်ခြင်း”

၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း (၈)ရက် (၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး (ဒုတိယနေ့)၌ **“အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၄၁ ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၅) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်”** ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ်

၆၈-၂/၂၀၁၇။ ‘‘ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်းကို မှတ်တမ်းတင်ခြင်း’’

၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း (၇) ရက် (၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်) တွင်ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်သတ္တမပုံမှန်အစည်းအဝေး (ပထမနေ့)၌ **“ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း”** ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ်

၆၉-၂/၂၀၁၇။ “ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း”

၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း (၇) ရက် (၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (ပထမနေ့)၌ ပြည်နယ်လွှတ်တော်သို့ပြောကြားသည့် **“ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်း”** ကို မှတ်တမ်းတင်သည်။





မှတ်တမ်းတင်ခြင်းအမှတ်

၇၀-၂/၂၀၁၇။ “ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုကို မှတ်တမ်းတင်ခြင်း”

၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း (၉) ရက် (၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)တွင်ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (တတိယနေ့)၌ **“အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၄၁ ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၇) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်”** ကို မှတ်တမ်းတင်သည်။



D/real(wide) (2

## ၅၄၁

မှတ်တမ်းတင်ခြင်းအမှတ်

၇၂-၂/၂၀၁၇။ **"ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုကို မှတ်တမ်းတင်ခြင်း"**

၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း (၁၀)ရက် (၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော်သတ္တမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)၌ **"အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၁၄၁ ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၅) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်"** ကို မှတ်တမ်းတင်သည်။



D/real(wide) (2



## ၅၄၂

## ရှင်းလင်းတင်ပြခြင်း

ရှင်းလင်းတင်ပြခြင်းအမှတ်

၇-၂/၂၀၁၇။ **"ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်က ရှမ်းပြည်နယ်လွှတ်တော်ရုံး၏ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များကိုရှင်းလင်းတင်ပြခြင်း"**

၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း (၁၀)ရက် (၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)၌ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်က **"ရှမ်းပြည်နယ်လွှတ်တော်ရုံး၏ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ"**အား လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြခြင်းအမှတ်

၈-၂/၂၀၁၇။ “ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြခြင်း”

၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း (၁၀)ရက် (၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)၌ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက **“ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များ အပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများ”**အား လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။



D/real(wide) (2



မှတ်တမ်းတင်ခြင်းအမှတ်

၇၃-၂/၂၀၁၇။ “ရှမ်းပြည်နယ်လွှတ်တော် ကျန်းမာရေးနှင့်ပညာရေးမြှင့်တင်မှုကော်မတီ၏အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်းအား လွှတ်တော်မှ မှတ်တမ်းတင်ခြင်း”

၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း (၁၀)ရက် (၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)၌ **“ရှမ်းပြည်နယ်လွှတ်တော်ကျန်းမာရေးနှင့်ပညာရေးမြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာ”**ကို မှတ်တမ်းတင်သည်။

D/real(wide) (2